ရာသက်ပန်(တောင်ငူဆောင်)

မြန်မာ့ဝတ္ထုတိုလမ်းကြောင်း

(ဝတ္ထုတို ခံစားမှု အယူအဆများနှင့် သုံးသပ်ချက်များ)

DESIGN: [illegible] HTET [illegible]

ရာသက်ပန်(တောင်ငူဆောင်)၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း - ဇင်မာသန်း
- ၁၉၉၁ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့။
- ၁၉၉၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့။
- ၂၀၀၅ ခုနှစ်တွင် Global English ဒီပလိုမာဘွဲ့။
- ၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့။
- ၁၉၉၈ ခုနှစ်တွင် ဧပြီလထုတ် မဟေသီမဂ္ဂဇင်းတွင် "အတာလွမ်းတို့နွမ်းလေပြီ" ဝတ္ထုတိုနှင့် စာပေလောကသို့ ရောက်ရှိခဲ့။
- ဝတ္ထုတို၊ ဝတ္ထုရှည်၊ အက်ဆေးနှင့် ပညာရပ်ဆိုင်ရာသုတေသန စာတမ်းများ ရေးသားခဲ့၊ ရေးသားလျက်ရှိ။
- ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့၏ ဆယ့်သုံးကြိမ်မြောက် စာတမ်းဖတ်ပွဲတွင် မြန်မာစာပေဘာသာရပ်၌ "ညီပုလေး၏ ရတနာပုံရွှေမန္တလေး ဝတ္ထုကို ခွဲခြမ်းစိတ်ဖြာခြင်း" စာတမ်းဖြင့် အကောင်းဆုံး သုတေသနစာတမ်းဆုကို ရရှိခဲ့။
- ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိ။

မြန်မာ့ဝတ္ထုတိုလမ်းကြောင်း

(ဝတ္ထုတို ခံစားမှု အယူအဆများ နှင့် သုံးသပ်ချက်များ)

ရာသက်ပန်(တောင်ငူဆောင်)

စာအုပ်အမှတ် - ၁၃၅

မြန်မာဝတ္ထုတို လမ်းကြောင်း

(ဝတ္ထုတို ခံစားမှု အယူအဆများနှင့် သုံးသပ်ချက်များ)

ရာသက်ပန် (တောင်ငူဆောင်)

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ်- ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

ထုတ်ဝေသူ - လင်းလွန်းခင်စာပေတိုက်
အမှတ် (၆၃)၊ ၅-လွှာ(ဝဲ)၊
ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်သူ - Color Zone Press
အမှတ်(၁၈၄-ဘီ)၊ ၃၁ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ခန့်မင်းထက်

မျက်နှာဖုံးဖလင် - Eagle

အတွင်းဖလင် - A-7 Group

တန်ဖိုး - ၃၀၀၀ ကျပ်

၀၀၈.၈၄

ရာသက်ပန်(တောင်ငူဆောင်)
မြန်မာဝတ္ထုတိုလမ်းကြောင်း (ဝတ္ထုတို အယူအဆများနှင့် သုံးသပ်ချက်များ)၊
ရာသက်ပန်(တောင်ငူဆောင်)။
- ရန်ကုန်။
လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၄။
စာ-၂၇၀၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) မြန်မာဝတ္ထုတိုလမ်းကြောင်း (ဝတ္ထုတို အယူအဆများနှင့် သုံးသပ်ချက်များ)၊

မာတိကာ

၁။ ဝတ္ထုတို အယူအဆများ ၇
၂။ ဘဝသရုပ်ဖော် ဝတ္ထုတိုများ ၂၄
၃။ ခေတ်ပြိုင်ခံစားမှု ဝတ္ထုတိုများ ၄၁
၄။ ဘဝဒဿနကို ဖော်ပြသော ဝတ္ထုတိုများ ၅၁
၅။ သိစိတ်စီးကြောင်းနှင့် ၆၂
၆။ ၁၉၁၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ မြန်မာဝတ္ထုတို လမ်းကြောင်း ၇၃
၇။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ
မြန်မာဝတ္ထုတို လမ်းကြောင်း ၈၆
၈။ မြန်မာဝတ္ထုတို လမ်းကြောင်း (၁) ၁၀၀
၉။ မြန်မာဝတ္ထုတို လမ်းကြောင်း (၂) ၁၁၂
၁၀။ မြန်မာဝတ္ထုတို လမ်းကြောင်း (၃) ၁၂၆
၁၁။ မြန်မာဝတ္ထုတို လမ်းကြောင်း (၄) ၁၃၅
၁၂။ တာရာမင်းဝေ၏ 'လိပ်ပြာ'ဝတ္ထုတိုမှ အတွေးအမြင် ၁၅၄
၁၃။ ဝင်းစည်သူ၏ 'ရေသည်ယောကျာ်းနဲ့
ဆဒ္ဒန်ဆင်မင်း' ဝတ္ထုတိုမှ အယူအဆနှင့် ယုတ္တိတန်မှု ၁၆၇
၁၄။ ဇော်ဇော်အောင်၏ 'ရူပကဝတ္ထုတို' ၁၇၅
၁၅။ ရန်ကုန်တက္ကသိုလ်နှင့် နီကိုရဲ၏ 'တစ်သုံးခုနစ်ရှစ်' ၁၈၁
၁၆။ ရဲသျှမ်း၏ အပြဝတ္ထုတို 'ဘယ်၊ ညာ' ၁၉၂

လင်းလွန်းစင်စာပေ

၁၇။ အသေးစိတ်ခြယ်မှုန်းနည်းနှင့် ဂျူလိုင်မိုး၏ 'ချိတ်နှစ်ချောင်း' ၁၉၈
၁၈။ လူမျိုးနော်၏ 'မအိုမီ၊ မနာမီ၊ မသေမီ
အကြွင်းမဲ့ချစ်ခြင်း၊ မချစ်ခြင်း'နှင့် လူ့သဘာဝအဖွဲ့ ၂၀၈
၁၉။ ဇာတ်ကြောင်းပြန်သူနှင့် မခင်လေး ရေးသော 'အဖေ၏ချစ်သူ' ၂၁၈
၂၀။ မင်းလူ၏ ဇာတ်ဆောင်ဖန်တီးမှုနှင့် 'မောင်ဟင်နရီချစ်ဖွယ်' ၂၂၈
၂၁။ ဖန်တီးသူ၏ လောကအမြင်နှင့်
မကြာညို(စီးပွားရေး)၏ 'ပက်ကင်ပိတ် ဦးနှောက်များ' ၂၃၅
၂၂။ နုနုရည်(အင်းဝ)၏ 'နမ်းမှာလား မောင်ရဲ့ မွေးတယ်ရှင်' ၂၄၆
၂၃။ မင်းသစ်၏ 'ဂျွန်အီတန် မသိသေးသော သီဝရီ' ကို
ခွဲခြမ်းစိတ်ဖြာခြင်း ၂၅၄

* * *

ဝတ္ထုတို အယူအဆများ

ဝတ္ထုတို စတင်ပေါ်ပေါက်လာသည်မှ စ၍ ယနေ့အထိ ဝတ္ထုတိုနှင့် ပတ်သက်၍ အမျိုးမျိုး ယူဆပြောဆိုကြသည်။ ထိုသို့ ပြောဆို ယူဆရာတွင် ကမ္ဘာကျော် စာရေးဆရာကြီးများ၏ ယူဆချက်များ၊ ဝတ္ထုတို ရေးသူများက မိမိတို့ အတွေ့အကြုံပေါ် မူတည်၍ ယူဆချက်များ၊ ကိုယ် ကြိုက်နှစ်သက်ရာ ဝတ္ထုတိုတစ်ပုဒ်ကို စံပြု၍ ထုတ်ဖော်ထားသော သတ်မှတ်ချက်များ၊ ဝတ္ထုတိုများကို ဖတ်ပြီး ယေဘုယျကျကျ ယူဆကြသူများ စသည်ဖြင့် အမျိုးမျိုး တွေ့ရပါသည်။ ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲ တိုးတက်နေသော ဝတ္ထုတို အယူအဆများကို လေ့လာတွေ့ရှိရပါသည်။

၁။ စာရေးဆရာများနှင့် ပညာရှင်တို့၏ အယူအဆများ

ကမ္ဘာ့ဝတ္ထုတိုတွင် ရုရှားကျောင်းနှင့် အမေရိကန်ကျောင်း ဟူ၍ ကျောင်းနှစ်ကျောင်း ရှိကြောင်း၊ ခေါင်းဆောင်များမှာ ဂိုဂေါ်နှင့် အယ်ဂါအယ်လင်ပိုးတို့ ဖြစ်ကြောင်း ကျော်အောင်က နိုင်ငံခြားဝတ္ထုတိုစာတမ်းတွင် ဆိုထားသည်။ အမေရိကန် ဝတ္ထုတိုဂိုဏ်းက-

'ဝတ္ထုတို ဆိုသည်မှာ အမျိုးစုံ ဖြစ်နိုင်သည်။ နေရာဒေသ အမျိုးမျိုး၊ အဖြစ်အပျက် အမျိုးမျိုး အကြောင်း ပြောခြင်းသာ ဖြစ်သည်' ဟုဆိုသည်။

ချာလီအီးမေ ဆိုသူက-

'ဝတ္ထုတို ဆိုသည့်အတွက်ကြောင့် ရှင်းလင်းပြေပြစ်စွာ ရေးရန် လိုကြောင်း' ဆိုထားပါသည်။ ထို့ပြင် 'မျက်မြင်လောက၏ သရုပ်မှန်၊ လက်ရှိ

အချိန်နှင့် ဆိုင်သော သရုပ်မှန်တို့ကို ခံစားစေရမည်။ စိတ်ဝိညာဉ်နှင့် ဆိုင်သော စိတ်ခံစားမှုလည်း ဖြစ်သည်' ဟုဆိုသည်။

အဲဖရက်အိတ်ချ်ယူဖန်၏ အင်္ဂလိပ်စာပေ စာအုပ်တွင်လည်း-

'ဝတ္ထုတိုသည် တစ်ခုတည်းသော အာရုံခံစားမှု ဖြစ်ရမည်။ စာရေးဆရာ၏ စိတ်ကူးဉာဏ် အပေါ်တွင် စာရေးဆရာ၏ စိတ်ထဲ၌ ပြင်းပြစွာ စွဲမြဲ နစ်ဝင်နေသော အခြေအနေဟာစ်ခု၏ ထိုးနှက်မှုမှ ပေါက်ဖွားလာရသည်။ မရှိမဖြစ် လုံးဝ အရေးကြီးသည်မှာ ချုံ့နိုင်ရမည်၊ တိုရမည်' ဟူ၍ ဆိုသည်။

ယန်းပေါဆက်ကလည်း-

'ဝတ္ထုတိုများသည် အတ္တဘဝ အမှန်ဝါဒကို ဖော်ပြသည်' ဟုဆိုသည်။

အိပ်ချ် အီးဗိတ်က-

'ဝတ္ထုတိုသည် နုနယ်သော အနုပညာ ဖြစ်ပါသည်။ ယင်းသည် အများ သိကြသည့်အတိုင်း ၂၀ ရာစု၏ သားသမီးများ ဖြစ်ပါသည်။ အခြားမှတ်ချက်တစ်ခုအနေနှင့် ဝတ္ထုတို ရေးသူများသည် မီးတောက်အလင်းဖြင့်ပင် မြင်နိုင်စွမ်း ရှိပြီး ပစ္စုပ္ပန်၏ သေချာသော အကြောင်းအရာသာလျှင် သူတို့ အနုပညာ ဖြစ်ပါသည်' ဟူ၍ လေ့လာတွေ့ရှိရပါသည်။

၂။ မြန်မာဝတ္ထုတိုဆရာ၊ ဆရာမများနှင့် မြန်မာပညာရှင်တို့၏ အယူအဆ

မြန်မာဝတ္ထုတိုလမ်းကြောင်းတွင် ဝတ္ထုတို ဟူသော စာပေပုံသဏ္ဌာန် အခြေခိုင် လာသည်နှင့်အမျှ ဝတ္ထုတိုကို အမျိုးမျိုး ယူဆကြပါသည်။

ကျော်အောင်က-

'ဝတ္ထုတိုမှာ ဘောင်ရှိသည်။ ဝတ္ထုရှည်လိုပင် ကြိုက်တာ ရွေးနိုင်ပါသည်။ အချိန်ကာလ ကန့်သတ်ချက် ရှိသည်။ အကြောင်းအရာ တစ်ခုတည်းဆိုသော ကန့်သတ်ချက်လည်း ရှိသည်။ သို့သော်လည်း လိပ်ပတ်လည်အောင် နောက်ကြောင်း ပြန်ပြောသည့်အခါ သက်ဆိုင်သလောက် ကာလကို ဆန့်နိုင်သည်။ စကားလုံးများ သုံးရာ၌ ဝတ္ထုတိုရေးသူသည် အလွတ်လပ်ဆုံး အနုပညာ ဖြစ်သည်ဟု ဆိုစမှတ် ပြုကြသည်' ဟုဆိုထားပါသည်။

အောင်သင်းက-

'ဘဝအတွေ့အကြုံ အသွယ်သွယ်ကို အမြဲမပြတ် တရစပ် ကြုံရသော်

လည်း မည်သည့်အကွက်ကို ထုတ်ယူပြီး ဝတ္ထုတို လုပ်ရမည်နည်း ဆိုသည့် ကိစ္စကို သိလွယ်သော သူတို့သည်သာ အောင်မြင်သော ဝတ္ထုတိုဆရာများ ဖြစ်လာနိုင်ကြသည်' ဟူ၍ ပညာရှင် ရှုထောင့်မှ ကြည့်သော ယူဆချက်ကို လည်း တွေ့ရသည်။

အောင်သင်းကပင် ဝတ္ထုတိုကို 'ဖြစ်ရပ်တစ်ကွက်၊ အတွေးအမြင် တစ်ချက်လောက်ကိုသာ မြိုးမြိုးမြက်မြက် ဖြစ်အောင် တင်ပြတာဟာ ဝတ္ထုတိုရဲ့ ပဓာနလက္ခဏာလို့ ယူဆပါတယ်' ဟုဆိုပါသည်။

ဒဂုန်တာရာက-

'ဝတ္ထုစာသားတိုလို့ ဝတ္ထုတို ခေါ်တာ မဟုတ်ဘူး။ အတွေးအခေါ်၊ အဖြစ်အပျက်၊ အကြောင်းအရာ တစ်ခုခုရဲ့ ကြီးကျယ်လေးနက်ခြင်းကို ဖော်ပြနိုင်မှ ဝတ္ထုတို ခေါ်တာ'ဟု ဖွင့်ဆို၍ ဝတ္ထုတို၏ အနှစ်သာရကို ထုတ်ပြပါသည်။ အကြောင်းအရာနှင့် ပတ်သက်သော အယူအဆ ဖြစ်ပါသည်။

ဂျူးက-

'ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာဖို့ ပထဆုံး အမြင်၊ သို့မဟုတ် အသိ လိုအပ်လိမ့်မည်။ ထိုနောက်မှ မျှဝေခံစားခြင်းကို လာရပါသည်။ ၎င်းအခြေအနေဖြင့် ရပ်တန့်နေလျှင်တော့ ကျွန်မအတွက် ဝတ္ထုတိုတစ်ပုဒ် ဖြစ်မလာနိုင်သေးပါ။ အလွန်ဆုံး ဖြစ်လျှင် ကိုယ်ချင်းစာခြင်း၊ မျှဝေခံစားခြင်းတို့သာ ဖြစ်ပါလိမ့်မည်။ ကျွန်မအတွက် ဝတ္ထုတိုတစ်ပုဒ် ဖြစ်လာရန် အရေးကြီးသော တွန်းအားပေးမှုမှာ အာရုံဝင်စားခြင်းသာ ဖြစ်ပါသည်' ဟု ဆိုထားပါသည်။ ရေးသူ ရှုထောင့်မှ အယူအဆ ဖြစ်ပါသည်။

ကြည်မြနှင့် မောင်မိုးသူကလည်း-

'ဝတ္ထုတိုသည် အကြောင်းအရာ တစ်ခုကိုသာ ပြောသည်။ ၎င်း အကြောင်းအရာကို ဒက်ခနဲ ဒက်ခနဲ တစ်ချက်ချင်း ဖော်ပြလိုက်ခြင်းသည်ပင် ဝတ္ထုတိုပင် ဖြစ်သည်' ဟု ဝတ္ထုတိုကို အကြောင်းအရာ နယ်ပယ်အရ ကန့်သတ်ထားသည့် သဘောကို တင်ပြထားသည်။

စာပေဝေဖန်ရေးဆရာကြီး မောင်စွမ်းရည်က-

'မြန်မာ့ဝတ္ထုလောကမှာ ကမ္ဘာ့ဝတ္ထုလောကထက် ထူးပြီး မဂ္ဂဇင်းဝတ္ထုရှည် ဆိုတာ ရှိနေတယ်။ အဲဒါကို တချို့က ဝတ္ထုလတ်လို့ ခေါ်ရလောက်

အောင် မရှည်ပါဘူး။ ဝတ္ထုတိုတွေချည်းပါပဲ။ တချို့ နိုင်ငံခြားဝတ္ထုတိုတွေကို ဘာသာပြန်လိုက်ရင် မဂ္ဂဇင်းဝတ္ထုရှည်လောက် ရှိပါတယ်'

'ဝတ္ထုတိုကောင်း တစ်ခုသည် စာဖတ်သူကို တကယ့်အတွေ့အကြုံ တစ်ခုခုကို ခံစားရသကဲ့သို့ စဉ်းစားစရာ တစ်ခုခု ရှိသွားရမည်' ဟု ဖွင့်ဆို ပါသည်။

ခင်ဆွေဦးက 'မခင်လေး' ဝတ္ထုတိုပေါင်းချုပ် အမှာစာတွင်-

'ဝတ္ထုတိုမှာ ကိုယ်ကြိုက်သလို ဖွဲ့နွဲ့ဖို့ မလိုပါဘူး။ သူက ကိုယ်လိုချင်တဲ့ 'ပွိုင့်'တစ်ခု ရောက်အောင် တစ်ခါတည်း အပိုအလိုမရှိ ရေးသွားရတာပါ။

'ဒီဝတ္ထုတို သဘောတရားကို ဆရာဒဂုန်တာရာကလည်း စာရေးဆရာမ ကြည်အေးရဲ့ 'မီ' ဝတ္ထုရဲ့ အမှာမှာ ရေးခဲ့ဖူးပါတယ်' ဟုဆိုပါသည်။

နုနုရည်(အင်းဝ)က-

'ဝတ္ထုတိုဖြစ်ဖြစ်၊ ဝတ္ထုလတ်ဖြစ်ဖြစ်၊ ဝတ္ထုရှည်ဖြစ်ဖြစ် ကျွန်မ ရေးမယ့် အကြောင်းအရာတွေဟာ ခေတ်ပြိုင်ခံစားမှုတွေ ဖြစ်ရမယ်' ဟုဆိုသည်။

ဝတ္ထုရေးသူ ရဲဘုန်းခေါင်က-

'ဝတ္ထုရေးဖွဲ့တာနဲ့ ပတ်သက်လို့ ကျွန်တော့်အနေနဲ့ ဘယ်လိုနည်းနဲ့မှ ချုန်လှပ်ထားလို့ မဖြစ်နိုင်တာ တစ်ခုကတော့ စိတ်အာရုံ နီးကြားကပ်ငြိမှုပါပဲ' ဟုဆိုရာ ဂျူး၏ အယူအဆနှင့် တူညီနေပါသည်။

ထင်လင်းက မိုးငြိမ်း၏ ဝတ္ထုတိုပေါင်းချုပ် အမှာတွင်-

'ကျွန်တော်၏ အမြင်ကို ဆိုရလျှင် ဝတ္ထုတိုဆိုသော အဖွဲ့များတွင် အနုပညာ ဖန်တီးမှု သဘောသည် အဓိကလက္ခဏာတစ်ခု ဖြစ်သည်ဟု ဆိုချင် ပါသည်' ဟုဆိုပါသည်။

ကြည်မင်းက-

'ဝတ္ထုတိုဆိုတာ မိုးကြိုးပစ်သလိုပဲ အားစုပြီး ဝုန်းဒိုင်း ရေးချနိုင်ရမယ်' ဟုဆိုသည်။

သီဟက-

အက်ဆေးနှင့် ဝတ္ထုတို ခြားနားမှုကို ဝတ္ထုတိုက ဇာတ်ဆောင်ရဲ့ ပုဂ္ဂလ ဓိဋ္ဌာန် ဘဝကို ဖော်ပြခြင်း အပေါ်မှာ အာရုံပြုတယ်။ ဝတ္ထုတိုကို ဖတ်ပြီးလို့ ဇာတ်ဆောင်ရဲ့ ပုဂ္ဂလဓိဋ္ဌာန်ကနေ ဓမ္မဓိဋ္ဌာန် ဖြစ်လာတယ် ဆိုရင် ဝတ္ထုတစ်ပုဒ်

လုံး အစအဆုံး ဖတ်ပြီးမှ တစိမ့်စိမ့် သိရတာမျိုး ဖြစ်တယ်။ ဝတ္ထုတိုမှာ စာရေးဆရာရဲ့ လေသံကို မကြားရပါဘူး။ တကယ်လို့ ကြားရရင်လည်း ဇာတ်ဆောင်က ပြောနေတဲ့ စိတ်တွင်းစကားပြော သဘောအရသာ ကြားရပါတယ်' ဟု ပြောပြထားပါသည်။

ဇော်ဇော်အောင်က-

'ဝတ္ထုတိုဟာ ဝတ္ထုတိုနဲ့ မတူတော့ဘူး။ ရသစာတမ်းလိုလို၊ အက်ဆေးလိုလို၊ စာညွှန့်လိုလို ဖြစ်ကုန်ပြီလို့ ညည်းတဲ့အသံတွေ တစ်ကျော့ပြန်လာနေပြန်ပြီ။ ဝတ္ထုတိုနဲ့ မတူဘူး ဆိုရင် ဝတ္ထုတိုနဲ့ တူတာ ဘာတွေလဲ၊ အဲဒါတွေမပါဘဲ ရေးကြည့်တော့ ဝတ္ထုတို မဖြစ်ဘူးလား။ မူလရှိတဲ့ စံသတ်မှတ်ချက်တွေ မနှစ်သက်တော့လို့ ပြောင်းရေးရင်းနဲ့ စံသတ်မှတ်ချက်ကို အရင် တည်ဆောက်ပြီးမှ ဖြည်းဖြည်းဆေးဆေး သွားမှာလား၊ အရင် ခရီးတွင်အောင် သွားနှင့်ပြီး၊ သွားရင်းနဲ့ပဲ စံသတ်မှတ်ချက်တွေကို တည်ဆောက်သွားကြမယ် ဆိုရင်ကော သဘောတူနိုင်ပါ့မလား' ဟူ၍ 'ရူပကဝတ္ထုတို' ဟူသော ဝတ္ထုတိုတွင် ဖော်ပြထားသည်။ ထိုအယူအဆအတိုင်း သူ၏ 'မေမိုးဝေ' ဝတ္ထုတိုတွင် ရေးပြထားသည်။

'မေမိုးဝေ' ဝတ္ထုအဆုံးတွင်-

'ဇာတ်လမ်းတို့၊ ဇာတ်တက်တို့၊ ဇာတ်ထွတ်တို့၊ ဇာတ်ဖြေတို့ ဘာမှ မပါဘူး။ ဝတ္ထုတို ဆိုရင် ဒီလို ရေးရမယ် ဆိုတဲ့ အရင်ရှိခဲ့တဲ့ တစ်ပတ်ရစ် second hand အသိနဲ့ ရေးနေကြတာလို့ ထင်ပါတယ်' ဟု သူ၏ အယူအဆကို အတိအလင်း ဖော်ပြထားပါသည်။ မော်ဒန်ဝတ္ထုတို အယူအဆ ဖြစ်ပါသည်။

မောင်ထွန်းသူကလည်း သူ၏အိုဟင်နရီ ဝတ္ထုတိုများ စာအုပ်နိဒါန်းတွင်-

'ဝတ္ထုတိုရေးခြင်းနှင့် ပတ်သက်၍ ယနေ့ထိ ပုံသေနည်း ဟူ၍ မရှိသေးပါ။ နောင်တွင်လည်း ရှိလာလိမ့်မည်ဟု မထင်ပါ။ မိမိတို့၏ ရှေ့က ရေးသွားသော ဝတ္ထုတိုဆရာများ၏ လက်ရာများကို ဖတ်၍ ဆင်ခြင်နှလုံးသွင်းသွားခြင်းဖြင့်သာ ဝတ္ထုတိုရေးနည်း အတတ်ပညာကို ရယူကြရပါသည်။ ထိုအစဉ်အလာသည် ယနေ့အထိ တည်ရှိဆဲ ဖြစ်သည်' ဟုဆိုသည်။

ဖော်ပြပါ အယူအဆများကို ယေဘုယျအားဖြင့် ခြုံငုံသုံးသပ်ရလျှင်-

(၁) ဝတ္ထုတိုကောင်း တစ်ပုဒ်တွင် ရှိသင့်သော အကြောင်းအရာ၊

ပုံသဏ္ဍာန်ပိုင်းနှင့် ပတ်သက်သော သဘောထား၊

(၂) စာဖတ်သူဘက်မှ ခံစားမှုနှင့် ဘဝအသိအမြင် ရရှိစေမှုကို စံထားသည့် သဘောထား၊

(၃) ဝတ္ထုတို ရေးသူဘက်မှ ပြည့်စုံနေရမည့် အရည်အချင်းများနှင့် ပတ်သက်သော သဘောထား၊

(၄) ဝတ္ထုတိုကို စာသား အတို၊ အရှည်ပေါ် မူတည်၍ သုံးသပ်ထားသော သဘောထား၊

(၅) ဝတ္ထုတို၏ စံသတ်မှတ်ချက်၊ ပုံသေနည်း မရှိသေး ဟူသော သဘောထား၊

(၆) ဝတ္ထုတို၏ နယ်ပယ် ကျယ်ဝန်းလွတ်လပ်မှုကို ဖော်ပြသော သဘောထား၊

(၇) လက်တွေ့ရေးရင်း စံသတ်မှတ်ချက် အသစ်များကို တည်ဆောက်လိုသော သဘောထားတို့ကို တွေ့ရသည်။

ထိုအယူအဆများသည် မျက်မမြင်ပုဏ္ဏား (၆)ယောက် ဆင်ကို စမ်းသလို သူ့ရှုထောင့်နှင့်သူ သဘာဝကျပေသည်။ ဝတ္ထုတိုကို ရေးရင်း စံသတ်မှတ်ချက်များကို တည်ဆောက်သွားရမည် ဟူသော အယူအဆကို လက်ခံပါသည်။ အနုပညာ ပုံသဏ္ဍာန်တစ်ခု ဖန်တီးခြင်းသည် ပုံသေကားကျ သတ်မှတ်၍ မရပါ။ ဖန်တီးရင်း ပေါ်လာသော ပုံသဏ္ဍာန်မှာလည်း တစ်ခုနှင့်တစ်ခု အတိအကျ မတူနိုင်ပါ။ အနုပညာ ပစ္စည်းတစ်ခုကို နှစ်ခါ ဖန်တီး၍ မရပါ။ ထို့ကြောင့် ဝတ္ထုတို အယူအဆများမှာလည်း ခေတ်အဆက်ဆက် ပြောင်းလဲဖြစ်ပေါ် တိုးတက်နေပေလိမ့်မည်။

မြသန်းတင့်က-

'ဝတ္ထုတိုနဲ့ ပတ်သက်လို့ ပုံသဏ္ဍာန်အပေါ်မှာ ငြင်းခုံမှုတွေ ရှိနေတာလည်း ကောင်းပါတယ်။ ဆွေးနွေးငြင်းခုံမှုတွေထဲမှာ အဖြေတစ်ခုတော့ ထွက်လာရမှာပေါ့။ ဘယ်အချိန်မှာ ထွက်မယ်၊ ဘယ်လိုအဖြေမျိုး ထွက်မယ် ဆိုတာကိုတော့ မပြောနိုင်သေးဘူးပေါ့။ ပုံသဏ္ဍာန်နဲ့ ပတ်သက်လို့ ငြင်းခုံကြသလို အကြောင်းအရာနဲ့ ပတ်သက်လို့လည်း အငြင်းအခုံ ရှိဖို့ လိုတယ်' ဟူ၍ ပြောဆိုထားပါသည်။

ဖော်ပြခဲ့သော ဝတ္ထုတို အယူအဆများထဲတွင် အကြောင်းအရာနှင့် ပတ်သက်သော အယူအဆများကိုလည်း တွေ့နိုင်ပါသည်။ ပုံသဏ္ဌာန်နှင့် ပတ်သက်သော အယူအဆများက ပိုများနေပါသည်။ အဆိုပါ အယူအဆများကို ကြည့်၍ ကျယ်ပြန့်လှသော ဝတ္ထုတို၏ နယ်ပယ်ကို လေ့လာသုံးသပ်နိုင်ပါသည်။

၃။ အပြောနှင့်အပြ သဘောသဘာဝ

ကမ္ဘာပေါ်တွင် နယ်လှည့် ပုံပြောဆရာများ ရှိခဲ့သည်။ မြန်မာတွင်လည်း အပြောနှင့် သရုပ်ဆောင်ရသော ကွက်စိပ်ဆရာများ ရှိသည်။ ဝတ္ထုတွင်လည်း အပြောသာခြင်း၊ အပြသာခြင်းတို့ ရှိပါသည်။ အပြောနှင့် အပြသည် ဆက်စပ်နေသည်။

ဆရာဇော်ဂျီကမူ အပြကို သရုပ်ဆောင်ခြင်းဟု သုံးသည်။ စာရေးသူ ပြောလိုသော သဘောကို ပေါ်လွင်အောင် သရုပ်ပြရခြင်း ဖြစ်သည်။ ယုန်နှင့် လိပ် အပြေးပြိုင်သော ပုံပြင်သည် လူပျင်းလုံ့လ တစ်ခဏ ဟူသော သဘောကို ဇာတ်ဆောင်တို့၏ ကိုယ် နှုတ်အမူအရာများနှင့် သရုပ်ဆောင်ပြခြင်း ဖြစ်သည်။

အောင်သင်းက 'အပြော'နှင့် ပတ်သက်၍-

'အပြောမှာ ရေးဟန်နှင့်သာမက၊ တွေးထောင့်နှင့်သာမက ဝတ္ထုရေးသူ၏ စေတနာနှင့်ပါ ဆက်စပ်နေပါသည်။ ဝတ္ထုဆရာသည် တွေးထောင့်တစ်ခုကြောင့် အတွေးအမြင်သစ်ကို ရသည်။ အတွေးအမြင်ကြောင့် ချစ်သော၊ မုန်းသော၊ ချီးကျူးသော၊ ရှုတ်ချသော စေတနာတို့ ပေါ်လာရသည်။ တစ်ဖန် ထိုစေတနာအတိုင်း ပေါ်လွင်ရန် ဝတ္ထုရေးတော့ ရှုထောင့်ကို သင့်အောင် ရွေးသည်။ ထိုရေးဟန်တွင် သူ့အသံ ပါလာသည်။ ချစ်သံနှင့် ပြောသည့်အခါ ပြောသည်။ မုန်းသံနှင့် ပြောသည့်အခါ ပြောသည်။ ထိုအသံကို အပြောတွင် တွေ့နိုင်သည်' ဟု ဆိုသည်။

ဓမ္မဓိဋ္ဌာန်ရှုထောင့်နှင့် ပတ်သက်၍ 'အပြော'သဘော ပေါ်လာကြောင်းကို အောင်သင်းက 'ရေးသောအခါ အပြောခံ နာမ်စားဖြင့်ပင် ရေးသည်။ ဝတ္ထုရေးသူက မည်သည့်ဇာတ်ကောင်၏ စိတ်ကိုမျှ သိခွင့်မယူ။ အမူအရာနှင့် အပြောအဆိုကိုသာ တင်ပြသည်။

ဤသို့ တင်ပြရာ၌ပင် ဝတ္ထုဆရာ၏ အပြောတွင် ကရုဏာသံ၊ ဒေါသသံ၊ အလင်္ကာ စသည်တို့ကို မသုံးမိအောင် တတ်နိုင်သမျှ အားထုတ်ကြသည်။ သို့သော် လုံးဝ ကင်းစင်သွားအောင်ကား မတတ်နိုင်ကြပှာ ဆိုပါသည်။ ဝတ္ထုရေးသူ၏ ကိုယ်ယောင်လေသံကို မမြင်၊ မကြားရသောကြောင့် ပြဇာတ်နှင့် ပုံသဏ္ဌာန် ဆင်သည့်အတွက် ဟုဆိုပါသည်။ ထို့ပြင် ဓမ္မဓိဋ္ဌာန် အပြောမျိုးဖြင့် ရေးမှလည်း ဝတ္ထုကောင်းဟု ဆိုရတော့မည်လောဟု မေးစရာ ရှိလာပြန်ပါသည်။ ဒီလိုတော့လည်း မဟုတ်ပါ။ သို့သော် ဝတ္ထုကောင်းကြီးများမှာတော့ ဓမ္မဓိဋ္ဌာန် အပြောသာလျှင် လွှမ်းမိုးနေတတ်သည် ဟုတော့ ပြောချင်ပါသည်' ဟု ဆိုပါသည်။

မြန်မာမှု ပထမတွဲတွင် ဦးဟုန်ဝမ်နှင့် ဦးခင်အေးတို့က-

'တစ်ခါတစ်ရံ ဝတ္ထုရေးဆရာသည် ဇာတ်ကောင်ကို ပြောဆိုပြုမူ လှုပ်ရှားစေ၍ ထိုဇာတ်ကောင်၏ စရိုက်ကို ပြတတ်သည်။ ကိုယ့်ဇာတိ ကိုယ်ပြသောနည်း ဖြစ်သည်' ဟူ၍ 'အပြ'သဘောကို ဖော်ပြသည်။

'တစ်ခါတစ်ရံ ဝတ္ထုရေးဆရာသည် သူ့ဇာတ်ကောင်၏ စရိုက်ကို သူကိုယ်တိုင် ဘေးက ပြောပြ၊ ရှင်းပြတတ်သည်။ ထိုနည်းသည် တကယ့် အသက်ပါသော လူ့သဘာဝအဖွဲ့မျိုးကို မပေးနိုင်ပါ။ လွယ်ကား လွယ်၏။ မထိရောက်' ဟူ၍ 'အပြော'သဘောကို ရှင်းပြသည်။

ဇော်ဇော်အောင်ကလည်း-

'စာရေးဆရာက ဇာတ်ဆောင်ရဲ့ ပုံသွင်သဏ္ဌာန်ကို တိုက်ရိုက် ပြောပြတယ်။ ဇာတ်ဆောင်က ဘယ်လိုပုံစံမျိုး ဖြစ်တယ်၊ ဘယ်လို စိတ်သဘောထားရှိတယ်၊ ဘယ်လို အမူအကျင့် ရှိတယ် ဆိုတာတွေကို စာရေးဆရာက ပြောပြတာမို့ အပြောနည်းလို့ပဲ ဆိုနိုင်ပါတယ်' ဟုဆိုထားပါသည်။

'အပြ'သဘောကိုမူ 'စာရေးဆရာက ဇာတ်ကောင်ရဲ့ လှုပ်ရှားမှုကို ပြသွားတယ်။ သူက ဘာမှ ဝင်မပြောဘူး။ ဘာမှ မှတ်ချက်မပေးဘူး။ ဇာတ်ဆောင်တွေ ဒါ လုပ်တယ်၊ ဒီလို လှုပ်ရှားတယ်၊ ဒီလို ပြောတယ် စတာတွေကို ပြသွားတယ်။ အဲဒါ အပြနည်းပါပဲ။

'စကားပမာ' ဝတ္ထုထဲက ဇာတ်ကောင်ဟာ ဒဏ်ရာရနေတဲ့ ခွေးကလေးတစ်ကောင်ကို ယုယုယယ ပွေ့ချီပြီး တိရစ္ဆာန် ဆေးကုခန်းကို သွားနေတာကို

ရေးပြတယ်။ စာရေးဆရာက 'သူ့ဇာတ်ဆောင်ဟာ ကြင်နာ သနားတတ်တယ်၊ စိတ်ဓာတ် သိမ်မွေ့တယ်' စသည်ဖြင့် ဘာမှ မှတ်ချက် ဝင်မပေးဘူး၊ ဘာမှ ဝင်မပြောဘူး။ ပြရုံပဲ ပြတယ်။ အဲဒါ အပြနည်းပဲ'ဟု ရှင်းပြထားရာ ဇာတ်ဆောင် စရိုက်ဖော်ရာ၌ အပြောနည်းနှင့် အပြနည်းသည် အရေးကြီးကြောင်း၊ အပြနည်းသည် အပြောနည်းထက် ပို၍ အနုပညာမြောက်ကြောင်း သတ်မှတ်ကြသည်ကို တွေ့နိုင်သည်။

ဒေးဗစ်လော့ကလည်း-

'အဖြစ်အပျက်ကို အစဉ်အဆက်မပြတ် ပြလိုက်၊ ပြောလိုက် လုပ်ခြင်းသည် ဝတ္ထုရေးဆရာ၏ ရသဖန်တီးမှုပင် ဖြစ်သည်။ စာရေးဆရာက ဇာတ်ဆောင်တို့၏ အမူအရာနှင့် စရိုက်များကို မိမိထင်မြင်ချက်ဖြင့် အနှစ်ချုပ်ပြန်ပြောသော စကားသည် 'အပြော'ဖြစ်သည်။ စာရေးဆရာက ဇာတ်ဆောင်တို့၏ စကားများ၊ အကျင့်စရိုက်များကို ကိုးကား၍ အဖြစ်အပျက်ကို ဖော်ပြခြင်းသည် 'အပြ'ဖြစ်သည်' ဟု ဖွင့်ဆိုပါသည်။

ရယ်ညယ်ဝဲ(လ်)လက်(စ်)နှင့် အော်စတင်ဝါရန်၏ စာပေသီအိုရီ စာအုပ်တွင် ဆာဝါလတာ စကော့(တ်)၏ ဇာတ်ဆောင်စရိုက် သရုပ်ဖော်မှုကို ဖော်ပြရာ၌ အပြော၊ အပြသဘောကို တွေ့ရသည်။

'ဆာဝါလတာ စကော့(တ်)သည် သူ၏ အဓိကဇာတ်ဆောင် တစ်ဦးစီကို မိတ်ဆက်ပေးရာတွင် ဇာတ်ဆောင်၏ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်၊ ရုပ်ပိုင်းဆိုင်ရာ သဘာဝနှင့် စိတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်းကို အသေးစိတ်ဖော်ပြသည်။ ထိုသို့ ချဲ့၍ တင်ပြသော ပုံစံမှာ တိုက်ရိုက် တုံးတိဇာတ်ဆောင် သရုပ်ဖော်မှု ဖြစ်၏' ဟူ၍ ဖော်ပြသည်။

တက်တိုးကလည်း အနုပညာမြောက်သော 'အပြ'သဘောကို-

'ဝတ္ထုဇာတ်လမ်း၊ ဇာတ်ကွက်တို့ကို တန်ဆာဆင်ရာ၌ အဖြစ်အပျက် အလုံးစုံကို မခြွင်းမချန် ဖော်ပြရန် မလိုပေ။ ခရေစေ့တွင်းကျ ရေးနေရလျှင် ဇာတ်ဆောင်တစ်ယောက်၏ တစ်နေ့လုံး အပြုအမူတို့ကို စာအုပ်ကြီး တစ်အုပ်စီကျ ရေးနေရပေလိမ့်မည်။ လိုရင်းအချက်လေး တစ်ချက်ကို ဆွဲယူဖော်ပြလိုက်ခြင်းအားဖြင့် ပြည့်စုံနိုင်စေသည်။ ယင်းသို့ ရွေးချယ်ဖော်ပြခြင်းသည်ပင်လျှင် အနုပညာမည်၏' ဟုဆိုပါသည်။

ဝင်းငြိမ်းက ဓာတ်ဆောင်စရိုက် ဖော်ရာမှာ ဝတ္ထုရေးဆရာက ဝင်ပြော ခြင်း၊ မပြောခြင်းအပေါ် စာရေးဆရာတို့ သဘောထားကွဲပြားမှုနှင့် ပတ်သက်ပြီး မေးမြန်းသောအခါ စာပေလူကြမ်းမင်းသား အောင်သင်းက-

'ဒီကိစ္စက ကျွန်တော်တို့ဆီမှာ အခုမှ စကားလုပ်ပြီး ပြောနေကြတာ ပါ။ အနောက်တိုင်းမှာတော့ သီပေါမင်း ပါတော်မမူမီလောက်ကတည်းက စပြီး ပြောခဲ့ကြတာပါ။ အဲဒီ ပြဿနာကို ထင်ထင်ရှားရှား သိသိသာသာ စပြီး တင်လိုက်တာက ကျွန်တော်ပါပဲ။ အပြော၊ အပြ ဆိုတဲ့ အယူအဆပါပဲ။ ကျွန်တော် ပြောခဲ့တာက ဝတ္ထုတစ်ပုဒ်မှာ စာရေးသူက ဝင်ပြောရင် မကောင်း ဘူး။ မပြောဘဲ ပေါ်လွင်အောင် ပြတာမှ ပိုပြီး ကောင်းတယ်လို့ ပြောခဲ့တာ မဟုတ်ပါဘူး။ 'အပြော' ဝတ္ထုထဲမှာလည်း ရသမြောက်တဲ့ ဝတ္ထုတွေ ရှိတာပါပဲ။ ကျွန်တော် ပြောခဲ့တာက တကယ့် ဝတ္ထုကျော် ဆရာကြီးများဟာ 'အပြ' ဝတ္ထု ဖြစ်အောင် ရေးကြတယ်လို့ ပြောခဲ့တာပါ' ဟုဆိုသည်။

စာရေးဆရာမ အယ်ဒီတာ မာရီယာန်ရန်း(န်)က သူ့အတွေ့အကြုံအရ စာရေးစ ပုဂ္ဂိုလ်များ မှားလေ့မှားထရှိသည့် အချက် (၁၀)ချက်ကို ဖော်ပြရာတွင် ပထမဆုံး အချက်သည် ဆရာအောင်သင်း၏ အဆိုနှင့် ကိုက်ညီနေပါသည်။

'ဝတ္ထုဆိုတာ ဓာတ်အိမ်မှုတ်ပြီး စာဖတ်သူကို 'ပြ' သွားရတာမျိုး။ သတင်း စာလို အဖြစ်အပျက်တစ်ခုကို သတင်းပေးတဲ့ သဘောသက်သက် ရေးလို့ မရဘူး။ စာဖတ်သူက ဝတ္ထုဓာတ်လမ်းထဲမှာ ကိုယ်တိုင် စီးဝင်မျောပါနေချင်တာ။ သူက ဓာတ်လမ်းကို နားထောင်ချင်တဲ့သူ မဟုတ်ပါဘူး။ သူတို့အနေနဲ့ ဝတ္ထုထဲ က မြင်ကွင်းပေါ်မှာ ကိုယ်တိုင် ရောက်ချင်နေတယ်။ ဓာတ်ကောင်တွေ ဘာ လုပ်နေကြသလဲဆိုတာ မြင်ချင်တယ်။ ဘာတွေ ပြောနေကြသလဲ ဆိုတာ ကြား ချင်တယ်။ အဲဒါကို စာရေးသူက ကြားဖြတ်ပြီး အတိုချုပ် ပြောထည့်လိုက်ရင် စာဖတ်သူ ရသင့်ရထိုက်တဲ့ အရသာကို လုယူလိုက်တာနဲ့ တူတယ်။ စာဖတ် ခြင်းဟာ ခံရသူနေရာထက် ပြုလုပ်သူနေရာနဲ့ အနေအထား ပိုပြီး တူတယ်။ ဒါကြောင့် စာရေးဆရာက ဓာတ်ကောင်တွေရဲ့ စကားပြောကတစ်ဆင့် သဲလွန် စတွေ ပုံပန်းသဏ္ဌာန် ဖော်ပြချက်တွေကို စာဖတ်သူအတွက် ဖြည့်ဆည်းပေးရ တယ်။ စာဖတ်သူက အဲဒီ စကားပြောတွေကတစ်ဆင့် ကောက်ချက်ဆွဲယူသွား လိမ့်မယ်'

ဟူ၍ ဖြစ်ပါသည်။

အောင်သင်းကပင် -

'ဓမ္မဓိဋ္ဌာန် အပြော၊ အပြသဘောမှာ စာပေလောကဋ္ဌသာလျှင် အသုံးချလို့ ရတော့သည်။ ဤအယူအဆ ပေါ်ပေါက်လာသည့်အတွက် အပြောကိုချည်း အားကိုးနေသော ကွက်စိပ်ဝတ္ထုဆရာများ နည်းပါးသွားသည်ကား အမှန်ပင် ဖြစ်သည်' ဟုဆိုပါသည်။

အောင်သင်း၏ တပည့်တစ်ယောက်က ဆရာ့ဆောင်းပါးထဲမှ အပြော၊ အပြ သဘောအတိုင်း ဆိုလျှင် 'မျိုးမမ ပကာသနီ' ကို ရေးခဲ့သော စာရေးဆရာကြီး မောင်သာရ၏ဝတ္ထုများသည် အပြောဝတ္ထုတွေချည်း ဖြစ်ကြောင်း၊ သူ့ဝတ္ထုတွေမှာ ဇာတ်ကောင်တွေရဲ့ အသံတောင် မကြားရတစ်ချက် ကြားရတစ်ချက်၊ သူကချည်း ပြောပြီး မှတ်ချက်ပေးနေကြောင်း ပြောသောအခါ ဆရာအောင်သင်းက ဤသို့ တစ်ချက်လွှတ် ပြော၍ ရမည် မထင်ကြောင်း၊ ကောက်ချက်ဆွဲပုံမှာ ချစ်လျှင် ချစ်သလို၊ မုန်းလျှင် မုန်းသလို ပြောသော မှတ်ချက်တွေလား။ ဓမ္မဓိဋ္ဌာန် ကျ၊ မကျ စိစစ်ကြည့်ရမည် ဖြစ်ကြောင်း ပြောဆိုထားပါသည်။

သို့သော် ဆရာအောင်သင်းကပင် -

'စာပေဆိုသည်မှာကား စာရေးပြီး စကားပြောနေရခြင်း ဖြစ်ပါသည်။ စကတည်းက အပြောတွင် အခြေခံလာခဲ့သော အနုပညာတစ်ခုတွင် စာရေးသူ၏ အပြောကို မပေါ်လွင်အောင် (ဝါ) ရေးသူက ဝင်ပြီး မပြောမိအောင် ထိန်းသိမ်းရသောကိစ္စမှာ အလွန့်အလွန် မလွယ်သောကိစ္စကြီး ဖြစ်ကြောင်း အထူးပြောစရာ မလိုတော့ပါ' ဟုလည်း ဆိုထားပါသည်။

ဆရာဇော်ဇော်အောင်ကလည်း တိုက်ရိုက်တုံးတိ ဇာတ်ဆောင် သရုပ်ဖော်မှု၊ ဇာတ်ဆောင်ပြောစကား စသည်တို့ကို အကျုံးဝင်လိမ့်မည် ဖြစ်ကြောင်း၊ ဇာတ်ဆောင်၏ လှုပ်ရှားမှု၊ ဇာတ်ဆောင်ပြောစကား စသည်တို့ကို သိုင်းဝိုင်း၍ သရုပ်ပေါ်အောင် မရေးဖွဲ့ဘဲ တုံးတိတိပြောခြင်းသည် ခပ်ညံ့ညံ့ဟု ယူဆကြောင်း၊ ဂျိန်းအော်စတင်းနှင့် လွန်းထားထားတို့၏ ဇာတ်ဆောင်စရိုက် သရုပ်ဖော်မှုကို ယှဉ်တွဲဖော်ပြပြီး ရှင်းလင်းထားပါသည်။

'တိုက်ရိုက်တုံးတိ ဇာတ်ဆောင် သရုပ်ဖော်မှုဟာ ဝတ္ထုခေတ်ဦး၊ ဂျိန်းအော်စတင်ဟာ ၁၈၁၇ မှာ ကွယ်လွန်တာနဲ့ ချိန်ထိုးကြည့်ပါ။ သီပေါမင်း

ပါတော်မူတာ ၁၈၈၅ ခုနှစ်၊ တော်တော် စောစောကတည်းက ရှိခဲ့တယ်။ အခု (ဒီနေ့)အထိ ရှိနေပါတယ်' ဟု ဆိုပါသည်။

ဤအဆိုမှာ ရှေ့တွင် ဖော်ပြခဲ့သော ဆရာအောင်သင်း၏ အဆိုနှင့်လည်း ကိုက်ညီနေကြောင်း တွေ့ရပါသည်။ ပြောသည် ဖြစ်စေ၊ ပြသည်ဖြစ်စေ၊ ဇာတ်ဆောင်အပေါ် ဘက်မလိုက်ဘဲ ကိုယ် ဖန်တီးချင်သော ဇာတ်ဆောင်စရိုက် ပီပြင်အောင် တင်ပြနိုင်လျှင် ဇာတ်ဆောင်တို့မှာ ရုပ်လုံးကြွလာသည်။ တကယ့် လူနှင့် တူလာပေမည်။

၄။ အပြောကို ဝတ္ထုတိုများနှင့် သာဓကပြခြင်း

မမွှေးဒိဌ္ဌာန် အပြောကို ဆရာဇော်ဂျီ၏ 'သူ့မယား' ဝတ္ထုတို၊ 'သော့တွဲနှင့် နတ်ရုပ်' ဝတ္ထုတိုတို့ကို ကိုးကား၍ သာဓကပြလိုပါသည်။

'သူ့မယား' ဝတ္ထုတွင် ကိုဆင်နှင့် မဖော့အကြောင်း ပြောရာတွင်-

'မဖော့သည် အရပ် ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ဆံပင်မှာ နီကြန်ကြန် ဖြစ်၍ တစ်ထွာသာသာလောက် ရှည်သည်။ သွား အတန်ငယ် ခေါသည်။ သို့ရာတွင် အရုပ်ဆိုးသည်ဟု မဆိုသာချေ။ ကိုဆင်သည် ထိုင်စား သမား ဖြစ်သည်။ အို-ထိုင်စားသမားသက်သက်လည်း မဟုတ်ရာပါပေ။ အိမ်မှာ ထမင်းအိုး တည်သည်။ သားငယ်၊ သမီးငယ်များကို ထိန်းကျောင်းရသည်။ ကိုဆင်သည် ငယ်စဉ်က သာမဏေဘဝနှင့် ကိုးနှစ်ခန့် နေခဲ့ဖူးသဖြင့် စာပေ၌ အတော်အတန် ခေါက်မိသည်။ စိတ်သဘောထား ကောင်းသည်။ ရယ်ရယ် မောမော နေတတ်သည်' ဟူ၍ ဇာတ်ဆောင်အကြောင်းကို ပြောပြသည်။

'သော့တွဲနှင့် နတ်ရုပ်' ဝတ္ထုတိုတွင်လည်း-

'မရွှေပွင့်မှာ ဒေးဒရဲသူ၊ ပွဲကတော်၊ မုဆိုးမ အသက်လေးဆယ်ကျော် လေးဆယ့်တစ်နှစ်တွင်း၊ သားသမီးမရှိ၊ လုံးချင်း၊ ကိုယ်ဟန် တောင့်တင်းလှသည်။ ကျားခေါင်းလက်ကောက်ကို ဝတ်ထား၏။ ကွမ်းလည်း စားတတ်သည်။ ကွမ်းစား သောအခါ လက်ညှိုးတစ်ခု၊ လက်မတစ်ခုနှင့် နှုတ်ခမ်းကို သပ်ယပ်လေ့ရှိသည်။ ထိုအခါ ငါးပွင်း ပါးစပ်ကလေးနှင့်ပင် တူတော့သည်' ဟုလည်းကောင်း၊

'ကိုချိပ်မှာ တော်ကမယ်ရွာသား၊ လူလုံးလူဖန် သေးသေးသွယ်သွယ်၊ ကွမ်းစားလွန်းသဖြင့် သွားနက်ကျားကျား၊ လက်ဖက်ရည်လည်း ကြိုက်တတ်

သည်။ မယား မမင်းပုံ ရှိစဉ်အခါက မယား၏ အပြုအစုကို ခံ၍ မယား၏ လောင်းရိပ်ကို ခိုကာ စာကလေး ပေကလေးနှင့် အေးအေးနေခဲ့သူ ဖြစ်ပေသည်' ဟုလည်းကောင်း တိုက်ရိုက်ပြော၍ သရုပ်ဖော်ထားပါသည်။

မစန္ဒာ၏ 'အဘွားကြီးနှစ်ယောက် ရှိလေသည်' ဝတ္ထုတိုတွင် ဒေါ်အေးကျင် ဟူသော အဘွားကြီး၏ သမီးအကြီးမနှင့် ရသူအကြောင်း ပြောရာတွင်-

'သမီးအကြီးမကတော့ ယောင်ခြောက်ဆယ် အုန်းကြိုင်နှင့် ရသည်။ အုန်းကြိုင် ဆိုသည့်အကောင်က ပေါင်းတန်သူကို ပေါင်း၊ ပေးတန်သူကို ပေး၊ မဟုတ်တာရော၊ ဟုတ်တာရော လုပ်ရဲသူ ဆိုတော့ အစောပိုင်းက အတော်လေး ချောင်လည်ပုံရသည်။ သမီး၏ လည်ပင်းတွင် ရွှေဆွဲကြိုးလက်လက်ကလေးကို မြင်လိုက်ရသည်။ ကလေးနှစ်ယောက် ရပြီးတော့ အုန်းကြိုင် ဗွေဖောက်လာသည်။ ဆတ်ကော့လတ်ကော့ ကောင်မလေးတစ်ယောက်နှင့် တတွဲတွဲ ဖြစ်လာသည်' ဟူ၍ တိုက်ရိုက်ပြောသည်။

အပြောနှင့် ဇာတ်ဆောင်စရိုက် သရုပ်ဆောင်ရာတွင် ဇာတ်ဆောင် အုန်းကြိုင်၏ စရိုက်ကို မနှစ်မြို့သော လေသံနှင့် ပြောနေကြောင်း သိသာပါသည်။ ဇာတ်ဆောင်၏ အပြော တစ်ချက်တလေမှ မတွေ့ရဘဲ စာရေးသူ၏ အပြောနှင့် မှတ်ချက်ကိုသာ တွေ့ရသည်။

ဖော်ပြခဲ့သော ဓမ္မဓိဋ္ဌာန် အပြောနှင့် ကွာဟနေသော်လည်း သဘာဝကျသော၊ စာဖတ်သူ လက်ခံနိုင်သော မှတ်ချက်များ ဖြစ်ပါသည်။

မိုးမိုး(အင်းလျား)၏ 'သားသမီး၏ အဆုံးအမ' ဝတ္ထုတိုတွင်-

'ကျွန်မ၏ မိဘများသည် ပွဲရုံလုပ်ငန်းကို လုပ်ခဲ့ကြသည်။ လုပ်ငန်းရှင်ဖြစ်သောကြောင့် အလုပ်သမား ကာယလုပ်သားများနှင့် မကြာမကြာ ဆက်ဆံရသည်။ တစ်ခါတစ်ရံ နှိမ်၍ ဆက်ဆံသည်။ တစ်ခါတစ်ရံ အော်ငေါက်၍ ဆက်ဆံသည်။ ကျွန်မသည် ထိုအလုပ်သမားများကို သနားပါသည်' ဟု စာရေးဆရာက ဇာတ်ဆောင် 'ကျွန်မ'၏ စိတ်ကို ပြောပြနေသည်။

မောင်ကိုယု၏ 'စိန်မခေါ်ရဲပါ' ဝတ္ထုတိုတွင်-

'ကိုရင်မောင်၏ ပုံမှန်သုံးငွေမှာ ကိုးဆယ် ဖြစ်ပါသည်။ ရန်ကင်းမှ ကိုရင်မောင် စာသင်သော ကျောင်းသို့သွားရန် ပြားလေးဆယ် ပေးရသော ဘတ်စ်ကားစီးလျှင် ရသည်။

အလျှင်လိုမှု၊ ကားကျပ်မှုကို အကြောင်းပြု၍ ကိုရင်မောင်သည် တစ်ခါ တစ်ရံ တစ်ကျပ်ကားကို စီးရသည့်အခါ ခရီးစရိတ် ပိုကုန်သွားသဖြင့် ဆေးလိပ်ဖိုး၊ လက်ဖက်ရည်ဖိုး လျော့သွားတတ်သည်' ဟူ၍ ဇာတ်ဆောင် ကိုရင်မောင်၏ ဘဝတစ်စိတ် တစ်ဒေသနှင့် ဝင်ငွေထွက်ငွေ မျှတအောင် ချိန်ထိုးပြီး သုံးစွဲတတ်သော စရိုက်ကို ပေါ်လွင်အောင် အပြောဖြင့် ဖော်ပြပါသည်။

၅။ အပြကို ဝတ္ထုတိုများနှင့် သာဓကပြခြင်း

အနုပညာ မှန်သမျှ ပရိယာယ် ရှိသည်။ အပြောတတ်၊ အပြတတ်၊ အဆင်အပြင် တတ်ရပေမည်။ ဝတ္ထုတိုဆရာသည် ဇာတ်ဆောင်ကို အရုပ်လိုသဘောထားပြီး ကြိုးမကိုင်ရပေ။ သူ့သဘာဝအလျောက် လှုပ်ရှားခြင်းကို ခွင့်ပြုရပေမည်။ သို့မှသာ ယုတ္တိတန်ပြီး တကယ့်လူနှင့် တူမည်။

'အပြ'သဘောကို ဆရာဇော်ဂျီ၏ 'သော့တွဲနှင့် နတ်ရုပ်' ဝတ္ထုတိုမှ ကောက်နုတ်တင်ပြလိုပါသည်။

"မိန်းမတန်မဲ့ တဗွီးဗွီးနဲ့ တူအောင် နှပ်ညှစ်တာရယ်၊ နားရွက်ထဲမှာ သနပ်ခါး ခြောက်တွေ မစင်တာရယ် ငါ ရွံသကွာ"

"ဒါကတော့ ကိုကြီးချိပ်ရာ၊ အန္တရာယ် လွယ်မထားကောင်းပဲကိုဗျ။ အပျို နှပ်တွဲလောင်း ကျလာတော့ ဘယ့်နှယ်လုပ်မလဲ"

"မင်း သနပ်ခါးခြောက်တွေကကောကွာ"

"ကိုကြီးကလည်းဗျာ ကတ်သီးကတ်သတ် အပြစ်မဟုတ်တာကို အပြစ်လုပ်နေပြန်ပါပြီ။ သနပ်ခါး ညတိုင်း လိမ်းအိပ်လို့ပေါ့ဗျာ ဟဲ‥ဟဲ‥ဟဲ"

"ခပ်အေးအေး နေစမ်းပါရစေကွာ"

ကိုချိပ်မှာ ဤကဲ့သို့ ငြင်းပယ်သံဖြင့် နှုတ်ဖျားက ညည်းတွားလိုက်သော်လည်း စိတ်မျက်စိကား မချေးပွင့်ကို တရေးရေး မြင်မိလေသည် ဟူသော အဖွဲ့တွင် ကိုချိပ်၏ ပြင်ပအမူအရာနှင့် အတွင်းစိတ် အမူအရာတို့ ဆန့်ကျင်နေသောကြောင့် ကိုချိပ်၏ ဇာတိရုပ်ပေါ်လာသည်။ ဇာတ်ဆောင်၏ အတွင်းစိတ်ကို နှုတ်အမူအရာနှင့် ထိန်းသော်လည်း ဖုံးရင်း ပေါ်ရသော လူ့သဘာဝကို ပြုံးစရာဖြစ်အောင် ဖွဲ့ထားပါသည်။

ဆရာဇော်ဂျီ ဘာသာပြန်သည့် နိုဘယ်ဆုရ စာရေးဆရာများနှင့် သူတို့၏

ကမ္ဘာကျော် ဝတ္ထုတိုများထဲမှ 'ဟဲမင်းဝေး'၏ 'သုံးရက်ဆက်တိုက် မုန်တိုင်းငယ်' ဝတ္ထုတိုမှ 'အပြ'သဘော ပေါ်လွင်သော ရေးကွက်များကိုလည်း ကောက်နုတ် တင်ပြပါမည်။

နီကီက မိုးရွာထဲတွင် လမ်းလျှောက်လာပြီး ဗီလီဆီ ရောက်လာသည်။ နှစ်ယောက်သား 'သောက်ကြရအောင်ကွာ' ဟု ဆိုကာ ဝီစကီသောက်ရင်း စကားပြောကြသည်။ အိုင်ယာလန်၏ ဝီစကီမှာ မှော်ရွက် ထည့်ပြီး ချက်သည့် အကြောင်းမှ ဘက်ရိုက်ဘော့စ်ဘောပွဲ သတင်းပါသည့် သတင်းစာအကြောင်း ရောက်သွားသည်။ ထို့နောက် လက်ရှိတိုက်ခတ်နေသည့် မုန်တိုင်းအကြောင်းမှ စာရေးဆရာ ဝါလပို ချက်စတာတန်တို့၏ ဝတ္ထုများအကြောင်း ရောက်သွားပြန် သည်။ ဗီလီက နီကီကို မာဂျရီ၏ ညွတ်ကွင်းမှ ဖွတ်အတင်း ရုန်းထွက်နိုင်သော ကြောင့် ချီးကျူးစကား ဆိုသည်။ ထိုအချိန်မှာ နီကီက စကားနည်းသွားသည်။ ဗီလီ ပြောသမျှကို ပြန်မဖြေဘဲ တွေနေလိုက်၊ 'အေးပေါ့ကွာ' ဟု တစ်ခွန်း တလေ ပြန်ဖြေလိုက် လုပ်နေသည်။

"ချစ်ပြီးမှ ခွဲရတယ်ဆိုတာ အသည်းနာစရာပေါ့ကွာ။ ဒါပေမဲ့ ချော ချော လှလှမြင်ရင် မင်း ကျခဲ့ဖူးတာပဲ မဟုတ်လား။ ပြီးတော့လည်း ပြီးသွား တာပဲ။ ကျစရာတွေ့ရင် ကျပေါ့။ ဒါပေမဲ့ စိတ်အဆင်းရဲတော့ မခံနဲ့ကွာ"

"အေးပါကွာ"

"သူ့ကို မင်းယူလိုက်ရင် မင်း ဘာဖြစ်မလဲ၊ မင်းသိရဲ့လား။ သူ့တစ်အိမ် သားလုံးဟာ မင်းလည်ကုပ်ကို ခွစီးထားမှာပဲ။ သူ့အမေကြီး အကြောင်းကို မင်းအသိသားပဲ မဟုတ်လား။ သူ့အမေကြီးကို ယူမိတဲ့ ဟိုငနဲကြီးဟာ အခု ဘာဖြစ်နေပြီလဲ၊ မင်း သိတယ် မဟုတ်လား"

နီကီ ခေါင်းညိတ်လိုက်သည်။

'ဒီတော့ မင်း ခွာတာဟာ အခွာကောင်းပါကွာ။ အခုဆိုရင် မာဂျရီဟာ သူနဲ့ ဝါသနာချင်းလည်း တူ၊ ဉာဏ်ချင်းလည်း တူ၊ အကျင့်ချင်းလည်း တူတဲ့၊ သူ့လိုကောင်မျိုးကို သူ ယူတော့မှာကွ' ဟု အားပေးပုံကြောင့် ချစ်ခြင်းမေတ္တာ နှင့် ပတ်သက်သော ဇာတ်ဆောင်၏ အယူအဆကို ဖော်ပြရာ ရောက်ပါသည်။ ဇာတ်ဆောင်တို့၏ ကိုယ်၊ နှုတ်၊ အမူအရာများနှင့် ဆက်စပ်၍ အချစ်ရှုံးလူငယ် နှစ်ဦးတို့ ထိန်းမတ်ကြပုံကို ပြသွားသည်။

ထိုဝတ္ထုထဲတွင် ဟဲမင်းဝေး၏ 'အပြ'တတ်မှု သဘောကို ဆရာဇော်ဂျီက-

'ထိုဝတ္ထုတိုတွင် အချစ်စစ်ပွဲ၌ ရှုံးခဲ့ကြသော ရည်းစားပျက်ဟောင်း လူငယ်နှင့် ရည်းစားပျက်သစ် လူငယ်နှစ်ဦးသည် အရှုံးထဲ၌ မျောပါမသွားအောင် မိမိတို့ကိုယ်ကို အားတင်းတတ်ကြသည့် သဘောကို တွေ့နိုင်သည်။ ရည်းစားပျက်အဆွေးနှင့် အရှက်ကို ဖျောက်ဖျက်ရန် အားတင်း၍ လူငယ်တို့ဘာဝ အဖြေတွေ့သွားပုံကို လူငယ်နှစ်ဦး၏ ကိုယ်၊ နှုတ်၊ နှလုံး အမူအရာတို့၌ ဟဲမင်းဝေးက အနုစိတ်ပြခဲ့သည်' ဟု သုံးသပ်ထားပါသည်။

'ပျို့ကဗျာနှင့် ပျို့စာဆို' ဆောင်းပါးတွင်လည်း ဆရာဇော်ဂျီက အပြောအပြ၊ အဆင်အပြင် တတ်မှုသည် အနုပညာ၏ ပရိယာယ်ဟု ဆိုထားပါသည်။ အပြက အပြောထက် ပို၍ အသက်ဝင်ပြီး ဖန်တီးရာ၌ ခက်ခဲသောကြောင့် ဝတ္ထုအများစုတွင် 'အပြော'သဘော အလေးကဲသည်ကို တွေ့ရသည်။

ဖီးလစ်ရောင်းက ခေတ်ပေါ် အမေရိကန် ဝတ္ထုရေးဆရာများ စာအုပ်တွင်-

'ဟဲမင်းဝေးမှာ လူ့စကားနှင့် ပတ်သက်၍ လေယူလေသိမ်းများ၊ အပြုအမူဝါဒများအတွက် အကောင်းဆုံး အကြားအာရုံများ ရှိနေသောကြောင့် စကားပြောနှင့် အပြန်အလှန် စကားပြောခြင်းသည် တူညီစွာ ထူးခြားပြောင်မြောက်နေသည်' ဟု သုံးသပ်ထားပါသည်။

စကားပြောနှင့် အပြန်အလှန် စကားပြောခြင်းသည် 'အပြ'ထဲတွင် ပါဝင်ရာ 'အပြ'တတ်ရန် စာရေးဆရာ၌ အကောင်းဆုံး နားများ ရှိသင့်ကြောင်း ဆင်ခြင်ကြည့်နိုင်သည်။

ဆက်လက်၍ 'မပြောဘဲ မြင်သော စကားပြော'နှင့် 'အပြောညှပ်အပြအကြောင်း' ဆက်လက်တင်ပြလိုပါသည်။ စာရေးဆရာ မဂ္ဂဇင်းတွင် ပါဝင်သော ဝီလျံဂျီတက်(ပ်)လီ၏ ဆောင်းပါးကို ဘာသာပြန်ထားရာတွင် 'သွားစေ့ထားရင်း ပြောလိုက်၏'၊ 'တီးတိုးဆိုလိုက်သည်' ဆိုတဲ့ စကားတွေက အသံကို ဘယ်နည်းနဲ့ ပြောတယ်ဆိုတာ ပရိသတ် သိမြင်စေတယ်။

ဒီနေရာမှာ ပြဿနာက ဘာဝင်လာပြန်သလဲ ဆိုတော့ ဇာတ်ကြောင်းပြန်ပြောနေရတဲ့ စာရေးဆရာက မြင်ကွင်းထဲ ဝင်ပြီး ဘယ်ဇာတ်ကောင်က ဘယ်လို ခံစားနေပါတယ် ဆိုတာကို ဝင်ပြောရာ ရောက်နေတယ်။ ဒီလို ဝင်ပြော

ခြင်းအားဖြင့် စာဖတ်သူအနေနဲ့ သူ့သဘော သူ့စိတ်ကူးနဲ့ ဖတ်မယ့် စကားပြော တွေကို စာရေးသူက ဘောင်ကန့်သတ်လိုက်သလို ဖြစ်သွားတယ်' ဟု ပါရှိ ပါသည်။

သို့သော် စကားပြောရင်း ဇာတ်ဆောင်၏ လှုပ်ရှားမှုကို ဖော်ပြသည့် အခါတွင်မူ မပြော၍ မရတော့ပါ။ ထိုအခါမျိုးတွင် 'အပြ'ကြား၌ 'အပြော' ညှပ်ရပါသည်။ ဇာတ်ဆောင်က နောက်ကြောင်း ပြန်ပြောနေသည့် အခါမျိုး၌ အခြား ဇာတ်ဆောင်တို့ ပြောခဲ့သော စကားများ၊ သူကိုယ်တိုင် ပြောခဲ့သော စကားများကို ညှပ်၍ပြောလျှင် 'အပြော'ကြားထဲ၌ 'အပြ'ညှပ်ထားခြင်းဟု ဆိုရပါမည်။ ဤသဘောတရားများကို အခြေခံ၍ ဝတ္ထုတိုများကို အရသာ မပျက်အောင် အသေးစိတ် ခွဲခြမ်း စိတ်ဖြာပြထားပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၁၀၊ ဒီဇင်ဘာလ၊ ၂၀၀၉။

* * *

ဘဝသရုပ်ဖော် ဝတ္ထုတိုများ

၁။ သရုပ်မှန်(သရုပ်ဖော်) ဝတ္ထုတိုများ၏ သဘောသဘာဝနှင့် ပညာရှင်တို့အမြင်

သရုပ်မှန်မှုသည် ၁၉ ရာစု၊ ၂၀ ရာစုတွင် ခေတ်စားခဲ့သော်လည်း ယနေ့ ၂၁ ရာစုထိလည်း မရိုးနိုင်သေးပေ။ ဆက်လက် ထွန်းကားလျက် ရှိသည်။ သရုပ်မှန်စာပေသည် လူမှုဒုက္ခအဖုံဖုံကို သရုပ်ဖော်တင်ပြသည်။ လူအများစု အသိအမှတ်ပြုပြီး အလေးထားသော စာပေပုံသဏ္ဌာန်လည်း ဖြစ်သည်။ သရုပ်မှန်ဝတ္ထုတိုတို့တွင် စာရေးဆရာ ဖော်ပြလိုသော အကြောင်းအရာကို လူနားလည်အောင် တိုတိုနှင့် အရိုးရှင်းဆုံး ဖော်ပြလေ့ရှိသည်။ ခေတ်ရေစီးကြောင်းအတွင်းမှ အဖြစ်မှန်တရားကို ခံစားမှု၊ နိမိတ်ပုံဖြင့် ဖော်ပြသော စာပေလည်း ဖြစ်သည်။

မြန်မာစာပေလမ်းကြောင်းကို လေ့လာသုံးသပ်ကြည့်လျှင် အခြားသော စာပေဝါဒများ သတ်သတ်မှတ်မှတ် ထွန်းကားခြင်း မရှိခဲ့သော်လည်း သရုပ်မှန်စာပေမှာမူ သိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်လာပါသည်။

၁၉၈၀-၁၉၉၀ အတွင်း ပေါ်ထွက်ခဲ့သော ဝတ္ထုတိုများထဲတွင်လည်း သရုပ်မှန်ဝတ္ထုသည် အားကောင်းမောင်းသန် ဖွံ့ဖြိုးခဲ့ပါသည်။ အထူးသဖြင့် ဆင်းရဲသား၊ အလုပ်သမား လူတန်းစားတို့အကြောင်း၊ သူတို့၏ လူမှုဒုက္ခအဖုံဖုံနှင့် ခံစားချက်တို့ကို သရုပ်ဖော်သော ဆိုရှယ်လစ် သရုပ်မှန်ဝတ္ထုတိုများ ခေတ်စားခဲ့ပါသည်။

တက်တိုးက-

'လူ့အကြောင်းကို သရုပ်ဖော်သော စာပေသာလျှင် ခေတ်၏ပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီးလျှင် အစွန့်ရှည်စွာ တည်မြဲနေပေမည်' ဟုဆိုသည်။

မောင်စွမ်းရည်က-

'စုံထောက်ဝတ္ထု၊ စပိုင်ဝတ္ထု၊ အချစ်ဝတ္ထုတွေကို ခြုံငုံပြီး စိတ်ကူးယဉ်ဝတ္ထုလို့ ခေါ်တယ်။ အင်္ဂလိပ်လိုတော့ ဖစ်ရှင် (Fiction) လို့ ခေါ်တယ်။ လူ့လောကအကြောင်း သရုပ်မှန်ရေးဖွဲ့တာ ရီရယ်လတီ (Reality)ကိုမှ နော်ဗယ် (Novel) ဝတ္ထု ခေါ်လေ့ရှိတယ်။

အဲဒါ ၁၇ ရာစု၊ ၁၈ ရာစုကတည်းက ခွဲခြားလာခဲ့တာပဲ။ အချစ်ဝတ္ထုတွေကို ဘဝသရုပ်ဖော် ဝတ္ထုတွေကနေ ကွဲပြားအောင် ရိုမန့်စ် (Romance) လို့ပဲ ခေါ်ကြတယ်' ဟူ၍ ရှင်းပြခဲ့ပါသည်။

ဝင်းငြိမ်းနှင့် အင်တာဗျူးရာတွင် အောင်သင်းက-

'ဝတ္ထုကောင်း ဆိုတာဟာ ဘယ်ဘဝကိုပဲ သရုပ်ဖော်ဖော် အဲဒီဘဝရဲ့ အနိမ့်အမြင့်၊ အတက်အကျကို ပေါ်လွင်အောင် ရေးနိုင်ရင် ဘဝသရုပ်ဖော်ဝတ္ထုလို့ပဲ ပြောချင်ပါတယ်' ဟုဆိုပါသည်။

ဝင်းငြိမ်းနှင့် အင်တာဗျူးရာတွင် မြသန်းတင့်က-

'ကျွန်တော်ကတော့ ဘဝသရုပ်ဖော်ဝါဒဟာ အနုပညာ နည်းနာတစ်ခုလို့ လက်ခံချင်တယ်။ အယူအဆတစ်ခုလို့ လက်မခံချင်ဘူး။ ခေတ်ကို ထင်ဟပ်နိုင်တဲ့ လူမှု ဖြစ်ပေါ်မှု (ဝါ) လူမှု အပြောင်းအလဲကို ဖော်ပြနိုင်တဲ့၊ လူ့အဖွဲ့အစည်းရဲ့ ဘဝကို ဖော်ပြနိုင်တဲ့ စာပေမျိုးကိုမှ ဘဝသရုပ်ဖော်လို့ လက်ခံချင်တယ်' ဟုဆိုပါသည်။

မောင်သာနိုးကလည်း-

'သရုပ်မှန် ဆိုတာ မရိုးနိုင်တဲ့ စာပေရဲ့ သဘောလက္ခဏာတစ်ပါး ဖြစ်တယ်' ဟု လည်းကောင်း၊

'သရုပ်မှန်မှု ဆိုတာ ၁၉ နဲ့ ၂၀ ရာစုများမှာ ခေတ်စားခဲ့တာ ဖြစ်ပေမယ့် ကနေ့ ၂၁ ရာစုနား နီးတဲ့ထိလည်း မရိုးသေးဘူးလို့ ဆိုရလိမ့်မယ်။ ပြင်သစ် သရုပ်မှန်ဝါဒ၊ အမေရိကန် သရုပ်မှန်ဝါဒ၊ လက်ဝဲစာရေးဆရာများရဲ့ သရုပ်မှန်ဝါဒ အစရှိသည်ဖြင့် ရှိနေလျက်ပါပဲ။

ဒါပေမဲ့ အယူအဆအမျိုးမျိုး ဘယ်လိုကွဲကွဲ သရုပ်မှန် ဆိုရာမှာ အခြေခံအချက်လေးကတော့ တစ်ချက်တည်း ဖြစ်တယ်။ အရှိကို အရှိအတိုင်း မှတ်တမ်းတင်ဖို့ ကိုယ်ဖြစ်စေချင်သလို အဖြစ်အပျက်ကလေးတွေကို ကြံတင်အစီအစဉ်ချ

လုပ်ပေးတာမျိုး မဟုတ်ဘဲ သူတို့ ဖြစ်ချင်သလို ဖြစ်ပျက်သွားကြစေဖို့ ဒါဟာ အပြောလွယ်သလောက် အလုပ်ခက်လှတယ်' ဟုဆိုထားပါသည်။

ဇော်ဇော်အောင်ကလည်း စတိုင်သစ်မဂ္ဂဇင်းတွင် -

'ဇာတ်ဆောင်ဆိုတာ ဝတ္ထုထဲကလူကို ပြောခဲ့ပါတယ်။ အဲဒီဇာတ်ဆောင်ကို သရုပ်တူအောင်(ဝါ) လူနဲ့တူအောင် စာရေးဆရာက ကြိုးပမ်းအားထုတ်ရေးဖွဲ့ရပါတယ်။ သရုပ်မှန်ရဲ့ လက္ခဏာရပ်ကြီး ဖြစ်တဲ့ 'တူခြင်း'ကို အသားပေး ရေးဖွဲ့ရတာပါပဲ။ အဲဒီလို တကယ့်လူနဲ့ တူပြီး ရုပ်လုံးကြွလာအောင် ရေးဖွဲ့ရာမှာ -

၁။ ဇာတ်ဆောင်ရဲ့ အတွင်းစိတ်သန္တာန်ကို ရေးဖွဲ့ကြတယ်' ဟု ဆိုပါတယ်။

သီဟကလည်း အိပ်မက်ဖူးမဂ္ဂဇင်း အမှတ်(၇)တွင် -

'အချစ်နှင့် ဘဝသရုပ်ဖော် ဝတ္ထုတို့တွင် အဓိကအားဖြင့် ခြားနားသော အချက်မှာ အချစ်ဝတ္ထုသည် လွတ်မြောက်ခြင်း (Escape) သဘော ပါရှိသည့် အချက်ပင် ဖြစ်သည်။ တကယ့်လောက၏ မွန်းကျပ်နေမှုများထဲမှ လွတ်မြောက်နေခြင်းပင် ဖြစ်သည်။ အချစ်ဝတ္ထု၏ တန်ဖိုးမှာ ဖျော်ဖြေရေး (Entertainment) မျှသာ ရှိတတ်ကြသည်' ဟုဆိုထားပါသည်။ ဘဝသရုပ်ဖော် ဝတ္ထုတိုများတွင် တကယ့်လောက၏ မွန်းကျပ်နေမှုများ ပါဝင်နေသည့် သဘောကို တွေ့ရသည်။

မောင်ဇော်က -

'အနုပညာသမားသည် လောကသစ္စာကို ရှာဖွေသူမဟုတ်၊ ရရှိသူ၊ တွေ့ရှိသူ ဖြစ်သည်။ သူတွေ့ရှိသော သစ္စာတရားသည် အနုပညာ သစ္စာတရား ဖြစ်သည်။ သူသည် ခေတ်ပြိုင်လူသားမဟုတ်၊ ခေတ်အားလုံး၏လူသား ဖြစ်၏။ အနုပညာသမားတစ်ယောက်၏ အနုပညာသည် အချိန်အပါအဝင် အတိုင်းအတာ ကန့်သတ်ချက်အားလုံးကို လွန်မြောက် ပေါက်ရောက်နိုင်သော သတ္တိထူးရှိ၏။ ထိုသို့သော အနုပညာကို ဖန်တီးခြင်း ဖြစ်မှသာလျှင် အမှန်တရားကို ရရှိနိုင်သည်ဟု ကျွန်တော် အယူရှိ၏' ဟုဆိုထားသည်။

ထိုအဆိုအရ ခွဲခြမ်းစိတ်ဖြာကြည့်မယ် ဆိုရင် ဘဝသရုပ်ဖော်ဝတ္ထု (၂) မျိုး ထွက်လာပေမည်။ ခေတ်ပြိုင်ဘဝကို ဖော်ပြသော ဝတ္ထုများနှင့်

တကယ့်ဘဝမှတစ်ဆင့် လောကသစ္စာကို ဖော်ပြသောဝတ္ထုများ ဟူ၍ ဖြစ်သည်။ ခေတ်ပြိုင်ဘဝကို ဖော်ပြသော ဝတ္ထုတိုများမှာ အချိန်အပါအဝင် အတိုင်းအတာ ကန့်သတ်ချက်အားလုံးကို လွန်မြောက်ပေါက်ရောက်နိုင်သော သတ္တိထူးမရှိစေကာမူ သူ့ခေတ်၊ သူ့အခါကို ကိုယ်စားပြုလျက်ရှိသဖြင့် ထိုဝတ္ထုမျိုး ဖန်တီးသူများကိုလည်း စာပေတာဝန် ကျေပွန်သည်ဟု မှတ်ယူရပါမည်။

ဝင်းငြိမ်းနှင့် အင်တာဗျူးရာတွင် 'မြသန်းတင့်' က-

'လူ့အဖွဲ့အစည်း၊ ဒါမှမဟုတ် ခေတ်နဲ့စာပေဟာ ခွဲမရဘူး' ဟုဆိုထားပါသည်။ ဘဝသရုပ်ဖော် ဝတ္ထုများတွင် ခေတ်၏ အရောင်ထင်ဟပ်မှု အနည်းနှင့် အများ ပါရှိတတ်သည်။

ဂျေရုမ်းစတိုးနစ်(ဇ်) (STOLNITZ, JEROME) က-

'အမှန်တရားသည် အနုပညာ၏ တောင်းဆိုခြင်းကို ခံရသည်။ အနုပညာရှင်သည် အမှန်တရားကို ပြောသူ၊ ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရား၏ ထူးခြားချက် တစ်ခုကို ပြောသူ' ဟုဆိုထားပါသည်။

အနုပညာရှင် ဖန်တီးသော အနုပညာတွင် အနုပညာရှင် ပြောချင်သော အမှန်တရား တစ်ခုခုပါနေခြင်းကို ဘဝသရုပ်ဖော် ဝတ္ထုများတွင် တွေ့ရသည်။

ဘဝသရုပ်ဖော်ဝတ္ထု ဖန်တီးပုံနှင့် ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က-

'ဘဝသရုပ်ဖော်လို့ တချို့က ခေါ်တယ်။ ကျွန်တော်ကတော့ သစ္စာဝါဒပေါ့၊ အဖြစ်ကို အဖြစ်အတိုင်း၊ အမှန်ကို အမှန်အတိုင်း ရေးတာ။ ဒါ လုပ်ရပါတယ်။ လူတစ်ယောက်ဘဝရဲ့ ဒုက္ခကြီးတာ မျက်စိနဲ့ မြင်တာတော့ အမှန်ပဲ၊ အဲဒါကို အနုပညာ မြောက်အောင် ရေးတော့ တော်တော်ခက်လာတယ်' ဟု ဆိုပါသည်။

သော်တာဆွေက ဟာသဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုကို-

'ဟာသဝတ္ထုမှာ အကြောင်းအရာ အခြေအမြစ် မရှိသလို၊ ယုတ္တိယုတ္တာ တန်ချင်တန် မတန်ချင်နေ၊ ဖတ်ရသူ ရယ်မောရလျှင် ပြီးစတမ်းပဲ။ ဘဝသရုပ်ဖော် ဝတ္ထုကား ဤသို့ မဟုတ်တော့ပြီ။ စာရေးသူမှာ များစွာ တာဝန်ရှိ၏။ ယုတ္တိယုတ္တာ ရှိရမည်။ အကြောင်းအရာ အခြေအမြစ် ခိုင်လုံရမည်။ ဦးတည်ရည်ရွယ်ချက် ရှိရမည်'

ဟူ၍ နှိုင်းယှဉ်ဖွင့်ဆိုထားပါသည်။

ဟိန်းလတ်က ဆရာဝန်စာရေးဆရာ နိုင်ဇော်ကို ဘဝသရုပ်ဖော် စာရေးဆရာထဲ ထည့်၍ရမှာ သေချာကြောင်း ပြောသောအခါ နိုင်ဇော်က-

'ကျွန်တော် မြင်ထားတာကတော့ ဘဝသရုပ်ဖော် ဝတ္ထုတွေကို နှစ်မျိုးအသေအချာ ခွဲနိုင်ပါတယ်။ ရုပ်ကြမ်းအယူအဆကို အခြေခံတဲ့ ဘဝသရုပ်ဖော်နဲ့ ရုပ်ကြမ်းအယူအဆကို အခြေမခံတဲ့ ဘဝသရုပ်ဖော်ပါပဲ။ တကယ်လို့ ကျွန်တော် ရေးခဲ့တဲ့ အဲဒီဝတ္ထုတွေကို ဘဝသရုပ်ဖော်ဝတ္ထုလို့ ဆရာခေါ်ရင်တောင်မှ အဲဒီ ရုပ်ကြမ်း အယူအဆနဲ့ ဘာမှမပတ်သက်တဲ့ ဘဝသရုပ်ဖော်ပဲ ဖြစ်ပါလိမ့်မယ်' ဟု ဆိုထားသည်ကို ကြည့်၍ မြန်မာဝတ္ထုတိုလောကတွင် ရုပ်ကြမ်း အယူအဆကို အခြေခံသည့် ဝတ္ထုများရှိကြောင်း သွယ်ဝိုက်ပြောဆိုရာ ရောက်ပါသည်။

ကမ္ဘာပေါ်တွင် သရုပ်မှန်စာပေသည် ၁၈ ရာစုလောက်ကတည်းကပင် ပေါ်ပေါက်လာခဲ့သော စာပေဝါဒ ဖြစ်ပါသည်။ ရောဗင်ဆန်ကရူးဆိုး ဝတ္ထုရေးသူ 'ဒင်နီယယ်ဒီဖိုး' (Daniel Defoe) နှင့် တွမ်ဂျုန်း ဝတ္ထုရေးသူ 'ဟင်နရီဖီလဒင်း'(Henry Fielding) တို့သည် သရုပ်မှန်စာပေ၏ ရှေ့ဆောင် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ဘဝသရုပ်ဖော် စာများကို ရှေ့ပြေးအဖြစ် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများကို အစောဆုံးကဗျာအဖြစ် ထောက်ပြကြပါသည်။

ဒုတိယကမ္ဘာစစ် ပြီးသောအခါ 'သရုပ်ဖော် စာပေ၊ ဘဝသရုပ်ဖော်' ဟူသော ဝေါဟာရ (၂)လုံးကို ကြားနာဖတ်ရှုရသည်ဟုလည်း ဆိုကြပါသည်။ ကမ္ဘာ့စာပေတွင် ၁၈၅၀ ပြည့်နှစ်မှ ၁၈၈၅ ခုနှစ်ထိ ကာလကို သရုပ်မှန်စာပေ၏ ကာလ အပိုင်းအခြားဟု ဆိုကြပြီး သရုပ်မှန်ဝတ္ထုများ ရေးနေကြသေးသည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ထိကာလများ အတွင်းမှာလည်း သရုပ်မှန်ဝတ္ထုတို အများအပြား ပေါ်ပေါက်ခဲ့ပြီး လူတန်းစား အမျိုးမျိုး၏ ဘဝကို ကိုယ်စားပြု သရုပ်ဖော်ကြသည်။

၂။ ရှုထောင့် ဖန်တီးမှုနှင့် အပြော၊ အပြ

အပြော၊ အပြသည် ရှုထောင့်နှင့် ခွဲမရဟု ဆရာအောင်သင်းက ဆိုခဲ့ပါသည်။ အပြောနှင့် အပြကို ပြောလျှင် ရှုထောင့်ကို ထည့်သွင်းစဉ်းစားရပေမည်။

မြင့်သန်းက ရှုထောင့်နှင့် ပတ်သက်၍-

'မြန်မာ့ဝတ္ထုတို ဖတ်သူအချို့တွင် 'ကျွန်တော်'၊ 'ကျွန်မ' နာမ်စားအပေါ်တွင် ထွေပြားကာ နားလည်တတ်ကြောင်း ကျွန်တော် သတိထားမိပါသည်။ 'ကျွန်တော်'၊ 'ကျွန်မ'ကို မြင်သည်နှင့် ဝတ္ထုရေးသမားကို မြင်ကာ ထပ်တူ သဘောထား လက်ခံတတ်ကြသည်။ ဝတ္ထုထဲက 'ကျွန်တော်' ကို ဝတ္ထုရေးသူ 'ကျွန်တော်'နှင့် တစ်ဦးတည်း လက်ခံလေ့ရှိတတ်သည်။ ဤတွင် ဝတ္ထုတို၏ ဂုဏ်ရည်မှာ ပြောင်းသွားရုံသာမက ပျောက်၍ပင် သွားတတ်လေသည်။ အရပ်စကားဖြင့် ဆိုသော် အရသာပျက်သွားတတ်သည်' ဟုဆိုပါသည်။

ရှုထောင့်ပေါ် နားလည်မှုလွဲလျှင် ဝတ္ထု၏ အရသာ ပျက်တတ်သည့် သဘောကို ပြောခြင်း ဖြစ်သည်။ ဟန်း(စ)ဘာတန်(စ်) (Bertens,Hens) က ပထမနာမ်စား ရှုထောင့်မှ ပြောရာတွင် (၂)မျိုး ရှိကြောင်း၊ ကိုယ့်အကြောင်း ကိုယ်ပြောလျှင် ဟိုမိုဒိုင်ဂတ်တစ် (Homodiegetic)၊ တတိယနာမ်စား အကြောင်း ပြောလျှင် ဟီသရိုဒိုင်ဂတ်တစ် (Heterodiegetic) ဟု ဆိုပါသည်။

ထို့ပြင်-

'ပထမနာမ်စားရှုထောင့် ဝတ္ထုများမှာ 'ပြင်ပသရုပ်ဖော်ချက်များ' (External descriptions) မကြာခဏ ပါဝင်လိမ့်မည်။ ဇာတ်ကြောင်းပြောသူ ကိုယ်တိုင် ပြုလုပ်သူတစ်ယောက် ဖြစ်ပြီး ဇာတ်ကြောင်းပြောသူနှင့် လောက ကြီးကြားရှိ လက်ရှိအဖြစ်အပျက်ထဲတွင် ဇာတ်ကြောင်းပြောသူ ကိုယ်တိုင် ပါဝင်သည်' ဟုလည်း ဆိုခဲ့ပါသည်။

သို့ဖြစ်၍ စာရေးဆရာနှင့် ဇာတ်ဆောင်တို့၏ ဆက်စပ် ပတ်သက်မှု အပေါ် မူတည်ပြီး ရှုထောင့်ကွဲကာ အပြော၊ အပြလည်း မတူပေ။

၃။ မင်းသစ်၏ ချိုသောသကြားနှင့် ခါးသော $C_{12}H_{22}O_{11}$

၁၉၈၉ ခုနှစ်ထုတ် အိပ်မက်ဖူးမဂ္ဂဇင်း အမှတ်(၇)တွင် ပါဝင်ခဲ့သော ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။ ကျောင်းဆရာဘဝကို စာနာစိတ်ဖြင့် ဖွဲ့ထားပါသည်။

(က) ရှုထောင့်

ဓမ္မဓိဋ္ဌာန်ရှုထောင့် (Objective point of view) မှ ရေးထားသည်။

သို့သော် ပြောသူနာမ်စား 'ကျွန်တော်' က သူ့အကြောင်းကို ပြန်ပြောနေခြင်း မဟုတ်ပေ။ ပင်စင်ယူသွားသော ဆရာအိုတစ်ယောက်အကြောင်းကို လက်ဖက်ရည်ဆိုင်ပိုင်ရှင်နှင့် ထိုင်၍ ပြောနေခြင်း ဖြစ်သည်။ မြင့်သန်း၏ အဆိုအတိုင်းပင် ကျွန်တော်သည်လည်း ဇာတ်ဆောင်တစ်ယောက် ဖြစ်သည်။ ဇာတ်ကြောင်းပြောသူကိုယ်တိုင် လက်ရှိ အဖြစ်အပျက်ထဲ၌ ပါဝင်နေသည်။ သူသည် အရာအားလုံးကို သိမနေပေ။

(၁) အပြော

'တုတ်ကောက်ကို အားပြုလျက် ဆိုင်တွင်းမှ တရွေ့ရွေ့ ထွက်ခွာသွားသော ဆရာအိုကို ကြည့်ရင်း ကျွန်တော် သက်ပြင်းချမိသည်။ မိတ်ဆွေ ဆိုင်ရှင်ရော ကျွန်တော်ပါ အခိုက်အတန့်အားဖြင့် ငြိမ်ဆိတ်နေမိကြသည်' ဟူသော 'အပြော' နှင့် ဝတ္ထုကို စထားသည်။ ဆရာအို၏ အတိတ်ဘဝကို ပြန်ပြောင်းတွေးတောရာတွင် 'အပြော' နှင့် ဖန်တီးရေးသားထားသည်။ ဆရာအိုသည် အတိတ်ဘဝ လှခဲ့သူ ဖြစ်သည်။

'ဩော်- ဟိုတုန်းကတော့ မနက်ခင်း အင်းလျားလမ်းမှာ ရုပ်စကင်လက်ရှည်၊ သိုးမွေးဆွယ်တာလက်ပြတ်၊ ဆပ်ချ်ဘောင်းဘီရှည်နှင့် ဂေါ့ဖ်ဦးထုပ်ဆောင်းပြီး ချယ်ရီသားလက်ကိုင်တုတ်ကို ဝှေ့ယမ်းရင်း ရွှင်လန်းတက်ကြွစွာ လမ်းလျှောက်နေသော ဆရာကြီးကို ကျွန်တော်တို့တစ်ကျောင်းလုံး အားကျစွာ မြင်ခဲ့ကြဖူးသည်' ဟူ၍ ဖြစ်သည်။

သကြားဖော်စပ်ပုံကို ဆရာကြီး မည်မျှ ကျွမ်းကျင်ကြောင်းကိုလည်း 'အပြော' ဖြင့် ဖော်ပြသည်။ စိတ်ကူးအပြော ဖြစ်သည်။

'ဒီမှာ… ကျွန်တော်တို့ဆရာက သကြားကို အက်တမ် ဘယ်နှလုံးပါတယ် ဆိုတာအထိ အသေးစိတ် တွက်တတ်ခဲ့သူ' ဟုဖြစ်ပါသည်။

ဆရာအိုအကြောင်းကို မြိန်ရေရှက်ရေပြောပြီး ဆရာအို၏ လက်ရှိဘဝကို သနားနေသော ဆိုင်ရှင်၏ အတိတ်ဘဝကိုလည်း စိတ်ကူးအပြောဖြင့် ဖန်တီးသည်။

'ဟာဟ… ရယ်ချင်လိုက်တာ။ မှတ်မိသေးတာပေါ့။ တက္ကသိုလ်ဓမ္မာရုံရှေ့ အပိုင်းလေးနားက လမ်းဘေးဈေးဆိုင်တွေ ဖျက်တော့ သူ့တစ်ဖက်ရပ်

အကြော်တဲလေး အဖျက်ခံရတော့ မျက်နှာလေး ဆီးရွက်လောက် ရှိတော့တာ။

အဲဒီဆိုင်ကို တက္ကသိုလ်ပရိဝုဏ်ထဲမှာ နေရာချပေးတော့ ဆရာကြီး ကျေးဇူးကြောင့် အကောင်းဆုံး ဆိုင်ခန်းနေရာကို ရခဲ့တဲ့သူ။ လက်ဖက်ရည် ရောင်း၊ မုန့်ရောင်း၊ ပြီးတော့ ထမင်းပါ ရောင်းနှင့် တဖြည်းဖြည်း စီးပွားရေး နယ်ချဲ့လာတဲ့သူ။ လက်ဖက်ရည်ရောင်းရင်း သကြားဈေးပါ ကစားတတ်လာ ရင်းက ကြီးပွားလာတဲ့သူ။ သူ့လိုလူမျိုးကတော့ ဟိုင်းလပ်စ်တစ်စီးကနေ နှစ်စီးဖြစ်၊ တိုက်တစ်လုံးကနေ တိုက်နှစ်လုံးဖြစ် ဆိုတော့ သူ ပင်စင် အဲ… အနားယူရင်လည်း မပူရတော့ဘူးပေါ့လေ။ ဟာဟာ… ရယ်ချင်လိုက်တာ' ဟူ၍ ဖြစ်သည်။

လက်ဖက်ရည်ဆိုင် ထိုင်နေရင်း ဖြစ်ပျက်သော အဖြစ်အပျက်သာ ဖြစ် သည်။ ဇာတ်ကြောင်းပြောသူသည် ဆရာဘက်မှ ရပ်၍ ပြောသည်။ လက်ရှိ အဖြစ်အပျက်နှင့် ဇာတ်ဆောင် 'ကျွန်တော်'၏ စိတ်ကူးတို့ ပေါင်းစပ်လိုက်သော အခါ စာရေးဆရာ ပေးချင်သော အာဘော် ပေါ်လာရသည်။

(ဂ) အပြ

ဆရာကြီး၏ ပင်စင်ယူပြီး နောက်ပိုင်း အခြေအနေများကို ဇာတ်ဆောင် 'ကျွန်တော်'နှင့် လက်ဖက်ရည်ဆိုင်ရှင်တို့ အပြန်အလှန် ပြောစကားဖြင့် တင်ပြ ထားသည်။

'ဆရာ ပင်စင်ယူတော့ ကျောင်းထဲက အိမ်ကြီးကို ပြန်အပ်ပြီး စံရိပ်ငြိမ် ထဲမှာ အိမ်လေးတစ်လုံး ငှားနေသေးတယ်။ တက္ကသိုလ်မှာ နှစ်ပေါင်းလေးဆယ် နီးပါးလောက် နေခဲ့ရသူ ဆိုတော့လည်း တက္ကသိုလ်နားမှာပဲ နေချင်မှာ၊ အဲ… နေတတ်မှာပေါ့ဗျာ။ အဲဒီအိမ်ကိုလည်း ကျွန်တော်ပဲ ရှာပေးခဲ့တာပါဗျာ'

'အခုကော စံရိပ်ငြိမ်မှာပဲလား'

'မဟုတ်တော့ဘူးဗျ၊ ဝဂ္ဂီထဲ ပြောင်းသွားပြီ'

....

'ဆရာကြီးမှာ စုဆောင်းပြီး မရှိဘူးလားဗျာ'

'အင်း အနည်းအကျဉ်းတော့ ရှိခဲ့တာပေါ့ဗျာ။ ဒါပေမဲ့ နိုင်ငံခြားပြန်တွေ မဟုတ်လားဗျ၊ အနေအစားကို ရုတ်တရက် ဘယ်ပြင်နိုင်ပါ့မလဲဗျာ။ ပြီးတော့

ပင်စင်ယူပြီး ဒီအတိုင်း ထိုင်စားနေရတာကိုက အကြာကြီးဗျ။ အဲ··· သုံးနှစ်လောက်လည်း ရှိရော အခုလို ဖြစ်သွားတာပါပဲ' ဟူ၍ ဖြစ်သည်။

ဆရာကြီး၏ သားသမီးများမှာ ဆရာကြီးကို အနည်းအကျဉ်းသာ ထောက်ပံ့နိုင်ကြောင်းကိုလည်း 'အပြ' ဖြင့် ဖော်ပြသည်။ လက်ဖက်ရည်ဆိုင်ပိုင်ရှင်မှာ ဆရာကြီး၏ ဘဝအစိတ်အပိုင်း အတော်များများကို သိထားသူဖြစ်သည်။ ဇာတ်ဆောင် 'ကျွန်တော်' မေးသမျှကို ဖြေရာ၌ ဆရာကြီးအပေါ် အထင်သေးသော လေသံကို တွေ့ရသည်။ လက်ဖက်ရည်ဆိုင်ရှင်ကို ဆရာကြီးအကြောင်း အတော်သိသူအဖြစ် ဖန်တီးထားသည်။

'ဘာဗျ၊ ဆရာကြီးက သိပ္ပံသမားဗျ၊ သကြားချက်တတ်တာပေါ့ဗျ။ သူက သကြားပဲ ချက်တတ်တာ၊ သကြားမှ မရောင်းတတ်ဘဲ။ ထန်းလျက်ဈေး၊ ကြံသကာ ဈေးတက်ပြီဆို··· သူက ဝယ်ချက်ပြီ။ အဲ သကြားဈေး ကျပြီဆို သူက ထုတ်ရောင်းပြီ။ မရောင်းသေးဘဲ လှောင်ထားဖို့၊ ဈေးကစားဖို့ ပြောလည်း လူတွေ သနားပါတယ်နဲ့၊ အင်း··· အဲနဲ့။ နောက်ပြီး သူ့သကြားက ကောင်းလွန်းနေတယ်ဗျ' ဟုလည်းကောင်း၊

'အင်း··· ကျွန်တော်တို့ကတော့ ဝတ္တုရားမပျက်ပါဘူးဗျာ။ မနက်တိုင်း လက်ဖက်ရည်နဲ့ မုန့်တော့ အမြဲ ကျွေးပါတယ်။ သနားလွန်းလို့ဗျာ'

'ဘာဗျ'

ဟုလည်းကောင်း ဖြစ်ပါသည်။

ဝတ္ထု၏ နိဂုံးပိုင်း 'အပြ'မှာ အလွန်လှပေသည်။

'ကဲ ပြန်ဦးမယ်ဗျာ၊ ဘယ်လောက်ကျသလဲ'

'ဟာ မလုပ်ပါနဲ့ ဆရာရဲ့၊ ဆရာ့ကျေးဇူးတွေ အများကြီးပါ ဆရာ။ သမီးကြီးဆို ဆရာ့ဘာသာမှာ သိပ်ညံ့တာ။ ဆရာကြောင့် မနှစ်က အောင်တာပါ ဆရာရဲ့ ဟင်း···ဟင်း'

'ဒါတွေ အရေးမကြီးပါဘူးဗျာ။ ဘယ်လောက်ကျလဲ၊ ယူစမ်းပါ'

'ဒီတစ်ခါတော့ မယူပါရစေနဲ့ ဆရာ၊ နောက်မှပဲ···'

'နောက်လည်း ရောက်ဖြစ်မှာ မဟုတ်တော့ပါဘူးဗျာ။ ကျုပ်လည်း ပင်စင်ယူတော့မှာပါ'

ဟူသော ပြကွက် ဖြစ်လေသည်။

ဇာတ်ကြောင်းပြောသူ 'ကျွန်တော်' ကို မည်သူမည်ဝါမှန်း ပြောမထား၊ ပြမထားဘဲ နောက်ဆုံးမှ ပြလိုက်ခြင်း ဖြစ်သည်။ သူလည်း ပင်စင်ယူခါနီး ဆရာတစ်ယောက်မှန်း စာဖတ်သူက ဝတ္ထုထဲမှ ဇာတ်ဆောင် (လက်ဖက်ရည်ဆိုင်ရှင်)နှင့်အတူ သိလိုက်ရသည်။ မြှုပ်ကွက်ကို ဖော်လိုက်သောအခါကျမှ ဇာတ်ရှိန်က အမြင့်ဆုံး ဖြစ်သွားသည်။ ထိုအချိန်မှာပဲ ဝတ္ထုတိုကို ရပ်ပစ်လိုက်သည်။

ထိုဝတ္ထုတိုနှင့် ပတ်သက်၍ စာပေဂျာနယ်တွင် စိုးမြင့်လတ်က-

'သူ့ဝတ္ထုတိုကို တိခနဲ သိမ်းလိုက်တဲ့ မင်းသစ်ရဲ့ ရေးဟန်ဟာ စာဖတ်သူကို ဝေဒနာတန်းလန်းဖြင့် ထားခဲ့သလို ဖြစ်သည်။ တကယ်တော့ ပညာတတ်လူတန်းစားသည် တိုင်းပြည်နိုင်ငံတစ်ခုအတွက် အမှန်လိုအပ်သော သကြားပွင့်များ ဖြစ်သည်။ သို့သော် ထိုသကြားပွင့်များသည် အဘယ်ကြောင့် ခါးသက်နေသနည်း'

ဟူ၍ သူ၏အတွေးစကို လှစ်ပြသွားခဲ့ပါသည်။ တိုသောဝတ္ထုဖြင့် ရှည်သော အတွေးစများကို ဆွဲပြနိုင်သော ဝတ္ထုတစ်ပုဒ်ပင် ဖြစ်သည်။

၄။ ဝင်းစည်သူ၏ ပန်းစည်းထဲက… ပိုး

၁၉၈၉ ခုနှစ်ထုတ် ရုပ်ရှင်အမြုတေမဂ္ဂဇင်း အတွဲ ၃၄၊ အမှတ် ၆ (စက်တင်ဘာ)မှ ဝတ္ထုတစ်ပုဒ် ဖြစ်သည်။ ကျောင်းဆရာဘဝကို စာနာစိတ်ဖြင့် ရေးဖွဲ့ထားသည်။ ဆရာ့ကျေးဇူးသိတတ်သော တပည့်များနှင့် တွေ့လျှင် ပီတိစားရသလို၊ ဆရာ့ကျေးဇူးကို စော်ကားသည့် တပည့်မျိုးနှင့်တွေ့ရပါက ကြေကွဲခံစားရသည့် သဘောကို လှစ်ပြထားသည်။ ဆရာ့ကျေးဇူးကို သိတတ်သူများကြားတွင် မသိတတ်သူ တစ်ယောက်တလေ ရှိတတ်သည့် လောကသဘောကို ပန်းစည်းထဲတွင် ပိုးရှိတတ်ကြောင်း ထောက်ပြလိုဟန် ဖြစ်သည်။

(က) ရှုထောင့်

ကိုယ်တိုင်ပြော ရှုထောင့် (First person point of view) မှ ရေးထားသည်။ ဇာတ်ကြောင်းပြောသူ 'ကျုပ်'က သူ့ဘဝ၊ သူ့အတွေ့အကြုံကို ပြောပြထားသည်။ အတိတ်နှင့် ပစ္စုပ္ပန်ကို ရောယှက် ရေးသားထားသဖြင့် အပြော၊

အပြ နှစ်မျိုးလုံးကို တွေ့ရသည်။ အတိတ်ကို ပြောရာတွင် တပည့်အချို့၏ ပြောစကားကို ညှပ်၍ ပြောပြသည်။ လက်ရှိအဖြစ်အပျက်ကို ဖော်ပြရာတွင် 'အပြ'သဘော ပါသည်။ တစ်ပုဒ်လုံးအနေနှင့် ခြုံ၍ ကြည့်လျှင် အပြောများသော ဝတ္ထုတို ဖြစ်သည်။ ထို့ကြောင့်ပင် ကျောင်းဆရာကြီးဘဝမှာ ပို၍ ပေါ်လွင်လာရသည်။ ကျောင်းဆရာ၏ စိတ်ကျေနပ်စရာကောင်းသော ဘဝကို တစ်ပိုင်း၊ ဒေါသထွက် စိတ်ညစ်ရသည့်ဘဝကို တစ်ပိုင်း (၂)ပိုင်း ခွဲ၍ ဖန်တီးထားသည်။

(၁) အပြော

ကျောင်းဆရာကြီး၏ အယူအဆနှင့် ဘဝကို ပြောရာတွင်-

'ကျုပ်တို့ကျောင်းဆရာတွေ ဆိုတာ ဥယျာဉ်မှူးနဲ့ တူတယ်တဲ့၊ ကောင်းလိုက်တဲ့ ဥပမာလေးဗျာ။ ဘယ်ဥပမာသစ်တွေ ဘယ်လောက်ပဲ ပေါ်လာ ပေါ်လာ ကျုပ်တော့ ဒါ့ထက် ပိုကြိုက်နိုင်မယ် မထင်ဘူး။ ပြောရဦးမယ်၊ ကျုပ်ကိုယ်တိုင်ရဲ့ လက်တွေ့အနေအထားကိုက ခြံတွေကြားထဲက ခြံသမားတွေ ဝန်းကျင်မှာ မှီခိုနေရတဲ့ဘဝ။ ကျုပ်မိတ်ဆွေ ခြံရှင်တစ်ယောက်ရဲ့ ခြံပိုင်းထဲမှာ ရှိနေတဲ့ အိမ်ပိုလေးတစ်လုံးကို လခ မမှန်တစ်ချက် မှန်တစ်ချက်နဲ့ ငှားနေရတဲ့ဘဝ' ဟု ပြောပြပါသည်။

တပည့်ဟောင်းများနှင့် ပြန်တွေ့သောအခါ တပည့်ဟောင်းများ၏ ဆက်ဆံရေးကြောင့် ကျေနပ်ပီတိ ဖြစ်ရပုံကို-

'ကျုပ် ကိစ္စဝိစ္စရှိလို့ လမ်းမထွက်လိုက်နဲ့၊ ထွက်လိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တစ်ယောက်မဟုတ် တစ်ယောက်နဲ့ကတော့ ကျိန်းသေပေါက် တွေ့ပြီသာမှတ်။ မန်နေဂျာဖြစ်နေတဲ့ သူနဲ့လည်း တွေ့တာပဲ၊ မူလတန်း ကျောင်းဆရာ ပေါက်စ လုပ်နေတဲ့ သူနဲ့လည်း တွေ့တာပဲ။ တချို့လည်း ယူနီဖောင်းနဲ့၊ တချို့လည်း အရပ်ဝတ်နဲ့။ ဌာနစုံ၊ အလုပ်စုံ၊ လိုင်းစုံ··· အိုဗျာ··· ယုတ်စွအဆုံး ပညာရေး ခါးကျိုးလို့ ဈေးရောင်း ဈေးဝယ်လုပ်စားနေတဲ့ သူနဲ့လည်း ပက်ပင်းတိုးမိတတ်တာပါပဲ။ ဖက်လှဲတကင်းနဲ့ နှုတ်ဆက်ကြ၊ လိုအပ်တဲ့ အကူအညီ ပေးမယ်လို့ ပြောကြ၊ ကျွေးကြ မွေးကြ ဆိုတာတွေကတော့ဖြင့် ပေါမှပေါ၊ များမှများ။ ကျုပ်တို့ ကျောင်းဆရာတွေဟာ ငွေမချမ်းသာရင် ရှိမယ်၊ စေတနာ ချမ်းသာတယ်၊ တပည့် ချမ်းသာတယ်၊ စိတ်ချမ်းသာတယ်။ နေ ဘယ်လောက်

ထွက်ထွက်၊ လ ဘယ်လောက်သာသာ ကျောင်းဆရာ ဆိုတဲ့ လူတန်းစားသာ မရှိကြည့် ကမ္ဘာကြီးတစ်ခုလုံး၊ လောကကြီးတစ်ခွင်လုံး ပိန်းပိတ်အောင် အမှောင်ကျသွားနိုင်တယ်။ သည်လိုတွေးမိတော့ သည်ဘဝထဲမှာ ကျင်လည်နေရတာကိုပဲ ကျုပ်ကို ကျုပ် ဂုဏ်ယူမိတယ်ဗျာ' ဟု ဖော်ပြပါသည်။

ဇာတ်ဆောင်၏ ပြောစကား ဖြစ်သော်လည်း စိတ်တွင်းစကားပြော (interior monolouge) ဖြစ်သည်။ ဇာတ်ဆောင်များ၏ လှုပ်ရှားမှု (Action) ဖြင့် ဇာတ်ကွက်ကို မပြောဘဲ ပြောပြသောနည်းဖြင့် ဇာတ်ကွက်ကို ဖော်ထားသည်။ ဇာတ်ကြောင်းတစ်ခုလုံးကို ပြန်ပြောနေရသည့် စာရေးဆရာကိုယ်စားပြုဇာတ်ဆောင် (တစ်နည်း) စာရေးဆရာ ဝင်ပူးထားသော ဇာတ်ဆောင် ဖြစ်၍ 'အပြော' (Telling) ဖြစ်ပါသည်။

တစ်နေ့တွင် ကျောင်းဆရာသား အငယ်ဆုံးကောင်လေး ဆိုးတေပုံ၊ လောင်းကစားဝိုင်းနှင့်အတူ အဖမ်းခံရပုံကို-

'ကျုပ်သား အငယ်ဆုံးကောင်လေ၊ အသက်က ၁၄ နှစ်၊ အတန်းက ၈ တန်း၊ ဆော့လိုက်တာ၊ လည်လိုက်တာ ဝီခေါ်လို့။ အားအားရှိ လမ်းထိပ်ထွက်မယ်။ သူများတီးတဲ့ ဂစ်တာသံ နားခံပြီး သီချင်းစာအုပ်မျိုးစုံ လက်ကမချတမ်းနဲ့ အော်မယ်၊ ဟစ်မယ်၊ သံသေးသံကြောင် သံရှူးသံကွဲ အကုန်ညှစ်မယ်။ အဲ… မောပြီ ဆိုရင်တော့ နံဘေးမှာရှိတဲ့ ကွမ်းယာဆိုင်က ခင်းထားတဲ့ လက်တောက်ခုံ ထိုင်မယ်။ ခုတော့ သူနဲ့အတူ တောက်ဖော်တောက်ဖက် ကျော်ဝင်းကိုလည်း ဖမ်း၊ လက်တောက်ခုံကိုလည်း သိမ်းသွားပြီတဲ့။ ကောင်းတယ်၊ မှတ်ကရော။ ဖမ်းမယ်ဆိုလည်း ဖမ်းချင်စရာပဲ။ ကျတဲ့အမှတ် မပြည့်မချင်း ထိုးမယ်။ ငါးမူးကြေး၊ တစ်ကျပ်ကြေး၊ ကြေးပါလာပြီ ဆိုမှတော့ လောင်းကစားဥပဒေနဲ့ ငြိပြီပေါ့။ ဘယ်သက်ဆိုင်ရာက လက်ပိုက်ကြည့်နေနိုင်မှာလဲ။ ခုတော့ သင်းသောက်သုံးမကျလို့ ဖအေမျက်နှာ ပျက်ရဦးတော့မယ်'

ဟူ၍ ဖော်ပြသည်။

ကျောင်းဆရာသည် ကျောင်းဆရာအဖြစ် အောင်မြင်ခဲ့သော်လည်း ဖခင်အဖြစ် အောင်မြင်မှု မရှိသော သဘောကို ဖော်ပြရာရောက်သည်။ သားသမီး အသုံးမကျခြင်းသည် မိဘ အသုံးမကျ၍ ဖြစ်ကြောင်းကို မေ့လျော့နေသည့် ကျောင်းဆရာ၏ စိတ်သဘောထားကိုလည်း ဖော်ပြရာရောက်သည်။

သူ့အငယ်ကောင်ကို သွားထုတ်ဖို့ စဉ်းစားသောအခါ တာဝန်ရှိသူထဲမှ ဒုတိယ အကြီးဆုံးသည် သူ့တပည့်ဖြစ်နေပုံ၊ ထိုတပည့်ငယ်စဉ်က သူ ကြည့်ရှုစောင်မခဲ့ပုံများကို-

'တင်အောင်ဦးက ဒုတိယအကြီးဆုံး၊ နယ်က ပြောင်းလာတာလည်း မကြာသေးဘူးဆိုပဲ။ ဒါတွေ စကားစပ်မိလို့သာ သိထားရတာ။ လူချင်းဆုံဖြစ်သေးတာ မဟုတ်ဘူး။ သူတော့ ကျုပ် ကောင်းကောင်းမှတ်မိတာပေါ့။ ဆင်းရဲရှာတယ်။ သူများကလေးတွေလို မုန့်စား ကျောင်းဆင်းလို့မှ မုန့်တန်းထဲဝင်နိုင်ရှာတာ မဟုတ်ဘူး။ သူ့ထမင်းချိုင့်အပိုန်ကို ကြည့်ဦးမလား။ တစ်နေ့လာပဲနဲ့ ဆီဆမ်း ဆားဖြူး။ တစ်ခါတလေများဆို ထမင်းချည်းပဲ အဖြူထည်သက်သက်၊ စပါးလုံးက နိုင်းချင်း။ သည်တော့ ကျုပ် ထမင်းစားရာကို သည်အကောင့်ကို ခေါ်ခေါ်စားရတယ်။ ကိုယ့်ဟင်းကလည်း ကောင်းတော့ မကောင်းလှပါဘူး။ သူ့ဟင်းထက်တော့ အညှီအဟောက်ကလေး ပိုပြီး ပါတတ်သပေါ့လေ။ ချိုင့်တွေ၊ ပလုံးတွေ ဆေးကြောပြီးရင်တော့ ကျုပ်က သူ့ကို အဆော့အကစား လွှတ်တာမဟုတ်ဘူး။ သူ အားနည်းမယ်ထင်တဲ့ ပုစ္ဆာတွေကို ထိုင်တွက်စေပြီး ရှင်းလင်းပြတော့တာပဲ။ ကျောင်းမှာ သီးသီးသန့်သန့် သင်ပေးရတဲ့တပည့်၊ ထမင်းလက်ဆုံစားတဲ့တပည့် ဆိုလို့ သူတစ်ယောက်တည်း ရှိတာဆိုတော့ ကျုပ် ကောင်းကောင်း မှတ်မိနေလေရဲ့'

ဟူ၍ ပြောပါသည်။

ထို့နောက် သူ့သား မျိုးထွေးနဲ့ ပတ်သက်ပြီး တင်အောင်ဦး မှတ်မိခဲ့ပါက ဟူသော မျှော်လင့်ချက်ထားမိပုံကို-

'ဟိုမှာ မျိုးထွေးကို ဖအေနာမည်တွေ ဘာတွေ မေးမှာပဲ။ အလုပ်အကိုင်တွေ ဘာတွေ မေးမှာပဲ။ ဒါဆို တင်အောင်ဦးက ကျုပ်သားမှန်း သိပြီး လိုအပ်သလို ဆုံးမသွန်သင်မှာပဲ။ သည့်ထက် လိုအပ်ရင်တော့ ထိပ်ပုတ်ခေါင်းခေါက် ရိုက်မှာ နှက်မှာပဲ၊ ရိုက်စမ်းပလေ့စေ။ ကျုပ်ကျေနပ်တယ်။ ကိုယ့်ဆရာသား အကျင့်ပျက်သွားမှာကို ဘယ်တပည့်က လိုလားမှာတုံး။ အင်း… သည့်ထက်ပိုလွန်ပြီး ဆောင်ရွက်ထားနှင့်ရင်တော့ အနုတ်အသိမ်း ခက်တော့မှာ သေချာတယ် ဟယ်။ တင်အောင်ဦး တစ်ယောက်လုံး ရှိသားနဲ့' ဟူ၍ စိတ်တွင်းအတွေး၊ စိတ်တွင်းအပြောနှင့် ဖော်ပြသည်။

သားကို အချုပ်မှ သွားထုတ်ခါနီး သူ့အိတ်ကပ်ထဲက ပိုက်ဆံတစ်ရာကို မြင်ပြီး မီးသွေးအိတ် (၂) အိတ် မှာနေသည့် ဇနီးနှင့် ပတ်သက်၍-

"အင်း… အပြစ်တော့ မတင်သာပေဘူးပေါ့လေ။ မိန်းမသား တစ်ယောက်ရဲ့ အိမ်ထောင်မှုတာဝန် ဆိုတာ သေးတာမှတ်လို့။ ဟုတ်မှာပဲ အိမ်မှာ ထင်းကိုပဲ သုံးခဲ့ရတာ ကြာပြီ။ ကောင်းပြီလေ။ မျိုးထွေးနဲ့ ပြန်ခဲ့ရင်တော့ ဒေါ်နက်ထုပ်ရဲ့ မီးသွေးဆိုင်ကိုဝင်၊ လေးဆယ်တန် နှစ်အိတ်ဝယ်။ သားအဖ နှစ်ယောက် တစ်ယောက် တစ်အိတ်စီ ထမ်းပြီး ပြန်ခဲ့ကြရုံပေါ့။ ကိုမြမောင်ကို တော့ လခချမှပဲ ယူတော့လို့ ပြောရင် ရပါတယ်" ဟု ပြောပြထားရာ ကျောင်းဆရာ၏ စားဝတ်နေရေးဘဝကို ဖော်ပြနေပါသည်။ မိမိဇနီး အိမ်ရှင်မအပေါ် နားလည်ညှာတာတတ်သော ကျောင်းဆရာ၊ အိမ်၏ မီးဖိုချောင်ကိစ္စကိုလည်း ဝင်ရောက်ပါဝင်ရသော ကျောင်းဆရာ၏ဘဝကို မြင်ရသည်။

(ဂ) အပြည့်ပ်အပြော

ကျောင်းဆရာ ဆိုသည်မှာ တပည့်များနှင့် မမျှော်လင့်ဘဲ တွေ့သည့် အခါမျိုးတွင် ရုတ်တရက် မှတ်မိပုံကို ဖော်ပြရာတွင် တပည့်များ၏ ပြောစကား ကို ညှပ်ထားသည်။

"ကျွန်တော်… ထွန်းကိုပါ ဆရာရဲ့လို့ ပြောတော့မှပဲ ဂျော်မက်တရီ ညံ့လို့ ခဏခဏ ခေါင်းခေါက်သင်ပေးခဲ့ရတဲ့ ကလေးပါလား ဆိုတာ မှတ်မိ လာတော့တယ်။ ခေါင်းကို တွင်တွင်ယမ်းပြီး အမျိုးမျိုး ငြင်းတာတောင်မှ သူ့ကို ချစ်ရင် ဖာလူဒါတစ်ခွက်နဲ့ ပူတင်းတစ်ပွဲ ကုန်အောင် စားပြရမယ်ဆိုတဲ့ အချွဲအနွဲ့တွေနဲ့ ဆိုးဖြစ်အောင် ဆိုးပြလိုက်သေးတယ်။

ဖာလူဒါအအေးဟာ ကျုပ်ရင်ထဲက ချမ်းမြမှုကို ဘယ်မီနိုင်မှာလဲ။ ပူတင်းရဲ့ အရသာဟာ ကျုပ် နှလုံးသားထဲက ချိုစိမ့်မှုကို ဘယ်ပြိုင်နိုင်မှာလဲ။ သူက ဗိသုကာဖြစ်နေပြီတဲ့။ သူ လက်ခံထားတဲ့ ကိုယ်ပိုင်အဆောက်အအုံတွေ အတွက် လိုအပ်တဲ့ ပစ္စည်းစာရင်း လာပေးတာတဲ့။ သူနဲ့ စက်မှုတက္ကသိုလ် အတူတူဆင်း အောင်မိုးက ရေရရှိရေး စီမံကိန်းမှာတဲ့။ တရုတ်ကြီး အေးဘော် ကတော့ သစ်တောမှာတဲ့။ တစ်မြို့တည်း တာဝန်ထမ်းဆောင်ရတာမို့ မကြာ မကြာ ဆုံမိတိုင်း ဆရာ့အကြောင်းတွေကို ပြောဖြစ်ကြပါတယ်တဲ့။

ဆရာ တိုက်ဆောက်မယ် ဆိုရင် ပြော၊ ရေသွယ်ချင်ရင်ပြော သူတို့ အစွမ်းကုန်ကူညီဖို့ အသင့်ပါတဲ့။ ကျုပ်လား၊ မချိပြုံး ပြုံးနေရုံကလွဲလို့ ဘာ တတ်နိုင်မှာလဲ' ဟူ၍ ဖြစ်သည်။ ဆရာက ပြန်ပြောနေသောကြောင့် အပြောပင် ဖြစ်သည်။

'ကျုပ်အပြန်မှာ ထွန်းကိုက ဟိုဘက် ၂၅ လမ်းထဲ ခေါ်ပြီး စံပယ် ဘီစကွတ် မုန့်ထုပ်တွေလည်း ဝယ်ပေးလိုက်တယ်။ လက်မခံပါရစေနဲ့လို့ ပြောတော့ သူ့ကို မချစ်လို့လားတဲ့။ ပြီး ဆိုက်ကားခပါ တစ်ပါတည်း ပေးလွှတ် လိုက်တယ်' ဟူ၍ ဇာတ်ဆောင် ပြောသော စကားများကို ညှပ်ကာ ဖော်ပြ ထားသည်။ သိတတ်သော တပည့်များ၏ အပြုအမူကြောင့် ဆရာကြီး ပီတိ ဖြစ်ပုံပင် ဖြစ်သည်။

(ဃ) အပြု

'ဖအေကြီး··· မျိုးထွေးကိစ္စ ပြီးလို့ ပြန်လာရင် သားအဖနှစ်ယောက် မီးသွေးနှစ်အိတ်ဝယ်ပြီး သယ်ခဲ့ကြဦးနော်။ ထင်းမီး သုံးရတာကြာတော့ အိုးတွေ တိုက်လို့ကို မနိုင်နိုင်တော့ဘူး။ မီးရေးထင်းရေး ကြောက်ရတယ်'

'ဘယ်လောက်တန်ထဲက ဝယ်ခဲ့ရမှာလဲ'

'လေးဆယ်တန် နှစ်အိတ်ဆို အကြာကြီး သုံးနေရပါတယ်။ ဘာနဲ့ ဝယ်ခဲ့ရမှာလဲ စိန်စိန်ရ။ လုပ်မနေစမ်းပါနဲ့ ဖအေကြီးရယ်၊ စိန်စိန်က ဖအေကြီး အိတ်ထောင်ကို ကြည့်ပြီးပါပြီ။ ကိုးဆယ်တန် တစ်ရွက်နဲ့ ဆယ်တန်တစ်ရွက် ရှိသေးတယ်လေ'

'အဲဒါ ငါ ကိုမြအောင် အကြွေးကို ဖွဲ့ဆပ်ရမလားလို့'

စကားနဲ့အတူ ကျုပ် ထွက်လာခဲ့တယ်။

ဟူသော ပြကွက်က ပီတိစား၍ ဝနေသော ဆရာကြီး၏ ကျောင်းဆရာ ဘဝနှင့် မပြေလည်သော မိသားစုဘဝကို နှိုင်းယှဉ်ကြည့်မိစေပါသည်။

(င) အပြောညှပ်အပြု

တပည့်ဖြစ်သူ တင်အောင်ဦးက သူ ထင်သလို မဟုတ်ကြောင်း သား အတွက် ဒဏ်ငွေ ဆောင်ခဲ့ရကြောင်းကို 'အပြောညှပ်အပြု'ဖြင့် ပြသည်။

'ဟင်… ဖအေကြီးတို့သားအဖ မီးသွေးအိတ်လည်း မဝယ်ခဲ့ကြဘူး'

တစ်လမ်းလုံး အဖေ အဆူအငေါက်ခံလာရတဲ့ ခွေးကောင်မျိုးထွေးကဖြင့် သူ့အမေမျက်နှာကို ရဲရဲမကြည့်ရဲတော့ဘဲ အိမ်ခန်းထဲ ဝင်ပြေးသွားပြီ။ ရင်ထဲမှာ အေးသွားမလားလို့ ရေတစ်ခွက်သောက်တာတောင် ရှောရှောရှူရှူ ဝင်မသွားသေးဘဲ လည်ချောင်းထဲ နင်နေလေရဲ့။ ရေဟာ ကျုပ်ရင်ထဲက ဒေါသမီးတောက်ကို ဟုပ်ခနဲ အစွယ်ကျိုးကျသွားအောင် ငြိမ်းသတ်နိုင်မှာတဲ့လား။ ခွေးကောင်။

'ဖအေကြီး… ဘယ်မှာလဲ မီးသွေးအိတ်'

'များလိုက်တဲ့ စကားကွာ။ ပါလာတာ မမြင်ရင် မဝယ်ခဲ့လို့ပဲပေါ့ကွာ။ ရှိတဲ့ ထင်းကို ကုန်အောင်ဆိုက်၊ ကုန်သွားရင် ဝင်းထရံ ချိုးဆိုက်။ လခ မချမချင်း ငါ့ကို ပိုက်ဆံတောင်းဖို့ စိတ်မကူးနဲ့။ လိုရင် မင့်သားအငယ်ဆုံးကောင်ကို ကူလီထမ်းခိုင်း'

ဤနေရာတွင် ကျောင်းဆရာ ထွက်သော ဒေါသမှာ တပည့်များအပေါ် မျှော်လင့်ချက်ထားမိသော မိမိကိုယ်ကို ထွက်သော ဒေါသဖြစ်လျှင် ဗိုဖြိုးမွေ့ မိဋ္ဌာန် ကျပေမည်။ မိမိသားကို မိမိ ဆုံးမသွန်သင်မှု ညံ့ဖျင်းလာသောကြောင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သော ဒေါသလည်း ဖြစ်သင့်ပေသည်။

'ပန်းစည်းထဲက ပိုး' ဝတ္ထုတိုမှာမူ ကျောင်းဆရာတစ်ယောက်၏ ဘဝခံစားချက်နှင့် ပီတိတို့ကို အသေးစိတ် ရေးဖွဲ့ပြထားပြီး နောက်ဆုံးတွင် စာရေးဆရာ ပြောလိုသော အချက်ကို ပဝ္ထုတိုအတတ်ပညာဖြင့် လှပသိမ်မွေ့စွာ ဖွဲ့ဆိုထားကြောင်း တွေ့လိုက်ရပါသည်။ စာရေးသူက အဖြစ်အပျက်နှင့် ခံစားချက်ကိုသာ ရေးဖွဲ့ထားသည်။

ဆိုလိုချက်ကိုကား စာဖတ်သူတို့ ကိုယ်တိုင် စဉ်းစား၍ အတွေးနယ်ချဲ့ရန် ချန်ခဲ့သည်။ ဥယျာဉ်မှူး ကျောင်းဆရာ၏ ပန်းပေါင်းတစ်ရာထဲတွင်လည်း အဖျက်ပိုး ပါလာတတ်သည်။ ဘယ်လိုပိုးလဲ။ ဘာကြောင့် ပါလာတာလဲ။ ဝင်းစည်သူက ဘာမှ မပြော။ သူ့ခံစားချက်ကို သူ့ခေတ်၏ ရိုက်ခတ်တုံ့ပြန်ချက်မှတစ်ဆင့် ဝေဒနာ ကူးစက်ရင်း တင်ပြလာသည်' ဟု သုံးသပ်ထားသည်။

ခေတ်ပြိုင် လူမှုဘဝကို ထင်ဟပ်သော ကျောင်းဆရာ ဘဝသရုပ်ဖော်ဝတ္ထု ဖြစ်ပေသည်။ ထိုဝတ္ထုမှတစ်ဆင့် ခေတ်ကိုလည်း မြင်ရသည်။ ကျောင်းဆရာ

ဘဝကိုလည်း မြင်ရသည်။ ကျောင်းဆရာ ဘဝသရုပ်ကို ဖော်ပြချင်သော သဘောက ပိုမို အလေးကဲသည်။ ကျောင်းဆရာဘက်မှ ရပ်၍ ရေးသည်။ ထိုဝတ္ထုကို တပည့်ဘက်မှ ရပ်၍ ရေးလျှင်လည်း အရသာတစ်မျိုး ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဘဝသရုပ်ဖော် ဝတ္ထုထဲတွင် ထည့်သွင်းလေ့လာရခြင်း ဖြစ်ပေသည်။

မြန်မာ့သစ်ရသစုံမဂ္ဂဇင်း
အမှတ် ၁၁၊ ဇန်နဝါရီလ၊ ၂၀၁၀။

* * *

ခေတ်ပြိုင်ခံစားမှု ဝတ္ထုတိုများ

ခေတ်ပြိုင်ခံစားမှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ညွှန်းနေသော ဝတ္ထုတိုများ

ခေတ်ပြိုင်ခံစားမှုနှင့် အမျိုးသားရေး စိတ်ဓာတ်ကို ဖော်ညွှန်းနေသော ဝတ္ထုတိုများကို တစုတစည်းတည်း စုပေါင်းထုတ်ဝေထားသည့် 'ဝသုန္ဓရေ လက်ရေး ဝတ္ထုတိုများ' စာအုပ်ကို ၁၉၈၉၊ နိုဝင်ဘာလတွင် 'မန္တလေး ထီးပေါင်းကား' စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ ဝတ္ထုတို စုစုပေါင်းမှာ (၇) ပုဒ် ဖြစ်ပြီး သာရမဂ္ဂဇင်းတွင် (၂) ပုဒ်၊ မိုးဝေမဂ္ဂဇင်းတွင် (၂) ပုဒ်၊ သဘင် မဂ္ဂဇင်း၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်းနှင့် ချယ်ရီမဂ္ဂဇင်းတို့တွင် (၁) ပုဒ်စီ ပါဝင်ခဲ့ ပါသည်။

ထိုဝတ္ထုများကို စာရေးဆရာများက အကြောင်းအရာ၊ တင်ပြပုံ၊ ပုံသဏ္ဍာန် မတူညီပါဘဲ ခံစားမှုတူညီစွာ ဖန်တီးထားသည့် သဘောကို တွေ့ရ သည်။ ခေတ်၏ ရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာရသော ခံစားမှုများကို စာရေး ဆရာများက မိမိတို့ ခံစားမှုဆွဲခေါ်ရာ ပုံသဏ္ဍာန်ဖြင့် ရေးဖွဲ့ခဲ့သော ဝတ္ထုတိုများ ဖြစ်သည်။

ထိုဝတ္ထုတိုများကို လေ့လာရာတွင် တစ်ပုဒ်ချင်းစီ သီးခြား မပြထား တော့ဘဲ တောအုပ်တစ်ခုလုံးကို ခြုံကြည့်ခြင်းနည်းဖြင့် လေ့လာတင်ပြသွား ပါမည်။ ထိုသို့ လေ့လာမတင်ပြမီ ခေတ်ပြိုင်ခံစားမှုနှင့် ပတ်သက်သော သဘောအမြင်များကို အနည်းငယ် တင်ပြလိုပါသည်။

စာရေးဆရာနှင့် ခေတ်ပြိုင်ခံစားမှု

စာရေးဆရာသည် လူသားပင် ဖြစ်သော်လည်း သာမန်လူများနှင့် မတူသော အာရုံခံစားမှုများ ရှိသူ ဖြစ်သည်။ သာမန်လူများလည်း ခံစားတတ်ကြပါသည်။ သူတို့၏ ခံစားချက်မှာမူ ယေဘုယျသဘော ဆောင်ပြီး ခမ္မခိဋ္ဌာန်ကျသည်။ စာရေးဆရာသည် ခံစားမှုအဆင့်တွင်ပင် ရပ်မနေဘဲ လောကအပေါ် စေတနာ သက်ရောက်သော အနုပညာဖန်တီးမှုများ ပြုလုပ်ကြသည်။ မိမိ၏ အတွေ့အကြုံအပေါ် မူတည်ပြီး လောကသဘော၊ လူ့သဘော၊ ဖြစ်တတ်ပျက်တတ်သည့် သဘော စသည့် လောကသစ္စာတို့၏ ဘဝကို ဖွဲ့မည်ဆိုလျှင် လက်လုပ်လက်စား တစ်ယောက်တလေကို ကြည့်ပြီး ဖန်တီးခြင်း မဟုတ်ပါ။ အလားတူ လူများစွာတို့၏ ဘဝများစွာကို မြင်ပြီး ဖန်တီးခြင်း ဖြစ်ပါသည်။

စာရေးဆရာ ကျင်လည်ရသော ခေတ်၏ ကောင်းကျိုး၊ ဆိုးကျိုးနှင့် ပြောင်းလဲမှုတို့သည်လည်း စာရေးဆရာအပေါ် ရိုက်ခတ်ခဲ့သည်။ ထိုရိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော ခံစားမှုများသည် ခေတ်ပြိုင်ခံစားမှု ဖြစ်သည်။ ထိုခံစားမှုက ရှေ့ဆောင်၍ ဖွဲ့သော ဝတ္ထုတိုအဖွဲ့များတွင် ခေတ်ပြိုင်ခံစားမှု ထင်ဟပ်နေပါသည်။ ကမ္ဘာ့ဝတ္ထုတို သဘောတရားတွင်လည်း ခေတ်ပြိုင်ခံစားမှုဖြင့် နှိုင်းသည့်သဘောကို တွေ့ရသည်။

မြန်မာဝတ္ထုတိုများကို ဘာသာပြန်လျှင် ဘာသာပြန်မည့်သူက ထိုစံဖြင့် နှိုင်းပြီး ရွေးလေ့ရှိသည်။ မြန်မာ ခေတ်ပြိုင်လူမှုဘဝကို ထင်ဟပ်သော ဝတ္ထုတိုများကိုသာ ဘာသာပြန်လိုကြောင်း ပြောပါသည်။ မြန်မာဘာသာ ပြန်ဆိုထားသော ကမ္ဘာ့ကျော်ဝတ္ထုတိုများတွင်လည်း ခေတ်ပြိုင်ခံစားမှုသဘောကို တွေ့ရသည်။

ထိုသဘောတရားနှင့် ပတ်သက်၍ စာရေးဆရာတို့က အမျိုးမျိုး ဖွင့်ဆိုကြသည်။ အင်္ဂလိပ်ဝေါဟာရ contemporary မှ လာသည်။ ဆရာဒဂုန်တာရာက 'ခေတ်ပြိုင်ခံစားမှု' ဟု သုံးနှုန်းခြင်း ဖြစ်ပေသည်။ ဒေါက်တာခင်လေးမြင့် ဘာသာပြန်ဆိုသော ၂၀ ရာစု ပြင်သစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကို တွေ့ရသည်။

ခေတ်ပြိုင်ခံစားမှုနှင့် ပတ်သက်၍ မြသန်းတင့်က 'လမင်းကို ထရံပေါက်မှ ကြည့်ခြင်း' စာအုပ်တွင်-

'မှောင်ခိုလုပ်ငန်းကို စာရေးဆရာထက် မှောင်ခိုကုန်သည်က ပို၍ သိလေသည်။ သို့ရာတွင် သူတို့သည် စာရေးသူများ မဟုတ်ကြ။ သူတို့၏လုပ်ငန်းသည်လည်း စာရေးသည့်လုပ်ငန်း မဟုတ်ကြ။ ထိုအခါ သူတို့၏ ဘဝကို ရေးဖွဲ့တင်ပြခြင်းကိစ္စသည် စာရေးဆရာ၏လုပ်ငန်း ဖြစ်လာသည်။ စာရေးဆရာသည် ဆံပင်ညှပ်သမား၏ ခံစားမှုကို အခြားသူများ မျှဝေခံစားနိုင်ရန် ရေးခြင်းဖြစ်သည်။ စာရေးဆရာသည် ခေတ်၏ အကြောင်းကို ခေတ်လူများ မသိ၍ ရေးနေခြင်း မဟုတ်။ ခေတ်၏ ခံစားမှုကို မျှဝေခံစားနိုင်အောင် ရေးနေခြင်းဖြစ်သည်။ ထို့ကြောင့်သာလျှင် ကဗျာ စသည့် ရသစာပေတို့သည် ခေတ်ပြိုင်ခံစားမှုကို ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်သည်။ စာရေးဆရာသည် ခေတ်ကို ကိုယ်စားပြု၍ စကားပြောသူ ဖြစ်လေသည်။ သူ ကိုယ်စားပြုနိုင်သော အတိုင်းအတာကို လိုက်၍ ထိုစာရေးဆရာသည် ထင်ရှားကြီးကျယ်ပေသည်' ဟု အင်္ဂလိပ်စာပေ ဝေဖန်ရေးဆရာ လဲဗစ်က ပြောခဲ့ဖူးလေသည်။

မြသန်းတင့် ရေးသော 'ဦးသန့်၏ မြန်မာဝတ္ထုရှည် ဝေဖန်ရေး' ဆောင်းပါးတွင် -

'ဝတ္ထုသည် ခေတ်ပြိုင် လူမှုဘဝကို ထင်ဟပ်ပြရမည်ဟု စောစီးစွာကတည်းက မြင်ခဲ့ကြောင်းကို တွေ့နိုင်ပါသည်' ဟူ၍ ဆိုထားပါသည်။

ဒဂုန်တာရာက အလှဗေဒစာအုပ်တွင် -

'စာရေးဆရာများသည် ခေတ်ကို ကမ္ပည်းထိုးသူများ ဖြစ်ကြသည်။ စကားပြေကို လေ့လာခြင်းသည် ခေတ်ပြိုင်ဗေဒကို လေ့လာခြင်း မည်ပေသည်။ သမိုင်းခေတ်များအလိုက် ပြောင်းလဲလျက် ရှိသည်။ ပြောင်းလဲလျက် ရှိသော ခေတ်ပြိုင်ခံစားမှုကို ဖွဲ့နွဲ့ဖော်ပြသော စာပေသည် သမိုင်းအဆက်ဆက်တွင် တည်ရှိနိုင်သည်ဟု အဆိုရှိသည်။ သို့ဖြစ်ရာ စာပေကို အတည်ပြုသည်ကား ခေတ်ပြိုင် လူ့အဖွဲ့အစည်းကြီးဟု ဆိုရပေမည်' ဟူ၍ ပါရှိသည်။

သင်းမြစန္ဒီ မေး၍ ဗညားသီဟ ဖြေဆိုရာတွင် -

'ဝတ္ထုရေးဆရာ၊ ကဗျာဆရာတွေရဲ့ ခံစားမှုဟာ သူ ရပ်တည်နေထိုင်တဲ့ ခေတ်၊ လူ့အဖွဲ့အစည်းရဲ့အကြောင်းကို သရုပ်ဖော်တယ်ဆိုရင် အဲဒါ ခေတ်ပြိုင် ခံစားမှု စာပေလို့ ဆိုရမှာပေါ့'

ဟုဆိုသည်။

ထိုတွေ့ဆုံခြင်း ဆောင်းပါးထဲတွင်ပင် -

'ကဗျာဆရာသည် သူ နေထိုင်သော လူ့အဖွဲ့အစည်းထဲမှ လူတစ်ယောက် ဖြစ်သည်။ ယင်းလူ့အဖွဲ့အစည်းမှ ထင်ဟပ်ရိုက်ခတ်လိုက်သော သူ၏ခံစားမှုကို ဖွဲ့နွဲ့လိုက်သည်။ ထိုအခါ သူ၏ခံစားမှုသည် တစ်ယောက်တည်း၏ ခံစားမှု ဖြစ်သော်လည်း သူ့ပတ်ဝန်းကျင်ကို ကိုယ်စားပြုသော၊ (သို့မဟုတ်) ပြည်သူ အများ၏ ခံစားမှုကို ကိုယ်စားပြုသော ခံစားမှုဟု ဆိုနိုင်ရာသည်'

ဟူ၍ ဆိုထားပါသည်။

ဒဂုန်တာရာက အတွေးအမြင် စာစဉ်(၈၆)တွင် 'ဘာ့ကြောင့် ခေတ်ပြိုင် ခံစားမှုလဲ' ဟူသော ဆောင်းပါးတစ်ပုဒ် ရေးဖူးပါသည်။ ထိုဆောင်းပါးတွင် -

'သမိုင်းခေတ်များကို ဖြတ်သန်းနေသော အတွေ့အကြုံသည် လူ့ဘဝ တွင် အရေးကြီးဆုံးသော အတွေ့အကြုံ ဖြစ်သည်။ ....လူ့အဖွဲ့အစည်းကြီး တွင် သူတို့ကိုယ်တိုင် တွေ့ကြုံသည့် အခြင်းအရာတို့ကို ရေးဖွဲ့သော၊ ခံစားမှုဖြင့် ရေးဖွဲ့သော စာပေများကို ခေတ်ပြိုင်စာပေ၊ ခေတ်ပြိုင်ခံစားမှုစာပေဟု ကျွန်တော် ဆိုလိုက်ရခြင်း ဖြစ်ပေသည်' ဟု ဆိုပါသည်။

ဝင်းငြိမ်းက မြသန်းတင့်နှင့် တွေ့ဆုံသော အခါတွင်လည်း မြသန်းတင့် က -

'လူ့အဖွဲ့အစည်း၊ ဒါမှမဟုတ် ခေတ်နဲ့ စာပေဟာ ခွဲမရဘူး။ စာပေ အနုပညာဟာ သူ့သဘောသူ သီးခြားနေတာ မဟုတ်ဘူး၊ ခေတ်ရဲ့ အရောင် ရိုက်ခတ်မှုတော့ အနည်းနဲ့အများ ရှိတာပဲ' ဟု ဆိုခဲ့ပါသည်။

ကျော်အောင်ကလည်း သူ၏ 'ဂန္ထဝင် ၁၀'တွင် စာရေးဆရာကြီး အိပ်ချ်ဂျီဝဲ၏ 'ခေတ်ပြိုင်ဝတ္ထုစာတမ်း'ကို ကိုးကားတင်ပြထားပါသည်။

'ယနေ့ မျက်မှောက်ခေတ်၏ လူမှုရေးဖွံ့ဖြိုးလာပုံကို ဝတ္ထု တည်းဟူ သော စာပေယာဉ်တွင် တင်ပြကာ ဆွေးနွေးနိုင်သည်။ နောင်တစ်ခေတ်၏ ဝတ္ထုတို့သည် လူမှုကိစ္စအထွေထွေကို တင်ပြဆွေးနွေးကြလိမ့်မည်။ ဝတ္ထု တည်းဟူသော ယာဉ်မှတစ်ဆင့် လူတို့ လာကြလိမ့်မည်။ လူ့ကျင့်ဝတ်သိက္ခာ တို့ကိုလည်း တင်ပြလာလိမ့်မည်။ ဝတ္ထုသည် ဓလေ့ထုံးတမ်းတို့ ထုတ်လုပ်ရာ စက်ကြီး ဖြစ်လာလိမ့်မည်။ ဝတ္ထုနယ်ပယ်မှ နေ၍ လူမှုအဆောက်အအုံ တစ်ခု လုံးကို ဝေဖန်လိမ့်မည်'

ဟူ၍ ဖြစ်သည်။

အောင်သင်းကလည်း စာပေဂျာနယ်တွင် 'အမှတ်မထင် စာပေလေ့လာမှု' ဟူသော ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးတွင် -

'ကျွန်တော် ရေးလိုက်သည့် ဆောင်းပါးကတော့ မည်သည့် စာရေးဆရာမဆို မိမိဘဝ မိမိပတ်ဝန်းကျင်ကို မထင်ဟပ်ဘဲ ရေးလို့ကို မရနိုင်ကြောင်း၊ မိမိအတွေ့အကြုံကို အခြေခံပြီး ရေးဖွဲ့ရကြောင်းကို ပြောလိုက်ခြင်း ဖြစ်ပါသည်'

ဟု ရေးခဲ့ပါသည်။

တက်တိုးကလည်း ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် 'ဝတ္ထု၏နည်းပညာ' ဟူသော ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသည်။ ဝတ္ထုလောကတွင် ခေတ်ကို ထင်ဟပ်သော ဝတ္ထုများ ရေးခဲ့ကြောင်းကို -

'ဝတ္ထုသည် လူ့အကြောင်းကို အရင်းခံ၍ သရုပ်ဖော်ရသည် မှန်၏။ သို့သော် တကယ့်အဖြစ်အပျက်ကို သဘာဝအတိုင်း ဖော်ပြသော ဝတ္ထုရေးဆရာကြီး များစွာတို့သည် လွန်ခဲ့သည့် ၁၉ ရာစုနှစ်နှင့် ယခု ၂၀ ရာစု နှစ်ဦးပိုင်းတို့တွင် ထင်ရှားကြ၏။ ယင်းတို့သည် ခေတ်ကို ထင်ဟပ်သဖြင့် သတင်းစာကဲ့သို့ပင် 'ခေတ်ကို ပြောနေကြသည်' ဟူ၍ ဆိုနိုင်ကာ....' ဟူ၍ ဖော်ပြခဲ့ပါသည်။

စိုးမြင့်လတ်ကလည်း စာပေဂျာနယ်တွင် -

'နောင်တစ်ခေတ် မြန်မာဝတ္ထုတိုလောကကို ဦးဆောင်မည့်သူတွေဟာ ဒီနေ့ ခေတ်ပြိုင်ခံစားမှုတွေကို စာပေတာဝန်ကျေပွန်စွာနဲ့ ကြိုးစားရေးဖွဲ့နေကြတဲ့ မျိုးဆက်သစ် လူငယ်ဝတ္ထုရေးသမားတွေပဲ' ဟု ဆိုပါသည်။ ထိုအဆိုကို ဝတ္ထုတိုရေးသူ ညိုထွန်းလူ၏ အဆိုက ထောက်ခံလျက် ရှိပါသည်။

'ကျွန်တော် ရေးခဲ့သော ဝတ္ထုတိုများသည် ကျွန်တော် ဖြတ်သန်းခဲ့ရသည့်ခေတ်၏ ရိုက်ခတ်မှုများ ဖြစ်သည်' ဟုဆိုပါသည်။

နေဝင်းမြင့်က လေးနက်နှင့် အင်တာဗျူးရာတွင် -

'ပြန်လွမ်းရင်သာ လွမ်းနိုင်ခွင့် ရှိပေမယ့် ယနေ့ဝတ္ထုတိုတွေဟာ အရင်ဝတ္ထုမျိုး မဖြစ်နိုင်တော့ဘူး။ ကနေ့ ဝတ္ထုတိုတွေဟာ လက်ရှိ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ ဖြစ်စဉ်တွေ (လူမှုဘဝမှာ အဲဒီလူတွေရဲ့ ပကတိဘဝ၊ ပကတိဆန္ဒတွေနဲ့အတူ ရှေ့ကို ရွေ့လျားနေတာတော့ အမှန်ပဲ' ဟု ပြောခဲ့ပါ

သည်။ ခေတ်ပြောင်းလျှင် ခံစားမှု ပြောင်းမည်ဖြစ်ပြီး ခံစားမှုနှင့် ဖန်တီးရသော ဝတ္ထုတိုမှာလည်း ပြောင်းလဲရသည့်သဘောကို ဖော်ပြနေပါသည်။

ဝင်းစည်သူက ဝတ္ထုတို၏နိဂုံးသည် အရေးကြီးကြောင်း ဝတ္ထုတိုတစ်ပုဒ် ရေး၍ ပြထားပါသည်။ ထိုဝတ္ထုတိုတွင် မန္တလေးပတ်ဝန်းကျင်အပေါ်တွင် ခံစားရသော စာရေးဆရာ၏ ခေတ်ပြိုင်ခံစားမှုကို တွေ့ရသဖြင့် ထည့်သွင်းဖော်ပြလိုပါသည်။

အတိုဆုံးဝတ္ထုလို့ ခေါ်မလား၊ တစ်မျက်နှာဝတ္ထုလို့ ခေါ်မလား။ ကြိုက်သလို ခေါ်လို့ ရပါတယ်။ ကျွန်တော် အဲဒါမျိုး ဝတ္ထုတစ်ပုဒ် စမ်းရေးကြည့်ဖူးတယ်။ အ·ထ·က (၁) ကျောင်းမှာနေတဲ့ ကျွန်တော့် သားတော်မောင် 'မောင်နိုင်မင်းဝင်း'ရဲ့ ပြောပြမှုအပေါ် ဆင့်ပွားခံစားမိတဲ့ ယနေ့မန္တလေးမြို့ ပြဘွဲ့ တစ်စိတ်တစ်ပိုင်းပါ။ နိဂုံးချုပ်ဖို့ အခက်တွေ့နေလို့ ဝတ္ထုတစ်ပုဒ်ရယ်လို့ မမည်သေးပါဘူး။

ညနေ ကျောင်းဆင်းခေါင်းလောင်း ထိုးပြီ။

'ကျွန်တော်တို့အားလုံးသည် ထုံးစံအတိုင်း နိုင်ငံတော်သီချင်း သီဆိုရန် တစ်ပြိုင်နက်တည်း မတ်တတ်ရပ်လိုက်ကြသည်။ ဟိုအတန်း သည်အတန်း အခန်းပေါင်းများစွာမှ ဟိန်းဟိန်းညံ၍ ထွက်ပေါ်လာသည်။

ကျွန်တော့် ညာဘက်ရှိ ခင်ကျော်က သူ့ကျောဘက်ရှိ ဝက်ပုတ်ကို စပ်ဖြဲဖြဲနှင့် လှည့်ကြည့်ရင်း အဆိုမပျက် ပါးစပ်လှုပ်နေသည်။ ကျွန်တော်လည်း လှည့်၍ ကြည့်မိ၏။ ပြုံးတော့လည်း ပြုံးချင်စရာ၊ နဂိုက မှေးနေသော မျက်စိကို စုံမှိတ်ကာ နှုတ်ခမ်းကြီး ခပ်ထော်ထော်နှင့် အော်နေသော ဝက်ပုတ်အသံ အောတောတောကြီးက ကျယ်လောင်စွာ မပီမသ ဖုံးလွှမ်းနေသည် မဟုတ်ပါလား။

ပြီးတော့ အရွယ်မတန်မယုံ့ စိုက်ထားသော ရွှေသွားတစ်ချောင်းက ဝင်းခနဲ ဝင်းခနဲ လက်သွားသည်။ ကျွန်တော်တို့က 'တို့တာဝန်ပေ··· အဖိုးတန်မြေ' ဟု အဆုံးသတ်လိုက်လျှင် သူက 'သို့သာဝန်ပေ··· အဖိုးသန်မြေ' ဟု တ-သ မကွဲဘဲ ဆောင့်ကန်အော်တဲ့ပြီး ဆရာမရှေ့ကပင် လေ့ကားလုဆင်း၍ ကြိုရောက်နှင့်နေသည့် သဘော်ကျ ယာယီနံပါတ်ဖြူတပ် ကားလှလှကလေးဆီသို့ သူ့ကိုယ်ကြီး အိပဲ့ပဲ့နှင့် သွားလေတော့သည်။

လင်းလွန်းခင်စာပေ

သူတို့ ပါပါး တစ်မြန်နေ့ကမှ ဝယ်လိုက်သော ၃၂ သိန်းတန် နန်းရှေ့ခြံသစ်ကို သွားကြည့်ရဦးမှာဟု သချ်ာအချိန်တုန်းက ပြောခဲ့တာကို သတိရမိ၏။ ဒါကြောင့် သူ လောနေတာကိုး။

ဒေါက်မပါလို့ မန်ကျည်းပင်မှာ မှီထောင်ထားခဲ့ရတဲ့ မောင်ဗမာ ဆိုသော ကျွန်တော့်စက်ဘီးကလေးများ လေလျှော့နေပြီလား မသိ။ ဘုရား သိကြား မလို့ စိမ့်ပေါက် ပေါက်မနေပါစေနဲ့။

အဲဒီနေရာမှာပဲ ရှိသေးတယ်။ ဒါဟာ ဝတ္ထုပါပဲလို့ ဖြတ်ချင်ရင်လည်း သတ္တိကောင်းတဲ့ စာရေးဆရာများ အတွက်တော့ ရမယ်ဆို ရမှာပေါ့လေ။ ကျွန်တော်ကတော့ မဖြတ်ရဲတာ အမှန်ပဲ။ ကျွန်တော့် စိတ်ထဲမှာ နိဂုံးမရောက်သေးဘူးလို့ပဲ အထင်ရှိနေတယ်။ ဒီတော့ စိတ်ထဲကပဲ နိဂုံးချုပ်ကြည့်နေမိတယ်။

မိုက်ထဲက တကြွတ်ကြွတ်ဆာလှပြီ။ နေ့လယ်တုန်းက စားထားသော ချမ်းသာသမ္မ ကောက်ညှင်းပေါင်း တစ်ကျပ်ဖိုးမှာလည်း ကြေညက်သွားပြီ ထင်၏။ အိမ်၏ အမြဲတမ်းဟင်းဟုပင် ပြောလျှင် ရနိုင်သော အမေ့လက်ရာ ပဲရေပွနှင့် ငံပြာရည်ဖျော်တွေကို မြင်ယောင်လာသောအခါ ဟိုး… ဆင်ခြေဖုံး တဲအိမ်စုအထိ ပြန်ရမည့်ခရီးကို မြေကြောရှုံ့၍ ပစ်ချင်မိတော့၏။

အဲသလိုဆို ဝတ္ထုတစ်ပုဒ် ဖြစ်တော့ ဖြစ်သွားမှာပေါ့နော်။ ဒါပေမဲ့ မကြိုက်လှသေးပါဘူး။ အဲဒီဝတ္ထုကလည်း ဘယ်တော့မှ ပြီးမှာလည်း မဟုတ်ပါဘူး' ဟူ၍ ဝတ္ထုတိုကို လက်တွေ့ရေးပြခဲ့ပါသည်။

စာရေးဆရာက ဘာကိုပြောချင်၊ ပြချင်သလဲ ဆိုသည်ကို စာဖတ်သူများ သဘောပေါက်နိုင်ပါသည်။ စာရေးသူ၏ တစ်မျိုးသားလုံးနှင့် ယှဉ်သော ခေတ်ပြိုင်ခံစားမှုကိုလည်း တွေ့နိုင်ပါသည်။

ထို့ကြောင့် အမေရိကန် စာရေးဆရာ 'ဆောဘယ်လိုး' က-

စာရေးဆရာ ဆိုတာ စိတ်ကူးနိမိတ်ပုံတွေနဲ့ သမိုင်းဆရာတစ်ယောက်ပါ။ လူမှုသိပ္ပံပညာရှင်တွေ အစဉ်ပြုလုပ်နိုင်တာထက် သူ့ရဲ့ခေတ်ပြိုင် အချက်အလက်တွေဟာ သမိုင်းနဲ့ ပိုပြီး နီးစပ်ပါတယ်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဘဝသရုပ်ဖော်ဝတ္ထုတိုတို့တွင်လည်း ခေတ်ပြိုင်ခံစားမှုတို့ ထင်ဟပ်သော ဝတ္ထုတိုများဟု ဆိုသော်လည်း ခေတ်ထဲက ဘဝတွေကို သရုပ်ဖော်ထားခြင်း ဖြစ်သည်မှာ မှန်ပါ၏။ သို့သော် လူသားများထဲမှ မြန်မာလူမျိုးတို့၏

သဘာဝတစ်စိတ် တစ်ဒေသကို ဖော်ညွှန်းလျက် ရှိသည့် ထူးခြားသော ဝတ္ထုတို များ ဖြစ်ပါသည်။

လူထုဒေါ်အမာက-

'ရတနာပုံ မန္တလေး၊ ကျွန်မတို့ မန္တလေး' ဟု ဆိုထားသည့် မြန်မာစစ်စစ်တို့ နေရာဖြစ်သည့် နေပြည်တော်ဟောင်း ဖြစ်ခဲ့ဖူးသည့် မန္တလေးမြို့၏ အငွေ့အသက်ကို တွေ့ရသည်။ ဝတ္ထုတိုဖြင့် မြန်မာတစ်မျိုးသားလုံး မြင်သာအောင် တပ်လှန့်ထားသည်ဟု ဆိုနိုင်ပါသည်။

အပြော၊ အပြနှင့် စာရေးဆရာ၏ ခံစားမှု၊ စေတနာ။

ဝတ္ထုတွင် အပြောနှင့် အပြသည် ဆက်စပ်နေသည့်သဘော ရှိပါသည်။ ဝတ္ထုတိုတွင်လည်း ထိုသဘောကို တွေ့ရသည်။ အောင်သင်းက သူ၏ ဝတ္ထုရေးရာ ဆောင်းပါးများတွင် 'အပြောကို စဉ်းစားသောအခါတွင်လည်း 'အပြ'ကို ချန်ထားလို့ မရတော့ပါ' ဟု ဆိုဖူးပါသည်။

ဆရာအောင်သင်းက-

'ဝတ္ထုရေးဆရာ၏ အပြောတွင် စေတနာကို တွေ့နိုင်သည်' ဟု ဆိုထားပါသည်။

ဆရာတက်တိုးကလည်း-

'ရှေ့ခပ်ကျကျ အယူအဆမှာကား ဝတ္ထုတိုသည် ဝတ္ထုဇာတ်လမ်းကို ပြောရမည်။ A Story must tell a story ဟူသော အင်္ဂလိပ်စကား အတိုင်းပင် ဖြစ်သည်။ ယခုခေတ်၌ကား ဝတ္ထုတိုသည် ဇာတ်လမ်းကို ပြောချင်မှပြောသည်။ စာရေးဆရာ၏ အာဘော်ကိုသာ ထုတ်ဖော်ချင် ထုတ်ဖော်မည်။ ဘဝ အခြေအနေတစ်ခုကို ပြချင်မည်။ ဝတ္ထုတိုဆရာသည် ဝတ္ထုတိုကို ပုံစံချ၍ ရေးဖို့ ကြိုးပမ်းမနေတော့ဘဲ ရေးချင်သလို ရေးလာတော့သည်'

ဟု ဆိုထားရာ စာရေးဆရာ၏ အာဘော်တွင်လည်း စေတနာက ရှေ့ဆောင်နေသည်မှာ သေချာလှပါသည်။

အပြောနှင့် အပြသည် ဇာတ်ဆောင်၏ ကံသုံးပါး အမူအရာကို ဖော်ပြရာတွင် အလွန်အရေးကြီးသော အတတ်ပညာပိုင်း ဖြစ်ပါသည်။ ဇာတ်ဆောင် စရိုက် ဖန်တီးရာတွင် အပြောနှင့်အပြ နှစ်မျိုးစလုံးကို အလျဉ်းသင့်သလို သုံး၍ ဖန်တီးတတ်ကြပါသည်။ ဇာတ်ဆောင်စရိုက် ရုပ်လုံးကြွမှု၊ ယုတ္တိတန်မှုသည်

စာရေးဆရာ၏ အပြော၊ အပြု ဖန်တီးချက်အပေါ်တွင် များစွာ မူတည်နေပေသည်။ ဇာတ်ဆောင်၏ နှုတ်အမူအရာတွင် ပြောစကားလည်း ပါဝင်ပါသည်။

အပြောစကားနှင့် ပတ်သက်၍ ဂဏ္ဍဝင် ၁၀ တွင်-

စာရေးဆရာ ဖန်တီးလိုက်သော ဇာတ်ဆောင်တို့သည် ပင်ကို အရည်အသွေး ရှိနေရမည်။ သူတို့၏ လှုပ်ရှားမှု၊ ပြုမူပြောဆိုပုံတို့သည် သူတို့စရိုက်အလိုက် ဖြစ်စေရမည်။ 'ဒီဆရာဝန်ဆိုတဲ့ လူကတော့ ဒီလိုကျင့်ဖို့ မကောင်းဘူးဟူ၍ စာဖတ်သူ စိတ်ထဲတွင် ထင့်မနေစေရ' ဟု ဖော်ပြထားပါသည်။

ဒဂုန်တာရာကလည်း -

'ဝတ္ထုထဲတွင် မိမိ ဖွဲ့လိုသော ဇာတ်ဆောင်လူသည် စိတ်ကူးလူ ဖြစ်သည်။ စိတ်ကူးဇာတ်ဆောင်သည် သူ ပါဝင်သော လူ့အဖွဲ့အစည်းနှင့် မည်မျှအထိ တူသည်ကို အကဲဖြတ်ခြင်း ဟုပြောနိုင်သည်' ဟု ဆိုထားပါသည်။

ထို့ကြောင့် ဇာတ်ဆောင်၏ ပြုမူလှုပ်ရှားမှု၊ ပြောစကားနှင့် လူ့အဖွဲ့အစည်းသည် အံဝင်ခွင်ကျ ရှိရန် လိုအပ်လှပါသည်။

ဂျေရှမ်းစတိုးနစ်ကလည်း -

'အနုပညာရှင်၏ အတွေးနှင့် ခံစားမှုကို ဖော်ပြချက်သည် အနုပညာ၏ အလုပ်ဖြစ်သည်။ ထိုအခြေခံအချက်က ဦးဆောင်ပြီး တစ်စုံတစ်ရာသော စာနာမှု ဖြစ်လာအောင် သွေးဆောင်နိုင်သည်' ဟုဆိုထားပါသည်။

ဝါ့ဒ်ဝေါ်သ်ကလည်း -

'အေးဆေးတည်ငြိမ်စွာ ပြန်လည် တွေးတောခြင်းသည် သူ့ခံစားမှုမှသာ လာလျှင် အနုပညာရှင်သည် ဖန်တီးနိုင်သည်'

ဟု ဆိုထားသဖြင့် ခံစားမှုသည် အနုပညာရှင်၏ အနုပညာဖန်တီးမှုအတွက် အဓိကကျလှကြောင်း သိသာစေပါသည်။

တော်စတွိုင်းကမူ -

'အနုပညာ၏ တန်ခိုးအကြီးဆုံး အရည်အသွေးမှာ ရိုးသားခြင်းပင်ဖြစ်သည်။ ထိုရိုးသားမှုတွင် ယေဘုယျကျသော အတွေး ပါဝင်ရမည်' ဟုဆိုပါသည်။

ရိုးသားမှုသည် စာရေးဆရာ (အနုပညာရှင်)၏ စေတနာကို ဖော်ကျူးရာတွင် အလွန်အရေးပါလှကြောင်း ဆရာဇော်ဂျီကလည်း မကြာခဏ ရေးဖူး

ပါသည်။ စေတနာမပါသည့် စာသည် အတတ်ပညာပိုင်းအရ မည်မျှပင် ကောင်းစေကာမူ စာကောင်းတစ်ပုဒ် မဖြစ်နိုင်ကြောင်း၊ ထိုအချက်ကို ဆရာမြသန်းတင့်ကလည်း သဘောတူကြောင်း ဝင်းငြိမ်းနှင့် အင်တာဗျူးရာတွင် ပြောထားပါသည်။

ဂီဒီမော့ပါဆွန်းကလည်း-

'ဇာတ်ဆောင်ကို သဘာဝကျသော လူအဖြစ် မြင်စေရန် ဇာတ်ဆောင်၏ အပြုအမူများထဲမှ ဖမ်းယူခြင်းသည် သူ့ရည်ရွယ်ချက် ဖြစ်သည်' ဟု ဆိုပါသည်။ သို့ဖြစ်၍ ဇာတ်ဆောင်၏ အပြုအမူ ဖော်ပြချက်ဖြစ်သော အပြောနှင့် အပြသည် ဝတ္ထုတိုတွင် အဓိကကျလှကြောင်း သိနိုင်ပါသည်။

သိန်းဖေမြင့်ကလည်း -

'ဇာတ်ကောင်တွေ ပြောသွားတာကို 'ခင်ဗျား ပြောချင်တာလား' လို့ ဝတ္ထုရေးဆရာကို မေးရင် 'ဟား-ကျွန်တော် ပြောချင်တဲ့စကား မဟုတ်ဘူး၊ ဇာတ်ကောင်ပြောတဲ့ စကားပဲ' လို့ တစ်ခါတလေ ပြောမှာပဲ' ဟုပြောဖူးပါသည်။

ထို့ကြောင့် စာရေးဆရာသည် သူ ပြောချင်သော စကားရော သူ မပြောချင်သော စကားကိုပါ ဇာတ်ဆောင်များမှတစ်ဆင့် ပြောလေ့ရှိကြောင်း၊ ပြောချင်သော စကားကို မည်သည့်ဇာတ်ဆောင်ကို ပြောခိုင်း၍ မပြောချင်သော စကားကို မည်သည့် ဇာတ်ဆောင်မျိုးက ပြောမည် ဆိုသည်ကို စာဖတ်သူက ချင့်ချိန် ဝေခွဲကြပေမည်။

ဒဂုန်တာရာကလည်း တာရာဒေဝီထံ ပေးစာ (၂၇) တွင် -

'ဝတ္ထု၊ ကဗျာ စတဲ့ ရသစာပေတွေဟာ တစ်ဖက်သားကို ပြောပြချင်တဲ့ စိတ်ထား၊ အဲဒါတွေဟာ ဖန်တီးမှုနဲ့ဆိုင်တဲ့ အရာတွေပဲ၊ ခံစားမှုတစ်ခု ပေါ်လာရင် သည်ခံစားမှုကို ပြေစေတဲ့ လုပ်ငန်းတစ်ခုကတော့ ဖွဲ့နွဲ့ခြင်း ဆိုတဲ့ အနုပညာ ဖန်တီးမှုပညာပါပဲ' ဟုလည်းကောင်း ဆိုပါသည်။

ထို့ကြောင့် စာရေးဆရာ၏ ခံစားမှုမှ ပေါက်ဖွားလာသော စေတနာသည် အပြော၊ အပြ ဖန်တီးမှုနှင့် ဆက်စပ်နေသည်မှာ သေချာလှပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၁၆၊ ဩဂုတ်လ၊ ၂၀၀၉။

* * *

ဘဝဒဿနကို ဖော်ပြသော ဝတ္ထုတိုများ

စာရေးဆရာနှင့် ဘဝဒဿန

ဝတ္ထုရေးသူသည် သူ ဖန်တီးသော ဇာတ်ဆောင်များမှတစ်ဆင့် သူ ပြောလိုသော ဘဝအသိ၊ ဘဝအတွေးအမြင် စသည်တို့ကို ပြတတ်သည်။ တစ်ခါတစ်ရံ ဇာတ်ဆောင်၏ နှုတ်မှ ပြောခိုင်းသည်။ ဝတ္ထုတို အဖြစ်အပျက် ဆုံးမှ သိလိုက်ရသည့်အခါလည်း ရှိသည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် အတွေးအမြင်ကို ဖော်ပြသည်။ ဇာတ်ဆောင်တို့၏ နှုတ်မှပြောကြသော ပုဂ္ဂလိက အတွေးများသည် စာဖတ်သူ အများစုက လက်ခံသဘောတူသော အတွေးများ ဖြစ်ချင်ဖြစ်မည်။ အားလုံးကိုတော့ သဘောကျနိုင်မည် မဟုတ်ပေ။ ဇာတ်ဆောင်၏ စရိုက်လက္ခဏာပေါ်တွင် မူတည်သော ဘဝအသိအမြင်များ ဖြစ်သောကြောင့် ဖြစ်သည်။ စာရေးဆရာက အများနှင့်ဆိုင်သော ယေဘုယျကျသော ဘဝဒဿနများက ဝတ္ထုတို ဆုံးမှ သိလိုက်ရသည်က များသည်။

ထိုကဲ့သို့သော ဝတ္ထုတိုမျိုးကိုသာ ဘဝဒဿနကို ဖော်ပြသော ဝတ္ထုတို အဖြစ် သတ်မှတ်ပါသည်။

ဆရာ ဒဂုန်တာရာက 'စာပေနှင့် ဒဿန' ဟူသော ဆောင်းပါးတွင်-

'သရုပ်ဖော်စာပေဝါဒ၊ စိတ်ကူးယဉ် စာပေဝါဒ စသည့် အတွေးအခေါ်များသည်ကား ဒဿနနယ်ပယ်တွင် အကျုံးဝင်နေသည်။ လူ့စရိုက်၊ လူ့သဘာဝများ ပီသမည်။ လူ့အဖွဲ့အစည်း၏ နောက်ခံကား ဖြစ်သော ခေတ်ပြိုင် အဖြစ်အပျက်တို့သည် တကယ်ဖြစ်ပျက်နေသော သမိုင်းကြောင်း များသည်။ စိတ်ရွဲ

ဝါဒဖြင့် ရေးဖွဲ့သော ဝတ္ထုတို့သည်ကား လူ့လောကကြီး ဘဝ၊ လူ့လောကကြီး အဖြစ်အပျက်နှင့် တူချင်မှ တူမည်။ ယင်းသို့လျှင် ဝတ္ထုစာပေတွင် ဒဿနများ ရှိသည်ကား အမှန်ပင်' ဟု ဆိုထားပါသည်။

မောင်သာချိုက 'အပ်နဖားပေါက်တွေ ကျဉ်းကုန်ပြီလား' ဆောင်းပါးတွင်-

'ဘက်ကက်(Beckette)၏ စကားတစ်ခု ရှိပါသည်။ ယခင် အနုပညာတွေက content zero, length infinite ဟု ဆိုသည်။ အရေးအဖွဲ့ ရှည်လျားသလောက် အတွေးအခေါ် အယူအဆက ဘာမှမဟုတ် ဆိုသည့်သဘော။ ယခု အနုပညာကမူ content infinity, length zero ဟု ဆိုပါသည်။ ရေးဖွဲ့ပုံ တိုသလောက် တွေးစရာတွေက အများကြီး ဆိုသည့်သဘော' ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။ ထိုသဘောကို ဝတ္ထုတိုတွင်လည်း တွေ့ရပါသည်။ စာသားတိုသလောက် အတွေးစက ဆန့်သလောက် ရှည်လျားတတ်ပါသည်။

အတွေးဒဿန

၁။ ဒဂုန်တာရာ၏ ဆန်ဖရန်စစ္စကိုရောက် မြသီတာသို့ပေးစာ

၁၉၈၂ ခုနှစ်၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း အတွဲ ၃၆၊ အမှတ် ၄၂၄ တွင် ဖော်ပြခဲ့သော ဝတ္ထုတို ဖြစ်သည်။ ပေးစာတစ်စောင် ပုံစံမျိုး ရေးသားထားသည်။ စာရေးသူသည် 'တို့' ဟူသော နာမ်စားကို သုံး၍ ရေးထားသည်။ ၁၆ နှစ်သမီး ကောင်မလေးက ဆန်ဖရန်စစ္စကိုသို့ ရောက်နေသော မြသီတာထံသို့ စာရေးပြီး သူ့အမြင်၊ သူ့အတွေး၊ သူ့ဒဿနများကို ရိုးရိုးလေး ပြောပြနေခြင်းပင် ဖြစ်သည်။ 'တို့'သည် မည်သူမည်ဝါမှန်း ဖော်ပြမထားပေ။ ၁၆ နှစ်သမီး မြန်မာမလေး၏ အတွေးအမြင်၊ အယူအဆကို ဦးစားပေး ဖော်ပြထားသော်လည်း သူနှင့် အတွေးအမြင် အယူအဆချင်း အားပြိုင်နေသူများ အကြောင်းကိုလည်း တစ်ဆက်တည်း မြင်နိုင်သည်။ ထိုမှတစ်ဆင့် ဆက်လက် အတွေးဖြန့်ကြက်နိုင်သော ဝတ္ထုတို ဖြစ်ပါသည်။ ဦးအောင်သင်း ပြောသော တစ်ချက်ခုတ် နှစ်ချက်ပြတ်နည်းကို သုံးထားသည်ဟု ဆိုရမည်။

(က) ရှုထောင့်

ပေးစာရေးသူ 'တို့'က ကိုယ်တိုင်ပြော ရှုထောင့်မှ အားလုံးကို ပြောပြသွားသည်။ ပေးစာပုံစံထဲတွင်ပင် စကားပြောများ၊ အဖြစ်အပျက်များကို ညှပ်၍ ရေးထားသည်။

'တို့' ဟူသော ကောင်မလေးက သူနှင့် အရွယ်တူပြီး သူငယ်ချင်းဖြစ်ဟန်တူသော မြသီတာထံ စာရေးရာတွင် သူ၏ ၁၆ နှစ်ပြည့် မွေးနေ့ကို လုပ်ခဲ့ကြောင်း၊ 'ကုံကော်ရိပ်'က မလေးရှားခေါက်ဆွဲ၊ စင်ကာပူ ကြာဆံကြော်နှင့် ကရဝိက်က ရေခဲမုန့် မှာကျွေးကြောင်း၊ နေ့လယ်မှာ သမ္မတမှာ ဂျပန်ကားသွားကြည့်ပြီးနောက် ရောင်စုံဓာတ်ပုံများ ရိုက်ကြကြောင်း၊ သူက အင်းလျားလိတ်၊ ကရဝိက်တို့မှာ လုပ်ချင်ကြောင်း၊ သူ့ဖေဖေက အင်းလျားလိတ်ကို သွားမေးပြီး ဖြစ်ကြောင်း၊ ဖေဖေက မေမေ့ကို ကြောက်၍ မလုပ်ဖြစ်ကြောင်း၊ အချစ်ဆုံး သူငယ်ချင်းတွေကိုပဲ ရွေးဖိတ်ကြောင်း ဖော်ပြထားသည်။

၁၆ နှစ် သမီး မြန်မာမလေးသည် မည်သည့်အရာတွေကို အားကျပြီး မည်သည့်အရာတွေကို အထင်ကြီးကြောင်း သိနိုင်သည်။ သူတို့၏ လူတန်းစား အခြေအနေကိုလည်း မြင်ကြည့်နိုင်သည်။ ထို့နောက် သူ၏ အမေနှင့် အမေ့မောင် အဘိုးလေးတို့အကြောင်း ဆက်ပြောသည်။

အငြိမ်းစား ဥပဒေပါမောက္ခ ဦးမှိုင်းမြ ဖြစ်ပြီး သူတို့ခြံထောင့် ဝါးပင်တွေ ကြားမှာ သူ့စိတ်ကြိုက် အိမ်ကလေး ဆောက်နေကြောင်း၊ အိမ်ပတ်လည်မှာ ဝရန်တာ ထုတ်ထားပြီး အပြင်က အားလုံး ရေနံသုတ်ထားကြောင်း၊ ဘိုးလေးက 'တောအိမ်'ဟု ဆိုကြောင်း၊ အခန်းတိုင်းမှာ ပန်းပွင့်ခန်းဆီးတွေနဲ့မို့ 'တောအိမ်' မဟုတ်နိုင်ကြောင်း၊ အိမ်ထောင်ပရိဘောဂတွေမှာလည်း ရှေးပုံတွေချည်း ဖြစ်ကြောင်း၊ ကုလားထိုင် ခြေထောက်တွေမှာ ခြသေ့ံရုပ်တွေ၊ ကြာပွင့်တွေ ခံထားကြောင်း၊ တစ်ခန်းလုံး စာအုပ်တွေ ရှိပြီး ဖီလိုဆိုဖီမှာ ဂုဏ်ထူးနှင့် အောင်ခဲ့ကြောင်း၊ သူ ကြားဖူးသော မြန်မာဝတ္ထုတွေလည်း ရှိကြောင်း၊ မစ္စတာမောင်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပီမိုးနင်းတို့ ဖြစ်ကြောင်း၊ ဘိုးလေးအခန်းထဲ ရောက်သွားရင် ၁၈ ရာစု ပြန်ရောက်သွားသလို ခေတ်ဟောင်းတေားနားထောင်ရသလို ခံစားရကြောင်း၊ ဖေဖေ မေမေတို့က ရာစုတစ်ခေတ်လောက် နောက်ကျကြောင်း၊ ဘိုးလေးမှာမူ နှစ်ခေတ်လောက် အောက်ကြောင်း၊ သူတို့ခြံနဲ့

ကပ်လျက် လမ်းထောင့်က အိမ်မှာ နတ်ပွဲကတော့ ဘိုးလေးမှာ တစ်နေ့လုံးလိုလို နတ်ပွဲမှာ ရှိကြောင်း၊ နိုင်ငံခြား တော်တော်များများကို ရောက်ဖူးခဲ့သော ဘိုးလေး က တစ်နေ့မှာ သူ့မိတ်ဆွေ နိုင်ငံခြားသား ပါမောက္ခတစ်ယောက်ကို သုတေသန ပြုဖို့ နတ်ပွဲမှာ အချိန်ကုန်ကြကြောင်း၊ ဘိုးလေးကတော့ သဘာဝကျသည်ဟု ဆိုကြောင်း စသည်တို့ကို ပြောသွားပြီး သူ အင်္ဂလိပ်စာကျူရှင် ယူနေရကြောင်း၊ ဗြိတိသျှဘားမား စာပုံနှိပ်တိုက်တွင် ၁၉၂၃ ခုနှစ်က ရိုက်နှိပ်ခဲ့သော စာအုပ်မှ သင်ခန်းစာများကို လေ့ကျင့်ခန်း လုပ်နေကြောင်း ပြောပြီး သူ၏ အမြင်အတွေး ကို ထုတ်ဖော်လိုက်ပါသည်။

ထိုပေးစာကို ဖတ်ပြီးလျှင် အသက်အရွယ်အပေါ် လိုက်၍ အယူအဆ ကွဲနိုင်ပေသည်။ ၁၆ နှစ် အရွယ် မိန်းကလေး ဖတ်လျှင် ဇာတ်ကြောင်းပြောသူ မိန်းကလေး၏ အယူအဆနှင့် အများအားဖြင့် တူညီနိုင်ပါသည်။ အတွေ့အကြုံ နှင့် အသိဉာဏ်ရင့်ကျက်သူများကမူ ဘိုးလေး၏ စရိုက်သဘာဝကို သဘောကျ ထောက်ခံနိုင်ပါသည်။ စာဖတ်သူ၏ အသိဉာဏ်ပညာပေါ် မူတည်၍ ခံစားမှု ချင်း၊ ရပ်တည်ချက်ချင်း ကွဲပြားအောင် ရေးနိုင်သည်မှာ စာရေးသူ၏ ဖန်တီးမှု အတတ်ပညာပင် ဖြစ်ပါသည်။

(၁) အပြော

ဝတ္ထုတိုတစ်ပုဒ်လုံးတွင် 'အပြော' များဖြင့် ဖန်တီးခြယ်မှုန်းထားပါ သည်။ 'အပြ'သက်သက်ဖြင့် ဖန်တီးရေးဖွဲ့ထားခြင်း မရှိပါ။ ဘိုးလေးဖြစ်သူ စရိုက်သဘာဝကို ဖော်ပြရာတွင် ဇာတ်ကြောင်းပြောသူ၏ ခံစားမှုနှင့် တွဲဖက်၍ ဖော်ပြသည်။

'တို့ မွေးနေ့ပါတီ လုပ်တာ ဘာပြောတယ်မှတ်သလဲ။ မြန်မာမှာ မွေးနေ့ လုပ်တာ မရှိဘူးတဲ့။ အနောက်တိုင်း ယဉ်ကျေးမှုတဲ့။ သူ့လောက် ခေတ်ဆန်တာ လည်း မရှိဘူး။ ရေဒီယို နားထောင်ရင်လည်း အင်္ဂလိပ်ဘာသာနဲ့ အသံလွှင့်တဲ့ ကမ္ဘာ့အရပ်ရပ်က အသံလွှင့်တာတွေ အကုန်နားထောင်တယ်။ တစ်ခု ချစ်စရာ ကောင်းတာ ရှိတယ်။ သူက ပြောရုံသာ ပြောတာ၊ အပြစ်မပြောတတ်ဘူး။ တို့ မွေးနေ့လုပ်တာ မလုပ်နဲ့ မပြောဘူး။ သူ့မှာရှိတဲ့ ကက်ဆက်ခွေတောင် ငှားသေး တယ်။ သူ့မှာ ခေတ်ပေါ်သီချင်းတွေ ရှိတယ်။ တို့အံ့သြတာက သူ ရွေးသီချင်း

ကြီးတွေလည်း ကြိုက်တယ်။ ခေတ်ဆန်ပေ့ ဆိုတာလည်း ကြိုက်တယ်။ တို့ဆိုရင် နင်လည်း သိသားပဲ။ ရှေးသီချင်း ဆိုရင် ပိတ်လိုက်တာပဲ။ နားထောင်လို့ကို မရဘူး။ တို့ဘိုးလေးကတော့ မြန်မာသီချင်းကြီးတင် မဟုတ်ဘူး၊ အင်္ဂလိပ် သီချင်းကြီးတွေလည်း ကြိုက်တယ်'

'သူ့အခန်းမှာလည်း စာအုပ်တွေနဲ့ ပြည့်နေတာပဲ။ အင်္ဂလိပ်စာအုပ်တွေက များပါတယ်။ တို့ကတော့ အရုပ်ပါတဲ့ စာအုပ်တွေ ရှာတာ။ စာအုပ်ဖုံးဖို့လေ'

နတ်ပွဲကို ဘိုးလေးမိတ်ဆွေ နိုင်ငံခြားသား ပါမောက္ခကြီးက သဘော ကျနေသည်ကို နားမလည်နိုင် ဖြစ်နေစဉ်မှာပဲ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ် မှာ ဗိုလ်မက စန္ဒရားတီးပြီး အမူအရာနှင့် ကိုယ်ကို ယိမ်းနွဲ့လှုပ်ရှားပုံမှာ နတ် ကပုံနှင့် တူသလိုလို ဖြစ်နေကြောင်း၊ ဗိုလ်မ ဆိုနေ ကနေပုံမှာ သူတို့ သဘော ကျသော အကဖြစ်နေကြောင်းကိုလည်း-

'တို့နတ်ပွဲမှာ ကိုယ်ခါပြီး တုန်ကသလိုပါပဲ။ အဲဒီတော့မှ တို့လည်း ဗိုလ်ကြီး နတ်ပွဲကို သဘောကျနေတာ ကောင်းကောင်း သဘောပေါက်သွား တယ်။

ဗိုလ်မ ဆိုတာ လှုပ်တာကြည့်ရင်း တို့လည်း စိတ်လှုပ်ရှားမိတယ်။ တို့ ကြိုက်တဲ့ အဆိုအတီးတွေ၊ အကတွေပဲ။ တို့အိပ်ရာဝင်တော့ စဉ်းစားစရာတွေ ရလာတယ်' ဟူ၍ 'အပြော'နှင့် ဖော်ပြသည်။

(ဂ) အပြည့်အပြော

ဘိုးလေးနှင့် သူ့ဧည့်သည် နိုင်ငံခြားသား ပါမောက္ခတို့ ပြောဆိုဆွေးနွေး ကြပုံကို အပြည့်ပ်၍ ပြောပြသည်။

'ပါမောက္ခက ငှက်ပျောကြော်ကို စားပြီး 'သိပ်အရသာရှိတာပဲ' လို့ ပြောရင်း 'ဒစ္စကိုတို့၊ ရော့အင်ရိုးတို့ အစရှိတဲ့ ဆိုင်းချက်(ရစ်သမ်ပုံစံ)မျိုးတွေဟာ ခင်ဗျားတို့ပြည်မှာ ကျွန်တော်တို့ အနောက်ထက်စောပြီး ရှိနေတာပဲ။ နတ်သီချင်း တွေ ဘယ်ခေတ်လောက်က ပေါ်တယ် ထင်သလဲ' လို့ မေးလိုက်သည်။

'နတ်ရဲ့ ဝိညာဉ်က ဝင်ပြီး၊ သီဆို ကခုန်တယ် ဆိုတာ ဟုတ်ပါသလား'

ဘိုးလေးက ခေတ္တငြိမ်သက်နေတယ်။ ပြီးနောက် တို့ နားမလည်တဲ့ စကားလုံးတွေနဲ့ ပြောကြတယ်' ဟူ၍ ဖြစ်သည်။

ဘိုးလေးတို့ခေတ်၊ ဖေဖေ မေမေတို့ခေတ်၊ သူတို့ခေတ်မှာ ခေတ်ချင်း မတူသောကြောင့် အယူအဆချင်း၊ အကြိုက်ချင်း၊ ခံစားမှုချင်း ကွာဟနေသည်မှာ သဘာဝကျနေသည်ဟု ဘိုးလေးက ပြောကြောင်း ပြောပြပြီး -

'တစ်ခု တို့ဘိုးလေးနဲ့ သွားတူတာ သွားတွေ့တယ်။ စိတ်တောင် မကောင်းဘူး။ တစ်နေ့က တို့အင်္ဂလိပ်စာ လေ့ကျင့်ခန်းလုပ်နေတုန်း ဘိုးလေးတို့ စားပွဲနား ရောက်လာတယ်။ တို့က အပြင်က ဆရာတစ်ယောက်ဆီမှာ ကျူရှင် ယူနေတယ်လေ။ ဘိုးလေးက အင်္ဂလိပ်ဘာသာ သင်ခန်းစာများ ဆိုတဲ့ စာအောက်က 'ဗြိတိသျှဘားမား စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည် ၁၉၂၃' ဆိုတဲ့ စာလုံးကို ဖတ်ပြီး 'အဲဒါ ဘိုးလေးတို့ငယ်ငယ်က သင်တဲ့စာအုပ်ပေါ့။ ကောင်းတယ်၊ ကြိုးစား' လို့ ပြောပြပြီး ပြုံးနေတယ်။

ခါတိုင်း ဘိုးလေးတို့ခေတ်က ဘိုးလေးတို့ခေတ်က လို့ပြောရင် တို့က လည်း '၁၈ ရာစုနှစ်က ဟာတွေပါ။ အခုခေတ်က ၂၀ ရာစုခေတ်' လို့ ချက်ချင်း ပြန်ပြောချလိုက်တာပဲ မဟုတ်လား။ အခုတော့ တို့ဘာမှ ပြန်မပြောနိုင်ဘဲ ငြိမ်နေတုန်း၊ အပြတ်ချေဖို့ စကားလုံး ရှာနေတုန်းပေါ့လေ။ တို့ကပဲ ဘိုးလေးတို့ ၁၈ ရာစုခေတ် ရောက်သွားပြီလား၊ ဒါမှမဟုတ် ဘိုးလေးကပဲ တို့ ၂၀ ရာစု ခေတ် ရောက်လာပြီလား။ တစ်ခုခုတော့ တစ်ခုခုပဲ' ဟူသော အပြောထဲမှ စကားများသည် ဝတ္ထုတိုစာသားများကို ယုတ္တိတန်စေပါသည်။

ဆန်ဖရန်စစ္စကိုရောက် မြသီတာထံသို့ ပေးပို့သော မြန်မာပြည်ရှိ မြန်မာမိန်းကလေးတစ်ဦးတွင်လည်း အနောက်ရနံ့ သင်းနေသည်ကို ခံစား နားလည်လာရပါသည်။ ရုပ်ပိုင်းဆိုင်ရာတို့ ဖွံ့ဖြိုးတိုးတက်ခြင်းကို ခေတ်မီသည် ဟု ခေါ်မလား၊ အတွေးအခေါ် အယူအဆတို့ အသုံးဝင် အရာရောက်ခြင်းကို ခေတ်မီသည်ဟု ခေါ်မလား ဟူသည့် စဉ်းစားစရာ အတွေးစကို ချန်ထားခဲ့ သည်။

၂။ မောင်ကျော်သာ(ပဲခူး)၏ တောင်တန်းပြာပုံပြင်

၁၉၈၄ ခုနှစ်၊ ဩဂုတ်လထုတ် မိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုတို ဖြစ်သည်။ ဘဝအမြင်၊ လောကအမြင်နှင့် တိုင်းချစ် ပြည်ချစ်စိတ်တို့ကို သိမ်မွေ့စွာ ထည့်သွင်းဖော်ပြထားသည်။ ကြီးကျယ်ခမ်းနားသော စကားကြီး

စကားကျယ်များ တစ်လုံးမျှ မသုံးဘဲ မိဘမေတ္တာ၊ မျိုးချစ်စိတ်ကို ပေါ်လွင်စေသည်။ ဂေါ်ရခါးလူမျိုးတို့၏ လောကတစ်စိတ်တစ်ပိုင်း ဖြစ်၍ အကြောင်းအရာဆန်းသစ်သည်။ သုတအသိ ရလိုမှုကိုလည်း နှိုးဆွထားသည်။ လိုအပ်သည်ဟုထင်သော နေရာတွင် ဂေါ်ရခါးလူမျိုးတို့၏ ဘာသာပြန်ပြထားသည့်အတွက်ကြောင့် အသင့်ယုတ္တိ ရှိစေမှုကို အထောက်အပံ့ ပေးသည်။

(က) ရှုထောင့်

ဂေါ်ရခါးကုလားမက သူ့ခင်ပွန်း သာဂျူးကို တိုင်တည်ပြီး ပြောပြနေဟန် ရေးသားထားသဖြင့် ကိုယ်တိုင်ပြော ရှုထောင့် ဖြစ်သည်။ ဂေါ်ရခါးမလေး၏ အမည်ကို ဇာတ်လမ်းဆုံးခါနီးမှ သိရသည်။ အခြား ဇာတ်ကောင်က သူ့အား ခေါ်လိုက်ပုံကို ထည့်ရေးထားသောကြောင့် သိရခြင်း ဖြစ်သည်။ သူ တိုင်တည်ပြောပြနေသော ကွယ်လွန်သူ ခင်ပွန်းသည်ကို 'နင်'၊ သူ့ကိုယ်သူ 'ငါ' ဟူသော နာမ်စားကို သုံးပြီး ရေးသားထားသည်။ ဇာတ်လမ်းကို တောက်လျှောက် ပြောပြသွားသည်။ ထိုသို့ ပြောရာတွင် သာဂျူးနှင့် အခြားဇာတ်ဆောင်တို့၏ ပြောစကားကို ညှပ်၍ ရေးထားပါသည်။ ထို့ကြောင့် ဇာတ်လမ်းသည် အသက်ဝင်လာကာ အသင့်ယုတ္တိ ရှိလာပါသည်။

(ခ) အပြော

'တောင်နေကြာတွေ ပွင့်တော့မယ် သာဂျူး၊ မိုးကုတ်ပတ်လည်က တောင်တန်းတွေမှာ တောင်နေကြာတွေ ပွင့်လာကြတော့မယ်။ ဒီဇင်ဘာ ဆိုရင်တော့ တောင်တန်းတွေဟာလည်း တောင်နေကြာတွေနှင့် ဝါဝါထိန်ရောပေါ့။ နင်နဲ့ ငါ စတွေ့တာကလည်း ဒီဇင်ဘာမှာ မဟုတ်လား' ဟူ၍ ပြောပြထားပါသည်။

အပြောသက်သက် ဖြစ်ပါသည်။

ဘဝပေး အခြေအနေချင်း သိပ်မကွာခြားလှသော သူတို့နှစ်ယောက်အကြောင်းနှင့် လက်ထပ်ကြသည့် အကြောင်းကို-

'နင်ရော ငါပါ ချမ်းသာတဲ့ မိဘက မွေးလာတာ မဟုတ်ဘူး။ ငါ့အဖေက အစိုးရဝန်ထမ်း ကျောင်းဆရာ၊ အမေက တစ်ခါတလေ ကျောက်

အရောင်းအဝယ် လုပ်ပေမယ့် မစွံပါဘူး။ နင်ကတော့ အဖေ မရှိတော့ဘူး။ မုဆိုးမ မိခင်နှင့် နေရတာ။ ပြီးတော့ နင်က အစိုးရကျောင်းတွင်းက နေ့စား အလုပ်သမား၊ ဒါတောင် နင့်အမေ ကုန်စိမ်းရောင်းတာရယ်၊ နင့်အတွက် အစိုးရ ကျောင်းတွင်းက ခွဲတမ်းဆန်ရတာရယ်ကြောင့် နင်တို့အဆင်ပြေနေသေးတာ မဟုတ်လား။ ဒီတော့ ဘုရားကျောင်းမှာပဲ လက်ထပ်နိုင်တာဟာ ငါတို့အဖို့ ဆန်းသလား။ အဲဒီနေ့က တောင်နေကြာတွေ ပွင့်တဲ့နေ့၊ ခရစ္စမတ်ပွဲတော်အပြီး ဒီဇင်ဘာ ၂၉ ရက်' ဟူ၍ ပြောပြပါသည်။

ဂေါ်ရခါးလူမျိုး ဖြစ်သော်လည်း မြန်မာပြည်ကို ချစ်စိတ်ရှိကြောင်း ဖော်ပြရာတွင်လည်း-

'ကျောင်းနေတုန်းကတော့ သတင်းစာ ဖတ်ဖြစ်တယ်။ ဒီထဲမှာ အခြား နိုင်ငံတွေဆို တော်မွတ်ခေါင်းပါးလို့ သေရတဲ့လူတွေ အပုံ၊ ဒါပေမဲ့ ငါတို့ မြန်မာ ပြည်မှာ တော်လို့ သေတယ် ဆိုတာကို မကြားဖူးပါဘူးဟာ။ ငါတို့ အများကြီး ကုသိုလ်ကံ ကောင်းပါတယ်' ဟူသော အပြောနှင့် ဖော်ပြသည်။

ဂေါ်ရခါးမလေး၏ ဘဝနေနည်း အတွေးအမြင်မှာ အံ့သြချီးကျူးစရာ ကောင်းလှသည်။ ရိုးစင်းသော အတွေးအမြင်နှင့် လေသံတို့က မြန်မာတိုင်းရင်း သား မဟုတ်သော ဂေါ်ရခါးမလေး၏ ရိုးသားမှုပင် ဖြစ်သည်။

'ကြီးကျယ်တယ်လို့ မထင်နဲ့ သာဂျူး၊ နင့်အလုပ်ကြီးကို ခွင့်ပြုထားရ ပေမယ့် ငါ့အဖို့တော့ သိပ်သဘောမကျပါဘူးဟာ။ မြေရှိတယ်၊ နင့်မှာ အရင်း အနှီး ရှိသင့်သလောက် ရှိတယ်။ စားဖို့သီးနှံတွေ စိုက်စမ်းပါ။ မနှစ်ကဆို လွတ်မဟာဒူးတို့ ကြက်သွန်ဖြူ ပိသာချိန် တစ်ထောင်ကျော် ရတယ်။ ကြက်သွန် ဖြူ တစ်ပိသာကို ငွေသုံးဆယ် ဆိုတော့ ကြက်သွန်ဖြူ ပိသာတစ်ထောင်ကို ငွေသုံးသောင်းပဲ။ အေးလေ- စိုက်သူများရင် ဈေးကျမယ်၊ ဈေးကျတော့ ဝယ်စားရတဲ့သူ သက်သာတာပေါ့။ အဓိက စားဝတ်နေရေးပါဟာ။ စိုက်လို့ရ လျက်သားနှင့် လူတွေဟာ မစိုက်တော့ အစားအသောက်က ဈေးကြီးလာ တယ်။

နင်တို့လိုသာ ကျောက်တူးပြီး ပိုက်ဆံနဲ့ပဲ ဝယ်စားမယ် ဆိုတဲ့ လူတွေ သာ မိုးကုတ်တစ်မြို့လုံးမှာ ရှိကြည့်။ အားလုံးဟာ တော်ပြီး သေကုန်မယ် ဆိုတာ ငါ ပြောရဲတယ်။ ကမ္ဘာပေါ်မှာ အစားအစာ မရှိခဲ့ရင် အဲဒီ ကျောက်တွေ

ဟာ ထိုင်စားလို့ မရပါဘူး။ ဒီတော့ ရသင့်သလောက် အရင်းအနှီးရရင် လုပ်သင့်တဲ့ ခြံကိုပဲ ကြိုးစားပြီး လုပ်စေချင်တယ်။

လုံထိန်းတပ်က လာဖမ်းလို့ ပြေးရ လွှားရ၊ တောင်ပြိုလို့ သေရ၊ ဖမ်းမိသွားလို့ ထောင်ကျရဆိုတဲ့ အန္တရာယ် မရှင်းတဲ့ အလုပ်ကို ကျီးလန့်စာစား လုပ်ရမယ့်အစား စိတ်အေးလက်အေး အလုပ်ကိုပဲ လုပ်စေချင်တယ်။ ဟွန်ဒါ မစီးရတာထက် ထမင်း၀၀ စားဖို့က အရေးကြီးပါတယ်။ ငါးရာတန်၊ တစ်ထောင်တန်၊ ဂျင်းကုတ် တစ်ထည်ကို ၀တ်နိုင်ဖို့ထက် ရာသီဥတုဒဏ်ကို ခံနိုင်မယ့် လေဘေး အဟောင်းဆိုင်က ခြောက်ဆယ့်ငါးကျပ်တန် ကုတ်အင်္ကျီတစ်ထည် ၀တ်နိုင်ရုံနဲ့ ပြီးပါတယ်။

'လောကမှာ ဘာဟာအရေးကြီးဆုံးလဲ ဆိုတဲ့ အချက်ကို လူတွေသိရင် အဲဒီနေ့က စပြီး အားလုံးဟာ ငြိမ်းချမ်းသာယာလာမှာပါ' ဟူသော 'အပြော'မှ ဂေါ်ရခါးမလေး၏ စရိုက်၊ သာဂျူး၏ စရိုက်ကို မြင်သာစေပါသည်။ မှန်ကန်သော အတွေးအမြင် ရှိသော ဂေါ်ရခါးမလေး၏ တာ၀န်သိစိတ်ကို-

'နင့်အမေဟာ နင်ငယ်ငယ်ကတည်းက နင့်အဖေ ဆုံးပေမယ့် အိမ်ထောင် ထပ်မပြုရှာဘူး။ ပြီးတော့ နင့်အမေက ဖွဲ့ရှိတယ်။ စိတ်ကောင်းရှိတယ်။ ပြည့်၀တယ်။ အပင်ပန်းခံနိုင်တယ်။ နင်နဲ့ လက်ထပ်ပြီး နင်တို့အိမ်မှာ လိုက်နေကတည်းက နင့်အမေဟာ ငါ့ကို သမီးအရင်းလိုပဲ ချစ်တယ်။ ငါ မွေးလာတဲ့ သားသမီးတွေအတွက် ရှာဖွေကျွေးမွေးဖို့ မိခင်တစ်ယောက်ရဲ့ တာ၀န်၀တ္တရား ရှိတယ်လေ။ သားသမီးတွေကို ရှာဖွေကျွေးမွေးတဲ့ နေရာမှာ တစ်ယောက်တည်းကိုပဲ အားကိုးမနေနိုင်ဘူး' ဟူ၍ အပြောဖြင့် ဖော်ပြထားသည်။

နိဂုံးတွင် ပြောသွားသော အပြောမှာလည်း တစ်ဖက်သား ရင်ထဲသို့ ထိုးဖောက် စူးရှသွားနိုင်သော 'အပြော' ဖြစ်ပါသည်။

'နို၀င်ဘာလ ၂၇ ရက်နေ့ကပဲ နင့်ရဲ့တတိယမြောက် ရင်သွေးငယ်ကလေးတစ်ယောက်ကို ငါ မွေးခဲ့ပြန်တယ်။ အကယ်၍သာ သည်ကလေး ကြီးလာလို့ သူ့အဖေအကြောင်းကို မေးလာခဲ့ရင် လှပတဲ့ တောင်တန်းတွေရဲ့ အောက်က အကျည်းတန်တဲ့ နင့်ရဲ့အဖြစ်ကို ငါ ဘယ်လို ပြောပြရမလဲ ဆိုတာ အသည်းကျွမ်းတမျှ စဉ်းစားနေရတုန်းပါပဲ' ဟူ၍ ဖြစ်ပါသည်။

မတော်လောဘဖြင့် ကျောက်တွင်းနိုးတူးပြီး တောင်ပြို ပိသေသွားရသည့် ဖခင်ဖြစ်သူ၏ အကြောင်းကို ရှောင်ရဲပြီး သမ္မာအာဇီဝဖြင့် အသက်ရှင်လိုသူ မိခင်က မပြောချင်သည်မှာ သဘာဝကျလှပေသည်။

(ဂ) အပြည့်ပ် အပြော

သာဂျူး အလုပ်ပြုတ်လာသည့် အကြောင်းကို ဖော်ပြရာတွင် သာဂျူး ပြောသော စကားပြောများကို ညှပ်၍ ရေးထားသည်။

'အဲဒီညက နင် အရက်တွေ သိပ်မူးလာတယ်။ အိပ်ရာထဲကို ငါ တွဲပို့တော့ 'မလိုက်ကမ်းဖူးကာသီလ်ယို' (ငါ့ကို အလုပ်ဖြုတ်ပစ်လိုက်ပြီ)လို့ နင်ပြောတယ် မဟုတ်လား။ 'ဘာဖြစ်လို့ အလုပ်ဖြုတ်ပစ်လိုက်တာလဲ' လို့ ငါက မေးတယ်။ 'အလုပ်မဆင်းတာ ကြာလို့' လို့ နင်က ပြောတယ်။ အိပ်ရာထဲ ဝင်ပြီး တစ်အောင့်ပဲ ကြာတယ်။ နင် အန်တယ်။ ပြီးတော့ နင် ငိုတယ်။ 'အလုပ်က ထုတ်ပစ်လိုက်တာပဲ နင် ငိုစရာလား' ငါက ဆိုတယ်။ နင်ကတော့ ဆက်ငိုနေတာပဲ။ ဒါက နင် မှားတာလေ။ အစိုးရအလုပ်ဆိုတာ ကိုယ့်အလုပ်လို မလုပ်ချင်ဘဲ၊ မသွားချင်ဘဲ ရမလား။ အစိုးရအလုပ်ဆိုတာ အချိန်နှင့်၊ အခါနှင့်၊ တာဝန်နှင့်။ အေးလေ နင်ကလည်း နင်ပါပဲဟာ။ ခုတစ်လော ဓာတ်တော်မှာ နိုးတွင်းချနေလို့ နင် အလုပ်ပျက်တယ် မဟုတ်လား' ဟူ၍ ဖြစ်သည်။

ခင်ပွန်းသည်ကို ချစ်မြတ်နိုးသော်လည်း သူ့အလုပ်ကို သဘောမကျသော ဂေါ်ရခါးမလေး၏ ဘဝဒဿနအမြင်ကို ဖော်ပြရာတွင် ခင်ပွန်းသည်၏ စကားပြောကို ညှပ်သုံးထားသည်။

'မျှော်လင့်ချက် ဆိုတာ ကြီးကြီးမားမား မထားရတော့ဘူးလား လို့ နင်က မေးတယ်။ မျှော်လင့်ချက် ဆိုတာ ထားရပါတယ်။ ဒါပေမဲ့ မျှော်လင့်ချက် ဆိုတာ ရောဂါတစ်မျိုးပဲ ဆိုတာကိုတော့ ငါ သိနေသလိုပဲ။ မျှော်လင့်ချက် ဖောက်ပြန်လာရင်၊ လောဘဖြစ်လာပြီ ဆိုရင်တော့ လူဟာ ဒုက္ခများဖို့သာ ပြင်ပေတော့ပဲ' ဟူ၍ ဖြစ်သည်။

သာဂျူး ဆုံးသည့်အကြောင်း လာပြောသူ၏ 'စကားပြော' ညှပ်ပြီး ပြောထားသည့် 'အပြော'မှာ -

သားတစ်ယောက်တည်းသာ ရှိတဲ့ နင့်အမေဟာ ဒီသတင်းကို ကြား

ကြားချင်းပဲ မေ့မြောသွားရှာတယ်။ ကိုယ်ဝန်ကြီးနဲ့ ငါကတော့ ဘာလုပ်ရမှန်း မသိအောင်ကို ရင်ထဲမှာ တစ်ဆို့ပြီး အရာရာကို မေ့လျော့နေတယ်လေ။ သတင်း လာပေးတဲ့ မန်းမဟာဒူးကတော့ 'သတိထားပါ ဘိန်းနီ၊ သတိထားပါ'နဲ့ အတန်တန် ပြောနေတယ်။

မနက်က အလုပ်မသွားခင်တောင် နင်ဟာ သမီးကြီး 'သီးသေးဖူးလ်' ကို နမ်းသွားသေးတယ် မဟုတ်လား။ ပြီးတော့ ငါ ချက်ထားတဲ့ ထမင်းနဲ့ ဟင်းကိုလည်း အဝစားသွားသေးတယ်။ နင့်အမေ သောက်ရေ ဆွဲနေတော့ နင်က ရေအိုးကို ယူပြီး ရေဆွဲပေးခဲ့တယ်။ ဩော်-ခုတော့လည်း နင်ဟာ ငါတို့ဆီကို ဘယ်တော့မှ ပြန်မရောက်လာနိုင်တဲ့ လမ်းကို ထွက်သွားပါပြီလား။ အိပ်မက်တွေ မဟုတ်ဘူး ဆိုတာ ငါသိတယ်' ဟု ပြောပြသည်။

သာဂျူးသည် သားသမီးကို ချစ်တတ်သူ၊ မိဘကို ချစ်တတ်သူ ဖြစ်သည်။ ထို့ကြောင့် လောဘတက်ရသော သဘောကို မြင်လာရပါသည်။ ဤဝတ္ထုတိုသည် အောင်သင်း၏ အကြိုက်ဆုံး ဝတ္ထုတိုများထဲမှ တစ်ပုဒ် ဖြစ်သည်။

အောင်သင်းက -

'အထူးသဖြင့် ကျွန်တော် နှစ်သက်ရသော အချက်များမှာ-

(၁) လူအများ သတိပြုမိခြင်း မရှိသေးသော လောကစိမ်းတစ်ခုကို ရှာဖွေတတ်ခြင်း၊

(၂) သုတသိလိုစိတ်ကို အခြေခံ၍ မက်လုံးပြုကာ စာဖတ်သူကို ဆွဲဆောင်နိုင်ခြင်း၊

(၃) ဇာတ်လမ်း၊ ဇာတ်ဆောင်နှင့် လိုက်ဖက်အောင် ရေးဟန်လေသံကို အသုံးပြုတတ်ခြင်း၊

(၄) ဘဝအမြင်၊ လောကအမြင်နှင့် တိုင်းချစ် ပြည်ချစ်စိတ်တို့ကို သိမ်မွေ့စွာ ထည့်သွင်းပေးတတ်ခြင်းတို့ပင် ဖြစ်ပါသည်' ဟု ဆိုပါသည်။

ဤအချက်များ ပေါ်လွင်အောင် အပြောနည်းနှင့် အပြည့်ပ် အပြောကို လိုအပ်သလို သုံးထားသည်။ စာရေးဆရာ၏ ဇာတ်ဆောင် သရုပ်ဖော်မှု အတတ် ပညာကိုလည်း ချီးကျူးသင့်ပေသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၁၅၊ ဇူလိုင်လ၊ ၂၀၀၀။

* * *

လင်းလွန်းခင်စာပေ

သိစိတ်စီးကြောင်းနှင့်

သိစိတ်စီးကြောင်း သဘောတရားကို ကမ္ဘာ့စာပေလောကတွင် အရေး တယူ ပြောဆိုရေးသားကြသကဲ့သို့ မြန်မာစာပေလောကတွင်လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင် ကာလများမှစ၍ ပြောဆို ရေးသားလာကြသည်ကို တွေ့ရ သည်။

ဝတ္ထုတို့ထဲတွင် ဇာတ်ဆောင်သည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ 'လူ'ကို ကိုယ်စားပြုပါသည်။ စိတ်နှင့် ရုပ်ကို ပေါင်းစပ်ထားသော လူ၏ အတွင်းစိတ် (သိစိတ်)သည် အလွန် အရေးပါလှသည်။ သိစိတ်သည် ရေစီး ကြောင်းသဖွယ် စီးမျောနေပုံကို ဖော်ပြထားသော ဝတ္ထုထဲမှ ဇာတ်ဆောင်၏ ခံစားချက်၊ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်များကို သိနိုင်သည်။ စာဖတ်သူက လည်း ထပ်ဆင့်ခံစား၍ လွတ်လပ်စွာ စီးမျောခွင့်ကို တွေ့ရသည်။

သိစိတ်စီးကြောင်း သဘောတရား

ဝတ္ထုတို့တွင် ဇာတ်ဆောင်၏ ပြင်ပသွင်ပြင် လှုပ်ရှားမှုများကဲ့သို့ပင် အတွင်းစိတ်၏ အခန်းကဏ္ဍသည်လည်း အဓိက ကျလှသည်။ စိတ်က ရှေ့ဆောင် သည့်အတိုင်း ကိုယ်က ပြုမူ ကျင့်ကြံကြသည်။ တစ်ခါတစ်ရံ စိတ်နှင့် ကိုယ် ပြောင်းပြန် ဖြစ်နေသည်လည်း ရှိသည်။ အများအားဖြင့် စိတ်နှင့် ကိုယ်သည် တိုက်ရိုက် ပတ်သက်လျက် ရှိသည်။ 'သိစိတ်စီးကြောင်း'ကို အချို့က 'သိစိတ် အလျဉ်'၊ 'သိစိတ်အစဉ်'ဟု သုံးသည်။ ဇာတ်ဆောင်၏ စိတ်အစဉ်ကို အလျဉ် မပြတ်အောင် ဆက်၍ ရေးဖွဲ့ထားသော ဝတ္ထုမျိုး ဖြစ်သည်။

ဒေးဗစ်လော့ဂ်က-

'ဇာတ်ဆောင်၏ စိတ်အတွေးအာရုံများ အစဉ်မပြတ် စီးဆင်းခြင်း' ဟု ဖွင့်ဆိုပါသည်။

ဝိလျံဟာမွန်နှင့် စီဟာ့ဂျ်ဟို(လ်)မန်တို့၏ 'စာပေလက်စွဲ' စာအုပ်တွင်-

'စိတ်အလျဉ် ဝတ္ထုသဘောကို ဖြစ်တည်ဆဲ တစ်ခဏအတွင်း တစ်ကိုယ်တော် စိတ်စီးဆင်းခြင်းကို ဖော်ပြသည်။ မဆုံးနိုင်သော စိတ်လှုပ်ရှား ချောက်ချားခြင်းများ၊ မမေ့နိုင်မှု အတွေးများ၊ နားလည် သဘောပေါက်ခြင်းများ အားလုံး တစ်ပြေးညီ ဖြစ်၍ စိတ်ကျေနပ်ရောင့်ရဲခြင်းတို့ ပေါင်းစပ် စီးမျော ပါဝင်ထားသည့်အရာ' ဟုဖွင့်ဆိုသည်။

နတ်နွယ်က-

'စိတ်အလျဉ် ရေးဖွဲ့နည်းသည် အခြင်းအရာ၊ အဖြစ်အပျက်များကို သူ့အစီအစဉ်အတိုင်း ဇာတ်လမ်းသဘော စနစ်တကျ တည်ဆောက် ရေးသားခြင်းမျိုး မဟုတ်ဘဲ ဇာတ်ဆောင်တစ်ဦးချင်း၏ စိတ်ထဲတွင် ဖြစ်ပေါ်လာသော တုံ့ပြန်မှု၊ အမှတ်ရမှု၊ ဆင်ခြင်သုံးသပ်မှု၊ ထိခိုက်ခံစားရမှုများကို စီးဆင်းဖြစ်ပေါ်နေသည့်အတိုင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ အတွင်းစိတ် လှုပ်ရှားမှုကို အခြေပြုသော စိတ္တဗေဒ ရေးဖွဲ့နည်းတစ်ခုပင် ဖြစ်သည်။ စိတ်အလျဉ် ရေးဖွဲ့နည်းတွင် ကဗျာလင်္ကာ ဖွဲ့ဆိုရာ၌ အသုံးပြုသော နိမိတ်ပုံနှင့် သင်္ကေတများကို အထူးတွေ့ရှိကြရသည်'

မိုးငြိမ်း၏ 'ဝတ္ထုတိုပေါင်းချုပ်' အမှာစာတွင် ထင်လင်းက-

'၂၀ ရာစု ခေတ်ဦးမှ စ၍ ယနေ့တိုင် ကမ္ဘာ့စာပေတို့တွင် တွေ့ရတတ်သော စိတ်ကူး အစဉ်မပြတ် ဆက်စပ်နေသော အကြောင်းအရာများကို ပေါ်လာသည့်အတိုင်း ရေးချသော စိတ်အလျဉ် ဝတ္ထုမျိုး' ဟုဆိုပါသည်။

ဟိန်းလတ်က-

'ဝတ္ထုထဲက ဇာတ်ဆောင်တွေဟာ သူတို့ဘဝရဲ့ ပြန်လည်တမ်းတမှုတွေ၊ အလိုဆန္ဒတွေ၊ စိတ်ဓာတ်ပျက်ပြားမှုတွေနဲ့ ပတ်သက်သမျှ ခံစားမှုတွေကို စီကာစဉ်ကာ မဟုတ်ဘဲ စိတ်ရဲ့အလျဉ်အတိုင်း ဖျတ်ခနဲ ဖျတ်ခနဲ ရေးပြသွားတာ စိတ်အလျဉ် ရေးနည်းပဲပေါ့' ဟု ဆိုပြီး ထိုနာမည်ကို စသုံးသူမှာ 'မေဆင်ကလဲ' ဆိုသည့် ဝေဖန်ရေးဆရာ ဖြစ်သည်ဟု ဆိုပါသည်။

ဟိန်းလတ်ကို အင်တာဗျူးသော မင်းသစ်က စိတ်အလျဉ် ရေးနည်းကို ကမ္ဘာမှာတော့ အဟောင်းထဲ ထည့်လိုက်ပြီဟု ဆိုပါသည်။ ဆမ်းမားဆက်မွန်က ထိုရေးနည်းကို သူ့ဝတ္ထုတိုကျမ်းထဲတွင် ပက်ပက်စက်စက် ပြောခဲ့ကြောင်းလည်း ပြောပါသည်။

တက်တိုးကလည်း ရှုမဝမဂ္ဂဇင်းတွင် 'ဝတ္ထု၏အင်အားစုများ' ဆောင်းပါး၌-

'စိတ်ကို သရုပ်ဖော်သည့်အခါ စိတ်ပညာကို အသုံးပြုရသည်။ စိတ်ပညာဆရာကြီး ဝီလျံဂျိမ်း (အမေရိကန်)က စိတ်ကို သရုပ်ဖော်နည်း တစ်နည်းကို အမည်ပေးလိုက်သည်။ လူ၏ ဆန္ဒ၊ စေတနာ၊ မျှော်လင့်ချက်၊ ယုံကြည်ချက်၊ ခံယူချက် စသည့် စိတ်မှဖြာထွက်လာသော စိတ်ကို ခြယ်လှယ် ဖန်တီးတတ်သော အရာ (စေတသိက်) တို့ကို စိစစ်လေ့လာသုံးသပ်၍ ဖော်ပြခြင်းဖြင့် ယင်းပုဂ္ဂိုလ်၏ စိတ်အခြေအနေတို့ကို ပေါ်လွင်စေသောနည်း' ဟု ဖွင့်ဆိုထားသည်။

'သိစိတ်အလျဉ်' ဇာတ်ကောင်နှင့် ပတ်သက်၍ မြင့်အောင်က-

'သရုပ်မှန်သည်ထက် မှန်ရန် လူကို ဗဟိုပြု၍ ချဉ်းကပ်ရာတွင် အတွင်းထဲ နက်နက်ရှိုင်းရှိုင်း ဝင်ပြီး ဖန်တီးဖော်ပြနိုင်ရန် ဇာတ်ဆောင်၏ ဘဝအမြင်၊ လောကအမြင်၊ သမိုင်းအမြင်တို့ကို ထိုဇာတ်ဆောင်၏ တစ်သီးပုဂ္ဂလ သိစိတ်တွင်းမှတစ်ဆင့် ဖော်ပြရန်အတွက် သိစိတ်အလျဉ်နည်းကို သုံးစွဲပြီး သိစိတ်အလျဉ် ဇာတ်ကောင်များကို ဖန်တီးလာကြခြင်း ဖြစ်သည်' ဟုရေးခဲ့ပါသည်။

'ဝတ္ထု၏အစိတ်အပိုင်းများ' စာအုပ်တွင် 'မာရျော်ရီဘော်လ်တန်'က-

'ဇာတ်ဆောင်၏ စိတ်ကို ဖြတ်၍ ထပ်မံပြန်လည်တင်ပြရန် ကြိုးပမ်းခြင်း 'သိစိတ်အလျဉ်' ရေးနည်းဖြင့် ဇာတ်ဆောင်စရိုက် ဖော်ပြချက်' ဟု ဆိုထားပါသည်။

စိုးမင်းဦးက-

'အာရုံတစ်ခုနှင့်တစ်ခု မည်သို့ မြန်မြန်ဆန်ဆန် ပြောင်း၍ ပြောင်း၍ သွားသနည်း၊ အာရုံတစ်ခုနှင့် တစ်ခု၊ တစ်နေရာနှင့် တစ်နေရာ၊ ရှေ့စိတ်ကို နောက်စိတ်က လိုက်၍ သိနေသည်ကို ကြည့်သည်' ဟုဆိုသည်။

သိစိတ်စီးကြောင်းနည်းတွင် အခိုက်အတန့် ဖြစ်တည်မှုသဘော ပါဝင်သည်။

ထိုသဘောကို ဆရာဇော်ဇော်အောင်က ဂျိမ်းဂျွိုက်၏ 'ပွင့်လင်းမှု သဘောတရား' ဟု ဖွင့်ဆိုပါသည်။

ဟိန်းလတ်က 'အခိုက်အတန့် ဖြစ်တည်မှု' ဟုဆိုပါသည်။ မင်းခိုက်စိုးစန်က 'ဖျပ်ခနဲ လင်းလက်သွားတဲ့ အာရုံသဘောတစ်ခု' ဟု သုံးပါသည်။ အခိုက်အတန့် ဖြစ်တည်မှုနှင့် ပတ်သက်၍ တာရာမင်းဝေက-

'စိတ်ရဲ့ ဖျပ်ခနဲ လင်းပွင့်မှုလေးတွေကို ခေါ်တာပါ။ စိတ်ရဲ့ စက္ကန့်တံကလေး တဖျပ်ဖျပ် ခုန်တာကို စောင့်ဖမ်းတာပါ'ဟု ရှင်းလင်းအောင် ဖွင့်ဆိုပါသည်။ စာရေးသူကမူ စိတ်ကို အထူးသတိကပ်၍ ကြည့်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ရှာဖွေတွေ့ရှိနိုင်သော သဘောကို ပေးသော ဝတ္ထုတိုမျိုးဟု ဆိုချင်သည်။ လက်ဆုပ်လက်ကိုင် ပြ၍ မရသော၊ မည်သူမည်ဝါ ဖြစ်သည်ဟု လက်ညှိုးထိုးပြ၍ မရသော ဇာတ်ဆောင်၏ ခံစားမှုနှင့် လိုအင်ဆန္ဒ စသည်တို့ကို စိတ်ကယောက်ကယက် ဖြစ်လျှင် ဖြစ်သည့်တိုင် သိစိတ်ရွေ့လျားမှု နောက်သို့ စာဖတ်သူကလည်း အလိုက်သင့် လိုက်ပါစီးမျောရင်း လွတ်လပ်စွာ သဘောတူခွင့်၊ ကွဲလွဲခွင့် ရှိနိုင်သော ဝတ္ထုတိုမျိုးသည် သိစိတ်စီးကြောင်း ဝတ္ထုမျိုး ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် စိတ်အတွေး၊ စိတ်ခံစားမှုနှင့် စိတ်အာရုံ လွင့်ပါးမှုများကို လွတ်လွတ်လပ်လပ် ရေးဖွဲ့ခဲ့သူများမှာ ပြင်သစ်စာရေးဆရာ အက်ဒွပ်ဒူဂျာဒင်၊ အိုင်ယာလန် စာရေးဆရာ ဂျိမ်းဂျွိုက်နှင့် ဗြိတိသျှ စာရေးဆရာမကြီး ဗာဂျီးနီးယားဝုဖ်တို့ ဖြစ်သည်။ သိစိတ်စီးကြောင်း ရေးဖွဲ့သူများအဖြစ် ဂျိမ်းဂျွိုက်နှင့် ဗာဂျီးနီးယားဝုဖ်ကို လူသိများကြသော်လည်း ဂျွိုက်ကိုယ်တိုင်ကမူ သိစိတ်စီးကြောင်း အတတ်ပညာကို တွင်တွင်ကျယ်ကျယ် စားသုံးသူမှာ သူ မဟုတ်ပါဟု ဝန်ခံသည်။ သူ့ထက်အလျင် အနှစ်သုံးဆယ်လောက် စောပြီး ပြင်သစ်စာရေးဆရာ အက်ဒွပ်ဒူဂျာဒင်က We'll to the woods no more : ၁၈၈၇ စာအုပ်မှာ သုံးပြီးနှင့်ပြီ ဟုဆိုပါသည်။ သိစိတ်စီးကြောင်း အတတ်ပညာကို ပထမဦးဆုံး စတင်အသုံးပြုသူမှာ လော့ရင့်စတန်း ဖြစ်ပြီး အင်္ဂလိပ် စာရေးဆရာမကြီး ဒေါ်ရိုသီရစ်ချက်ဆန်နှင့် မာဆယ် ပရောက်စ်တို့မှာလည်း ဂျွိုက်စ်နှင့် ဝုဖ်တို့ထက်စောကြောင်း သိရသည်။ လော့ရင့်စတန်း၏ ထရစ္စထရမ် ရှန်ဒီဝတ္ထုကြီးမှာ ရေးဖွဲ့ပုံ ထူးခြားပြီး စိတ်လှုပ်ရှားမှုများကို စုစည်းဖော်ပြထားသည်။ နှောင်းခေတ်

စိတ်အလျဉ် စာရေးဆရာများ၏ ရှေးပြေးပုဂ္ဂိုလ်ကြီးဟုပင် ဝေဖန်ရေးဆရာများက အကဲဖြတ်ကြပါသည်။

ဂျူး၏ ချစ်သူဖတ်ဖို့စာအကြောင်း

ဝတ္ထုခေါင်းစဉ်အတိုင်းပင် စာတစ်စောင် ရေးထားသည်။ သို့သော် စာပို့သူ၏ အမည်မပါ။ ထို့ကြောင့် ဇာတ်ဆောင်သည် မည်သူမည်ဝါ မသဲကွဲပေ။ ဝတ္ထုတိုကို ဆုံးအောင် ဖတ်ပြီးမှ မိန်းမတစ်ယောက် ဖြစ်ကြောင်း သိရသည်။ အသက်အရွယ်၊ ရုပ်ရည်၊ ပညာအဆင့်အတန်း မသိရ။ (ဤစာကို ဖတ်ရန်ရည်ညွှန်းသူ) ကိုမူ ဝတ္ထုတိုထဲတွင် 'ကိုကို' ဟု နှစ်ခါသုံးထားသည်။

မိန်းမတစ်ယောက်က သူ ကြုံခဲ့ရသည့် အကြောင်းအရာများကို စိတ်ထဲတွင် ထပ်မံ၍ ခံစားရင်း သူ့ဘဝ၊ သူ့အယူအဆနှင့် ခံစားချက်များကို တင်ပြထားသည်။ စိတ်ကူးထဲတွင် သိစိတ်စေစားရာအတိုင်း အစဉ်မပြတ် တွေးနေခြင်းဖြစ်၍ လွတ်လပ်သည်။ တကယ့်အစစ်အမှန် ဘဝတွင် ချမပြောရဲသော ကိစ္စများကို ရဲရဲဝံ့ဝံ့ တွေးတောထားသည်။ အထူးသဖြင့် မြန်မာ့လူမှုဝန်းကျင်က အများလက်ခံထားသည့် စည်းမျဉ်းဥပဒေများနှင့် သဟဇာတ မဖြစ်မှုကို တွေ့ရသည်။ ထိုအရာတို့ကြောင့် လူသားတို့၏ စစ်မှန်သော စိတ်ခံစားမှုများကို စတေးပစ်လိုက်ရသည်ဟု ဆိုလိုချင်ဟန် ရှိသည်။ အလားတူကိစ္စမျိုး ကြုံနေကြပါလျက် ဟန်ဆောင်နေကြသော လူသား အများအပြား ရှိကြောင်း ထောက်ပြထားပါသည်။

'သွားကြမယ် မဟုတ်လားကွယ်၊ ထိုနေရာတွင် နှင်းများ ဖွဲ့သွန်းအပ်သော တောက်ပရွှန်းလက်သည့် မြက်ခင်းနုနုတွေ ရှိချင်ရှိနေလိမ့်မည်။ လူတွေကို အမြဲတမ်း ငုံ့ကြည့်၍ ရယ်ချင်နေတတ်သော ငုဝါပန်းခိုင်များ ရှိချင်ရှိနေမည်။ ခက်မာသော်လည်း အေးမြသော ဝါးကွပ်ပျစ်ကလေး ရှိချင်ရှိမည်။ အိုဟောင်းသော စားပွဲယိုင်ယိုင်ကလေးပေါ်၌ တည်ခင်းထားသော ခပ်ညှံ့ညှံ့ ထမင်းပွဲတစ်ခု ရှိချင်ရှိမည်။ သေချာသည်ကတော့ ထိုနေရာတွင် ဘာမျှ မရှိခြင်းနှင့် ဘာမျှ မဖြစ်ခြင်းကို လိုလားသော ဓမ္မတရား မရှိ။ လက်ထပ်စာချုပ် စသော စာရွက်စာတမ်းများ မရှိ။ ကောက်ကျစ်စဉ်းလဲသော မျက်လုံးများ မရှိ။ ကိုယ့်ထက် နိမ့်လျှင် အထင်သေး ရှုတ်ချတတ်သော၊ ကိုယ့်ထက်မြင့်လျှင် မနာလို

ဝန်တိုတတ်သော သဘောတရားမရှိ။ သွားကြရအောင်ပါနော်။ အဲသည် နေရာမှာ ငြိမ်းချမ်းမှုသည် မိုးစက်များ၌ ရောပါလာနိုင်သည်။ ထိုနေရာသို့ ရောက်လျှင်တော့ မိုးသည်းသည်းထဲမှာ နှစ်ယောက်အတူ လမ်းလျှောက်နိုင်သည်။ တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ဖြည်းဖြည်းလေး လျှောက်သွားကြမယ်နော်။ အလျှဉ်သိပ်မရှိလှသော ရေပြင်ကျယ်ကျယ်မှာ လှေကလေး တစ်စင်းရှိနေမည်၊ လှေငယ်ပေါ်တွင် ပျော်မောစွာ လဲလျောင်းရင်း ရေစီးနောက်သို့ ညင်ညင်သာသာလေး မျောလိုက်သွားမည်။ ကြယ်ရောင် မှိန်ပျပျ အလင်းရောင်တွင် ရေစီးသံသည် ရိုက်ခတ်လာလိမ့်မည်။ သို့မဟုတ်လျှင်လည်း ပွင့်ဖူးနေဆဲ တမာပွင့်တို့၏ မွှေးရနံ့အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက် အကြာကြီး ကြည့်၍ နစ်မျောနေနိုင်သည်။ သည်နေရာမှာလို မဟုတ်ဘူးလေ။

အဝေးမှာ ရှိနေမှ လွမ်းရစတမ်းလား။ မျက်နှာချင်းဆိုင် မြင်လွှာအောက်မှာ ရှိနေသူကို လွမ်းတယ်လို့ ပြောလို့ မရဘူးလား။ ပြောလို့ ရလျှင်တော့ ပြောချင်သည်။

ထိုခဏမှာပင် အာခေါင်ကို ခြစ်၍ အော်ဟစ်ဟန့်တားသော ဗူးရှရှ အသံပြာတို့သည် ဟိုအဝေးမှ တဖြည်းဖြည်း နီးကပ်လာသည်။ အို… သူတို့တစ်တွေ ရောက်လာကြတော့မည်။ သည်လိုပဲလားကွယ်။ သည်လိုနှင့်ပင် နှစ်ဦးသား ဝေးကွာကြရတော့မည်လား'

ဇာတ်ဆောင်သည် သူ ဖြစ်ချင်သော ဆန္ဒကို တမ်းတစိတ်ကူးနေရာမှ ဘဝဒဿနဆီ ဖျတ်ခနဲ ခုန်ကူးသွားပါသည်။ ကြည်နူးစရာ တွေးနေရာမှ စိုးရိမ်စရာဆီ ရောက်ရှိသွားပြန်သည်။ မဖြစ်နိုင်သော သူတို့နှစ်ဦး အခြေအနေကို ဘဝပြဿနာအဖြစ် တွေ့ရှိရပါသည်။

'ဤ ခါးသီးပူလောင်သော ခံစားမှုသည် အရှက်တရား ဖြစ်နိုင်၏။ ခပ်ဝေးဝေးမှ စွပ်စွဲချက်များ၊ ပြစ်မှုများ၊ ဒေါသများ၊ ဝန်တိုမှုများသည် လျင်မြန်စွာ နီးကပ်လာ၍ ခန္ဓာကိုယ်ကို တွန်းထိုးသည်။

နေစမ်းပါဦး။ တစ်စုံတစ်ယောက် ပိုင်ဆိုင်ပြီးသော အရာတစ်ခုကို အခြား တစ်စုံတစ်ယောက်က နှစ်သက်ခွင့်၊ စွဲလမ်းခွင့်၊ မိန်းမူးခွင့် မရှိတော့ပြီလား။ သည်အကြောင်းများကြောင့်ပင် လောကကြီး အဓိပ္ပာယ်မဲ့ခြင်း ဖြစ်နိုင်သည်။ စာချုပ်စာတမ်းများ၊ စည်းမျဉ်းသတ်မှတ်ချက်တို့ဖြင့် ဖွဲ့စည်းရသော

အိမ်ထောင်ရေးစနစ်သည် အချစ်နှင့် သိပ်မပတ်သက်လှသကဲ့သို့ အချစ်သည် အိမ်ထောင်ရေးစနစ်တွင် အံဝင်ခွင်ကျ ဖြစ်ချင်မှ ဖြစ်မည်ကို ဘယ်သူမှ လက်မခံနိုင်ကြတော့ဘူးလား။

ပြေးလေ ပြေးပါလား။ နောက်က လိုက်လာကြပြီ ထင်သည်။ 'လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သည်၊ အပြစ်ဒဏ်ပေးသင့်သည်' ဒေါသတရားများသည် နောက်က လိုက်လာကြဆဲ ဖြစ်သည်။ လူ့ကျင့်ဝတ် ဆိုသည်ကိုတော့ သိပ်ဂရုစိုက်စရာ မရှိဟု ထင်သည်။ လမ်းဘယ်နှပြ ကျော်ခဲ့ပြီလဲ မှတ်သားမထားမိ။ ဆံပင်တို့ လျော့ပြေလူးလွန့်နေသည်လား။ သတိလက်လွတ်လျက်ရှိသည်။ ယခုတိုင် မျက်ရည် မကျသေးဘူးလား။ သို့မဟုတ် မျက်ရည်တို့ ခန်းခြောက်သွားသည်လား။ စိတ်သည် တွယ်ရာမဲ့ဆဲ ဖြစ်သည်။

စာနာစိတ်မရှိဟု ဆိုချင်သည်လား၊ ဘာကို စာနာရမည်လဲ။ ကိုယ်ချင်းစာနိုင်ရန် အခြေအနေချင်းမှ မတူဘဲ၊ အခြေအနေ မတူသူနှစ်ဦး အကြားတွင် ကိုယ်ချင်းစာမှုဖြင့် အဖြေရရှိမည် မဟုတ်သည်ကို လက်ခံနိုင်ကြပါမည်လား'

ဤအဖွဲ့တွင် ဇာတ်ဆောင်၏ အရှက်တရားကို တွေ့ရသည်။ ဤသည်မှာ သိစိတ် ဖြစ်သည်။

ကြမ်းတမ်းသော စွပ်စွဲချက်များ၊ ပူလောင်သော ဒေါသများကို ဖြေရှင်းနှစ်သိမ့်ဖို့ မရှိသော်လည်း ဘာသာတရားက တားမြစ်ထားသော စည်းမျဉ်းတစ်ခုကို ချိုးဖောက်မိသည့်အတွက်တော့ ဘုရားရှင်ကို နည်းနည်း အားနာသည်။ သည်အတွက် အပြစ်ပေးမည် ဆိုလျှင်တော့ ခံယူရမှာပေါ့။ တခြား တစ်စုံတစ်ယောက်၊ (တစ်နည်းအားဖြင့်) တရားဥပဒေက အပြစ်ပေးလာမည် ဆိုလျှင်တော့ တင်းမာစွာ ငြင်းပယ်လိုက်ချင်သည်။ အပြစ်ပေးနေသူများ ကိုယ်တိုင်က အပြစ်ကင်းစင်ပါရဲ့လား။ ယုတ်စွအဆုံး၊ အလားတူ အပြစ်မျိုးပင် ကင်းစင်ပါရဲ့လား။ စာအုပ်ကြီးထဲက ဆိုသည်ကို သိပ်တော့ မယုံကြည်နိုင်။ သို့သော် စည်းမျဉ်း စသည်တို့နှင့် လုံးဝ မပတ်သက်သည်ကိုတော့ လက်ခံထားသည်။ လူသည် ကိုယ့်ဘဝကို (ကံကြမ္မာက လွဲလျှင်) ကိုယ်သာလျှင် ပိုင်သည်။ နေရစ်ခဲ့တော့ကွယ်။ အနီးအဝေး ဆိုတာ အချစ်မှာ မရှိဘူး။ ဘယ်လို ကြားခံနယ်မျိုးကမှ အချစ်ကို ပြောင်းလဲယိမ်းယိုင်စေမှာ မဟုတ်ပါဘူး။

ဝမ်းနည်းစွာ၊ နောက်ပြီး ယုံကြည်စွာ ခွဲခွာသွားပါရစေတော့။

ဤအဖွဲ့တွင် ဇာတ်ဆောင်က သူ့ကိုယ်သူ အပြစ်ရှိသူအဖြစ် လက်ခံထားသည့် သဘောကို တွေ့ရသည်။ ဘုရားရှင်မှလွဲ၍ မည်သူ အပြစ်ပေးခြင်းကိုမျှ မခံလိုကြောင်း ငြင်းထားသည်။ လူသားအားလုံး အပြစ်မကင်းသည့်သဘော၊ စိတ်ဖြင့် ပြစ်မှားမိတတ်ကြသည့် သဘောကို ထောက်ပြထားသည်။ ပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းကို မည်မျှပင် အာခံသော်လည်း ချစ်သူကို ခွဲခွာဖို့ ဆုံးဖြတ်ချက်က မြန်မာအမျိုးသမီးတို့၏ ထိန်းချုပ်စိတ်ကို လှစ်ပြနေသကဲ့သို့ ဖြစ်ပါသည်။ သိစိတ်သည် ထိန်းချုပ်စောင့်စည်းရမည့် သဘောတရားကိုလည်း ဖော်ပြရာရောက်ပါသည်။

ထို့ပြင် ပထမ၊ ဒုတိယ ဆိုသည်မှာ အချိန်အခါနှင့် အခြေအနေအပေါ်၌ ဖြစ်ပေါ်လာရသော ဝေါဟာရများသာ ဖြစ်သည်။ ဒုတိယ မဖြစ်ချင်သကဲ့သို့ ပထမ ဟူသည်မှာလည်း မလိုအပ်ပါ။ အချစ်၌ နိုင်းချိန်တွက်ဆပြီးမှ သတ်မှတ်ပေးရသော သဘောတရား မရှိရ။ အချစ်သည် အချစ်သာလျှင် ဖြစ်၍ နေရာကွက်လပ် မဟုတ်စေရ။

တစ်စုံတစ်ယောက်အတွက် အရာတစ်ခုသည် တန်ဖိုးကြီးနိုင်သော်လည်း အခြား တစ်ယောက်အတွက် အဓိပ္ပာယ် ရှိချင်မှ ရှိမည်'

ဟူသော ဇာတ်ဆောင်၏ ဘဝဒဿန အတွေးအခေါ်များကိုလည်း စိတ်စီးကြောင်းထဲတွင် ဟိုတစ်ကွက် သည်တစ်ကွက် တွေ့ရတတ်သည်။

'အော့နှလုံး နာစရာကောင်းသော ပါးစပ်များအကြားမှာ နေလို့ပျော်ပါရဲ့လား။ အိမ်ထောင်ရေးသက်တမ်းမှာ အဆင်မပြေစရာ တွေ့လျှင် ဘယ်ကိုများ ခဏသွားနိုင်မှာလဲ။ ရုပ်ရှင်ကြည့်ပါ။ ကြက်တောင်ရိုက်ပါ။ ဂီတာတီးပါ။ နည်းနည်းတော့ အနေရ အထိုင်ရခက်မှာပေါ့နော်။ လျှို့ဝှက်ကောက်ကျစ်၍ ဝိုင်းရံ စောင့်ကြည့်နေကြသော မျက်လုံးများအောက်တွင် ကော်ဖီအရသာ မခါးဘူးလား။ မိစ္ဆာ၏ အတောင်ပံများအောက်တွင် အသက်ရှုရ မကျပ်ဘူးလား။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ တမ်းဆွတ် သတိရခြင်းများစွာ ထင်ဟပ်လာသည့်အခါမှာ လဝန်းကို ငေးကြည့်ပါ။ အဲသည်မှာ ကျွန်မ ရှိနေမည်။ မက်မန်းဝိုင်ဖန်ခွက်ထဲကို ငုံ့ကြည့်ပါ။ အဲဒီမှာ ကျွန်မ ရှိနေမည်။ ပွင့်အာလာသော နှင်းဆီငုံထဲမှာ၊ စိမ်းမှောင်သော မယ်ဇယ်ရွက် အထပ်များ၏ နောက်ကွယ်မှာ၊ တရိပ်ရိပ် ပြေးလွှားနေသော တိမ်လိပ်များထဲမှာ၊ ပိတ်ဆီးနေသော နှင်းငွေ့ထဲမှာ'

ဟူသော စာသားများကို ကြည့်ခြင်းအားဖြင့် မလွတ်လပ်သော ယောက်ျားတစ်ယောက်နှင့် အပြန်အလှန် နားလည်မှု ရရှိနေသော မိန်းမတစ်ယောက်၏ ရင်ခုန်သံကို ကြားနိုင်သည်။ သူ ဖြစ်ချင်သည့်ဆန္ဒကို လွတ်လပ်စွာ လုပ်ခွင့် မရှိအောင် ဘောင်ခတ်ထားသည့် လောကကျင့်ဝတ်များကို အဆိုးမြင်ထားသည်။ အချို့လူများအတွက် အမှန်တရားဟု ယူဆနိုင်သော်လည်း လူ့ပတ်ဝန်းကျင်တွင် ချပြ၍ မရသောကြောင့် အမှားဖြစ်သွားသော အကြောင်းများကို ထိုမိန်းမ၏ စိတ်စီးဆင်းမှုမှတစ်ဆင့် ဖော်ပြလျက် ရှိသည်။ စာတ်ဆောင်၏ စိတ်အတွေးမှတစ်ဆင့် ဘဝအပေါ် ဆင်ခြင်သုံးသပ်မှု၊ တုံ့ပြန်မှုများကို တွေ့ရသည်။ သူ၏သိစိတ်သည် လူမှုဝန်းကျင်မှ ထွက်ပြေးနေသည်။ သူ၏ ဆန္ဒများက ထွက်ပြေးနေသည့်ကြားမှ အာခံလျက် ရှိသည်။ သို့သော် လက်တွေ့တွင်မူ ရှေ့ဆက်တိုးခြင်း မပြုဘဲ နောက်ဆုတ်လိုက်သည်။ ဤသည်မှာ ရုပ်တရားသာ ဖြစ်သည်။ နာမ်တရားဖြစ်သည့် စိတ်မှာမူ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်နေကြသည့် သဘောကို မြင်သာအောင် ဖော်ပြထားသည်။ ဝတ္ထုခေါင်းစဉ်ကို 'ချစ်သူ ဖတ်ဖို့စာ' ဟု ပေးထားသဖြင့် စာဖတ်သူအားလုံးကို ချစ်သူနေရာမှ နေ၍ ဖတ်စေချင်သော သဘောဟုလည်း ယူဆနိုင်သည်။ ဇာတ်ဆောင်၏ ချစ်သူနေရာမှ ဤစာကို ဖတ်ပေးရလျှင် အရာအားလုံး နားလည်သဘောပေါက်ပြီး ဇာတ်ဆောင်အပေါ် သနားညှာတာခြင်း ဖြစ်နိုင်သည်။ ဇာတ်ဆောင်နှင့် ဘာမျှ မပတ်သက်သော အပြင်လူနေရာမှ ဆိုလျှင် အချို့ယူဆချက်များကို သဘောတူပြီး အချို့ကို သဘောထား ကွဲလွဲနိုင်သည်။ စာဖတ်ပရိသတ်နေရာနှင့် ဘဝအခြေအနေအပေါ် မူတည်၍ သဘောထား အမျိုးမျိုး ပြောင်းလဲသွားနိုင်သည်။

မာရေးသူကမူ ဇာတ်ဆောင်၏ ခံစားချက်ထက် လောကအမြင်များကို ပို၍ နှစ်သက်လက်ခံပါသည်။

'ဘဝကို နှစ်သိမ့်မှုသည် ငွေစက္ကူအထပ်များထဲ၌ မရှိသည်ကို သူတို့ နားမလည်နိုင်။ အိမ်ဝယ်စာချုပ်၊ ကားဝယ်စာချုပ်၊ လူဝယ်စာချုပ်တို့၌ မရှိ။ လှောင်ပြောင်သရော်သော၊ အထက်စီး အပြုံးဖြင့် ကြည့်တတ်သော မျက်လုံးများထဲတွင် မရှိ။ နားကြပ်နှင့် နားထောင်၍ မရ။ သို့သော် ရေလှိုင်းများဖြင့် စည်းချက် လိုက်နေသော သဲသောင်ခုံ၏ ဂီတသံတွင် ရှိသည်'

'တန်ဖိုးဟူသည် နေရာအမျိုးမျိုးတွင် အသက်အရွယ်၊ အသိဉာဏ်၊ အတွေ့အကြုံကို လိုက်၍ မက်မောတွယ်တာမှုပေါ်မှာ ကောက်ချက်ချ သတ်မှတ်ထားသော စကားလုံး ဖြစ်သည်။ တစ်စုံတစ်ယောက်အတွက် အရာတစ်ခုသည် တန်ဖိုးကြီးနိုင်သော်လည်း အခြား တစ်ယောက်အတွက် အဓိပ္ပာယ် ရှိချင်မှ ရှိမည်။ လူကြီးအတွက်နှင့် လူငယ်အတွက် တန်ဖိုးချင်း မတူညီနိုင်'

ဟူသော ဇာတ်ဆောင်၏ အသိစိတ် စီးဆင်းမှုများက ဇာတ်ဆောင်၏ ပတ်ဝန်းကျင်လောကကို ရည်ညွှန်းပြရာ ရောက်ပါသည်။ ဇာတ်ဆောင်၏ ဘဝပြဿနာမှတစ်ဆင့် ရိုက်ခတ်လာသော စိတ်ခံစားမှုနှင့် ယူဆချက်များမှာ ပုဂ္ဂလခံစားမှုများ ဖြစ်သော်လည်း အလားတူကိစ္စမျိုး ကြုံနေရသည့် လောကလူသားအချို့ကို ကိုယ်စားပြုနေပါသည်။

ထို့ကြောင့် စာရေးဆရာသည် သူ ပြောချင်သော စကားများ၊ သူ မပြောချင်သည့် စကားများကို ဇာတ်ဆောင်များ ဖန်တီး၍ ပြောခိုင်းတတ်သည်။

ခြုံငုံသုံးသပ်ချက်

ဝတ္ထုတွင် ဇာတ်ဆောင်၏ စိတ်ခံစားမှုကို ဖော်ပြရာ၌ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံသုံးပါး အမူအရာနှင့် ဖော်ပြတတ်ကြသည်။ ထိုသို့ ဖော်ပြရာတွင် ကိုယ်၊ နှုတ်၊ အမူအရာတို့က ခန့်မှန်းခြေကိုသာ ပြနိုင်သည်။ ဟန်ဆောင်၍ ရသည်။ ဇာတ်ဆောင်၏ တကယ့်အတွင်းစိတ် အစစ်အမှန်ကို၊ ဇာတ်ဆောင်၏မနောကံကို ဖော်ပြသော သိစိတ်စီးကြောင်း ဝတ္ထုများ၌ တွေ့ရသည်။ ကာယကံ၊ ဝစီကံထက် ပို၍ လွတ်လပ်သည့် သဘောကိုလည်း တွေ့ရသည်။ လူသိရှင်ကြား မပြောရဲသော ကိစ္စများအတွက် မနောကံ၏ လွတ်လပ်ခွင့်ကို အပြည့်အဝ ဗျူထားသည်။

ဤဝတ္ထုတွင်လည်း ဇာတ်ဆောင်၏ အတွင်းစိတ် အစစ်အမှန်ကို လူ၏ စိတ်လှုပ်ရှားမှု အကူးအပြောင်းမှတစ်ဆင့် မြင်ကြည့်နိုင်သည်။ ဇာတ်လမ်းဟူ၍ မည်မည်ရရ မရှိပါ။ ဇာတ်ဆောင်မှာလည်း မည်သူမည်ဝါမှန်း မသိဝေဝါးနေပါသည်။ အချိန်နေရာနှင့် နောက်ခံ ဝန်းကျင်ကိုလည်း ဖျောက်ထားပါသည်။ ပြန်လည် တွေးတောဆင်ခြင်မှု၊ အမှတ်ရမှု၊ ဆန္ဒ၊ မှာကြားချက်များကို အရေးပေးထားပါသည်။ ထိုကြားထဲတွင် ဘဝပြဿနာနှင့် ဘဝဒဿနကို

ရောယှက်ထည့်ထားပါသည်။ ဇာတ်ဆောင်လက္ခဏာ ဝေဝါးခြင်း၊ ဇာတ်ဆောင်လက္ခဏာ မသိနိုင်ခြင်း လက္ခဏာတို့ကိုလည်း တွေ့ရသည်။

ဤသည်မှာ မော်ဒန်ဝတ္ထုတို သဘောတရားဟု သတ်မှတ်ကြပါသည်။ အနုပညာရှင် ကြုံတွေ့ရသည့် လောကအကြောင်း၊ ဘဝအကြောင်းမှတစ်ဆင့် ခံစားရသော လောကအမြင်၊ ဘဝအမြင်များကို တင်ပြရာတွင် လောကနီတိနှင့် တူချင်တူနိုင်သကဲ့သို့ ကွဲလွဲချက်လည်း ရှိနိုင်ကြောင်း ဖော်ပြရာရောက်ပါသည်။

သို့သော် ဤဝတ္ထုတိုမှ ဇာတ်ဆောင်၏ ခံစားချက်သည် မြန်မာ့ လူ့ဘောင်က လက်မခံနိုင်သောကိစ္စ ဖြစ်သည်။ သူတစ်ပါး ပိုင်ဆိုင်ပြီးသား အရာဝတ္ထု၊ လူ စသည်တို့ကို စွဲလမ်း၍ မရ၊ စွဲလမ်းလျှင်လည်း မိမိစိတ်ကို ထိန်းချုပ်ရမည့် သဘောကို စာဖတ်သူက ကိုယ့်ဘာသာ ဆင်ခြင်ယူရန် လမ်းဖွင့်ထားသည့် သဘောတရားသည် ယနေ့ခေတ် မြန်မာဝတ္ထုတိုများတွင် တွေ့ရသော သဘောတရားလည်း ဖြစ်ပါသည်။

မြန်မာသစ်ရသစုမဂ္ဂဇင်း

အမှတ် ၁၇၊ အောက်တိုဘာလ၊ ၂၀၁၀။

* * *

၁၉၁၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ မြန်မာဝတ္ထုတို လမ်းကြောင်း

ဝတ္ထုတိုကို ပုံသဏ္ဌာန်အရ အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်ကို ဖော်ပြခဲ့သော ခေတ်ပေါ်ဝတ္ထုတို အယူအဆများက သက်သေခံလျက် ရှိသည်။ ယနေ့အထိ မြန်မာပညာရှင်များ ယူဆထားခဲ့သော ပထမဦးဆုံး မြန်မာဝတ္ထုတိုမှာ 'မောင်သိန်းတင် မသိန်းရှင်' ဖြစ်သောကြောင့် မြန်မာဝတ္ထုတိုသည် ၁၉၁၇ က စခဲ့သည် ဟုဆိုရပါမည်။ ထိုအချိန်မှစ၍ ယနေ့အထိ မြန်မာဝတ္ထုတို လမ်းကြောင်းကို လေ့လာသုံးသပ်ကြည့်ပါမည်။

ဇာတ်နိပါတ်ဆန်သော ဝတ္ထုများမှ ခေတ်ဝတ္ထုသို့ ကူးပြောင်းရာတွင် ဦးပုည၏ ဝတ္ထုများက များစွာ အထောက်အကူပြုခဲ့ကြောင်း ဦးကျော်အောင်၊ ဦးကျော်ဆွေ၊ ဦးမောင်မောင်ညွန့်တို့၏ 'မြန်မာဝတ္ထုတို' စာတမ်းတွင် ဖော်ပြထားပါသည်။ ဦးပုညသည် မြန်မာဝတ္ထုတိုခေတ်ဦးတွင် အရေးပါခဲ့သောဝတ္ထုတို ဆရာတစ်ဦး ဖြစ်ခဲ့ပေသည်။

၂၀ ရာစု အစပိုင်းတွင် ကမ္ဘာ့နိုင်ငံများ၌ ဝတ္ထုတိုအရေးအဖွဲ့ အားကောင်းလာချိန်၌ မြန်မာနိုင်ငံတွင်လည်း လူ့စရိုက်၊ လူ့သဘောသဘာဝ နှယ်သော ဝတ္ထုတိုများ ထွန်းကားခဲ့သည်။ ထိုအချိန်တွင် သူရိယမဂ္ဂဇင်း၊ မြန်မာ့မဂ္ဂဇင်းနှင့် ၁၉၂၀ ပြည့်နှစ်တွင် ပေါ်ထွက်ခဲ့သော ဒဂုန်မဂ္ဂဇင်းတို့သည် ဝတ္ထုတိုလမ်းကြောင်း ဖွံ့ဖြိုးစေရန် ပျိုးထောင်ပေးခဲ့သည်။ မန္တလေးမှ ပေျာ်တော်ဆက်၊ ရွှေလိပ်ပြာ၊ အောင်တော်မူ၊ ပြည်မြို့မှ ကြည်တော်မူ စသည့် တစ်မတ်တန် ဝတ္ထုမဂ္ဂဇင်းများသည်လည်း မြန်မာဝတ္ထုတို လောကအတွက် အထောက်အပံ့ ပေးခဲ့ပါသည်။

'အလွမ်းလေနှင်ရာနှင့် အခြားဝတ္ထုတိုများ' စာအုပ်တွင် ပါသော ဝတ္ထုတို နိဒါန်းတွင် -

'၁၉၂၇ ခုနှစ်တွင် ကဝိမျက်မှန်မဂ္ဂဇင်း ပေါ်ထွက်လာသောအခါ ဝတ္ထုတိုခေတ်သည် ပိုမို ကျယ်ပြန့်လာခဲ့သည်' ဟုလည်းကောင်း၊ 'ဇေယျ ကိုယ်တိုင် လုပ်ကိုင်ခဲ့သော အစိုးရထုတ် 'သူကြီးဂေဇက်' အပတ်စဉ် စာစောင် တွင်လည်း 'မင်းလက်ျာ' ကလောင်ခွဲဖြင့် ရေးသားခဲ့သော ဆရာကြီးဇေယျ၏ ဝတ္ထုတိုတစ်ပုဒ် အမြဲ ပါရှိခဲ့သည်။ ယင်းတိုက်နှုရိုက်၊ 'ကန်စွန်းနွယ်' ဝတ္ထုတို များမှာ သူကြီးဂေဇက်မှ ဆရာကြီးဇေယျ၏ လက်ရာများပင် ဖြစ်သည်' ဟု လည်းကောင်း ဖော်ပြပါရှိသည်။

ထိုခေတ် မဂ္ဂဇင်းများက ဝတ္ထုတိုကို မြေတောင်မြှောက်ပေးရာတွင် တက်ညီလက်ညီ ပါဝင်ခဲ့ကြောင်း သိနိုင်သည်။ ၁၉၂၆ ခုနှစ်တွင် တည် ထောင်ခဲ့သော 'မြန်မာပြည်စာအုပ်အသင်းသား' တို့က စာဖတ်ခြင်းအလေ့ များစေရန်၊ ရှေးမြန်မာစာဆိုတော်ကြီးများ ရေးသားခဲ့သော စာပေများ လေ့လာ ရန်၊ အနောက်တိုင်း အတွေးအခေါ်နှင့် နီးစပ်သော ခေတ်မီစာအုပ်များ ထုတ် ဝေရန်၊ တက်သစ်စ စာရေးဆရာ လူငယ်များ ဆုံစည်းမိစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် 'မြန်မာပြည် ပညာပြန့်ပွားရေးအသင်း'ကို ၁၉၂၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့မှ ထုတ်သော ဂန္ထလောကစာစောင်၏ ကျေးဇူးကြောင့် ၁၉၃၀ ပြည့်နှစ်တွင် ခေတ်စမ်းစာပေသမားတို့ ပေါ်ပေါက်လာကြသည်။

ဦးကျော်အောင်၊ ဦးကျော်ဆွေ၊ ဦးမောင်မောင်ညွန့်တို့က-

'၁၉၃၀ ပြည့်နှစ် တစ်ဝိုက်တွင် မြန်မာဝတ္ထုတိုလောကကို ဦးဆောင် ဦးရွက်ပြုသူမှာ ပီမိုးနင်းပင် ဖြစ်သည်' ဟုလည်းကောင်း၊

'၁၉၃၀ ပြည့်နှစ် တစ်ဝိုက်၌ မြန်မာဝတ္ထုတိုဆရာများတွင် ပီမိုးနင်း၏ ရေးဟန်သည် ရှေ့ဆောင်စံပြ ဖြစ်ပါသည်' ဟု လည်းကောင်း သုံးသပ်ထား ပါသည်။

ပီမိုးနင်းသည် ပုံသဏ္ဌာန်ရေးဟန်ပိုင်း၌ ခေတ်သစ်တစ်ရပ်ကို အစပျိုး လိုက်ခြင်း ဖြစ်ကြောင်း၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်တို့ ခေါင်းဆောင်သည့် ခေတ်စမ်းစာပေ လှုပ်ရှားမှုသည် ပီမိုးနင်း၏ ခေတ်စမ်းစာပေ အရေးအသားကို စနစ်တကျ အမွေဆက်ခံခြင်း ဖြစ်ကြောင်း၊ ပီမိုးနင်းက သူ၏ အရေးအသားကို

ခေတ်စမ်းအရေးအသားဟု မကြွေးကြော်ကြောင်း 'ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ' စာအုပ်တွင် မြသန်းတင့်က တင်ပြထားသည်။ မြန်မာ့ဝတ္ထုတို လမ်းကြောင်း၏ တစ်ဆစ်ချိုးတွင် ပီမိုးနင်းသည် ချန်ထား၍ မရသော ဝတ္ထုတိုဆရာ ဖြစ်ပါသည်။

မောင်ထင်၊ သိန်းနေနွယ် (သိန်းဖေမြင့်)၊ မန်းတင်၊ တက်တိုး၊ သိပ္ပံမောင်ဝ၊ တက္ကသိုလ်မောင်သန့်စင်၊ ဒဂုန်တာရာ၊ ကုသ စသူတို့သည် ဂန္ထလောကမှ ထွန်းပေါက်လာကြပြီး ပြင်ပစာပေလောကအထိ ကလောင်ထက်ကြပါသည်။

၁၉၃၀ ပြည့်နှစ် တစ်ဝိုက်မှ စ၍ မြန်မာဝတ္ထုတိုလောက အခြေခိုင်လာသည်ဟု ဆိုရပါမည်။ ထိုအချိန်တွင် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများလည်း ထွက်ပေါ်လာပါသည်။ အကြောင်းအရာပိုင်းရော ရေးဟန်ပါ ထူးခြားဆန်းသစ်လာပြီး ယနေ့အထိ စံထားရသော ဝတ္ထုတိုများလည်း ဖြစ်ပါသည်။

ဒေါက်တာလှဘေကလည်း တက္ကသိုလ်ပညာတတ်များ၏ ဝတ္ထုတိုများတွင် မြန်မာ့ခေတ်ပြိုင် လူနေမှုဘဝကို ထင်ဟပ်ဖော်ပြသည်ဟု ဆိုပါသည်။ မြန်မာပြည် ပညာပြန့်ပွားရေးအသင်းသည် ဘာသာပြန်ခြင်း၊ (သို့မဟုတ်) မှီငြမ်းခြင်းဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုရုံမက ကိုယ်တိုင် ဝတ္ထုတိုလေးများကိုလည်း ဖန်တီးခဲ့သည်ဟု ဆိုပါသည်။

ထို့အပြင် -

'ခေတ်စမ်းစာဆိုများသည် မြန်မာစာပေအတွက် ပုံသဏ္ဍာန်သစ်ကို ဖန်တီးထုတ်လုပ်ပေးခဲ့သည်။ ခေတ်ပေါ် အရပ်သုံးစကားများဖြင့် တိုတိုတုတ်တုတ် ရေးသည်' ဟုလည်းကောင်း၊

'စိန်တင်၊ သိန်းဟန်၊ ဇမောင်၊ မောင်ဝန်နှင့် တိုးအောင်တို့မှာ ရှေ့ဆောင်လမ်းပြအဖြစ် အထင်ရှားဆုံး၊ လူသိအများဆုံး ဖြစ်သည်' ဟုလည်းကောင်း ဆိုပါသည်။

ခေတ်စမ်းဝတ္ထုတိုများတွင် ကမ္ဘာ့စာပေမှ ဝတ္ထုတိုသဘောတရားနှင့် အတတ်ပညာများ၏ လွှမ်းမိုးမှုသဘောကို တွေ့ရပါသည်။ ပီမိုးနင်း၊ မဟာဆွေ၊ ရွှေဥဒေါင်းတို့၏ ဝတ္ထုတိုများတွင် အမျိုးသားရေးစိတ်ဓာတ် ထင်ဟပ်ချက်များကို တွေ့ရသည်။ ထိုခေတ် ဝတ္ထုတိုဆရာများသည် ဒိဋ္ဌဓမ္မလောကကို အာရုံစိုက်

လာကြသည်။ ၁၉၃၄ ခုနှစ် ဂန္ထလောကမဂ္ဂဇင်းတွင် မောင်ထင်က ကိုဒေါင်း ဝတ္ထုတိုများကို ရေးခဲ့သည်။

မြန်မာဝတ္ထုတိုသမိုင်းတွင် တွေ့ရခဲသော ပုံသဏ္ဌာန်ဖြစ်သည်။ သရော်စာ ဖြစ်သည်။ စာရေးဆရာ ညိုမြလည်း သရော်စာ ရေးခဲ့သည်။ စီးပွားရေး ကပ်ကြောင့် လေးပဲတန်၊ ခြောက်ပဲတန် ဝတ္ထုလေးများနှင့် အခြား ပုံနှိပ်ထုတ်ဝေမှု များ ရပ်ဆိုင်းသွားပြီး ချွေတာရေး၊ ပြုပြင်ရေး၊ စီးပွားရေး၊ တိုးတက်ရေး စသည့် ပြုပြင်ရေးဆိုင်ရာ လေးပဲတန်၊ ခြောက်ပဲတန် မဂ္ဂဇင်း၊ စာစောင်များ ပေါ်ထွက်လာသည်။

ထိုအထဲမှ တိုးတက်ရေးမဂ္ဂဇင်းတွင် ရေးသားခဲ့သော ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများမှာ ထင်ရှားသည်။ မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်၏ ခါးသီးသော အရသာကို ၃ နှစ်နီးပါး ခံစားခဲ့ရသဖြင့် စစ်ဆန့်ကျင်ရေး ဝတ္ထုတို များလည်း ပေါ်ထွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ဝတ္ထုတို၏ နယ်ပယ်သည် ကျယ်ဝန်း၍ အရှိန်အဟုန် မြင့်လာခဲ့ပေသည်။

ထိုအကြောင်းကို ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် မောင်ခေတ်ထွန်း တို့က-

'ဒုတိယကမ္ဘာစစ် ပြီးဆုံးသောအခါ ဝတ္ထုတို ရေးသားသူ စာရေးဆရာ များ အများအပြား ပေါ်ပေါက်လာကာ ထိုစာရေးဆရာများသည် ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိသျှနယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး တို့တွင် ဝင်ရောက်ဆင်နွှဲရာမှ ရရှိသော အတွေ့အကြုံတို့ကို အရင်းခံကာ ဝတ္ထုများ ရေးကြသည်' ဟု သုံးသပ် တင်ပြထားသည်။

နိုင်ငံအတွက် အသက်စွန့်လွှတ်ခဲ့ပုံ၊ တောနေလူထု ရိုးသားပုံများမှ စ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက်ရေး စသည့် အကြောင်းအရာများကို လူငယ်စာရေးဆရာများက ဝတ္ထုထဲ ထည့်ရေးကြသည်။ ဟစ်ဝါဒ အမြင်ကို အရင်းခံကာ စာပေအမြင်ဖြင့် အရင်းရှင်လောကကို ဆန်းစစ်ဝေဖန်သော ဝတ္ထုတိုများ ရေးဖွဲ့လာကြသည်။

တာရာမဂ္ဂဇင်းတွင် 'စာပေသစ်' ဟူသော ဝေါဟာရ တွင်ကျယ်လာ သည်။ ကြည်အေး၏ ဝတ္ထုတို ပုံသဏ္ဌာန်နှင့် ရေးဟန်မှာ ထူးခြားဆန်းသစ်သည်။ မန်းတင်၏ 'ကိုဖိုးလုံးဝတ္ထုတိုများ'တွင် လယ်သမားနှင့် မြေရှင်၊ လယ်သမားနှင့်

နိုင်ငံရေး၊ လယ်သမားနှင့် အစိုးရ၊ လယ်သမားအချင်းချင်း ဆက်ဆံရေးများကို ဖော်ပြထားသည်။ ထိုအချိန်တွင် 'သရုပ်ဖော်စာပေ၊ ဘဝသရုပ်ဖော်' ဟူသော 'ဝေါဟာရကို ကြားနာဖတ်ရှုကြရသည်' ဟု ဆင်ဖြူကျွန်းအောင်သိန်းက ဝတ္ထုတိုစာတမ်း (ပ) တွဲတွင် ဆိုထားသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်ပွားကာ အမျိုးသား ညီညွတ်ရေး ပြိုကွဲချိန်၌ စုန်းတစ္ဆေ ဝတ္ထုတိုများ၊ ဟာသဝတ္ထုတိုများ၊ စုံထောက် ဝတ္ထုတိုများ၊ အချစ်အကြိုက် အလေးကဲသော ဝတ္ထုများ ခေတ်စားလာပြီး ခေတ်သရုပ်၊ ခေတ်အခြေအနေကို ဖော်ပြသော ဝတ္ထုတိုများလည်း ပေါ်ထွက်ခဲ့ ပါသည်။ 'ပြည်တော်သာ ခင်ခင်ဦး' ဝတ္ထုတို ရေးသောကြောင့် ဗန်းမော် တင်အောင်မှာ ထောင်ကျခဲ့သည်။

ဗန်းမော်တင်အောင်နှင့် ပတ်သက်၍ ဆရာကြီး ပါရဂူက -

'ဗန်းမော်တင်အောင်သည် ဒုတိယကမ္ဘာစစ်ပြီးကာလ မြန်မာစာပေ လောက၌ ဩဇာအရှိန်အဝါ ကြီးမားခဲ့သော စာရေးဆရာတစ်ယောက် ဖြစ်သည် မှာ ငြင်း၍ မရသောအချက် ဖြစ်သည်' ဟုဆိုခဲ့သည်။

၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း လူ့စရိုက်အဖွဲ့ထက် ပညာ ပေးမှုကို အလေးကဲသော ဝတ္ထုတိုများ ပေါ်ထွက်ခဲ့ပါသည်။ ဆေးပညာပေး ဝတ္ထုတိုများ၊ အကျဉ်းထောင်လောကနှင့် ပတ်သက်သော ဝတ္ထုတိုများ၊ တော လိုက်ခြင်းနှင့် ပတ်သက်သော ဝတ္ထုတိုများ၊ တံငါဝတ္ထုတိုများ ဖြစ်ပါသည်။ ကြယ်နီ၏ 'ကိုတံငါ' ဝတ္ထုတိုများမှာ ထင်ရှားသည်။

မင်းကျော်က သူ၏ 'ဝတ္ထုတို အတတ်ပညာ' စာတမ်းတွင် -

'၁၉၆၀ ပြည့်နှစ်ပိုင်းတွင် ကမ္ဘာ့စာပေနှင့် အတန်ငယ် ကျွမ်းဝင်လာပါ သည်။ ထိုအခါ ဝတ္ထုတိုသဘောကို စောင့်ကြည့်လာပါသည်။ ပတ်ဝန်းကျင် သစ်၊ လောကသစ်တွင် အကြောင်းအရာသစ်များကို ရင်ဆိုင်ရပြီး ခံစားမှုအသစ် များလည်း ရှိလာပါသည်' ဟု ဖော်ပြထားပါသည်။ ၁၉၅၉ ခုနှစ်၊ နိုဝင် ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် မောင်ကိုယု၏ 'တက္ကသိုလ်မှ ကြွေရွက်များ' ဝတ္ထုတို ပါလာသည်။ ထိုနှစ်ပိုင်းတွင် ဇာတ်လမ်း အသားပေး ဝတ္ထုတိုမျိုး ရေးဖွဲ့လာကြပါသည်။

အတိုဆုံး ဝတ္ထုတို (တစ်မျက်နှာ ဝတ္ထုတို) ဟူသော ဝတ္ထုတို ပုံသဏ္ဌာန်

သစ် တွေ့လာရပါသည်။ ဝတ္ထုတို၏ ပုံသဏ္ဍာန် ဆန်းသစ်လာမှုပင် ဖြစ်သည်။ တိုတိုနှင့် လိုရင်းကို ရောက်အောင် ထိထိမိမိ ပြောရသော ဝတ္ထုတိုမျိုး ဖြစ်သည်။

အတိုဆုံးဝတ္ထုနှင့် ပတ်သက်၍ 'လေးမြင့်'က 'စာပေဂျာနယ်'တွင်-

'နဝဒေးမဂ္ဂဇင်းတွင် တစ်မျက်နှာဝတ္ထုတိုသည် အဖွင့်ကဗျာ နေရာမှာ နေရာ ရရှိလာခဲ့ပါသည်။ နဝဒေးမဂ္ဂဇင်း၏ အတွင်းစာမျက်နှာမှာလည်း အတိုဆုံး ဝတ္ထုတိုများ နေရာ ရရှိလာခဲ့သည်။ အတိုဆုံးဝတ္ထု ဟူ၍ ရေးအတိတ်ကာလက ပေါ်ပေါက်ခဲ့လေသလား မသိပါ။ ကျွန်တော် မှတ်မိသိရှိခဲ့သည်မှာတော့ ၁၉၆၁ ခုနှစ် ထုတ်ဝေခဲ့သော နဝဒေးမဂ္ဂဇင်းက တက္ကသိုလ်နန္ဒမိတ်နှင့် ကျွန်တော်တို့ စတင်ခဲ့သည်ကိုသာ အမှတ်ရနေပါသည်။ လွန်ခဲ့သော အနှစ်သုံးဆယ်က စတင် ခဲ့သော အတိုဆုံး ဝတ္ထုအခန်းကဏ္ဍသည် ယနေ့ဆိုလျှင် စာပေနယ်မှ အတော် များများ နေရာရရှိနေပါပြီ' ဟု ဖော်ပြထားချက်အရ ဝတ္ထုတို၏ ပုံသဏ္ဍာန်သည် ဖန်တီးသူတို့၏ လက်ရာပေါ်တွင် မူတည်၍ ပြောင်းလဲ တိုးတက်လာသည်ဟု ဆိုရပေမည်။

'ဘဝဟာ စက်ရုပ်လိုပဲ၊ ငြီးငွေ့စရာ ကောင်းလိုက်တာ' ဟူသည့် စကားပြောနှင့် စသော မောင်ကိုယု၏ 'အပြောင်းအလဲကလေး' ဝတ္ထုတိုကို ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ငွေတာရီမဂ္ဂဇင်းတွင် တွေ့ရသည်။ 'ဘဝဆိုတာ ငြီးငွေ့စရာပါပဲကလား' ကောက်ချက်ဖြင့် ဆုံးထားသည်။ ၁၉၆၆ ခုနှစ်တွင် ဆရာဇော်ဂျီက ကမ္ဘာကျော်နိုဗယ်ဆုရ ဝတ္ထုများကို ဘာသာပြန်ခဲ့သည်။ 'လမ်းသစ်နှင့် အခြားဝတ္ထုတိုများ'စာအုပ်ကို ပုဂံစာအုပ်တိုက်မှ ထုတ်ဝေခဲ့ပြီး 'မိုးကြယ်မို့လားနှင့် အခြားဝတ္ထုတိုများ' စာအုပ်ကို ဖန်မီးအိမ်စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

မြန်မာလူမျိုးများ အဆင့်မြင့် ဝတ္ထုတိုများကို ခံစားပြီး အတွေးသစ်၊ အမြင်သစ်ဖြင့် ဖန်တီးမှုအသစ်များကို ဖန်တီးနိုင်အောင် ကမ္ဘာ့အကောင်းဆုံး ဝတ္ထုများကို ဘာသာပြန်ပေးခဲ့သည့် ဆရာဇော်ဂျီ၏ စေတနာကြောင့် မြန်မာ့ ဝတ္ထုတိုလမ်းကြောင်း တိုးတက်မြင့်မားလာခဲ့ခြင်းဟု ဆိုချင်ပါသည်။

ဆရာဇော်ဂျီက ဦးဟုန်ဝမ်ကို သူ မန္တလေး ဥပစာကောလိပ်မှာ အလုပ် သွားလုပ်သောအခါ ရာဇာဓိရာဇ်အကြောင်းကို ဝတ္ထုရေးဖို့ ပြင်ဆင်ပြီးပြီ ဖြစ်ကြောင်း၊ မန္တလေး ထန်းတောလည်း ရောက်ခဲ့ဖူးပြီ ဖြစ်ကြောင်း ပြောပြ

သည်။ ရာဇာဓိရာဇ်က ဘယ်လိုပဲမူးမူး ရတနာသုံးပါးကို မမေ့ဘူး ဆိုသည့် အချက်ကို သူ ရေးချင်သော်လည်း မရေးဖြစ်ခဲ့ကြောင်း ပြောပါသည်။ ဦးဟုန်ဝမ်က ကြောက်ရခြင်း အကြောင်းကို မေးသောအခါ ဝတ္ထုတို အတတ်ပညာမှာ ခက်လှကြောင်း၊ အောင်မြင်လျှင် ကောင်းသော်လည်း မအောင်မြင်လျှင် မကောင်းဘူး ဟု ဆိုခဲ့ကြောင်း သိရပါသည်။

အမှန်တကယ် ထူးချွန်သော ပုဂ္ဂိုလ်တွေသာ ရရှိခဲ့သော နိုဗယ်ဆုရ ဝတ္ထုများကို ဘာသာပြန်ပြီး ကိုယ်တိုင် ဝတ္ထုတိုဖန်တီးရန် ကြောက်သွားသောကြောင့် ဆရာဇော်ဂျီသည် ဝတ္ထုတိုအရေအတွက် များများမရေးခဲ့ခြင်း ဖြစ်နိုင်သည်။ စစ်ပြီးခေတ် နောက်ပိုင်းတွင် တာရာ၊ ဒဂုန်၊ သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ မိုးဝေ၊ သင့်ဘဝ၊ တိုင်းရင်းမေ စသည့် မဂ္ဂဇင်း၊ ဂျာနယ်များ ထွက်ပေါ်လာခဲ့ရာ ဝတ္ထုတို ဖွံ့ဖြိုးတိုးတက်အောင် အထောက်အပံ့ကောင်းများ ပေးခဲ့သည်ဟု ဆိုရပေမည်။ အဆိုပါ မဂ္ဂဇင်းများတွင် ရေးသားခဲ့ကြသော ထူးချွန်ဝတ္ထုတိုဆရာ အများအပြား ပေါ်ထွက်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြန်မာဝတ္ထုတို လမ်းကြောင်း

၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း မြန်မာဝတ္ထုတိုများသည် အကြောင်းအရာပိုင်းသာမက ပုံသဏ္ဌာန်၊ အတတ်ပညာပိုင်းအရလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလထုတ် မိုးဝေတွင် အောင်ပြည့်၏ 'အလှည့်ကလေး'၊ တက္ကသိုလ်မြစိမ်း၏ 'အသက်ဆိုတာ'၊ ဧပြီလထုတ် မိုးဝေတွင် ခင်ဆွေဦး၏ 'ပန်းသလား မေပျို'၊ ယုဝတီဂျင်းဖောမယ်၏ 'စိမ်းတို့ကို နားလည်စေချင်သည်'၊ ဇွန်လထုတ် မိုးဝေတွင် ရန်အောင်၏ 'ကောင်မလေး တစ်ယောက်နှင့် ဆွေးနွေးခန်း'၊ ဇူလိုင်လတွင် ဗိုလ်တာရာ၊ တင့်ဆန်းတို့၏ ဝတ္ထုတိုများ၊ ဩဂုတ်လတွင် မောင်လေးအောင်၏ 'ချက်ဟော့ ချက်ဟော့ ချက်ပြီဟော့'၊ ထင်လင်း၏ 'တစ်ကျပ်ခွဲ ဝတ္ထုတိုများ'၊ အောက်တိုဘာလ မိုးဝေတွင် မင်းသစ်၏ 'အပျိုရှုပ်ထွေး ဗိုလ်ချုပ်ဈေး' စသည့် ဝတ္ထုတိုများ ပါဝင်သည်။ မင်းသစ်၏ဝတ္ထုတိုက ခေတ်ပြိုင်ခံစားမှုကို ဖော်ပြလျက် ရှိသည်။

၁၉၇၁ ခုနှစ်၊ ဧပြီလထုတ် သဘင်မဂ္ဂဇင်းတွင် ပိုင်သ၊ ယုဝတီ ခင်စိန်လှိုင်နှင့် မကြွယ်ကြွယ်တို့၏ ဝတ္ထုတိုများကို တွေ့ရသည်။ ၁၉၇၁ ခုနှစ်၊

ဇွန်လထုတ် ဖြူနီညိုပြာမဂ္ဂဇင်းတွင် ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကို ဆင်းရဲသားများ လည်စင်းခံနေရကြောင်း ဖော်ပြသော ငြိမ်းကျော်၏ 'မြပုခက်တင်ချင်း' ဝတ္ထုတို၊ ၁၉၇၁ ခုနှစ်၊ ဇူလိုင်လထုတ် ရုပ်ရှင်ချစ်သူမဂ္ဂဇင်းတွင် နေသွေးနီ၏ 'ရေဒီယိုကို မုန်းတယ်'၊ ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ငွေတာရီတွင် မောင်ခိုလုပ်ငန်းကို ရှောင်ကြဉ်သင့်ကြောင်း ဖော်ပြထားသော ဗန်းမော်ရွှေညို၏ 'ခွင့်လွှတ်ပါ သူငယ်ချင်း'၊ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ မြဝတီတွင် ခင်မောင်ထွေး(ပျဉ်းမနား)၏ 'တံလှပ်ကို ရွှေထင်' ဝတ္ထုတိုများကို တွေ့ရသည်။

၁၉၇၁ ခုနှစ်၊ မိုးဝေမဂ္ဂဇင်း အမှတ် (၃၆) တွင် 'တင်းပြည့်စာပေမဂ္ဂဇင်း အဖြစ်သို့' ဟူသော ကြွေးကြော်ချက်နှင့်အညီ မြန်မာဝတ္ထုတို၊ ဘာသာပြန်ဝတ္ထုတိုများအပြင် စာပေသဘောတရား ဆောင်းပါးများကိုလည်း အားဖြည့် ဖော်ပြထားသည်ကို တွေ့ရသည်။

ယနေ့ခေတ်တွင် ကဗျာဆရာအဖြစ် လူသိများသော သူရဇော်နှင့် မောင်ခိုင်မာတို့၏ ဝတ္ထုတိုလက်ရာများကိုလည်း တွေ့ရသည်။ အမှတ် (၄၀) တွင် မောင်သာနိုး၏ 'ရှီးဗားလောက်ရဲ့ မိသားစု'၊ နေသွေးနီ၏ 'ရှေ့ကိုလိုက်ရှာ မီးခိုးပြာ'၊ မာန်မြင့်၏ 'သည်ပုံအတိုင်းသာ ဆိုလျှင်' ဝတ္ထုတိုများ ပါဝင်သည်။ အမှတ် (၄၁) တွင် မာန်မြင့်၏ 'မေ့လေသူတစ်ဦး' နှင့် အမှတ် (၄၄) တွင် မာန်မြင့်၏ 'မြန်မာပြည်တွင် လုပ်သည်' ဝတ္ထုတိုမှာ ထူးခြားသည်။

'မိတ်ဆွေကြီးဟာ ကောင်းသောလာခြင်း ဖြစ်ပါစေ။ ကျွန်တော်ကတော့ မီးခြစ်ပါ' ဟူ၍ အရာဝတ္ထုများ အားလုံး စကားပြောကြသည်။ အိမ်တွင်ရှိသော ပစ္စည်းပစ္စယ အားလုံးသည် အသေးအဖွဲမှ စ၍ နိုင်ငံခြားဖြစ်များ ဖြစ်ကြသည်။ ယင်းတို့ကို ပိုင်ဆိုင်အသုံးပြုသူ ဦးစိုးမိုးကျော်မှာ မိတ်အင်ဘားမား ဖြစ်ကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။ သရော်စာ ဖြစ်ပါသည်။ အမှတ် (၄၅) တွင် နီဇော်၏ 'ခြင်'၊ မာန်မြင့်၏ 'တစ်ဆင့်တစ်လှာနှင့် မေတ္တာအကြောင်း'၊ မောင်သိန်းဆိုင်၏ 'လူကလေး မောင်သက်ပြင်း' ဝတ္ထုတို့ကို တွေ့ရပါသည်။

မိုးဝေမဂ္ဂဇင်း အမှတ်(၄၆)တွင် စာတည်းချုပ်လှမြင့် (နတ်နွယ်) က–

'ဝတ္ထုသည် လူ့အဖွဲ့အစည်း အခြေခံ အနုပညာပစ္စည်း ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ တိုးတက်ဖြစ်ထွန်းသော အခြေအနေကို မှီ၍ အကြောင်း

အရာနှင့် ပုံသဏ္ဌာန်တို့သည် တိုးတက်ဖြစ်ထွန်းလာရလေသည်။ သို့ဖြင့် ခေတ်သစ်ဝတ္ထုသည် ဝတ္ထုအကြောင်းအရာအားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း ၁၈၊ ၁၉ ရာစု ဝတ္ထုများနှင့် ကွဲပြားလာရလေသည်'

ဟု လည်းကောင်း၊

'ယနေ့ဝတ္ထုသည် ခေတ်သစ်ဝတ္ထု ဖြစ်သည်။ သို့ဖြစ်ရာ ခေတ်သစ်နှင့်အညီ ဖြစ်ထွန်းနေသော လူ့အဖွဲ့အစည်း၊ လူမှုဆက်ဆံရေးသွင်ပြင်ကို အခြေခံ၍ အကြောင်းအရာအားဖြင့်ရော၊ ပုံသဏ္ဌာန်အားဖြင့်ပါ ကျယ်ပြန့် နက်ရှိုင်းလာရမည်။ ခေတ်ဟောင်းသမားများအဖို့ နားမလည်နိုင်အောင် ထူးခြားဆန်းသစ်လာမည်မှာ အမှန်ပင် ဖြစ်လေသည်' ဟုလည်းကောင်း စာတည်းချုပ် အမှာတွင် တင်ပြထားသည်ကို ကြည့်၍ ခေတ်သစ်ဝတ္ထုတို သဘောကို ဖော်ဆောင်နေပြီ ဖြစ်ကြောင်းကို သိနိုင်သည်။ ထိုမဂ္ဂဇင်းတွင် ချစ်ဦးညို၏ 'တောမှာ ရွာသောမိုး'၊ လှဆွေ၏ 'ဘဝကန္တာရ' ဝတ္ထုတိုများကို တွေ့ရသည်။

၁၉၇၅ ခုနှစ် ရှုမဝတွင် ပါသော ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်) ၏ 'ဒုတိယရန်သူ' ဝတ္ထုမှာ မုဆိုးနှင့် ပတ်သက်သော ပညာပေး ဇာတ်လမ်းဖြစ်သည်။ ဖက်ဆစ်စနစ်ဆိုး အောက်တွင် မြန်မာတို့ ခံစားခဲ့ရသည့် ဘဝများကို၊ ထိုခေတ်တော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ အကြောင်းကို မြလှိုင်၏ 'ဂျပန်သူလျှို' တွင် ဖော်ပြထားသည်။ မြလှိုင်သည် ခက်ခဲကြမ်းတမ်းမှုများကို အန်တုရင်ဆိုင် ရုန်းကန်ခဲ့ရသော ဆိုက်ကား ဆရာတစ်ဦး၏ ဘဝကို 'ဆိုက်ကားဆရာ ကိုလှဖေ' ဟု ရိုးရိုးလေး ခေါင်းစဉ်တပ်ကာ ရေးခဲ့သည်။

မပြည့်စုံသော ကလေးငယ်တို့၏ ဘဝခံစားမှု အတွေးစိတ်ကူးများကို မောင်ခက်ပန်၏ 'နောက်နေ့မှနော်' ဝတ္ထုတိုတွင် တွေ့ရသည်။ စီးပွားကျဆင်းမှုသည် လူသားတို့၏ အကျင့်စာရိတ္တကို ယိမ်းယိုင်စေခဲ့ကြောင်း အသိပေးလိုသော သဘောကို မြစ်ငယ်ကြည်ဟာန်၏ 'တောင်ကျရေ' ဝတ္ထုမှာ တွေ့ရသည်။

နာမည်ကြီး စာရေးဆရာများအတွက် စာအုပ်ထုတ်ဝေသူ ပေါများသော်လည်း နာမည်မရသေးသော စာရေးဆရာများအတွက် ထုတ်ဝေသူ မရှိကြောင်း ဖော်ပြထားသော 'ထွက်ပြေးလေသော စာရေးဆရာ' ဝတ္ထုတိုတွင် စာရေးသူရဲနွယ်က စာရေးဆရာတစ်ယောက် ကြုံတွေ့ရသော အခက်အခဲများကို အားပြိုင်

ရေးဖွဲ့ထားသည်။ အခက်အခဲကို ကြံ့ကြံ့ခိုင် သိက္ခာနှင့်အညီ နေထိုင်တတ်ခြင်းသည် အောင်မြင်မှုအတွက် အကောင်းဆုံးလုပ်ရပ် ဖြစ်ကြောင်း လဖိုင်ဆိုင်းရော်၏ 'လျော်ကြေး'ဝတ္ထုတိုတွင် တွေ့ရသည်။ ဝင်းဝင်းလတ်၏ 'ပန်းရောင်၏ကိုကိုအောင်'တွင် မိန်းကလေးတို့၏ ချစ်သူအပေါ် ထားသည့် ခံယူချက်ကို ဖော်ပြထားသည်။

ထိုခေတ်တွင် အလှည့်နှင့် ရေးသော ဝတ္ထုတိုများလည်း ခေတ်စားနေပါသည်။ စာရေးဆရာ ကြည်မင်းက ဟိန်းလတ်နှင့် အင်တာဗျူးရာတွင် သူ၏ 'နွေဦးလေ' ဝတ္ထုတိုသည် 'စန္ဒာ' အပါအဝင် တိုက်တကာ၏ အပယ်ခံပြီး ၁၉၇၀ ပြည့်နှစ်ကျမှ 'ဖြူနီညိုပြာ'တွင် ပါလာကြောင်း၊ အထောက်တော်လုအောင် ကိုယ်၌ကပင် 'အလှည့်'မပါ၍ မကြိုက်ကြောင်း ပြောပြီး 'စန္ဒာမတိုင်ခင် ရှိကြတာကတော့ သွေးသောက်၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီပေါ့ဗျာ။ ဝတ္ထုတို ဆိုရင် အရေးအသား ကောင်းပြီး ဇာတ်လမ်း အချိတ်အဆက်မိမိ၊ အလှည့်ကလည်း ပိပိရိရိ ဆိုတဲ့ခေတ်' ဟုပြောခဲ့ပါသည်။ ခေတ်စမ်းခေတ်ရေးခဲ့ဖူးသော ဝတ္ထုတိုမျိုး ဆက်လက် ခေတ်စားလာခဲ့သည့်သဘော ဖြစ်သည်။

'ငွေတာရီကတော့ အမှတ်တစ်မှာပဲ မော်ဒန်ဆန်တဲ့ ဝတ္ထုတိုမျိုး၊ ဥပမာ ဖော့ကြက်တောင် ပါနေခဲ့ပြီ' ဟု ဆိုထားချက်အရ မော်ဒန်ဝတ္ထုတိုမျိုး ရေးနေပြီဖြစ်ကြောင်း သိရပါသည်။

ကြည်မင်းက မော်ဒန်ဝတ္ထုတိုကို တော်တော်လေ့လာဖြစ်ကြောင်း၊ စမ်းရေးကြည့်ရန် ကြိုးစားကြောင်း၊ စန္ဒာက ဦးတင့်တယ်က သိပ်မကြိုက်ကြောင်း၊ သူ့ကို ဆုံးမသည့်အနေနှင့် ဝတ္ထုတိုသဘောတရားတွေ ရှင်းပြကြောင်း ပြောပြချက်အရ မော်ဒန်ဝတ္ထုတိုကို အချို့ အယ်ဒီတာများ လက်မခံသေးသည့် အချိန် ဟုဆိုရပါမည်။

ထိုခေတ် ဝတ္ထုများတွင် မိဘမေတ္တာ အေးချမ်းကြောင်း၊ ခွင့်လွှတ်သည်းခံခြင်းသည် သူတော်ကောင်းတို့၏ တရားဖြစ်ကြောင်း၊ လောဘ ဒေါသတို့သည် အကျိုးမဲ့စေကြောင်း၊ ခိုးခြင်း လိမ်ခြင်းတို့သည် မကောင်းကြောင်း ဖော်ပြထားသည့် ဝတ္ထုတိုများကို တွေ့ရသည်။

မြန်မာ့ဝတ္ထုရေးဆရာများသည် မိရိုးဖလာ ယုံကြည်ချက်များ၊ ဘဝအမြင်များ၊ ကိုယ်ကျင့်တရား အမြင်များ မစွန့်လွှတ်သေးဘဲ နှစ်သက်စွာ လက်ခံနေ

ကြဆဲ ဖြစ်ကြောင်း၊ ယေဘုယျ ပြဿနာများ၊ လူမှုရေး၊ နိုင်ငံရေး ပြဿနာများကို ရေးဖွဲ့လာကြကြောင်း တွေ့ရသည်။ တိရစ္ဆာန်၊ စည်သွတ်ဘူး၊ ယောက်မ စသည်တို့ဖြင့် ခေတ်အကြောင်း၊ လောကအကြောင်းကို ဖော်ပြကြသည်။

၁၉၇၁ ခုနှစ် အမှတ် (၃၆) မိုးဝေမဂ္ဂဇင်းတွင် ပါသော ကျော်အောင်၏ 'စာရေးဆရာနှင့် လောကအမြင်'၊ 'စာရေးဆရာနှင့် လူ့အဖွဲ့အစည်း' ဟူသော နိုင်ငံတကာအမြင်နှင့် ယှဉ်၍ ရေးသော ဆောင်းပါးများကြောင့်လည်း မြန်မာ ဝတ္ထုတိုများတွင် နိုင်ငံတကာအမြင်များ လွှမ်းမိုးလာရခြင်း ဖြစ်ပေသည်။

၁၉၇၄ ခုနှစ်တွင် မြသန်းတင့် ဘာသာပြန်သည့် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတိုများကို စာပေလောကစာအုပ်တိုက်မှ လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် တောင်တွင်းကိုကိုကြီး ဘာသာပြန်သည့် စာပေသစ်ဝတ္ထုတိုပဒေသာ အမှတ်စဉ် (၁) ကို စာပေမိတ်ဆွေ စာအုပ်တိုက်မှ လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ညွန့်ကြူး ဘာသာပြန်သည့် နှစ်ဆယ်ရာစု နိုင်ငံရပ်ခြားဝတ္ထုတိုများကို ပြည်သူ့အလင်း စာပေတိုက်မှ လည်းကောင်း အသီးသီး ထုတ်ဝေခဲ့ကြသည်။

ထိုနိုင်ငံရပ်ခြား ဘာသာပြန်ဝတ္ထုတိုများ၏ ဩဇာကြောင့် မြန်မာဝတ္ထုတိုလောကတွင် ဝတ္ထုတိုပုံသဏ္ဌာန်နှင့် အတတ်ပညာပိုင်းတို့ တိုးတက်လာပါသည်။ ဇာတ်လမ်း လုံးဝမပါသော ဝတ္ထုတိုမျိုး ဖန်တီးလာကြသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ မင်းကျော်က 'ဝတ္ထုတိုအတတ်ပညာစာတမ်း' တွင်-

'မချင့်မရဲ ဖြစ်စေရန် ဖန်တီးမှု၊ လှည့်ကွက်ဆင်မှု၊ အားပြိုင်မှု သဘောတို့ကို ဦးစားပေး ရေးဖွဲ့ထားခြင်းမျိုး မတွေ့ရပါ။ ဇာတ်ကြောင်းပြန်သူက သူ့အတွေ့အကြုံကို အရှိုးခံအတိုင်း တောက်လျှောက် မရပ်မနား ဇာတ်ကြောင်းပြန်သည့် သဘောသာ ဖြစ်ပါသည်' ဟုဆိုကာ ဆိုရှယ်လစ်နိုင်ငံများ၏ စာပေအယူအဆဆိုင်ရာ အချက်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါသော မင်းကျော်၏ 'သုံးနှင့်လေး ပေါင်းတော့ ကိုး' ဝတ္ထုတိုသည် မျက်မှောက်ခေတ်ဝတ္ထုတိုဆိုင်ရာ အယူအဆနှင့် သဘောတရားကို ကိုယ်စားပြု၍ ဖန်တီးထားခြင်း ဖြစ်ကြောင်း 'ဝတ္ထုတိုအတတ်ပညာ စာတမ်း'တွင် ဖော်ပြထားသည်။

ဆရာဟိန်းလတ်နှင့် အင်တာဗျူးရာတွင် ကြည်မင်းက-

'၁၉၆၅ မှာ ပုဂံကနေ ဆရာတက်တိုးရဲ့ ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ ရှင်းပြချက်စာအုပ် ထွက်တယ်။ ဆရာတက်တိုးစာအုပ်ကို ဖတ်ပြီးတော့ တွေးဟန်၊ ရေးဟန် နည်းနည်း ပြောင်းလာတာပေါ့' ဟုပြောပြထားပါသည်။ ကမ္ဘာ့ဝတ္ထုတိုများနှင့် ရင်းနှီးကျွမ်းဝင်အောင် မိတ်ဆက်ပေးပြီး မြန်မာဝတ္ထုတိုများ ကမ္ဘာ့အဆင့်မီအောင် ဘာသာပြန်ပေးခဲ့ကြသော စာရေးဆရာကြီးများ၏ ကျေးဇူးကြောင့် ဝတ္ထုတိုလမ်းကြောင်းသစ်များ ဖြစ်ထွန်းခဲ့ရခြင်း ဖြစ်ပါသည်။

ကြည်မင်းက-

'၁၉၆၀ ဝန်းကျင်မှာ ခေတ်စားခဲ့တာက ဇာတ်လမ်းအားပြု ဝတ္ထုတွေ၊ အရက်သောက် အသည်းကွဲရယ်၊ ဓနရှင်စနစ်နဲ့ ဓနရှင် အိမ်ထောင်ရေး အတွေးအခေါ်ကို ဝေဖန်တဲ့ ဝတ္ထုရယ်၊ အရေးအသားကို ဂရုစိုက်တဲ့ လူနည်းစုလောက်က လွဲလို့ သိပ်ဆန်းသစ်တာမျိုး မရှိဘူး။ ၁၉၇၀ အထိကတော့ ဆိုရှယ်လစ်ဝတ္ထုတွေ ထွန်းကားလာတယ်။ ဝေဖန်ရေးတွေ အားကောင်းလာတဲ့အတွက် အရက်သောက်၊ အသည်းကွဲတာတို့၊ ရွှေပြည်အေး ဝါဒတို့ အားနည်းလာတယ်။ သရုပ်မှန်ဝတ္ထုတွေကို အားပေးလာကြတယ်။ ဆရာဇော်ဂျီစကား ငှားပြောရရင်တော့ ယေဘုယျသဘောကို ဆောင်သော ကာလ၏ ဒိဋ္ဌဓမ္မ အဖွဲ့ပေါ့ဗျာ၊ Realism ပေါ့။ အခြေခံလူတန်းစားဘက်က စာနာပြီး ရေးတဲ့ ဘဝသရုပ်ဖော်လို့ ဆိုကြပါစို့ရဲ့' ဟုဆိုခဲ့သည့်အတိုင်း ကောက်ချက်ဆွဲရလျှင် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင်လည်း ဘဝသရုပ်ဖော် ဝတ္ထုများကို ဆက်လက်တွေ့ရှိရသည်။

မော်ဒန်သဘော နွယ်သော ဝတ္ထုတိုများနှင့် စိတ်အလျဉ် ဝတ္ထုတိုများလည်း တွေ့ရှိနေပြီ ဖြစ်သည်။ မဂ္ဂဇင်း၊ ဂျာနယ်များဘက်က ကြည့်လျှင် ၁၉၇၀-၇၁ ခေတ်သည် ဂျာနယ်ခေတ်ဟု ခေါ်ရလောက်ပေသည်။ သတင်းဂျာနယ်၊ အိုးဝေ၊ ရှုထောင့်၊ သစ်ဆန်း၊ မျက်လုံး၊ ရွှေတူ၊ ပြည်သူ့ကြယ် စသည်ဖြင့် ဂျာနယ်များစွာ ထွက်ပေါ်လာသည်။ ၁၉၇၆ ခုနှစ်မှာ ဖြူနီညိုပြာနှင့် ဂျာနယ်၊ မဂ္ဂဇင်း အတော်တော်များများ ရပ်သွားကြသည်။

၁၉၇၉ ခုနှစ်တွင် အထောက်တော်လှအောင်က သောင်းပြောင်းကို ယူလိုက်သည်။ နဝဒေး၊ သောင်းပြောင်းတို့ခေတ် ပြီးသောအခါ သဘင်၊ ပေဖူးလွှာ၊ ပန်တို့ခေတ် ဖြစ်လာသည်။ မဂ္ဂဇင်းရွှေခေတ်ဟု ပြောကြသည့်

ကာလပင် ဖြစ်သည်။ ဝတ္ထုတိုရွှေခေတ်အတွက် လမ်းခင်းပေးသော မဂ္ဂဇင်း ရွှေခေတ်သည် ဝတ္ထုတိုလမ်းကြောင်းအတွက် အရေးပါ အရာရောက်ခဲ့သည်။ ဝတ္ထုတို ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဂ္ဂဇင်းများ၏ ကျေးဇူးကား ကြီးမားလှပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၈၊ အောက်တိုဘာလ၊ ၂၀၀၉။

* * *

၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ မြန်မာဝတ္ထုတို လမ်းကြောင်း

၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ရန်အောင်၊ လင်းဦး၊ မောင်သိက္ခာ၊ မောင်လရောင်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်သိန်းဖေ (အင်းလေး) တို့၏ ဝတ္ထုတို (၆)ပုဒ်ကို ဖော်ပြထားသည်။ ၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထုတ် ရှုမဝတွင် 'စောမဥ္ဇူ'၏ 'ရေခဲရေတစ်ခွက် ဆယ့်ငါးပြား'၊ မင်းလူ၏ 'ပြီးခဲ့သော ဇာတ်လမ်းအကျဉ်း'၊ မင်းကျော်၏ 'ဒီနားက ညော်ကြမယ် တော်တို့' အပါအဝင် ဝတ္ထုတို (၆)ပုဒ်၊ ဆောင်းပါး (၈)ပုဒ်နှင့် ကလေး ရှုမဝ အတွက် ဆောင်းပါး (၇)ပုဒ် ပါရှိသည်။ တက်တိုးက 'ဝတ္ထု၏အင်အားစုများ' ဆောင်းပါးကို ရေးခဲ့သည်။

ထိုဆောင်းပါးတွင် 'သိစိတ်စီးကြောင်းနည်း' အကြောင်းကို ရေးထားရာတွင် -

'ယင်းနည်းသည် ပုဂ္ဂိုလ်တစ်ဦး၏ အတွင်းကျဆုံး အတွင်းရေးကို စူးစမ်းလေ့လာသော နည်းမျိုး ဖြစ်သည်။ ဝတ္ထုရေးဆရာသည် မိမိ၏ ဇာတ်ကောင်များကို အပြင်ပန်းမှ ကြည့်၍ ဖော်ပြရုံသာမက သူတို့၏ အတွင်းသန္တာန်ထဲသို့ ဝင်၍ ဖော်ထုတ်ပြသည်' ဟု ဖော်ပြထားသည်။

ထိုအတောအတွင်း ရေးသားခဲ့သော ဂျူး၏ 'ရေမျောသီး'၊ 'မြင်ကွင်းကျယ်' နှင့် 'အဝေးကြည့် မှန်ပြောင်း' တို့သည် ထိုနည်းဖြင့် ရေးသားထားသည်ဟု ဆိုနိုင်သည်။ ၁၉၈၀ ပြည့်နှစ်၊ ဧပြီလထုတ် ရှုမဝမဂ္ဂဇင်းတွင် တက်တိုးက 'ဝတ္ထု၏ နည်းပညာ' ဆောင်းပါးကို ရေးခဲ့သည်။

ထိုဆောင်းပါးတွင် -

'တကယ့်အဖြစ်အပျက် အချက်အလက်များကို ကုန်ကြမ်းအဖြစ် ရယူပြီးနောက် နည်းပညာ ဟူသော အနုပညာဖြင့် စီရင်နည်းကို အသုံးပြု၍ ဝတ္ထုရေးသားပါမှ ဝတ္ထုကောင်း ဖြစ်လာနိုင်ပေလိမ့်မည်' ဟူ၍ ဝတ္ထုအတတ်ပညာပိုင်းကို ဖော်ပြထားသည်။ နည်းပညာကို အသုံးပြု၍ ရေးသားသော ဝတ္ထုကောင်းများ ထွက်ပေါ်လာအောင် တွန်းအားပေးထားခြင်း ဖြစ်သည်။

၁၉၈၁ ခုနှစ်၊ ဖွန်လထုတ် မိုးဝေမဂ္ဂဇင်း အမှတ် (၁၆၁)တွင် မောင်လရောင် ၏ 'ဖူးစာရှင် ဘယ်မှာလဲကွယ်'၊ တင့်ဆန်း၏ 'ဦးဖြူသီးနှင့် ဆရာထူး'၊ တည်ကြည်၏ 'လူသတ်သမားနှင့် ကရဏာသားကောင်'၊ လွင်စန်းယဉ်၏ 'သွေးအိပ်မက်'၊ တက်တိုး၏ 'အိပ်ခန်း'၊ မောင်သိန်းဆိုင်၏ 'လူတစ်ယောက်နှင့် မြွေတစ်ကောင်'၊ နတ်နွယ်၏ 'ပျံကာဝဲလာ ငှက်ရွှေစင်ရော်'၊ ကျော်အောင်၏ 'မင်္ဂလာဦးည' ဟူသော ဝတ္ထုတို (၈)ပုဒ် ပါဝင်သည်။ အမှတ် (၁၆၇)တွင် ဆွေမြင့်၊ ကျော်မြသန်း၊ မင်းသွေး၊ ပွင့်လန်း (သတ္တုတွင်း)၊ ညိုဝင်း၊ ချစ်ဦးညိုတို့၏ ဝတ္ထုတို (၇)ပုဒ် ပါဝင်သည်။

မိုးဝေမဂ္ဂဇင်းတွင်လည်း ဝတ္ထုတိုကို အလေးပေး ဖော်ပြခဲ့ပါသည်။ မိုးဝေမဂ္ဂဇင်း အမှတ် (၁၅၆)တွင် ပါဝင်သော ခင်လွန်း၏ 'အပြန်လမ်း' ဝတ္ထုသည် စာရေးဆရာတစ်ယောက်၏ ဘဝကို ကိုယ်စားပြု ရေးဖွဲ့ထားသည်။

စာရေးဆရာ၏ အပြန်လမ်းတွင် ပါလာမည့် ပိုက်ဆံကို မွေးခါနီးဇနီးနှင့် အမေအိုတို့က စောင့်နေကြသည်။ စာရေးဆရာက အပြန်လမ်းမှာ မုန့်ရောင်းမကုန်၍ မပြန်ရဲသော ကလေးတစ်ယောက်နှင့် တွေ့သည်။

'ဟိတ် ချာတိတ်၊ ဘာဖြစ်လို့ ငိုနေရတာလဲကွာ'

'အချိန် မနည်းတော့ဘူးကွ'

'မင်း အိမ်မပြန်ဘူးလား'

ဒုတိယမြောက် ကြိုးစားမှုကို ပြုရပြန်သည်။

သူ၏ ခြောက်ကပ်သော ငိုသံသည် တဒင်္ဂမျှ ရပ်နားသွားခဲ့၏။ ပြီးတော့ သူ့ရှေ့တွင် ရပ်နေသော ကျွန်တော့်ကို မျက်စိများ ပွတ်သပ်၍ ကြည့်ရင်းက အကဲခတ် ပြုပြန်သည်။

'ချာတိတ် မေးနေတာ ဖြေလေကွာ'

'ပြန်ချင်တာပေါ့ဗျာ'

'ဝေ...'

'ရော်- ခက်ပါလား၊ ပြန်ချင်လည်း ပြန်ပါတော့လားကွာ'

'ဦးဦး နားမလည်ပါဘူးဗျာ'

ကျွန်တော်၏ အာမေဍိတ်သံသည် မျက်ရည်ဖြင့် ပြည့်လျှံနေသော သူ၏ မျက်ဝန်းကို ငေးမိစေဖို့ အခြေခံသည်။

အာဂချာတိတ်ပါလား။ ကျွန်တော် နားမလည်ဘူးတဲ့၊ အသို့နည်း။

'ဟာ'

'ဒါဖြင့်လည်း ဦးဦး နားလည်အောင် ရှင်းပါဦးကွ'

ချာတိတ်က အရွယ်နှင့် မလိုက်အောင် စုတ်ဖွာနေသော ဆံစလေးများ ပွတ်သပ်ရင်းက ကျွန်တော့်ကို မော့ကြည့်၍-

'ဒီမှာတွေ့လား၊ ကျွန်တော့်မုန့်တွေ မကုန်ခဲ့ဘူး'

'ဟော့ ချာတိတ်၊ လာကွာ အတူပြန်ကြမယ်'

'မရဘူးဗျ၊ ဒီမုန့်အားလုံးကုန်မှ သုံးကျပ်မြတ်မှာတဲ့၊ ဒါမှ နင်တို့ မျိုးဖို့ ဆိုဖို့ ရတယ် ဆိုလို့ဗျ၊ သိလား ဟီး... ဟီး...'

ကလေးက ရိုးသားစွာပဲ သူ့အမေ ပြောသလို ပြန်ပြောနေရှာလေသည်။

'ဒါနဲ့ မင်းအမေက မိထွေးလား'

'အရင်းပါဗျ ဟီး ဟီး'

'မင်းအဖေကကော ဘယ်သူလဲ၊ ဘာလုပ်လဲ'

'စံညွန့်တဲ့၊ သေပြီ'

'ဟော... မင်းအမေကကောကွာ'

'မတဆုတ် အကြော်ရောင်းတယ်၊ အကြော်ကြော်တယ်'

'ပြီးတော့ မင်းက အကြီးဆုံးလား'

'ဟုတ်တယ် ကျွန်တော်က အကြီးဆုံး၊ အားလုံးမှ လေးယောက်တည်း ပါဗျာ'

ကျွန်တော်သည် သွက်လက်ချက်ချာ၍ နွမ်းနွမ်းပါးပါး ပေပေညစ်ညစ် ဖြစ်နေသည့်တိုင် ချစ်စရာကောင်းသော ထိုချာတိတ်လေးကို မောလျှသော ရင်ဖြင့် ငေးစိုက်ကြည့်နေမိလေသည်။ ပြီးမှ ချွေးစေးများဖြင့် စေးထန်းထန်း

ကပ်စေးစေး ဖြစ်နေသော ချာတိတ်၏ ဆံပင်လေးကို လက်ဖြင့် အသာအယာ ပွတ်သပ်ရင်း သူ၏ ကျန်နေသော မုန့်အရေအတွက်ဖိုးကို ပေးလိုက်ပြီး အိမ်ပြန် နိုင်းလိုက်ရပါသည်။

ဩော်... အချိန်တန်၍ အိမ်ပြန်ရသည် ဆိုသော်ငြားလည်း...

'အပြန်လမ်းပေါ်တွင်' ဟူ၍ ဝတ္ထုကို အဆုံးသတ်ထားပါသည်။

စာရေးဆရာသည် ဇာတ်ကောင်ကိုလည်း စာရေးဆရာအဖြစ် ဖန်တီး ထားပြီး ကိုယ်တိုင်ပြော ရှုထောင့်မှ ရေးသည်။ ဇာတ်ကောင် (ကလေး)နှင့် ပြောသော စကားများကြောင့် ဖြစ်ပေါ် ခံစားရချက်များ၊ ကလေး၏ ကိုယ်ဟန် အမူအရာ လှုပ်ရှားမှုများနှင့် ကလေးမျက်နှာမှ ပြောင်းလဲသွားသော ခံစားချက် အမူအရာများကို 'အပြော' ဖြင့် ဖော်ပြသည်။ ဇာတ်ကွက်ဖော်ရာတွင် 'အပြ' ကို အသုံးပြုသည်။ အပြောနှင့် အပြကို ခွဲခြား၍ရသော ဝတ္ထုအဖြစ် ဖော်ပြ လိုက်ရပါသည်။

၁၉၈၃ ခုနှစ်ထုတ် ငွေတာရီ မဂ္ဂဇင်းများတွင် လူမှုဝန်းကျင်၌ ဖြစ်ပျက် တတ်သော သဘောကို ဆောင်သည့် ဝတ္ထုတိုများကို တွေ့ရသည်။ ထိုနှစ် ဖေဖော်ဝါရီလထုတ်တွင် မင်းနွယ်၏ 'ပြည်ပန်းညို ချိုပါဘိတောင်း' သည် နှစ်ဘက်မိဘတို့ ကြားဝင် နယ်လုမှုကြောင့် အိမ်ထောင်သစ် ဇနီးမောင်နှံတို့ အဆင်မပြေ ပြိုကွဲရတတ်ကြောင်း ဖော်ပြထားသည်။

မတ်လထုတ် ငွေတာရီတွင် မြမြလှိုင်၏ 'မုန့်ဟင်းခါးနှစ်ပွဲ' ဝတ္ထုတိုမှာ လူတို့၏ ပြင်ပအပေါ်ယံထက် အတွင်းစိတ်စေတနာ ဖြူစင်မှုက ပိုအရေးပါ ကြောင်း ဖော်ပြထားသည်။ ဧပြီလထုတ်တွင် ပါသော ကျော်မောင်၏ 'ကတုံး ပေါ် ထိပ်ကွက်ခံရခြင်း' ဝတ္ထုတိုမှာ မတရားသော ငွေမည်းများ၏ မတည်မြဲ သော သဘောနှင့် ကိုယ်ချင်းစာတရား ထားကာ မှန်ကန်ဖြောင့်မတ်စွာ အသက် မွေးသင့်ကြောင်း ဖော်ပြထားသည်။

ဩဂုတ်လထုတ် ငွေတာရီတွင် ဇရာ၏ 'အမြင်မှန် နေရာမှန်' မှာ အိမ်နီးချင်းအပေါ် အကြောင်းတစ်စုံတစ်ရာ မရှိဘဲ၊ ရန်ငြိုးထားပြီး စောင်းမြောင်း ပြိုင်ဆိုင်သော မရီကြောင့် အိမ်နီးချင်းများ ပြောင်းပြေးကြရပုံ၊ မရီတို့ မိသားစု လည်း ဓာတ်ဆီ မှောင်ခိုရောင်းဝယ်မှုကြောင့် အဖမ်းခံရပြီး ထိုပတ်ဝန်းကျင်မှ ပြောင်းပြေးရပုံကို ဖော်ပြထားပြီး သူတစ်ပါးအပေါ် အပြစ်ရှာ ဝေဖန်နေခြင်း

ထက် မိမိ၏ ဘဝအခြေအနေကို မှန်ကန်စွာ ရှုမြင်သုံးသပ်၍ ပြုပြင်ရန် လိုအပ်ကြောင်းကို တင်ပြထားသည်။

စစ်ဆန့်ကျင်ရေး ဝတ္ထုတိုအဖြစ် နိုင်ဇာထွန်း၏ 'ဆူးသုန်းတော၏ ဆူးလွမ်းဝေဒနာ' ဝတ္ထုတိုကို ၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ငွေတာရီ မဂ္ဂဇင်းတွင် တွေ့ရသည်။ စစ်၏ ဆိုးပြစ်များနှင့် စစ်သည် လူသားတို့၏ မွန်မြတ်သန့်စင်သည့် မေတ္တာစိတ်ကို မချေဖျက်နိုင်ကြောင်း ဖော်ပြထားသည်။

တရားသဘောကို ညွှန်းဆိုသော ဝတ္ထုတိုများကိုလည်း တွေ့ရသည်။ ၁၉၈၃ ခုနှစ်၊ မတ်လ ငွေတာရီတွင် ပါသော အောင်စည်ဟိန်း၏ 'ထင်လာသော အရိပ်' မှာ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိ ဟူသော သဘောကို ဖော်ပြနေသည်။ မိဘနှင့် သားသမီး ဆက်ဆံရေး၊ မိဘမေတ္တာသဘော၊ မိဘ၏ ဂုဏ်တို့ကို ဖော်ညွှန်းသော ဝတ္ထုတိုများကိုလည်း တွေ့ရသည်။

၁၉၈၃ ခု၊ အောက်တိုဘာ ငွေတာရီတွင် ပါသော သုမောင်၏ 'ကျွန်တော် နှင့် ကျွန်ုပ်၏ ဖေဖေ' သည် အဖေအပေါ် နားလည်မှု လွဲနေသော သားကို သူငယ်ချင်းများက စိတ်ပြေအောင် ဂီတသံစဉ်နှင့် ချော့ရာ ထိုဂီတသံစဉ်မှာ ဖခင်မေတ္တာကို ဖော်ကျူးထားသော ခေတ်ဟောင်းသီချင်းတစ်ပုဒ် ဖြစ်နေသည်။ ထိုသီချင်းကြောင့် ဖခင်မေတ္တာကို နားလည်လာကာ သီချင်းဆုံးဆုံးချင်း ဖခင်ဆီ ပြန်လာပြီး ဝန်ချတောင်းပန်ပုံ ဖော်ပြထားသော ဝတ္ထု ဖြစ်သည်။

၁၉၈၃ ခုနှစ်၊ စက်တင်ဘာ ငွေတာရီတွင် ပါသော မကြွယ်ကြွယ်၏ 'ငှက်သမွှာန်နှင့် လှိုင်းလှိုင်းအိအိ' ဝတ္ထုမှာ သားသမီးတို့နှင့် ဆိုင်သော ဒုက္ခ၊ သုခကို မိဘတိုင်း ကျေနပ်ကြည်နူးစွာ ခံယူမြဲဖြစ်ကြောင်း ဖော်ပြထားသည်။ ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါသော မောင်တင်ခက် ၏ 'အဖေ့သတ္တိ' မှာ သတ္တိရှိမှုနှင့် သူရဲဘောကြောင်မှုကို ခွဲခြားကာ သိနားလည် ကြစေလိုသော သဘောကို တွေ့ရသည်။ စိတ်ပိုင်းဆိုင်ရာကို ပြုပြင်ပေးသော ဝတ္ထုများ ဖြစ်သည်။

၁၉၈၃ ခု၊ ဩဂုတ်လထုတ် ငွေတာရီတွင် ပါသော 'မြင့်ဦးဦးမြင့်' ၏ 'ကျေးညီနောင် ဇာတ်လမ်း' မှာ ထူးခြားသည်။ စာပေအနုပညာသည် ရောင်းကုန် ပစ္စည်း မဟုတ်ကြောင်း၊ စာပေအနုပညာရှင်များသည် အနုပညာအပေါ် သစ္စာ ရှိစေလိုကြောင်း တင်ပြရာတွင် စာပေအနုပညာကို ဝါသနာအရ လုပ်ခဲ့ရာမှ

စာပေနယ်တွင် နေရာရ အောင်မြင်စပြုလာသောအခါ စီးပွားရေးဘက်သို့ ဦးတည်ချက် ပြောင်းသွားခဲ့သူ ကိုမိုးကျော်နှင့် ရသမျှ တင်းတိမ်ရောင့်ရဲကာ အနုပညာကို တန်ဖိုးထားသူ စောဦးတို့နှစ်ဦး၏ အမြင်၊ ခံယူချက် သဘောထား ကွဲလွဲပုံကို ဖော်ပြထားသည်။ မည်သူ မှန်သည်၊ မှားသည်ကို မဖော်ပြဘဲ ကျေးညီနောင်ဇာတ်လမ်းဖြင့် အဆုံးသတ်ပြီး စာဖတ်သူအတွက် အတွေးစ ချန်ထားပေးသည်။

၁၉၈၃ ခုနှစ်၊ အောက်တိုဘာမှ စ၍ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ အထိ သဘင်မဂ္ဂဇင်းတွင် ဦးအောင်သင်း၏ 'အကြိုက်ဆုံးဝတ္ထုတိုကဏ္ဍ' ပါလာသည်။ ထို ၁၃ လအတွက် မဂ္ဂဇင်း အုပ်ရေပေါင်း ၂၁၆ အုပ်မှ ဝတ္ထုတို ပေါင်း ၁၀၈၉ ပုဒ် ဖတ်ခဲ့သည်ဟု ဆိုပါသည်။

ထိုဝတ္ထုတိုများကို ဦးအောင်သင်းက-

(၁) အာဘော်မဲ့ဝတ္ထုများ၊

(၂) အာဘော်ဝတ္ထုများ၊

(၃) သီးသန့်အာဘော်ဝတ္ထုများ၊

(၄) သရုပ်ဖော်ဝတ္ထုများ

ဟူ၍ ခွဲပြထားပြီး လုပ်ငန်းခွင်ဘဝ၊ လောကစိမ်းဘဝနှင့် ကိုယ်ရေးဘဝ ဟူသော ဘဝသရုပ်ဖော်ဝတ္ထုများကို တွေ့ရကြောင်း ဖော်ပြထားသည်။ လူအများ စိတ်ဝင်စားခဲ့သော ကဏ္ဍ ဖြစ်ပါသည်။ ရေးသူရော ဖတ်သူပါ စိတ်ဝင်စားကြကြောင်း တွေ့ရသည်။ ဦးအောင်သင်း ညွှန်းသော ဝတ္ထုများကို ရှာဖတ်ကြသည်အထိ ဖြစ်လာသည်။

ရေးသူများကလည်း ထိုဝတ္ထုကို ရှာဖတ်ပြီး ဦးအောင်သင်း၏ စံမီအောင် ကြိုးစားရေးလာကြသည်။ အညွှန်းခံရသော ကလောင်သစ်ကလေးများကို လူအများက မြန်မြန် သိသွားသော အကျိုးကျေးဇူးကို ရရှိစေပါသည်။ အရင်က စာရေးကောင်းခဲ့ပြီး စာရေးကျဲသွားသော ကလောင်ဟောင်းကြီးများကို စာရေး ဖြစ်အောင် အားပေးရာလည်း ရောက်ခဲ့သည်။

သာကေပြရလျှင် ဆရာကြီးစောဦးမှာ သူ ရေးချင်သော ဗုဒ္ဓတရားရိပ် အကြောင်းကို ရေးချင်သော်လည်း လက်တွန့်နေကြောင်း၊ ဦးအောင်သင်းက ရွေးပြီး ညွှန်းလိုက်သောအခါ ဝမ်းသာအားတက်သွားကြောင်း ဦးအောင်သင်းထံ

စာရေးခဲ့သည်။ ကိုဝင်းငြိမ်းနှင့် အင်တာဗျူးသောအခါ ဖော်ပြထားပါသည်။

သစ္စာနီက 'စကားလုံးများနှင့် ဆော့ကစားခြင်း' စာအုပ်တွင် တစ်နိုင်ငံလုံး ကြိုက်ခဲ့ကြတဲ့ ဦးအောင်သင်းရဲ့ 'ကျွန်တော် အကြိုက်ဆုံး ဝတ္ထုတိုများ' ဆောင်းပါးတွေဟာ ဖတ်ညွှန်းတွေပါပဲ ဟုဆိုထားပါသည်။

ဦးအောင်သင်း၏ ဖတ်ညွှန်းဝတ္ထုများသည် မြန်မာ့ဝတ္ထုတို လမ်းကြောင်းအတွက် အားဖြစ်စေခဲ့သည်။ ဝင်းစည်သူ၊ ရဲသျှမ်း၊ ကျော်စွာထက်၊ ဂျူဇော်၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ ကိုရီးကွန့်၊ မကို၊ မေမောင်၊ မြို့သာမရာထို၊ မဝင့်(မြစ်ငယ်) စသည့် မန္တလေး စာရေးဆရာ၊ ဆရာမများ၏ ဝတ္ထုတိုများမှာလည်း မန္တလေး၏ ခေတ်ပြိုင်လူနေမှုဘဝများကို ထင်ဟပ်စေခဲ့သည်။

ညီပုလေး၏ 'ဖိုးသူတော် မျက်စိလည်လေ အိကြာကွေးရလေ' ဝတ္ထုတိုမှာ မန္တလေး၏ ခေတ်ပြိုင်လူနေမှုဘဝကို အထူး ဖော်ကျူးချက်ပင် ဖြစ်သည်။ အလွန် ပြောင်မြောက်သော ဝတ္ထုတို ဖြစ်သည်။ မန္တလေး စာရေးဆရာ (၄)ဦး ပါဝင် ရေးသားခဲ့သော 'ဝသုန္ဓရေလက်ရေး' ဝတ္ထုတိုပေါင်းချုပ်မှာ မှတ်တမ်းတင်ထားသင့်သော စာအုပ် ဖြစ်ပါသည်။

မိုးမိုး(အင်းလျား)၏ 'စိုးကြောက်မိပါသည်'၊ ရဲသျှမ်း၏ 'စာစီစာကုံးလေးများ'၊ နုနုရည်(အင်းဝ)၏ 'ရေလယ်ခေါင်သောင်ထွန်း ကျွန်းလို့ ခေါ်တယ်'၊ သိုက်ထွန်းသက်၏ 'ရွှေလျားနံ့ရံ့'၊ ခင်ပန်နှင်း(မြောင်းမြ)၏ 'သုညဒီဂရီ စင်တီဂရိတ်'၊ ညီပုလေး၏ 'စပါးကြီးမြွေ'၊ ဝင်းစည်သူ၏ 'စက်ဘီးတစ်စီး ခရီးယူဇနာ' ဝတ္ထုတိုများ ဖြစ်သည်။ သဘင်၊ မိုးဝေ၊ ချယ်ရီ၊ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတို့တွင် ဖော်ပြခဲ့သော ဝတ္ထုတိုများကို စုစည်းထားခြင်း ဖြစ်သည်။

ထိုစာအုပ်နှင့် ပတ်သက်၍ ကြည်မင်းက-

'တရားကိုယ် တစ်ခုတည်းကိုပဲ ဦးတည်ထားတဲ့ ဝတ္ထုကို စုစည်းမှုဗျာ၊ မန္တလေးမြို့သားတွေ သိမ်းထားထိုက်၊ မြတ်နိုးထိုက်၊ အင်မတန် ကျေးဇူးတင်ထိုက်တဲ့ စာအုပ်၊ သမားရိုးကျ ဝတ္ထုပုံစံက သူတို့ဆီမှာလည်း ရှိနေတုန်းပါပဲ' ဟု သုံးသပ်ခဲ့ပါသည်။

လူအများ နားလည်နိုင်သော သမားရိုးကျပုံစံ ဖြစ်သော်လည်း စာရေးသူတို့၏ခံစားမှုမှာ အလွန်နက်ရှိုင်းပြီး တစ်မျိုးသားလုံးအတွက် ထားသည့် ကြီးမားသော စေတနာသည် အလွန် မှတ်တမ်းတင်ထိုက်သည်။ မန္တလေးမြို့နှင့်

ဆိုင်သော၊ မြန်မာတစ်မျိုးသားလုံးနှင့် ဆိုင်သော ခေတ်ပြိုင်ခံစားမှုကိုလည်း ကူးစက်စေပါသည်။ အကြောင်းအရာ တစ်ခုတည်းကို မူတည်ပြီး ခံစားရေးဖွဲ့ထားခြင်းမှာ ထိုအကြောင်းနှင့် ပတ်သက်၍ ခံစားမှု တူနေခြင်း ဖြစ်သည်။ မတူညီသော ရေးဟန်နှင့် တင်ပြပုံများ၊ အမြင်များကြောင့် ဝတ္ထုတို အတတ်ပညာနှင့် ပတ်သက်၍လည်း လေ့လာထိုက်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ဝတ္ထုတိုတွေ အုံနှင့်ကျင်းနှင့် ထွက်ပေါ်လာပြီး ထွက်လာသမျှထဲမှ အများစုမှာလည်း ကောင်းကြသည်၊ စံမီသည်။ ထို့ကြောင့် ဝတ္ထုတိုရွှေခေတ်ဟု တင်စားခြင်း ခံရပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သဘောထားကွဲလွဲငြင်းခုံသူများလည်း ရှိပါသည်။ ထိုခေတ်တွင် အပျော်ဖတ် လုံးချင်းဝတ္ထုရေးသူအချို့ကလည်း စာပေအရာတွင် တန်းဝင်လို၍ ဝတ္ထုတိုများကို ဝင်ရေးကြသည်။ သို့သော် ကြာရှည်မရေးနိုင်ဘဲ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်သည်။ သူတို့ရေးသားခဲ့သော ဝတ္ထုတိုများမှာလည်း စံပြုလောက်သော ဝတ္ထုတိုများ ဖြစ်မလာခဲ့ချေ။

မန္တလေး ဆေးတက္ကသိုလ် မဂ္ဂဇင်းသည်လည်း မြန်မာစာပေလောကအတွက် ဝတ္ထုတိုရေးသူများကို မွေးထုတ်ပေးခဲ့သည်။ ဂျူး၊ ကျော်စွာထက်၊ နိုင်ဇော်၊ စုထား၊ ပိုင်ကျွမ်း၊ လူမျိုးနော်၊ ညိုမင်းဝေ(ဆေး-မန်း) စသူတို့ဖြစ်သည်။ ၁၉၇၉ ခုနှစ် မန္တလေး ဆေးတက္ကသိုလ်မဂ္ဂဇင်းတွင် ဂျူး၏ 'ရာဇဝင်ထဲမှာ မောင့်ကို ထားရစ်ခဲ့'၊ ၁၉၈၀ ပြည့်နှစ် မန္တလေးဆေးတက္ကသိုလ် ငွေရတုမဂ္ဂဇင်းတွင် ဂျူး၏ 'ငိုအောင်စရင် ငိုတတ်မှ' ဝတ္ထုတိုတို့ကို တွေ့ရသည်။

ဇန်မြင့်က-

'၁၉၈၃ ခုနှစ် ပတ်ဝန်းကျင်သည် မြန်မာဝတ္ထုတိုခေတ် ပြန်လည်ထွန်းသစ်စကာလ ဖြစ်သည်။ ထိုကာလထက် စောစောကပင် ရှုမဝမဂ္ဂဇင်းမှာ ဝတ္ထုတို ခေတ်သစ်အကြို ဝတ္ထုသမားများ တွေ့နေကြရပြီ ဖြစ်သည်။ မောင်ဝဏ္ဏ(၁၉၇၃)၊ ဝင်းဝင်းလတ်(၁၉၇၃)၊ မိုးငြိမ်းဇ(၁၉၇၆)၊ မောင်လွန်းကြင်(၁၉၇၈) အပါအဝင် လေးစားရသော ကလောင်များ ဖြစ်သည်။

နောက်ပိုင်း၌ သစ္စာနီ၊ ဂျူး၊ ခင်မြဇင်၊ သဲအိမ်မောင်နေဝါ အစရှိသောစောင့်ဖတ်ရသော ဆရာ၊ ဆရာမတွေထဲမှာ မောင်တင်မြလည်း ပါဝင်လာသည်' ဟုဆိုထားပါသည်။

ဝတ္ထုတိုသည် တဖြည်းဖြည်း ခိုင်မာလာသည့် သဘော ဖြစ်ပါသည်။ စိုးမြင့်လတ်က စာပေဂျာနယ်တွင် ၁၉၈၀ ပြည့်နှစ်ကျော် ကာလများတွင် တွေ့ရသော ဝတ္ထုတိုများကို အကြမ်းအားဖြင့် (၃)မျိုး ခွဲပြထားသည်။

(၁) ကာလပေါ် လုံးချင်းဈေးကွက်ဝင် အောင်မြင်ပြီး နာမည်ရနေသူ စုပါ စာရေးဆရာတို့၏ ဝတ္ထုတိုများဟု ဖော်ပြပြီး (သူတို့၏ ဝတ္ထုတိုများမှာ သူတို့ရေးနေကျ လုံးချင်းဝတ္ထုများကဲ့သို့ပင် စိတ်ကူးယဉ်ဆန်လျက် ရှိတတ်ကြပြီး ဝတ္ထုထက် သူတို့၏ ကျော်ကြားပြီးသော ကလောင်အမည်တို့က ပို၍ အရေးပါလာသည်ကို တွေ့ရသည်။) ဟု သုံးသပ်တင်ပြထားပါသည်။ ထိုခေတ်က ဝတ္ထုတိုချည်း သီးသန့်ထုတ်သော 'ရင်ခုန်ပွင့်မဂ္ဂဇင်း' တို့တွင် ရောင်းတမ်းဝင် အပျော်ဖတ် စာရေးဆရာတို့၏ ဝတ္ထုတိုများကို တွေ့ရပါသည်။

(၂) လူ့ဘဝတွင် ဖြစ်တောင့်ဖြစ်ခဲ အကြောင်းအရာ အချို့နှင့် စိတ်ခံစားမှုကို ဦးစားပေး၍ လှပစွာ ရက်ခြယ်ရေးသားထားသည့် ဝတ္ထုတိုများဟု ဖော်ပြပြီး (ထိုဝတ္ထုတို အမျိုးအစားမှာ အရေအတွက် နည်းသော်လည်း အရေးအဖွဲ့ရော တင်ပြပုံ ထူးခြားဆန်းသစ်မှုရှိပြီး လတ်ဆတ်သော အနုပညာလက်ရာသစ်တစ်မျိုး အဖြစ် နှစ်သက်ဖွယ် ရှိကြောင်း တွေ့ရပါသည်။) ဟု သုံးသပ်ထားပါသည်။

(၃) ခေတ်ပြိုင် လူမှုဝေဒနာတို့ကို ထင်ဟပ်ဖွဲ့ဆိုသည့် တာဝန်ကျေသော စာပေလက်ရာများ ဟုဖော်ပြပြီး (ထိုဝတ္ထုတိုလေးများသည် သူ့ခေတ်၏ လူမှုစီးပွားရေးဘဝ ပုံကားချပ်တို့ကို ရှုတစွာ ရေးခြယ်ပြပြီး လူ့စရိုက်သဘာဝတို့ကိုလည်း ပိုင်းခြား စိစစ်ဝေဖန်၍ တင်ပြလေ့ရှိသည်ကို တွေ့ရသည်။ အနည်းဆုံး စာရေးဆရာ ပြောလိုသည့် အချက်တစ်ချက်ကိုတော့ ထင်ထင်ရှားရှား မြင်ရတတ်သည်။ လူမှုဘဝ၏ မတရားမှုနှင့် တစ်ဖက်စောင်းနင်း အဖြစ်အပျက်တို့ကို ထိုးနှက် လှောင်ပြောင်သရော်ပြီး ရေးဖွဲ့လေ့ရှိကြသည်။) ဟု သုံးသပ်ထားသည်။ ခေတ်ပြိုင်ခံစားမှုကို ထင်ဟပ်ရေးဖွဲ့သော ဝတ္ထုတို အများအပြား ထွက်ခဲ့သည်ဟု ဆိုနိုင်သည်။

၁၉၈၄ ခုနှစ်၊ နိုဝင်ဘာ မဟေသီတွင် ပါဝင်သော စောဦး၏ 'မေဓာဝီ၏ အကွင်းလိုက်တရား'၊ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ၊ မိုးဝေတွင် ပါသော မောင်ကျော်သာ(ပဲခူး)၏ 'တောင်တန်းပြာပုံပြင်' ဝတ္ထုတို၊ ၁၉၇၈ ခုနှစ်၊ စက်တင်ဘာ မဟေသီမဂ္ဂဇင်းတွင် ပါသော မိုးမိုး(အင်းလျား)၏ 'ထိုနေ့က

မီးလာ၏'၊ ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်မှ နုနုရည်(အင်းဝ)၏ 'နမ်းမှာလား မောင်ရဲ့ မွှေးတယ်ရှင့်'၊ ဇွန်လထုတ်မှ ခင်မြဖင်၏ 'အလှရိုက် ဓာတ်ပုံတစ်ပုံ'၊ ဇူလိုင်လထုတ်မှ မြသန်းတင့်၏ 'ပန်းရန်ဆရာ ညည်းချင်း' စသည့် ဝတ္ထုတိုတို့သည် ခေတ်ပြိုင်ခံစားမှုကို ဖော်ပြနေသော ဝတ္ထုတိုများ ဖြစ်ပါသည်။

ထိုခေတ်တွင် ပေါ်ပေါက်ခဲ့သော ဆရာဝန် စာရေးဆရာများ၏ အခန်းကဏ္ဍသည်လည်း ဝတ္ထုတိုလောကကို လင်းလက်တောက်ပစေခဲ့သည်။ ကျော်စွာထက်၊ နိုင်ဇော်၊ မသီတာ(စမ်းချောင်း)၊ စုထား၊ ဝင်းဝင်းလတ်၊ ဖေမြင့်၊ လင်း(ဆေး-၁)၊ ပြေ(ဆေး-၂) စသည့် ဆရာဝန် စာရေးဆရာများ၏ စာများကို မဂ္ဂဇင်းများတွင် တွေ့လာရသည်။ 'ဗီတာမင် ၁၃'ဟု အမည်ရသော ဆရာဝန်စာရေးဆရာ ၁၃ ဦး၏ ဝတ္ထုတို ၁၃ ပုဒ်ကို စုစည်းပြီး ဝတ္ထုတို ပေါင်းချုပ်ပင် ထွက်ခဲ့သည်။ ဆရာဝန် ၁၂ ဦး ရေးသည့် 'နားကြပ်ကိုဆောင် ကလောင်ကိုဆွဲ' ဝတ္ထုတိုများကို ဂျပန်ဘာသာ ပြန်ခဲ့သည်။

ဟိန်းလတ်က နိုင်ဇော်နှင့် အင်တာဗျူးရာတွင်-

'၁၉၈၀ ကနေ ၁၉၈၉ ခုနှစ်အထိကို 'ရှစ်ဆယ်များ'ဆိုပြီး ဆယ်စုနှစ်တစ်နှစ်အဖြစ် ပိုင်းခြားကြည့်လိုက်ရင် ဒီအတောအတွင်းမှာ လူငယ်ဝတ္ထုတိုရေးဆရာ တော်တော်များများ ပေါ်လာတာ တွေ့ရပါတယ်' ဟု မေးရာ နိုင်ဇော်က-

'အဲဒီ ဆယ်စုနှစ်အတွင်းမှာ ခေတ်အစားဆုံး စကားပြေ ပုံသဏ္ဍာန်ကတော့ ဝတ္ထုတိုတွေပါပဲ။ တစ်လတစ်လ ဝတ္ထုတိုပြိုင်ပွဲများ ဝင်နေသလား ထင်မှတ်ရလောက်အောင် ကြိုးစားထားကြတဲ့ ဝတ္ထုတိုတွေကို တွေ့ခဲ့ရပါတယ်။ ရှိရင်းစွဲ ဘဝသရုပ်ဖော်စာပေ၊ ဘဝအလွမ်းအမော စာပေလက်ရာ ပုံသဏ္ဍာန်မျိုးတွေ အားကောင်းကောင်းနဲ့ ပြန်ပြီး ခေတ်စားလာတာကိုလည်း တွေ့ရပါတယ်' ဟုဆိုထားသည်ကို ထောက်၍ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်တွင် ဝတ္ထုတိုများ အရှိန်အဟုန် မြင့်မားလာခဲ့သည်မှာ သေချာလှသည်။

၁၉၈၄ ခုနှစ်၊ ဩဂုတ်လတွင် မဟေသီမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကလျာမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း ဟူသော အမျိုးသမီး အယ်ဒီတာချုပ် ၃ ဦး၏ မဂ္ဂဇင်းများ၊ ပေဖူးလွှာ၊ သဘင်၊ ပန်ရပ်စုံမဂ္ဂဇင်း စသည့် မဂ္ဂဇင်းများလည်း ထွက်ပေါ်လာခဲ့

သည်။ ဝတ္ထုတိုကိုလည်း ဦးစားပေး ဖော်ပြခဲ့သောကြောင့် မြန်မာဝတ္ထုတို လမ်းကြောင်း တစ်လျှောက်တွင် အရေးပါ အရာရောက်သော အခန်းကဏ္ဍ အဖြစ် မဂ္ဂဇင်းများကို မှတ်တမ်းပြုရပါမည်။

ရှုမဝမဂ္ဂဇင်းသည်လည်း ဝတ္ထုလမ်းကြောင်း၏ လှေကားထစ်တစ်ခု သဖွယ် ဖြစ်ခဲ့ပါသည်။ ရှုမဝစင်မှ ထွက်သူများသာလျှင် စာရေးဆရာ တန်းဝင်သည်ဟု ပြောစမှတ် ပြုရလောက်အောင်ပင် ဝတ္ထုတို လက်ရာသန့်များကို ထည့်သွင်းဖော်ပြခဲ့သည်။ အားမာန်သစ်စာပေမှ ထုတ်ဝေသော ရင်ခုန်ပွင့် မဂ္ဂဇင်းသည်လည်း ဝတ္ထုတိုချည်းသက်သက် ဖော်ပြသော မဂ္ဂဇင်း ဖြစ်သည်။ စံပယ်ဦးစာပေမှ ထုတ်ဝေသော စံပယ်ဦးမဂ္ဂဇင်းသည်လည်း ဝတ္ထုမဂ္ဂဇင်း ဖြစ်သည်။ ရှုမဝ၊ ရင်ခုန်ပွင့်၊ စံပယ်ဦးမဂ္ဂဇင်းတို့မှ စင်တင်ပေးလိုက်သော ဝတ္ထုတို ရေးသူများမှာ ယနေ့ထိ စာပေလောကတွင် အခြေခိုင်ခိုင် ရပ်တည်လျက် ရှိနေပေသည်။

၁၉၈၈ ခု၊ မေလထုတ်တွင် မောင်စိန်ဝင်း (ပုတီးကုန်း)က 'နင့်ဘူးကို ဘယ်သူချဲ့ ပြောဟဲ့ဗေဒါ' ဟူသော ဝတ္ထုတိုကို ရေး၍ နုနုရည်(အင်းဝ)၏ 'နမ်းမှာလား မောင်ရဲ့ မွေးတယ်ရှင့်' ဝတ္ထုတိုထဲမှ တာတာဝင်း၏ ဘဝဒဿန အတွေးအမြင်ကို ပြန်လည် ချေပခဲ့သည်။ လုံးချင်းဝတ္ထု ရေးသူ စုလှဖြူလည်း သာရမဂ္ဂဇင်း အကောင်းဆုံး ဝတ္ထုတိုဆုကို ရခဲ့ဖူးသည်။ ထိုဆုနှင့် ပတ်သက်၍ ဝေဖန်သူလည်း ရှိသည်။

၁၉၈၉ ခုနှစ်တွင် စမ်းစမ်းနွဲ့(သာယာဝတီ)နှင့် မောင်သာချိုတို့ တည်းဖြတ်ထုတ်ဝေသော အိပ်မက်ဖူးမဂ္ဂဇင်း ထွက်လာသည်။ အမှတ် (၃) တွင် ကဗျာဆရာ အောင်ဝေး၏ 'ညနေခင်းရယ် ဘူတာရုံလေးထဲမှာပဲ နေပါနော်' ဝတ္ထုတိုကို တွေ့ရသည်။ မင်းလူ၊ သဲအိမ်မောင်နေဝါ၊ မြတ်လှိုင်း၊ ရဲသျှမ်း၊ သိုက်ထွန်းသက်၊ ညိုထွန်းလူ၊ ကလျာ (ဝိဇ္ဇာ၊ သိပ္ပံ) စသူတို့၏ ဝတ္ထုတိုများကို ဖော်ပြခဲ့သည်။

၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အတွင်းတွင် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်းနှင့် ပေဖူးလွှာမဂ္ဂဇင်းတို့မှာလည်း ဝတ္ထုတိုကောင်း များစွာ ပါဝင်ခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မောင်ပြည့်ဝ ဦးစီးသော ပန်းဝေသီမဂ္ဂဇင်းတွင် နှမ်ဂျာသိုင်း၏ 'ပန်းနုသစ်သီ' ကဏ္ဍသည် ဝတ္ထုတို လက်သင်လေးများကို

မွေးထုတ်ပေးခဲ့သည်။ မဟေသီမဂ္ဂဇင်းကလည်း 'တက္ကသိုလ်ဏ္ဏာ' ဖွင့်လှစ်ပြီး ကလောင်သစ်များကို စင်တင်ပေးခဲ့သည်။

ဟိန်းလတ်က ကြည်မင်း(ကျော်စောမင်း) နှင့် စာပေ အင်တာဗျူး ရာတွင် -

'၁၉၈၀ ဝန်းကျင် ရောက်လာတော့ သမားရိုးကျ တင်ဆက်မှု၊ သမားရိုးကျ အရေးအသားတွေ အားပျော့လာတယ်။ နိမိတ်ပုံတွေ၊ တွဲဖက် အနက်တွေ အားကောင်းလာတယ်။ ခေတ်နှင့် စနစ်တို့ကို ဝေဖန်ရေးအမြင်နဲ့ ထင်ဟပ်လာတာ တွေ့ရတယ်။ ၁၉၉၀ အထိ ကျတော့ လူငယ်တွေ စင်ပေါ်တက်လာကြတာ အများကြီးပဲ' ဟု ဆိုရလောက်အောင် ကလောင်သစ်များ ပေါ်ထွက်ခဲ့ကြသည်။ ထိုကလောင်သစ်များထဲတွင် ခက်မာ၊ မိုချာ၊ မိုးချိုသင်း၊ မေမောင်၊ မကို၊ မောင်ညိုအေး (ပန်းတော)၊ မောင်လှမျိုး (ချင်းချောင်းခြံ)၊ သရဝဏ် (ပြည်) နှင့် ရာသက်ပန် (တောင်ငူဆောင်) တို့ ပါဝင်သည်။

၁၉၉၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ စာပေသမားများ ချစ်ခင်လေးစားကြသည့် စာရေးဆရာမ မိုးမိုး(အင်းလျား) ကွယ်လွန်ခဲ့ပါသည်။ မိုးမိုး(အင်းလျား)သည် စံပယ်ဖြူမဂ္ဂဇင်းတွင် ဒေါ်ခင်ဆွေဦးနှင့် တွဲ၍ အယ်ဒီတာ လုပ်ခဲ့ဖူးသည်။

မိုးမိုး(အင်းလျား) ကွယ်လွန်ပြီးနောက် စာပေအနုပညာနယ်မှ မိတ်ဆွေများ ဝိုင်းဝန်းကာ မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာစာပေနယ်အတွက် အကျိုးရှိရာရှိကြောင်း ကိစ္စရပ်များကို လုပ်ဆောင်ခဲ့ကြသည်။ ဝတ္ထုတို ကလောင်သစ်များ ပေါ်ထွက်လာစေရေး၊ လူမသိသေးသည့် အချို့သော ဝတ္ထုတို ကလောင်သစ်များ ထင်ထင်ရှားရှား ဖြစ်လာစေရေးအတွက် ၁၉၉၄-၉၅ ခုနှစ်တွင် ၂ နှစ် ဆက်တိုက် အကောင်အထည် ဖော်ခဲ့သည်။

'မျက်မှောက်ကာလ ထူးချွန်ထင်ရှားသည့် မြန်မာဝတ္ထုဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းတင်သည့် ဤအစီအစဉ်တွင် ပထမစာအုပ်အဖြစ် မိုးမိုး (အင်းလျား) အမှတ်တရ၊ ၈၀ ခုနှစ် အကောင်းဆုံး မြန်မာဝတ္ထုတိုများ နှစ်တွဲကို ၁၉၉၁၊ ဒီဇင်ဘာလနှင့် ၁၉၉၂၊ ဩဂုတ်လတို့၌ ထုတ်ဝေနိုင်သည်' ဟူသော ဖော်ပြချက်အရ ၁၉၈၀ ခုနှစ်များတွင် ဝတ္ထုတိုကောင်း များစွာ ပေါ်ထွက်ခဲ့ကြောင်း သက်သေပြလျက် ရှိပါသည်။

၁၉၉၀ ပြည့်နှစ်ကျော် ကာလများ၌လည်း ဝတ္ထုတိုဖွံ့ဖြိုး တိုးတက်ရေး အတွက် လုပ်ဆောင်လျက် ရှိကြောင်း တွေ့ရပါသည်။ ထိုကာလများတွင် ဘဝသရုပ်ဖော် ဝတ္ထုတိုများ၊ စိတ်ကူးယဉ် အချစ်ဝတ္ထုတိုများ၊ သရော်စာများ၊ ဘဝဒဿနနှင့် အတွေးအမြင်တို့ကို ဖော်ပြသော ဝတ္ထုတိုများကို တွေ့ရသည်။ ပိုင်ကျွမ်း၏ အစုံစားသတ္တဝါနှင့် 'အော်ပိုမိုင်း'၊ မင်းသစ်၏ မဟာနန္ဒ Ph_{11} တို့သည် သရော်စာကောင်းများ ဖြစ်သည်။

မော်ဒန်ကဗျာများ ရေးသော ဇေယျာလင်း၏ 'ရေမြောင်းထဲက ည' ဝတ္ထုမှာလည်း စံထားလောက်သော ဝတ္ထုတို ဖြစ်သည်။ ၁၉၇၀ ခုနှစ်ဝန်းကျင် ကလည်း ငွေတာရီ ဝတ္ထုတိုပေါင်းချုပ် ဟူသော ဝတ္ထုတိုပေါင်းချုပ် ထွက်ခဲ့ဖူး သည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် ဝတ္ထုတိုပေါင်းချုပ်များသည် အရှိန်ကောင်း ကောင်းဖြင့် ထွက်လာခဲ့ရပေသည်။ စာရေးဆရာတစ်ဦး၏ မဂ္ဂဇင်းပါ ဝတ္ထုတို ပေါင်းချုပ်များ၊ စာရေးဆရာစုံ ပါဝင်ရေးသားသော ဝတ္ထုတိုပေါင်းချုပ်များ ပေါ်ထွက်ခဲ့သည်။

ခြုံငုံသုံးသပ်ရလျှင် မြန်မာဝတ္ထုတိုလမ်းကြောင်း စည်ပင်ဖွံ့ဖြိုးရေးတွင်-

၁။ နိုင်ငံခြားစာပေနှင့် ရင်းနှီးကျွမ်းဝင်သော မြန်မာစာရေးဆရာတို့၏ ကဏ္ဍ၊

၂။ ခေတ်အဆက်ဆက်ထုတ်ဝေသော မြန်မာမဂ္ဂဇင်းများ၏ ကဏ္ဍ၊

၃။ ဝတ္ထုတိုကို ခံစား ရေးဖွဲ့လာကြသည့် ကလောင်သစ်များ၏ကဏ္ဍ၊

၄။ ဝတ္ထုတိုပေါင်းချုပ်များ ထုတ်ဝေလာခြင်း၊ မြန်မာဝတ္ထုတိုများကို ဘာသာပြန်လာခြင်းနှင့် ထုတ်ဝေသူတို့၏ကဏ္ဍ (မြန်မာဝတ္ထုတိုများ မြင့်တက်စေလိုသော စေတနာဖြင့် ပြုလုပ်ကြသော ဝတ္ထုတို ဆုပေး ပွဲများ၊ အောင်သင်း၏ အကြိုက်ဆုံး ဝတ္ထုတို ရွေးချယ်ပေးခြင်း အစီအစဉ်၊ ပန်းဝေသီ(မှိုင်းနွယ်)၊ ဟန်သစ်(ကျော်စောမင်း)၊ မယောသီ (စာအိုး) စသည့် ဖတ်ညွှန်းကဏ္ဍ)

ဟူသော အချက်များကို ယေဘုယျအားဖြင့် တွေ့ရှိရပါသည်။ ဆရာမြသန်းတင့်က ချယ်ရီမဂ္ဂဇင်း 'ရသမြစ်ဖျား' ကဏ္ဍတွင် -

'ဝတ္ထုတိုမှာတော့ ကျွန်တော်တို့ဟာ နိုင်ငံတကာထက် နောက်မကျသေး ဘူးလို့ ထင်တာပဲ။ အထူးသဖြင့် မြန်မာဝတ္ထုတိုတွေဟာ ဒုတိယကမ္ဘာစစ်

ပြီးတဲ့ နောက်မှာ မှန်မှန်ကြီး တိုးတက်လာနေတယ်လို့ ကျွန်တော် ထင်တယ်။ နောက်ပိုင်းမှာ ပိုပြီးတောင် အရှိန်မြန်လာသေးတယ်။ ကျွန်တော်တို့ ဝတ္ထုတိုဟာ ရှေ့မှာ ဒီထက် ပိုပြီးတောင် အလားအလာ ကောင်းလာနိုင်တယ်လို့ ထင်တယ်' ဟု ဆိုခဲ့သည်ကို ထောက်၍ မြန်မာဝတ္ထုတိုများကို ကမ္ဘာ့အဆင့်အတန်း မီသည် ဟု သုံးသပ်လိုပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၉၊ နိုဝင်ဘာလ၊ ၂၀၀၉။

* * *

မြန်မာဝတ္ထုတို လမ်းကြောင်း (၁)

၁။ မြသန်းတင့်၏ ပန်းရန်ဆရာ ညည်းချင်း

၁၉၈၈ ခုနှစ်၊ ဇူလိုင်လထုတ် သာရမဂ္ဂဇင်းမှ ဖြစ်သည်။ ပန်းရန်ဆရာတို့၏ ဘဝကို သရုပ်ဖော်ထားသည်။ နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိလာခဲ့သည့် ပန်းရန်ဆရာကြီးနှင့် မနေ့တစ်နေ့ကမှ ပန်းရန် ဖြစ်လာသူတို့ လုပ်အားခ အတူတူ ရသည့်ကိစ္စကို ရေးထားသည်။ ပန်းရန်ဘဝဖြင့် လုပ်စားကိုင်စားရသည်မှာ စိတ်ကုန်လှသော်လည်း မတတ်သာသည့်အဆုံးမှာ ကိုယ်ကပဲ စိတ်လျှော့ချလိုက်ရသည့် သဘောကို ဖော်ကျူးထားသည်။

(က) ရှုထောင့်

ကိုယ်တိုင်ပြော ရှုထောင့်မှ ရေးထားပြီး ပန်းရန်လောကတွင်လည်း လက်သင့်ရာ စားတော်ခေါ်တတ်သည့် သဘောသဘာဝ ရှိနေကြောင်း ဖော်ပြထားသည်။ အဓိက ဇာတ်ကောင်မှာ အသက်ကြီးပြီး လုပ်ငန်းအတွေ့အကြုံများစွာ ရှိသည့် ပန်းရန်ဆရာကြီး ဖြစ်သည်။ ထိုဆရာကြီးက ပန်းရန်လောက အကြောင်းကို ပြောပြသည်။ စာရေးဆရာက ထိုလောက၏ မတရားမှုကို ထောက်ပြလိုသည့် သဘော ရှိသည်။ စားဝတ်နေရေးအတွက် ရုန်းကန်ရသည့် လူသားအချင်းချင်း ရိုးသားမှု ရှိဖို့လိုကြောင်း၊ ကိုယ့်အလုပ်အတွက် ပစ္စည်းအစုံအလင် ရှိသင့်ကြောင်း ဖော်ပြထားသည်။

(၁) အပြော

လေးထပ်တိုက် အဆောက်အအုံကြီး တစ်ခုကို ဆောက်ဖို့ ပန်းရန်ဆိုင်း သုံးဆိုင်း ခေါ်ကြောင်း၊ ထိုအထဲမှာ သူ အသက်အကြီးဆုံး၊ ဝါအကြီးဆုံး ဖြစ်ကြောင်း-

'ပန်းရန် သုံးဆိုင်းမှာ ကျွန်တော်က အသက်အကြီးဆုံး ပန်းရန်ဆရာ၊ အသက်တင် မဟုတ်ဘူး၊ ဝါလည်း ကျွန်တော်က ကြီးတယ်။ တခြား ပန်းရန် အဆိုင်းနှစ်ဆိုင်းက ပန်းရန်ဆရာတွေက ကျွန်တော့်သားလောက်ပဲ ရှိသေးတယ်' ဟု ဖော်ပြသည်။

ပန်းရန်ဆရာ တစ်ယောက်အကြောင်း ပြောရာတွင်-

'သူ့နာမည်က နေအောင်တဲ့၊ ဝတ်စားထားပုံကလည်း ဇာတ်လိုက် မင်းသား၊ ပန်းရန်ဆရာခန်းက ဝင်ရိုက်ဖို့လာသလား အောက်မေ့ရတယ်။ အလုပ် ဆင်းတာက စပို့ရှပ်နဲ့၊ ကချင်လုံချည် အနက်နဲ့၊ လွယ်အိတ်နဲ့ ထမင်းဘူးကို ရှုရှုလေး ကိုင်လို့၊ စီးကရက်ကို ခဲလိုက်သေးတယ်' ဟု ပြောပြသည်။

အလုပ်ကို လက်ကြောတင်းအောင် လုပ်မည့်သူ မဟုတ်ဟု ပြချင်ဟန် ရှိသည်။

'သူတို့က ပန်းရန်ဆရာအလုပ်ကို တကယ် လုပ်တတ်တာ၊ လုပ်နိုင်တာ မဟုတ်ဘူး။ အောက်က ပန်းရန် လက်ထောက်တွေက လုပ်ပေးရတာ။ သူတို့က နာမည်ခံလောက်ပဲ'

'ဒီကောင်တွေနဲ့ လုပ်ရတာ ကျွန်တော့်မှာ အလုပ်လည်း နှောင့်နှေး တယ်၊ သိက္ခာလည်း ကျတယ်။ ရေချိန်မရှိလို့ ရေချိန် လာငှားသွားတာမျိုး၊ ချိန်သီးမရှိလို့ ချိန်သီး လာငှားသွားတာမျိုးကလည်း ရှိသေးတယ်' ဟူ၍ သူ နှင့် တွဲလုပ်ရမည့် အခြား ပန်းရန်တို့အကြောင်းကို ပြောပြသည်။

ပန်းရန်တို့၏ လုပ်ငန်းခွင် အတွေ့အကြုံနှင့် အလုပ်သဘောကို-

'ဒီနေ့ ဖျော်ထားတဲ့ မဆလာဟာ ဒီနေ့လုပ်ကွက်နဲ့ အတိ ဖြစ်နေရတယ်။ ပိုနေလို့ရှိရင် ကိုယ့်အိတ်ထဲက စိုက်လျော်'

'အုတ်ခဲကို အပြားလိုက် ကျလာအောင် ဆီးဖမ်းတတ်ရတယ်။ အပြား လိုက် မဖမ်းမိဘဲ အုတ်ခုံစောင်းကို သွားဖမ်းမိရင်တော့ အဲဒီလက်ဟာ ဟက်တက် ကွဲသွားပြီလို့သာ အောက်မေ့ပေတော့' ဟူ၍ ဖော်ပြသည်။

သူ အောက်သက်ကျေခဲ့ပုံကို-

'ကျွန်တော် ပန်းရန် လုပ်တာကြီးပဲ အနှစ် ၄၀ ရှိပြီ။ ပန်းရန်ဆရာ ဖြစ်တာ အနှစ် ၂၅-၃၀ ရှိပြီ။ အောက်သက်တွေ အကုန်ကျေခဲ့တယ်' ဟူ၍ အပြောနှင့် ဖော်ပြပါသည်။

ပန်းရန်တို့သည် အင်ဂျင်နီယာကောင်းနဲ့ ဆက်ဆံတတ်သလို ဘက်လိုက်တတ်သည့် အင်ဂျင်နီယာနှင့် တွေ့တတ်ပုံကိုလည်း-

'အင်ဂျင်နီယာ ဦးကျော်မင်း ဆိုရင် ကျွန်တော့်ဆရာပဲ။ သူ အလုပ်ရှိရင် ကျွန်တော့်ကိုပဲ ခေါ်ခိုင်းတာပဲ။ သူက အမေရိကန်က ပြန်လာတဲ့ အင်ဂျင်နီယာ။ အလုပ်လည်း တော်တော်များတယ်။ ဘယ်အချိန် ကြည့်လိုက် ကြည့်လိုက် သူ့လက်ထဲမှာ တိုက် လေးငါးခြောက်လုံးကတော့ အမြဲ ရှိတယ်။

ပြီးတော့ ကောင်းတာက ကျွန်တော့်ဆရာက ကန်ထရိုက် မလုပ်ဘူး။ ပညာသည် သက်သက်ပဲ။ သူနဲ့ သွားတွေ့တော့ သူက ကျွန်တော့်လက်ရာကို သဘောကျတယ်။ တချို့ အင်ဂျင်နီယာတွေဆိုရင် ကျွန်တော်တို့ ပန်းရန်တို့၊ လက်သမားတို့ဆီက သူတို့ကို ငှားတဲ့အတွက် ကော်မရှင် ဆယ်ရာခိုင်နှုန်း ပေးရတယ်။ ဦးကျော်မင်းကတော့ ကျွန်တော်တို့ဆီက ကော်မရှင် မယူဘူး' ဟုဖော်ပြသည်။

ထူးခြားသည်မှာ ကန်ထရိုက်ပြောသော စကားပြောကို သူက ပြန်ပြောပြသည်။ တိုက်ရိုက်ပြောစကား မဟုတ်၍ (လျှပ်ရှားမှု မဟုတ်၍) အပြောပင် ဖြစ်ပါသည်။

'ဒီတော့ ကန်ထရိုက်က ဘာပြောသလဲ ဆိုတော့ ဒီကောင်တွေက ခင်ဗျားလို သေးသေးဖွဲဖွဲ အဆောက်အအုံတွေ ဆောက်လာတာ မဟုတ်ဘူးတဲ့။ ဒီတော့ လုပ်သက်နုပေမယ့် ခင်ဗျားထက် အတွေ့အကြုံ ရှိတယ်တဲ့' ဟူသော အပြော ဖြစ်ပါသည်။

နောက်ဆုံးမှာ-

'ခုတော့ ဘယ့်နှယ့်ဗျာ။ အနှစ် ၄၀ လောက် လုပ်သက်ရှိတဲ့ ပန်းရန်ဆရာလည်း ၃၅ ကျပ်၊ လေးငါးဆယ်နှစ်လောက် လုပ်သက်ရှိတဲ့ ပန်းရန်ဆရာကိုလည်း ၃၅ ကျပ် ဆိုတော့ ဘယ်တရားမလဲ။ လုပ်စားကိုင်စားရတာ မကောင်းပါဘူးဗျာ။ မတတ်သာလို့သာ လုပ်ကိုင်စားနေရတယ်။ ကျွန်တော် စိတ်ကုန်

တယ်' ဟူ၍ မတတ်သာသည့်အဆုံးမှာ သည်းခံပြီး လုပ်စားကိုင်စား နေရကြောင်း ဖော်ပြသည်။

'အကပ်ရှိလို့၊ အသိုင်းအဝိုင်းကောင်းလို့ ဒီလို ဖြစ်နေကြတာပါဗျာ။ သတ္တိရှိရင် အင်ဂျင်နီယာ မပါဘဲ၊ အသိုင်းအဝိုင်းမပါဘဲ ပန်းရန်ဆရာချင်းပြိုင်ပြီး ဆောက်ပြချင်တယ်' ဟူသော စိန်ခေါ်မှု အပြောနှင့် ဖော်ပြထားသည်။

အပြောဝတ္ထုတို ဖြစ်သော်လည်း အပြောကောင်းမှုကြောင့် လည်းကောင်း၊ ပြောသမျှသည် ဓမ္မဓိဋ္ဌာန် ကျသော အပြောများ ဖြစ်သောကြောင့် လည်းကောင်း၊ ပန်းရန်တို့၏ ဘဝတွင်လည်း အမျိုးမျိုးသော မတရားမှုများ ရှိကြောင်း ပေါ်လွင်လာရသည်။ အတွေ့အကြုံ လုပ်သက်ရင့်သော ပန်းရန်အိုတို့ ရင်ဆိုင်ရသော ဘဝပြဿနာကိုလည်း တွေ့ရသည်။ ပန်းရန်အိုကြီး၏ ခံစားချက်ကို ပီပြင်အောင် သရုပ်ဖော်နိုင်သောကြောင့် မတရားလုပ်သူတို့၏ အကြောင်းကို ပေါ်လွင်စေသည်။

၂။ မစန္ဒာ၏ အဘိုးကြီးနှစ်ယောက် ရှိလေသည်

၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလထုတ် စံပယ်ဖြူမဂ္ဂဇင်းမှ ဖြစ်သည်။ ဝတ္ထုတို ခေါင်းစဉ်အတိုင်း အဘိုးကြီးနှစ်ယောက်၏ ဘဝကို နှိုင်းယှဉ်ဖော်ပြပြီး ထို အဘိုးကြီးနှစ်ယောက်၏ ဆက်စပ်ပတ်သက်မှုကို ဖော်ပြသည်။ အသက် ၆၀ ကျော်မှ အစစအရာရာ ပြည့်စုံနေသော အဘိုးကြီးနှင့် မပြည့်စုံသော အဘိုးကြီး နှစ်ယောက်၏ မိသားစုဘဝများနှင့် သူတို့၏ခံစားမှုကို တွေ့ရသည်။ ဇာတ်ဆောင် အဘိုးကြီးများ၏ နာမည်ကို ခေါင်းစဉ်တပ်၍ အဘိုးကြီးနှစ်ယောက် အကြောင်းကို ဖော်ပြထားသည်။ စာရေးဆရာ၏ ခေတ်အမြင်၊ ခေတ်အတွေး ကိုလည်း ဖော်ပြနေပါသည်။

(က) ရှုထောင့်

ကန့်သတ်သိ ရှုထောင့်မှ ရေးထားသည်။ ဇာတ်ဆောင် အဘိုးကြီး နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် မသိ။ ဇာတ်လမ်းဆုံးသည် အထိ မသိကြောင်း အဘိုးကြီးနှစ်ယောက်အကြောင်းကို အဘိုးကြီးနှစ်ယောက်

က သူ့ဘာသာ ပြောပြဟန် ရေးဖွဲ့သည်။ မစန္ဒာ၏ ဟန်အတိုင်း ခပ်သွက်သွက်နှင့် ဟာသမြောက်အောင် ရေးထားသည်။ အဘိုးကြီးနှစ်ယောက် နေရာမှ ရေး၍ အသက်ဝင်ဆုံး ဖြစ်နေသည်။

အခြား ဇာတ်ဆောင်များ အကြောင်းကိုမူ အဘိုးကြီးနှစ်ယောက် ပြောပြသလောက်သာ သိရသည်။ တစ်ခါတစ်ရံတွင် စာရေးဆရာက ဝင်ပြောထားသည်။

(ခ) အပြည့်ပ် အပြော

အခြား ဇာတ်ဆောင်များ၏ အပြောအဆို၊ အပြုအမူများကို အပြည့်ပ်၍ ပြောပြထားသည်။ စိတ်အခြေအနေများကိုမူ အဘိုးကြီးနှစ်ယောက် ပြောပြသလောက်သာ သိရသည်။ အဘိုးကြီးနှစ်ယောက်၏ စိတ်ခံစားချက်များ ပေါ်လွင်လှသည်။

'နင်တို့ ဒက်ဒီကို အလကား မြှောက် မြှောက်မနေကြနဲ့ဦးနော်။ နဂိုကတည်းက ခပ်လှုပ်လှုပ်ရယ်၊ တယ်ပြီး ငြိမ်ချင်တာ မဟုတ်ဘူး'

ဒေါ်တင်မေစိန်ကမူ သူ့ယောက်ျားကို သိပ်ပြီး စိတ်မချပေ။

'မာမီကလည်း ဒက်ဒီက အသက်ပဲ ၆၀ ကျော်လို့ ပင်စင်တောင် ယူနေပြီဟာ'

သမီးက ပြောတော့ ဦးမောင်မောင်စိန် ပြုံးလေသည်။

'ယောက်ျား ဆိုတာ ရေသဖန်းပင်လိုပဲ သမီးရဲ့။ အိုလေ သီးလေလို့ ဆိုစကား ရှိတယ်' ဟု ပြောချင်သော်လည်း မကောင်းတတ်၍ ပါးစပ်ပိတ်ထားလေသည်။ တော်ကြာ အဘွားကြီး ကြားသွားပြီး ကြက်မကြီး ကတော်သလို ထပြီး အော်မည် စိုးသောကြောင့် ဖြစ်သည်။

ချစ်တုန်းက ချစ်ခဲ့သော်လည်း ခုတော့ တောင်ညာစံဒေဝီ၊ အဆိတုံးဒေဝီကြီးကို စားဖို့နေနေသာသာ ကြည့်ရှုံနှင့်ပင် အီနေပြီ ဖြစ်သည် ဟူ၍ အဘိုးကြီး (ဦးမောင်မောင်စိန်၏ စရိုက်ကို သူ၏ စိတ်ကူး စကားပြောအပြင် သူ့မိန်းမ၏ စကားပြောနှင့်လည်း ဖော်ပြသဖြင့် အဘိုးကြီး၏ ကဲချင်သောဇသည် ပိုမို ပေါ်လွင်လာရပါသည်) ဒေါ်တင်မေစိန်နှင့် သူ့သမီး ပြောစကားကြားတွင် စာရေးဆရာက ဝင်ပြောထားသည်။

တစ်နေ့တော့ သူငယ်ချင်းဖြစ်သူ ကိုဘအောင်၏ မွေးနေ့ပွဲတွင် အဘိုးကြီး တစ်သိုက် စုမိကြသည်။ သောက်တတ်သူက သောက်၊ စားတတ်သူက စား၍ ပြောတတ်သူက ပြောနှင့်၊ တဝါးဝါး တဟားဟား ရှိသည်။

'ဖတ်စာအုပ်ထဲမှာ ဘူးသီးနုနု မခူးရလို့ ဘာ့ကြောင့်များ ရေးထားတာပါလိမ့်ဗျာ။ ဘူးသီးဆိုတာ နုမှ ကောင်းတော့မှာပေါ့ ဟုတ်ဘူးလား'

ဦးမောင်မောင်စိန်က စီးကရက်လေးကို ဟန်ပါပါ ဖွာရင်း ခပ်ညက်ညက် ပြောသည်။

'ဦးမောင်မောင်စိန်က ဘူးသီးနုနု ကြိုက်တယ် ထင်တယ်'

'ဟာ ဘယ့်နှယ့်ပြောပါလိမ့်၊ ကြိုက်ပြီလားဗျာ။ ဘူးသီးနုနု အရည်တည်လေးများ ဆိုရင် အိမ်က ဆီပြန်ဟင်းကြီးနဲ့ လဲလိုက်ချင်သေး'

ဦးမောင်မောင်စိန်က သူ့အဓိပ္ပာယ်နှင့်သူ ပြောကာ တဟဲဟဲ ရယ်ရင်း ဘ၀၏ တတိယအရွယ်ပိုင်းကို ရောက်နေပြီဖြစ်သော်လည်း တရားခွေ နားထောင်လိုက်နှင့် အချိန်မကုန်ချင်။ 'အနိစ္စ အမြဲမရှိ၊ ဒုက္ခ ဆင်းရဲခြင်းတဲ့ဗျ။ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့ပစ္စည်း စွဲလမ်းခြင်းတွေကို ပယ်မှ နိဗ္ဗာန်ရောက်ကြောင်း တရားအမှန်ကို ဘာညာကွိကွ' ဆိုသော ဆွေးနွေးသံများ ကြားလျှင်လည်း အသာထပြီး ရှောင်သွားတတ်သည်။ ဒါတွေ နားထောင်မည့်အစား မေဆွိ၏ 'စိတ်ညစ်ရင် ဂစ်တာတီးပါလား ကိုကိုရယ်' ဟူသော သီချင်းကိုသာ ထပ်ပြန်တလဲလဲ နားထောင်တော့မည်။ 'အင်း··· ဂစ်တာလေး တစ်လက်လောက်တော့ ရှာဦးမှ' ဟု တပြုံးပြုံးနှင့် တွေးတော့မည်။

'ဘူးသီးနုနုလေး တစ်လုံးလောက်တော့ တွေ့ထားတယ် ဦးမောင်မောင်စိန်ရေ'

သူတို့ဝိုင်း လူစုခွဲခါနီးတော့ ဦးဟန်ဝင်းက တိုးတိုးလေး ကပ်၍ ပြောသည်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့မို့ သူတို့နှစ်ဦးက ပေါင်းမိသည်။ ကြုံလျှင် ကြုံသလို သတင်းကောင်းလေးများ ပါးလေ့ရှိကြသည်။

'နုတယ်··· နုတယ်နဲ့ အထဲက ပုပ်နေမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်နော်။ အစာမကြေလို့ ဆေးကုရရင် ကြီးတောင့်ကြီးမားကြီးဗျ၊ မလွယ်ဘူး'

'အမယ်လေး လတ်လတ်ဆတ်ဆတ်ပါဗျာ။ အတော်လေး ရွှမ်းပါးလို့ ခင်ဗျားတို့လို တတ်နိုင်တဲ့လူနဲ့ဆို ဖြစ်မယ်ထင်လို့ ပြောတာ။ ကျွန်တော်ကတော့

ခင်ဗျားသိတဲ့အတိုင်း။ ငွေကုန်ကြေးကျ တယ်ခံနိုင်တာ မဟုတ်ဘူး' ဟူသော ဖော်ပြချက်တွင် စာရေးဆရာ ဝင်ပြောသော အပြောများကိုလည်း တွေ့ရသည်။ 'သူ' ဟူသော တတိယနာမ်စား ရှုထောင့်မှ ရေးထားသောကြောင့် ဖြစ်သည်။

နောက် အဘိုးကြီးတစ်ယောက် ဖြစ်သော ဦးထွေးမောင်အကြောင်း ဖော်ပြရာတွင် -

'ငါ၏ ဒူးနာသည် ဆေးကု၍ မရပါ။ ငယ်ငယ်တုန်းက ရွတ်ခဲ့၊ ဖတ်ခဲ့ရသည်ကို ဦးထွေးမောင် မကြာခဏ သတိရသည်။ သူ ဒူးတွေနာ၊ အဆစ်အမြစ်တွေ ကိုက်နှင့် ခံစားခဲ့ရသည်မှာ ကြာလှပေပြီ။ ငွေလည်း မတတ်နိုင်၊ လူလည်း မတတ်နိုင်သော အောက်တန်းစားရေးကြီးပေမို့ ထင်းရှူးမြစ်ကလေး သွေးလိမ်းလိုက်၊ အင်နာဂျက်ဆင်လေး သောက်လိုက်နှင့် ကိုယ့်ကိုယ်ကိုယ် ရမ်းမှန်းပြီး ဆေးကုနေရသူ ဖြစ်သည်။ အခုတော့ အင်နာဂျက်ဆင်လေးကို မသောက်နိုင်သည်မှာ ကြာပေပြီ။

'ရေကျော်ထဲက မြန်မာဆေးဆရာ နာမည်ကြီးတယ် အဖေရဲ့၊ ပြကြည့်ရအောင်'

'မြန်မာဆရာကလည်း ငွေကုန်တာပါပဲ သမီးရယ်။ သူက စမ်းသပ်ခမယူဘဲနဲ့ ဆေးဖိုးကျတော့ သုံးလေးဆယ်ဖိုး ဝယ်ချင်ဝယ်ရမှာ။ သူနဲ့ကုရင် ဆေးသောက်မှ ဖြစ်မှာပေါ့'

'သုံးလေးဆယ်လောက်တော့ ချေတာနိုင်ပါတယ် အဖေရယ်'

သမီးက တွေးတွေးဆဆ ပြောသည်။ သူတို့သားအမိ သားအဖ သုံးယောက် မြိုးမြိုးမြံမြံလေး စားပြီး ကုရန် စဉ်းစားနေပုံရသည်' ဟူသော အပြနှင့် အပြောက ဦးထွေးမောင်တို့ မိသားစုဘဝကို ပေါ်လွင်စေသည်။

'တစ်နေ့ကျတော့ သမီးကြီးက ဆေးပုလင်းတွေ ယူလာသည်။

'ဒါက ဘီဗစ်၊ အကြောအားကောင်းတယ်တဲ့။ ဒါက ဘားပလက်အားဆေးပေါ့ အဖေရယ်။ ဒါကတော့ စီဗစ် အချဉ်ဓာတ်ပေါ့၊ လူကြီးနဲ့ တည့်တယ်တဲ့'

'ဘယ်က ယူလာတာလဲ သမီးရယ်'

'အန်ကယ်ကြီး ဦးဟန်ဝင်းရဲ့ မိတ်ဆွေတဲ့ အဖေရဲ့၊ အန်ကယ်ကြီးတစ်ယောက်က ပေးလိုက်တာ'

'သူက ဘာတဲ့တုံး'

'ဘာမှန်းတော့ မသိပါဘူး အဖေရယ်၊ ချမ်းတော့ ချမ်းသာတာပဲ၊ သမီးကိုလည်း သနားလို့တဲ့'

ဦးထွေးမောင်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ဖိုလှိုက်ပြီး မောသွားသည်။ သို့သော် သမီး၏လုပ်စာကို ဝေမျှကာ စားရတော့မည့် ဘဝတွင် သူ့ပါးစပ်က ဘာမျှ ပြော၍ မထွက်ခဲ့ပေ။ လာမည့်ဘေးကို မြင်နေသော်လည်း တားဆီးနိုင်သော အင်အား မရှိခဲ့ပေ' ဟူသော အပြည့်ပ်အပြောများက ဘဝအခြေအနေကို သာမက ခေတ်ကိုပါ မီးမောင်းထိုးပြနေပါသည်။ ဦးဟန်ဝင်း ပြောသော ဘူးသီး နုနုကလေးမှာ ဦးထွေးမောင်၏ သမီးကြီး ဖြစ်ကြောင်း ဆက်စပ်တွေးတော ယူရသည်။

အဘိုးကြီးနှစ်ယောက်၏ ဘဝမတူမှု၊ သူတို့နှစ်ယောက်သည် တစ်ဦးနှင့် တစ်ဦး မသိကြဘဲ ဘဝချင်း ဆက်စပ်နေကြောင်း ဖန်တီးပြသွားသည့် အတတ် ပညာသဘောကို တွေ့ရသည်။

(ဂ) အပြော

'ဦးမောင်မောင်စိန်၏ သားသမီးများ အကြောင်းကို သားနှစ်ယောက်က နိုင်ငံခြားသဘောာတွင် အငယ်တန်းအရာရှိများ ဖြစ်သည်။ သမီးကြီးက သား ကြီးထက် ရာထူးတစ်ဆင့်မြင့်သော သားကြီး၏ သူငယ်ချင်းနှင့် မေတ္တာမျှကာ လက်ထပ်သွားသည်။ သမီးငယ်ကတော့ ဘွဲ့ရအပြီး အိမ်မှာပင် ထိုင်နေသည်။ သားငယ်ကတော့ ဆရာဝန်မနှင့် ရသည်။ မြို့ ဆင်ခြေဖုံးတွင် ဆေးခန်းဖွင့်ပြီး တော်တော်လေးလည်း ဝင်ငွေကောင်းသည်' ဟူသော အပြောဖြင့် ဖော်ပြသည်။

ဦးထွေးမောင်က သမီးအကြီး၏ အကြောင်းကို-

'ပြီးခဲ့သောနှစ်က အကြီးမကလေး ရှစ်တန်းအောင်သည်။ ဘာပဲပြော ပြော ရှစ်တန်းလေး အောင်ထားရင် အလုပ်ကလေး ဘာလေးရဖို့ လွယ်တာပေါ့ ဟု အားတက်ရသည်။ သူ၏ သူငယ်ချင်း တစ်ဦး၊ နှစ်ဦး အလုပ်ရသွားတော့ ထိုရုံးများသို့ သွားလည်ပြီး သတင်း စနည်းနာသည်။

မကြာမီ သမီးကြီး အလုပ်ရလေသည်။ သတ္တရာဇ် ဖြုံထားသော်လည်း သူက မကြာမီ အငြိမ်းစားယူတော့မည် ဖြစ်သည်။ ဒီလိုအချိန်တွင် သမီးကြီး

အလုပ်ရလာသည့်အတွက် ဝမ်းသာမဆုံးအောင် ရှိခဲ့ရသည်' ဟူ၍ ဖော်ပြသည်။ အပြောများသော ဝတ္ထုဖြစ်ပြီး ခေတ်ပြိုင်ခံစားမှုနှင့် လောကသဘော၊ လူ့သဘောကို လှစ်ပြနေပါသည်။

၃။ မြတ်လှိုင်း၏ တိမ်ဖုံးတဲ့ည

၁၉၈၉ ခုနှစ်ထုတ် အိပ်မက်ဖူးမဂ္ဂဇင်း အမှတ်(၅)မှ ဖြစ်သည်။ လယ်သမားဘဝ သရုပ်ဖော်ဝတ္ထု ဖြစ်သည်။ ရိုးဘေးတွင် တဲထိုးနေရသော လူတန်းစားတို့ဘဝနှင့် အချစ်ကို ဖော်ပြထားသည်။ ကောက်သိမ်းချိန် ကောက်သိမ်း၊ ကြံလက်ဖွဲ့သည့်အခါ ဖွဲ့၊ ဖားရိုက်ထွက်သည့်အခါ ထွက်ရပုံကိုလည်း ဖော်ကျူးထားသည်။

(က) ရှုထောင့်

ကိုယ်တိုင်ပြော ရှုထောင့်မှ ရေးထားသည်။ 'ကျုပ်' ဟူသော ပုဂ္ဂလ နာမ်စားကို သုံးကာ သူနှင့် မိတာတို့အကြောင်းကို ပြောသွားသည်။ မိတာနှင့် သူ၏ အတိတ်အကြောင်း၊ မိတာ ပြောခဲ့ဖူးသော စကားများ၊ လက်ရှိ ပတ်ဝန်းကျင် အခြေအနေများကို ပြောပြီး၊ လက်ရှိ မိတာအကြောင်းကို မြုပ်ထားသည်။ သူ့ခံစားချက်များကိုလည်း သူ၏စိတ်ကူးအပြောဖြင့် ပြောသည်။ မိတာ ပြောခဲ့တာတွေကို ပြန်ကြားယောင်နေပြီး မိတာနှင့် သူ့အဖြစ်အပျက်ကို ပြန်သတိရနေသည်။

လသာနေလျက် တိမ်ဖုံးနေရသဖြင့် မှောင်မိုက်နေရသော အခြေအနေကို သူ့ရင်ထဲမှာ ဖြစ်ပေါ်နေသော အခြေအနေနှင့် ထပ်ပြသည်။ တစ်ခုခုကြောင့် စိတ်ထိခိုက်သော ဇာတ်ဆောင်၏ စိတ်အခြေအနေကို မြင်သာအောင် ဖော်ပြသည်။ ကြံလက်ဖွဲ့ရင်း ပိုးထိ သေဆုံးသွားသည့် မိတာအကြောင်းကို အောက်ဆုံးကျမှ ဖော်ပြသည်။

(ခ) အပြော

မိုးရွာခါနီး အခြေအနေကို မြင်၍ ဇာတ်ဆောင် ခံစားရသော စိတ်အခြေအနေကို-

'မိုးရွာခါနီး ကောက်ပင်တွေ လှိုင်းထနေတာ မြင်ရတိုင်း ကျုပ်ရင်ထဲမှာ ပြောမပြတတ်အောင် ပျော်တယ်။ ခုတော့ ကျုပ် ပျော်လို့ မရတော့ဘူး။ မပျော်ရုံ တင်မကဘူး ရင်ထဲမှာ ဆို့နစ်နေတယ်။ ဝမ်းနည်းစိတ်တွေ တလှိုက်လှိုက် တက်နေတယ်။ ကျုပ် ငိုချင်လာတယ်။ ဒါကြောင့် ငိုလည်း မငိုရဘူး' ဟူသော စိတ်အပြောဖြင့် ဇာတ်ဆောင် ကျုပ်(ဖိုးမောင်) ကယောင်ချောက်ချား ဖြစ်နေပုံကို-

'ဟိုဘက်တဲဆီက မိတာ လှမ်းခေါ်သံ ကြားရသလိုပဲ၊ ကျုပ် ငေးကြည့် နေမိတယ်။ ဒါပေမဲ့ လူရိပ်တောင် မမြင်ရဘူး။ ခါတိုင်း လှမ်းခေါ်သံကြားလို့ ကျုပ် ကြည့်လိုက်တိုင်း တဲအပြင်မှာ မိတာကို မြင်ရတယ်။ ခု မိတာလည်း တဲအပြင်မှာ မရှိဘူး။ ပြီးတော့··· ' ဟူ၍ လက်ရှိ အခြေအနေကို ဇာတ်ဆောင် ၏ ခံစားချက်နှင့် ယှဉ်၍ ပြသည်။

'ဒီကွင်းထဲမှာ ကျုပ်တို့ တဲနှစ်တဲပဲ ရှိတာ။ ငယ်ငယ်ကတည်းက နှစ်တဲတစ်တဲ ဖြစ်နေခဲ့တာ။ ကျုပ်ရယ်၊ အမေရယ်၊ မိတာရယ်၊ ဖထီးရယ်၊ အမိုးရယ်၊ မိတာအောက် ဖိုးခွားရယ်ပဲ ဒီကွင်းထဲမှာ ရှိကြတာ။ အခုတော့ ကျုပ် ဆက်မတွေးချင်တော့ဘူး။ ကျုပ် ငိုချင်လာတယ်' ဟူသော 'အပြော' များကြောင့် ဇာတ်လမ်း၏ အခြေအနေကို သိလိုစိတ် ဖြစ်ပေါ်လာစေသည်။

ကိုယ်တိုင်ပြော ရှုထောင့်မှ ကိုယ့်အကြောင်း ကိုယ်ပြောပြနေသဖြင့် ဇာတ်ဆောင်၏ ခံစားချက်မှာ ပိုမို ပီပြင်သည်။ စာဖတ်သူထံ ကူးစက်မှု မြန် ဆန်သည်။

(ဂ) အပြည့်ပြအပြော

ဇာတ်ဆောင် 'ကျုပ်' နှင့် မိတာ၏ အတိတ်အကြောင်းများကို ပြောပြ ရာတွင် မိတာနှင့် သူပြောခဲ့သော စကားများကို ညှပ်၍ ရေးထားသည်။ သူ့ အမေက သူ့ကိုပြောသော စကားများကိုလည်း အပြောထဲတွင် ညှပ်၍ ရေးထား ပါသည်။

'တကယ့် ပူလောင်ခြောက်သွေ့တဲ့ နွေမှာကျတော့ အရွက်တွေစိမ်းလို့ အခြားအပင်တွေ ရွက်ကြွေသွားပေမယ့် သူ မကြွေဘူးနော်။ ဟော··· မိုးရေ နဲ့ စိမ်းစိမ်းလန်းလန်း ဖြစ်ရမယ့်အချိန်လည်း ကျရော၊ သူ့မှာ အရိုးပြိုင်းပြိုင်း

ကျသွားရရှာတယ်။ ငါတော့ ဒီ မိုးမခပင်တွေကို သနားလည်း သနားတယ်။ ချစ်လည်း ချစ်တယ်။ ဖိုးမောင် နင်ကော မချစ်ဘူးလားဟင်'

အရိုးပြိုင်းပြိုင်းကျနေသော မိုးမခပင်များကို ပြောခဲ့တဲ့ 'မိတာ' စကားကို ကျုပ် ပြန်ပြီး ကြားနေရတယ်။ အဲဒီတုန်းက ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဘာဖြစ်မှန်း မသိဘူး။ လေးလံထိုင်းမှိုင်းစွာနဲ့ မိုးမခပင်ကို တွေတွေကြီး ကြည့်နေမိတယ်။ 'ဟဲ့… ဖိုးမောင်၊ နင်ဘာဖြစ်နေတာလဲ။ နင့် ကြည့်ရတာ နေမကောင်းသလိုပဲ' လို့ စိုးရိမ်တကြီး ပြောတော့မှ-

'အာ… အေး… ချစ်တယ်' လို့ ကယောင်ကတမ်း ပြန်ပြောမိတယ်။

'ဘာကို ချစ်တာလဲ ဖိုးမောင်'

'နင့်ကို… ဟာ… ဟို… ဟို ဒီအပင်တွေကို'

ကောက်သိမ်းချိန် မြန်မြန်ရောက်ပါစေလို့ ကျုပ် ဆုတောင်းမိနေတယ်။ ကျုပ် ကြံပြီး စိတ်ကူးတွေ ယဉ်ခဲ့မိတယ်။ အမေ့ကိုလည်း ကျုပ်ပြောလိုက်တယ်။

'ဒီနှစ် ကောက်သိမ်းပြီးရင် ကျုပ်နဲ့ မိတာ ယူကြတော့မယ် အမေ' လို့ ပြောတော့ အမေလည်း ဝမ်းသာနေတယ်။ အမေကလည်း 'မိတာ'ကို သမီးတစ်ယောက်လို ချစ်တာ။

'ငမောင်၊ နင် ဟိုဘက်တဲကို မသွားဘူးလား'

အမေ့အသံကို ကြားရတယ်။ ကျုပ်နားထဲမှာ မိုးခြိမ်းသံထက်တောင် ပိုပြီး ကျယ်လောင်သွားတယ်။

'ကျုပ် မသွားချင်ဘူး အမေရာ'

အမေ့ကို မကြည့်တဲ့ ကျုပ် တုန်တုန်ယင်ယင် ပြောလိုက်မိတယ်' ဟူသော ဇာတ်ဆောင်၏ စကားပြော ညှပ်ထားသည့် အပြောများက ဇာတ်ဆောင်စရိုက်ကို ပီပြင်စေသည်။

မနက်က ဖြစ်ရပ်ကို ကျုပ် ပြန်မြင်နေမိတယ်။

'ဟဲ့… ငမောင်၊ ဟိုမှာ ဘာဖြစ်လာကြတာလဲ မသိဘူး' လို့ အမေ ပြောတာနဲ့ ကျုပ် တဲအပြင် ထွက်ကြည့်တော့ ဘကြီးထွန်းလုက 'မိတာ'ကို ပွေ့လာတယ်။ နောက်က 'မိတာ'နဲ့ ကြံလက် အတူဖွဲ့ကြတဲ့ မိညိုတို့၊ သန်းသန်းရီတို့အုပ်စု။ အဲဒီနောက်က ကြံခင်းပိုင်ရှင် ဦးသာဒင်တို့။ ကျုပ် အပြေးအလွှားသွားလိုက်ပြီး-

'ဘကြီးထွန်းလှ ဘာဖြစ်တာလဲ'

'ကြံလက်ဖွဲ့ရင်း ပိုးထိလို့ ငမောင်'

ကျူပ်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ်။ နောက် ဘကြီးထွန်းလှ လက်ထဲကနေ 'မိတာ'ကို ပွေ့ယူပြီး တဲအထိ သယ်လာတယ်။ ကျူပ်လက်ပေါ် ရောက်ကတည်းက ကျူပ် သိလိုက်တာ' ဟူသော စိတ်ကူးအပြောထဲမှ ပြကွက်များကြောင့် သာမန်ပြည်သူတို့၏ ခံစားချက်၊ အဖြစ်အပျက်၊ နာကျင်မှုတွေကို မြင်သာစေပါသည်။

စာအိုးက မဟေသီမဂ္ဂဇင်းတွင် ပါသော 'သူတို့ ဘာတွေပြောကြသလဲ' ဟူသော ဖတ်ညွှန်းဆောင်းပါးတွင်-

'အိမ်ထောင်ပြုဖို့ ကြိုးစား ငွေစုနေကြတုန်း ကြံခင်းထဲမှာ ပိုးထိသေဆုံးသွားတဲ့ မိတာရဲ့ ချစ်သူမောင် ခံစားမှုကို ရေးဖွဲ့ပြသွားတာ၊ ကဗျာလေးတစ်ပုဒ်ဖတ်ရသလို အရသာရှိတဲ့ ဝတ္ထု၊ သီဂီါရရသနဲ့ ကရုဏာရသကို အပြည့်ပေးတဲ့ဝတ္ထု၊ အတုံးလိုက်အတစ်လိုက် ပြသမှုမျိုးကင်းတဲ့ ဘဝသရုပ်ဖော်ဝတ္ထု စသည်ဖြင့် ချီးကျူးသံ ဝေစည်ခဲ့တာကိုလည်း စာအိုး သတိထားလိုက်မိပါတယ်' ဟူ၍ ဖော်ထုတ်တင်ပြခဲ့ပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၁၃၊ ဧပြီလ၊ ၂၀၁၀။

* * *

မြန်မာဝတ္ထုတို လမ်းကြောင်း (၂)

၁။ နနရည်(အင်း၀)၏ ဆုံးမစာသစ်

၁၉၈၉ ခုနှစ်ထုတ် အိပ်မက်ဖူးမဂ္ဂဇင်း အမှတ်(၇) တွင် ပါဝင်ခဲ့သော ဝတ္ထုတို ဖြစ်သည်။ ဝတ္ထုကို ကာလအားဖြင့် (၂) ပိုင်း ခွဲထားသည်။ ၁၉၆၉၊ ၇၀ နှင့် ၁၉၈၉၊ ၉၀ ဟူ၍ ဖြစ်ပါသည်။ ၇၀ လသည် ကျောင်းဖွင့်ချိန်များကို ရည်ညွှန်းသည်။

(က) ရှုထောင့်

ဝတ္ထု ပထမပိုင်းရော၊ ဒုတိယပိုင်းကိုပါ ကိုယ်ပိုင်ပြော ရှုထောင့်မှ ရေးထားသည်။ ပထမပိုင်းမှ ကျွန်မသည် သမီးလေး ဖြစ်ပြီး ဒုတိယပိုင်းမှ ကျွန်မသည် အမေ ဖြစ်သည်။ ပထမပိုင်းတွင် ပါဝင်သော ဇာတ်ဆောင်များနှင့် ဒုတိယပိုင်းတွင် ပါဝင်သော ဇာတ်ဆောင်များကို ဆက်စပ်ကြည့်လျှင်လည်း ရသည်။ သီးခြားစီ ခွဲ၍လည်း ရသည်။

စာရေးသူ ပြောချင်သည်မှာ ထိုဝတ္ထုထဲမှ ဇာတ်ဆောင် သမီးလေးများ၏ ခံစားမှုနှင့် သူတို့ဆရာ၊ ဆရာမများ၏ ဆုံးမပုံ ဖြစ်သည်။ ဇာတ်ဆောင်များကို ဆက်စပ်ကြည့်ခြင်း၊ မကြည့်ခြင်းသည် အာဘော်သို့ ပို့ဆောင်ရာတွင် အထောက်အကူ မပြုပါ။

(ခ) အပြည့်အပြော၊ အပြောညှပ်အပြနှင့် အပြော

ဝတ္ထု ပထမပိုင်းတွင် ကျောင်းကို ဖိနပ်အသစ်လေး စီးသွားချင်သူ

သမီးက အမေ့ထံမှ စီးခွင့်ရသွားသောအခါ ဝမ်းသာသွားပြီး ကျောင်းနှင့် အိမ်နီးချင်းအပေါ် စိတ်ပျက်မိပုံနှင့် သူ တက်သော ကျောင်း၏ စည်းကမ်းကို ဖော်ပြရာ၌-

'ကျွန်မတို့အိမ်နဲ့ ကျောင်းနဲ့ နီးတာဟာ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်။ ဘယ်လောက် ဖြည်းဖြည်းလေး လျှောက်လျှောက် ခဏလေးနဲ့ ကျောင်းကို ရောက်သွားတော့တာပဲ။ ကျောင်းမှာ ဖိနပ်မစီးရဘူးလေ။ ကျွန်မတို့ကျောင်းက ဘုန်းကြီးကျောင်းဝင်းထဲမှာ ရှိတာကိုး' ဟူသော အပြောကို တွေ့ရသည်။

ကျောင်းဝင်းထဲကို ဖိနပ်စီးလာမိတဲ့သူကို ဆရာ မိသောအခါ သဂျီးမ (သွားကျိုးမ) ဟု ခေါ်လိုက်ပုံနှင့် ပတ်သက်ပြီး သူ့ခံစားချက်ကို-

'ကျောင်းသား၊ ကျောင်းသူတွေကို အဖေနာမည် ခေါ်တတ်တဲ့၊ ရှေ့သွားလေးတစ်ချောင်း ကျိုးနေတဲ့ ကျွန်မရဲ့ နာမည်ပြောင်ကို နင့်နင့်သီးသီး ခေါ်တတ်တဲ့ ဆရာဦးအောင်သိန်းရဲ့ အသံဟာ ကျွန်မ တစ်ကိုယ်လုံး ထိတ်လန့်တုန်ယင်သွားစေခဲ့ပါတယ်' ဟု ဖော်ပြပါသည်။

ထိုနေ့မှာပဲ ကျောင်းကို ထူးခြားသော ကျောင်းသူ အသစ်ကလေးတစ်ယောက် ရောက်လာပုံနှင့် သွားကျိုးမက ကျောင်းဝင်းထဲ ဖိနပ်စီးမိ၍ ဒဏ်ပေးခံရပြီးရုံ ရှိသေးပုံတို့ကို-

'ဟော-ချို့နွယ်အေး၊ လာပြီလား သမီး' ဟူသော ဆရာမကြီး၏ အသံ၊ ဆရာမကြီး၏ စကားပြော (အပြ) ဖြင့် ဖော်ပြပြီး သူ၏ အမြင်နှင့် အတွေးကို ပြောပြပါသည်။

'ဆရာမကြီးရဲ့ ထူးခြားတဲ့အသံက ကျွန်မခေါင်းကို ဆတ်ခနဲ မော့လာစေပါတယ်။ ကျောင်းဝင်းထဲကို ခပ်ဖြည်းဖြည်း ဝင်လာတဲ့ ကောင်မလေးတစ်ယောက်။ သူ့စက်ဘီးနဲ့ လာတာ ထင်တယ်။

အမယ်… သူက ခြေအိတ် စွပ်ထားတယ်တော့်။ ဆောင်းတွင်းလည်း မဟုတ်ဘဲနဲ့၊ ဟယ်… ဖိနပ်က အဆန်းလေး။ ကြိုးသိုင်းဖိနပ် အဖြူလေး၊ သူ ဖိနပ်စီးထားတယ်။ ဒုက္ခပဲ။ သူလည်း ဒဏ်ပေးခံရတော့မယ်။ သူ ဘယ်သူလဲ။ သူ ဘယ်သူလဲ။

'ဆရာဦးအောင်သိန်း၊ ဒါ ရန်ကုန်က ပြောင်းလာတဲ့ ပညာအုပ်မင်းသမီးလေးလေ။ ဆရာ့အတန်း ရောက်မှာပဲ။ အလိုလိုက်ထားတဲ့ သမီးတဲ့

ဆရာရေ။ ပြီးတော့ ချို့နွယ်အေးက ဖိနပ်မစီးဘဲ နေရင် အအေးပတ်ပြီး ဖျားတတ်သတဲ့။ တယ်နတာကိုး ဆရာရဲ့'

'နာကြည်းစိတ်၊ ဝမ်းနည်း အားငယ်စိတ်တွေ ဖုံးလွှမ်းလာတဲ့ ကျွန်မရဲ့ မျက်လုံးတွေနဲ့ ဆုံတယ်။ ကျွန်မ ဘာကိုမှ စဉ်းစားမနေတော့ဘူး။ ကျောင်းပြင်ဘက်ကို အားကုန် ထွက်ပြေးလာခဲ့ပါတယ်'

ဆရာနှင့် ဆရာမ၏ ဘက်လိုက်မှု၊ မတရားမှုကို ခံနိုင်ရည် မရှိသော ဇာတ်ဆောင် ကျွန်မ(သဂျီးမ)၏ စိတ်ခံစားမှုကို ဖော်ပြသည့် အပြည့်ပ် အပြောဖြင့် ဝတ္ထု ပထမပိုင်းကို ဖြတ်ချလိုက်ပါသည်။

ဝတ္ထု ပထမပိုင်းတွင် '၁၉၆၉ ခုနှစ်၊ ဇွန်လ' ဟု ဖော်ပြထားသကဲ့သို့ ဝတ္ထု ဒုတိယပိုင်းတွင်လည်း '၁၉၈၉ ခုနှစ်၊ ဇွန်လ' ဟု ဖော်ပြကာ အချိန်ကွာခြားမှု အနှစ် ၂၀ ကို သိသာစေပါသည်။

'သမီးကို ကြည့်စမ်း မေမေ' ဟု ဇာတ်ဆောင်၏ ပြောစကား 'အပြ' နှင့် စထားသည်။ အမေ ဖွင့်ထားခဲ့သော နှုတ်ခမ်းနီဘူးကို ယူပြီး ဆိုးထားသည့် သမီးကို မဆိုးဖို့ တားပြီး-

'ဘုရား··· ဘုရား၊ စိတ်မောရပါလား။ သမီးဟာ ရှစ်နှစ်နဲ့ ဘာကြောင့် လှချင်နေရသလဲ' ဟု စိတ်ကူးအပြောဖြင့် ပြပါသည်။

သူတို့သားအမိနှစ်ယောက် စီးလာသည့် ကျောင်းကား ကျောင်းရှေ့ကို ထိုးဆိုက်လိုက်သည်နှင့်-

'မေမေ··· ဟိုမှာ အေးနန္ဒာမောင်တို့ကား' ဆိုပြီး ကားပေါ်က အတင်း ဆင်းဖို့ ပြင်တယ်။ 'အို··· သမီး ဖြည်းဖြည်းဆင်းစမ်း၊ သမီး လိမ့်ကျလိမ့်မယ်' ကျွန်မက သမီးကို ထိန်းကိုင်ပေးရင်း ဆွဲထားပေးမယ့် မရဘူး။ သမီး နောက်က လိုက်သွားရင်း အေးနန္ဒာမောင်တို့ အက်စ်အီးကားအဖြူလေးဆီကို ကျွန်မ လှမ်းကြည့်မိတာနဲ့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ကားလေးနားမှာ ရပ်နေတဲ့ အေးနန္ဒာမောင်တို့အမေမျက်နှာက ခပ်တင်းတင်း ဟင်း။ အေးနန္ဒာမောင် မျက်နှာလေးကလည်း ခပ်ရှုရှု' ဟု ဖော်ပြထားပါသည်။

အပြည့်ပ်ထားသော အပြောများ ဖြစ်ပါသည်။

'ဒီမှာ မနေ့က ရှင့်သမီးက ခဲတံနဲ့ ထိုးလိုက်တာ စကပ်ပေါက်သွားတယ်။ ပေါင်မှာလည်း စိုက်မိသွားတယ် သိလား'

သမီးက အေးနန္ဒာမောင်တို့အမေကို အထိတ်တလန့် ကြည့်တယ်။ သမီး လက်ကလေးကို ကျွန်မ ဆွဲပြီး ဆုပ်ထားလိုက်ရင်း-

'ဟုတ်လား သမီး၊ သမီး ဘာပြုလို့ လုပ်ရတာလဲ'

'ဟင့်အင်း… ဟင့်အင်း၊ သမီး မလုပ်ဘူး မေမေ၊ သူ့ဘာသူ သံချောင်းနဲ့ ငြိပြီး…'

'မဟုတ်ဘူး မာမီ၊ သူ လုပ်တာ၊ သူ့ခဲတံနဲ့…'

'အသာနေစမ်း မီးမီး၊ ကဲ- ဆရာမ ဟောဒီမှာ… ရော့ စကပ်'

အေးနန္ဒာမောင်တို့အမေက စကပ်ကို ဆရာမလက်ထဲ ထိုးထည့်ပြီး စကား ဆက်မပြောချင်တော့သလို အသာဖွင့်ထားတဲ့ ကားတံခါးကို အသံမြည်အောင် ပိတ်လိုက်တုန်းမှာပဲ ကျောင်းတက်ခေါင်းလောင်းသံကို ကြားရတယ်။

'ကဲ… လာကြ၊ အတန်းထဲရောက်မှ သေချာမေးရမယ်' ဟူသော ဇာတ်ကွက်တွင် ကျွန်မ (ဇာတ်ကြောင်း ပြောပြသူက) အခြား ဇာတ်ဆောင်ဖြစ်သည့် အေးနန္ဒာမောင် အမေ၏ အမူအရာကို အပြောဖြင့် ဖော်ပြပါသည်။ အပြောညှပ်အပြ ဟုဆိုရပါမည်။ အပြများကြားတွင် ဇာတ်ကွက်ကို အားဖြည့်ပေးသော အပြောများ ညှပ်ထားသည်ကို သီးခြားစီ ခွဲပြလျှင် ဇာတ်ကြောင်းကို နားလည်မည် မဟုတ်ပါ။ ထို့ကြောင့် တွဲပြရခြင်း ဖြစ်ပါသည်။

ကျောင်းဆင်း၍ သမီးကို သွားကြိုသော ဇာတ်ဆောင် 'ကျွန်မ' ထံသို့ သမီးက မျက်ရည်စီးကြောင်းများနှင့် ပြေးလာပြီး-

'သမီး ကျောင်းမနေချင်တော့ဘူး မေမေ၊ ဆရာမက သမီးကို မချစ်ပါဘူး၊ အေးနန္ဒာမောင်ကိုပဲ ချစ်တာ။ သမီးကို ရိုက်တယ်။ သမီးကို ညှပ်စိမလေးတဲ့' ဟူသော 'အပြ'ဖြင့် ဇာတ်သိမ်းထားပါသည်။

ဆရာ၊ ဆရာမတို့သည် ကလေးများကို သူတို့မကြိုက်သော နာမည်များ မခေါ်သင့်ပေ။ ကလေးစိတ်ကို ဝမ်းနည်း အားငယ်စေသည့် အကြောင်းကို ထောက်ပြထားသည်မှာ အလွန်ကောင်းပါသည်။ အနှစ် ၂၀ ကြာသည်အထိ ဆရာများတွင် ကျောထောက်နောက်ခံကောင်း ရှိသူကို ဘက်လိုက်သည့်သဘော ရှိကြောင်း ဖော်ပြထားသည်။ ဆရာ၊ ဆရာမများအပေါ် အဆိုးမြင်ထားသည်။ ထိုအဖြစ်မျိုး ရှိကောင်း ရှိမည်။ အများကြီး မရှိနိုင်ပေ။ ထို့ကြောင့် ယေဘုယျ မကျ၊ ဝိသေသလက္ခဏာကို ရေးထားခြင်း ဖြစ်သည်။

၂။ နတ်နွယ်၏ ဆရာရဲ့အမှာ

၁၉၈၁ ခုနှစ်၊ အောက်တိုဘာလထုတ် မိုးဝေမဂ္ဂဇင်း အမှတ် (၁၆၅) တွင် ပါဝင်ခဲ့သော ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။ စာပေလောကသားများ အကြောင်းနှင့် စာရေးဆရာဘဝကို သရုပ်ဖော်ထားသည်။ စာရေးဆရာ ဆိုရာတွင် စာမူခ များများရသော စာများကို ရေးပြီး စာပေအရ တန်းမဝင်သော စာရေးဆရာနှင့် စာမူခ များများမရဘဲ စာပေအဆင့်အတန်းအရ တန်းဝင်သော စာရေးဆရာတို့၏ အားပြိုင်မှုကို တွေ့ရသည်။

(က) ရှုထောင့်

ကန့်သတ်သိ ရှုထောင့်မှ ရေးထားသည်။ စာရေးဆရာ ကိုဘုမ္မာ၏ အကြောင်းကို မူတည်၍ စာရေးဆရာလောကနှင့် စာပေလောကကို ဖော်ပြထားသည်။ စာရေးဆရာ 'စင်ရော်'၏အကြောင်းကို ထုတ်ဝေသူနှင့် စင်ရော်၏ ပြောစကားတို့ဖြင့် ဖော်ပြထားသည်။ ထုတ်ဝေသူနှင့် စင်ရော်၏စိတ်ကို သိခွင့် မယူထားပေ။

(ခ) အပြော

ထုတ်ဝေသူနှင့် တွေ့ရန် ၃၃ လမ်း လက်ဖက်ရည်ဆိုင်သို့ ရောက်လာသော ကိုဘုမ္မာတစ်ယောက် ထုတ်ဝေသူကို ရှာမတွေ့ပုံကို-

'ထုတ်ဝေသူကို မတွေ့၊ မန္တလေးမှ လူများကိုလည်း မမြင်၊ ကိုဘုမ္မာတစ်ယောက် နည်းနည်းမောသွားသည်။ မနက်ဖြန် ဆန်ဝယ်ရမည်။ ကလေးကျောင်းလခတွေ ပေးရမည်။ ညနေစောင်း၍မှ မလာလျှင် သူ သွားတတ်တဲ့ ပဲခူးကလပ်နှင့် သမ္မတဟိုတယ်တို့သို့ လိုက်သွားရမည်' ဟူ၍ ဖြစ်သည်။

ထိုလက်ဖက်ရည်ဆိုင်တွင် လူငယ်စာရေးဆရာတစ်ဦးနှင့် တွေ့သည်။ စင်ရော် ဖြစ်သည်။ သူ့ဝတ္ထုကြီးတွေကို ခံ့ညားသည်ဟု ချီးကျူးသည်။ တစ်နေ့တွင် ကိုဘုမ္မာအိမ်သို့ စင်ရော် ရောက်လာပြီး သူ့ဝတ္ထုအတွက် အမှာရေးခိုင်းသည်။

ကိုဘုမ္မာ အမှာမရေးချင်ကြောင်းကို-

'ကိုဘုမ္မာ အမှာမရေးချင်ပါ။ အမှာ ရေးသည်မှာ ပြဿနာများလှသည်။ အမှာတစ်ခုတွင်တော့ မျက်မှောက်ခေတ်စာပေကို အကြမ်းဖျင်း သုံးသပ်

လိုက်မိသဖြင့် ထုတ်ဝေသူအချို့၊ စာရေးဆရာအချို့၏ ငြိုငြင်ခြင်းကို ခံရသည်' ဟူ၍ ပြောသည်။

သို့သော် စင်ရော်ကို သူ အမှာစာ ရေးပေးဖြစ်သည်။ စာအုပ် ထွက်လာသောအခါတွင်မူ သူ့အမှာကို စာအုပ်ငှား၍ ဖတ်ရကြောင်း 'အပြော'ဖြင့် တင်ပြသည်။ နောက်ပိုင်း စင်ရော်နှင့် အဆက်ပြတ်သွားကြောင်း 'အပြော' ဖြင့်ပင် ဖော်ပြသည်။

(ဂ) အပြ

ထုတ်ဝေသူနှင့် စာရေးဆရာ ဆက်ဆံရေး၊ ထုတ်ဝေသူနှင့် စာရေးဆရာ လောက၊ စာပေလောကကို ပြရာတွင် ပြကွက်များကို တွေ့ရသည်။ ကိုဘုမ္မာနှင့် စင်ရော် အပြန်အလှန် စကားပြောရာတွင်-

'မောင်ရင်ကော အခု ဘာတွေ ရေးနေသလဲ'

'ကျွန်တော် လုံးချင်းတစ်ပုဒ် ရေးထားတယ် ဆရာ။ ထုတ်မယ့်လူတော့ မရှိသေးဘူး။ ကျောက်စာတိုင်စာပေက ထုတ်ပေးမယ် ဆိုပြီး စာမူယူထားတာ တစ်နှစ်ကျော်သွားပြီ။ တစ်နေ့ကတော့ မထုတ်တော့ဘူး ဆိုပြီး စာမူပြန်ပေး တယ်'

'မောင်ရင်ကလည်း ထုတ်ဝေသူတွေအကြောင်း သိသားပဲ။ သူတို့က ကျိန်းသေမှ ထုတ်ချင်ကြတယ်'

'ကျွန်တော်လည်း ရွှေလှည်းကိုးစီးစာပေနဲ့တော့ တစ်မျိုး ကမ်းလှမ်း ထားတယ်။ အဲဒီ ကုလားကြီးကို ဆရာ သိတယ် မဟုတ်လား။ သူ့တူမကလည်း ယမင်း ဆိုတဲ့ ကလောင်နာမည်နဲ့ ဝတ္ထုတွေ ထွက်နေတယ်လေ။ သုံးအုပ် ရှိပြီ။ ကဗျာဆရာတစ်ယောက် ရေးပေးတာလို့ ပြောတယ်။ အခု အဲဒီ ကဗျာဆရာနဲ့ အစေးမကပ်ဘူးနဲ့ တူတယ်။ ကျွန်တော့်ကို ရှဲဒိုး ရေးခိုင်းနေတယ်။ ယမင်း အတွက် စာအုပ်ရေးပေးရင် ကျွန်တော့်နာမည်နဲ့ တစ်အုပ် ထုတ်ပေးမယ်တဲ့'

'ဒီလိုပဲ လုပ်နေကြတာပဲ' ဟူသော အပြကို တွေ့ရသည်။

နောက်ပိုင်းတွင် စင်ရော်၏ဝတ္ထု တစ်ပုဒ် နှစ်ပုဒ် ထွက်လာသည်။ ကိုဘုမ္မာ ဖတ်ကြည့်သောအခါ ပုံစာလို ကွက်ကွင်း တိုတောင်းလာသည်။ ဖိုက်တင်ခန်း ဖီလင်ခန်းတွေ ပါလာသည်။

တစ်နေ့မှာ ကိုဘုမ္မာကို ထုတ်ဝေသူက ကိုဘုမ္မာ၏ဝတ္ထုတွင် စင်ရော်ကို အမှာစာရေးဖို့ ပြောထားကြောင်း လာပြောပုံကို-

'သူ့အမှာနဲ့ ဆိုရင်တော့ ဆရာ့ဝတ္ထု အတော်လှုပ်သွားမှာပဲ။ ဆရာ စင်ရော်ကလည်း ရေးပေးမယ်လို့ ပြောတယ်။ သူက ဆရာ့ဝတ္ထုတွေ သိပ်ကောင်း တယ်တဲ့။ ဒါပေမဲ့ ဆရာတို့က သိပ်ဖွဲ့လွန်းတယ်တဲ့။ ဇာတ်ကောင်တွေရဲ့ စရိုက်ကို ဖော်နေတော့ ဇာတ်လမ်းကို မြန်မြန်မသိရဘူးတဲ့။ ဘာပဲဖြစ်ဖြစ် ဆရာ့အတွက်ဆိုရင် သူ အမှာ ရေးပေးမယ်တဲ့။ အဲဒါ ဆရာ ဘယ်လိုသဘောရ သလဲ' ဟူသော ထုတ်ဝေသူ၏ ပြောစကားဖြင့် ဝတ္ထုကို အဆုံးသတ်ထားသည်။

'အပြ'နှင့် စာဖတ်သူများကို တွေးစရာ ချန်ထားခဲ့သည်။ လောကတွင် အနှစ်မဲ့များ ကြီးစိုးလာသည့် သဘောကို ဖော်ပြထားသည်။ စာပေအရ တန်းဝင် သော စာရေးဆရာက စာပေ့စာသွမ်း ရေးသည့် စာရေးဆရာထံမှ အမှာစာ ရေးခိုင်းရမည့် အဖြစ်မှာ မသင့်တော်လှပေ။ သို့သော် လောကဠ ထိုအတိုင်း တကယ်ဖြစ်နေသည်ကို တွေ့ရပါသည်။

၃။ မခင်လေး၏ မြေးက ပြောသော ဘဲခြောက်ကောင်ပုံပြင်

၁၉၈၇ ခုနှစ်၊ အောက်တိုဘာလထုတ် မဟေသီမဂ္ဂဇင်းတွင် ပါဝင်ခဲ့ သော ဝတ္ထုတို ဖြစ်သည်။ ဝန်ထမ်းတို့၏ဘဝ၊ အိမ်ထောင်သည်ဘဝကို သရုပ် ဖော်ထားသည်။

(က) ရှုထောင့်

ကန့်သတ်သိ ရှုထောင့်မှ ရေးထားသည်။ တချို့နေရာတွင် မြုပ်ကွက် ကလေးများ ပါသည်။ လက်ရှိ အဖြစ်အပျက်နှင့် ဆက်စပ် တွေးတောရမည့် အချို့သော အကြောင်းအရာများကို ဇာတ်ဆောင် ဦးသက်မောင်၏ နေရာမှ ပြောပြသည်။ ဇာတ်ဆောင်၏ အမြင်သက်သက်သာ ဖြစ်သည်။ စာရေးဆရာ က ဝင်ပြောခြင်း မဟုတ်ပေ။

(ခ) အပြော

နေ့ခင်း တစ်နာရီ ရထားဖြင့် ဦးသက်မောင် ရောက်လာတော့ သားက

ရှုံးမဆင်းသေး။ မြေးတွေကလည်း ကျောင်းကပြန်မလာကြသေး။ ချွေးမဖြစ်သူ ကျောင်းဆရာမကသာ နေ့တစ်ဝက် ကျောင်းဖြစ်၍ အိမ်ပြန်ရောက်နေသည်။ အငှားကားဖြင့် အိမ်ရှေ့ရောက်လို့ ပါလာသော ပဲ၊ ငရုတ်၊ ကြက်သွန်၊ ထန်းလက်၊ ပေါက်ပေါက်ဆုပ် စားစရာ အစုံပါသည့် တောင်းကြီးချနေရုံရှိသေး။ ချွေးမ လုပ်သူက 'အဖေ ဘယ်နှရက် နေမှာလဲ' ဟု ပဋိသန္ဓာရစကား ဆီးဆိုလာ သဖြင့် အောင့်သက်သက် ဖြစ်သွားကြောင်း၊ မြေးတွေ ရောက်လာမှ အားတက် သလို ဖြစ်သွားပြီး သူ နေသာထိုင်သာ ရှိလာကြောင်း 'အပြော'နှင့် ဖော်ပြသည်။

အဘိုးကို တွေ့သောအခါ မြေးအကြီးမ 'မိတာ'က ကျောင်းလွယ်အိတ် ကို တိုင်မှာချိတ်ကာ တစ်ချက်သာ ကွက်ကြည့်သွားပုံ၊ ထိုအခါ အဘိုး တွေးမိ ပုံကို-

'ဒီကောင်မကတော့ ဒီလိုပဲ၊ အခု ခေါ်မရ ပြုမရနဲ့၊ ပြန်တော့မှ ဟို တစ်ခါလို မျက်ရည်လေး ကလယ်ကလယ်နဲ့ ကျန်ခဲ့ဦးမယ်' ဟု ဦးသက်မောင် တွေးမိသေးသည်' ဟု ဖော်ပြသည်။

အငယ်ကောင် ဖိုးခွားကတော့ ဦးသက်မောင်ကို မြင်သည်နှင့် 'ဘိုးဘိုး' ဟု ပြေးဖက်သည်။ အလွန် တာသည့် အကောင်ဟု ချစ်စနိုး မှတ်ချက်ချပုံများ ကို 'အပြော'ဖြင့် ပြသည်။

ချွေးမ၏ လုပ်ဆောင်ချက်များကို ကြည့်၍ တဖြည်းဖြည်း နားလည်လာ ရပုံကို ဦးသက်မောင်၏ အတွေးစိတ်ကူးဖြင့် ဖော်ပြသည်။ ထိုနေရာတွင် 'အပြော'ကို သုံးသည်။

'ပြောပြောဆိုဆို ရေချိုးကန်ဘက် ဆင်းလာတော့ ချွေးမ လုပ်သူက အုတ်ကန်ထဲက ရေတွေကို စည်ပိုင်းပြတ်ထဲ ခပ်ထည့်ပေးနေပြီ'

'သည်လို ဆိုတော့လည်း ခုနက အဖေ ဘယ်နှရက် နေမှာလဲဟု ဆီးမေးထားသော စကားသည် သူ့ချွေးမလေး သဘောရိုးနဲ့ မေးရှာတာပဲဟု နားလည်ရသည်' ဟူ၍ ဖြစ်သည်။

သားဖြစ်သူ ဝန်ထမ်းဘဝ၏ သရုပ်ကို ပေါ်လွင်အောင် ဖော်ပြရာတွင် ဦးသက်မောင်၏ အမြင်မှတစ်ဆင့် အတွေးသို့ ကူးပြောင်းပြသည်။

'ဒီမလာခင် နှစ်ရက်က ဦးသက်မောင် လာမည့်အကြောင်း ကောင်စီ ရုံးစာရေး မောင်တင့်နှင့် အောင်သိန်းမောင်တို့ရုံးကို အဝေးဖုန်း ခေါ်ခိုင်းတုန်းက

လည်း အစည်းအဝေး တက်နေလို့ မရှိဘူး ဆိုလား၊ ဘေးလူကိုပင် မှာခဲ့ရသည်တဲ့' ဟူ၍ လည်းကောင်း၊

'အရာရှိပေါက်စအိမ် ဖြစ်သော်လည်း ဧည့်ခံဖို့ ဆက်တီစားပွဲ တစ်စုံကလေးမှ မရှိ။ ကက်ဆက်ကလေးပင် မရှိသော အလျှင့်အလျင် အခေါက်များလိုပင် ဘာမှ ထူးခြားပြောင်းလဲမလာသော တည်မြဲ အခြေအနေကို စာရေးစားပွဲရှည်ရှေ့ ကုလားထိုင်ပေါ်တွင် ငုတ်တုတ်ထိုင်ကြည့်ရင်း စိတ်မကောင်းသလို ရှိထားတာလေးလည်း စိုစိုပြည်ပြည် ထမင်းဝိုင်းကို ကြည့်ပြီး ပြေပျောက်သွားလေသည်' ဟူ၍ လည်းကောင်း ဖော်ပြထားပါသည်။

သားအငယ် မြသိန်းထွန်းတို့ အိမ်အကြောင်းကို-

'မြသိန်းထွန်းတို့ အိမ်ကတော့ နံ့ချာလှသည်။ ဦးသက်မောင် သွားနေသည့် လေးငါးရက်အတွင်း အသားဟင်းတစ်ခွက်ပင် မမြင်ရ။ ဒီကြားထဲ ယောက်ျားကြီးတန်မဲ့ ကိုယ်တိုင် ဈေးဝယ်ရင်း ဝင်ရောက်ကူကက် ချက်ပြုတ်ပေးပါလျက် မြသိန်းထွန်း မိန်းမ ခင်မြင့်ဝင်းက ကုန်တယ်၊ ခန်းတယ် စသည်ဖြင့် စောင်းသလို၊ မြောင်းသလို ညည်းချင်သေးသည်။ ညည်းတာကတော့ မညည်းရဘူး မဟုတ်။ ကိုယ့်အပေါ် ရှိသေသမျှ ဘာတစ်ခုမျှကို ပြဖော်မရတော့လည်း ညည်းတာကို စောင်းတာဟုပင် မိန်းမလို မိန်းမရ တွေးမိလေသည်' ဟူ၍ ပြောသည်။

ခရီးပန်းလာသဖြင့် အိပ်ပျော်ချင်သလိုလို ဖြစ်နေသော ဦးသက်မောင်ကို မြေး ဖိုးခွားက ပုံပြောခိုင်းပုံ၊ မည်သည့်ပုံကို ပြောရမှန်း စဉ်းစားမရ ဖြစ်နေပုံကို-

'ပုံပြင် တော်တော်များများကလည်း သူတို့ နားထောင်ပြီးသားချည်း ဖြစ်နေ၊ ဦးသက်မောင်ကလည်း သုံးလေးပုဒ်ထက် ပိုမပြောတတ်၊ နောက်ဆုံးတော့ ပါးစပ်ထဲတွေ့ရာ ကောက်ပြောမှပဲဟု ဟိုဟိုသည်သည် မျက်စိကစားရင်း နံရံတွင် ငှက်ရုပ်ကလေးများပုံ ပါသော ပြက္ခဒိန်စာရွက်ကလေး လှမ်းမြင်တွေ့ရသည်။ သည်ငှက်ကလေးတွေကို ဇာတ်လိုက်လုပ်ပြီး ပုံတစ်ပုံတော့ လုပ်ပြောမှပဲ' ဟု ပုံပြင်ကို စပြောသည်။ ထိုအပြောများက ပြက္ခက်ကလေးများတွင် ဟာနေသော အပေါက်ကလေးများကို ဖြည့်ပေးသည်။

(ဂ) အပြောညှပ်အပြ

'အပြ' များကြားတွင် အပြောညှပ်ထားသည်။ ဝတ္ထုတိုဖြစ်သော်လည်း 'အပြ' ကောင်းသဖြင့် စည်းကမ်းရှိသော အိမ်ရှင်မဘဝ၊ ကျောင်းဆရာမ လုပ်ရင်း မိသားစုတာဝန်ကို ကျေပွန်သော မိခင်ဘဝ၊ ချွေးမဘဝ၊ ဝန်ထမ်းအချို့၏ မိသားစုဘဝကို မြင်သာစေပါသည်။

ချွေးမနှင့် စကားကောင်းနေတုန်း ချွေးမ၏ တပည့်ကလေးများ ခြံဝတွင် ပြုံတစ်ပြုံတစ် ရောက်လာသောအခါ ချွေးမက-

'ဒီနေ့ ပိတ်တယ် သားတို့၊ တီချာ မအားလို့နော်'

'အဖေ့ကြောင့်များလားကွယ်၊ သူတို့ခမျာလည်း ငွေနဲ့ ကြေးနဲ့ တကူး တက ပေးသင်ရရှာတာ၊ ဖွင့်ချေပါ' ဟု သူက အလိုက်သိစွာ ဆိုတော့ ချွေးမက ဘေးဘီသို့ တစ်ချက်လှည့် ကြည့်ပြီး မလုံမလဲနှင့် ပြောသည်။

'တိုးတိုးပြောပါ အဖေရဲ့၊ သမီးက စေတနာနဲ့ သင်ပေးတာပါ'

သည့်မျှ ကျောင်းအလုပ်၊ အိမ်အလုပ်၊ သားသမီး အလုပ်များဖြင့် ရှုပ်ထွေးလှပါလျက် တစ်ပြားတစ်ချပ်မျှ မယူဘဲ အလကားသင်ပေးသည် ဆိုသော ချွေးမတော်ကို ဦးသက်မောင် တနင့်တပိုးကြီး ချီးကျူးပစ်လိုက်သည်။ အေးလေ လူတစ်ကိုယ် လှည့်သာ၊ ငုံ့သာရုံသာ ရှိတဲ့ အိမ်အောက်ကိုတောင် သစ်တိုသစ်စ၊ ဝါးတိုဝါးစတွေနဲ့ ခြံကလေးလို ကာရံပြီး ကြက်ကလေးအစ၊ ဘဲကလေးအစတောင် မွေးသေးတဲ့ အာဂချွေးမပဲ။ ဦးသက်မောင် တစိမ့်စိမ့် ချီးကျူးရပြန်သည်။

'အဖေကလဲ ကျောင်းဆရာမတွေ ကျူရှင်ပေးရင် သုံးနှစ် သုံးသောင်း အဖေရဲ့' ဟူသော ပြကွက်တွင် ဦးသက်မောင်၏ 'စိတ်ကူးအပြော' ကို ကြား ညှပ်၍ ထည့်ထားသည်။ ခွဲပြလျှင် ဝတ္ထုအရသာ ပျက်သွားနိုင်သဖြင့် တွဲပြလိုက်ခြင်း ဖြစ်ပါသည်။

ဦးသက်မောင် ပြောပြသော ငှက်ပုံပြင်ကို နားထောင်ပြီး ဖိုးခွားနှင့် 'မိတာ' တို့ ကြောင်စီစီဖြစ်ကာ အပြန်အလှန် ပြောကြပုံကို-

'ပြောလေ ဖိုးခွား၊ ငှက် ငါးကောင် တစ်ကောင်က မြားမှန်ရော၊ ဟော အဲဒါ ဘယ်နှကောင် ကျန်မလဲ'

မိတာက ချက်ချင်း ပြုံးစိစိ ဖြစ်သွားကာ တစ်ဖက်သို့ အသာလှည့်သွားသည်။ ဖိုးခွားကတော့ တွေဝေဟန်ဖြင့် ငြိမ်သက်နေလေသည်။

'သီလား ငါ့မြေး၊ ဘယ်နှကောင် ကျန်တယ် ဆိုတာ'

'ဟင့်အင်း'

ဖိုးခွားက ငြိမ်သက်စွာပင် ဖြေလေသည်။

'ဟဲဟဲ မြေးကလည်း တယ်ညံ့တာကိုးကွဲ့၊ တစ်ကောင်ကို မြားမှန်တော့ ကျန်တဲ့ ကောင်တွေ အားလုံး လန့်ပြီး ထပြေးကုန်ကြတာပေါ့ကွဲ့။ တစ်ကောင်မှ မကျန်ဘူး၊ ဟဲ.. ဟဲ.. ဟဲ.. ဟဲ' ဟူသော ပြက္ခက်က မြေးအဘိုးဘဝ သရုပ်ဖော်ချက် ဖြစ်သည်။

မြေး ဖိုးခွားက ပုံပြောသောအခါ-

'ဟိုး... ရှေးရှေးတုန်းကတဲ့'

....

'ဘဲကလေး ခြောက်ကောင် ရှိသတဲ့'

ဖိုးခွားအသံမှာ တည်ငြိမ်လှပေသည်။

'ဟင်း... လုပ်ပြီ၊ သူ ဘိုးဘိုးပုံကို အတုခိုးပြောတော့မယ်'

မိတာက မဲ့ကာရွဲ့ကာ ဆိုသည်။ ဖိုးခွားကမူ မိတာစကားကို အရေးမစိုက်။ ပုံပြင်ကို စလေသည်။

'ဖြူတုတ်၊ ဖွတ်ကျား၊ ရမ်ဘို၊ နတ်ကြွက်၊ လည်ပြောက်နဲ့ မက်ဒေါနားဆိုပြီး ဘဲကလေး ခြောက်ကောင် ရှိသတဲ့'

'ကြည့်... ကြည့်၊ သူလည်း လံကြွတ် လုပ်ကြံ လုပ်ပြီ၊ ဘိုးဘိုးအလကား နားမထောင်နဲ့၊ သူ့ဟာက လံကြွတ်ကြီး'

'ကဲပါ သမီးရယ်၊ လံကြွတ် ဆိုလည်း ပြောချေပစေ၊ အပျင်းပြေပေါ့'

မိတာက စိတ်မဝင်စားသည့် သဘောဖြင့် နားကို လက်နှစ်ဖက်ဖြင့် ပိတ်ဟန်ပြုကာ တစ်ဖက်သို့ လှည့်သွားသည်။

'ရမ်ဘိုက လွဲရင် အားလုံး ဘဲမလေးတွေချည်းပဲတဲ့။ ရမ်ဘို ဆိုတာက အဖြူနဲ့ အမည်းတစ်ဝက်စီ ပါတဲ့ ဘဲထီးလေး။ ဝဝဖိုင့်ဖိုင့် ဗလတောင့်တောင့်၊ ရင်ဘတ်ကြီးဆို မောက်နေတာပဲ သီလား ဘိုးဘိုး၊ ခေါင်းက စိမ်းပြီး ပြောင်လက်နေတာပဲ၊ ဖင်ကလည်း ကောက်ပြီး ချိတ်နေရော'

....

'ဖြူတုတ် ဆိုတာကတော့ ဖြူဖြူတုတ်တုတ် ဘဲကလေးပေါ့ ဘိုးဘိုးရာ။ သူက ဥတော့ သိပ်မဥဘူး၊ ဒါပေမဲ့ အားလုံးထဲမှာတော့ တစ်ကိုယ်လုံးအညီနဲ့ အနက်ကျား ဘဲမလေး၊ လည်ပင်းမှာကျတော့ တစ်ကိုယ်လုံး မွဲခြောက်ခြောက် နဲ့ မည်းမည်းကြုတ်ကြုတ် ဘဲမလေး။ အဲ… သူကတော့ သိပ်ဥတယ် ဘိုးဘိုးရဲ့၊ သူ့ဖင်ကလေးက ဥတွေနဲ့ တွဲပြီး ကျနေတာ။ မက်ဒေါနား ဆိုတာကတော့ အသံသိပ်ပြဲတာ သိလား။

အားလုံးထဲမှာတော့ ဖွတ်ကျားက အရှော်ဆုံးပါပဲ ဘိုးရာ။ ဝယ်လာတဲ့ နေ့က စပြီး တစ်ခါမှ မဥပါဘူး။ နတ်ကြုတ်နဲ့များ တခြားစီ။ သူက ဘယ်အခါ ကြည့်ကြည့် ဖင်ရှုံ့ကလေးနဲ့' ဟူ၍ ဘဲကလေး ခြောက်ကောင် အကြောင်းကို ပြောပြရာ ဓာတ်ဆောင်လေး ဖိုးခွား၏ ပုံပြင်က စိတ်ဝင်စားစရာ ဖြစ်နေ ပြန်သည်။

ထိုဘဲကလေးများသည် တစ်ကောင်ပြီး တစ်ကောင် ပျောက်သွား ကြောင်း ပြောပြီး-

'ကဲ ဘိုးဘိုးဖြေ၊ ဘိုးဘိုးအလှည့်၊ ဘဲလေး ခြောက်ကောင်ဟာ ဘာလို့ တစ်ကောင်ပြီး တစ်ကောင် ပျောက်သွားရတာလဲ' ဟု မေးသည်။ သူ့အဘိုးက မဖြေနိုင်သောအခါ သူ့ဘာသာပင် ဖြေပါသည်။

'ပထမဆုံး တစ်ကောင်က ဖွတ်ကျားမလေး ဘိုးဘိုးရဲ့၊ သူက မဥဘူး မဟုတ်လား။ သူ့ကို စရောင်းလိုက်တာ လေးဆယ်နဲ့'

ဦးသက်မောင် မျက်လုံးများ ပြူးကျယ်သွားသည်။ ဥလေး စားရအောင် ကြက်ကလေး၊ ဘဲကလေးအစ မွေးသေးသည် ဆိုသော အရီ့ ပြောစကားကို ကြားယောင်ရင်း မြေးပုံပြင်မှာ ပို၍ သက်ဝင်သွားလေသည်။

'အဲဒီတုန်းက ကြီးကြီးယု ဆေးရုံတက်ရတာလေ။ ဆေးဝယ်ထည့်ပေး ဖို့လို့ ပြောတာပဲ'

'.....................................'

'အဲဒီတုန်းက သားရော မိတာပါ ငိုလိုက်ရတာလေ။ ဖွတ်ကျားမလေး ကို ကိုနီတွတ်က ခြံထဲဝင်ဖမ်းပြီး အတောင်နှစ်ဖက် လိမ်ယူသွားတာ' ဟူ၍ သူတို့ဘဲတွေ တစ်ကောင်ပြီးတစ်ကောင် ရောင်းရပုံကို ပုံပြင်ထဲ ထည့်ပြောသည်။

'အဲဒီနေ့ကလေ မေမေလေ ဈေးဖိုး လိုလို့တဲ့ သတင်းစာတွေ၊ ပုလင်းခွံတွေ၊ သားတို့ ဗလာစာအုပ်အဟောင်းတွေလည်း ရောင်းသေးတယ်။ ဒါတောင်မလောက်လို့တဲ့ ကိုနီတွတ်ကို လှမ်းခေါ်ပြီး မက်ဒေါနားကို အဖမ်းခိုင်းတာ'

ဦးသက်မောင် စောင်ကိုပဲ လှမ်းဆွဲခြုံရမလိုလို၊ ခြင်ထောင်ကိုပဲ ထချရမလိုလို မရိုးမရွနှင့် မနေတတ် မထိုင်တတ် ဖြစ်လာသည်။ သန်ဘက်ခါလောက် ကျရင်တော့ ရထားလက်မှတ်ဖြတ်ခိုင်းပြီး ပြန်တော့မှပဲ။ မမြ အိမ်က 'အေးအေးဆေးဆေး နေပါတော်' လို့ မှာလိုက်ပေမယ့် အိမ်မှာလည်း သူတစ်ယောက်တည်း စိတ်မချပါဘူးလေ။

'အဲ- နောက်ဆုံးကျန်တဲ့ လည်ပြောက်နဲ့ နက်ကြုတ် နှစ်ကောင်က…'

'အဟာမ်း…အဟာမ်း'

တစ်ဖက်ခန်းမှ သားဖြစ်သူ အောင်သိန်းမောင် ချောင်းသံကြောင့် ဖိုးခွားစကားမှာ ခဏ ပြတ်တောက်သွားသည်။ ဦးသက်မောင်ကတော့ ရင်တွေခုန်လာသလိုလို ရှိပြီး ဆက်လက် နားထောင်ရမည်ကို အသည်းထိတ်သလိုရှိလာသည်။

အင်း… ဈေးဖိုးပဲလား၊ မီတာခ၊ ကျောင်းစာအုပ်ဖိုး၊ သာရေး၊ နာရေး၊ အောင်သိန်းမောင် အလုပ်ကလည်း ကြိုးစားရတဲ့ ဦးသက်မောင် အတွေးမဆုံးလိုက်-

'နက်ကြုတ်တို့ကလေ အဲ… မနေ့ကမှ ရောင်းလိုက်တာ ဘိုးဘိုးရဲ့။ ဘိုးဘိုးကြီး လာမယ်ဆိုလို့လေ'

ဝတ္ထုက ထိုပြကွက်မှာတင် မဆုံးသေးပါ။ ချွေးမက ကလေးတွေကို လှမ်းဟန့်ပေမယ့် မမီလိုက်ပုံ၊ ဦးသက်မောင် လည်ချောင်းဝတွင် ညနေကစားထားသည့်အစာများ တစ်ဆို့ဆို့ ဖြစ်လာပုံ၊ အိမ်အောက်က ဘဲခြံမှ ဘဲချေးနံ့သည် မြေအဘိုးတွေ၏ အိပ်ရာထဲသို့ ရောက်လာပုံကို ပြပြီး အဆုံးသတ်ထားသည်။

ဖိုးခွားပြောသော ပုံပြင်ပါ အကြောင်းအရာများသည် သူတို့မိသားစု၏ ဘဝတစ်စိတ်တစ်ဒေသကို ဖော်ပြနေသည်။ ဦးသက်မောင် ရင်ဆိုင်ရသည့် လက်တွေ့အခြေအနေနှင့် ဦးသက်မောင် မသိခဲ့သော အတိတ်အခြေအနေကို ဖိုးခွားလေး၏ ပုံပြင်က ဆက်သွယ်ပေးသည်။ အပြောနှင့် အပြကို ပေါင်းစပ်

ဖွဲ့စည်းထားပုံမှာ ယင်းဝတ္ထုတို၏ ချီးကျူးဖွယ်ရာ အတတ်ပညာပင် ဖြစ်သည်။ သို့ရာတွင် ချေးမက ကလေးကို ဟန့်သော်လည်း မမီလိုက်ပုံတွင် အဆုံးသတ်ပြီး စာဖတ်သူအတွက် အတွေးစ ချန်ထားလျှင် ပိုပြီးကောင်းမည်ဟု ယူဆပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၁၄၊ ဇွန်လ၊ ၂၀၀၀။

* * *

မြန်မာဝတ္ထုတို လမ်းကြောင်း (၃)

၁။ မောင်သာချို၏ ဘယ်သောင်မှာ နေချိုအေးလျှင်

၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မိုးဝေမဂ္ဂဇင်း အမှတ် (၁၅၇)တွင် ပါခဲ့သော ဝတ္ထုတို ဖြစ်သည်။ တံငါသည် သရုပ်ဖော်ဝတ္ထု ဖြစ်သည်။ တံငါရွာလေးမှ တံငါသည် ကြီး၊ ငယ်၊ ရွယ်လတ်တို့၏ ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရသည့် ဘဝကို ဖော်ကျူးထားသည်။

(က) ရှုထောင့်

အားလုံးသိ ရှုထောင့်မှ ရေးထားသည်။ တံငါသည် အဘိုးကြီး ဘသာအိနေရာမှ ကိုသံချောင်း၊ ကံငွေး၊ ဖိုးထောင်၊ နီတွတ်၊ မလှအေးတို့၏ ဘဝကို သရုပ်ဖော်ထားသည်။ လိုအပ်လျှင် ဇာတ်ဆောင်တို့၏ စိတ်ဓာတ်ကိုပါ သိခွင့်ယူပြီး ပြောထားသည်။ သံချောင်းနေရာမှ ဘသာအိ အကြောင်း ပြောသည့်အခါ ပြောသည်။ ဇာတ်ဆောင် တစ်ယောက်တည်းက မူတည်ပြီး ပြောနေခြင်း မဟုတ်သည်က ဤဝတ္ထုတို၏ ထူးခြားချက် ဖြစ်သည်။ ထို့ကြောင့် တံငါသည်ဘဝကို ထောင့်စုံမှ ဖော်ပြရာ ရောက်ပါသည်။ ပစ္စည်းရှိ လူတန်းစားနှင့် ပစ္စည်းမဲ့ လူတန်းစားတို့၏ ဘဝအားပြိုင်မှုကို ဖော်ပြရာတွင် အရင်းရှင်၏ မတရား လုပ်ရပ်ကို ဒေါသထွက်သော်လည်း ကြိတ်မှိတ် သည်းခံနေရသော ဘဝကို မြင်သာအောင် ပြသည်။ အရင်းမဲ့ဘက်မှ ရပ်သော စာရေးဆရာ၏ ရပ်တည်ချက်ကိုလည်း ထင်ရှားစွာ မြင်ရသည်။

(ခ) အပြော

ဘသာအိ၏ ငယ်ဘဝနှင့် လက်ရှိဘဝကို-

'ငယ်စဉ်ကာလ သန်တုန်း မြန်တုန်းကတော့ ဘာရယ် ညာရယ် မသိ။ ငါးသလောက် မျှောပိုက် ပစ်ထားပြီး မြစ်ထဲ ဒိုင်ဗင်ထိုး၍ နန့်ကြောဆွဲလျှင် ဆွဲနေတတ်သည်။ လှေပေါ်မှာ သီချင်းတွေ အော်ဆိုချင် ဆိုနေတတ်သည်။ နေလည်း မမှု၊ မိုးလည်း မမှု'

'ခုတော့ဖြင့် နားကလည်း ထိုင်း၊ ခါးကလည်း ကိုင်းချင်သည့် အရွယ်၊ အဆိုးဆုံးက မျက်လုံးပင်။ မျက်လုံးနှစ်ဖက်စလုံး နီရဲပြီး မျက်သားလိုလို၊ တိမ်လိုလိုတွေက ဖုံးချင်နေသည်။ ပြီးတော့ အခိုးတွေက ဝေနေလိုက်သေးသည်။ ခုလို နွေဆိုလျှင်တော့ မျက်ရည်ပူတွေပါ ကျလိုက်သေး' ဟူသော 'အပြော' ဖြင့် ဖော်ပြပါသည်။ တံငါသည် လူငယ်ဘဝနှင့် တံငါသည် အဘိုးကြီး ဘဝကို ကိုယ်စားပြု ဖော်ပြနေသော 'အပြော' ဖြစ်သည်။

ငါးသလောက် မျှောပိုက် ချပြီး ထိုင်စောင့်နေကြရသော တံငါသည် တို့၏ ဘဝကို-

'မိုးရွာလည်း ငုတ်တုတ်၊ နေပူလည်း ငုတ်တုတ်၊ နွေကျတော့ ပူသည်က ဆိုးသည်။ အပေါ် နေကလည်း ပူသည်။ လေကလည်း ပူသည်။ ထိုင်နေရသည့် လှေကပ်တွေလည်း ချစ်ချစ်တောက် ပူသည်။ ကြာတော့ မျက်လုံးထိခိုက်သည်။ လှေကပ်အပူကြောင့် ခြေဖဝါးတွေပင် ဟက်တက်ကွဲလာသည်။ သည်ကြားထဲက တစ်နေကုန် တစ်နေခန်း ထိုင်တာက များသည် ဆိုတော့ ဒူလာလေးကပါ ဖက်လာသည်' ဟု ဖော်ပြထားသည်။

အခြေအနေက တံငါနားနီး တံငါ ဖြစ်စေပုံကို-

'ဘသာအိတို့လို အသက်ကလေး ရလာသူ ဆိုလျှင်တော့ ပိုဆိုးတော့ သည်။ ထို့ကြောင့်လည်း အငယ်ကောင် ကံငွေးကို လှေဦးစီးအဖြစ် ခေါ်ထားရ သည်။ ကံငွေးက အသက်တစ်ဆယ့်တစ်နှစ် ဆိုပေမယ့် အားတော့ ကိုးရသည်။ ရွာမူလတန်းကျောင်းမှာ သုံးတန်းတဖုန်းဖုန်း ကျပြီးနောက် ပိုက်လှေထဲ ဆင်းလာ သည်' ဟု 'အပြော'ဖြင့် ဖော်ပြသည်။

ကိုသံချောင်း၏ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း မကျပုံကို-

'ကိုသံချောင်း လုပ်ချင်သည်က လခစားပဲ ဖြစ်သည်။ နှစ်ရာပဲရရ၊ နှစ်ရာငါးဆယ်ပဲရရ ပုံမှန် လိုချင်သည်။ သူ့ပိုက်ရှင် ကုသိုလ်ကောင်းလို့ တစ်နေ့ အချိန်တစ်ရာပဲရရ သိပ်မမက်မောလှ၊ ပုံမှန်ရသည့် ငွေနှင့်ပဲ မလှအေးတို့ မိသားစုကို မှန်မှန်စား၊ မှန်မှန်သွားစေချင်သည်။ ခုတော့ ထက်ဝက်စား ဆိုတော့ မရလျှင်လည်း လုံးလုံးငတ်။ ရပြန်တော့လည်း လှေရှင်တစ်ဝက် ကိုယ်တစ်ဝက်' ဟူ၍ ဖော်ပြထားသည်။

ငါးတိုးချိန် ဆိုလျှင် လခစားနှင့် လုပ်လျှင် နစ်နာပုံကို ကိုသံချောင်း၏ စိတ်ကူးအပြောနှင့် ဖော်ပြသည်။

'ငါးတိုးချိန် ဆိုလျှင် တစ်လတစ်ထောင်ကတော့ ခပ်သာသာနှင့် ရသည်။ မိမိအတွက် ငွေငါးရာသည် ဘယ်မှ ပြေးမလွတ်။ သည်အခါမျိုး၌ လခနှင့် လုပ်လျှင် မိမိဘက်က နာသည်' ဟူ၍ ဖြစ်ပါသည်။

စာရေးဆရာသည် ဘသာအိနှင့် သံချောင်းတို့၏ စိတ်ထဲဝင်ပြီး တံငါသည်တို့၏ ဘဝကို စာနာဖွယ်၊ ဂရုဏာသက်ဖွယ် ဖြစ်အောင်၊ တံငါတို့၏ဘဝကို ကိုယ်ချင်းစာတတ်အောင် ဝင်ပြောထားပါသည်။

(ဂ) အပြောညှပ်အပြ

'ဟေး… ကိုဖိုးထောင် ဘာဟင်းချက်လဲဟေ့'

လှေဦးရှိ ကံဌေးက မြစ်လယ်ဘက်ကို လှမ်းအော်နေပြန်သည်။

'ငါးသလောက်ကွ… စားပါဦး'

'စား… စား'

'ကြည့်… ဖိုးထောင်တို့၊ လှသိန်းတို့အုပ်စု လှေငါးစင်းတွဲတာ မျှောလိုက်ရင်း ထမင်းစုစားလာတာ ဖြစ်သည်။ သည်ကောင်လေးတွေက သည်လိုပင် ဖြစ်သည်။ အိမ်က ဘယ်လောက်ပင် စားလာလာ မြစ်ထဲမှာလည်း ထပ်စားကြသေးသည်။ လူငယ်ကလေးတွေ ဆိုတော့ အပျော်လည်း ပါသည်။ ရည်းစားသန့်အကြောင်းလည်း ထမင်းစားရင်း ဆွေးနွေးကြမည် ထင်သည်။ ဒါကလည်း ဘဝနှင့် ယှဉ်သော ဘသာအိ၏ အတွေး၊ ငယ်စဉ်ကလည်း သို့ပင် မဟုတ်ပါကလား' ဟူ၍ ဖိုးထောင်နှင့် ကံဌေးတို့ လူငယ်များ၏ လှုပ်ရှားမှုကို ဘသာအိ၏ အတွေးနှင့် ညှပ်၍ ဖော်ပြထားသည်။

ငါးတိုးချိန် ရောက်သောအခါ ပိုက်ရှင်က ကိုယ်တိုင် ပိုက်ချရန် သွားသဖြင့် ကိုသံချောင်းတို့ ပိုက်လက်မဲ့တွေ ဒုက္ခရောက်ရပုံ၊ ဒေါသထွက်ရပုံကို-

'မလည်ဘူးတဲ့။ ပိုက် လေးငါးဖောင်ထောင်ကာ အငှားချထားနိုင်သည့် သူတွေက သည်စကားမျိုး ပြောရက်လေခြင်းဟု ရင်ထဲက နာမိသည်။ သည်လို မှန်းသိ ကျုပ် ဘယ်လုပ်မလဲဗျာ၊ တခြားပိုက်နဲ့ စကားပြောတာပေါ့။ ခုတော့ ဘယ်ကောင်းမလဲဗျ'

'ဩော်... ကိုသံချောင်း မနစ်နာစေရပါဘူး။ အခြား အလုပ်မရှိလည်း လခနဲ့ ပစ်ပေါ့'

'မဟုတ်ဘူးဗျာ'

ကိုသံချောင်း တက်တခေါက်ခေါက် ဖြစ်နေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ငါးမတိုးစဉ်ကတော့ ထက်ဝက်စား၊ ခု ငါးတိုးလာတော့ လခနဲ့ ပစ်တဲ့။ တရားလှသည်တော့ မဟုတ်။ မတရားလို့ မလုပ်တော့ကော ဘယ်မှာလဲ ပစ်စရာ ကိုယ်ပိုင်ပိုက်။

'ဒီမှာ မဝင်းကြည်၊ ခင်ဗျား ယောကျ်ားက ခု... ငါးတိုးချိန် ဆိုတော့ လခနဲ့ ငှားပြီးထား၊ ဝါခေါင် တော်သလင်း ငါးပျောက်တဲ့ အချိန်ကျတော့ကော လခနဲ့ ဆက်ထားနိုင်မှာလား'

'ဒါကတော့ အခြေအနေအရပေါ့ ကိုသံချောင်းရယ်' ဟူ၍ ဖော်ပြထားသည်။ အရင်းရှင်၏ အတ္တအောက်တွင် အရင်းမဲ့ ဒေါသပျောက်ရပုံကို ပေါ်လွင်စေပါသည်။

၂။ မိုးမိုး(အင်းလျား)၏ ထောင်ပြေး

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ဖော်ပြခံရသော ဝတ္ထု ဖြစ်သည်။ အိမ်ထောင်ရှင်ဘဝ၊ မိခင်ဘဝကို ကိုယ်စားပြုသည်။ ဇာတ်ဆောင်၏ အမည်မပါ။ အိမ်က ခင်ပွန်းနှင့် သားသမီးများ မသိအောင် အိမ်ကနေ မနက် အစောကြီး ထွက်ပြေးလာသည့် အိမ်ရှင်မ (မိခင်)တစ်ယောက်၏ စိတ်ခံစားမှု များကို ဖွဲ့ထားသည်။ အများကို ကိုယ်စားပြုသော ဇာတ်ဆောင် ဖြစ်သည်။ ဇာတ်ဆောင်၏ စိတ်အတွေးများမှာလည်း ယေဘုယျ ကျလှပေသည်။

(က) ရှုထောင့်

ကိုယ်တိုင်ပြော ရှုထောင့် ဖြစ်သည်။ မိမိအကြောင်းကို ရေးထားခြင်း ဖြစ်၍ ဟိုမိုဒိုက်ဂတ်စ်တစ် ဖြစ်သည်။ ဟာန်း(စ်)ဘာတန်၏ စာပေသီအိုရီ (အခြေခံ) စာအုပ်အရ ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ လက်ရှိဖြစ်ရပ်၊ လက်ရှိ အခြေအနေမှ အတိတ်ဖြစ်ရပ်၊ အတိတ်အခြေအနေများကို စိတ်ဖြင့် ပြန်သွားလိုက်၊ ပစ္စုပ္ပန်ကို ပြန်ရောက်လိုက်ဖြင့် အတွေးဖြန့်ကြက် ရေးသားထားသည်။ အတွေးရှင်း၊ အရေးရှင်းသဖြင့် စာရေးသူ ပေးချင်သော အာဘော်ကို စာဖတ်သူတို့ကလည်း တစ်ထပ်တည်းနီးပါး ရရှိ ခံစားလိုက်ရပါသည်။ အိမ်နှင့် ဝေးရာသို့ သွားဖို့ ထွက်လာသူသည် နောက်ဆုံးတွင် သူ့ကိုယ်သူပင် မသိလိုက်ဘဲ သူ့အိမ်အနီးသို့ ပြန်ရောက်နေကြောင်း ဖော်ပြထားသည်။ သံယောဇဉ် အနှောင်အဖွဲ့မှ ထွက်ပြေးသော်လည်း မရုန်းနိုင်ရှာသူ၏ အဖြစ်ကို တွေ့ရသည်။ မိခင်ဘဝကို ကိုယ်စားပြုသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါသည်။

(ခ) အပြော

ဇာတ်ဆောင်က သူ့၏ စိတ်ခံစားမှုကို ပြောသွားသည်။ အစမှ အဆုံး အထိ တောက်လျှောက် ပြောသွားသည်။ သူ လုပ်သမျှ သူ ခံစားသမျှကို ပြောသွားသည်။

'ဒီကနေ့မှ မိုးကလည်း ရွာလိုက်တာ။ ခါတိုင်း မနက်ငါးနာရီဆို လင်းထင်းနေပြီ။ ဩော်- ငါ့မှာ လက်ပတ်နာရီလည်း ပါမလာပါလား။ ဇာတ်ခဲ ကုန်လို့ အံဆွဲထဲ ထည့်ထားတာ မနေ့က ရှာတော့ မတွေ့ဘူး။ တစ်လမ်းလုံး လည်း မှောင်မည်း တိတ်ဆိတ်နေတာပဲ။ မိုးက ပိုသည်းလာပြီ။ အငယ်ကောင် ကို စောင်တောင် ဆွဲခြုံမပေးခဲ့ရဘူး။ သူက အမေ့ရင်ခွင်ထဲ အိပ်နေကျ။ အို… ငါ ဒါတွေ တွေးနေလို့ မဖြစ်ဘူး။ လူဆိုတာ ငါ မရှိရင် မဖြစ်ဘူး ဆိုတာ မရှိဘူးတဲ့။ သေသွားတဲ့သူတွေ ဘယ်လိုလုပ်မလဲ။ ကျန်တဲ့သူတွေ ဒီလိုပဲ ဆက်စခန်းသွားကြတာပဲ။ လူတွေ ဒီလိုနဲ့ပဲ အသက်ရှင်နေကြတာ မဟုတ်လား' ဟူသော အပြောများတွင် ဇာတ်ဆောင်၏ စိတ်တွင်း အားပြိုင်မှုကို တွေ့ရသည်။

'ပါလာတဲ့ အဝတ်တစ်စုံတော့ မိုးရေနဲ့ စိုရွဲကုန်ပြီ ထင်ပါရဲ့။ သားရေ အိတ်ကို ယူခဲ့ဖို့ကောင်းတယ်။ ယူမယ် လုပ်ပြီးမှ ပြန်ချထားခဲ့မိတာ။ ငါ့ကိုက

မပြတ်သားပါဘူးလေ' ဟူသော စိတ်ကူးအပြောက မိုးရွာနေသော လက်ရှိအခြေအနေနှင့် သူ့စိတ်ကို ဖော်ပြနေပါသည်။

'ဖြစ်ချင်ရာ ဖြစ်ကြပလေစေ၊ သူ့ထိုက်နဲ့ သူ့ကံ ဆိုပေမယ့် အကြီးကောင်အတွက် ပေးနေကျ မုန့်ဖိုးနှစ်ကျပ်ကို သူ မြင်သာအောင် စာရေးစားပွဲပေါ်မှာ မင်အိုးနဲ့ ဖိထားပေးခဲ့တယ်။ တွေ့မှာပါ။ အလတ်မ ကျောင်းထည့်ဖို့ ပုစွန်နှစ်ကောင် ကြော်ပြီး ကြောင်အိမ်ထဲ သိမ်းထားတာ မြင်ပါ့မလား။ လျှပ်စစ်ထမင်းအိုးကတော့ ခလုတ်နှိပ်ခဲ့တာ ခုဆို ကျက်လောက်ပြီ။ သူ့ထမင်းဘူးတော့ သူ့ဘာသာ ထည့်တတ်ပါပြီလေ။ မုန့်ဖိုးလည်း သူ့အဖေဆီက တောင်းလိမ့်မယ်။ ဒီကောင်မက အလည်' ဟူသော အပြောတွင် လူက အိမ်နှင့် ဝေးရာသွားဖို့ ထွက်လာသော်လည်း စိတ်က အိမ်မှထွက်ခွာခြင်း မရှိနိုင်သေးပုံကို ဖော်ပြနေပါသည်။ စိတ်ကူးတည့်ရာ လျှောက်သွားနေသော်လည်း စိတ်က အမေ့ဆီ ရောက်ချင် ရောက်သွားတတ်သည်။

'ခုလို ဦးတည်ရာမရှိ လမ်းပေါ်ရောက်နေတဲ့ အခါတော့ အမေရှိရင် ကောင်းသား၊ အမေ့ဆီ ပြေးမှာပဲ။ အမေကတော့ ဘယ်လိုပုံစံနဲ့ပဲ ရောက်လာလာ လက်ခံမှာပဲ'

'အမေကတော့ ပြောဖူးပါတယ်။ ဘာမဆို စိတ်လိုက်မာန်ပါ မလုပ်နဲ့တဲ့။ ခုဟာက သည်းမခံနိုင်လွန်းလို့ပါ အမေရယ်။ လူဆိုတာ ခေါင်းငုံ့ခံရင် ဖိနင်းချင်ကြတယ်။ ထွက်ပေါက်မရှိတဲ့သူကို ချောင်ပိတ်ပြီး အလဲထိုးချင်ကြတာ။ စိတ်နာတယ် အမေ' ဟူသော 'အပြော'များက ခလုတ်ထိမှ အမိတတတ်သော ပုထုဇဉ်တို့၏ သဘာဝကို ဖော်ပြနေပါသည်။

အိမ်က ထွက်လာသူမို့ နားခိုရာကို လမ်းတစ်လျှောက်လုံး စဉ်းစားလာခဲ့သည်။ ငယ်သူငယ်ချင်းတွေ၊ တက္ကသိုလ်က သူငယ်ချင်းတွေဆီ စိတ်ရောက်သွားပုံကို-

'ဟိုဘက်လမ်းမှာတော့ သူငယ်ချင်း မိနိုင် ရှိသား၊ ဒီအချိန် အိပ်ရာက ဘယ်ထဦးမလဲ'

'အကြံရပြီ။ ရွှေတိဂုံဘုရားပေါ် သွားရရင် ကောင်းမယ်။ ဘုရားမရောက်တာ ကြာပြီလေ။ ဘုရားတက် ဝတ်ပြု၊ လင်းမှ ဘုရားပေါ်က ဆင်း၊ စမ်းချောင်းက သူငယ်ချင်းအိမ်ဝင်၊ မရောက်တာကြာလို့ ဘုရားလာရင်း ဝင်လာ

တာလို့ ပြောရမယ်။ နောက်မှ အကျိုးအကြောင်း တိုးတိုးပြောပြီး တိုင်ပင်ရမယ်။ သူငယ်ချင်းက ဆုံးမနေဦးမလား မသိ'

'မြို့ပတ်ရထားစီးရရင် ကောင်းမယ်။ တစ်မနက် အချိန်ကုန်နိုင်တယ်။ ပြီးတော့ တစ်နေရာရာမှာဆင်း ကားစီးပေါ့။ တစ်ခါလောက် လျှောက်သွားချင်လိုက်တာ။ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ မြို့ပတ်ရထား စီးရတာ သိပ်ပျော်တာပဲ' ဟူ၍ ဇာတ်ဆောင်၏ စိတ်ကူးအပြောနှင့် တင်ပြသည်။

မိမိ ကျင်လည်ရာ ဘဝစက်ထဲက ပျော်ခဲ့ဖူးသော အတိတ်၏ ဘဝတစ်စိတ်တစ်ပိုင်းများဆီ ရောက်သွားတတ်သည့် လူ့သဘောမနောကို ထင်ဟပ်နေပါသည်။

လျှောက်သွားပြီး ဟိုရောက်သည်ရောက် စိတ်ရောက်နေရာမှ သားသမီးများဆီ၊ အိမ်ဆီ စိတ်မပြတ်နိုင်ပုံကို-

'အိမ်ကကောင်က ဒီနှစ် ရှစ်တန်း၊ အောင်မှ အောင်ပါ့မလား။ သိပ်ပေါ့တယ်။ စာလည်း မကျက်ဘူး။ လည်ချင် ပတ်ချင်လာတယ်။ မအေကို ခံပြောချင်လာတယ်။ မနှစ်က ဒီလိုမဟုတ်ဘူး။ ငါ့မှာတော့ သားဦးမို့ ချစ်လိုက်ရတာ။ ကလေးသုံးယောက်လည်း ရရော၊ ငါလည်း ရုံးက အလုပ်ထွက်လိုက်ရတာပဲ'

'အိမ်မှာ ပဲပြုတ်တောင် ဝယ်မပေးခဲ့ရဘူး။ အငယ်ကောင်က ပဲပြုတ်နဲ့ ထမင်းပူပူ ဆီရွှဲရွှဲ ဆိုရင် ကြိုက်တယ်။ ကြက်သွန် ဒီအတိုင်း ထည့်ရင် မကြိုက်ဘူး။ အိမ်မှာ ဆီလည်း ကုန်နေပြီ။ ဝက်သားကို မနက်စာအတွက် လုံးထားတာပဲ၊ စားလို့ဖြစ်ပါတယ်။ အသီးအရွက်တော့ မရောဖြစ်တော့ဘူးပေါ့။ အာလူးတွေ ကြက်သွန်တောင်းထဲ ရောထည့်ထားတာ တွေ့ကြမှာ မဟုတ်ဘူး။ တွေ့လည်း လုပ်နေမှာ မဟုတ်ပါဘူး။ ခုလောက်ဆို ငါ အိမ်မှာမရှိတာ သူတို့ သိသွားကြပြီလား။ ဈေးသွားနေတယ် ထင်မှာပေါ့။ အချိန်တန်လို့ ပြန်မလာရင် တွေးမိမှာပဲ၊ နေပေ့စေ' ဟူ၍ ဖြစ်သည်။

မိခင်ဘဝ၊ အိမ်ရှင်မဘဝတွင် ချည်နှောင်ခြင်း ခံရသော သံယောဇဉ်ကြိုးများ၏ တင်းကျပ်မှုကို ခံနေရသည့် ဇာတ်ဆောင်သည် မိန်းမ အများစုကို ကိုယ်စားပြုနေပါသည်။

သားသမီး သံယောဇဉ်များက ဇာတ်ဆောင်၏ခြေထောက်များကို ချည်နှောင်ထားပုံကို-

'အကြီးကောင် ဒီနေ့ ကျောင်းတက်ပါ့မလား။ အရင်တစ်လောကလည်း ကျောင်းပြေးတယ်လို့ ဆရာမ တိုင်တယ်။ အငယ်တွေကိုလည်း မညှာဘူး။ ခုလောက်ဆို အိပ်ရာထပြီး ရန်များဖြစ်နေကြမလား။ အမေ ဈေးသွားတာ ကြာလိုက်တာလို့ အငယ်လေးက ပြောနေမလား။ အလတ်မနဲ့ မောင်နှမ နှစ်ယောက် ရေချိုးခန်းထဲမှာ အကြာကြီး စိမ်နေကြမလား မသိဘူး။ မိုးက အေးအေးနဲ့ ဖျားကုန်တော့မှာပဲ၊ အို- ခုမှ သတိရတယ်။ မနေ့က သားငယ်က ပြောတယ်။ ဒီနေ့ ကျောင်းမှာ လပတ်စာမေးပွဲ ရှိတယ်တဲ့။ ခဲတံအပို တစ်ချောင်း ထည့်ပေးပါတဲ့။ ချွန်စက်လည်း ပျောက်နေတယ်။ သူက အစစအရာရာ အမေ လုပ်ပေးမှ ကျေနပ်တာ။ ညက စကားများနေရတာနဲ့ စာတွေကော ရရဲ့လား ပြန်မမေးမိဘူး။ ကလေးတွေ စာမေးပွဲကျရင် မဖြစ်ဘူး။ အိမ်မှာ ငါ မရှိရင် မဖြစ်ပါဘူးလေ၊ ပြန်မှ၊ ဟင်… ငါ လမ်းထိပ်တောင် ပြန်ရောက်နေပါ ပကောလား' ဟူ၍ ဖော်ပြသည်။

ခင်ပွန်းသည်နှင့် စကားများ၍ အိမ်မှ ထွက်ပြေးဖို့ ကြိုးစားသော်လည်း သားတို့၊ သမီးတို့ အရေးကြောင့် ပြေး၍မရပုံ၊ သားသမီးများကြောင့် အဝေးသို့ မသွားနိုင်ဘဲ ခြေထောက်များက သူ့အလိုလို အိမ်ပြန်လာပုံကို ဇာတ်ဆောင်၏ ပြုမူလှုပ်ရှား ပြောဆိုပုံများမှ တစ်ဆင့် သိစေပါသည်။

'အပြော'ကောင်းသောကြောင့် ထိမိပေါ်လွင်လှပေသည်။ ဘဝအဘိဓမ္မာ ကို ဖော်ပြနိုင်သော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ပါသည်။ အပြောတတ်လျှင် ဝတ္ထုကောင်း ဖြစ်နိုင်ကြောင်း ဤဝတ္ထုတိုဖြင့် သက်သေပြနိုင်ပါသည်။ အနုပညာ လက်ရာကောင်းသည် ခေတ်များစွာ ကျော်ဖြတ်နိုင်ပါသည်။ မိုးမိုး (အင်းလျား)၏ 'ထောင်ပြေး' ဝတ္ထုတိုသည် မည်သည့်ခေတ်တွင်မဆို ခံစားမှု ပေးနိုင်သော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

၁၉၈၂ ခုနှစ်ထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဝင်းငြိမ်းက 'စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း' ဟူသော ခေါင်းစဉ်ဖြင့် စာရေးဆရာများကို မေးမြန်းသော ကဏ္ဍတစ်ခုတွင် စမ်းစမ်းနွဲ့ (သာယာဝတီ)က 'ဆင်းရဲငတ်ပြတ်သည့် အကြောင်း ကို ရေးမှ ဘဝသရုပ်ဖော်တာ မဟုတ်ကြောင်း၊ ဆင်းရဲခြင်းသည် မြတ်နိုးစွာ ဖက်တွယ်အပ်သော တရား မဟုတ်ကြောင်း၊ ဆင်းရဲခြင်းသည် စာနာအပ်သော တရား ဖြစ်ပြီး ဆင်းရဲခြင်း သံသရာမှ မည်ကဲ့သို့ ရုန်းထွက်ရမည်ကို စာရေးဆရာ

တွေက ဝိုင်းစဉ်းစားပေးရမှာ ဖြစ်ကြောင်း၊ ကိုယ်တိုင် ဆင်းရဲလျှင် မည်ကဲ့သို့ ရုန်းထွက်ကြမည် ဆိုသည်ကို ဦးဆောင် တွေးပြရမှာ ဖြစ်ကြောင်း' ပြောခဲ့ပါသည်။

စာရေးသူသည် ထိုအယူအဆကို လက်ခံပါသည်။ အများအားဖြင့် ဘဝသရုပ်ဖော် ဝတ္ထုများသည် ဆင်းရဲသား၏ ဘဝကို စာနာမှုသက်သက်ဖြင့်သာ ရေးကြသည်။ ဆင်းရဲတွင်းက ရုန်းထွက်နိုင်သော နည်းလမ်းပြဝတ္ထု ဟူ၍ နည်းပါးလှပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၁၄၊ ဖွန်လ၊ ၂၀၁၀။

* * *

မြန်မာဝတ္ထုတို လမ်းကြောင်း (၄)

၁။ အကြောင်းအရာနှင့် ရှုထောင့်

မိုးမိုး(အင်းလျား)၏ 'စိုးကြောက်မိပါသည်' ဝတ္ထုတိုသည် ၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် သဘင်မဂ္ဂဇင်းမှ ဖြစ်ပါသည်။ အလုပ်တာဝန်နှင့် အိမ်ထောင်သည် ဝတ္တရားတွေကို ခေတ္တစွန့်ခွာပြီး တဒင်္ဂလွတ်မြောက်ခြင်းကို ရှာကြံမိသော မိန်းမတစ်ယောက်သည် ကျောင်းသူဘဝက ရန်ကုန်တက္ကသိုလ် ရတနာဆောင်တွင် အတူနေပြီး အလွန်ချစ်ခင်ရင်းနှီးသော သူငယ်ချင်း အမွှန် ရှိရာ မန္တလေးသို့ ထွက်လာခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်ဆီက တစ်ကြိမ်သာ ရောက်ခဲ့ဖူးသော မန္တလေး ရွှေမြို့တော်ကြီးသို့ ရောက်လာသောအခါ ယခင်တစ်ခေါက် ရောက်ဖူးသော နေရာဝန်းကျင်သည် တစ်မျိုးတစ်ဖုံ ထူးခြားနေသည်။ လမ်းနံပါတ်၊ အိမ်နံပါတ် မှားနိုင်စရာ မရှိသော်လည်း အငွေ့အသက်က လွဲမှားနေသည်။ တိုက်ကြီး တစ်တိုက်ရှေ့ ရောက်နေသည်။ အမွှန်တို့အိမ်များ ပြင်ဆောက်လိုက်သလား တွေးသည်။ ကာလတွေ ကြာခဲ့ပြီမို့ အရာရာ ပြောင်းလဲ တိုးတက်နေသည့် သဘောကို နှလုံးသွင်းပြီး စုံစမ်းကြည့်တော့ အမွှန့်ကို မသိကြ။ သူတို့ ဒီမှာ နေတာ ကြာပြီ ဖြစ်ကြောင်း ပြောသည်။ သူတို့ကိုယ်သူတို့ 'ဝတို့' ဟု သုံးသည်။ အမွှန့်ကို ရှာမတွေ့၍ မန္တလေးဟိုတယ်သို့ သွားခဲ့ရသည်။

ထိုဟိုတယ်မှာ လုပ်သော ညီမဝမ်းကွဲ မိဆွေနှင့် တွေ့ပြီး လျှောက်လည် ဖြစ်သည်။ မီးလောင်ပြီးနောက် ပြန်လည် စည်ကားလာသော မန္တလေးတွင် မျက်နှာစိမ်းများ၊ ကားအကောင်းစားများ၊ ဟီးထနေသော စားသောက်ဆိုင်ကြီး

များ နေရာယူလျက် ရှိကြောင်း ဖော်ပြသည်။ အမွန်တို့မိသားစုကတော့ ရွှေမြို့တော်ကြီး၏ မည်သည့်နေရာတွင် ရှိမှာပါလိမ့် ဟူသော အတွေးနှင့် ဆုံးထားသည်။ ပြောသူနာမ်စား ရှုထောင့်မှ ရေးထားသည်။ အပြောနှင့် အပြ ကို မျှတစွာ ရောနှောသုံးထားသည်။

ရဲသျှမ်း၏ 'စာစီစာကုံးကလေးများ' ဝတ္ထုတိုမှာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလထုတ် ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှ ဖြစ်ပါသည်။ မြန်မာစာနှင့် သမိုင်း သင်သော ဆရာတစ်ယောက် နေရာမှ ဝတ္ထုတိုကို ရေးဖွဲ့ထားသည်။ ဓမ္မဓိဋ္ဌာန် ရှုထောင့်မှ ရေးထားသည်။ ဇာတ်ဆောင်၏ လှုပ်ရှားပြုမူပုံများကို ပြသွားသည်။ တိုက်ရိုက်ပြောမထားပေ။

ဟိုး… ရှမ်းပြည်ရှေ့ဖျားကနေ သူ့မွေးရပ်မြေ မြို့လေးဆီမှ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့လာရသဖြင့် အမေ့အိမ်မှာ နှစ်အတန်ကြာ ပိတ်ကာ သိမ်းဆည်းထားခဲ့သော စာအုပ်သေတ္တာလေးကို သတိတရ ဖွင့်ဖြစ်ရင်းက သူ ငယ်စဉ် မူလတန်းကျောင်းသားဘဝနှင့် အလယ်တန်းကျောင်းသားဘဝက လေ့ကျင့်ခန်း စာအုပ်လေးတွေကို လှန်လှောဖတ်ကြည့်မိသည်။ 'ကျွန်ုပ်တို့မြို့' ဟူသော ခေါင်းစဉ်နှင့် စာစီစာကုံးလေးများကို ဖတ်ဖြစ်သည်။ ၃ တန်းကျောင်းသားလေးနှင့် ၈ တန်းကျောင်းသားလေး၏ အတွေးနုနုလေးများကို တွေ့ရသည်။

စာစီစာကုံးလေးနှင့် မြို့အခြေအနေကို ပြသည်။ ကျောင်းရောက်သည်အထိ ထိုစာစီစာကုံးလေးများက ရင်ထဲမှာ စွဲငြိနေသဖြင့် ၁၀ တန်းကျောင်းသားများကို ထိုခေါင်းစဉ်နှင့် စာစီစာကုံးတစ်ပုဒ် ရေးရန် အိမ်စာပေးလိုက်သည်။ နောက်နေ့တွင် ကလေးတွေ ထပ်ထားသော စာစီစာကုံးစာအုပ်များကို စစ်ဖို့ ပြင်သည်။

သတ်ပုံသတ်ညွှန်း၊ လက်ရေးလက်သားကအစ ဂရုတစိုက်ရှိပြီး စာလည်း ကြိုးစားသည့် မောင်ဗဟိန်းလေး၏ စာအုပ်ကို ရွေးပြီး စလိုက်သည်။

မြို့မှာ ရွှေညောင်မြို့လေးပင် ဖြစ်သည်။ သို့သော် အရင်ကနှင့် မတူတော့။ အရင် စာစီစာကုံးများထဲတွင် မပါသော ဈေးလေးတစ်ခု တိုးလျက်ရှိချေပြီ။ ထိုဈေးမှာ 'တရုတ်တန်း'ဈေး ဖြစ်သည်။ ထိုနေရာ ရောက်တော့ ဆရာမှာ စာစီစာကုံးကို ဆက်မဖတ်နိုင်တော့ကြောင်း ရေးထားသည်။ သမိုင်း

နှင့် မြန်မာစာ ဆရာတစ်ယောက်ဖြစ်သော သူ့မှာ တာဝန်တွေ အများကြီး ရှိနေပြီ ဖြစ်ကြောင်း ဖော်ပြထားသည်။

နုနုရည်(အင်းဝ)၏ 'ရေလယ်ခေါင် သောင်ထွန်း ကျွန်းလို့ ခေါ်တယ်' ဝတ္ထုတိုမှာ ၁၉၈၈ ခုနှစ်၊ ဇွန်လထုတ် သာရမဂ္ဂဇင်းမှ ဖြစ်ပါသည်။ ဖရဲသီး ရောင်းသော ခင်မိုးတို့ မိသားစုဘဝကို ဓမ္မမိဋ္ဌာန်ရှုထောင့်မှ ရေးထားသည်။

ဖရဲသီးရောင်းရင်း တရုတ်ဆေးလိပ်၊ တရုတ်ချိုချဉ်၊ တရုတ် ခေါင်းကိုက် ဆေးပြားများပါ ရောင်းသည့်အကြောင်း ပြောရသည်။ ခင်မိုးအမေက ခင်မိုး အစား မောလှကြောင်း၊ သည်လောက် စကားပြောစရာ မလိုကြောင်း၊ အချိန် တန်ရင် ကုန်မှာဖြစ်ကြောင်း ပြောသောအခါ ခင်မိုးက အမေတို့ခေတ်နှင့် မတူ တော့ကြောင်း၊ ထိုခေတ်က တောင်ပေါ်ကို ဘုရားဖူးတွေ အများကြီး လာကြောင်း၊ အခု မလာကြောင်း၊ အခါကြီး ရက်ကြီးများမှာပင် ခြောက်ကပ်ကပ် ဖြစ်နေ ကြောင်း၊ လာသမျှလေးတွေကို လျှာထွက်မတတ် ပြောဟော ရောင်းနေရကြောင်း၊ ဒီအတောအတွင်း တရုတ်ဘုရားဖူးတွေ လာလို့ ရောင်းရခြင်း ဖြစ်ကြောင်း ပြောပါသည်။

ထိုတရုတ်ဘုရားဖူးများက ဖရဲသီး ကြိုက်ကြောင်း၊ ထို့ကြောင့် ဖရဲသီး တွေကို တရုတ်ပြည်သို့ တင်ပို့ကြောင်းကို ခင်မိုးတို့သားအမိ အပြန်အလှန် ပြောစကားအရ သိရသည်။ နောက်ဆုံးတော့ ပွဲစားက ဖရဲသီးတွေ လှိုင်လို့ ဆိုပြီး ဈေးနှိမ်၍ ကောက်သည်။ ခင်မိုးတို့သားအမိတွေ လုပ်အားခ ရှုံးတဲ့ အဖြစ်မျိုး ဆိုက်ရုံတင်မက အရင်းတောင် မရသည့် အခြေအနေ ဖြစ်သွားသည်။ ခင်မိုးအစ်ကို ခင်စိုးက မဆလာ လိုက်သယ်ဖို့ သူ့အတွက် ပြောထားရန် လှမ်းမှာသည်။ အေးချမ်းသည့်ဘဝ မရရှာသည့် ယာသမား အနုညာတတို့၏ ဘဝကို စာနာသနားဖွယ် ရေးထားသည်။

သိုက်ထွန်းသက်၏ 'ရွှေလျှားနံရံ' ဝတ္ထုတိုမှာ ၁၉၈၇ ခုနှစ်၊ အောက်တို ဘာလထုတ် မိုးဝေမဂ္ဂဇင်းမှ ဖြစ်သည်။ ဂျုံစက်ဝင်းကျယ်ကြီးကို ကာရံထားသည့် အုတ်နံရံကြီးဘေးတွင် အစဉ်အဆက် နေလာခဲ့သော မြန်မာတို့၏အကြောင်း ကို ကလေးအရွယ် 'ကျွန်တော်'၏ ပြောပြချက်များအရ သိရသည်။

ဇာတ်ဆောင်၏ သူငယ်ချင်း ကျော်ကျော်က ထိုအုတ်နံရံကြီးပေါ်တွင် အရုပ်တွေ ဆွဲသည်။ ဇာတ်ဆောင် 'ကျွန်တော်'၏အဘွားက ဆူသည်။ ကျော်ကျော်

အရုပ်ဆွဲသွားတိုင်း ကျွန်တော်က အဆူခံရသည်။ ဂျုံစက်သူဌေး၏ အုတ်နံရံ တစ်ဖက်ခြမ်းတွင် နေကြသောသူများက မြင့်မားသော အုတ်နံရံကြီးကို စောင့် ရှောက်ကြသည်။ အဘိုးက အုတ်နံရံဘေး ထိုင်ထိုင်ပြီး အပေါ့သွားလျှင်လည်း အဘွားက မကြိုက်။ ကလေးတွေက ကစားလိုက်၊ လူကြီးတွေ၏ အခြေအနေ ကို ပြလိုက် ရေးသွားသည်။

ဂျုံစက်သူဌေးက သူတို့အိမ်ဝင်းကို ဝယ်ဖို့ကြိုးစားသည်ကို အဘိုးနှင့် အဘွားက မရောင်းပေ။ သူတို့သားငယ် သေခဲ့သည့်နေရာ ဖြစ်၍ မပြောင်းချင် ဟု သိရသည်။ ကလေးတွေက အုတ်နံရံပေါ်တွင် သူတို့ ဆွဲထားသည့် အရုပ် ကလေးများကို စွဲလမ်းသည်။

လူဆိုသည်မှာ ကိုယ် နေခဲ့ရသည့်နေရာ၊ ကိုယ် နေနေသည့် နေရာကို ခင်တွယ်မြဲ ဖြစ်သည်။ ထိုသဘောကို ပေါ်လွင်အောင် ပြရာတွင် အုတ်နံရံကြီးကို ကလေးတွေ မက်မောချစ်ခင်ပုံနှင့် ဖော်ပြသည်။ နောက်ဆုံးတော့ ဘာကြောင့် မှန်း မသိဘဲ အိမ်ရွှေ့ပေးရတော့မည် ဖြစ်ကြောင်း ဇာတ်ဆောင်၏ အမေက ဇာတ်ဆောင်ကို ပြောသည်။ ဇာတ်ဆောင်က ဖျားနေသည်။ သူ အိပ်နေသည့် ကွပ်ပျစ်ကလေးပေါ်မှ ကဲလားလေး အသာလှပ်ပြီး လှမ်းကြည့်တော့ အုတ် နံရံကြီးပေါ်တွင် လူသုံးယောက် ပေါက်ချွန်းကြီးများ ကိုင်မြှောက်ပြီး ဖြိုချနေ သည်ကို မြင်ရသည်။ ဂျုံစက်သူဌေးက ဂျုံစက်ဝင်းကို ချဲ့ထွင်လိုက်သဖြင့် ကာရံထားသည့် အုတ်နံရံကြီး ရွှေ့လျားသွားသည်။ ထိုအုတ်နံရံကြီးကိုပဲ မြင်၍ မဖြစ်။ ထိုအုတ်နံရံနောက်ကွယ်မှ ဘဝများကို မြင်တတ်အောင် ကြည့်ရပေမည်။

စာရေးသူကလည်း ထိုရည်ရွယ်ချက်နှင့်ပင် ရေးခြင်း ဖြစ်သည်။ မန္တလေးမြို့ကို မည်သူတွေ ဝင်ရောက်လာသလဲ ဆိုသည်ကို မြင်တတ်၊ တွေးတတ် အောင် ပြထားသည်။

ခင်ပန်နှင်း(မြောင်းမြ)၏ 'သုညဒီဂရီစင်တီဂရိတ်' ဝတ္ထုတိုမှာ ၁၉၈၈ ခုနှစ်၊ ဇွန်လထုတ် ချယ်ရီမဂ္ဂဇင်းမှ ဖြစ်သည်။ ဓမ္မဓိဋ္ဌာန်ရှုထောင့်မှ ရေးထား သဖြင့် 'အပြ' များသည်။ 'အပြ'များ ကြားတွင် 'အပြော' ညှပ်ရေးထားသည်။ စာရေးဆရာ ပြောသော တိုက်ရိုက်အသံကို မကြားရပေ။ ဇာတ်ဆောင်က တစ်ဆင့်သာ ဝင်ပူး၍ ရေးထားသည်။ အကြောင်းအရာမှာ ရိုးစင်းသော အဖြစ် အပျက်ကလေးပင် ဖြစ်သည်။

ငယ်စဉ်က ကစားဖော် မိန်းကလေး ငွေမှုန်နှင့် ဖိုးထောင်သည် ဖိုးထောင် ၆ တန်း၊ ငွေမှုန် ၅ တန်းတွင် ကွဲသွားသည်။ ဖိုးထောင်က ငွေမှုန်ကို မမေ့ပေ။ ရောက်သည့် နေရာတွင် ရှာသည်။ လားရှိုးမှာ ပြန်တွေ့ကြသည်။ ဒေါ်ဖြူငွေနှင်း ဖြစ်နေပြီ။ ငွေမှုန်က တရုတ်မင်းသမီး ဖက်ရှင်နှင့် ဖြစ်နေပြီ။ သူ့ အိမ်နေရင်း အဆင်အပြင်သည် အထွက်များသော ဘာသာပြန် သိုင်းစာအုပ် မျက်နှာဖုံးနှင့် တူနေသည်။

ဖိုးထောင်ကို သူ့အိမ်သို့ အလည်ခေါ်သွားသည်။ ဒီဇိုင်းက အရှေ့ မြောက် ဒီဇိုင်း ဖြစ်နေသည်။ အိမ်ထောင်ကျသွားသည်မှာ ခြောက်လလောက် ရှိပြီ။ လောလောဆယ် သူ့အမျိုးသားက မူဆယ်ကို ခရီးထွက်နေသည်။ သူ့ အမျိုးသား နာမည်ကို ဇာတ်ဆောင်က ပြောပြသော်လည်း စာရေးဆရာက စာဖတ်သူကို (…) ဖြင့်သာ ပြသည်။ စာရေးဆရာက နာမည်ပြောစရာ မလိုလောက်အောင် ပြထားပြီးပြီ။ ကိုယ့်ဘာသာ တွေးကြည့်ရန် လမ်းဖွင့်ပေး ထားသည်။

ရေခဲစိမ် နာနတ်သီးလေးတစ်တုံးကို တူနှစ်ချောင်းဖြင့် ကျင်ကျင် လည်လည် ညှပ်ယူလိုက်သော ဒေါ်ဖြူငွေနှင်းအပေါ် ဖိုးထောင် ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ခံစားနေရသည်။ စာဖတ်သူလည်း ဖိုးထောင်နှင့်အတူ ရင်နှင့် ရသည်။ ပါးပါးလေးနှင့် ခေတ်ပြိုင်ခံစားမှုကို လှစ်ပြထားသည်။

ညီပုလေး၏ 'စပါးကြီးမြွေ' ဝတ္ထုတိုသည် ၁၉၈၈ ခုနှစ်၊ ဇွန်လထုတ် သာရမဂ္ဂဇင်းမှ ဖြစ်သည်။ စာရေးဆရာက အားလုံးသိ ရှုထောင့်မှ နေ၍ ဇာတ်ကြောင်း ပြောပြထားသည်။ တိုင်တားမင်းကြီး ဦးဘိုးသာနဲ့ မြို့တော်ဝန် ဦးပေစေ၏သမီး ခင်သီတာတို့ အဆက်အနွယ် ဖြစ်သည့် ဦးတော်တော်တို့ အစဉ်အဆက်အကြောင်း ဖြစ်သည်။

ဦးတော်တော် အဖေလက်ထက်က ထိုင်သွားသည့် ပက်လက်ကုလား ထိုင်လေးကို ပြပြီး ကုလားထိုင်လေးပေါ်တွင် ထိုင်ပြီး ပဲအမျိုးမျိုးအကြောင်း မိတ်ဆွေ ပွဲစားတွေနှင့် စကားပြောရင်း ဦးတော်တော် လူလားမြောက်လာသည့် အကြောင်း၊ ထိုကုလားထိုင်ပေါ်တွင် လူထု၊ ဗဟိုစည်၊ မန်းခေတ်သတင်းစာ တွေကို ဖတ်သွားဖူးသည့်အကြောင်းနှင့် စံလင်းတို့၊ မောင်ကောင်းတို့ နာမည် ပါသည့် စက္ကူအချပ်ကြီးများကိုလည်း ရေတွက်သွားဖူးကြောင်း၊ မောင်တော်

တော် ဘဝတုန်းက ရေနံချေးဝနေသည့် အိမ်မြင့်ကြီးနှင့် နေရကြောင်း၊ ကိုတော်တော် ဖြစ်လာသောအခါ နှစ်ထပ်နံရံကပ်တိုက်နှင့် နေခဲ့ရကြောင်း၊ ထိုအချိန်တွင် သူလည်း ကုလားပဲအကြောင်း၊ ပဲစင်းငုံအကြောင်း တော်တော် နားလည်နေပြီ ဖြစ်ကြောင်း၊ မိဘတွေက ပစ္စည်းတွေ အများကြီး ချန်ထားခဲ့ ကြသော်လည်း သူ့လက်ထက်တွင် ပရုပ်လုံးလို လုံးပါးပါးလာကြောင်း၊ အိမ်၊ မြေပွဲစား လုပ်နေသည့်နေရာ ဆိုလျှင် အနည်းဆုံး ၈ သိန်းလောက် ရမည်ဟု ဆိုတော့ စိတ်ဆိုးလွန်းလို့ ငါနှင့် ကိုင်မတုတ်ရုံတစ်မည် အော်ဆဲမိကြောင်း၊ ဦးတော်တော်တို့နေရာမှာ ပွဲစားတွေ နေသည့် ရပ်ကွက်ပီပီ စည်ကားလှကြောင်း၊ နောက်ဆုံး လောင်ခဲ့သည့် မီးကြီးမှလည်း မီးလွတ်ခဲ့ကြောင်းများကို ပြောပြပြီး ဦးတော်တော်တို့လင်မယား စိတ်ညစ်နေသည့် အကြောင်းတွေ ပြောသည်။

နောက်တော့ အိမ်ရှေ့ကို ကားတစ်စီး ဆိုက်ရောက်လာပြီး ကိုညီအောင် နှင့်အတူ ကိုမျိုးခင် ဆိုသူ ပါလာကြောင်း၊ နောက်တော့ မြေရေခွဲအိတ်ထဲက ငွေတွေကို သူ့အဖေ ပဲနမူနာတွေ တင်တင်ပြနေကျ စားပွဲအရှည်ကြီးပေါ်သို့ သွန်ချလိုက်ပြီး ငွေများကို ဝိုင်းရေတွက်ကြပုံကို အသေးစိတ် ရေးပြသည်။ ဦးတော်တော်၏ စိတ်ခံစားမှုကိုလည်း အလျဉ်းသင့်သလို ဖော်ပြသွားသည်။

ဝင်းစည်သူ၏ 'စက်ဘီးတစ်စီး ခရီးယူဇနာ' ဝတ္ထုတိုသည် ၁၉၈၈ ခုနှစ်၊ မေလထုတ် မိုးဝေမဂ္ဂဇင်းမှ ဖြစ်သည်။ ဓမ္မဓိဋ္ဌာန်ရှုထောင့်မှ ရေးထားသည်။ စာရေးဆရာ၏ ကိုယ်ယောင်၊ လေသံ မပါအောင် ဓမ္မဓိဋ္ဌာန် အပြော၊ အပြများနှင့် အာဘော် ရောက်အောင် ခေါ်သွားသည်။ စာရေးဆရာက မည်သည့်ဇာတ်ကောင်၏ စိတ်ကိုမျှ သိခွင့်မယူဘဲ အမူအရာနှင့် အပြောအဆို ကိုသာ တင်ပြသည်။ စိတ်ခံစားချက်များကိုလည်း ဖော်ပြသည်။

စက်ဘီးလေးတစ်စီးလောက် လိုချင်လှသော ကိုမင်းဆွေတစ်ယောက် သူ တတ်နိုင်သလောက် ငွေလေးပေါ် မူတည်ပြီး စက်ဘီးဘောင်လေး ဝယ်လာ လိုက်၊ လက်ကိုင်လေး ဝယ်လာလိုက်၊ သူ့နှမအိမ်က သူယောက်ဖက မကောင်း တော့လို့ ဆိုပြီး ဖြုတ်လဲထားတဲ့ စက်ဘီးခက်ရင်းခွလေး ကောက်လာလိုက်နှင့် စက်ဘီးလေးတစ်စီး ဖြစ်အောင် စုလျက် ရှိသည်။ သူ့မိန်းမကလည်း ကိုမင်းဆွေ စက်ဘီးလက်ကိုင်လေး ကိုင်လာတာ တွေ့သည်နှင့် စပ်စုမေးမြန်းတော့သည်။ သူ့ကို အပ်မည့်ငွေထဲက ဝယ်လာပြီး သူ့ကို ငွေအပ်တာနည်းမှာ စိုးရိမ်နေသည်။

သူအလကား ကောက်လာသည့် စက်ဘီးခက်ရင်းခွလေးကို မြင်သောအခါတွင်လည်း နှုတ်က တပူပူ တဆူဆူ လုပ်တတ်သေးသည်။

သူ့လို အောက်တန်းစာရေး တစ်ယောက်အတွက် စက်ဘီးတစ်စီး ဝယ်ဖို့ အိပ်မက်ပင် မမက်နိုင်ပေ။ ရွှေပြည်တော် မျှော်တိုင်း ဝေးနေသည်။ စက်ဘီးဝယ်ရန် အတိတ်ဆောင်ပြီး ထိုးလိုက်ရသည့် ထီလက်မှတ်တွေကလည်း ခေါင်းအုံးအောက်မှာ မွစာတက်နေပြီ။ စက်ဘီးစီးရေ သောင်းသိန်းချီရှိနေတဲ့ မန္တလေးမြို့ကြီးမှာ စက်ဘီးတစ်စီးတောင်မှ မပိုင်ဆိုင်တဲ့ သူ့ဘဝ အောက်တန်းကျလှကြောင်း တွေးပြီး ရင်နာနေသည်။

တစ်နေ့တော့ သူတို့ အိမ်ရှေ့မြေကွက်လပ်ကို နမ့်ဆန်က ဆိုလား၊ တန့်ယန်းက ဆိုလား မသေချာတဲ့ ကုန်သည်တစ်ဦးက ၃၉ သိန်းခွဲနှင့် ဝယ်သွားကြောင်း သူ့မိန်းမက ပြောပြသည်။ ဒီကြားထဲ သူ့မိန်းမ ခင်ကြည်က တစ်ပတ်လောက် ဆေးသောက်ဖို့ မေ့သွားသဖြင့် ကိုယ်ဝန်ရသွားသည်။ ထိုသားသမီးရတနာအတွက် သူ့မှာ စိတ်မချမ်းသာနိုင်ခဲ့ပေ။

ရုံးအားရက် စနေနေ့ တစ်နေ့မှာ သူတို့အိမ်သို့ အိမ်တက်မင်္ဂလာဖိတ်စာလေးတစ်စောင် ရောက်လာသည်။ သူတို့အိမ်ရှေ့ မြေကို ဝယ်သွားသည့် မောင်ဟုတ်စိန်နှင့် မကျင်မွှေးတို့၏ 'စိမ်းမြရတနာ' တိုက်သစ်တက်ပွဲ ဖိတ်စာဖြစ်သည်။ ဖိတ်စာနှင့် အတူ ကြွရန် ရေးထားသည်။ ဆုထူးရှင် နံပါတ်က ၅၆။ စာမရိုင့ကမ်းမြိုးတံဆိပ် တရုတ်စက်ဘီးတစ်စီး မဲနှိုက်မည်ဟု ဆိုသည်။

သူ့မိန်းမ ခင်ကြည်က ဝမ်းသာနေသည်။ သံသရာကြောရှည်ပြီး စက်ဘီး ဆင်မနေဖို့ ပြောသည်။ ခါတိုင်း ပုတီး ၉ ပတ်စိပ်ရင် သက်စေ့စိပ်ဖို့ ပြောသည်။ မနက်ဖြန် ဝီရိယနှင့် စောစောထသွားရန် နှိုးဆော်ပြီး သူ့ပုဆိုးနှင့် အင်္ကျီကို မြစန်းတို့အိမ်မှာ ခေတ်မီးကြွေတိုက်ရန် ထွက်သွားသည်။ ကိုမင်းဆွေ သူ့မိန်းမကို အတွေးအခေါ်မရှိတဲ့ မိန်းမဟု အပြစ်တင်ပြီး ထိုပွဲကို သူ ဘယ်တော့မှ မသွားဟု သန္နိဋ္ဌာန်ချထားကြောင်း ပြောပုံနှင့် အဆုံးသတ်ထားသည်။

ထိုဝတ္ထုတိုများထဲတွင် 'အပြော'ဝတ္ထု၊ 'အပြော'၊ 'အပြ' တွဲ၍ ဖန်တီးထားသည့် ဝတ္ထု၊ ပြကွက်ဖော်ရုံ ရေးထားသည့်ဝတ္ထု စသည်ဖြင့် အမျိုးမျိုး ပါဝင်သည်။ စာရေးဆရာတို့၏ ပတ်ဝန်းကျင် ရှုမြင်အားပေါ် မူတည်၍ အတွေ့အကြုံမှတစ်ဆင့် အတွေးဆီ ရောက်သည်။ ထိုအတွေးသည် စာရေးဆရာ၏

စေတနာ သက်ရောက်မှုပေါ် မူတည်၍ အကြောင်းအရာ အမျိုးမျိုးကို ဖြစ်ပေါ်စေသည်။ တွေကြုံရသော အကြောင်းအရာ မည်မျှပင် တူနေပါစေ။ စာရေးဆရာတို့၏ ဖန်တီးတင်ပြပုံချင်း မည်သို့မျှ မတူနိုင်သော သဘောကို ဤဝတ္ထုများက သက်သေပြလျက် ရှိသည်။

မန္တလေးမြို့နှင့် အရှေ့မြောက် နယ်စပ်ဒေသသို့ တိုးဝင်ရောက်ရှိလာသော လူမျိုးခြားတို့ကို အပြစ်မဆိုထားပါ။ မည်သူ့ကိုမှလည်း အပြစ်ပြောမထားပါ။ မြန်မာလူမျိုးတွေ ကိုယ့်နေရာကိုယ် မနေရတော့ဘဲ လွင့်သွားရသည့် အခြေအနေကို အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ခံစားရေးဖွဲ့ထားပါသည်။ မိမိလူမျိုးတို့မှာ အခြေအနေ အမျိုးမျိုးကြောင့် မြို့အစွန်အဖျားသို့ လွင့်သွားရသည်ကို မည်သူမျှ ဝမ်းသာမည် မဟုတ်ပါ။ အမျိုးပျောက်မည်ကို လူသားတိုင်း စိုးရွံ့ကြစမြဲပင် ဖြစ်ပါသည်။ ထိုစိုးရိမ်မှုမျိုးကို ဖော်ပြပါ ဝတ္ထုတို ရေးသူ စာရေးဆရာ ၇ ဦးတို့ ခံစားနေရသည်မှာ အသေအချာပင် ဖြစ်ပါသည်။

စာရေးဆရာတို့ ခံစားမှု တူညီနေသည့် ဝတ္ထုတိုများအဖြစ် မဂ္ဂဇင်းတွင် ပါလာသောအခါ စုပေါင်း၍ ဝတ္ထုတိုပေါင်းချုပ် ထုတ်ဖြစ်သည်အထိ ဖြစ်လာသည်။ ထုတ်ဝေသူမှာလည်း ငွေကြေး အကျိုးအမြတ်ထက် အမျိုးသားရေးစိတ်ဓာတ်ကြောင့်သာ ထုတ်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် စာရေးဆရာတို့၏ ခေတ်ပြိုင်ခံစားမှုကို မှတ်တမ်းပြုထားခြင်းပင် ဖြစ်သည်ဟု ယူဆပါသည်။

၂။ အပြော

မိုးမိုး(အင်းလျား)၏ 'စိုးကြောက်မိပါသည်' ဝတ္ထုတိုတွင် သူငယ်ချင်း အမွန်တို့ အိမ်နေရာတွင် သပ်ရပ်သော ခြံဝင်းနှင့် တည်ငြိမ်သော တိုက်ကြီးက နေရာယူနေပုံ၊ လူရိပ်မြင်၍ အားတက်သွားပုံ၊ ခြံဝင်းတံခါးဆီ လျှောက်လာနေသူကို အမွန်များ ဖြစ်လေမလား တွေးမိပုံ၊ လွဲချော်သွားပုံကို-

'အနား ရောက်တော့မှ အသားဖြူဖြူ မျက်နှာတစ်ခုကို မြင်လိုက်ရ၍ လုံးဝ လွဲချော်နေပြီ ဆိုတာ သိလိုက်ရ၏ ဟုလည်းကောင်း၊ အမွန်တို့နှင့် တစ်အိမ်ကျော်တွင်နေသော အမွန့်သူငယ်ချင်းတို့ အိမ်တွင်လည်း လူသစ်များ ရောက်နေပုံ၊ ယခင်အိမ်မျိုး မဟုတ်တော့ပုံ၊ လူတစ်ယောက် ထွက်လာပုံနှင့် ထိုလူ၏ ပုံသဏ္ဌာန်ကို-

'ဝဝ၊ အသားဝါဝါ၊ ဘောင်းဘီရှည် ဝတ်ထားသော ထိုလူကြီး' ဟုလည်းကောင်း၊ 'အပြော'နှင့် ဖန်တီးခြယ်မှုန်းထားပါသည်။

ရဲသျှမ်း၏ 'စာစီစာကုံးကလေးများ' ဝတ္ထုတိုတွင် ဆယ်တန်း တပည့်လေး မောင်ဗဟိန်း၏ စာစီစာကုံးကို ဖတ်ပြီး ဆရာ ခံစားရပုံ၊ ထိုခံစားချက်မှ မိမိ ယူရမည့်တာဝန်ကို သိလိုက်ပုံကို -

'တပည့်လေး၏ ဝိုင်းစက်ညီညာသည့် လက်ရေးနှင့် လိုက်ဖက်စွာ အတွေးအရေးကလည်း သစ်သစ်လွင်လွင် ရှိသည်။ ဒါပေမဲ့ စာစီစာကုံးကို မိမိ ဆုံးအောင် ဆက်မဖတ်နိုင်တော့။ လက်မှ ကြက်သီးလေးတွေ ထပြီး နှလုံး ဒိတ်ဒိတ်ခုန်နေလေသည်'

'မြန်မာစာသင် ဆရာလည်း ဖြစ်၊ သမိုင်းသင် ဆရာလည်း ဖြစ်သော မိမိမှာ တာဝန်အများကြီး ရှိနေပြီလေ' ဟု ဖော်ပြထားသည်။

နုနုရည်(အင်းဝ)၏ 'ရေလယ်ခေါင် သောင်ထွန်း ကျွန်းလို့ ခေါ်တယ်' ဝတ္ထုတိုတွင် သူ၏ ဈေးရောင်း အတွေ့အကြုံကို ဖော်ပြရာတွင်-

'ဘုရားဖူးတွေကလည်း ဘယ်လိုများ ဖြစ်တယ် မသိဘူး။ ဒီနှစ် မနှစ်က နဲ့ မတူဘူး။ အလာနည်းသွားလိုက်တာ။ လာတဲ့လူတွေကလည်း တရုတ်ဘုရားဖူး တွေ ပိုများတယ်။ သကြိန်တွင်းတုန်းကလည်း အတူတူပဲ။ နေပူပူ ရေစိုစိုမှာ ကားတွေက တဝိုးဝိုး၊ ရွှေရောင်စိန်ရောင်တွေ တလက်လက်နဲ့၊ ဖရဲသီးလည်း သူတို့ ဝယ်အစားဆုံး၊ ရေစိုတဲ့ ပလတ်စတစ်အိတ်တွေထဲက ဒလဟော ထွက်လာ တဲ့ ရေမစို့တစို ပိုက်ဆံတွေကလည်း ကုန်ပဲ မကုန်တော့ဘူးလား မသိ' ဟူ၍ ဖော်ပြပါသည်။

သိုက်ထွန်းသက်၏ 'ရွှေလျားနံ့ရဲ' ဝတ္ထုတိုတွင်-

'အုတ်နံရံကြီးပေါ်မှာ လူသုံးယောက်ကို မြင်ရသည်။ သုံးယောက်လုံး ပေါက်ချွန်းကြီးများ ကိုင်မြှောက်ပြီး အုတ်နံရံကို ဖြိုချနေကြသည်။ တစ်ချက် တစ်ချက် ပေါက်ချလိုက်တိုင်း အုတ်ခဲကျိုးများ မြေပေါ်သို့ လွင့်စဉ်ကျလာသည်။ အင်္ဂတေမှုန့်များ တဲလေးထဲအထိ ဝင်လာသည်။ တဲလေးထဲမှာ ဖုန်တွေ လုံးနေသည်။ ကျွန်တော် ဟိုဟိုသည်သည် ကြည့်မိတော့ တဲလေးတစ်ခုလုံး ရှင်းလင်းသလောက် ဖြစ်နေသည်ကို တွေ့ရသည်' ဟူ၍ အုတ်နံရံလေး ပြိုကျသလို တဲလေးလည်း ပြောင်းပေးရတော့မှာမို့ ရှင်းလင်းနေကြောင်း' 'အပြော'နှင့် ပြသည်။

အုတ်နံရံကြီးက နယ်ချဲ့လာသောကြောင့် ပြောင်းပေးရတော့မည့် အဘွားအိုး၏ ပုံသဏ္ဌာန်ကို ဓာတ်ဆောင်၏ အမြင်နှင့် ပြောပြထားပုံမှာ-

'ကျောင်းဆရာအိမ်နှင့် ခြားထားသော ဝင်းထရံ ဝါးလုံးတန်းလေးကို လက်တစ်ဖက်နှင့် ဖေးကိုင်ထားသော အဘွားအား တဘက်အနွမ်းလေးနှင့် မျက်နှာသုတ်နေသည်ကို ဖုန်တွေကြားက ဝိုးတဝါး မြင်ရသည်' ဟူ၍ ဖြစ်သည်။ ဤ 'အပြော'သည် ဝတ္ထုတို၏ အဆုံးသတ်လည်း ဖြစ်ပါသည်။

ခင်ပန်နှင်း (မြောင်းမြ)၏ 'သုညဒီဂရီစင်တီဂရိတ်' ဝတ္ထုတိုတွင် ငယ်စဉ်က ကွဲသွားခဲ့သော ငွေမှုန်နှင့် ပြန်တွေ့သောအခါ ငွေမှုန် ပုံပန်းသဏ္ဌာန်၊ ငွေမှုန် နေသော အိမ်ပုံစံ၊ အိမ်ထဲမှ ကြော်ငြာသင်ပုန်းတို့ကို-

'မြောက်ပိုင်းကမ္ဘောဇနှင့် အရှေ့မြောက် အငွေ့အသက်သည် ငွေမှုန် ကိုယ်ပေါ်မှာ ဝေနေသည်။ တရုတ်မင်းသမီးဖက်ရှင် ကောက်ထားသော ဆံပင် တိုတိုမှအစ ဝတ်ထားသော ဖဲသားပြောင်ပြောင်၊ ဘရိုကိတ်ပြောင်ပြောင် အဆုံး။ စိတ်ကူးထဲမှာမူ ငွေမှုန်သည် ဆံပင်အရှည်လေးနှင့် ဖြစ်သည်'

'တိုင်းရင်းသား မဆန်သော အိမ်ပုံစံကို သတိပြုမိသည်။ ခြံစည်းရိုး အုတ်တံတိုင်းထုသည် ကြီးမားလွန်းနေသည်' ဟူ၍ ဖော်ပြသည်။

ညီပုလေး၏ 'စပါးကြီးမြွေ' ဝတ္ထုတိုတွင် ဦးတော်တော်သည် မြွေရေခွံ အိတ်ထဲမှ ငွေစက္ကူများကို ကြည့်ပြီး တွေးနေသည်။ ထိုအတွေးကို ဓာတ်ဆောင် ဦးတော်တော်၏ စိတ်ကူးအပြောအရ တွေ့ရသည်။

'မြွေရေခွံအိတ်ထဲမှာ ပါလာတဲ့ ငွေစက္ကူတွေကို အပြင်ကနေ ဖောက် မြင်နေရတယ်။ ဒီငွေတွေကို သူ ယူပြီးရင် ဒီမြေနဲ့ ဒီအဆောက်အအုံက သူတို့ မပိုင်တော့ဘူး။ ကိုမျိုးခင်တို့ တက်နေကြတော့မယ်။ သူတို့လင်မယား ဒီတိုက်က ဖယ်ပေးရတော့မယ်'

အိမ်ရောင်းရသူ ဦးတော်တော်နှင့် အိမ်ဝယ်သူကို မျိုးခင်တို့ ခံစားချက် များ မတူပုံကို 'ဦးတော်တော်ရဲ့ ရင်ထဲမှာ ခံစားလှုပ်ရှားနေသလောက် ကိုမျိုးခင် ကတော့ ဘာခံစားချက်မှ မရှိသလိုပဲ။ သစ်သားဆက်တီခုံပေါ်မှာ အေးအေး ဆေးဆေး ထိုင်နေတယ်။ ဒါ ပထမဆုံးအကြိမ် ဒီတိုက်လေးရဲ့အရိပ်ကို သူ နင်းဖူးတာပါ။ တိုက်ဝယ်တဲ့လူက ငွေလာချေတာနဲ့ မတူဘူး။ ကိုယ့်အိမ်ကိုယ့်ရာ ပြန်လာတဲ့လူလိုပဲ' ဟူ၍ 'အပြော'နှင့် ပြပါသည်။

ပိုက်ဆံ ရေတွက်နေရသော ဦးတော်တော်၏ ရင်တွင်းခံစားချက်ကို-

'ရင်ထဲမှာလည်း မွန်းကျပ်လှပြီ။ ဟိုးအရင်က ပိုက်ဆံရေရတာ ပျော်စရာကောင်းခဲ့ပေမယ့် အခုတော့ မတ်စောက်တဲ့ ချောက်ထဲက ခုန်ခုန်တက်ရသလိုပင်ပန်းလှတယ်။ အသက်ကို မျှဉ်းပြီး ခိုးရှူနေမိတယ်' ဟူ၍ ဖော်ပြသည်။ ဦးတော်တော်၏ ရင်တွင်းခံစားချက် အမောသည် စာဖတ်သူဆီ တိုက်ရိုက်ကူးစက်သွားစေသည်။

ဝင်းစည်သူ၏ 'စက်ဘီးတစ်စီး ခရီးယူဇနာ' ဝတ္ထုတိုတွင် စက်ဘီးလေးတစ်စီးရဖို့ တစ်စစီ ဝယ်စုနေရသည့် ဘဝကို-

'တစ်လနေလို့ စပုတ်တိုင်လေးတစ်ချောင်းပဲ ရရ စုကို စုရမယ်၊ တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ'လို့ ဆိုထားတယ် မဟုတ်လား။ နှစ်တိုတိုအတွင်းမှာ စက်ဘီးတစ်စီး ဖြစ်ကို ဖြစ်ရမယ်။ ယောက်ျားတို့လုံ့လ သေခါမှ လျှော့ရမယ်'

'အင်း… သုံးလတောင် ရှိတော့မယ်။ စက်ဘီးတစ်စီး ဆင်ဖို့ ဆိုတဲ့ကျပ်မှာ ဘောင်နဲ့ လက်ကိုင်ကလွဲလို့ ဘာမှမရှိသေးပါကလား။ 'ခါချဉ်ကောင်မာန်ကြီးလို့ ရွှေတောင်ကြီး ဖြိုမယ့်ကြံ ခါးကမသန်' ဆိုတာမျိုးပဲ ထင်ပါရဲ့' ဟူ၍ စိတ်ကူးအပြောဖြင့် ပြသည်။

တစ်ဖက်ရပ်ကွက်ထဲက ဦးဘသာတို့ မြေရောင်းရပုံနှင့် ပတ်သက်ပြီး ဇာတ်ဆောင် တွေးပုံကို-

'တစ်သက်လုံး ရွာနေပြည်ထိုင်ပါ ဆိုတဲ့ ဦးဘသာတို့ခမျာလည်း ဘာလို့ မြေရောင်းရတာပါလိမ့်၊ ဘယ်များ လွင့်ကြရှာဦးမှာပါလိမ့်၊ မြို့သစ်လား၊ မြို့စွန်လား၊ မြို့ဖျားလား' ဟု ဖော်ပြထားရာ ကိုယ်လည်း မကယ်တင်နိုင်သည့် ကိစ္စအတွက် မချိတင်ကဲ ခံစားနေရသည့် သဘောကို ထင်ဟပ်လျက် ရှိပါသည်။ ဤသည်မှာ ခေတ်ပြိုင် ခံစားမှုကြောင့် ဖြစ်ပေါ်လာသော ဖန်တီးမှုပင်ဖြစ်သည်။

၃။ အပြ

'ဒါ ဦးအောင်မှိုရဲ့ အိမ်လားရှင်၊ သူ့သမီးက မလှဲလှဲမွန်၊ ကျောင်းဆရာမလုပ်တယ်'

အမျိုးသမီးသည် ကျွန်မကို ခပ်ကြောင်ကြောင် ကြည့်နေသည်။

ခြံတံခါးကို မဖွင့်ပေ။

'မဟုတ်ဘူး၊ မရှိဘူး'

'အရင်ကတော့ ဒီနေရာမှာ နေလို့ပါ။ သူတို့ ဘယ်နေရာများ ပြောင်းသွားကြမလဲ မသိဘူး'

'ဝတို့ ဒီမှာနေတာ ကြာပြီ'

မိုးမိုး(အင်းလျား)၏ 'စိုးကြောက်မိပါသည်' မှ ဖြစ်ပါသည်။

ရဲညွှန့်မင်း၏ စာစီစာကုံးလေးများဝတ္ထုတိုတွင် ဖော်ပြထားသော စာစီစာကုံးကလေးများမှာ ခေတ်အခြေအနေနှင့် မြို့အခြေအနေကို ဖော်ပြလျက်ရှိပါသည်။

လွန်ခဲ့သော နှစ် ၂၀ ခန့်က ၃ တန်းကျောင်းသားဘဝ စာစီစာကုံးလေးနှင့် လွန်ခဲ့သော ၁၅ နှစ်ခန့်က ၈ တန်းကျောင်းသားဘဝ စာစီစာကုံးလေးတွင် မပါဝင်ခဲ့သော အကြောင်းအရာသည် သူ ဆရာဖြစ်သောအခါ စစ်ဆေးရသည့် ၁၀ တန်းကျောင်းသားလေး၏ စာစီစာကုံးတွင် ပါဝင်လာသည်။ ဤအချက်က ခေတ်ပြိုင်ခံစားမှုနှင့် အမျိုးသားရေးစိတ်ဓာတ်ကို ညွှန်ပြနေသည့် ဝတ္ထုတို၏ သော့ချက် ဖြစ်သည်။

'မြို့လယ်ပိုင်းသည် တိုက်တာများ၊ ရွှေဆိုင်၊ တည်းခိုခန်း၊ စတိုးဆိုင်ကြီးများ၊ စားသောက်ဆိုင်များ၊ တေးသံသွင်းဆိုင်များ၊ အလှပြင်ခန်းမများ၊ ဗွီဒီယိုရုံများဖြင့် စည်ကားခမ်းနားပါသည်။ နံနက်ခင်းတွင် စည်ပင်သာယာဈေးကြီးကဲ့သို့ပင် အစုံအလင် ဝယ်၍ရသော ဈေးကလေးတစ်ခု ရှိသည်။ ထိုဈေးလေးကို တရုတ်တန်းဈေး ဟုခေါ်သည်' ဟူ၍ မောင်ဗဟိန်း ရေးသော စာစီစာကုံးလေးကို ထည့်သွင်းဖော်ပြပါသည်။ ကျောင်းဆရာ ဓာတ်ဆောင်က သူ စာစီစာကုံး ဖတ်နေပုံကို တိုက်ရိုက်ဖော်ပြချက် ဖြစ်သောကြောင့် 'အပြ' ထဲတွင် အကျုံးဝင်ပါသည်။

နုနုရည်(အင်းဝ)၏ 'ရေလယ်ခေါင် သောင်ထွန်း ကျွန်းလို့ ခေါ်တယ်' ဝတ္ထုတိုတွင်လည်း 'အပြ'များကို တွေ့ရသည်။ ခင်မိုးနှင့် ဝယ်သူတို့ အပြန်အလှန် စကားပြောပုံ၊ ခင်မိုးနှင့် သူ့အမေ စကားပြောပုံတို့ကို–

'လတ်တော့ လတ်ပါတယ်နော်'

'ညော်… စိတ်ချ၊ မလတ်မှာတော့ မပူနဲ့၊ ဟောဟိုမှာကြည့် အစ်မတို့

လည်း လှမ်းမြင်နေရတာပဲ၊ မြစ်ဝကျွန်းပေါ်မှာ၊ ဟိုမယ် မတွေ့ဘူးလား၊ ဖရဲသီးတွေ ခူးနေတာ၊ အဲဒါတွေ ငှက်နဲ့လှဲပြီး ဒီပေါ် ချက်ချင်း ရောက်လာတာပဲ၊ စိတ်ချ၊ လတ်သမှ အရည်ကို တရွှမ်းရွှမ်းနဲ့'

'ကဲ… ညည်း အပြောကောင်းတာနဲ့ နှစ်လုံးယူမယ်၊ ဈေးလျှော့'

'ယူပါ အစ်မရယ်၊ ကျွန်တော် လျှော့ပေးမှာပေါ့၊ နှစ်လုံးပေါင်း တစ်ကျပ် လျှော့ပေးသွား ဟုတ်လား၊ အစ်ကိုတို့ ကွမ်းဝါးချင်လည်း ဒီကနေ ကွမ်းယာဝယ်သွားကြဦးလေ၊ တရုတ်ဆေးလိပ် ဖင်းဖင်း၊ ဒူးယားလည်း ရှိတယ်။ တရုတ်ချိုချဉ်၊ ယိုးဒယားချိုချဉ် အစုံရှိတယ်။ တရုတ်ခေါင်းကိုက်ဆေးပြားလည်း ရှိတယ်။ တောင်ပေါ်မှာ ဈေးကြီးတယ်နော်။ ကျွန်တော်တို့က စေတနာနဲ့ ပြောတာ'

'တရုတ်ဘုရားဖူးတွေ လာကြလို့၊ သူတို့ ဖရဲသီး သိပ်ကြိုက်တာပဲနော် အမေ'

'အေးလေ… ဒါကြောင့်လည်း ဖရဲသီးတွေ တရုတ်ပြည် တင်ပါသတဲ့ ဆိုမှ၊ တို့ကသာ ငါးကျပ်၊ ခြောက်ကျပ် ရတာ၊ သူတို့ ပြန်ရောင်းတော့ တစ်လုံး သုံးဆယ့်ငါးကျပ်၊ လေးဆယ် ရသတဲ့'

'ကဲ… ကဲ ရောင်းမယ်… ရောင်းမယ်။ ဖရဲသီး ရောင်းမယ်။ ဘုရားဖူးတွေ မလာကြတော့ဘူးလား၊ တရုတ်ဘုရားဖူးတွေ များများလေး လာကြပါပဲ'

'ဟဲ့… ဘယ်လို ဖြစ်နေတာလဲ'

အမေက ဘယ်လိုဟန့်ဟန့် ခင်မိုးကတော့ ဒီလို အော်လိုက်ရရင် လင်းသွားသလိုပဲ' ဟူ၍ တွေ့ရသည်။

သိုက်ထွန်းသက်၏ 'ရွှေလျားနံရံ' တွင် အိမ်ရွှေ့ပေးရခါနီး အချိန်၌ သားကို နှိုးရာ ကိုယ်ပူနေသောသားကို တွေ့ရသဖြင့် စိတ်ညစ်သွားသော မိခင် ဖြစ်သူ၏ ကံသုံးပါး အမူအရာနှင့် သား၏ စိတ်အမူအရာကို–

'သား… သား ထတော့၊ မောင်ဦး ထတော့လေ… ဒီနေ့ အမေတို့ အိမ်ရွှေ့ပေးရတော့မှာ''

ကျွန်တော့်ကို တစ်ယောက်ယောက်က လှုပ်နှိုးနေမှန်း သိလိုက်သည်။

နှိုးနေသူမှာ အမေသာ ဖြစ်မည်ဟု ကျွန်တော် သိပါသည်။ ကျွန်တော် မောပန်းနေသည်။

'ဟင်… ကိုယ်တွေလည်း ပူလို့ပါလား၊ အလုပ်ရှုပ်ရတဲ့အထဲ ဒုက္ခပါပဲ'

အမေ့ ညည်းညူသံကို ကြားရသည် ဟူ၍ ဖော်ပြပါသည်။

'တိုက်ရှင်က ရပ်ကွက်သူ ရပ်ကွက်သားတွေနဲ့ ပိုပြီး ရင်းနီးအောင် ဆိုပြီး ဆုမဲဖွင့်ဦးမှာဗျ။ ပေးမှာကတော့ တစ်ဆုတည်းပဲ။ ဒါပေမဲ့ သုံးထောင်လောက် တန်မယ် ထင်တယ်'

'ဘာဆုလဲ ကိုဝင်းမောင်၊ ကျုပ် သိချင်လို့ ပြောခဲ့စမ်းပါတော်'

'စာမရီငှက်မြီးရှည်တံဆိပ် တရုတ်စက်ဘီးတဲ့၊ ကဲ-ကျွန်တော်လည်း ကျန်သေးတဲ့ ဖိတ်စာတွေကို ဆက်ဝေလိုက်ဦးမယ်ဗျာ။ ပြီးတော့ ဟိုဘက်ရပ်ကွက်ထဲမှာ မနေ့က အရောင်းအဝယ် တည့်သွားတဲ့ ဦးဘသာတို့ မြေကိစ္စအတွက် စာချုပ်ရေးပေးစရာလည်း ရှိသေးတယ်။ ဝယ်တဲ့သူတွေက ကွတ်ခိုင်က လက်ဖက်ခြောက်ကုန်သည်တွေ ဆိုပဲ။ ဦးကျင်လှ ဆိုလား၊ ဦးကျင်ဝမ် ဆိုလားပဲဗျာ။ ထားပါတော့လေ။ မနက်ဖြန် စက်ဘီးမဲနှိုက်ရန် အရောက်လှမ်းခဲ့ဖို့သာ မမေ့ပါနဲ့။ ကဲ… သွားမယ်နော်' ဟူသည့် 'အပြ'သည် ဝင်းစည်သူ၏ 'စက်ဘီးတစ်စီး ခရီးယူဇနာ' ဝတ္ထုတိုမှ ဖြစ်ပါသည်။

မန္တလေးမြို့တွင် အရင်က ဘိုးဘွားပိုင် မြေများဖြင့် အစဉ်အဆက်နေလာခဲ့သူများ မြေရောင်း၊ အိမ်ရောင်း လုပ်နေရသည့် အခြေအနေကို တွေ့မြင်နိုင်ပါသည်။ ဘယ်သူတွေက အိမ်ရောင်းရပြီး ဘယ်သူတွေက အိမ်မြေဝယ်နေကြသလဲ ဆိုတာကိုလည်း 'အပြ' သက်သက်နှင့်ပင် ပေါ်လွင်လှပါသည်။ ဖော်ပြပါ ဝတ္ထုတိုများကို 'ဘဝသရုပ်ဖော်ဝတ္ထု' ထဲတွင် ထည့်၍ ရသည်ဟု ဆိုစရာရှိသော်လည်း ဘဝကို သရုပ်ဖော်ခြင်းထက် ခေတ်ပြိုင်ခံစားမှုက ပိုမိုပြင်းထန် ပေါ်လွင်နေသည့် သဘောကို ရှုထောင့်ဖန်တီးပုံနှင့် 'အပြော၊ အပြ' ဖန်တီးချက်တို့အရ သိသာပေါ်လွင်နေပါသည်။

ဆရာမြသန်းတင့်က 'ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ'တွင် ပီမိုးနင်း၏ နေညိုညို ဝတ္ထုနှင့် ပတ်သက်၍ သုံးသပ်ပြသော အချက်တစ်ချက်ရှိပါသည်။ ထိုဝတ္ထုသည် ၁၉၂၀ ပြည့်နှစ် တစ်ဝိုက်မှာ ရေးခဲ့ပြီး ၁၉၂၀ ကျောင်းသားသပိတ်နဲ့ ဝံသာနုအရေးတော်ပုံကြီးရဲ့ အရိပ်အယောင် ဆိုလို့ တစ်လုံးမျှ မတွေ့ရသည်ကို အားမရကြောင်း ပြောသောအချက် ဖြစ်သည်။

ထိုအချက်သည် ခေတ်ပြိုင်ခံစားမှုနှင့် သက်ဆိုင်ပါသည်။ ခေတ်ကို မျက်ကွယ်ပြု၍ ဝတ္ထုရေးခြင်းကို မြသန်းတင့် သဘောမတွေ့လှကြောင်း ပေါ်လွင်နေပါသည်။

ခေတ်၏ အလင်းအမှောင်ကိစ္စသည် လူသားကို ရောင်ပြန်ဟပ်ပါသည်။ ထို့ကြောင့် လူသားဖြစ်သော စာရေးဆရာတွင် ခေတ်ပြိုင်ခံစားမှုမှ တစ်ဆင့် ဖန်တီးမှုဆီ ကူးပြောင်း၍ အနုပညာပစ္စည်းများ ထုတ်လုပ်ကြရာတွင် ဝတ္ထုတိုလည်း ပါဝင်ကြောင်း ဖော်ပြပါ ဝတ္ထုတိုများက သက်သေခံလျက် ရှိပါသည်။

၄။ မောင်ဝဏ္ဏ၏ မှတ်ချက်

၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလထုတ် သာရမဂ္ဂဇင်းမှ ဖြစ်သည်။ ရထားအချိန်မမှန်၊ ရထား ပျောက်မှုကြောင့် အစီအစဉ်တွေ တလွဲတချော် ဖြစ်ရသည့် မောင်စိန်သောင်း၏ ဒုက္ခနှင့် ဒေါသ၏ ထွက်ပေါက်ဖြစ်သော စကားများကို နားထောင်ပေးရုံမက စိတ်ပြေအောင် ဖြေပြော ပြောပေးနေရသည့် ဇာတ်ကြောင်းပြောသူ (ကျွန်တော်) ကို ကိုစိန်သောင်း နောက်ဆုံး ပြောလိုက်သော စကားက ပေါ့ပြက်ပြက် လုပ်ပစ်ရာရောက်သည်။ ကိုယ်က အလေးအနက် ထားသော်လည်း လက်ခံသူက မလေးနက်သည့်သဘော တွေ့ရှိကြောင်း မှတ်ချက်အနေနှင့် ပြောချင်ပုံရသည်။

ဇာတ်ဆောင် 'ကျွန်တော်'သည်ပင် လမ်းပန်းဆက်သွယ်ရေး၏ အဓိကဖြစ်သော ရထားများ၏ အချိန်မမှန်မှုကြောင့် လူသားတို့၏ နေ့စဉ် နေထိုင်လှုပ်ရှားရမှုဘဝမှာ ကမောက်ကမ ဖြစ်ရပြီး ထိုအခြေအနေနှင့်ပင် နေသားတကျဖြစ်နေမှုကို ဖော်ပြသည်။

(က) ရှုထောင့်

ပထမနာမ်စား ရှုထောင့် ဖြစ်သည်။ ထိုရှုထောင့်သည် သာမန် အရေးမပါသော ဇာတ်ဆောင်နေရာမှလည်း ပြောတတ်သည်။ အဓိကဇာတ်ဆောင် မောင်စိန်သောင်း၏ အပြောအဆို၊ အပြုအမူကို ဇာတ်ကြောင်းပြောသူက ပြောပြသည်။ ပြောသူ၏အပြောနှင့် မောင်စိန်သောင်း၏စရိုက်ကို ဖော်ပြရာတွင် ပီပြင်လှပါသည်။

(ခ) အပြော

မောင်စိန်သောင်း၏ စရိုက်ကို အပြောနှင့် ဖော်ပြပြီး ထိုစရိုက် မှန်ကန်ကြောင်းကို ဖော်ပြရာတွင် 'အပြ'ကို သုံးသည်။ အမူအရာကို အပြောညှပ်၍ ပြသည်။ (မောင်စိန်သောင်းဟာ အူကြောင်ကြောင်ကောင် တစ်ကောင်ပါ။ … သည် ငတိရဲ့ စိတ်ဓာတ်ထဲမှာ သူတစ်ပါးကို အပြစ်မြင်လေ့ ရှိတာကတော့ အဆိုးဆုံးပါပဲ။ သူ့ဘက်ကိုယ့်ဘက် မျှမကြည့်တတ်ပါ။ သူ့အတွက်ပဲ သူ စဉ်းစားပါသည်။) ဟူသော မောင်စိန်သောင်း အကြောင်း တစ်စိတ်တစ်ဒေသ လောက်ကိုသာ 'အပြော'နှင့် ဖော်ပြထားသည်။

(ဂ) အပြ

ဇာတ်ကြောင်းပြောသူထံ မောင်စိန်သောင်း တစ်ယောက် ဒေါနဲ့မောနဲ့ ရောက်လာပြီး အပြန်အလှန် စကားပြောပုံများကို 'အပြ'နှင့် ဖော်ပြထားသည်။ ခင်ဗျားဆီကို ကျုပ် ဘာနဲ့လာခဲ့တယ် မှတ်လဲ။

"ဆိုပါဦး"

"မီးရထားနဲ့၊ မင်း အဲဒီ မီးရထားမှာ မီးမပါဘူးဗျ၊ သိလား"

"ဒီဇယ်နဲ့ မောင်းတဲ့ခေတ် ရောက်နေပြီကွ၊ မီးထိုး ရေနွေးငွေ့စက်ခေါင်းမှ မဟုတ်ဘဲ။ ဘယ်မီးပါမလဲ"

"ခင်ဗျားကလည်း ဒုံးဝေးလိုက်တာ။ ရထားတစ်တွဲလုံး မှောင်နေတာ ပြောတာ။ မီးလုံးမပါဘူး"

"……………………………………"

"……………………………………"

"မီးရထားပေါ်က မီးလုံးတွေ ဖြုတ်ခိုးကြတာတို့၊ တွဲနံရံတွေ ဖောက်ပြီး မှောင်ခိုပစ္စည်း ဝှက်သယ်တာတို့၊ လက်မှတ်မဝယ်ဘဲ စီးတာတို့၊ ဟာ… အများကြီးပါကွာ။ ခရီးသည်တွေဘက်က ပျက်ကွက်တာ"

"ခရီးသည်တိုင်း ပျက်ကွက်တာမှ မဟုတ်ဘဲဗျ။ ခိုးတဲ့ကောင်တွေ မိအောင်ဖမ်း၊ မှတ်လောက်အောင် အပြစ်ပေးပေါ့။ ခုဟာက ဝါးလုံး…"

"မီးရထားတွေ အချိန်မမှန်ဘူးဗျ"

"မင်း ခုမှသိလား၊ ညံ့ပါ့ကွာ။ မီးရထား အချိန်မမှန်တာ မင်း ကျောင်းသား

ဘဝကတည်းကကွ။ ဒါလည်း ပြဿနာ မရှိတော့ပါဘူး။ ခရီးသည်တွေအားလုံး သဘောပေါက်နေကြပြီ''

''တန်ရုံလောက် နောက်ကျတာကို ကျုပ် မပြောပါဘူး။ ခုဟာက (၁၀) နာရီ (၈) မိနစ်လာမယ် ဆိုတဲ့ ရထားက (၁၁) နာရီမှ ရောက်လာတယ်။ ဒီကြားထဲ (၁၀) နာရီ (၃၆) ဆိုတဲ့ တစ်စင်းလည်း မလာဘူး''

''အဲဒါ ရထားပျောက်တယ်လို့ ခေါ်တယ်''

''မြို့ပတ်ခရီးသွားတဲ့ လူမှန်သမျှ သိတယ်။ ရထားပျောက်တာ ဖိနပ်ပျောက်သလောက်တောင် ပြဿနာမတက်ဘူး''

သူ့သား ဆေးရုံတက်ရသောကြောင့် မိန်းမနှင့်တစ်လှည့်စီ တာဝန်ချိန်း၍ ဆေးရုံသွားရကြောင်း၊ ရထားအချိန်မမီ၍ အချိန်များ လွဲချော်ရကြောင်း၊ နောက်ကျလျှင် ဆေးရုံစောင့်က ဝင်ခွင့်မပြုကြောင်း၊ ထုံးစံအတိုင်း လိုက်နာရကြောင်းများကိုလည်း မောင်စိန်သောင်း၏ ဝစီကံနှင့် ပြသည်။

ရပ်ချင်ရင် အကြာကြီး ရပ်ထား၊ အစင်းလိုက် ပျောက်ချင်ပျောက်၊ ကျုပ် အိမ်ပြန်ရောက်တော့ ဖတ်ဖတ်မောနေပြီ။ ဆေးရုံက အလကား ဆေးဖိုး ပေးပေမယ့် စားစရိတ်က ကုန်သေးတယ်၊ ဆေးဖိုး ကုန်သေးတယ်။

ဒါဆိုလည်း ကလေးကို ဆေးရုံမတက်ရအောင် ဂရုစိုက်ပေါ့ကွာ။ မင်းကြားဖူးတယ် မဟုတ်လား။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းတယ် ဆိုတာ။

ကျုပ် ကလေးတွေကို ကျုပ် ဂရုမစိုက်ဘဲ နေပါ့မလား။

အေး ဒါဆို မင်းကို စကားပုံတွေ ပြောပြရဦးမှာပေါ့။ ယုယတဲ့သား အနာများတဲ့။

ခင်ဗျားကို စာစီစကုံး ရေးခိုင်းနေတာ မဟုတ်ဘူး။ ဆရာဝန်ကြီးတွေနဲ့ တွေ့ဖို့က သူ့အချိန်နဲ့သူပဲ တွေ့ခွင့်ရတာဟ။

ဟ အဲဒါက ဆေးရုံကွ။ သာလာယံဇရပ် မဟုတ်ဘူး။

အေးလေ၊ စည်းနဲ့ကမ်းနဲ့ အချိန်မှန်သွားရမယ့် နေရာကို အချိန်မမှန်တာကြီးနဲ့ သွားရတော့ လွဲလွဲကုန်သွားတာပေါ့ဗျ။

အဲဒါ မင်း မရှင်းတတ်လို့ ဖြစ်တဲ့ပြဿနာပါ။ မင်းက (၈) နာရီ ရထားစီးချင်တယ် ဆိုပါတော့။ မနက် (၆) နာရီ ဘူတာကို အရောက်သွား။ (၆)

နာရီနဲ့ (၈) နာရီကြား တစ်စင်းမဟုတ် တစ်စင်းတော့ မင်း စီးရမှာပဲ။ အပြန်ကျတော့လည်း ရထားမလာမချင်း စောင့်။ ထမင်းဘူးကလေး ရေဘူးကလေး ဆောင်သွား။ တစ်ယောက်တည်း ကျားထိုးတတ်ရင် ဘူတာတိုင်းမှာ အုတ်နီခဲနဲ့ ဆွဲထားတဲ့ ကျားကွက်တွေ ရှိတယ်၊ ထိုင်ထိုးနေ။

"ဒီတော့ ကျုပ်က ဘယ်အချိန် အလုပ်လုပ်ရမှာလဲ"

"မသွားနဲ့၊ မလုပ်နဲ့ပေါ့"

"ဒါပဲလား မင်းက ရေးကြီးခွင့်ကျယ် ဆိုတဲ့ ကိစ္စက။ ငါ့ကွာ ကြီးကြီး ကျယ်ကျယ် ဆိုလို့ ဘာများလဲ မှတ်တယ်"

"ဒါ အရေးမကြီးဘူးလားဗျ။ သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့မှ ကုန်စျေးနှုန်း တည်ငြိမ်ကျဆင်းရေးကို အထောက်အကူ ပြုနိုင်မှာပေါ့"

"အောင်မာ မင်းပါးစပ်ကများ နတ်စကားထွက်လို့။ မင်းတာဝန်က မင်းအလုပ်ကို မင်း ရိုးရိုးသားသား ကြိုးကြိုးစားစား ကိုယ်ကျင့်တရား ဖြောင့်မတ်စွာ လုပ်ဖို့ပဲ"

"ခင်ဗျား အလွတ်ကျက်ထားတဲ့ စကားတွေ လာမပြောစမ်းပါနဲ့။ ကျုပ် ပြောချင်တာတွေ ကျန်သေးတယ်"

"မင်း ပြောလည်း ပြောပြောရှိမှာပဲ။ ငါလည်း ဘာမှမတတ်နိုင်ဘူး"

"ကျုပ် သိပါတယ်လေ။ ပြောချင်တာလေး ပြောလိုက်ရလို့ နားထောင်ပေးမယ့် လူရှိရင်ပဲ ကျေနပ်ပါပြီ။ ကျုပ် ပေါက်ကရ လျှောက်ပြောတာ နားထောင်ပေးလို့ ကျေးဇူးတင်ပါတယ်။ ကိုင်း သွားဦးမယ်ဗျာ"

ဟူသော ပြကွက်သည် ဝတ္ထု၏ နိဂုံးလည်း ဖြစ်ပါသည်။ ဇာတ်ကြောင်း ပြောသူသည် မောင်စိန်သောင်းကို ထောက်ခံ၍ ပြုံးနေကာ မောင်စိန်သောင်း၏ အခက်အခဲကို ဖြေရှင်းနိုင်သည့် နည်းလမ်းများ ပေးပါသည်။ ထိုနည်းလမ်း၏ နောက်ကွယ်တွင်လည်း အခက်အခဲ တစ်ခုက ရှိနေစမြဲ ဖြစ်သည်။ ဤသဘောကို စာရေးဆရာက ပြချင်ဟန်ရှိသည်။ သူ ပြောချင်သည့် အကြောင်းမှာ ထိုခေတ်၏ ခံစားမှုကို ထင်ဟပ်နေသည်။ ပြေလည်အောင် မဖြေရှင်းနိုင်သေးသော ကိစ္စလည်း ဖြစ်သည်။

ဇာတ်ဆောင် နှစ်ယောက်စလုံး၏ ပြောစကားများသည် စာရေးသူ ပြောချင်သော စကားနှင့် မပြောချင်သော စကားများ ဖြစ်သည်။ စာရေးသူကို

ကိုယ်စားပြုနေသည်ဟု ထင်ရသော ဇာတ်ဆောင်က အမှန်တရားကို ပြောနေသော မောင်စိန်သောင်းကို အရူးလိုလို၊ အပေါလိုလို လုပ်ပစ်လိုက်ခြင်းသည် စာရေးသူ၏ နည်းပညာပင် ဖြစ်သည်။ သို့မဟုတ်ပါက ထိုဝတ္ထုသည် စာမျက်နှာပေါ်သို့ ရောက်လာနိုင်စရာ အကြောင်းမရှိပေ။ ပြောချင်သည့်အရာကို ပြောခွင့်ရစေဖို့ မထင်မှတ်သောနေရာမှ၊ မထင်မှတ်သော ရှုထောင့်မှ ပြောလိုက်ခြင်း ဖြစ်သည်။

မောင်ဝဏ္ဏက 'အာရုံခြောက်ပါးလုံး အငြိမ်မနေတတ်တဲ့ လူတွေဟာ စာရေးဆရာတွေ ဖြစ်ပါလိမ့်မယ်' ဟု ဆိုဖူးပါသည်။ ခေတ်မျက်စိ၊ ခေတ်နားနဲ့ မြင်သမျှ၊ ကြားသမျှကို ဝတ္ထုတိုအနေဖြင့် ဖန်တီးထားခြင်း ဖြစ်ပေသည်။

* * *

တာရာမင်းဝေ၏ 'လိပ်ပြာ'ဝတ္ထုတိုမှ အတွေးအမြင်

တာရာမင်းဝေ၏ 'လိပ်ပြာ' ဝတ္ထုတိုသည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ ထုတ် သရဖူ ရသ၊ ဒဿနနှင့် မျက်မှောက်ရေးရာ မဂ္ဂဇင်း အမှတ်(၈)တွင် ဖော်ပြခံခဲ့ရသော ဝတ္ထုတို ဖြစ်ပါသည်။

တာရာမင်းဝေသည် မြန်မာစာပေလောကထဲသို့ ဝင်လာပြီး အချိန်တိုတိုအတွင်းမှာပင် မော်ဒန်ဝတ္ထုရေးဆရာအဖြစ် အသိအမှတ်ပြု ခံရသူလည်း ဖြစ်ပါသည်။ ဂန္တဝင်ကဗျာ (ဒွေးချိုး)ကနေ မော်ဒန်အသိအမြင်တွေ ပေးသွားကြောင်း ပြောခဲ့သူလည်း ဖြစ်သည်။ သူ့ဝတ္ထုတိုများက စာဖတ်သူအတွက် အတွေး တစ်စုံတစ်ရာကို ဖြစ်ပေါ်စေပါသည်။ 'လိပ်ပြာ'ဝတ္ထုတိုကို လေ့လာခြင်းဖြင့် မြန်မာဝတ္ထုတိုများ၏ ဖန်တီးမှု အတတ်ပညာ ဖွံ့ဖြိုးလာပုံ၊ အကြောင်းအရာ နယ်ပယ်ကျယ်ပြန့်လာပုံကို တွေ့ရှိရပေသည်။

ဝတ္ထုရေးသူသည် သူ ဖန်တီးသော ဇာတ်ဆောင်များမှတစ်ဆင့် သူ ပြောလိုသော ဘဝအသိ၊ ဘဝအတွေးအမြင်နှင့် ဘဝဒဿနတို့ကို ဖော်ပြတတ်သည်။ တစ်ခါတစ်ရံ ဇာတ်ဆောင်၏ နှုတ်မှ ပြောခိုင်းသည်။ ဇာတ်ကွက်ထဲတွင်လည်း ညှပ်၍ ပြတတ်သည်။ ဝတ္ထုအဖြစ်အပျက် ဆုံးမှ သိလိုက်ရသည့်အခါလည်း ရှိသည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် သူ၏အတွေးအမြင်ကို ပြလေသည်။ ဇာတ်ဆောင်တို့၏ နှုတ်မှပြောကြသော တစ်သီးပုဂ္ဂလ အတွေးအမြင်များသည် စာဖတ်သူ အများစုက လက်ခံသဘောတူသော အတွေးအမြင်များ ဖြစ်ချင်ဖြစ်မည်။ အတွေးအမြင် အလုံးစုံကိုမူ သဘောကျနိုင်မည် မဟုတ်ပေ။

ဇာတ်ဆောင်၏ စရိုက်လက္ခဏာပေါ်တွင် မူတည်သော ဘဝအတွေးအမြင်များ ဖြစ်သောကြောင့် ဖြစ်သည်။

စာရေးဆရာက အများနှင့်ဆိုင်၍ ယေဘုယျ ကျသော အတွေးအမြင်များကို ဖော်ပြလျှင် စာဖတ်သူတိုင်းက နှစ်သက်လက်ခံကြပေမည်။ ဝတ္ထုတို၏ အဆစ်အပိုင်းထဲတွင်လည်း ဘဝဒဿနကို တွေ့နိုင်သည်။ အများအားဖြင့် ဝတ္ထုတို ဆုံးမှ ခြုံငုံပြီး သိလိုက်ရသော ဘဝဒဿနများလည်း ရှိသည်။

ဆရာဒဂုန်တာရာက 'စာပေနှင့် ဒဿန' ဟူသော ဆောင်းပါးတွင်-

'သရုပ်ဖော်စာပေဝါဒ၊ စိတ်ကူးယဉ်စာပေဝါဒ စသည့် အတွေးအခေါ်များသည်ကား ဒဿနနယ်ပယ်တွင် အကျုံးဝင်နေသည်။ လူ့စရိုက်၊ လူ့သဘာဝများ ပီသမည်။ လူ့အဖွဲ့အစည်း၏ နောက်ခံကား ဖြစ်သော ခေတ်ပြိုင် အဖြစ်အပျက်တို့သည်လည်း တကယ်ဖြစ်ပျက်နေသော သမိုင်းကြောင်းများ ဖြစ်သည်။ စိတ်ခွဲဝါဒဖြင့် ရေးဖွဲ့သော ဝတ္ထုတို့သည်ကား လူ့လောကကြီးဘဝ၊ လူ့လောကကြီး အဖြစ်ပျက်နှင့် တူချင်မှ တူမည်။ ယင်းသို့လျှင် ဝတ္ထုစာပေတွင် ဒဿနများ ရှိသည်ကား အမှန်ပင်' ဟု ဆိုထားပါသည်။

မောင်သာချိုက 'အပ်နဖားပေါက်တွေ ကျဉ်းကုန်ပြီလား' ဆောင်းပါးတွင်-

'ဘက်ကက်' (Beckette)၏ စကားတစ်ခု ရှိပါသည်။ ယခင် အနုပညာတွေက content zero, length infinity ဟု ဆိုသည်။ အရေးအဖွဲ့ ရှည်လျားသလောက် အတွေးအခေါ် အယူအဆက ဘာမှမဟုတ် ဆိုသည့် သဘော။ ယခု အနုပညာကမူ content infinity, lenght zero.... ဟု ဆိုပါသည်။ ရေးဖွဲ့ပုံ တိုသလောက် တွေးစရာတွေက အများကြီး ဆိုသည့် သဘော' ဟူ၍ ဆိုပါသည်။ ထိုသဘောကို ဝတ္ထုတိုများတွင်လည်း တွေ့ရပါသည်။ စာသားတိုသလောက် အတွေးစက ဆန့်လျှင် ဆန့်သလောက် ရှည်လျားတတ်ပါသည်။

လိပ်ပြာဝတ္ထုတို အကြောင်းအရာ အကျဉ်း

မော်ဒန်ဝတ္ထုတိုသည် ဘဝကို ကိုယ်စားပြုရာတွင် ဘဝ၏ ကစဉ့်ကလျားသဘောကို ဇာတ်ဆောင်၏ ကစဉ့်ကလျားစရိုက်၊ ဇာတ်ကြောင်း၏ ကစဉ့်

ကလျား ဖြစ်စဉ်တို့ဖြင့် ပြလေ့ရှိ၏… ဟူသော အဆိုအတိုင်း မည်သူမည်ဝါ … မောင်ဖြူ မောင်မဲ စသည့် ဇာတ်ဆောင်တို့၏ အမည်မပါ။ အများကို ကိုယ်စားပြုလိုသောသဘော ထင်ရှားသည်။ ဇာတ်ဆောင် နှစ်ယောက် အပြန် အလှန် ပြောစကားများဖြင့် ဝတ္ထုတိုကို စထားသည်။ ဝတ္ထုတိုအစ စကားပြော မှာပင် အတွေးဒဿနကို တွေ့ရသည်။

လူတွေက လှေကားတစ်စင်းစီ ထမ်းထားကြကြောင်း၊ ဒီဘဝက သေလွန်သွားသောအခါ တချို့က ထိုလှေကားနှင့် နတ်ပြည်သို့ တက်သွားကြပြီး တချို့က ငရဲပြည်သို့ ဆင်းသွားကြောင်း ပြောသည်။ ဇာတ်ဆောင်များမှာ 'သူ' နှင့် 'ကျွန်တော်' ဖြစ်သည်။ ဇာတ်ဆောင် 'သူ' မှာ ကိုယ်ကျင့်တရား လေးစားသူ တစ်ယောက်အနေနှင့် လောကကြီးတွင် ကုတ်ခြစ်ရပ်တည်ခဲ့ သော်လည်း တစ်နေ့တွင် မကောင်းမှုတစ်ခု ပြုကျင့်ခဲ့ကြောင်း၊ ထို့နောက်ပိုင်း သူသည် ညအခါ အိပ်မက်ဆိုးများ ဆက်တိုက် မက်ကြောင်း၊ အိပ်မက်များမှာ သူတစ်ဦးတည်းကိုသာ တိုက်ရိုက် ထိခိုက်သော အဖြစ်အပျက်များ ဖြစ်ပြီး နောက်ဆုံးအိပ်မက်မှာ ကြောက်စရာ အကောင်းဆုံး၊ သူ အခံစားရဆုံး ဖြစ် ကြောင်း ဖော်ပြသည်။

'ကျွန်တော်' ဟူသော ဇာတ်ကောင်နှင့် ကွဲကွာနေသည့် အချိန်တိုလေး အတွင်းမှာ အိပ်မက်ဆိုးတွေနှင့် အခါခါ အိုမင်းခဲ့ကြောင်း ဖော်ပြသည်။ ကျွန်တော်က အိပ်မက်ထဲမှာဗဲ သူတို့ကို အကျိုးအကြောင်း ပြောပြ တောင်းပန် ခိုင်းသောအခါ သူ့အိပ်မက်ထဲ သူ ပြန်ဝင်၍ မရကြောင်း ပြန်ပြောသည်။ ကျွန်တော်က 'ခင်ဗျား လှေကားနှင့် ငရဲပြည်ကို ဆင်းသွားရမှာ' ဖြစ်ကြောင်း ပြောသောအခါ သူက ငရဲမင်းကြီးကို ရှင်းပြမှာဖြစ်ကြောင်း ပြောပြီး နည်းနည်း တွေဝေသွားကာ ထိုသို့ လုပ်ရန် မဖြစ်ကြောင်း ပြောပြန်သည်။ ယမမင်းကြီးကို ရှင်းပြချိန်မှာ သူဟာ ငရဲကျနေပြီး ဖြစ်သောကြောင့် မဖြစ်နိုင်ကြောင်း ပြောလေ သည်။ ထိုအခါ ကျွန်တော်က သူ့ကို ကောင်းမှုတစ်ခု ပြုလုပ်ရမည်ဟု ပြောသော အခါ သူက လက်ခံပြီး ကောင်းမှု လုပ်ပါသည်။ သူ လုပ်သော ကောင်းမှု၊ မကောင်းမှုများကို မဖော်ပြပါ။ တစ်နေ့မှာ သူ ဘုရားက ပြန်အလာတွင် ကျွန်တော်နှင့် တွေ့သည်။ ကျွန်တော်က 'ငရဲပြည်က ပြန်တက်လာသူကြီး ဘာဆုတောင်းခဲ့သလဲ' ဟု မေးရာ… သူ့ ဆုတောင်းကို ပြောပြသည်။ ထို

ဆုတောင်းကို ကျွန်တော်ပဲ သိသည်။ စာဖတ်သူကို သိခွင့်မပေးသေးပေ။ ကျွန်တော်ကလည်း သူ့ဆုတောင်း သိပ်မှန်သည်။ သူ့လို ဆုတောင်းရမည်ဟု ဆိုသည်။

ထိုဆုတောင်းလေးက လူ့ဘဝမှာ နေပျော်စရာဟု ဆိုသည်။ နောက်ဆုံး အဆစ်အပိုင်းတွင်ကျမှ ဆုတောင်းကို ဖော်ပြသည်။ သစ္စာစကားဆို၍ ဆုတောင်းခြင်း ဖြစ်သည်။ သစ္စာပြုသော စကားများကို မဖော်ပြ။ 'လိပ်ပြာသန့်သော အိပ်မက်များကိုသာ မြင်မက်ရပါလို၏' ဟူသော ဆုတောင်းကိုသာ ဖော်ပြသည်။ ထိုသို့ ဆုတောင်းစဉ် ညင်သာသော ခေါင်းလောင်းသံလွင်တွေကို ကြားနေရကြောင်း ဆိုပြီး အဆုံးသတ်ထားသည်။

မော်ဒန်ဝတ္ထုတို လက္ခဏာများ ရှိသောကြောင့် ဝတ္ထုတိုတစ်ပုဒ်လုံးကို ဖြန့်ကြက်၍ ဖန်တီးမှုအတတ်ပညာ သဘောကို တင်ပြလိုပါသည်။

'လုံထမ်းလာတာ မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူးလို့ စကားပုံ ရှိတယ်။ တကယ်တော့ လေ့ကား ထမ်းလာတာကိုလည်း မမြင်ရဘူးကွ'

'လေ့ကား ထမ်းလာတာကို ဘာလို့ မမြင်ရမှာလဲဗျ။ ခင်ဗျား ရူးနေလို့လား'

ဝတ္ထုတိုကို ဇာတ်ကောင် နှစ်ယောက်၏ အပြန်အလှန် စကားပြောနှင့် စထားခြင်း ဖြစ်သည်။ ဇာတ်ကောင်တစ်ယောက်က မျက်စိဖြင့် မြင်ရသော တကယ့်လေ့ကားကို ဆိုလိုပြီး တစ်ယောက်က မမြင်ရသော သင်္ကေတ လေ့ကားကို ဆိုလိုမှန်း ဇာတ်ဆောင်၏ စကားပြောနှင့် ပြသည်။

'လူတွေက လေ့ကားတစ်စင်းစီ ထမ်းထားကြတယ်ကွ။ ဒီဘဝကနေ သေလွန်သွားတဲ့အခါ တချို့က အဲဒီလေ့ကားနဲ့ နတ်ပြည်ကို တက်သွားကြပြီး တချို့က အဲဒီလေ့ကားနဲ့ပဲ ငရဲပြည်ကို ဆင်းသွားကြတယ်' ဟူသော စကားပြောက လူသားတို့သည် မိမိ လုပ်ဆောင်ချက်အတိုင်း သွားကြရသည် ဟူသော အတွေးအမြင်ကို ပေးသည်။ ကိုယ် စိုက်သမျှ ကိုယ် ရိတ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

'အဲဒီလိုနဲ့ သူဟာ ကိုယ်ကျင့်တရားကို လေးစားသူတစ်ယောက်အဖြစ် လောကကြီးမှာ ကုတ်ခြစ် ရပ်တည်ခဲ့တယ်။ ကျွန်တော့်ဘဝရဲ့ ဖြစ်စဉ်တွေကို ပြန်စဉ်းစားကြည့်တဲ့အခါ မေ့လျော့နေတာတွေ အများကြီးပါပဲ။ အနည်းအကျဉ်း

မှတ်မိသမျှလေးတွေထဲမှာတော့ သူဟာ ကိုယ်ကျင့်တရား တည့်မတ်သူ တစ်ယောက် ဆိုတာကိုလည်း လင်းလင်းချင်းချင်း တွေ့မြင်ရပါတယ်'

စာရေးဆရာ ပြောချင်သည့် ဒဿနကို ဇာတ်ဆောင်၏ နှုတ်မှ တွင်တွင်ကျယ်ကျယ် ပြောခိုင်းထားသည်။ ဇာတ်ဆောင် ကျွန်တော်သည် ဇာတ်ကြောင်းပြောသူလည်း ဖြစ်သည်။ ဝတ္ထုတိုထဲတွင်မူ ကိုယ်တိုင်လည်း ပါဝင်နေသည်။

ဒါပေမဲ့ တစ်နေ့မှာတော့ သူဟာ မကောင်းမှုတစ်ခုကို ပြုကျင့်ခဲ့တယ်။ သူ ပြုတဲ့ မကောင်းမှုကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

ဇာတ်ဆောင်၏ ပြောစကားထဲမှ 'ကုတ်ခြစ် ဟူသော စကားလုံးက အာနိသင် ကြီးလှသည်။ ကိုယ်ကျင့်တရား ကောင်းသူတို့သည် လောကကြီးတွင် ကျားကုတ်ကျားခဲ ကြိုးစားရပ်တည်ရခြင်း ဖြစ်ကြောင်း ပေါ်လွင်စေသည်' ဟူ၍ မကောင်းမှုများကို မည်သို့ မည်ပုံ ဖြစ်သည်ဟု ဖော်ပြထားခြင်း မရှိ။ စာဖတ်သူက ကိုယ့်သဘောနှင့်ကိုယ် စဉ်းစားထည့်သွင်းရပေမည်။ စာဖတ်သူ ၁၀ ယောက် ဆိုလျှင် ၁၀ မျိုး ဖြစ်နိုင်သည်။

အဲဒီနောက် ညတစ်ည၏ သန်းခေါင်ယံမှာ သူသည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ကြောင်း၊ အိပ်မက်ထဲမှာ သူသည် ကျောက်ခေတ်က လူရိုင်းတစ်ယောက်ကို ပြတ်သားကြည်လင်စွာ တွေ့နေရကြောင်း၊ လူရိုင်းက ဒူးလေးနှင့် တစ်စုံတစ်ရာကို ပစ်ရန် ချိန်ရွယ်နေကြောင်း၊ သူ အကြီးအကျယ် ထိတ်လန့်သွားပြီး လက်နှင့်ကာ၍ ဟန့်တားကာ အိပ်ရာမှ အမြန်ဆုံး ထရန် ပြင်လိုက်သော်လည်း လူရိုင်းက ဒူးလေးမောင်းကို ဖြုတ်ချလိုက်ကြောင်း၊ မြားချွန်က သူ့ခန္ဓာကိုယ်ထဲကို တန်းလန်းထိုးဖောက်သွားစဉ်မှာပဲ 'အား' ခနဲ အသံနက်ကြီးနဲ့ ကျူးအော်ရင်း သူ လန့်နိုးသွားကြောင်း ဖော်ပြရာတွင် 'သူ' ဟူသော ဇာတ်ဆောင်နေရာမှ နေ၍ တင်ပြထားသည်။

ထိုအိပ်မက်ကြောင့် သူ ခံစားရပုံကို-

'သူ့တစ်ကိုယ်လုံး ချွေးတွေ ပြိုက်ပြိုက်စီးကျနေတယ်။ သူ့ရင်ဘတ်ကို ငုံ့ကြည့်၊ သူ့တစ်ကိုယ်လုံးကို လက်နဲ့ စမ်းကြည့်ပြီး မြားတံကို ရှာတယ်။ သူဟာ အကြီးအကျယ် တုန်လှုပ်ချောက်ချားနေတော့တယ်။ အဲဒီညက သူ ပြန်အိပ်လို့ မရတော့ဘူး။ နာရီသံချောင်းခေါက်သံက မာရ်နတ်ရဲ့ စောင်းကြိုးခတ်သံလို သူ့ကို ညှို့ငင်ခြောက်လန့်နေတယ်… ဟူသော အိပ်မက်ဖြစ်စဉ်

ဖော်ပြချက်ကို ဝတ္ထုတို၏ အဆစ်အပိုင်းအဖြစ် အကန့်ခွဲကာ တင်ပြထားသည်။ ဝတ္ထုတို၏ အဆစ်အကန့်တွေကို နံပါတ်စဉ် ၁၊ ၂၊ ၃ တပ်၍ ရေးသားသဖြင့် အဖြစ်အပျက်များနှင့် ဖြစ်ပျက်သော ကြားကာလ ပျောက်ဆုံးနေသည်။ စာဖတ်သူက အလျဉ်းသင့်သလို တွေးတောကြည့်နိုင်သည်။

ဒုတိယအိပ်မက်ကို ရက်ပိုင်းအတွင်းမှာပဲ သူ ထပ်မက်ပုံ၊ အိပ်မက်ထဲမှာ လူတစ်ယောက်က သူ့ကို ကျောပေးပြီး လက်ပစ်ဗုံး ပင်ကို ကိုက်ဖြုတ်နေပုံ၊ ချာခနဲ လှည့်ပြီး ကြည့်နေမိသည့် သူ့ကို လက်ပစ်ဗုံးနှင့် ပစ်ပေါက်လိုက်ပုံ၊ လက်ပစ်ဗုံးက သူ့ရင်ထဲကနေ ဝုန်းခနဲ ပေါက်ကွဲသွားပုံ၊ သူ့တစ်ကိုယ်လုံး အပိုင်းအစတွေအဖြစ် လွင့်စဉ်ထွက်သွားသလို ခံစားရပြီး သွေးရူးသွေးတန်း နိုးလာပုံ၊ နိုးနိုးချင်း သူ့နားတွေ အူဝေနေပြီး အခန်းထဲမှာလည်း ယမ်းနံ့တွေ နံနေသလို ခံစားရပုံတို့ကို ဖော်ပြရာတွင် စာဖတ်သူကိုယ်တိုင် ဇာတ်ဆောင် 'သူ'နှင့်အတူ လိုက်ပါခံစားရအောင် တင်ပြနိုင်စွမ်း ရှိသည်။

သူ မရဲတရဲ ထရပ်ပြီး လက်တွေနဲ့ လေကို ဖမ်းကိုင်နေမိတယ်။ 'ဘုရား… ဘုရား' လို့ ပါးစပ်က တမိပေမယ့် မသဲကွဲလို့ သူ့ဘာသာသူတောင် ပြန်မကြားရအောင် နားအူနေကြောင်း သိသာစေသည်။

နောက်ဆုံးအိပ်မက်က ကြောက်စရာ အကောင်းဆုံး ဖြစ်ကြောင်း၊ သူ အခံစားရဆုံး ဖြစ်ကြောင်း ဖော်ပြသည်။ ထိုအိပ်မက်သည် မကောင်းမှု ပြုလုပ်ခဲ့သော သူ့ကို ကျွတ်တမ်းဝင်စေသည့် အိပ်မက်လည်း ဖြစ်သည်။ သူ့ကိုယ်သူ ပြန်ဆုံးမသလိုလို တစ်ယောက်ယောက်ပဲ ဆုံးမလိုက်သလိုလို ယူဆစရာ ဖြစ်နေသည်။

'ရှင်းလင်း သိပ်သည်းတဲ့ ညတစ်ည၊ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်းမှာ အမှောင်ထဲက လက်တစ်ဖက်ကို မြင်လိုက်ရတယ်။ အဲဒီလက်ဟာ မှောင်ရိပ်ထဲမှာ ပါးပျဉ်းထောင်လာတဲ့ မြွေတစ်ကောင်လို ဖြည်းဖြည်းချင်း စတင်လှုပ်ရှားတယ်။ အဲဒီလက်က သူ့ရင်ထဲကို ဖောက်ပြီး ဝင်လာတယ်။ နောက်တော့ အဲဒီလက်က သူ့နှလုံးသား ရှေ့တည့်တည့်မှာ ရပ်လိုက်တယ်။ သူ ကြည့်နေဆဲ အချိန်မှာပဲ အဲဒီလက်ချောင်းတွေက သူ့နှလုံးသားကို 'ဖြန်း' ခနဲ ပါးပိတ်ရိုက်လိုက်တယ်။

'အား….'

သူ့နှလုံးသားဟာ နာကျင်စွာ တရှိက်နင့်နင့်နှင့် အော်ဟစ်လိုက်ရင်း ကြေးစည်လို ချာချာလည်သွားတယ်။ သူလည်း အမှောင်ထဲမှာ ရေနစ်နေပြီး သေအံ့မူးမူးနဲ့ပဲ အမှောင်ကို တဖောင်းဖောင်း ကူးခပ်၊ ခြေကုန်လက်ပန်းကျ၊ မောလျလို့ အငွေ့ပြန် ပျောက်ကွယ်သွားတော့တယ်။ နိုးလာတော့ ရှုးမတတ်ပဲ ပေါ့။ ဝူးဝူးဝါးဝါး ရေမွန်းထားတဲ့ သမင်ကြီးလို အသက်ကို အလုအယက် ရှူရင်း မျက်လုံးတွေကလည်း ဖန်လုံးတွေလို ကြောင်စီနေတယ်။ အတော်လေး ကြာတော့ သွေးစုပ်ဖုတ်ကောင်က သူ့အခေါင်းထဲမှာ မျက်လုံး ပြန်မှိတ်သွား သလိုမျိုး သူလည်း ခုတင်ထက်မှာ မျက်လုံးတွေ ပြန်မှိတ်သွားတယ်။ ခေါင်းရင်း က အိပ်ဆေးပုလင်းကတော့ အခွံလောက်ပဲ ကျန်ရစ်လေရဲ့' ဟူသော နောက်ဆုံး အိပ်မက်အပြီးမှာ ဝတ္ထုတို၏ အဆစ်အကန့်တစ်ခုသို့ ကူးသွားသည်။ (၅) ဟု နံပါတ်စဉ် တပ်သည်။

'သူနဲ့ ကျွန်တော် ကွဲကွာနေတဲ့ အချိန်တိုလေးအတွင်းမှာပဲ သူဟာ သူ့အိပ်မက်များနဲ့ ထပ်ခါလဲလဲ အိုမင်းခဲ့ပြီ ဖြစ်တယ်' ဟူ၍ ဇာတ်ဆောင် 'ကျွန်တော်' ပြန်ဝင်လာသည်။ 'သူ့အဖြစ်အပျက် အကုန်အစင်ကို သူ ပြောပြ လို့ သိရပြီးတဲ့အခါမှာ ကျွန်တော်က ပေါ့ပါးလွယ်ကူတဲ့ စိတ်ပညာကုထုံး တစ်ရပ်ကို အမှတ်မထင် ပြောပြလိုက်တယ်' ဟူသော အပြောအရ အိပ်မက် များကို ပြောပြသူမှာ ကျွန်တော် မဟုတ်ကြောင်း သိရပါသည်။

အိပ်မက်ကို မက်သည့်အတိုင်း ထည့်သွင်းထားခြင်း ဟုဆိုရမည်။ ဝတ္ထုတို တွင် ဇာတ်ကောင်တစ်ယောက်တည်းက ဒိုင်ခံပြောပြနေလျှင် အပြောမတတ် ပါက ပျင်းစရာကောင်းသည်။ ဆွဲဆောင်မှုအား လျော့နည်းတတ်သည်။ ထို အတတ်ပညာကို စာရေးဆရာက နားလည် သဘောပေါက်ပုံရသည်။

ဇာတ်ဆောင် ကျွန်တော် ပြောသော စိတ်ပညာကုထုံးမှာ အိပ်မက်ထဲမှာ ပဲ ကိုယ် အပြစ်ကျူးလွန်ပြီးသား ဖြစ်မှုကို ကျေအောင် လုပ်၍ မရကြောင်း ဖော်ပြရာ ရောက်သည်။

''အဲဒါဆိုရင်တော့ သေတဲ့အခါ ခင်ဗျား လှေကားနဲ့ ခင်ဗျား ငရဲပြည် ကို ဆင်းသွားရတော့မှာပဲ''

သူ့မျက်နှာ ဖြူရော်သွားတယ်။ ပြီး ကြောက်ကန်ကန်သလို ပြန်ပြော တယ်။

'အဲဒီအခါကျတော့လည်း ယမမင်းကို ရှင်းပြရမှာပေါ့ကွာ' 'ရင်ဆိုင်ရဲသားပဲ' လို့ တွေးမိပြီး ကျွန်တော် သူ့ကို ခပ်မဆိတ် ငြိမ်ကြည့်နေလိုက်တယ်။ သူ နဖူးကြောရှုံ့ပြီး စဉ်းစားနေတယ်။ သူ့မျက်နှာလည်း အရိပ်အယောင်တွေ အမျိုးမျိုး ဖြတ်ပြေးနေတယ်။ အတော်ကြာမှ ဖြည်းဖြည်းချင်း ခေါင်းခါလာတယ်။

"ဒါလဲ မဖြစ်သေးဘူးကွ"

"ဘယ်လို မဖြစ်တာလဲ"

"ယမမင်းကို ရှင်းပြတဲ့အချိန်မှာ ဘာပဲပြောပြော ငါက ငရဲကျနေပြီကွ၊ မကောင်းဘူး"

သူ့ကို မစာနာတာ မဟုတ်ဘူး။ ကျွန်တော် ရယ်မိတော့တယ်။ အရယ်တစ်ဝက်နဲ့ ကျွန်တော် ဗလုံးဗထွေး ပြောလိုက်တယ်။

"အဲဒါဆိုရင်တော့ ခင်ဗျား ကောင်းမှုတစ်ခု ပြန်လုပ်ရလိမ့်မယ်"

"ဘာလဲ"

ကျွန်တော် သူ့ကို ပြောပြလိုက်တယ်။ သူကလည်း ရွှန်းလက်တဲ့မျက်လုံးတွေနဲ့ အဲဒီအချက်ကို လိုလိုလားလား လက်ခံတယ်။ ကျွန်တော် ပြောပြတဲ့ ကောင်းမှုကိစ္စကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

"..........."

ဟူ၍ ကောင်းမှုများကို ဖော်ပြထားခြင်း မရှိပေ။ မကောင်းမှုပြုစဉ်အခါက ပြုခဲ့ပြီး ငရဲသို့ သွားရမှာကြောက်သည့် လူ့သဘော၊ လူ့မနောကို ဖော်ပြလျက် ရှိသည်။ မကောင်းမှုနွံထဲတွင် နစ်မနေဘဲ ကောင်းမှု ပြန်လုပ်ရမည် ဟူသော သဘောကိုလည်း တွေ့မြင်နိုင်ပါသည်။

ကောင်းမှုလုပ်ပြီး သူ့စိတ် ရှင်းသွားပုံ၊ လိပ်ပြာသန့်သွားပုံကို-

"အဲဒီနောက်ပိုင်းကာလမှာတော့ သူဟာ တိမ်စင်သွားတဲ့ ကောင်းကင်ဖြူလို ပြန်ပြီး ကြည်လင်လာပါတော့တယ်။ သူ့အိပ်မက်တွေ အပြစ်ကင်းသွားပါပြီ" ဟု ဖော်ပြသည်။

ကောင်းမှုကြောင့် သူ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ရှင်သန်လာသည်ကို ကျွန်တော် ဝမ်းသာကြောင်း၊ သူ့လက်ထဲမှာ အက်ံစ်၊ အန်၊ ဂိုအင်ကာရဲ့ စာအုပ်ကလေးတွေ တစ်အုပ်မဟုတ် တစ်အုပ် တွေ့ရကြောင်း၊ ကျွန်တော်ကလည်း

ကာလအတော်ကြာတဲ့အထိ သူ့အိပ်မက်ဆိုးတွေအကြောင်း ပြန်မဖော်ကြောင်း၊ 'ငရဲပြည်က ပြန်လာသူကြီးက ဘာဆုတောင်းခဲ့သလဲ' ဟု မေးသောအခါ သူ့ဆုတောင်းကို တည်ကြည်စွာ ပြန်ပြောပြသွားကြောင်း၊ လမ်းတစ်လျှောက်လုံးမှာ သူ့ဆုတောင်းကို ကျွန်တော် အလေးအနက် စဉ်းစားလာမိကြောင်း ဖော်ပြသည်။

ထိုဆုတောင်းကို ကျွန်တော် နှစ်သက်သဘောကျ လက်ခံပုံကို-

"ဟုတ်တယ်၊ သူ့ဆုတောင်း သိပ်မှန်တယ်။ လူ့ဘဝမှာ ဒါလောက်ကလေး ရမယ်ဆိုရင် တကယ်တော့ နေပျော်သင့်ပါပြီ။ ကျွန်တော်ကလည်း သူ့လို ဆုတောင်းရလိမ့်မယ်"

ဟု ဆိုပါသည်။ ငရဲပြည်က ပြန်လာသူကြီး၏ ဆုတောင်းသည် ဇာတ်ဆောင် 'ကျွန်တော်' နှင့်အတူ စာဖတ်သူအားလုံး ဆုတောင်းရမည့် ဆုတောင်းလည်း ဖြစ်သည်။

"အရှင်ဘုရား....

ဤမှန်သော သစ္စာစကားကြောင့် 'လိပ်ပြာသန့်သော အိပ်မက်များ' ကိုသာ မြင်မက်ရပါလို၏။ ဝတ်ပြုဆုတောင်းစဉ်... ညင်သာတဲ့ ခေါင်းလောင်းသံလွင်တွေကို ကြားနေရတော့တယ်"

ဟူသော ဆုတောင်းက သူ ဆုတောင်းသလို လိုက်ပြီး တောင်းသော ကျွန်တော်၏ ဆုတောင်း ဖြစ်ပါသည်။ မှန်သော သစ္စာစကားကို ဖော်ပြထားခြင်း မရှိပေ။ စာဖတ်သူသည် ကိုယ် ထည့်ချင်သော သစ္စာစကားကို ထည့်သွင်းကြရန် လမ်းဖွင့်ထားခြင်း ဖြစ်သည်။ စာဖတ်သူများကိုလည်း ဤကဲ့သို့လိပ်ပြာသန့်သော လုပ်ရပ်များကို လုပ်ရမည်ဖြစ်ကြောင်း၊ အတွေးဖြန့်ကြက်နိုင်ပါသည်။ ညင်သာသော ခေါင်းလောင်းသံလွင် ဆိုသည်မှာ သင်္ကေတအသံဖြစ်သည်။ စိတ်ငြိမ်းချမ်းစွာ ရပ်တည်နိုင်သော ဘဝကို ရနိုင်မည့်အကြောင်း ဖော်ပြချက် ဖြစ်သည်။

ထိုဆုတောင်းသည် သူ၏ဆုတောင်းကို နှစ်သက်၍ အတုယူကာ လိုက်တောင်းသော ကျွန်တော်၏ ဆုတောင်းသာ ဖြစ်သည်။ သစ္စာပြုစကားများမှာလည်း ကျွန်တော် ပြုခဲ့သော လိပ်ပြာမသန့်မှုများကို အမှန်အတိုင်း ဝန်ခံထားခြင်း ဖြစ်နိုင်သည်။ သူ ပြုခဲ့သော သစ္စာစကားက သီးခြားဟု နားလည်စေသည်။

လိပ်ပြာသန့်သော အိပ်မက်များ မြင်မက်ရသူ၏ ဘဝတစ်လျှောက်လုံး အေးချမ်းသာယာမည် ဖြစ်ကြောင်း ဆက်လက်တွေးမြင်နိုင်သည်။ ထိုသစ္စာစကားသည် စာဖတ်ပရိသတ် အမျိုးမျိုးအတွက် မှုကွဲ များစွာ ဖြစ်နိုင်ပေသည်။

ဝတ္ထုတိုတွင် ဇာတ်ဆောင်သည် အဓိက ကျလှသည်။ တာရာမင်းဝေ၏ 'လိပ်ပြာ' ဝတ္ထုတိုတွင် ဇာတ်ဆောင်နှစ်ယောက်စလုံးကို မည်သူမည်ဝါဟု မပြောထားပါ။ ဇာတ်ဆောင်လက္ခဏာ ဝေဝါးနေသည်။ အချိန်၊ နေရာနှင့် နောက်ခံ ဝန်းကျင်ကိုလည်း ဖျောက်ထားပါသည်။ ဇာတ်ဆောင်တို့ကို စွဲငြိကျန်စေသည့် စရိုက်သဘာဝ သရုပ်ဖော်မှု မပါပါ။ စာရေးဆရာက မည်သည့်ဇာတ်ဆောင်နေရာတွင် ဝင်၍ ရေးနေသလဲ ဆိုသည်ကို စဉ်းစားစရာ ဖြစ်ပါသည်။ ကျွန်တော်၏နေရာမှ ဝင်ရေးသည့်သဘောကို တွေ့ရသည်။

ဇာတ်ဆောင်တို့၏ အလုပ်အကိုင် အဆင့်အတန်းကိုလည်း မဖော်ပြ။ စာဖတ်သူက သတ်မှတ်ချင်သလို သတ်မှတ်နိုင်သည်။ လူတွေမှာ ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ အမည်းစက် ကင်းရန် လိုသည် ဟူသော အတွေးအမြင်၊ လူ့ဘဝရပ်တည်မှုတွင် လိပ်ပြာသန့်စွာ နေထိုင်ရေးသည် မှန်ကန်သော ဘဝနေနည်းများ ဖြစ်ကြောင်း ဖော်ပြလိုသော အတွေးအမြင်၊ ကိုယ်လုပ်သမျှ ကုသိုလ်၊ အကုသိုလ်များက ကိုယ့်ကို နိဗ္ဗာန်နှင့် ငရဲကို ခေါ်သွားမည် ဖြစ်ကြောင်း ဖော်ပြလိုသော အတွေးအမြင်တို့က ဇာတ်ဆောင်တို့၏ အဆင့်အတန်းကို ဖော်ပြလျက် ရှိသည်။ စာဖတ်သူများက ကိုယ့်ဘာသာ သတ်မှတ်ရမည့်သဘော ဖြစ်သည်။ မော်ဒန်ဝတ္ထုတိုများတွင် ဇာတ်လမ်းမဲ့သည်ဟု ဆိုကြသော်လည်း ဇာတ်ဆောင်မဲ့ဟု မည်သူကမျှ မသုံးနှုန်းကြောင်း ဆရာဇော်ဇော်အောင်က ဆိုပါသည်။

လိပ်ပြာဝတ္ထုတိုတွင် ဇာတ်လမ်း၏ အရေးပါမှု လျော့နည်းနေပါသည်။ ဇာတ်ဆောင်တို့၏ လုပ်ရပ်များကိုလည်း အနုစိတ် ရေး၍ မပြပါ။ ဇာတ်ဆောင်များက စာရေးဆရာ ပေးလိုသော အာဘော်သို့ ရောက်အောင် အပိုအလိုမရှိ သယ်ဆောင်သွားကြပါသည်။ ဇာတ်ဆောင်စရိုက် ဖော်ပြရာတွင် 'အပြ'နှင့် ဖန်တီးသည်။ ဇာတ်ဆောင်တို့၏ အသက်အရွယ်ကိုလည်း မသိရ။ သူတို့တွေ့ကြခြင်း၊ မတွေ့ကြရခြင်းသည် မည်သည့်အကြောင်းကြောင့် ဆိုသည်ကိုလည်း မသိရပေ။ သူတို့နှစ်ဦး၏ ပတ်သက်မှုကိုလည်း မသိနိုင်ချေ။

ကျော်စောမင်းကလည်း 'ဝတ္ထုတို၏ အခြေခံသဘောများ (၂) ဓာတ်ဆောင်' တွင်-

"မော်ဒန်ဝတ္ထုတိုများ၊ ဖြစ်တည်မှုဝါဒီ စာရေးဆရာတို့၏ ဝတ္ထုများတွင် စရိုက်ရှင်များကို တွေ့ရသည်" ဟု ဆိုထားပါသည်။

တာရာမင်းဝေ၏ လိပ်ပြာဝတ္ထုသည် မော်ဒန်ဝတ္ထုတို ဖြစ်သည်။ လိပ်ပြာဝတ္ထုတိုထဲမှ ဓာတ်ဆောင်သူ၏ စရိုက်မှာ စရိုက်ရှင် ဖြစ်သည်။ အခြားဓာတ်ဆောင် 'ကျွန်တော်'မှာလည်း ကိုယ်တိုင်ပြော ရှုထောင့်မှ ကိုယ့်အကြောင်း ကိုယ်ပြောနေခြင်း မဟုတ်။ ဓာတ်ဆောင် 'သူ' အကြောင်းကိုလည်း ခရေစေ့တွင်းကျ ပြောပြနေခြင်း မဟုတ်။ မကောင်းမှုပြုပြီးနောက် မက်သော သူ၏ အိပ်မက်များကို သူအတိုင်း ဖန်တီးထားသည်။ 'ကျွန်တော်'က လုံးဝ ဝင်မပြောပေ။ 'သူ'ပြောပြ၍ 'ကျွန်တော်'က သိရခြင်း ဖြစ်သည်။

ဟိန်းလတ်က တာရာမင်းဝေနှင့် စာပေအင်တာဗျူးရာတွင် တာရာမင်းဝေ၏ ဝတ္ထုတွေကို မော်ဒန်ဆန်သည်၊ ဒဿနဆန်သည်၊ ဖြစ်တည်မှုပဓာနရနံ့တွေ သင်းနေသည်ဟု ဆိုရာ ထိုအဆိုကို တာရာမင်းဝေက အတိုင်းအတာ တစ်ခုအထိ မှန်ကြောင်း၊ အနုပညာ လွတ်လပ်ခွင့်ကို ပေးထားသည့် ဘောင်ထက် ပိုလိုချင်ကြောင်း၊ အနုပညာ၏ ကိုယ်ပိုင်နယ်မြေကို လိုချင်သောကြောင့် ဖန်တီးယူလိုက်တာ ဖြစ်ကြောင်း ဆိုခဲ့ပါသည်။

'ကျွန်တော့်ဝတ္ထုတိုထဲက ဓာတ်ကောင်တွေက သစ်ပင်တွေနဲ့လည်း စကားပြောလို့ ရတယ်။ တိရစ္ဆာန်တွေနဲ့လည်း စကားပြောလို့ ရတယ်။ လွတ်လပ်စွာ ဖြစ်တည်သွားကြတယ်' ဟု ဆိုပါသည်။

ရေမွန်ကာဗာက မော်ဒန်ဝတ္ထုတိုကို ဖွင့်ဆိုရာတွင်-

"အများနှင့်ဆိုင်သော နေရာ၊ အများနှင့်ဆိုင်သော အကြောင်းအရာများ ဖြစ်ပြီး ဓမ္မဓိဋ္ဌာန် ကျရမည်။ မှန်ကန်ထင်ရှားစွာ ဖော်ပြသော ဘာသာစကားနှင့် ပုံဖော်ရာတွင် ကုလားထိုင်တစ်လုံး၊ တံခါးတစ်ချပ်၊ လိုက်ကာတစ်ခု၊ ခက်ရင်းခွတစ်ခု၊ ကျောက်ခဲတစ်လုံး၊ နားဆွဲတစ်ရန် စသည်တို့က အလွန်ကြီးမားပြီး တုန်လှုပ်ချောက်ချားဖွယ်ရာ စွမ်းအားတွေနှင့် အရည်အသွေးကို ပေးသည်"

ဟု ဆိုထားသဖြင့် တာရာမင်းဝေ၏ လိပ်ပြာဝတ္ထုတိုမှာ မော်ဒန်ဝတ္ထုတို ဖြစ်သည်။ ဓာတ်ဆောင်တို့၏ လွတ်လပ်ခွင့်ကို အပြည့်အဝ ယူထားပါ

သည်။ မကောင်းမှုပြုသူ ဇာတ်ဆောင်က ကောင်းမှုပြုသောအခါ သူ ပြုသော ကောင်းမှုကံသည် အတုယူသင့်ပါက ယူရမည် ဖြစ်ကြောင်း တွေးဆနိုင်သည်။ 'ငရဲက ပြန်တက်လာသူကြီး' ဟူသော အသုံးကြောင့် မကောင်းမှု ပြုသူသည် ငရဲသို့ ဧကန်မုချ ရောက်မှာသေချာကြောင်း ဆိုလိုရာရောက်သည်။ တောင်းသော ဆုနှင့် ပြည့်ခြင်း၊ မပြည့်ခြင်းကိုမူ ဖော်ပြခြင်း မရှိ။ မကောင်းမှု ပြုသူလည်း ဆုတောင်း၍ ရသည်။ ပြည့်၊ မပြည့် မသေချာ ဟူသော သဘောကို ဖော်ပြချင်သောကြောင့် ဆုတောင်းမှာပင် အဆုံးသတ်ထားသည်။

ဝတ္ထုတိုသည် အနုပညာ ဖန်တီးမှုလက်ရာ ဖြစ်သည်။ တကယ့် အရှိတရားနှင့် ဟုတ်ယောင်မှု ပေါင်းစပ်ထားသော အနုပညာပစ္စည်းလည်း ဖြစ်သည်။ တကယ့်အဖြစ်အပျက် သက်သက်မဟုတ်ပါ။ တကယ့်အဖြစ်အပျက်ကို ဖန်တီးသူ စာရေးဆရာ ပေးလိုသော အာဘော်သို့ ရောက်အောင် လိုတိုးပိုလျှော့ထားခြင်းလည်း ဖြစ်ပါသည်။

ဆရာတက်တိုးက သူ၏'ဇာတ်လမ်းမဲ့ဝတ္ထု' ဟူသော ဆောင်းပါးတွင်-

"ဝတ္ထုတိုကောင်းတစ်ပုဒ်သည် ဖျော်ဖြေမှုအတွက် အမြင်နှင့် နားလည်မှု၊ စာနာမှုတို့ ပိုမိုလေးနက် ကျယ်ပြန့်ရန်အတွက် ဖြစ်သည်"

ဟူသော 'ယနေ့ အင်္ဂလိပ်ဝတ္ထုတိုများ' စာစဉ်အယ်ဒီတာ ဒင်န်ဒါးဗင်း၏ အဆိုကို ထည့်သွင်းထားပါသည်။ တာရာမင်းဝေ၏ 'လိပ်ပြာ' ဝတ္ထုတိုသည် စာဖတ်သူ၏အမြင်နှင့် နားလည်မှု၊ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်စေလိုမှု··· စသည့် အတွေးအမြင်တို့ကို ပိုမို လေးနက်စေပါသည်။

ဆရာအောင်သင်းက ဝတ္ထုတိုကို သုံးမျိုး ခွဲထားပါသည်။ ဇာတ်လမ်းပဓာန၊ ဇာတ်ကောင် ပဓာန၊ အမြင်ပဓာန ဝတ္ထုတိုများ ဟူ၍ ဖြစ်ပါသည်။ တာရာမင်းဝေ၏ 'လိပ်ပြာ' ဝတ္ထုတိုမှာ အမြင်ပဓာန ဝတ္ထုတို ဖြစ်ပါသည်။

ကျော်စောမင်းက ဝတ္ထုတို အဟောင်းနှင့် အသစ်ကို ခွဲခြားပြရာတွင် ဝတ္ထုတို အဟောင်းက ထိထိမိမိ အဖြစ်အပျက်များ၊ ဇာတ်လမ်းများကို ရေးလေ့ရှိပြီး ပြုမူလှုပ်ရှားပုံ အဓိကဖြစ်ကြောင်း၊ အသစ်မှာ စိတ်၏သဘောနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ခံကားကို အထူးပြုကာ အတွေးကို အားပြုဖွဲ့ထားကြောင်း ဆိုခဲ့ပါသည်။ 'လိပ်ပြာ' ဝတ္ထုတိုသည် စိတ်နှင့် စေတသိက်တို့ကို ဦးစားပေးလာသော မော်ဒန်ဝတ္ထုတို ဖြစ်သည်။

"တချို့က မော်ဒန်ဝတ္ထုတို ဆိုသည်မှာ ရေးသူတွေက အလကားနေရင်း အဆန်းထွင်လိုက်သော စတန့်တစ်မျိုးဟု ထင်နေတတ်ကြ၏။ ထိုသို့ ထွင်လိုက်သည်ပင် ဖြစ်စေ၊ ထိုစာရေးသူသည် အဟောင်းတောတွင် မွန်းကျပ်နေ၍ ရုန်းထွက်သည့်အနေဖြင့် အသစ်အဆန်း တီထွင် စမ်းသပ်မှုမျိုး လုပ်လိုက်ခြင်းမှာပင်လျှင် မွန်းကျပ်မှု တည်းဟူသော ခေတ်၏ ရိုက်ခတ်မှုကို တွေ့နိုင်ပါ၏"

ဟု ဆိုထားသည်။

'လိပ်ပြာ'ဝတ္ထုတိုသည် ဦးတည်ချက်၊ ခေတ်ပြိုင်ခံစားမှုသဘော ပါဝင်နေသည့် မော်ဒန်ဝတ္ထုတို တစ်ပုဒ်ဖြစ်သည်။ အများဆိုင် စာမျက်နှာကို ဖော်ပြသော ဝတ္ထုတိုလည်း ဖြစ်သည်။ တိုသောဝတ္ထုဖြစ်ပြီး ရှည်သော အတွေးစများကိုလည်း ပေးသည်။ ပေးသော အတွေးအမြင်များကလည်း အများနှင့်ဆိုင်သော အရှိတရားများ ဖြစ်သည်။ ပုံသဏ္ဌာန်ပိုင်းရော၊ အကြောင်းအရာပိုင်းပါ လိုက်ဖက် ညီညွတ်မှု ရှိပေသည်။

ဝတ္ထုတိုသည် ခေတ်၏အသံ ဖြစ်သည်။ ခံစားမှု၏ ထွက်ပေါက်လည်း ဖြစ်သည်။ မြန်မာဝတ္ထုတိုများသည် ခေတ်အခြေအနေကို လိုက်၍ ပြောင်းလဲနေသည်ကား အမှန်ပင် ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် မြန်မာစာပေလောက၌ မော်ဒန်ဝတ္ထုတိုများကို စတင်တွေ့လာရသည်။ အများ နားမလည်သော ဝတ္ထုတိုများလည်း တွေ့ရသည်။ ရင်ကို ထိမှန်စေသော မော်ဒန်ဝတ္ထုတိုကောင်းများကိုလည်း ရှာဖွေတွေ့ရှိရပါသည်။ ဖန်တီးသူ၏ စေတနာမှန်၊ ခံစားမှုမှန်နှင့် ရိုးသားမှု ပေါင်းစပ်ထားသော အနုပညာပစ္စည်းသည် လောကကို တစ်စုံတစ်ရာ အကျိုးပြုမည် ဆိုသည်ကို တာရာမင်းဝေ၏ 'လိပ်ပြာ'ဝတ္ထုမှ ပေးသော အတွေးအမြင်များနှင့် သက်သေထူလိုပါသည်။ မြန်မာဝတ္ထုတိုများ တစ်စတစ်စ ဖွံ့ဖြိုးလာသည့် သဘောကိုလည်း တွေ့ရပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၁၈၊ နိုဝင်ဘာလ၊ ၂၀၁၀။

* * *

ဝင်းစည်သူ၏ 'ရေသည်ယောက်ျားနဲ့ ဆဒ္ဒန်ဆင်မင်း' ဝတ္ထုတိုမှ အယူအဆနှင့် ယုတ္တိတန်မှု

ဝင်းစည်သူ၏ 'ရေသည်ယောက်ျားနဲ့ ဆဒ္ဒန်ဆင်မင်း' ဝတ္ထုတိုသည် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုတို ဖြစ်ပါသည်။ ၁၉၉၂ ခု၊ ဇူလိုင်လတွင် ထုတ်ဝေသော ဝင်းစည်သူ၏ '(၉၀)ဝန်းကျင် ဝတ္ထုတိုများ'တွင်လည်း ပါဝင်သည်။ ၂၀၁၀ ပြည့်နှစ်၊ မေလတွင် ထုတ်ဝေသော 'အမှတ်တရ ရွှေ (၆၄)'တွင်လည်း ဖော်ပြထားသည်။

ဝင်းစည်သူသည် စာဖတ်သူကို တစ်စုံတစ်ရာ ထိရှခံစားနိုင်အောင် ဖန်တီးနိုင်သော ဝတ္ထုတိုဆရာ ဖြစ်သည်။ သူ့ဝတ္ထုတိုများထဲတွင် ခေတ်ပြိုင်ခံစားမှု၊ လေးနက်သော အတွေးဒဿနတို့ ပါသည်။ သူ၏ 'ရေသည်ယောက်ျားနဲ့ ဆဒ္ဒန်ဆင်မင်း' ဝတ္ထုတိုကို လေ့လာခြင်းအားဖြင့် ဝတ္ထုနှင့် ယုတ္တိတန်မှုသဘော၊ ဝတ္ထုနှင့် ဒဿနတို့ ဆက်နွယ်နေသည့် သဘောကို တွေ့နိုင်သည်။

ဝတ္ထုတိုကို ကိုယ်တိုင်ပြောရှုထောင့်မှ ပြောသွားသည်။ အပြောဝတ္ထုတိုဟု ဆိုရပေမည်။ အပြောကောင်းသူတစ်ယောက် ပြောသော လူတစ်ယောက်၏ အကြောင်းအရာ ဖြစ်သည်။ ပြောနေသည့် ဇာတ်ဆောင်က မြန်မာစာဆရာ၊ အပြောခံရသည့် ဇာတ်ကောင်က သူ့တပည့်လေးတစ်ယောက် ဖြစ်သည်။ တပည့်တွေ အများကြီးကြားမှာ ထူးခြားသော 'တပည့်လေး' ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) ကျောင်းသားလေးက သူ သင်ရသော မြန်မာစာဘာသာရပ်ထဲမှ စာပေအကြောင်းအရာများကို ဝေဖန်ထားခြင်း ဖြစ်သည်။ သူ တိုင်းသောပေတံက 'ယုတ္တိတန်မှု'နှင့် ပတ်သက်နေသည်။

ဝတ္ထုတိုနှင့် ယုတ္တိတန်မှု

ဖန်တီးသူက မိမိ ဖန်တီးလိုက်သော ဇာတ်ဆောင်များ၊ ဖြစ်ရပ်များ စသည့် အကြောင်းအရာတို့ကို လူအများ ခံစားနိုင်အောင်၊ ယုံကြည်လက်ခံနိုင်အောင် အားထုတ်ကြသည်။ တချို့ကလည်း လူအများ ခံစားခြင်း၊ ယုံကြည်လက်ခံခြင်းအတွက် ဖန်တီးခြင်း မဟုတ်။ မည်သို့ပင်ဖြစ်စေ အကြောင်းအရာ ချိတ်ဆက်ရာတွင် ဖြစ်စေ၊ ဇာတ်ဆောင်ဖန်တီးရာတွင် ဖြစ်စေ ယုတ္တိတန်ရန် လိုအပ်ပါသည်။ 'ကလေးဖြစ်ပြီး လူကြီးစကားတွေ ပြောတယ်' ဟူသော ဝေဖန်ချက်မျိုးသည် ယုတ္တိမရှိမှုကို ဖော်ညွှန်းနေသည်။

ကျော်အောင် ဘာသာပြန်သော 'ဝတ္ထုတို' စာအုပ်တွင်-

"စာရေးဆရာသည် သူ ဖန်တီးသည့် ဇာတ်ဆောင်များတွင် လူနှင့်တူသည့် စရိုက်အချို့ ထည့်သွင်းဖော်ပြနိုင်ရမည်။ သို့သော် သူ ဖော်ပြသည့် လူနှင့် တူသည့် စရိုက် ဆိုသည်မှာ သူ ဖန်တီးသည့် ဇာတ်ဆောင်၏စရိုက်နှင့် အံဝင်ခွင်ကျ မဖြစ်လာ။ ထိုအခါ စာဖတ်သူသည် သူ့ဇာတ်ကောင်များကို မယုံကြည်တော့။ လူနှင့်မတူဟု ကောက်ယူကြတော့သည်"

ဟူ၍ ဆိုထားသည်။ ရှေ့စကားနှင့် နောက်စကား မညီလျှင် ထိုသူကို လူတို့မယုံကြည်ကြသကဲ့သို့ ရှေ့နောက် မညီညွတ်သော အကြောင်းအရာသည်လည်း စာဖတ်သူ၏ ယုံကြည်မှုကို မရနိုင်ပေ။

ရေသည်ယောကျ်ားသည် ဦးပုည၏ ရေသည်ပြဇာတ်ထဲမှ အဓိက ဇာတ်ဆောင် ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းမှာလည်း ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ဝတ္ထုတိုထဲမှ အဓိကဇာတ်ဆောင် ဖြစ်ပါသည်။ ထိုပြဇာတ်နှင့် ထိုဝတ္ထုတိုထဲမှ အဆစ်အကန့်တစ်ခုကို တက္ကသိုလ်ဝင်တန်းတွင် သင်ရန် ပြဋ္ဌာန်းထားပါသည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ မြန်မာစာဆရာနှင့် ကျောင်းသားလေး၏ အတွေးအမြင်၊ အယူအဆတို့မှာ စိတ်ဝင်စားစရာ ဖြစ်ပါသည်။ မြန်မာစာဆရာသည် ဇာတ်ကြောင်းပြောသူ ဖြစ်သည်။ First person point of view (ပြောသူ နာမ်စားရှုထောင့်)မှ နေ၍ ကိုယ့်အကြောင်းကိုလည်း ပြောသည်။

"ကျုပ်ဟာ ကျောင်းကြီးတစ်ကျောင်းက အထက်တန်းပြ မြန်မာစာဆရာပါ။ အာပေါက်အောင်လည်း သင်ရ၊ လက်ညောင်းအောင်လည်း စစ်ရဆိုတဲ့ ဆရာတစ်ယောက်ပါ။

မှန်တာ ပြောမယ်နော်။ ဒီပြင်စာတွေကို စစ်ရရင် ကျုပ် သိပ်ပျင်းတာပဲ။ ခက်ဆစ်တွေ၊ အလင်္ကာတွေ၊ ကဗျာတွေ၊ စကားပြေတွေ၊ ရေသည်ပြဇာတ် စကားစပ်တွေကို ပြောတာပါ။ အလွန် လေးလံထုံထိုင်းစေတဲ့ သဒ္ဒါ ဆိုတာက တော့ အဆိုးဆုံးပေါ့။ စာစီစာကုံး စစ်ရာမှာတော့ ကျုပ် လုံးဝ မပျင်းဘူး။ ရေးချင်သလောက် ရေးခဲ့ကြ၊ ဘယ်နှပုဒ် ရေးမလဲ။ တစ်အုပ်ပြီး တစ်အုပ်၊ တစ်ပုဒ်ပြီး တစ်ပုဒ်။

လူငယ်တွေရဲ့အတွေး၊ လူငယ်တွေရဲ့အရေးကို ကျုပ်က သိပ်သဘော ကျတာ။ လူကြီးတွေ ရေးတဲ့ ရောင်းတမ်းစာစီစာကုံးတွေထဲက မှီးချတာမျိုး ဆိုရင်တော့ ကျုပ် လုံးဝ အားမပေးဘူး။ ကိုယ်နဲ့မတော်တဲ့ အင်္ကျီကြီးကို အငှားဝတ်တာနဲ့ တူတယ်လို့ ကျုပ် အမြဲ ပြောနေကျ၊ ပြစ်တင်ရှုတ်ချနေကျ။ ဟုတ်တယ်လေ လူငယ်ဟာ လူငယ်လိုပဲ ဖြစ်မှပေါ့။ နုတဲ့အရွယ်မှာ နုသလို တွေးသလိုရေးမှ သန့်ရှင်း စင်ကြယ်တော့မှာပေါ့။ အတွေးရဲရဲ၊ အရေးရဲရဲ ဖြစ်တော့မှာပေါ့"

ဟူ၍ ဇာတ်ကြောင်းပြောသူက ကိုယ့်အကြောင်း ကိုယ် ပြောခြင်း ဖြစ်သည်။ သူကိုယ်တိုင်မှာလည်း အဓိကဇာတ်ဆောင် ဖြစ်နေသည်။ ဇာတ်ဆောင် ဖြစ်သူ မြန်မာစာဆရာက ကျောင်းသားတွေ၏ ကိုယ်ပိုင်အတွေး၊ အရေးကို သဘောကျကြောင်း၊ ကျောင်းသားတစ်ယောက်၏ မြန်မာစာ အရည်အချင်း ကို စာစီစာကုံးကသာ အဆုံးအဖြတ် ပေးနိုင်ကြောင်း၊ စာစီစာကုံး ဆိုတာ တကယ့်ပင်လယ်ကြီး ဖြစ်ကြောင်း၊ သူ့ကလေးတွေကို သောကြာနေ့တိုင်း တစ်ပတ် တစ်ပုဒ် ရေးခိုင်းကြောင်း၊ မိနစ်လေးဆယ်အတွင်း ပြီးအောင် ရေးခိုင်း ကြောင်း၊ ခေါင်းစဉ်ကိုလည်း ကြိုမပြောကြောင်း၊ ရုတ်တရက် ပေးသည့် ခေါင်းစဉ်ကို ဖျတ်ခနဲ တွေးစေပြီး ဖြုန်းခနဲ ရေးရသည့် လေ့ကျင့်မှုမျိုး လုပ်ခိုင်း သူ ဖြစ်ကြောင်း ပြောပြသည်။ ကိုယ့်အကြောင်း ကိုယ်ပြောရခြင်း ဖြစ်၍ အားပါးတရ ပြောသည့် လေသံမျိုးကို ခံစားရစေသည်။

တပည့်လေး၏ အကြောင်းကို ဇော်မျိုးအောင် ဟုခေါင်းစဉ်ငယ် သဘောမျိုး တပ်ပြီး အကန့်ခွဲကာ ရေးပြသည်။

တပည့်တွေထဲမှာ ဇာတ်ဆောင် 'ဆရာ' သဘောကျသော ကလေး ဖြစ်ကြောင်း၊ ခိုင်းချင်တဲ့ ခေါင်းစဉ်ခိုင်း၊ ကျုပ်စားပွဲပေါ်ကို ပထမဦးဆုံး စာအုပ်

လာထပ်နိုင်တယ်။ လက်ရေးလက်သား သတ်ပုံအကျအပေါက်၊ စာပိုဒ်အခွဲအတွဲ ဘာတစ်ခုမှ ပြောစရာမလိုဘူး ဟူ၍ စာစီစာကုံး အရေးကောင်းပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အရေး ဖြစ်ကြောင်း၊ နိဒါန်းကို နိဒါန်းနှင့် တူအောင်၊ စာကိုယ်ကို စာကိုယ်နှင့် တူအောင်၊ နိဂုံးကို နိဂုံးနှင့် တူအောင် ရေးနိုင်သူဖြစ်ကြောင်း ပြောပြီး 'မွေးရပ်မြေ' ဆိုသည့် စာစီစာကုံးကို ရေးပြသွားပုံကို အသေးစိတ်ပြောပြပြီး သူ့ခံစားမှုကို ဖော်ပြသည်။

'သူများတွေလို နတ်ချောင်းရေယဉ် မြကွင်းပြင်ဝယ်၊ ကောက်ပင်စိမ်းလဲ့' ဆိုတဲ့ စာကို စကားတွေနဲ့ တမင်ဖမ်းစားနေတာမျိုးလည်း မဟုတ်ဘူး။ သူ့စာ ဆယ်ကြောင်း၊ ကိုယ့်စာတစ်ကြောင်းနဲ့ ကိန်းကြီးခန်းကြီး လုပ်နေတာမျိုးလည်း မဟုတ်ဘူး။ ရွာရဲ့ အလှအပတွေထက် မလှပတဲ့ တောသူတောင်သားတွေရဲ့ ဘဝကို ခြယ်မှုန်းပြတယ်။ မနက်မှာ ထန်းတက်၊ ညနေမှာ ယာဆင်းရမယ့် ထမင်းနပ်မမှန်တဲ့ အကြောင်းတွေလည်း ပါတယ်။ ရိုးသားခြင်း၊ ဖြူစင်ခြင်းဆိုတဲ့ အရာတွေဟာ တောမှာပဲ ကျန်တော့တယ် ဆိုတဲ့ အကြောင်း၊ ဒါကြောင့် တောသားလို့ ကင်ပွန်းတပ်ခံရပေမယ့် သူ ဂုဏ်ယူတဲ့ အကြောင်းတွေကို လိပ်ပတ်လည်အောင် ရေးပြသွားတယ်။

သူ့စာ ဖတ်ရင်းမှာပဲ ကျုပ်နှာခေါင်းဝမှာ တောနံ့တွေ သင်းလာတယ်လို့ ခံစားရတယ်။ ငဘတို့၊ ကိုဆေးရိုးတို့၊ ကိုဒေါင်းစိန်တို့ကို ကျုပ်မျက်စိထဲ ပြန်ပြီး မြင်ယောင်လာတယ်။ ဒီကတည်းက ဒီအကောင် ငယ်တော့ ကျောင်းစာအပြင်၊ ပြင်ပစာတွေကို လိုက်စားထားလေရဲ့လို့ ကျုပ် ခန့်မှန်းပြီးသားပါ' ဟူ၍ ဖော်မျိုးအောင်က ပြင်ပစာတွေ ဖတ်ပုံကို ဆွဲရေးပြသည်။

'အိမ်နောက်ဖေး ဈေးဆိုင်တည်' ဆိုတဲ့ ခေါင်းစဉ်ကို ရေးခိုင်းသောအခါမှာလည်း 'တာဝါလိန်းအိမ်ကြီးရဲ့ နောင်ဖေးမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပေါက်ပြားတစ်လက်နဲ့ စိုက်ဖို့ ပျိုးဖို့ ပြင်ဆင်နေတဲ့ပုံဟာ သူ့မျက်စိထဲက ဘယ်တော့မှ မထွက်နိုင်တော့ဘူး' တဲ့။

"လွတ်လပ်ရေးရဖို့ ကြိုးပမ်းနေရတဲ့ နေ့မအား ညမနား ကာလကြားဗိုလ်ချုပ်လိုလူကတောင်မှ အိမ်နောက်ဖေးမှာ စိုက်ခင်းပျိုးခင်း ဖြစ်စေဖို့ ဝါယမစိုက်ထုတ်နိုင်သေးရင် လွတ်လပ်ရေး အသီးအပွင့်တွေကို ခံစားပြီး အချိန်များစွာပိုနေတဲ့ ကျွန်ုပ်တို့လိုလူတွေက ဘာကြောင့် မလုပ်နိုင်ရမှာလဲတဲ့။ တစ်အိမ်မှ

တစ်ရပ်၊ တစ်ရပ်မှတစ်ရွာ၊ တစ်ရွာမှတစ်မြို့၊ တစ်မြို့မှတစ်နိုင်ငံလုံးသာ အိမ်နောက်ဖေး ဈေးဆိုင်တည်ကြမယ် ဆိုရင် ပြည်တွင်း စားနပ်ရိက္ခာ ပေါပြည့် လျှံလာတော့မှာ အသေအချာပဲ… စာစစ်ရင်းနဲ့ ကျုပ်မှာလည်း ဆေးလိပ်မီးက ခဏခဏ ငြိမ်းလို့" စသည်ဖြင့် ဇော်မျိုးအောင် အတွေးအမြင် မှန်ကန်ပုံကို ဖော်ပြသည်။ ဇော်မျိုးအောင် တော်ခြင်းမှာ အမေးအမြန်း ထူသောကြောင့် ဖြစ်ကြောင်း၊ အပြင်မှာလည်း အပြင်မှာမို့ မေးသလို အိမ်အထိ လိုက်မေးတာမျိုး လည်း ရှိကြောင်း ပြောပြသည်။

"ကျွန်တော်တို့အရွယ်မှာ ဘယ်လိုစာတွေ ဖတ်သင့်သလဲ ဆရာ၊ ဆရာ့ဆီမှာ ဘာဖတ်စရာရှိလဲ၊ ရှိရင် ငှားစမ်းပါ ဆရာ၊ ကျွန်တော် ရိုရိုသေသေ ကိုင်မှာပါ၊ ဖတ်ပြီးရင်လည်း ချက်ချင်း ပြန်ပေးမှာပါ ဆိုတာက ပါသေး" ဟူ၍လည်း ဇော်မျိုးအောင် အပြင်စာကို လိုလိုလားလား ဖတ်ပုံကို ထောင့်စုံမှ ပြောပြသွားခြင်း ဖြစ်သည်။

ဝတ္ထုတို၏ နောက်ဆုံး အကန့်မှာ ဇာတ်ကြောင်းပြောသူ ဆရာက တစ်ယောက်တည်း ဒိုင်ခံပြောပြခြင်း ဖြစ်သည်။

"ဆရာ၊ ဦးပုညတို့ခေတ်တုန်းက စာပေဝေဖန်ရေးဆရာတွေ မရှိသေး ဘူးနဲ့ တူတယ် ဆရာ။ ခုခေတ်လိုသာ ဝေဖန်ရေးဆရာတွေ ပေါလို့ကတော့ စုတ်ပြတ်သွားမှာ သေချာပေါက်ပဲ"

ဇော်မျိုးအောင်ရဲ့ စကားကြောင့် ကျုပ်နဖူးကြောတွေ ထောင်တက် သွားပြီး မျက်လုံးပြူးသွားမိတယ်။ ဒီကောင် ဘာကို ဆိုလိုတာလဲ၊ ဘာပြောချင် တာလဲ။

"ဆရာ သတိထားမိမလား မသိဘူး၊ ရေသည်ပြဇာတ်ထဲမှာ ရေသည် ယောက်ျားက သူ ဝှက်ထားခဲ့တဲ့ ငွေလေးရွေးကို ယူဖို့ တောင်မြို့ရိုးကနေ မြောက်မြို့ရိုးကို သွားတယ်နော်"

"ရိုးရိုးသွားတာ မဟုတ်ဘူး၊ ပြေးတာကွ"

"တောင်မြို့ရိုးနဲ့ မြောက်မြို့ရိုး ၆ ယူဇနာ ကွာတယ်တဲ့ ဆရာ၊ ငွေလေးရွေးကို ယူပြီးတာနဲ့ ရေသည်မိန်းမရှိရာ တောင်မြို့ရိုးကို ပြန်ရဦးမယ် ဆိုရင် နောက်ထပ် ၆ ယူဇနာ အသွားအပြန် ၁၂ ယူဇနာကြီးများတောင်မှပါလား ဆရာရယ်"

"အေးလေ··· အဲဒါ ဘာဖြစ်သလဲ"

"ရေသည်ပြဇာတ်စာအုပ်ရဲ့ နောက်ပိုင်းမှာပါတဲ့ ခက်ဆစ်အဖြေတွေကို ကျွန်တော် ကျက်တော့ တစ်ယူဇနာ ဆိုတာ ၁၂·၇၂ မိုင်လို့ တွေ့ရတယ် ဆရာ"

ကျုပ်လည်း အဲဒီစကားလုံးတွေကို နောကျေနေအောင် ရပြီးသားမို့ ခေါင်းညိတ်လိုက်ပါတယ်။

မြို့ရိုးတစ်ခုနဲ့တစ်ခု ၆ ယူဇနာ ကွာတယ် ဆိုပြီးမှတော့ မိုင် ၇၀ ကျော် ၈၀ နီးပါး ရှိနေပြီပဲ ဆရာရယ်၊ ဘယ်တိုင်းပြည်မှာ အဲသလို မြို့ရိုးကြီးမျိုး ရှိမှာတဲ့လဲ၊ အမေးဆို့ပြီး သေသေရချေရဲ့။ ကျွန်တော်တော့ ယုတ္တိမရှိဘူးလို့ ထင်တာပဲ။

"ဟကောင်ရ၊ ယုတ္တိကို ကြည့်စရာမလိုဘူးလေကွာ၊ အကြောင်းခြင်းရာနဲ့ ရသသဘောကိုပဲ လေ့လာရမယ့်ဥစ္စာ"

သူ့အပြောကို သဘောတကျကျနဲ့ ကျုပ်က ပြုံးပြုံးကြီး ကြည့်ပြီး စကားတွေ ဖာပေးရပေမယ့်လည်း သူကတော့ ခေါင်းကို တွင်တွင်ကြီး ယမ်းလို့···"

ဟူ၍ ဦးပုည၏ ရေသည်ပြဇာတ်ကို ဝေဖန်သွားပါသည်။

"ထို့နောက် စကားပြေ ကောက်နုတ်ချက်ထဲမှာ ပါသည့် 'သောနုတ္တရ မုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း' ကို ကောက်နုတ်ချက်တိုတိုကလေးနှင့် အားမရသောကြောင့် တစ်ပုဒ်လုံး ရှာဖတ်ကြည့်ကြောင်း၊ ယုန်မင်းဝတ္ထု၊ သူအိုမကြီးဝတ္ထု၊ ကာကဝလ္လိယဝတ္ထု၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု ဆိုပြီး လေးပုဒ်ပေါင်းထားသည့် စာအုပ်ကို အဟောင်းဆိုင်က ရခဲ့ကြောင်း ပြောသောအခါ ဆရာက ၁၉၆၄ ခုနှစ် ဝန်းကျင်လောက်က ဆရာတို့ ဆယ်တန်းကျောင်းသားဘဝမှာ သင်ယူခဲ့ရသော ဦးပုည ဝတ္ထုလေးပုဒ် ဆိုသည့် စာအုပ်ပြာမှိုင်းမှိုင်းကလေးကို ဒီကောင် မရမကရှာပြီး ကြုံကြုံဖန်ဖန် တွေ့ခဲ့ပြီ တူပါရဲ့" ဟု ကောက်ချက်ချပါသည်။

"ဆရာရယ်၊ ရှေ့ပိုင်းမှာ ဖွဲ့ထားတာကျတော့ ဆင်မင်းရဲ့ အစွယ်က လုံးပတ် ၁၅ တောင်၊ အရှည်အတောင် ၃၀ တဲ့၊ အင်မတိ အင်မတန် ခွန်အားကြီးပါတယ်ဆိုတဲ့ မုဆိုးတောင်မှ ပြတ်အောင်မဖြတ်နိုင်လို့ ဆင်မင်းကိုယ်တိုင် လွှကို နှာမောင်းနဲ့ပတ်ပြီး ဖြတ်ပေးရသတဲ့။ စူဠသုဘဒ္ဒါမိဖုရားဆီ ရောက်လို့ ဆက်တဲ့အခါကျတော့ အဲဒီအစွယ်ကို မိဖုရားက အရိုးရှည်ယပ်တောင်ကလေး

နဲ့ လှမ်းပြီး ခံယူ၊ ရင်ခွင်မှာပိုက်ပြီး ငိုသတဲ့ ဆရာရယ်။ ဆင်စွယ်ကလည်း ရှည်ရာက တိုပြီး ကြီးရာက သေးသွားလိုက်ပုံများ ပြောပဲ မပြောချင်တော့ပါဘူး။ ဘယ်မှာ ရှေ့စကားနဲ့ နောက်စကား ညီတော့လို့လဲ ဆရာရယ်" ဟူ၍ ဇော်မျိုးအောင် ပြောသောအခါ ဆရာဖြစ်သူက ဇော်မျိုးအောင်ကို ဘာမှ ခွန်းတုံ့မပြန်နိုင်တော့ပါ။ ဆရာက စိတ်တွင်းစကားပြော (interiormono-louge) ဖြင့် ပြောပြပုံဖြင့် အဆုံးသတ်ထားပုံမှာ-

"တကယ်ပါ ကျုပ်တော့ အငိုက်မိသွားပြီ။ မှန်တာကို ဝန်ခံပါမယ်။

ကျုပ်ရင်ထဲမှာ ဇော်မျိုးအောင်ကို အာဂကောင်ကလေးလို့ ကျိတ်ပြီး မှတ်ချက်ချလိုက်ရပြီလေ။ ဆဒ္ဒန်ဆင်မင်းကို ကျုပ်တို့လည်း ထိတွေ့ခဲ့တာပါပဲ။ သင်တဲ့ဆရာက အပြောကောင်းရင် ကောင်းသလို ဆင်မင်းကြီးအပေါ် လိုက်သနားလို သနား၊ မုဆိုးအပေါ် လိုက်မုန်းလိုမုန်း၊ သတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်၊ စူဠသုဘဒ္ဒါကို ကျိန်ဆဲလား ကျိန်ဆဲ။ ဒါ့ထက် မပိုခဲ့ဘူး။ ဒါ့ထက် မတွေးခဲ့ဘူး၊ ရသရေယဉ်ကြော မျောနေရရင် ပြီးတာပဲ။ ငြိမ့်လို့၊ ညောင်းလို့၊ သာယာလို့၊ မိန်းမူးလို့။ ခေတ်က ပြောင်းသွားပြီ။ ဇော်မျိုးအောင်တို့လို လူငယ်တွေကျတော့ ကျုပ်တို့ ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူး။ ဘာမဆို တွေးရမှု၊ သုံးသပ်ရမှု၊ ဝေဖန်ရမှု။ မဟုတ်ရင် မဟုတ်ဘူးလို့ ထောက်လိုက်ရမှု၊ မကြိုက်ရင် မကြိုက်ဘူးလို့ ထောက်လိုက်ရမှု၊ ယုတ္တိမရှိမှန်း သိတယ်။

ရှေ့စကား နောက်စကား မညီရင် မညီမှန်း သိတယ်။

ဘယ်လို ဦးနှောက်မျိုးတွေနဲ့များ မွေးလာတဲ့ ကလေးတွေတဲ့လဲဗျာ"

ဟူ၍ ဖြစ်ပါသည်။

ဤနေရာတွင် ဆက်တွေးစရာတွေ အများကြီးရှိသည်။ ဆရာ ပြောလျှင် ပြောသည့်အတိုင်း ယုံတတ်သည့်သူများနှင့် အကျိုးအကြောင်းသင့် စဉ်းစားတွေးခေါ်ခြင်း စွမ်းအား (reasoning power) ရှိသော လူငယ်များ၏ ကွာဟမှုက ဘာလဲ။ ရသစာပေများမှာ ယုတ္တိတန်မှု ဆိုသည်ကို ထည့်စဉ်းစားသင့်ပြီ ဖြစ်ကြောင်း သံချောင်း ခေါက်လိုက်တာလား။ စာရေးဆရာ ပြောပြသည့် ကျောင်းသားလေး ဇော်မျိုးအောင်၏ အကျိုးသင့် အကြောင်းသင့် စဉ်းစားတွေးခေါ်တတ်သည့် ဉာဏ်ရည်ကို သဘောကျသလို စာရေးဆရာတွေ တွေးပြသော အတွေး (စာရေးဆရာ၏ စိတ်တွင်းစကားပြောမှုတစ်ဆင့် ရရှိသော

အယူအဆ)က စာဖတ်သူ အားလုံးကို လင်းခနဲ လက်ခနဲ ဖြစ်သွားစေသည်ဟု ဆိုချင်ပါသည်။ ယနေ့ လူငယ်လေးတွေကို အထင်ကြီးချင်ပါသည်ဟု ဆိုချင်သော်လည်း ဇော်မျိုးအောင်လို လူငယ်လေးများ နည်းနေသေးသည်ဟု ပြောလျှင် ရော ရနိုင်ပါ့မလား။

လေးနက်၏ 'ရောင်စဉ်များရဲ့ အချွတ္တနဲ့ ရသနယ်ခြား အတွင်းရေး' စာအုပ်မှာ ဆရာဝင်းစည်သူက-

နိဂုံးဆိုတာ ဝတ္ထုတစ်ပုဒ်ရဲ့ ဝိညာဉ်ကို ထည့်ထားရာနေရာလို့ ပြောရင် ဖတ်ဖူးသလောက် ဒီကနေ့ ဝတ္ထုတို တော်တော်များများအတွက် မှန်လိမ့်မယ်လို့ တွေးမိပါတယ်ဟု ဆိုခဲ့ပါသည်။ ဝင်းစည်သူ၏ စိတ်တွင်းစကားပြောက ရေသည် ယောက်ျားနဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထုတို၏ ဝိညာဉ်ပင် ဖြစ်ပါတော့သည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀) နီးပါးခန့်က ဝတ္ထုတို ဖြစ်သော်လည်း စာရေးသူ၏ အယူအဆမှာ ခေတ်မီနေဆဲပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၂၀၊ ဇန်နဝါရီလ၊ ၂၀၁၁။

* * *

ဇော်ဇော်အောင်၏ 'ရှုပကာဝတ္ထုတို'

ဝတ္ထုတိုနှင့် ပတ်သက်ပြီး စာလုံးရေ၊ စာမျက်နှာ အရေအတွက်နှင့် သတ်မှတ်ချက်မျိုး ရှိသလို အကြောင်းအရာ၊ ပုံသဏ္ဌာန်ပိုင်းအရ သတ်မှတ်မှု မျိုးလည်း ရှိသည်။ ဇာတ်လမ်း၊ ဇာတ်ကွက် မပါသော အရေးအသားသက်သက် ကိုပဲ ဝတ္ထုတိုအဖြစ် ဖော်ပြကြသည်ကိုလည်း ဖတ်ဖူးပါသည်။ Journalism အရေးအသားတွေမှာ Fiction ဆန်ဆန် ရသရေးယှက်မှုမျိုးတွေ များလာပြီဟု အချို့က ဆိုကြသည်။ Fiction တွေမှာလည်း ကိုယ်ထည်၊ အကြောင်းအရာတွေ ပုံပျက်မှု ရှိလာကြသည်ဟုလည်း သုံးသပ်ကြသည်။ အချို့က ပုံပျက်မှုဟု မြင်သော်လည်း အချို့က ပြောင်းလဲမှုဟု မြင်နိုင်သည်။

ဝတ္ထုတိုအယူအဆနှင့် ပတ်သက်၍ ဝတ္ထုတို ရေးကာ ပြထားသော ဝတ္ထုတိုတစ်ပုဒ် ဖတ်ရသည်။ ၂၀၀၅ ခုနှစ်၊ ပိတောက်မြေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သောဝတ္ထုတို ဖြစ်သည်။ သုံးပွင့်ညီညာစာပေမှ (၂၀၀၈) ခုနှစ်တွင် ထုတ်ဝေသော ဇော်ဇော်အောင်၏ မိုးပိတောက်စကားပြေများ (လက်ရွေးစင်ဝတ္ထုတိုစု) တွင်လည်း ပြန်လည်ဖော်ပြထားသည်။

ဝတ္ထုတို၏အမည်မှာ 'ရှုပကာဝတ္ထုတို' ဖြစ်သည်။ အဆစ်အကန့် (၅) ခု ခွဲ၍ ပြထားသည်။

(၁) တွင် -

မျက်နှာငွေလ၊ ရှင်ပျုပျုနှင့်
ခင်မ ဝမ်းမြောက်ပါလေတော့။

ဦးပုည

ဟူသော 'ဆဒ္ဒန်ဆင်မင်း' ဝတ္ထုထဲတွင် ဆဒ္ဒန်ဆင်မင်းက သောနုတ္တရ မုဆိုးမှတစ်ဆင့် မိဖုရားသုဘဒ္ဒါဆီ မှာကြားသော အမှာစကားလေးနှင့် စထားသည်။ ထိုစကားကို ဘာကြောင့် ကောက်နုတ်ဖော်ပြရသနည်း ဟူသော အဖြေကို အဆစ်အကန့် (၂)တွင် ဖော်ပြထားသည်။

(ဦးပုည ဆိုသော ပုဂ္ဂိုလ်ကြီးသည် ဂရိတ်ကြီး ဖြစ်၏။ အခုထိ သူ့စာတွေကို နောက်လူတွေက သတိရနေကြတုန်း ဖြစ်သည်။ သူ့စာထဲက 'မျက်နှာငွေလ' သည် စာသင်သားများ ခေတ်အဆက်ဆက် အလွတ်ကျက်ခဲ့ရသော စာသားဖြစ်သည်။ 'ရူပကအလင်္ကာ' ဟုခေါ်ကြ၏။ ငယ်စဉ်တုန်းကတော့ မှတ်ထားဖူးသည်။ အခုတော့ မေ့တော့တော့ဖြစ်ပြီ။ သဘောကတော့ လမင်းနဲ့ အမျိုးသမီးတစ်ယောက်၏ မျက်နှာကို ထပ်တူပြုပြီး တင်စားထားတာပါပဲ။ လကြီးလို ဝိုင်းဝိုင်းကြီး ဆိုလျှင်တော့ အဲဒီမျက်နှာ ဘယ့်နှယ်နေရမလဲ။ မန္တလေးက လမုန့်ကို ပြေးမြင်သည်။ သိပ်ဟန်မကျ၊ ကြည်လင်အေးမြ ကြည့်မဝနိုင်ခြင်းကို တင်စားတာ ဖြစ်ပါလိမ့်မည်။ ချစ်သူမျက်နှာ လပြည့်ဝန်း၊ မောင့်လပြည့်ဝန်း ဘယ်သို့ ဘယ်ညာ တင်စားကြတာ အခုထိပါပဲ။ ဦးပုညရဲ့ မျက်နှာငွေလကို ကျော်နိုင်ကြရဲ့လား။ ကိုယ့်အရင်လူထက် ကိုယ်က သာအောင် ကြိုးစားတာပါပဲ။ ဒါထက် သိပ်မပိုပါဘူး ဟု ဆိုထားသဖြင့် ဆဒ္ဒန်ဆင်မင်း၏ အမှာစကားထဲမှ 'မျက်နှာငွေလ' ဟူသော ရူပကအလင်္ကာကို ပြောလိုခြင်း ဖြစ်ကြောင်း သိသာသည်။

အဆစ်အကန့် (၃)တွင် စာရေးဆရာ ပြောချင်သော အကြောင်းစကား Message ကို တွေ့ရသည်။

"ရူပကအလင်္ကာတဲ့။ အဲဒါ မဟုတ်တာကို ပြောတာပဲ။ တရားကို စစ်ရင် မမှန်တဲ့ စကားဟာ မုသားပဲ။ မိန်းကလေး မျက်နှာဟာ လမဟုတ်ဘူး။ ရူပကမဟုတ်ဘဲ ဥပမာအလင်္ကာနဲ့ ပြောမယ်ဆိုပါတော့။ လကဲ့သို့သော မိန်းမမျက်နှာ၊ ကြားထဲက ကဲ့သို့သော ဆိုတဲ့စကား ပါတယ်။ နှင့်တူသော ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါလည်း မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ မျက်နှာဟာ လနဲ့ မတူလို့ပါပဲ။ သေသေချာချာ လေးလေးနက်နက် စဉ်းစားပြီး ရှုမြင်သုံးသပ်ရင် အလင်္ကာမှန်သမျှ မမှန်စကား မုသားတွေချည်းပဲ။ တကယ်မဟုတ်ဘဲနဲ့ ပြောတာ၊ တကယ်မဖြစ်ဘဲနဲ့ ပြောတာ၊ အဲဒါ မုသားပေါ့။ မပြောသင့်ဘူး၊

တစ်ခုတော့ ရှိလေရဲ့။ အလင်္ကာ သုံးလိုက်လို့ နားဝင်ချိုတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကိစ္စတစ်ခု၊ အခြင်းအရာတစ်ခု၊ အခြေအနေတစ်ခုဟာ နားဝင်ချိုရုံ၊ နားထောင် ကောင်းရုံသက်သက်နဲ့တော့ဖြင့် တန်ဖိုးရှိတယ်လို့ မခေါ်နိုင်ပေဘူး။ လက်တွေ့အကျိုးသက်ရောက်မှုက အကျိုးစီးပွားကိုဆောင်မှ တန်ဖိုးရှိတယ်လို့ ခေါ်နိုင်ပေလိမ့်မည်။ အလင်္ကာမှုသားတွေမပါဘဲ အကျိုးစီးပွား တစ်စုံတစ်ခုကို တည်ဆောက်ကြဖို့ လိုပါတယ်'' ဟုပြောသည်။

ထိုသို့ ပြောနေသူသည် ဇာတ်ဆောင် ဖြစ်သည်။ ဇာတ်ဆောင်က စာရေးသူ ဇော်ဇော်အောင် ပြောချင်သော စကားတို့ကို ကိုယ်စားပြု ပြောနေသည်ဟု ယူဆသည်။ ဇော်ဇော်အောင်သည် မည်ကဲ့သို့သော လူစားဖြစ်သနည်း။ စာပေသြဇာရှိသူ ဖြစ်သည်။ စာပေသဘောတရားကို တက္ကသိုလ်မှာ သင်ပေးသူ ဆရာလည်း ဖြစ်သည်။ စာပေသဘောတရားနှင့် ဆိုင်သော စာအုပ်တွေလည်း ရေးခဲ့သူ ဖြစ်သည်။ ထိုကဲ့သို့သော စာရေးဆရာက ဝတ္ထုတို ရေး၍ ထုတ်ဖော်ပြသည်။ မှုသားမပါ လင်္ကာမချောလို့ ဆိုကြပေမယ့် ထိုအဆိုကို ဆန့်ကျင်လိုက်သည်။ မှုသားတွေချည်း ဖြစ်သွား၍ လင်္ကာ အချောလွန်သွားသောကြောင့်လား။ စဉ်းစားစရာ အတွေးစ ရှိနေသည်။ ဘယ်လို ဝတ္ထုတိုမျိုးတွေက နားဝင်ချိုရုံ အလင်္ကာတွေ သုံးထားသလဲ။ စဉ်းစား အဖြေရှာကြည့်မိရသည်။ ဝတ္ထုတို၏ တန်ဖိုးသည် မှုသားမပါဘဲ လက်တွေ့ အကျိုးသက်ရောက်မှု ရှိရမည် ဟူသော သဘောကို စဉ်းစားရသည်။

အဆစ်အကန့် (၄)တွင် ယောအတွင်းဝန် ဦးဘိုးလှိုင်၏ အလင်္ကာနိသျှ ကျမ်းကို ဖတ်ဖူးကြောင်း စာမျက်နှာ ၁၉၉ နှင့် ၂၂၅ ကို ကိုးကားစာသား ထုတ်ပြသည်။ စာမျက်နှာနှင့်တကွ ပြပြီး ကြွားလိုက်တာပါပဲ ဟုဆိုသေးသည်။ ထိုအလင်္ကာတွေ၊ အလင်္ကာ ရှင်းလင်းဖွင့်ဆိုချက်များသည် ခေတ်နောက်ကျ သွားပြီ ဆိုသော်လည်း ကျမ်းရိုးကို တွေ့အောင် လေ့လာသူတွေလည်း ရှိရမည် ဖြစ်ကြောင်း၊ ပညာကိစ္စနှင့် ပတ်သက်သော သဘောထားကို နားလည်ကြောင်း ပြောသည်။

''လူတွေအားလုံး အလင်္ကာ သိထားမှ ဖြစ်မယ် ဆိုတာတော့ မဟုတ်သေးဘူး။ အလင်္ကာ မသိလည်း ဒီနေ့ ဘာမှ မဖြစ်ပါဘူး။ ပြောချင်တာက စာရေးခြင်း အလုပ်၊ စကားပြောခြင်း အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းနေကြ

သူတွေကို ပြောချင်တာက တကယ်လည်း မဟုတ်ဘဲနဲ့ အလင်္ကာတွေ တော်ကြပါတော့လို့ ပြောချင်တာပါ။ အလင်္ကာမှုသားတွေ မပြောစတမ်း၊ အကျိုးစီးပွားတစ်စုံတစ်ခု တည်ဆောက်ကြဖို့ လိုပါတယ်။ တည်ဆောက်ကြပါစို့'' ဟူ၍ အလင်္ကာမပါဘဲ ပြောလိုသည့် အကြောင်းအရာ၊ ပေးလိုသည့် အသိကို တဲ့တိုးပြောပါသည်။ စာရေးသူက သူ့အယူအဆကို လွတ်လပ်ပွင့်လင်းစွာ ထုတ်ဖော်လိုက်သည်။ ဖတ်သူအနေနှင့်လည်း ရှင်းလင်းစွာ နားလည်သွားပါလိမ့်မည်ထင်သည်။ စာရေးသူ အထူးရည်ရွယ်ထားသော စာရေးခြင်းအလုပ်၊ စကားပြောခြင်း အလုပ်နှင့် အသက်မွေးသူတွေကတော့ သိကိုသိရပေမည်။

စာရေးသူသည် ဘာကြောင့် ဤဝတ္ထုကို ရေးဖြစ်ခဲ့သလဲ ဟူသော မေးခွန်း၏အဖြေကို အဆစ်အကန့် (၅)တွင် တွေ့ရသည်။

''ကဗျာတွေ စကားပြေတွေ ဖြစ်ကုန်ပြီလို့ ညည်းညူတဲ့အသံ ဆိတ်မယ်မှ မကြံသေးဘူး။ အခုတစ်လော အသံတွေ ထွက်လာပြန်ပြီ။ ဝတ္ထုတိုတွေဟာ ဝတ္ထုတိုနဲ့ မတူတော့ဘူး။ ရသစာတမ်းလိုလို၊ အက်ဆေးလိုလို၊ စာညွှန်းလိုလိုဖြစ်ကုန်ပြီလို့ ညည်းတဲ့အသံတွေ တစ်ကျော့ပြန်လာနေပြန်ပြီ။ ဝတ္ထုတိုနဲ့ မတူဘူးဆိုရင် ဝတ္ထုတိုနဲ့တူတာ ဘာတွေလဲ။ အဲဒါတွေ မပါဘဲနဲ့ ရေးကြည့်တော့ ဝတ္ထုတို မဖြစ်ဘူးလား။ မူလရှိတဲ့ စံသတ်မှတ်ချက်တွေ မနှစ်သက်တော့လို့ ပြောင်းရေးရင်းနဲ့ စံသတ်မှတ်ချက် အသစ်ကို ရှာဖွေထူထောင်တယ် ဆိုရင်ကော ဘာပြောမလဲ။ ကျောင်းဒကာရေ နာမပညတ်တောမှာ မမောသေးဘူးလား''

ဟူ၍ မေးခွန်းထုတ်ထားသည်။ ထိုမေးခွန်း နောက်ကွယ်မှာ သဘောထား ကွဲလွဲခွင့်လည်း ရှိနိုင်သည်ဟု တွက်ဆထားမိသည်။

အနည်းဆုံးဝါဒ MINIMALIST တွေကတော့ တစ်ယောက်ယောက်က ဒါအနုပညာပဲလို့ ပြောရင် အဲဒါ အနုပညာလို့သာ မှတ်လိုက်တော့လို့ ပြောကြတယ်။ အခု ရေးတာ ဝတ္ထုတိုပါပဲလို့ ဒီဝတ္ထုရေးသူက ပြောပါတယ်။ ဝတ္ထုနာမည်က 'ရုပကဝတ္ထုတို'ပါတဲ့ ဟူ၍ ဆက်လက်ဖော်ပြထားသောကြောင့် သဘောထားကွဲလွဲခွင့် နည်းသွားပြီဟု ယူဆမိပြန်သည်။ ဂဏ်ရည်တူချင်း အနိုင်းခံနှင့် အနိုင်း ထပ်တူပြု ရေးဖွဲ့ထားလျှင် ရုပကအလင်္ကာ မြောက်သည်။ ရုပကဝတ္ထုတိုကတော့ ထိုသဘောတရားမျိုး စီးစဉ်းမျှ မပါဟု ခံစားရသည်။ စာပေသုံး ဝေါဟာရမှာ ရုပကအလင်္ကာပဲ ရှိသည်။ ထိုအလင်္ကာအမည်ကို

မည်သူမျှ တွေးထင်မထားသော အတွေးအခေါ်ကို တင်ပြ၍ ဝတ္ထုတိုအဖြစ် ခေါင်းစဉ်တပ်သည်။ ရှုပကကို အလင်္ကာအဖြစ်သာ သိသာနေကြသော အရိုးစွဲနေသော အသိကို ပြောင်းပစ်လိုက်သည်။ ရှုပကဝတ္ထုတိုပါတဲ့။ တရားသေသမားတွေ၊ လေ့နံ့စားထစ် မှတ်တတ်သူတွေက မည်သို့ဆိုမည် မသိပေ။

"အလင်္ကာတွေ မပါဘဲ ရေးကြ၊ ပြောကြဖို့ အလင်္ကာဆိုတာ မဟုတ်တာ၊ မမှန်တာမို့ မုသားတွေသာ ဖြစ်တယ် ဆိုတဲ့အကြောင်း ရေးထားတာပါ။ ဝတ္ထုတို မဟုတ်ဘူး ပြောရင်လည်း ရပါတယ်။ အရေးကြီးတာကတော့ အလင်္ကာ မုသားတွေမပါဘဲ အများ အကျိုးစီးပွားရှိမယ့် တစ်စုံတစ်ရာကို တည်ဆောက်ကြစို့ ဆိုတဲ့စကား ရောက်သွားရင် ပြီးတာပါပဲလို့ ယူဆကြောင်းပါ" ဟူ၍ အဆုံးသတ်ထားသည်။

စာရေးသူ ပြောသော အလင်္ကာသည် သင်္ကေတသဘော သက်ရောက်နေသည်ဟု သဘောရသည်။ ပုဂ္ဂလဓိဋ္ဌာန်နှင့်ရေးရေး၊ ဓမ္မဓိဋ္ဌာန်နှင့်ရေးရေး အများခံစားနိုင်အောင် လိမ်ညာထားမှုများ မဖြစ်ရအောင် ရေးလျှင် ဝတ္ထုတိုဖြစ်သည်ဟု ဆိုလိုရာရောက်သည်။ ပညာရှင်များ၊ စာရေးသူများ ထင်မြင်ယူဆကြသော ဝတ္ထုတိုအယူအဆများကဲ့သို့ ဝတ္ထုရေးသူ၏ ဝတ္ထုတိုအယူအဆကို ပေါ်လွင်စွာ ဖော်ပြနိုင်သော ဝတ္ထုတို ဖြစ်ပေသည်။ ဒီထက်မက တွေးဆကြည့်နိုင်သော ဝတ္ထုတို သဘောတရားများကိုလည်း တွေ့နိုင်သည်။

"ကျောင်းဒကာရေ နာမပညတ်တောမှာ မမောသေးဘူးလား"

ဟူသောမေးခွန်းက နာမပညတ်တောမှာ မမောနိုင်မပန်းနိုင် လျှော်ခတ်နေသူများ ရှိနေသေးကြောင်း ဖော်ပြရာရောက်သည်။ "ယနေ့ခေတ် ဝတ္ထုတိုများကို ကိုလိုနီခေတ်ဝတ္ထုတိုများ၏ စံသတ်မှတ်ချက်နှင့် နှိုင်းလျှင် အကျိုးစီးပွားတစ်စုံတစ်ခု ရနိုင်ပါမည်လား" ဟူသော မေးခွန်းက ဆက်လက် ထွက်ပေါ်လာသည်။

"ရှုပကဝတ္ထုတိုကို 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုတိုနှင့် နှိုင်းယှဉ်လျှင် မတူညီမှုများစွာ တွေ့ရမည် ဖြစ်ပါသည်။ ထိုသဘောတရားကို ရည်ညွှန်းချင်ဟန် ရှိသည်။ သည့်ထက်မကသော သဘောတရားများလည်း ရှိနိုင်ပါသည်။ အလင်္ကာကို ပညာရှင်တွေ လေ့လာကြရပါသည်၊ လုပ်သင့်ပါသည်။ စာတွေထဲမှာတော့ အလင်္ကာတွေ လျှော့ကြပါ" ဟုပြောထားသည်။ စာဖတ်သူ

တွေအတွက် အကျိုးရှိစေဖို့ ရေးရမည် ဟူသော သဘောတရားကိုလည်း တွေ့ရသည်။

"စကားပြောခြင်းအလုပ်နဲ့ အသက်မွေးနေကြသူတွေ ဆိုသည့်အထဲမှာ ကျောင်းဆရာ၊ ဆရာမတွေ၊ ရှေ့နေရှေ့ရပ်တွေပါ ပါပေလိမ့်မည်။ သတင်းကြေညာသူတွေ၊ Presenter တွေ ပါမည်။ သေချာစဉ်းစားကြည့်လျှင် ထွက်လာနိုင်သေးသည်။ ၎င်းတို့တွေလည်း မုသားတွေ မသုံးကြပါနဲ့၊ မပြောကြပါနဲ့ ဟု အသိပေးထားသည်။ ဝတ္ထုတိုအယူအဆကို တရားသေ မသတ်မှတ်ကြဖို့လည်း ပါသည်။ မုသားကို ကိုယ်စားပြုသော အလင်္ကာတွေ တော်ကြပါ"ဟု ဆိုထားသည်။

ဝတ္ထုတိုအယူအဆကို ဝတ္ထုတိုအဖြစ် ပုံဖော်ဖန်တီးလိုက်သောအခါ ဝတ္ထုတို မဟုတ်ဟု ငြင်းနိုင်စွမ်း မရှိအောင် ဖြစ်ရပါသည်။

"ရေးတတ်ရင် ဝတ္ထုဖြစ်တယ်" ဟု ပြောခဲ့ဖူးသော စာရေးဆရာကြီး မောင်သာရ၏ အယူအဆကို သတိရသွားစေသည်။ ရေး'တတ်'ရင်တဲ့။ ရှုပက ဝတ္ထုတိုတွင် ဇာတ်လမ်းမရှိ၊ ကာလဒေသနောက်ခံရှိ၊ မုသားမရှိ၊ ဇာတ်ပျိုး၊ ဇာတ်နိုး၊ ဇာတ်တက်မရှိ၊ လှည့်ကွက်မရှိ။ စေတနာ ပါသည်၊ အတတ်ပညာ ပါသည်။ အကျိုးစီးပွား တစ်စုံတစ်ရာ ပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၂၃၊ ဇွန်လ၊ ၂၀၁၁။

* * *

ရန်ကုန်တက္ကသိုလ်နှင့် နီကိုရဲ၏ 'တစ်သုံးခုနစ်ရှစ်'

ရန်ကုန်တက္ကသိုလ်သည် အရင်က ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ RASU (ရာဆူး)ဟု လူသိများသည်။ ထိုတက္ကသိုလ်သည် ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် အနှစ်(၉၀) တိုင်တော့မည်။ သမိုင်းခေတ်တွေ အများကြီးကို ဖြတ်သန်းလာခဲ့သော တက္ကသိုလ်။ သူ့ရင်ခွင်မှ ထွက်ခွာပြီး လူလားမြောက်သွားသူတွေ များလှပြီ။ တက္ကသိုလ်မြေသည် သူ့ရင်ခွင်မှ ထွက်ခွာသွားသူများကို အစဉ်ထာဝရ ကြိုဆိုနေပါသည်။ သူ့အကြောင်း စာတွေ၊ ကဗျာတွေထဲမှာ ထည့်ရေးကြသည်။ သူ့ကို ဘယ်သူမှ မမေ့နိုင်ကြ။ သူနှင့်အတူ တွဲ၍ သတိရစရာ အကြောင်းတွေက များလှသည်။ သူကား သမိုင်းဝင်တက္ကသိုလ်ပင်တည်း။

သူ့အကြောင်း ရေးထားသည့် ဝတ္ထုတိုတစ်ပုဒ် ဖတ်ဖူးသည်။ လွမ်းမောဖွယ်ကောင်းသော တက္ကသိုလ်သည် ပီပြင်သည်။ ဝတ္ထုတိုထဲက ဇာတ်ဆောင်မှာလည်း စာရေးဆရာ၏ ကိုယ်ပွားဇာတ်ကောင် ဖြစ်သည်။ အမည်မှာ 'ရဲဝင်း'။ 'ရဲဝင်း'သည် စာရေးဆရာ 'နီကိုရဲ'၏ အမည်ရင်း။

"နီကိုရဲ၏ တစ် သုံး ခုနစ် ရှစ်"

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလထုတ် မြားနတ်မောင်မဂ္ဂဇင်းမှာ ဖော်ပြခဲ့သော ဝတ္ထုတို ဖြစ်သည်။ 'ခေတ်တစ်ခေတ်၏ တက္ကသိုလ်' စာအုပ်တွင်လည်း ပြန်လည်ဖော်ပြထားသည်။ စာရေးသူက (၁၉၉၃-တက္ကသိုလ်စာမေးပွဲ အမှတ်တရ)ဟု အဆုံးမှာ ရေးထားသည်။ တကယ့်အဖြစ်မှန်(reality) သဘောကို တွေ့နိုင်သည်။ တက္ကသိုလ်ကျောင်းသားတစ်ဦး၏ ခံစားချက်၊ ခံယူချက်များမှတစ်ဆင့် ထိုခေတ်က တက္ကသိုလ်အကြောင်း သိနိုင်သည်။

နီကိုရဲ ရေးလေ့ ရှိသည့်အတိုင်း အဖြစ်အပျက်ကို ဟာသအမြင်ဖြင့် တင်ပြထားသည်။ တဟားဟားနှင့် ဝါးလုံးကွဲအောင် ရယ်လိုက်ရတာမျိုး မဟုတ်။ ရင်ထဲမှာ လှိုက်ခနဲ ဖြစ်ပြီး နှုတ်ခမ်းမှာ အပြုံးတို့ ခိုတွယ်ရင်း နှစ်သက်ရသော သဘောကို ကိုယ်တွေ့ခံစားလိုက်ရသည်။ တစ်ခဏ နှစ်သက်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားသော နှစ်သက်မှုမျိုး မဟုတ်။ ဘဝအာနိသင် နှစ်သက်မှုမျိုးကို ပေးသည်။

၁။ ရှုထောင့်

ကိုယ်တိုင်ပြော ရှုထောင့်မှ နေ၍ ကိုယ့်အကြောင်း ကိုယ် ပြောပြထားသော ဝတ္ထုတို ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝ အတွေ့အကြုံကို ရေးသားရာတွင် ရက္ခဗေဒကျောင်းသား ဖြစ်ရသည့် အကြောင်းရင်း၊ နောက်ဆုံး နှစ်မှာ သတ္တဗေဒနှင့် ဓာတုဗေဒဘာသာရပ် တစ်ခုခုကို ရွေးချယ်၍ မိုင်နာ ယူရသည့်အခါမှာ ဓာတုဗေဒကို ရွေးချယ်ခဲ့သည့် အကြောင်းရင်း၊ ခုံနံပါတ် ၁၃၇၈ ဖြစ်ရသည့် အကြောင်းရင်း၊ ထိုခုံနံပါတ်နှင့် စာမေးပွဲဖြေသည့် အတွေ့ အကြုံတို့ကို ရေးထားသည်။ ထိုအကြောင်းတရားများကို အခြေခံ ရေးသည့် နေရာတွင် ထိုခေတ်က တက္ကသိုလ်ကျောင်းသား အချင်းချင်း ထားကြသည့် မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ကျောင်းကြီးအပေါ် ချစ်ခင်စွဲလမ်းမှု၊ တွယ်တာမှု၊ ဆရာ ဆရာမအပေါ် ချစ်ခင်လေးစားမှုများကို တစ်ပါတည်း ခံစား၍ ရနေသည်။

၂။ ဝတ္ထုတိုအစနှင့် ရက္ခဗေဒကျောင်းသား ဖြစ်ရသည့်အကြောင်းရင်း

ဝတ္ထုတို၏အစသည် အလွန် အရေးကြီးပါသည်။ စာရေးဆရာ ပေးချင်သော Message ကို ရောက်အောင် ခေါ်သွားရာ လမ်းအစလည်း ဖြစ်ပါသည်။

'လက်တွေ့ခန်းကို ကြီးကြပ်ရတဲ့ ဆရာမက ကျောက်သင်ပုန်းအစိမ်းမှာ ရေးထားတဲ့ ခုံနံပါတ်တွေကို ကြည့်ပြီး Table ဆရာမကို တိုးတိုးမေးနေကတည်းက ဒီနေ့ လက်တွေ့ခန်းထဲက နောက်ဆုံး ထွက်ရမယ့် ကျောင်းသားဟာ ကျွန်တော် ဖြစ်ပြီ ဆိုတာကို ကျွန်တော် သေသေချာချာကြီးကို သိသွား

တယ်' ဟူသော ဖော်ပြချက်ကြောင့် ဓာတ်ကောင်ကျောင်းသား၏ ခံနံပါတ်က နောက်ဆုံးဖြစ်နေကြောင်း သတိပြုမိစေပါသည်။

ထို့နောက် ဓာတ်ကောင်က သူ့ဆယ်တန်းရမှတ်နှင့် တခြားဘာသာတွေကို ယူရန် ရနိုင်ပါလျက် မယူခဲ့ပုံအကြောင်းနှင့် ရုက္ခဗေဒမေဂျာ ရွေးချယ်ခဲ့ပုံအကြောင်းကို-

'ကျွန်တော် ဆယ်တန်းကို ၁၉၈၄-၈၅ မှာ အောင်တာ။ ကျွန်တော့် ရမှတ်က သုံးရာရစ်ဆယ်လေးမှတ်၊ အသက်မွေးဝမ်းကျောင်း ဘာသာတစ်ခုခုကို မဝင်ပေမယ့် အဆိုးကြီးတော့ မဟုတ်ပါဘူး။ လျှောက်မယ်ဆို ဘူမိဗေဒတို့ ဘာတို့လောက်တော့ ဝင်နိုင်မယ် ထင်တာပဲ။ ဒါပေမဲ့ ကျွန်တော် ဆိုတဲ့ကောင်ကလည်း ခပ်ရူးရူးမဟုတ်လား။ ဝင်ခွင့်လျှောက်လွှာကို လျှောက်ဖတ်ကြည့်တော့ ကျွန်တော့်အမှတ် ပတ်ဝန်းကျင်မှာ ဘာသာနှစ်ခု သွားတွေ့တယ်။ ရုက္ခဗေဒနှင့် သတ္တဗေဒပါ။ ကျုံ့တဲ့ Maths, Physics, Chemistry ဘာသာရပ်တွေက ၁၀ တန်းမှာ သင်ခဲ့ပြီးပြီ။ သူတို့ရဲ့သဘောတရားကို ကျွန်တော် အကြမ်းဖျင်း နားလည်ပြီ။ တက္ကသိုလ်မှာ ကျွန်တော် သင်ချင်တာက ကျွန်တော် လုံးဝ မသင်ရသေးတဲ့ ဘာသာရပ်မျိုးကို သင်ချင်တာ။

သူငယ်ချင်း တစ်ယောက်ကတော့ ဘူမိဗေဒ လျှောက်ဖို့ အကြံပေးတယ်။ ကျွန်တော် မသိသေးတဲ့ ဘာသာရပ်ပေမယ့် ကျောက်တုံးတွေ၊ ကျောက်တောင်တွေ၊ မြေကြီးတွေအကြောင်း ဆိုတာနဲ့ ကျွန်တော် စိတ်မဝင်စားခဲ့ဘူး၊ ဖျင်းတယ်ဗျာ။ သတ္တဗေဒကလည်း သတ္တဝါတွေအကြောင်းဆိုတော့ ကျွန်တော် စိတ်မဝင်စားပြန်ဘူး။ ဝက်တို့၊ ပုစွန်တို့၊ ဖားတို့၊ ငါးတို့ ဆိုတာ စားဖို့ပဲ ကောင်းတာ၊ သင်ဖို့ ကျက်ဖို့ မကောင်းဘူးလို့ ကျွန်တော် ထင်တယ်။ ရုက္ခဗေဒကတော့ သစ်ပင်တွေအကြောင်းတဲ့။ ကျွန်တော် သစ်ပင်တွေ၊ ပန်းပွင့်တွေ၊ အသီးအနှံတွေကို ချစ်တယ်ဗျာ။ သူတို့အကြောင်း သိရကြားရမှာ ဘယ်လောက် ပျော်စရာကောင်းမလဲ၊ ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းမလဲ။ ကမ္ဘာကြီး စိမ်းလန်းဖို့ လိုတယ် မဟုတ်လား။ ဒါနဲ့ ကျွန်တော် ရုက္ခဗေဒကို လျှောက်လိုက်တာ။ ကျွန်တော့်မေဂျာကို ကျွန်တော် ချစ်ပုံက တစ်မျိုးဗျ။ နည်းနည်းတော့ ကြောင်တာပေါ့''

ဟူ၍ ပြောပြသည်။

သူ စိတ်ကူးယဉ်ပြီး ရွေးချယ်လိုက်သည့် ဘာသာရပ်က လက်တွေ့မှာ သူ ထင်သလို မဟုတ်ကြောင်း သူ့ခံစားချက်ကို ပြောပြပုံမှာ -

"ပထမနှစ်ကတည်းက ကျွန်တော် မှားပြီ ဆိုတာ သိလိုက်ရတာ။ သစ်ပင်တွေဟာ တော်တော်ရှုပ်တာပဲဗျာ။ တစ်သက်လုံး မကြည့်ဘဲ ကိုက်စားလာတဲ့ သခွားသီးကအစ ကျွန်တော့်အတွက် ပြဿနာဖြစ်နေတယ်။ ချဉ်ပေါင်ရွက်နဲ့ မကျည်းရွက်ကလည်း ဒုက္ခပေးတယ်။ တရုတ်စံကားပွင့်၊ ခွာညို၊ ခရေ၊ နှင်းဆီပန်းတွေက ကျွန်တော့်ကို အိပ်မက်ဆိုးတွေ မက်စေခဲ့တာပဲ။

ထမင်းစားဝိုင်းမှာ သခွားသီးတွေကို ကိုင်ပြီး ငိုင်နေတဲ့ ကျွန်တော့်ကို အမေက မေးတယ်။ အဲ- ရဲဝင်း၊ နင် ဘာဖြစ်နေတာလဲတဲ့။ ကျွန်တော် ဘာမှ ပြန်မဖြေဘဲ လက်ထဲက သခွားသီးကို မုန်းမုန်းနဲ့ တအားဝါးစားပစ်လိုက်တယ်။ သခွားသီးဟာ အသီးအနှံတွေထဲမှာ ရေဓာတ် ၇၈.၅ ရာခိုင်နှုန်း ပါတယ် ဆိုတာရော၊ သူ့အစေ့ တည်ပုံက ချက်တိုင်ပတ်လည်နည်း ဆိုတာရော အမေ မသိပါဘူး၊ သခွားသီး ဆိုတာ ငယ်ငယ်ကလေးကတည်းက တစ်လုံး ငါးပြားနဲ့ ဈေးထဲက ဝယ်လို့ရတဲ့ တို့စရာ ဆိုတာပဲ အမေ သိတာပါ။

ကုန်ကုန်ပြောမယ်ဗျာ။ ရုက္ခဗေဒကြောင့် ကျွန်တော် ရင်ခုန်တဲ့ သာယာမှုကလေးတောင် တစ်ခါတစ်ခါ ပျက်တယ်။ ကောင်မလေးတွေ ပန်းတွေ ဘာတွေ ပန်လာတာတို့၊ ရင်ဘတ်မှာ ထိုးလာတာတို့ တွေ့ရင် ကျွန်တော် မကြည်နူးနိုင်ဘဲ ချက်ချင်း စိတ်ရှုပ်ထွေးသွားတော့တာပဲ။ အဲဒီပန်းပွင့်ဟာ ပွင့်ချပ် ဘယ်နှချပ်လဲ၊ ရွက်စွယ် ဘယ်နှခုလဲ။ ပွင့်ဖတ်တည်ပုံက စက်ဝိုင်းပုံလား၊ တစ်ခုခြားလား စသည်ဖြင့် သွားသွားတွေးနေမိတာကိုး။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကတော့ မိန်းကလေးတွေ ပန်းကြိုက်တယ်ဆိုတာ စိတ္တဇနှင့် ဆိုင်တယ်တဲ့၊ သူတို့ ကြိုက်တဲ့ပန်းကို ကြည့်ပြီး သူတို့၏အခြေအနေကို ခန့်မှန်းလို့ ရသတဲ့။ ဥပမာ-ခရေပန်းကို ကြိုက်ရင် အစွဲအလမ်းကြီးတယ်၊ အားငယ်တတ်တယ်၊ ခံစားချက် လျှို့ဝှက်တယ်ပေါ့ဗျာ။ နှင်းဆီကို ဆိုရင် ပြတ်သားတယ်၊ ရဲရင့်တယ်၊ ထက်မြက်တယ်ပေါ့။ ကိုယ်စိတ်ဝင်စားတဲ့ မိန်းကလေး နှစ်သက်တဲ့ ပန်းကို ကြည့်ပြီး ဘယ်လိုဝင်ရမယ် ဆိုတာ တွေးလို့ ရတယ်ပေါ့။ ကျွန်တော်ကတော့ ရည်းစားထားရမယ် ဆိုရင် ဘယ်ပန်းမှ မကြိုက်တဲ့ မိန်းကလေးကိုပဲ ထားချင်တယ်။ ခရေပန်း ကြိုက်တဲ့

မိန်းကလေးနဲ့ ရည်းစားဖြစ်ရင် ခရေပန်းဟာ ခြောက်သွေ့သွားတဲ့အထိ မွှေးတာ သစ္စာကြီးလို့ မဟုတ်ဘူး။ သူ့မှာရှိတဲ့ အနံ့ဆီကြောင့် ဘာညာ သွားရှင်းပြနေရင် ပြဿနာတက်မှာပဲ၊ ကြည်လည်း ကြည်နူးရမှာ မဟုတ်ဘူး'' ဟူ၍ ဖြစ်သည်။

ဟာသဆန်ဆန် သူ့အတွေးက စာဖတ်သူကိုပါ ကူးစက်ခံစားသွား စေပါသည်။ ဓာတ်ကောင် 'ကျွန်တော်'၏ အမည်ကို 'ရဲဝင်း' ဟု အမေက ခေါ်လိုက်ပုံဖြင့် ပြသည်။ ရဲဝင်း ဟူသည်မှာ နီကိုရဲ၏ အမည်ရင်း ဖြစ်သော ကြောင့် သူ့အကြောင်း သူ ရေးထားသည့် ဝတ္ထုဟု ထင်ရသည်။ အချက်အလက် အကြောင်းအရာအားကို ပိုမို ခိုင်မာစေသည်။ စာရေးသူ၏ တကယ့် အဖြစ် အပျက်သည် စာဖတ်သူကို ပိုမို စိတ်ဝင်စားမှု ဖြစ်ပေါ်စေသည်။

၃။ ဓာတုဗေဒကို မိုင်နာယူရသည့် အကြောင်းရင်းနှင့် ခုံနံပါတ် တစ်သုံးခုနစ်ရှစ် ဖြစ်ရပုံ

နောက်ဆုံးနှစ် ရောက်တော့ ဓာတ်ကောင်က သူ့မေဂျာကို 'ဒုက္ခဗေဒ မေဂျာက ပြီးတော့မှာပါဗျာ' ဟုဆိုသည်။ စာတွေ၊ ဆွဲရသည့် ပုံတွေ ပိုခက်၊ အသံထွက်တွေ ပိုခက် ပိုရှုပ်လာသည့်အကြောင်း ပြောသည်။

လက်တွေ့လုပ်ရရင် ဆရာမက 'ခုံနံပါတ် တစ်သုံးခုနစ်ရှစ် ဆိုတာ ဘယ်သူလဲ' ဟု မေးလိုက်သောအခါ တော်တော်ခံစားရပုံကို -

''ဒီခုံနံပါတ်ကိစ္စကို တစ်ခါ ပြန်ရှင်းရဦးမယ်၊ စိတ်ပျက်တယ်ဗျာ။ လက်တွေ့လုပ်တိုင်း ကျွန်တော် အမြဲ ရင်ဆိုင်ရ၊ ရှင်းပြရတော့ တော်တော် ငြီးငွေ့ရပြီ။ ဒီကိစ္စတစ်ခုတည်းကို မကြာခဏ ပြန်ပြောရတယ်ဆိုတာ ကိုယ်နဲ့ အဆက်ဖြစ်မလို ကောင်မလေးရဲ့ ဓာတ်လမ်းကို အကြိမ်ကြိမ် ပြန်ပြောနေရ သလို ဘယ်မှာ အရသာရှိနိုင်မှာလဲ'' ဟု တွေးနေစဉ်မှာ-

''ကဲ... လက်ညှိုးထောင်မနေနဲ့ ကိုယ်တော်၊ ကျောင်းသားကတ် ယူပြီး ဒီကိုလာ၊ ဘာဖြစ်လို့ မင်းခုံနံပါတ်က အဲဒါ ဖြစ်နေရတာလဲ'' ဟူသော ဆရာမ အော်ပြောသော စကားကို ထည့်ရေးသည်။

ဆရာမက နားမလည်နိုင်သော ခုံနံပါတ်ဖြစ်ကြောင်း ပြောပြထား သောကြောင့် တစ်သုံးခုနစ်ရှစ် ဖြစ်နေရသော ဓာတ်ကောင်၏ ခုံနံပါတ်ဖြစ်စဉ် ကို သိချင်စိတ် ဖြစ်လာရပါသည်။ အနားဖွာပြီး ပျော့ခါနေတဲ့ ကျောင်းသား

ကတ်ကို ယူပြီး incharge ဆရာမ ခုံကို သွားတော့ Table တစ်ခုတည်းက ကျောင်းသူတွေ ပြုံးပြီး ကျန်ရစ်ခဲ့ပုံကို ပြောပြပြီး -

"ကျွန်တော် ဒါကို ရှင်းပြရလွန်းတော့ သူတို့က သိနေကြပြီလေ"

ဟု ခုံနံပါတ်နှင့် ပတ်သက်ပြီး အကြိမ်ကြိမ် ရှင်းပြရကြောင်း သိသာစေသော 'အပြော'နှင့် ဖော်ပြသည်။

၄။ တစ်သုံးခုနစ်ရှစ် ဖြစ်ရသည့်အကြောင်း

ထိုအကြောင်းကို ရှင်းပြရာတွင် ဆရာမကို ပြောပြသလို စာဖတ်သူကိုပါ တစ်ပါတည်း ရေလည်သွားအောင် ရှင်းသည်။ ဆရာမနှင့် အပြန်အလှန် ပြောစကားနှင့် ပြော၍ ရှင်းလျှင်လည်း ရသည်။ သို့သော် ရှည်လွန်းသည်။ စာရေးသူက ဖန်တီးမှု အတတ်ပညာကို လှလှလေး သုံးသည်။ ဇာတ်ကွက်တစ်ကွက် အသစ်ပြန်၍ ဖန်တီးသည်။ First person point of view (ကိုယ်တိုင်ပြော ရှုထောင့်အတိုင်း) ဆက်ပြောပြသည်။

"စိတ်ဝင်စားစရာ သိပ်မကောင်းလှပေမယ့် ဆရာမကို ပြောသလို မဟုတ်ဘဲ အစကနေပြီးတော့ပဲ ခင်ဗျားတို့ကို ပြောပြမယ်ဗျာ။ ဒါမှ အဲဒီ ခုံနံပါတ်နဲ့ ကျွန်တော် ဒုက္ခရောက်ရပုံကို ကိုယ်ချင်းစာပြီး နားလည်နိုင်မှာ" ဟု ဆိုသည်။ နောက်ဆုံးနှစ်မှာ ရက္ခဗေဒ မေဂျာသမားတွေက သတ္တဗေဒနှင့် ဓာတုဗေဒဆိုင်ရာ ဘာသာတစ်ခုမဟုတ် တစ်ခုယူရကြောင်း၊ Zoo (ဇူး) က ကျက်စာမို့ ဓာတုကို အများစုက ယူကြကြောင်း၊ ဓာတုမိုင်နာကလည်း အယောက် ၅၀ ပဲ ခွင့်ပြုကြောင်း၊ တတိယနှစ်က ဓာတု ရမှတ်ရယ်၊ နောက်ဆုံးနှစ်က တက်တဲ့ လျှောက်လွှာတွေကို ကြည့်ပြီး ရွေးခြင်း ဖြစ်ကြောင်း၊ သူငယ်ချင်းတွေနှင့်အတူ ဓာတုမိုင်နာ လျှောက်၍ ရကြောင်း၊ သို့သော် သူက နောက်ဆုံးနှစ်မှာ အလုပ်ဝင်နေပြီ ဖြစ်သောကြောင့် ကျောင်းတက် နောက်ကျကြောင်း ဖော်ပြသည်။

သူ ကျောင်းအပ် နောက်ကျရသည့် အကြောင်းနှင့် ပတ်သက်၍ စိတ်ကူးနှင့် သရုပ်မှန် ဝတ္ထုတစ်ပုဒ် ဖန်တီးပြသလို ဟာသဝတ္ထုအဖြစ်လည်း ဇာတ်လမ်းဆင်ပြသေးသည်။ အပြောနှင့် ဇာတ်လမ်းဆင်ပြသော ထိုဝတ္ထုနှစ်ခုမှာပင် ထိုခေတ်အခြေအနေနှင့် ခေတ်ပြိုင်ခံစားမှုကို တွေ့နိုင်သည်။

ကျောင်းအပ်ဖို့ နှီးဆော်ထားသော Notice စာကို ထုတ်ပြလိုက်သော အခါ သူငယ်ချင်းတွေ၏ တုံ့ပြန်မှုကို–

''ကျွန်တော့်ကို ဝိုင်းဆူကြတာ ပြဿနာမရှိပါဘူး။ ဒါပေမဲ့ သူတို့က သရုပ်မှန်သမားတွေဗျ။ ဆဲပြီးတော့ သူတို့က အားငယ်လို့ ထုတ်မပြောတာလား၊ ဘာလား ဆိုပြီး တော်တော်စိတ်မကောင်း ဖြစ်ကြတာ။ ခင်ခင်သော်နဲ့ လဲ့လဲ့ ဆို ကရုဏာဒေါသနဲ့ပေါ့ဗျာ။ ကျွန်တော့်အတွက် တိုင်ပင်ကြ၊ ဆွေးနွေးကြနဲ့ နောက်ဆုံးတော့ သူတို့ပဲ စိုက်ထုတ်ပေးကြတာပါ။ ငွေရတော့ ကျောင်းအပ်ရလို့ ကျေးဇူးတင်ပေမယ့် အဲဒီနေ့ကစပြီး ကျွန်တော့်ကို သူတို့က ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် နောက်မှာ ချန်ထားပြီး အထူးအခွင့်အရေး ပေးကြတော့၊ တစ်မျိုးပဲ။ လက်ဖက်ရည် သောက်တာတို့၊ ထမင်းမှာစားတာတို့ကျရင် ကျွန်တော့် ထည့်ငွေကို မယူကြဘူး။

ဒီကိစ္စဟာ ချစ်စရာကောင်းတယ်လို့ ပြောရမှာထက် ကျွန်တော့်ကို ငွေကြေးကိစ္စနဲ့ ပတ်သက်ပြီး သူတို့စီရင်ချက်အတိုင်း တစ်ခါတည်း သတ်မှတ် လိုက်တယ်လို့ ကျွန်တော် ခံစားရတယ်။ ကျွန်တော် ပိုက်ဆံခြောက်ရာ (၇)ရက် လောက် မရှိလိုက်တာ။ သူတို့အမြင်မှာ တစ်သက်လုံး ဆင်းရဲသား ဖြစ်သွား တော့တာပဲ'' ဟု ဇာတ်ကောင်၏ ခံစားချက်နှင့်အတူ ပြောပြပါသည်။ ထိုခေတ် အခါက သူငယ်ချင်းအချင်းချင်း အေးအတူပူအမျှ စိတ်ကလေး ထားသည့် အကြောင်းမှာ နှစ်သက်ကြည်နူးစရာ ဖြစ်ပါသည်။ ငွေသွင်းပုံကို ပြောပြရာတွင် အဆိုးကို ပြပြီး အကောင်းမြင်စိတ်နှင့် ပိတ်လိုက်ပါသည်။ စာရေးခြင်း အတတ် ပညာပင် ဖြစ်သည်။

''ငွေသွင်းတော့လည်း ကိစ္စက အရှုပ်သား၊ ကျွန်တော်တို့မေဂျာက ကထိကဆီသွား အသနားခံစာ ပြန်တင်၊ ဌာနက ထောက်ခံချက်ယူ၊ ကျောင်းသား ရေးရာကိုပြေး၊ ငွေသွင်းဖို့ ငွေသွင်းဌာနက ထောက်ခံစာယူ၊ လူကို ဖတ်ဖတ်မော ရောပဲ။ ကျောင်းမအပ်လို့ ဆယ်ချက်ရိုက်ခံရတာထက်ကို ပင်ပန်းပါတယ်။ တက္ကသိုလ်ရဲ့ အရသာပေါ့လေ'' ဖြစ်ပါသည်။

ငွေသွင်းပြီး ဆယ်ရက်လောက် ကြာသောအခါကျမှ Transfer ကျောင်းသားတွေနှင့်အတူ သူ့ခုံနံပါတ် ထွက်လာကြောင်း၊ ငွေသွင်းနောက်ကျ သွားသောကြောင့် Zoo (ဇူး) မိုင်နာတွေ တက်ရတဲ့ အခန်းမှာ ခုံနံပါတ်

ရောက်သွားကြောင်း ပြောပြပါသည်။ သူငယ်ချင်းတွေနှင့် အတန်းကွဲသွားသော်လည်း လက်ချာတန်းတွေမှာ အတူလိုက်တက်ကြောင်း၊ လက်တွေ့လုပ်သောအခါမှသာ ၁ အသ ၁၄၉ ကျောင်းသားတွေထဲမှာ သူ့ခုံနံပါတ် ၁၃၇၈ ကြီးက ရှုပ်နေရကြောင်း ပြောပြသည်။

စာမေးပွဲ ဖြေသည့်အခါမှာလည်း သူ့ဒုက္ခနှင့် အလွဲများကို ဟာသနှော၍ ပြောပြပါသည်။ သူနှင့် ခုံနံပါတ်နီးသူများကို သူ မသိကြောင်း၊ သူနှင့် ဘေးချင်းယှဉ်ကျတဲ့ ကောင်မလေးက စာတွေကို ပြန်ရွတ် ပြန်ပြောကြည့်ပြီး ဖြေနေသဖြင့် စိတ်နှောင့်အယှက်ဖြစ်ရကြောင်း၊ ဆရာမကို ပြောပြသောအခါ ကောင်မလေးက ဘာမဟုတ်တာကို ပြဿနာရှာသည့်ကောင် ဆိုသည့်သဘောနှင့် မုန်းမုန်းတီးတီး စိုက်ကြည့်ကြောင်း၊ အားလည်းနာ ရှက်လည်း ရှက်တာကြောင့် ငြိမ်နေလိုက်ရကြောင်း ပြောပြသောအခါ တက္ကသိုလ်မှာ ဖြစ်တတ်သည့် သဘာဝလေးကို မြင်ယောင် ကြားယောင်လာစေသည်။

Chemistry မိုင်နာ ဖြေသည့် နေ့မှာလည်း R.C. Hall ကြီးထဲမှာ ဆရာမ အများကြီးနှင့် သူ တစ်ယောက်တည်း ဖြေခဲ့ရကြောင်း၊ သူနှင့်အတူ ဖြေရသူတွေက Zoo (ဇူး) မိုင်နာတွေ ဖြစ်သောကြောင့် တစ်ယောက်မှ မလာကြကြောင်း၊ ဆရာမတွေက တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြကြောင်း၊ သူ့တစ်ယောက်တည်းကို လာစောင့်ရသောကြောင့် မကျေနပ်ကြကြောင်း ပြောပြသည်။ ဇာတ်ကောင်က စာမေးပွဲ ဖြေနေရင်း စောင့်သည့် ဆရာမတွေအကြောင်း ပြောပြသေးသည်။

'စာရေးရင်း မော့ကြည့်လိုက်ရင် ခုံအလွတ်တွေမှာ အုပ်စုဖွဲ့ထိုင်ရင်း စကားပြောနေကြတဲ့ ဆရာမတွေ လေးငါးယောက်တစ်ဖွဲ့ကို တွေ့နေရသည်။ အံမယ် ကိုယ့်လူရေ… ဆရာမတစ်ယောက်ကဆို နှုတ်ခမ်းနီတွေ ဘာတွေ တောင်မှ ဆိုးနေသေးဗျ။ ကျွန်တော် ငေးတာကို တွေ့သွားတော့ အဲဒီတီချာ ရှက်သွားပုံ ပေးတယ်။ မျက်နှာကြီး နီပြီး 'ဘာကြည့်နေတာလဲ၊ ကိုယ့်ဘာသာ ဖြေလေ' လို့ လှမ်းဟောက်တယ်' ဟူ၍ ဖြစ်သည်။

ဆရာမတွေ လက်ဖက်ရည် မှာသောက်တော့လည်း သူ လက်ဖက်ရည် သောက်ချင်တယ်ဟု ပြောလိုက်ပုံ၊ ခံတွင်းချဉ်လာလို့ ဆေးလိပ်သောက်ချင်ကြောင်း ပြောသောအခါ ဆရာမက 'အံမယ်… ကိုယ်တော် အခွင့်အရေး

လည်း သိပ်မယူနဲ့ဦး၊ စာမေးပွဲဖြေရင်း ဆေးလိပ်သောက်တာတော့ မရဘူး။ သောက်ချင်ရင် အပြင်ထွက်သောက်' ဟု ပြောပါသည်။ စာမေးပွဲ ဖြေပြီးရုံနဲ့တင် တစ်သုံးခုနစ်ရှစ် ဒုက္ခက မပြီးသေးကြောင်း၊ စာမေးပွဲအောင်စာရင်း ထွက်သော အခါ သူ အောင်တာကို ခုံနံပါတ်ချင်းကပ်ရက် သူငယ်ချင်းတွေက အံ့သြနေကြောင်း အပြန်အလှန် စကားပြောနှင့် ပြပါသည်။

'နင် ဘယ်လိုလုပ် အောင်တာလဲ' ဟု တအံ့တသြ မေးသောအခါ-

'အောင်တယ် ဆိုတာ မကျလို့ပေါ့'

'မဟုတ်ဘူးလေ၊ နောက်ဆုံးနေ့က နင် လာမဖြေဘူးလေ၊ ဟဲ့… ဟုတ်တယ်နော် ကေသီ'

'အေးလေ'

'စာမေးပွဲဆိုတာ လာမဖြေတိုင်း ကျတာမှ မဟုတ်တာ။ အခု ငါ အောင်တယ် တွေ့လား' ကျွန်တော် ပြောပြီး လှည့်ထွက်ခဲ့သည်။

….ကျွန်တော် သူတို့ကို ခေါင်းစားခဲ့တာ မဟုတ်ဘူး။ ထပ်မပြောပြ၊ မရှင်းပြချင်တော့ဘူးဗျာ။ ဒီ တစ်သုံးခုနစ်ရှစ်အကြောင်းကို ပဟေဠိတစ်ခုအနေနဲ့ ထားခဲ့ချင်တာ အခုမှပဲ အောင်မြင်တော့တယ်။ ဒါကြီးကို ထပ်ထပ်ပြောနေရတာ ငြီးငွေ့လွန်းလို့လေ'' ဟု အဆုံးသတ်လိုက်ပါသည်။

ဇာတ်ကောင် ရဲဝင်း၏ အလွဲက နီကိုရဲ၏ အလွဲပင် ဖြစ်မှာ သေချာလှသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအကြောင်းအရာ အဖြစ်အပျက်က စိတ်ကူးယဉ်ရေး၍ မရနိုင်ကြောင်း သိကြပါလိမ့်မည်။

၅။ ဇာတ်ကောင်၏ အမြင်မှတစ်ဆင့် ဖော်ပြသော ရန်ကုန်တက္ကသိုလ်အကြောင်း

စာရေးသူကိုယ်တိုင် ကျောင်းသားအဖြစ် တက်ရောက်ခဲ့ရသော ရန်ကုန် တက္ကသိုလ်အကြောင်းလည်း ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီးမှာ ကျောင်း တက်ခဲ့ဖူးသော ကျောင်းသားတိုင်း နားလည်ခံစားနိုင်သောကြောင့် ထည့်သွင်း ဖော်ပြလိုပါသည်။ ဇာတ်ကောင်၏ ပြောပြချက်အတိုင်း ဖော်ပြပါမည်။

နောက်ဆုံးနှစ် ကျောင်းတွေ ပြန်ဖွင့်ကြတော့ ကျွန်တော်ကတော့ တော်တော်ပျော်နေတာပါပဲ။ ကျောင်းကို မနက်မိုးလင်းတာနဲ့ ရောက်ပြီး ညနေ မိုးချုပ်ကျမှ အိမ်ကို ပြန်တာပါ။ ကျွန်တော့်အတန်းချိန်က ၁၂:၁၅ မှ စတာပါ။

ဒါပေမဲ့ ကျွန်တော်ကတော့ မနက်မိုးလင်းကတည်းက လာတာပဲ။ မနက်ခင်း မေဂျာမှာလည်း ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတွေ ရှိနေတာကိုး။ …လက်ဖက်ရည်ဆိုင်ထိုင်တာတောင် ကျောင်းထဲကဆိုင်မှာ ထိုင်ရမှ အရသာတွေ့သလိုပဲ။ ဇာတ်ကောင်၏ ခံစားချက် ဖြစ်ပါသည်။ နောက်ဆုံးနှစ် ကျောင်းသားကြီးတွေ၏ ခံစားချက်တွေကိုလည်း ဇာတ်ကောင်က တစ်ဆင့် စကားပြောကြားပါသေးသည်။

'အေးကိုကို ဆိုရင် အဓိပတိလမ်းဘေးမှာ ငုတ်တုတ်ထိုင် ဘွဲ့နှင်းသဘင်ခန်းမကြီးကို ဆေးပေါ့လိပ်ဖွာငေးရင်း မကြာခဏ လွမ်းလွမ်းဆွေးဆွေး ညည်းတတ်တယ်။

'နောက်နှစ် ဒီအချိန်ဆိုရင် ငါတို့အားလုံး အဓိပတိလမ်း၊ ဂျပ်ဆင်နဲ့ ဘွဲ့နှင်းသဘင်ကို ခွဲရတော့မှာပါလား' ဟူ၍ ဖြစ်သည်။ နောက်ဆုံးနှစ်မှာ အရင်နှစ်တွေကထက် ပိုချစ်၊ ပိုသံယောဇဉ်ရှိလာပုံ၊ တစ်ယောက်ကိုတစ်ယောက် ပိုပြီး သည်းခံအလျှော့ပေးကြပုံတွေကိုလည်း ဇာတ်ဆောင်ကတစ်ဆင့် ပြောပြသည်။

ဇာတ်ကောင်က 'ကျွန်တော်ကတော့ လွမ်းမယ်ဆိုရင် ဂျပ်ဆင်နဲ့ ဘွဲ့နှင်းသဘင်ထက် မြကျွန်းသာကဖီးက အန်တီအေးကိုပဲ ပိုလွမ်းချင်တယ်။ အန်တီအေးက ကျွန်တော့်ကို ခင်တယ်။ ပိုက်ဆံမပါလည်း လက်ဖက်ရည်တွေ အကြွေးသောက်လို့ ရတယ်လေ။ ပြီးတော့ ကျောင်းသားတွေအပေါ် အမြဲပြုံးပြီး ခွင့်လွှတ်တတ်တဲ့ သူ့မျက်နှာကို ကျွန်တော် သဘောကျတယ်ဗျာ' ဟု ဆိုသေးသည်။ ထိုခေတ်က ကျောင်းသားများကို ကိုယ်စားပြုသော အတွေးခံစားချက်လည်း ဖြစ်သည်။ ကျောင်းကြီးကို လွမ်းမောစရာကောင်းအောင် ပြုနေသည်က ကျောင်းကြီး၏ ရုပ်ပိုင်းသဏ္ဍာန်မဟုတ်၊ ကျောင်းကြီးထဲမှာ တစ်သားတည်း နစ်ဝင်နေသောကြောင့် ခွဲခြား၍ မရသလို ဖြစ်နေသော ဝိညာဉ်နှင့် ထိုခေတ်က လူလူချင်း မေတ္တာတရား ရှေ့ထားဆက်ဆံမှုတွေပင် ဖြစ်သည်။ ထိုမေတ္တာတရားနှင့် ထိုလူတွေ မရှိတော့သော ကျောင်းသည် အသက်ဝိညာဉ် ကင်းမဲ့ရသကဲ့သို့ ဖြစ်လိမ့်မည် ဆိုသည်ကို တစေ့တစောင်း မီးမောင်းထိုးပြရာလည်း ရောက်ပါသည်။

မဖြစ်နိုင်တာကို အတင်းလုပ်ယူပြထားသော ဟာသမဟုတ်ဘဲ ပျော်တတ်သည့် လူတစ်ယောက် ပြောပြနေသော စကားတွေကို နားထောင်နေရသလို ဟာသပြေပြေကလေး ဖြစ်သည်။ လွမ်းမောမှုနှင့်အတူ တက္ကသိုလ်ကျောင်းသား

ဘဝ၏ စာမျက်နှာများကို ပြန်လည်တမ်းတမိစေသော ဝတ္ထုတစ်ပုဒ်ဟု ဆိုချင်ပါသည်။ တကယ့်အရှိတရား (reality)၊ စာရေးဆရာ ကြုံတွေ့ရသော အဖြစ်အပျက် (event) နှင့် ဟာသဉာဏ်ရှိသော စာရေးဆရာ၏ အမြင်တို့ ပေါင်းစပ်ဖွဲ့စည်းထားသော ဝတ္ထုလည်း ဖြစ်ပါသည်။

[ရန်ကုန်တက္ကသိုလ် နှစ်(၉၀)ပြည့် အထိမ်းအမှတ် အမှတ်တရ]

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၂၂၊ မေလ၊ ၂၀၁၁။

* * *

ရဲသျှမ်း၏ အပြဝတ္ထုတို 'ဘယ်၊ ညာ'

စာရေးဆရာသည် သူ၏စေတနာ၊ ရည်ရွယ်ချက်နှင့် အယူအဆတို့ကို ပေါ်လွင်အောင် ဇာတ်ဆောင်များ ဖန်တီးပြီး ပြောတတ်၊ ပြတတ်သည်။ အပြော ကောင်းလျှင် ဝတ္ထုတိုကောင်း ဖြစ်နိုင်သကဲ့သို့ အပြကောင်းလျှင်လည်း ဝတ္ထုတို ကောင်း ဖြစ်နိုင်သည်။ အပြောကောင်း၊ အပြကောင်းသော်လည်း စာဖတ်သူ အတွက် တစ်စုံတစ်ရာ ခံစားမှု မပေးနိုင်လျှင်၊ အယူအဆတစ်ခုခုကို လှစ်မပြနိုင် လျှင် ဝတ္ထုကောင်းဟု မဆိုနိုင်ပေ။

ဝတ္ထုတိုများတွင် အပြသက်သက်ဝတ္ထုတိုမျိုး တွေ့ရခဲသည်။ ဇာတ်ဆောင် မွေးဖွားပြီး ထိုဇာတ်ဆောင်ကတစ်ဆင့် ပြောခိုင်းခြင်းမျိုး၊ စာရေးဆရာက အားမလို အားမရ ဝင်ပြောခြင်းမျိုး တွေ့ရတတ်သည်။ မိမိ ပြောလိုသော အကြောင်းအရာ ရောက်အောင် အံဝင်ခွင်ကျ ပြောတတ်လျှင် ဝတ္ထုတိုကောင်း ဖြစ်နိုင်သော်လည်း မလိုအပ်ပါဘဲ 'အပြော'များသွားလျှင် မကောင်းနိုင်ပေ။

စာဖတ်သူသို့ ပေးလိုသော Message ကောင်းပြီး 'အပြ'သက်သက် ဝတ္ထုတိုတစ်ပုဒ် ဖတ်ရသည်။ ရဲသျှမ်း၏ 'ဘူတာရုံကလေး' ဝတ္ထုတို စုစည်းမှု ထဲက 'ဘယ်၊ ညာ' ဟူသော ဝတ္ထုတို။ ၁၉၉၄ ခုနှစ်၊ ဩဂုတ်လထုတ် မဟေသီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုတိုဖြစ်သည်။

၁။ ဇာတ်ဆောင်

ဇာတ်ဆောင်သည် အပြဝတ္ထုတိုများတွင် အဓိကကျသောနေရာမှ ပါဝင် သရုပ်ဆောင်ရသည်။ ဇာတ်ဆောင်၏ ကာယကံ၊ ဝစီကံ၊ မနောကံမှတစ်ဆင့်

စာရေးဆရာ ပေးချင်သည့် အသိတစ်ခုခုကို ဖမ်းဆုပ်ယူရသည်။ ရသကို ခံစားရသည်။ ဇာတ်ဆောင် ဖန်တီး၍ ပြရသောကြောင့် အတတ်ပညာပိုင်းအရ ပြောရလျှင် စာရေးဆရာ၏ ကြိုးပမ်းအားထုတ်မှုကို ရှာဖွေဆန်းစစ်နိုင်သည်။ တိုက်ရိုက်ပြောခြင်း 'အပြော' မဟုတ်သောကြောင့် မိမိ ပြောလိုသော သဘောကို စာဖတ်သူသိအောင် ဇာတ်ဆောင်မှတစ်ဆင့် ဖန်တီးပြရခြင်း ဖြစ်ပေသည်။

ရဲသျှမ်း၏ 'ဘယ်၊ ညာ' တွင် ဇာတ်ဆောင်(၃)ဦး ပါဝင်သည်။ (၂)ဦးက မြင်ရသော ဇာတ်ဆောင်၊ (၁)ဦးက မမြင်ရသော ဇာတ်ဆောင် ဖြစ်သည်။ မြင်ရသော ဇာတ်ဆောင်(၂)ဦးမှတစ်ဆင့် မမြင်ရသော ဇာတ်ဆောင်ကို လှစ်ခနဲ မြင်ခွင့်ရလိုက်သည်။ ထိုအချိန်တွင် ဝတ္ထုတိုမှာ ဆုံးသွားပြီ။ လှပဝိရိ သေသပ်လှသော ဝတ္ထုတိုကလေးတစ်ပုဒ် ဖြစ်သည်။ Message ကို တိုတိုနှင့် ထိထိမိမိ ပြသွားနိုင်သည်။ မြင်ရသော ဇာတ်ဆောင်များမှာ ဖိနပ်ရောင်းသူနှင့် ဖိနပ်ဝယ်သူတို့ ဖြစ်သည်။ ဖိနပ်ရောင်းသူကို 'သူ'ဟူသော နာမ်စားသုံး၍ ရေးထားသောကြောင့် တတိယနာမ်စား ရှုထောင့် (Third person point of view) ဖြစ်သည်။ ထို့ကြောင့် စာရေးဆရာ၏ လေသံကို မကြားရတော့ဘဲ ဇာတ်ဆောင်၏ လှုပ်ရှားမှုသက်သက် (အပြသဘော) သက်ရောက်သွားသည်။ ဖန်တီးမှု အတတ်ပညာ (Creative Writing) ပင် ဖြစ်သည်။

[နံပါတ် (၁၀) ကတ္တီပါ နီညိုဖိနပ်လေးကို ဘူးနဲ့ အသေအချာထည့်ပြီး လှမ်းအပေးမှာ အံ့ဩလို့သွားသည်။ ဖိနပ်ဝယ်သူ ဦးလေးကြီးက ချိုင်းထောက်နှင့်၊ အသေအချာ ကြည့်မိတော့ ဝဲဘက် ခြေတစ်ဖက်နေရာက လစ်ဟာလို့ နေသည်။ သူ့ရင်ထဲ မရှင်း။ မေးသင့်၊ မမေးသင့် စဉ်းစားမိပြီးတော့ အားနာစွာပဲ မေးဖြစ်သွားသည်။]

ဖိနပ်ရောင်းသူ ဇာတ်ဆောင်၏ ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ဆက်၍ ဝစီကံကို ဆက်ပြလိုက်သည်။

"ဦး စီးဖို့လား ခင်ဗျာ...၊ ဦး စီးဖို့ဆိုရင် ကျွန်တော် တစ်ဖက်တည်း အော်ဒါ ချုပ်ပေးနိုင်ပါတယ် ခင်ဗျာ။ ဒါဆိုရင် ဦးလေးကြီးအတွက် ထက်ဝက် သက်သာ..."

စကားမဆုံးခင်မှာပဲ ဦးလေးကြီးက လက်ကာပြသည်။ နှစ်လိုဖွယ်ရာ တစ်ချက်ပြုံးသည်။

"ဟုတ်တယ်၊ ဦး စီးဖို့၊ ဦး အမြဲတမ်း တစ်ရန့်ဝယ်နေကျ၊ ခါတိုင်းတော့ ဦးတို့မြို့မှာ ဝယ်နေကျပါ။ ခုတော့ ကြုံတာနဲ့ ငါ့တူတို့ ပင်ရင်းဆိုင်ကို ဝင်ဝယ်တာ"

သူ ဘယ်လိုမှ နားမလည်နိုင်တော့။ ရှူးဖိနပ် ဆိုလည်း တော်သေးရဲ့။ ခြေတုနဲ့ စီးလို့ရသည်။ ခုဟာက ကတ္တီပါ ညှပ်ဖိနပ်။

ဖိနပ်ရောင်းသူ ဇာတ်ဆောင်၏ ဝစီကံနှင့်ဆက်၍ ဖိနပ်ဝယ်သူ ဦးလေးကြီး ဆိုသည့် ဇာတ်ဆောင်၏ ကာယကံ၊ ဝစီကံ ဆက်ဝင်လာသည်။ သူတို့နှစ်ယောက်၏ လှုပ်ရှားမှုနောက်သို့ စာဖတ်သူက စဉ်ဆက်မပြတ် လိုက်ပါနေသည်။

"အဟင်း… ငါ့တူက အံ့ဩနေမှာ၊ သိချင်နေမှာပဲ"

ဦးလေးကြီး အရယ်က ခြောက်သွေ့လှသည်။

"ဦးက မီးရထားလက်မှတ်စစ်လေ၊ ခုတော့ လိုက်ဂျုတီနဲ့ လက်မှတ်သိမ်းချုပ်ပေါ့။ ဟိုတုန်းက ဆိုရင် ဦးခြေထောက်တွေ သိပ်တာဝန်ကျေတယ်။ ရထားတွဲတွေပေါ် ကူးလူး၊ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် ပြေးလွှားခဲ့တာ၊ တက္ကသိုလ်တုန်းကဆို ဘောလုံးတောင် ကစားခဲ့ဖူးတာ။ တစ်ရက်ပေါ့၊ ၃ အဆန် အမြန်ရထားကို ဦး တာဝန်ကျတယ်။ ပျဉ်းမနားကနေ သာစည်အထိ လိုက်ပြီး လက်မှတ်စစ်ရတယ်။ ပျော်ဘွယ် အထွက်မှာပေါ့။ အထက်တန်းတွဲက အမျိုးသမီးတစ်ယောက်ရဲ့ဆွဲကြိုးကို ရထားအောက်ကနေ ဖြတ်ဆွဲတဲ့အကောင် ဦး တွေ့လိုက်ရတယ်။ အမျိုးသမီးကလည်း အသံကုန်အော်၊ ဦးကလည်း ရထားပေါ်ကခုန်ဆင်း၊ ဦး ကံဆိုးသွားတယ်ကွယ်"

"ဦးရယ်…"

ဦးလေးကြီးအသံက တိမ်ဝင်သွားသလို၊ သူ့အသံကလည်း အက်သွေ့ခြောက်ကပ်လှသည်။

ဤနေရာတွင် ဇာတ်ဆောင်ကပဲ သူ့အကြောင်း သူ ပြောပြသည်။ စာရေးဆရာ နေရာကနေ သိသိသာသာ ဝင်ပြောခြင်းမျိုးမဟုတ်။ ထိုအဖွဲ့မှာ ဖိနပ်ဝယ်သူ ဦးလေးကြီး၏ ခံစားချက်က ဖိနပ်ရောင်းသူထံ ကူးစက်…၊ ထိုမှတစ်ဆင့် စာဖတ်သူဆီပါ ဆက်လက်ပျံ့နှံ့သွားစေသော 'အပြ' ဖြစ်သည်။

"ဒီမှာတင် ဦး ဆေးရုံတက်ရတော့ ဦးတို့ မသန်မစွမ်းတွေထဲက

ဦးလှကျော်နဲ့ ဦး တော်တော်ခင်သွားတယ်။ သူက ညာဘက် ဒူးအောက်ပြတ်၊ ဦးက ဘယ်ဘက် ဒူးအောက်ပြတ်၊ သူက ကားမှောက်ရာက ဖြစ်တာ၊ ကလေး ငယ် တစ်ပြုံတစ်မနဲ့ တော်တော်လေး ချို့တဲ့ရှာတယ်။ ဦးမှာတော့ သားကြီး၊ သမီးကြီးတွေ အထောက်အပံ့နဲ့မို့ သူ့လောက်တော့ မကသီဘူး။ အဟင်း··· ဦးက ဖိနပ်စီးနိုင်သေးတာပေါ့ကွာ။ ဦးလှကျော်ကတော့ ခက်ခဲရှာတယ်"

ပြောပြီး မောသွားပုံရသည်။ ဦးလေးကြီးက ရွှေနှင်းဆီဆေးလိပ်လေးကို မီးညှိရင်း ဖိနပ်ဘူးကလေးကို သူ့အိတ်လေးထဲ ထည့်သည်။ ချိုင်းထောက်ကို အားပြုသည်။ သူ ဖိနပ်ဆိုင်လေးထဲကနေ ထွက်သွားတော့မည် ဟန်ပြင်သည်။

"သွားမယ်နော် ငါ့တူ၊ ကိုလှကျော်တို့ရွာရောက်မယ့် ကားကြုံ ရှိတယ်။ သူ့ဖို့ ဖိနပ်လေးတစ်ဖက် ပို့ပေးရဦးမယ်။ ဦး စီးထားတဲ့ ဖိနပ်တောင် အတော် နွမ်းလှပြီ၊ ခုလောက်ဆို သူ့ဖိနပ်လေး ပြတ်လှရောပေါ့"

ထိုအဖွဲ့တွင် မမြင်ရသော ဇာတ်ဆောင် ဦးလှကျော် ပါဝင်လာသည်။ ဦးလှကျော်သည် ဝတ္ထုတိုတွင် ကာယကံ၊ ဝစီကံ၊ မနောကံ မပါဝင်သော ဇာတ်ဆောင် ဖြစ်သော်လည်း ဝတ္ထုတို၏ အသက်ဝိညာဉ် ဇာတ်ဆောင်ပင် ဖြစ်သည်။ ဦးလှကျော် မပါလျှင် ဝတ္ထုတိုသည် မလှနိုင်။ တခြားနည်းဖြင့် ဖိနပ်ဝယ်သူ ဦးလေးကြီး၏ ပရဟိတစိတ်၊ စာနာစိတ်၊ မေတ္တာစိတ်ကို ပြနိုင် သော်လည်း ဦးလှကျော်ကို ထည့်သွင်းပြသလောက် မလှပနိုင်ပေ။ အကြောင်း အရာအား ခိုင်လုံအောင်၊ ယုတ္တိတန်အောင် ဦးလှကျော် ဟူသော ဇာတ်ဆောင် က အထောက်အပံ့ ပေးသည်။ 'သူ'ဟူသော နာမ်စားကို ဇာတ်ဆောင်(၃)ဦး စလုံး အစားသုံးသည်။ သို့သော်လည်း အမြင်ရှင်းသည်။ ရောထွေး မနေပေ။ ဖန်တီးသူ စာရေးဆရာက အဝေးမှနေ ခွာ၍ ရေးသော ဖန်တီးမှု အတတ်ပညာ ၏ အာနိသင်ပင် ဖြစ်သည်။

"သူ ကြေကွဲစွာ ငေးမောနေဆဲ ဦးလေးကြီးကတော့ ကားတွေကို ရှောင်ကွင်းပြီး လမ်းတစ်ဖက်ကို ကူးသွားခဲ့လေပြီ···"

ဟူသော ဝတ္ထုတို နိဂုံးမှ 'သူ'သည် ဖိနပ်ရောင်းသူ ဖြစ်သည်။ ဖိနပ် ရောင်းသူ၏ ကြေကွဲမှုသည် စာဖတ်သူ၏ ကြေကွဲမှု ဖြစ်သလို စာရေးသူ၏ ကြေကွဲမှုလည်း ဖြစ်သည်။ အပြဝတ္ထုတိုတွင် ဇာတ်ဆောင်၊ စာဖတ်သူနှင့် စာရေးသူတို့ တစ်သားတည်း ကျသွားစေသည့် သဘောတရားကို မြင်လိုက်ရ

သည်။ စာရေးသူ၏ အသံကို ဇာတ်ဆောင်တို့၏ ကာယကံ၊ ဝစီကံ၊ မနောကံမှ တစ်ဆင့် စာဖတ်သူက ဆွဲယူရခြင်း ဖြစ်သည်။

ဆရာဇော်ဇော်အောင်က Characterization (ဇာတ်ဆောင် သရုပ်ဖော်မှု) နှင့် ပတ်သက်၍ 'ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည်' ဟု ခေါင်းစဉ်တပ်ကာ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလထုတ် စတိုင်သစ်မဂ္ဂဇင်းတွင် ရေးခဲ့ဖူးပါသည်။ ဇာတ်ဆောင် သရုပ်ဖော်မှုကို နည်း(၃)နည်း ခွဲခြားပြထားသည်။ ကျောင်းသုံးစာအုပ်တွေ၊ အတော်အသင့် စာပေဝေါဟာရ အဘိဓာန်တွေမှာ ဖော်ပြထားတတ်သော နည်းများဟုလည်း ဆိုထားပါသည်။

ထိုအထဲတွင် 'အပြ'နည်းသည် တစ်ခုအပါအဝင် ဖြစ်ပြီး-

စာရေးဆရာက-

ဇာတ်ဆောင်ရဲ့ လှုပ်ရှားမှုကို ပြသွားတယ်။ သူက ဘာမှ ဝင်မပြောဘူး၊ ဘာမှ မှတ်ချက်မပေးဘူး။ ဇာတ်ဆောင် ဒါတွေ လုပ်တယ်။ ဒီလို လှုပ်ရှားတယ်၊ ဒီလို ပြောတယ် စတာတွေကို ပြသွားတယ်။ အဲဒါ 'အပြ'နည်းပါပဲ။

'စကားပမာ' ဝတ္ထုထဲက ဇာတ်ဆောင်ဟာ ဒဏ်ရာရနေတဲ့ ခွေးကလေးတစ်ကောင်ကို ပွေ့ချီပြီး တိရစ္ဆာန်ဆေးကုခန်းကို သွားနေတာကို ရေးပြတယ်။ စာရေးဆရာက သူ့ဇာတ်ဆောင်ဟာ ကြင်နာသနားတတ်တယ်၊ စိတ်ဓာတ်သိမ်မွေ့တယ် စသည်ဖြင့် ဘာမှ မှတ်ချက်ဝင်မပေးဘူး၊ ဘာမှ ဝင်မပြောဘူး၊ ပြရုံပဲ ပြတယ်။ အဲဒါ 'အပြ'နည်းပါပဲ… ဟူ၍လည်း ဖွင့်ဆိုပြထားပါသည်။

ဝတ္ထုတို ဖန်တီးမှု အတတ်ပညာသည် သိမ်မွေ့နက်နဲသည်နှင့်အမျှ အတတ်ပညာမှာလည်း ထွေပြားလှပါသည်။ မြန်မာဝတ္ထုတိုများထဲတွင် အပြော၊ အပြ ရောရေးသော ဝတ္ထုတို များသည်။ 'အပြ'နည်းသက်သက်ဖြင့် ရေးဖွဲ့သော ဝတ္ထုတိုမှာ ရှားသည်။ ရဲသျှမ်း၏ 'ဘယ်၊ ညာ'မှာ အပြဝတ္ထုတို ဖြစ်သည်။ ရဲသျှမ်းသည် 'ဝသုန္ဓရေလက်ရေး ဝတ္ထုတိုများ' စာအုပ်တွင် ပါဝင်သော 'စာစီစာကုံးလေးများ' ဝတ္ထုတိုကိုလည်း 'အပြ'နည်းဖြင့် ဖန်တီးထားသည်ကို တွေ့ရသည်။ အပြောက နားထောင်ပြီးမှ ပြန်၍ မြင်ယောင်ကြည့်ကာ တွေးစရာပါလျှင် ဆက်တွေးရသည်။ 'အပြ'မှာ ဇာတ်ဆောင်တို့၏ လှုပ်ရှားမှုကို တိုက်ရိုက်မြင်အောင် ကြည့်ပြီးမှ တွေးကြည့်ရခြင်းဟု ယူဆပါသည်။

၂။ အတွေးနှင့် အသိတရား

ဝတ္ထုတိုခေါင်းစဉ် 'ဘယ်၊ ညာ'မှာ ဘယ်နှင့် ညာကို (ယ)ခံ၍ ရေးထားသည်။ လိုက်လျောညီထွေ လှုပ်ရှားနေသော သဘောထက် တခြားစီ ရှင်သန်ကာ ဝိရောဓိ ဖြစ်နေသည့်သဘောကို ပေါ်လွင်စေသည်။ အများကြီး ရှိသူက ဘာမှ မရှိသူကို မပေးကမ်းလျှင်လည်း ရသည်။ နည်းနည်းမျှသာ ရှိသောသူက ရှိသမျှကို ဘဝတူများနှင့် ခွဲဝေသုံးစွဲလျှင်လည်း ရသည်။ သူ့သဘော သူ ဆောင်နေကြခြင်း ဖြစ်သည်။ အများကြီး ရှိမှ ပရဟိတ လုပ်နိုင်သည် မဟုတ်။ ရှိသမျှလေးနှင့်လည်း ပရဟိတ လုပ်၍ ရသည်… ဟူသော သဘောကို 'ဘယ်၊ ညာ'က လှစ်ပြနေသည်။

Japanese Language School တွင် လာရောက် ကျောင်းတက်နေသော ကိုရီးယားနိုင်ငံသား Cheong Hyeok Jin စကားကို သတိရမိသည်။ I think Volunteering is a part of every day life… ဟူ၍ ဖြစ်သည်။ 'စေတနာ့ဝန်ထမ်းခြင်းသည် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခု' ဖြစ်သည်တဲ့။

ထိုစကားမှန်ကြောင်း ထောက်ခံရာ ရောက်သည်ဟု ထင်သည်။ ထိုစိတ်ကလေးသာ ကမ္ဘာပေါ်ရှိ လူသားတိုင်း ထားနိုင်ကြမည်ဆိုလျှင် ဘီလ်ဂိတ်တို့ မောင်နှံလို၊ အင်ဂျလီနာဂျိုလီတို့ မောင်နှံလို အနည်းစုသော ပရဟိတလုပ်သူများက အများစုသော ဒုက္ခသည်အပေါင်းကို ကူညီကယ်တင်ခြင်းထက် ပိုမို အရာရောက်လာလိမ့်မည် ဟူသော အတွေးစကိုလည်း 'ဘယ်၊ ညာ' က ပေးသည်။

စာဖတ်သူ နေရာက တွေးမိသော အတွေးမှ အသိတရားဆီ ကူးပြောင်းသွားခြင်း ဖြစ်သည်။ ထိုအတွေးအသိကို ဝတ္ထုတိုထဲတွင် စာရေးဆရာက ပြောမထားပေ။ ဇာတ်ဆောင်များမှတစ်ဆင့် ပြရုံသာ ပြထားသည်။ ထို့ကြောင့် စာဖတ်သူ၏ ဉာဏ်ရည် ဉာဏ်သွေးအပေါ် မူတည်၍ အတွေးအားကို ဖြစ်ပေါ်စေပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၁၀၊ ဒီဇင်ဘာလ၊ ၂၀၀၉။

* * *

အသေးစိတ်ခြယ်မှုန်းနည်းနှင့် ဂျူလိုင်မိုး၏ 'ချိတ်နှစ်ချောင်း'

ဝတ္ထုတွင် အားပြိုင်မှုနည်း (conflict)၊ အကြောင်းဆက်နည်း (causality)၊ အသေးစိတ်ခြယ်မှုန်းနည်း(detail) ဟူ၍ ဇာတ်လမ်းရေးနည်း (၃)မျိုး ရှိကြောင်း ပညာရှင်များ ဆိုမိန့်ကြသည်။ ဝတ္ထုရှည်တွင် ထိုနည်း (၃)နည်းစလုံး ပါတတ်သော်လည်း ဝတ္ထုတိုတွင်မူ ထိုနည်း (၃)နည်းစလုံး ပါသည်ကို တွေ့ရနည်းသည်။ အားပြိုင်မှုနည်းနှင့် အကြောင်းဆက်နည်းတို့ကို ဝတ္ထုတိုတွင် တွေ့ရတတ်သော်လည်း အသေးစိတ်ခြယ်မှုန်းနည်းကို အားပြုကာ ရေးသားထားသော ဝတ္ထုတိုမျိုးကား ရှားလှသည်။ ရှိကောင်း ရှိပါလိမ့်မည်။ သို့သော် ထိုနည်းကြောင့် ဝတ္ထုတိုက လှပသွားရသည့် ဝတ္ထုတိုမျိုး ဖတ်ရသောအခါ အများကို လက်ဆင့်ကမ်းချင်မိသည်။

ဂျူလိုင်မိုး၏ ချိတ်နှစ်ချောင်း

စိတ်ကူးချိုချိုစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည့် မြန်မာဝတ္ထုတို (၂၀၁၀) စာအုပ်တွင် ပါဝင်သော ဝတ္ထုတို ဖြစ်သည်။ အသေးစိတ်ခြယ်မှုန်းနည်းကို အားပြုရေးသားထားသောကြောင့် လှပသွားရသော ဝတ္ထုတို ဖြစ်သည်။ စာဖတ်သူတိုင်း မသိနိုင်သော၊ ကျွမ်းဝင်ခြင်း မရှိသော လောကစိမ်းတစ်ခုကို အသေးစိတ်ခြယ်မှုန်းနည်း သုံးကာ ဖန်တီးထားသောကြောင့် အသေးစိတ်ခြယ်မှုန်းနည်း၏ အရသာကို ရသအဖြစ် ခံစားနိုင်သည့် ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။

၁။ အကြောင်းအရာ

ငါးရှံ့မုဆိုး တစ်ဦး ငါးရှံ့သိုက်ကို ရှာကာ ငါးရှံ့ မျှားပုံ၊ ငါးရှံ့ကြီး တစ်ကောင်ရပုံ၊ ထိုငါးရှံ့ကြီးမှာ သူ မမျှားခင် တစ်နေ့က ဦးတောက် ဆိုသည့် ငါးရှံ့မုဆိုး၏ မျှားစူးဝင်နေသော ငါးရှံ့ကြီးဖြစ်ပြီး ထိုငါးရှံ့ကြီး၏ အစာအိမ်ထဲမှ ချိတ်နှစ်ချောင်းရပုံ၊ ဦးတောက်က သူ့ငါးမျှား ပြန်တောင်း၍ ပေးလိုက်ပုံတို့ကို တင်ပြပြီး ဇာတ်ဆောင် စောဒီပိန်း၏ အတွေးမှတစ်ဆင့် စာရေးသူ၏ လောက အမြင်ကို လှစ်ပြထားသည်။

၂။ ဇာတ်ဆောင်များနှင့် အသေးစိတ်ခြယ်မှုန်းချက်များ

ငါးရှံ့မုဆိုးများ ဖြစ်သော စောဒီပိန်းနှင့် ဦးတောက်တို့အပြင် ငါးရှံ့ကြီး မှာလည်း ဇာတ်ဆောင်ဖြစ်သည်။ ဇာတ်ဆောင် စောဒီပိန်းနေရာမှ ဇာတ်ကြောင်း ပြောနေသည်။ စောဒီပိန်းက သူ ကျင်လည်ရာ ဒေသဝန်းကျင်ကို အသေးစိတ် ပြောပြသည်။ အချိန်မှာ နယုန်လဖြစ်ကြောင်း ပြောပြရာတွင် စာဆိုတော် ဦးမင်း၏ ရာသီဘွဲ့ကဗျာစာသားများ ထည့်ထားသည်။

(အေးလာပြီ၊ စိုလာပြီ ဆိုသည်နှင့် မြေပေါက်ပင်တွေမှ မဟုတ်။ ကန်သာယာ ကန်ရေပြင်ပေါ်မှ ရေပေါ်ပင်မှာလည်း လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာ၏။ အထင်ရှားဆုံးကတော့ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း ပေါက်နေကြ သော ပေါင်းမြက်တောများ၊ ကမ်းစပ်ပင်လယ်ရေထဲတွင် အများဆုံး မင်းမူ တောထနေသော ပေါင်းမြက်ပင်ကြီးများမှာ စိမ်းဖျော့ဖျော့ ဝါတာတာ ရှိနေ ခဲ့ရာမှ အရောင်ပြောင်းလာကြသည်။ ခွေတေတေ အပင်တွေက ယခုတော့ ထောင်ထောင် ထောင်ထောင်နှင့် စိမ်းစိမ်းရင့်ရင့်။)

ဤသည်မှာ ဇာတ်ဆောင် စောဒီပိန်း အထူးစိတ်ဝင်စားသော ကန်သာ ယာ ကန်ကြီးအကြောင်း ဖြစ်သည်။ တခြား ငါးရှံ့ပစ်သမားများ ရေကွက် ရေပေါက် ရေပြင်တွေမှာ သားအုပ်ရှာပြီး သားပေါက်လိုက်နေချိန်တွင် စောဒီပိန်း မှာ ထိုရေကန်ကြီး အတွင်းရှိ ပေါင်းမြက်ပင်တွေကြား ရောက်နေပုံကို ဖော်ပြ သည်။ ရေပေါ်ပင်တွေ ကြားမှာ တတွီတွီအော်ရင်း အုတ်ညိုရောင် တစ်စီးမှုတ် ငှက်တစ်ကောင် ပျံသန်းသွားပုံ ဇာတ်ကွက်ကို ဖော်ပြပြီး ထိုတစ်စီးမှုတ်ငှက်မှာ ဝမ်းဘဲမျိုးစုဝင် ငှက်မျိုးဖြစ်ကြောင်း၊ ရေပေါ်ပျံတက်ရာတွင် နေ့ကွေးလှသော်

လည်း လေထဲရောက်သွားသောအခါ အလွန်မြန်အောင် ပျံနိုင်ကြောင်း အသေးစိတ် ဖွဲ့ပြသည်။ ဒေသဝန်းကျင်ကို အသေးစိတ် ဖွဲ့ပြထားသဖြင့် စာရေးသူပြောချင်သော အကြောင်းအရာကို ခိုင်မာအောင် အထောက်အပံ့ ပေးသည်။

(ငါးရံ့သည် တစ်နှစ်ပတ်လုံး အသိုက်နှင့်နေသော ငါးမျိုးတော့ မဟုတ်ပါ။ အုပ်သင်းဖွဲ့၍ အုပ်လိုက်သင်းလိုက်လည်း မနေတတ်ပါ။ သာမန်အားဖြင့် တစ်ကောင်တည်းသာ နေတတ်ကြသည်။ သို့သော် နွေနှောင်းပိုင်းနှင့် မိုးဦးကျကာလ မိတ်လိုက်ချိန်တွေမှာတော့ ငါးရံ့များသည် ဖိုမစုံတွဲ နေထိုင်တတ်ကြ၏။ ငါးရံ့ငယ်တွေက သဘာဝအတိုင်း ဖြစ်နေသော ရေတိမ်ရာ ကမ်းစပ်ရေပေါက်ပင်တွေကြား ချောင်းကြိုချောင်းကြားလေးများတွင် ဥချကြသည်။

ငါးရံ့ကြီးများကမူ ရေထဲတွင် ပေါက်နေသော ပေါင်းမြက်ပင်တွေအကြား အသိုက် ပြုလုပ်လေ့ရှိသည်။ ငါးရံ့ဖိုသည် ရှေးဦးစွာ သူ ရွေးချယ်ထားသော အတွင်းကျကျ မြက်ပင်တစ်နေရာတွင် ရေအောက်မှ နေ၍ ခေါင်းဖြင့် တိုးဝှေ့ကာ အပေါက်တစ်ပေါက် ဖောက်သည်။ ထို့နောက် ကိုယ်လုံးဖြင့် တိုးဝှေ့၍ လည်းကောင်း၊ အမြီးဖြင့် ရိုက်၍ လည်းကောင်း၊ နွယ်ပင် မြက်ပင်များအား ကိုက်ဖြတ်၍ လည်းကောင်း တစ်ပေပတ်လည်ခန့် ကျယ်သွားအောင် အပေါက်ကို ချဲ့သည်။ ပတ်လည်မှ အပင်များ လဲကျခြင်း မရှိဘဲ မြက်ပင်ကြီးအတွင်း သေသေသပ်သပ်လေး ဖောက်ထားသော ထိုရေပေါက်ကလေးမှာ ငါးရံ့အသိုက်ပင် ဖြစ်သည်။ ငါးရံ့ကြီးများ၏ အသိုက်က ရှာ၍ မလွယ်တတ်ပါ။ ငါးရံ့ကြီးများမှာ အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်တွေ့ကြုံခဲ့ဖူးကြသည်မို့ လုံလုံခြုံခြုံနေရာမျိုးတွင်သာ အသိုက်ဖွဲ့လေ့ရှိကြသည်။ အသေအချာ လှမ်းကြည့်လျှင်ပင် ထင်သာမြင်သာ မရှိသည့် မမြင်ကွယ်ရာတွေမှာသာ ရှိတတ်၏။ မြက်ပြင်ကြားထဲတွင် ဖောက်၍ ဆောက်ထားသဖြင့် အန္တရာယ်ပေးနိုင်သည့် အခြား ရေသတ္တဝါကြီးများလည်း အသိုက်ထဲ ကူးခပ်လာ၍ မရပါ။

ငါးရံ့သိုက်ကို ပေါင်းမြက်ပြင်တွေထဲ ရေနင်းဆင်းရှာမှ တွေ့နိုင်သည်။ ဒါတောင် ရှာတတ်ဦးမှ၊ ငါးရံ့ကြီးများ လန့်မသွားရန် အဝေးမှသာ လှမ်းချောင်းရသည်မို့ ကြည့်တတ်ရှာတတ်မှ အသိုက်မှန်း သိမည်။

ဥချခါနီးမှာ ငါးရံ့အဖို၊ အမက မြက်ပြင်ထဲရှိ အသိုက်တွင် အောင်းနေကြသည်။ အချိန်တန်တော့ ငါးရံ့အမက အသိုက်အတွင်း ဥချသည်။ ရက်

အနည်းငယ်အတွင်း သားပေါက်အုပ်က အသိုက်အတွင်း ငြိမ်နေတတ်ပြီး ငါးရံ့အဖိုနှင့်အမက ရေအောက်မှ နေ၍ စောင့်ရှောက်ပေးသည်။ ထိုကာလမျိုးတွင် သားထိန်းငါးရံ့ကြီးများသည် သားအုပ်ဖော ကပ်နေကြ၏။ သာမန်ထက်ပို၍ ခက်ထန်ကြမ်းကြုတ်နေတတ်သည်။ လမ်းမှားပြီး အသိုက်ထဲဝင်လာသည့် သတ္တဝါငယ် မှန်သမျှကို မဆိုင်းမတွပင် စားပစ်တတ်ကြသည်။ အသိုက်ကို ဖြတ်သန်းသမျှ အကောင်ဗလောင်တွေကိုလည်း ထိုးဟပ်ကြသည်။)

ဟူသော အသေးစိတ်အဖွဲ့များက ဇာတ်ဆောင် စောဒီပိန်းမှာ ငါးရံ့တို့၏ အခြေအနေကို ကျေညက်အောင် သိသော ငါးရံ့ပစ်သမားတစ်ယောက် ဖြစ်ကြောင်း အထောက်အပံ့ ဖြစ်စေသည်။ စာဖတ်သူကို နယ်ပယ်စိမ်းတစ်ခုဆီ ခေါ်ဆောင်သွားသော်လည်း ငြီးငွေ့မှု မဖြစ်စေဘဲ စိတ်ဝင်စားမှုကိုသာ ဖြစ်စေသည်။

အပိုင်း(၃)တွင် စောဒီပိန်းတစ်ယောက် ရေကန်ထဲဆင်း၍ ငါးရံ့အသိုက် ရှာပုံ ဖြစ်သည်။ 'ဗလုံး' ဟူ၍ ငါးရံ့ကြီးတစ်ကောင် ခုန်ဟပ်လိုက်သံကြောင့် ငါးရှိမှန်း သေချာသော်လည်း အသိုက် ဘယ်မှာရှိမှန်းမသိ ဖြစ်နေသည်။ ကန်သာယာကြီးအတွင်း ငါးရံ့အသိုက်ရှာပြီး ပစ်ရန် မနက်နေထွက်စကတည်းက စောဒီပိန်း ရောက်နေခဲ့ခြင်း ဖြစ်ပြီး မြက်ပြင်ကြီးရှိရာကို တန်းတန်းမတ်မတ် လာခဲ့ခြင်းလည်း ဖြစ်သည်။

(စောဒီပိန်း ရပ်နေသည့် နေရာက ကန်စပ်မှ ဆယ့်ငါးပေခန့် ဝေးသည်။ ပေါင်းမြက်ပြင်ကြီး၏ သုံးချိုးတစ်ချိုးခန့်မှာ။ ကန်ရေပြင်ဆီရောက်ဖို့ အထိတော့ ပေါင်းမြက်ထုက ရှေ့မှာ ပေသုံးဆယ်ခန့် ရှိနေသေးသည်။ သည်နေရာမှာ တောင်. ရေက ဒူးဆစ်ကျော်၍ ပေါင်လယ်ခန့် ရောက်နေပြီ။ ရှေ့ဆက်တိုး၍ ကြည့်လျှင်တော့ ကန်လယ်ဘက်သာ နီးသွားသည်မို့ ရေက ပိုမိုနက်လာတော့မည်။ ရှေ့သွားသင့် မသင့် စောဒီပိန်း ချိန်ဆနေသည်။

'မထူးပါဘူးကွာ၊ ရေထဲဆင်းလက်စနဲ့ ဆက်ရှာကြည့်မယ်'

ခါးမြုပ်သည်အထိ ရှေ့တိုး၍ ခေါက်တုံ့ခေါက်ပြန် ရှာကြည့်၏။ စိတ်ရှည်ရှည်နှင့် အပြန်ပြန်အလှန်လှန် ရှာကြည့်သော်လည်း အသိုက်ဟု ထင်လောက်သည့် တစ်နေရာမှ မမြင်မိ။

'တောက်… ရှိတော့ ရှိမယ်။ အသိုက်ရှိတာ သေချာပါတယ်။ ဘယ်

နေရာမှာပါလိမ့်’ ဘယ်လိုမှ ရှာမတွေ့၍ စိတ်ထဲ မချင့်မရဲ ကန်စပ်ဘက် ပြန်တက်လာခဲ့သည်။ ပြီးတော့ ကန်စောင်းတွင် ပေါက်နေသော ပျဉ်းမပင်ကြီး၏ အရိပ်အောက်မှာ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။)… ဟူ၍ အသေးစိတ် အဖွဲ့ သရုပ်ဖော်ချက်ထဲတွင် ဇာတ်ဆောင်၏ စိတ်တွင်းအပြောကို ကြားညှပ် ထည့်ထားသည်။ ဇာတ်ဆောင်၏ စိတ်နှင့်ရုပ်ကို စာဖတ်သူက တစ်ထပ်တည်း သိခွင့်ရနေအောင် ဖန်တီးနိုင်စွမ်းကို ဖြစ်စေသည်။

စောဒီပိန်းသည် ပျဉ်းမပင်၏ အမြင့်ပိုင်းဆီသို့ တက်သွားပြီး အရွက် ရှင်းသည့် နေရာမှ ပေါင်းမြက်ပြင်ကို စီးကြည့်သည်။ ကျဲတောက်တောက် ဖြစ်နေသည်ဟု ထင်သော မြက်ပြင်ထဲရှိ အကွက်နေရာလေးကို အသိုက် ဖြစ်နိုင်စရာ မြင်၍ အသေအချာ မှတ်ကာ ပျဉ်းမပင်ကြီးပေါ်မှ ဆင်းခဲ့သည်။ ထို့နောက် ငါးမျှားရန် လှုပ်ရှားမှုကို အသေးစိတ် သရုပ်ဖော်သည်။

(ပလိုင်းထဲမှ ငါးမျှားကြိုးခွေကို ထုတ်လိုက်သည်။ ရစ်ခုံဘူးနှင့် ပတ်ထား သော ပေါင်ရစ်ဆယ် နိုင်လွန်ကြိုးမှာ ငါးမျှားချည်ပြီးသား။ ချိတ်တွင်လည်း စားဖားလေးက တပ်ပြီးသား၊ ရစ်ခုံ ပလတ်စတစ်ဘူးကို ဘယ်ဘက် လက်နှင့် ကိုင်ရင်း ကန်စပ်မှ မြက်ပြင်ထဲ ခြေဖွနင်း၍ ဆင်းလာခဲ့သည်။ ရေပေါင်လယ် ခန့် ရောက်သောအခါ စောဒီပိန်း ရပ်လိုက်သည်။

ငါးရံ့ပစ်ရာတွင် ငါးဟပ်လိုက်ပြီ ဆိုပါက ပထမဆုံး ဆွဲရသည့် သုတ်ချက်က အရေးအကြီးဆုံး၊ သုတ်ချက်ပိုင်မှ ငါးမျှားထိချက် ပေါက်ပြီး ငါး မလွတ်နိုင်မှာ ဖြစ်သည်။)… ဟူသော အသေးစိတ် အဖွဲ့များကို ဒိုင်ခံ ပြောပြနေသူမှာ စောဒီပိန်းပင် ဖြစ်သည်။ ဝတ္ထုတိုတစ်ပုဒ်လုံး ဇာတ်ကောင် တစ်ယောက်တည်း၏ ပြုမူလှုပ်ရှားမှုနှင့် စိတ်တွင်းခံစားမှုတို့ကိုသာ ဖော်ပြနေ သော်လည်း စာဖတ်သူမှာ ငါးရံ့ကြီး ရ၊ မရ သိချင်စိတ် ဖြစ်နေရသည်။ စောဒီပိန်းနှင့်အတူ ငါးရံ့လိုက်မျှားနေရသလို ခံစားနေရသည်။ ငါးရံ့ မျှားနေ သော စောဒီပိန်း၏ အပြုအမူ လှုပ်ရှားမှုကို ရေးလိုက်၊ ငါးရံ့မျှားခြင်း အတတ် ပညာကို ရေးလိုက် ဖန်တီးသည်။ ထိုအထဲတွင် စိတ်တွင်းစကားပြောကို ညှပ်၍ ရေးထားသဖြင့် စာဖတ်သူ၏ စိတ်ဝင်စားခြင်းကို ဆွဲဆောင်နိုင်စွမ်းသည်။ အထူးသဖြင့် ရေးရာတွင် အသေးစိတ်ခြယ်မှုန်းသည်။

(ငါးရံ့ကြီးများကို သုတ်ရာတွင် ချိန်သားကိုက်ဖို့ အရေးကြီးဆုံး ဖြစ်

သည်။ ဆွဲချက်စောလျှင် မထိမပိုင်တတ်ပါ။ ငါးရံ့ကြီး မမျိုချမီ ဆွဲမိသဖြင့် ငါးစာဖားကို ငါးရံ့ကြီးပါးစပ်ထဲမှ ပြန်ဆွဲထုတ်သလို ဖြစ်ပြီး လွတ်နိုင်သည်။ မိလျှင်လည်း အာခေါင်အတွင်း ချိတ်၍သာ မိတတ်သည်။ လေထဲ ကျွမ်းထိုး ရုန်းထွက်လျှင် လွတ်သွားနိုင်သည်။ အကျွေးများသွားပြန်လည်း မကောင်း၊ ငါးရံ့ကြီးများက အန္တရာယ်ရှိမှန်း သိသွားပြီး ငါးမျှားနှင့် ငါးစာကိုလည်း ပြန်မထွေးနိုင်၊ မအန်နိုင် ဖြစ်သွားပြီ ဆိုလျှင် ရေအောက်ရှိ ဒိုက်သရောတွေထဲ တိုးဝင်ပြီး လုံးထွေးပစ်လိုက်တတ်သည်။)… ဟူသော ငါးရံ့တို့၏ သဘော သဘာဝကို အသေးစိတ် ရေးပြသဖြင့် ဇာတ်ဆောင်သည် ငါးရံ့ကို နိုင်သော၊ ငါးရံ့အကြောင်း နှောကျေနေသောသူ ဖြစ်ကြောင်း စရိုက်ဖော်အဖွဲ့လည်း ဖြစ်သည်။ ငါးရံ့အကြောင်း ဘာမျှမသိသော စာဖတ်သူများအတွက်လည်း စာရေးသူ ဖော်ပြလိုသော နယ်ပယ်စိမ်းအကြောင်း နားလည်လာရသည်။

စောဒီပိန်း မျှားနေသော ငါးရံ့ကြီးသည် သူ ထင်သည့်အတိုင်း ဒိုက် သရောထဲ တိုးသွားသည်။ ထိုနေရာတွင် ငါးရံ့ကြီးနှင့်အပြိုင် ဉာဏ်သုံးကာ လုပ်ဆောင်ရပုံများကို အားပြိုင်မှုနည်း (Conflict) သုံး၍ ရေးထားသည်မှာ-

(စောဒီပိန်းက ခပ်တင်းတင်းဆွဲထားသော ငါးမျှားကြိုးကို ဆက်မဆွဲဘဲ သာသာလေး လျှော့လိုက်သည်။ ကြိုးအနည်းငယ် လျော့သွားသဖြင့် ငါးကြီးက အတင်းရုန်းတော့သည်။ ငါးရံ့ကြီး အတိုးမှာ နည်းနည်းပြန်ဆွဲသည်။ ပြီးတော့ တင်းသွားလျှင် နည်းနည်းပြန်လျှော့။ ခဏနေတော့ ရေအောက် ဒိုက်တောထဲမှ ငါးရံ့ကြီး လွတ်ထွက်လာပြီး ဆွဲသလောက်ကို ခပ်မြန်မြန်ပါလာသည်။

'ဗလုံးဝုန်း'

'ဝုန်းဝုန်း'

ရေပေါ် ပေါ်လာပြီး ရှေ့ဘက် ခြောက်ပေလောက် အရောက်မှာတော့ ဆွဲမရတော့ပြန်။ ငါးရံ့ကြီးက မြက်ပြင်တွေကို ပါးစပ်နှင့် အတင်းကို ကိုက်ထား သည်။ ရေအောက်မှ ငါးရံ့ကြီးနှင့် လုံးထွေးပါလာသော ဒိုက်ပင်တွေကလည်း မြက်ပင်တွေနှင့် လုံးထွေးနေပြီ။ စောဒီပိန်းက ဆက်မဆွဲတော့ဘဲ ကြိုးကို တင်းထားကာ ငါးရံ့ကြီး ငြိနေရာသို့ တိုးသွားသည်။ ကြိုးကို မ ကြည့်လိုက် တော့ ငါးမျှားက ငါးရံ့ကြီး ပါးစပ်ထဲမှာ ပျောက်နေသည်။)… ဟူ၍ ဖြစ်သည်။ ငါးရံ့ကြီးတစ်ကောင် ရဖို့အရေးအတွက် ကြိုးစားရပုံကို စစ်ပွဲတစ်ပွဲ တိုက်နေရ

သလို ခံစားရအောင် ရေးဖွဲ့နိုင်သည်။ အသေးစိတ် ခြယ်မှုန်းနည်းကြောင့်သာ ဤဝတ္ထုက ပိုမိုလှပလာခြင်း ဖြစ်သည်။

စောဒီပိန်း ငါးမျှားနေသည်ကို တစ်ယောက်ယောက်က ကြည့်နေသည်။ ဤသည်ကို စောဒီပိန်းက မသိပေ။ ဤသည်ကို ဇာတ်ကွက်တစ်ခု ဖော်၍ ပြသည်။ အပြကြားတွင် အသေးစိတ် ခြယ်မှုန်းနည်းကို သုံး၍ ရေးထားသည်။ 'နည်းတဲ့ကောင်ကြီး မဟုတ်ဘူးနော် ဒီပိန်း' ဟု ဆိုသောအခါကျမှ ဦးတောက် ရောက်နေမှန်းကို သိသည်။ ဦးတောက်က စောဒီပိန်း ပထမတစ်ခေါက် ရေထဲ ဆင်းကတည်းက လှမ်းကြည့်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ ဦးတောက်ဆီမှ ငါးစာကို ဒီပိန်းက တောင်းသည်။ ထိုနေရာတွင်-

(ငါးရံ့ပစ်သူများသည် ဖား အပိုမပါလျှင် ထပ်၍ ပစ်နိုင်ရန် ပထမ မိထားသော ငါးရံ့၏ ဝမ်းဗိုက်ထဲမှအစာကို တုတ်ချောင်းဖြင့် ပြန်ကလော် ထုတ်ယူပြီး ပစ်တတ်ကြသည်။ ခေါင်းခွံဖောက်၊ အောက်မေးပေါက် ထိထား လျှင်တော့ ငါးရံ့ပါးစပ်ကို တုတ်နှင့်ကန့်လန့်ပြီး အစာကို ပြန်ထုတ်ရ လွယ် သည်။ မျိုထားပြီ ဆိုလျှင်တော့ ထုတ်ရ မလွယ်တော့ပါ။ တုတ်နှင့် ကလော် ထုတ်၍ မရလျှင် ငါးကိုသတ်ပြီး ဗိုက်ခွဲထုတ်ရမည်။ စားဖားလို အရေခွံပါး၍ အသားနူးညံ့သော ဖားမျိုးကတော့ ငါးရံ့ဗိုက်ထဲမှ ပြန်ထုတ်ရလျှင် ပုံပန်းပျက် ထားတတ်သည်ချည်း)... ဟူ၍ အသေးစိတ်ခြယ်မှုန်းပြသည်။

အပြကြားက အသေးစိတ်ခြယ်မှုန်းနည်း ဖြစ်သည်။ စာဖတ်သူတို့နှင့် နီးစပ်မှု နည်းသော အကြောင်းအရာ ဖြစ်၍ အသေးစိတ် ခြယ်မှုန်းပြရခြင်း ဖြစ်သည်။ သို့မှသာ ဝတ္ထုကို စာဖတ်သူက ဆက်လက်ခံစားနိုင်မည် ဖြစ်သည်။ မလိုအပ်ဘဲ အသေးစိတ်ခြယ်မှုန်းလျှင် ဝတ္ထုက မျောသွားတတ်သည်။ ထိုအခါ စာဖတ်သူက ဆက်မဖတ်ချင်တော့ပေ။ စာဖတ်သူ၏ စိတ်ဝင်စားမှုကို လျော့ကျ စေသည်။

၃။ အပြ

('ထပ်ပစ်မနေနဲ့တော့ ဒီပိန်း၊ မင်း ဆက်ပစ်လည်း ငါး ထပ်ရတော့မှာ မဟုတ်ဘူး'

'ဟာ မဟုတ်သေးဘူးလေဗျာ၊ ဒီအသိုက်ထဲက ကျွန်တော် တစ်ကောင်ပဲ

ဆွဲရသေးတာ နောက်တစ်ကောင် ရှိနေသေးတယ်လေဗျာ။ ပေးစမ်းပါ ဦးတောက်ရာ၊ ပေးပေး ခင်ဗျားကြိုး'

ဦးတောက် ပလိုင်းထဲမှ ငါးမျှားကြိုးကို ထုတ်မပေးဘဲ စောဒီပိန်းကို ပြုံးပြီး ကြည့်နေလိုက်သည်။

'ဘာပြုံးနေတာလဲဗျ'

'အချင်းချင်း ဆိုတော့လည်း ပြုံးပြရတာပေါ့ကွာ။ အခု မင်း မိတဲ့ ငါးကြီးက မနေ့မနက်က ငါ လွတ်သွားတဲ့ ငါးကွ'

'ဩော်-ဒီလိုလား၊ ဒါဆို ဒီအသိုက်ထဲ တစ်ကောင်ကို ဆွဲထားပြီးပြီပေါ့'

'အေး… ငါ မနေ့က တစ်ကောင်ရထားပြီးပြီ၊ ဒီအသိုက်ထဲမှာ ငါး မကျန်တော့ဘူး။ ဒါကြောင့် မင်း ဆက်မပစ်နဲ့တော့လို့ ငါပြောနေတာဟ'

'ဒါနဲ့ အခု ကျွန်တော် ဆွဲတင်လိုက်တဲ့ အကောင်ကြီးကို ခင်ဗျား ဘယ်လို များ လွတ်သွားတာလဲ ဦးတောက်'

'ကြိုးပြတ်သွားတာကွ။ ငါကိုက ပေါ့တာ။ ပထမတစ်ကောင် ဆွဲပြီး တော့ ကြိုးကို ငါ ပြန်မစစ်လိုက်မိဘူး။ 'ထောက်'ခနဲ ငါးမျှား အရင်းဘက် ကနေ ပြတ်သွားတာ ဒီပိန်းရ'

'ကြိုးအကြီးနဲ့ ခင်ဗျား ပစ်တာ မဟုတ်လား။ ဒီလောက်ထူတဲ့ ပေါင် ရှစ်ဆယ်ကြိုးက ဘယ်လိုလုပ်များ ပြတ်သွားရတာလဲဗျာ'

'ပထမတစ်ကောင်က ငါ သိပ်မကျွေးဘဲ ဆွဲလိုက်တော့ ခေါင်းခွံဖောက် မျက်လုံးပေါက်ပြီး ချိတ်ပါလာတာကွ။ အဲဒီကောင်ကြီးက ကြိုးကို သူ့သွားနဲ့ အတင်းကိုက်ထားတော့ ကြိုးအဖျားမှာ အထစ်လေးတွေ ဖြစ်ပြီး တော်တော် နာသွားမှာပေါ့'

'ကြိုးပြတ်ပြီးတော့ ခင်ဗျား ထပ်မပစ်ကြည့်ဘူးလား ဦးတောက်'

'အဲဒီအကောင်က နာသွားပြီ ဆိုတော့ လန့်နေပြီလေကွာ၊ ချက်ချင်း ဘယ်ပြန်ကိုက်ပါတော့မလဲ။ ဒါကြောင့် ငါက အသာနှပ်ထားလိုက်တာကွ။ ညနေတောင် မပစ်ဘဲ ဒီမနက်မှ ပစ်မယ် ဆိုပြီး အေးအေးဆေးဆေး ထွက်လာ ခဲ့တာလေ'

'ဩော်… ဒါဖြင့် ကျွန်တော်က ဦးသွားတာပေါ့နော်'

'ဒါပေါ့ကွာ၊ ဦးသူ ယူစတမ်းပေါ့။ ဟင်း… ဟင်း… ဟင်း'

'ခင်ဗျား ကျွန်တော့်ကိုတော့ မသကာ မဖြစ်ပါဘူးနော်၊ ခင်ဗျား ဆွဲလက်စ အသိုက်မှန်းလည်း ကျွန်တော် သိတာ မဟုတ်ဘူးဗျ။ မနေ့ညနေက ငါးခုန်သံ ကြားလို့ ဒီမနက် အသိုက်လိုက်ရှာကြည့်ရင်းက တိုက်တိုက်ဆိုင်ဆိုင် ရလိုက်တာနော်'

'အချင်းချင်းတွေကွာ၊ ဒီလောက် ရှင်းပြစရာမလိုဘူး။ အေး- အိမ်ရောက်လို့ ငါးအစာအိမ်ထဲက မင်း ငါးမျှားပြန်ထုတ်ရင် ငါ့ငါးမျှားပါ မင်း တွေ့လိမ့်မယ်။ ငါ့ငါးမျှားတော့ ပြန်ပေးပေါ့ ဒီပိန်းရာ')... ဟူသော 'အပြ'သည် ဝတ္ထုတို ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော အသေးစိတ်ရေးပြမှုကြောင့် ငါးပေါက်ကလေးများကို စောင့်ရှောက်နေသည့် ငါးရံ့အဖို အမ စုံတွဲကို မိသွားလေပြီဟု နားလည်သဘောပေါက်ရသည်။ ထိုနေရာတွင် မဆုံးသေးပါ။ အပိုင်း (၇)ကို ဆက်လက်ရေးပါသည်။

၄။ ဇာတ်ဆောင်၏ လောကအမြင်၊ စာရေးဆရာ၏ လောကအမြင်

(ငါးရံ့ကြီး၏ အစာအိမ်ထဲမှ ထွက်လာသော ငါးမျှားချိတ် နှစ်ချောင်းကို စောဒီပိန်း စူးစူးစိုက်စိုက် ကြည့်နေမိသည်။ တစ်ချောင်းက သူ့ငါးမျှား၊ နောက်တစ်ချောင်းက ဦးတောက်၏ ငါးမျှား။ ငါးရံ့ကြီးနှင့် ပတ်သက်ပြီး ဦးတောက်ပြောခဲ့သော စကားတွေ တစ်လုံးမှ မလွဲအောင် ကွက်တိမှန်နေသည်။ ငါးရံ့ကြီးတွေ၏အထာကို ဦးတောက် သိနေပုံက အံ့ဩစရာပင်။ ဒါပေမဲ့ ငါးရံ့မုဆိုးချင်းမို့ စောဒီပိန်း မအံ့ဩပါ။ သူ အံ့ဩနေသည်က ငါးရံ့ကြီးကိုသာ။

အန္တရာယ်ကို သတိထားတတ်လွန်းသော ငါးရံ့ကြီးက ဘာကြောင့်များ ဒီအသိုက်ထဲမှာ မိုက်မိုက်မဲမဲ ဆက်ရှိနေရပါလိမ့်။ အစာအိမ်ထဲမှာ ငါးမျှားကြီး တစ်ချောင်းလုံး စူးဝင်နေပါလျက် ဘာကြောင့်များ အသိုက်ကို မစွန့်ခွာသွားခဲ့ပါလိမ့်)... ဟူ၍ ဇာတ်ဆောင် စောဒီပိန်း၏ အမြင်အတွေ့မှ အတွေးအမြင်သို့ ကူးပြောင်းသွားပုံမှာ ရှေ့တွင်ဖော်ပြခဲ့သော 'အပြ'နှင့် ဆက်စပ်လျက်ရှိသည်။ ဤနေရာတွင် ဇာတ်ဆောင်၏ အံ့ဩမှုသည် စာဖတ်သူကို အတွေးဆက်လက် ပွားစေသည်ဟု ထင်ပါသည်။ တိရစ္ဆာန်ဖြစ်သော ငါးရံ့သည် အသေခံပြီး သူ့အသိုက်ကို စောင့်ရှောက်ခဲ့သည်။ မနေ့ကပင် အတူစောင့်ရှောက်ဖော်က ငါးမျှား ချိတ်မိသွားသည်။ အန္တရာယ်ကို သတိထားတတ်လွန်းသော

ငါးရံ့ကြီး ဟု စာရေးသူက ဆိုထားသည်။ ဒါဆို ဘာကြောင့်လဲ ဆက်တွေးစရာ ရှိသည်။ စာရေးသူက သူ့အတွေးကို ဆက်လက်တင်ပြသည်။

(ကြင်ဖော်ကို မျှော်တော်ဇောနဲ့လား၊ သားအုပ်ကို တွယ်တာဇောနဲ့လား။ ဘယ်သံယောဇဉ်ကြောင့်လဲ) ဟူသော မေးခွန်းဖြင့်သာ စာဖတ်သူကို ဆက်တွေးစေရန် လမ်းကြောင်းပေးထားသည်။ ထို့ကြောင့် ဇာတ်ဆောင်၏ လောကအမြင်သည် စာရေးဆရာ၏ လောကအမြင် ဖြစ်ပြီး စာဖတ်သူ၏ လောကအမြင်လည်း ဖြစ်နိုင်သည်။

ဦးအောင်သင်းက -

(ဝတ္ထုရေးသူရဲ့ ဘဝအမြင်၊ လောကအမြင် ပါလာမှ တကယ့်ဝတ္ထု ကောင်း စာရင်းသွင်းတတ်ကြပါတယ်။)

၂၁၊ ဇွန်လ၊ ၂၀၀၇

မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ 'သမားတော်-၁' တွင် ဆိုထားသည်ကို ထောက်၍ 'ချိတ်နှစ်ချောင်း'ဝတ္ထုကို ဝတ္ထုကောင်းဟု ဆိုချင်ပါသည်။ ထို ဝတ္ထုတွင် အထင်ရှားဆုံး အတတ်ပညာသဘောမှာ 'အသေးစိတ် ခြယ်မှုန်း နည်း'ပင် ဖြစ်ပါသည်။

မြန်မာ့သစ်ရသစုံမဂ္ဂဇင်း

အမှတ် ၂၇၊ ဒီဇင်ဘာလ၊ ၂၀၁၁။

* * *

လူမျိုးနော်၏ 'မအိုမီ၊ မနာမီ၊ မသေမီ'
'အကြွင်းမဲ့ချစ်ခြင်း၊ မချစ်ခြင်း' နှင့် လူ့သဘာဝအဖွဲ့

ဝတ္ထုတွင် လူသည် အဓိကကျသည်။ လူ့သဘော၊ လူ့မနောကိုလည်း တွေ့နိုင်သည်။ စာဖတ်သူသည် အပြင်လောက (တကယ့်လောက)တွင် တွေ့ရသော လူ့အကြောင်းကို ဝတ္ထုထဲ၌ ဖတ်ရလျှင် ကျေနပ်နှစ်သက်သည်။ တစ်ခါတစ်ရံ ကိုယ်နှင့်တူသော လူအကြောင်းကို ဝတ္ထုထဲတွင် ရှာဖွေတွေ့ရှိတတ်သည်။ ထိုအခါမှာလည်း သဘောကျ နှစ်သက်ရသည်။ ဦးကျော်မောင်၊ ဦးမောင်မောင်ညွန့်တို့၏ မြန်မာဝတ္ထုတိုတွင် '၁၉၃၀ ပြည့်နှစ် တစ်ဝိုက်တွင် လူ၏သဘောကို စစ်ကြောသော ဝတ္ထုတိုများစွာ ပေါ်ထွက်လာပါသည်။

လူသည် လောကသားမျှသာ ဖြစ်သည်။ လူတွင် ဒေါသ၊ မာန၊ အာဃာတ၊ အတ္တတွေ ရှိသလို တွယ်တာတတ်ခြင်း၊ မြတ်နိုးတတ်ခြင်း၊ အစစ်အမှန်ကို ရှာတတ်ခြင်း၊ လူ့တာဝန်ကို ထမ်းဆောင်တတ်ခြင်းတို့လည်း ရှိတတ်သည်ဟု လူကို လူလိုမြင်သော ဝတ္ထုတိုများ ပေါ်ထွက်လာပါသည်' ဟု ဆိုထားပါသည်။

ထိုအချက်က ဝတ္ထုတွင် လူ့သဘာဝအဖွဲ့ ပီပြင်လျှင် ဝတ္ထုကောင်း ဖြစ်နိုင်ကြောင်း ဖော်ပြနေပါသည်။ ဦးပုည၏ ဝတ္ထုများသည် လူ့သဘာဝအဖွဲ့ အားကောင်းသောကြောင့် ကျော်ကြားခြင်း ဖြစ်သည်ဟု ဖတ်ဖူးသည်။

'သူ့မယား'ဝတ္ထုတိုတွင် ဇော်ဂျီ၏ လူ့သဘာဝ အဖွဲ့ခွမ်းရည်ကို တွေ့နိုင်သလို သိန်းဖေမြင့်၏ 'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုတိုမှာလည်း လူကို လူတန်းစား အမြင်ဖြင့် ခွဲခြားမြင်ထားသည်။ 'ဆရာအို ပြဿနာ'မှာလည်း လူ့သဘာဝကို

ဖော်ပြထားသည်။ ထိုဝတ္ထုတိုများသည် ၁၉၃၀ ပြည့်နှစ် တစ်ဝိုက်က ဝတ္ထုတိုများ ဖြစ်သော်လည်း ယနေ့အထိ စံပြုနေရသော ဝတ္ထုတိုများ ဖြစ်သည်။

မအိုမီ၊ မနာမီ၊ မသေမီနှင့် အကြွင်းမဲ့ ချစ်ခြင်း၊ မချစ်ခြင်း

'မအိုမီ၊ မနာမီ၊ မသေမီ' ဝတ္ထုတိုမှာ ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှ ဖြစ်ပြီး 'အကြွင်းမဲ့ ချစ်ခြင်း၊ မချစ်ခြင်း' မှာ ၁၉၈၄ ခုနှစ်၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှ ဖြစ်ပါသည်။

'မအိုမီ၊ မနာမီ၊ မသေမီ' ဝတ္ထုတိုကို ကိုယ်တိုင်ပြောသူမှာ မန္တလေး ဆေးတက္ကသိုလ်မှ ဆေးကျောင်းသားလေးတစ်ယောက် ဖြစ်သည်။ အခြား ဇာတ်ဆောင်တို့၏ ကိုယ်နှုတ်အမူအရာတို့ကို အမြင်အကြားအတိုင်း ရေးထား သည်။ ဆေးကျောင်းသားလေးသည် ဆေးရုံပေါ်မှ လူနာများကို တွေ့နေရ သည်။ သမားတော်ဆရာဝန်ကြီး ကွယ်လွန်သည်ကိုလည်း တွေ့ရသည်။ ဆေး ကျောင်းသားများ ဘိုးဘွားရိပ်သာတွင် သွားရောက်လုပ်အားပေးရင်း လူအိုတွေ ကို တွေ့ရသည်။ ထိုသို့တွေ့စဉ် အခိုက်အတန့်တွင် အိုနာသေဘေးကို ထိတ်လန့် ကြောက်ရွံ့မိသည်။ လူ့ဘဝတိုတိုလေးတွင် ဆင်းရဲဒုက္ခများလှကြောင်း တရား သံဝေဂရမိသည်။ ဤမျှနှင့် မပြီးသေးပါ။ အဆောင် ပြန်ရောက်သောအခါ ရေးမိုးချိုး၊ အဝတ်အစားလဲ၊ ရေမွှေးဆွတ်ပြီး ချစ်သူရှိရာ သစ္စာဆောင်သို့ ဆိုင်ကယ်လေးနှင့် မြူးမြူးကြွကြွ ထွက်လာပုံနှင့် အဆုံးသတ်ထားသည်။

'အကြွင်းမဲ့ချစ်ခြင်း၊ မချစ်ခြင်း' ဝတ္ထုတိုကို ဓမ္မဓိဋ္ဌာန်ရှုထောင့် (obje-ctive point of view) မှ ရေးထားသည်။ စာရေးဆရာက အပြင်မှ နေ၍ ဇာတ်ဆောင်တို့ကို ကိုင်တွယ်သည်။ အမှတ်(၁) ဘတ်စ်ကားပြာကို စီး၍ ဆေး ကျောင်း တက်ရန်လာသော မင်းဇော်သည် ဘူတာကြီး မှတ်တိုင်၌ ကားရပ် ထားစဉ် အနာကြီးရောဂါအကြောင်း စဉ်းစားလာခဲ့သည်။ အိမ်ထောင်ပြုခါနီး သူငယ်ချင်းကိုမှ အနာကြီးရောဂါ ဖြစ်လာပုံကို တွေးပြီး 'ရက်စက်လှချေလား ဘဝဇာတ်ဆရာရယ်' ဟု ရေရွတ်မိပါသည်။

ဇာတ်ဆောင် မင်းဇော်သည် 'ဝသုန်ဇော်' ဟူသော ကလောင်အမည်ဖြင့် 'အနာဂတ်အတွက် မွေးဖွားကြစို့' ကဗျာရေးရာ ကဗျာဆု ရခဲ့သည်။ ဆေး ကျောင်း၏ ငွေရတုသဘင်အထိမ်းအမှတ် နှစ်လည်မဂ္ဂဇင်းထဲတွင် လှလှပပ

ဖော်ပြခဲ့ရသည်။ မဟာကရုဏာရှင်များ၊ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်လွှတ်ခဲ့သော ကမ္ဘာကျော် ဆရာဝန်လေးဦး၏ ကြည်ညိုလေးစား အားကျဖွယ်ရာ လုပ်ဆောင်ချက်များကို ထုတ်ဖော်ချီးကျူးရင်း သမားတို့ လျှောက်ရမည့် လမ်းမှန်ကို ညွှန်ပြထားသည့်ကဗျာ ဖြစ်သည်။ ဤကဲ့သို့သော ဇာတ်ဆောင်မင်းဇော်သည် အနာကြီးရောဂါကုဆေးရုံထဲသို့ လေ့လာရန် သွားသောအခါ လိုက်လံရှင်းပြသော ဆရာဝန်ကို သတိထားမိသည်။ ထိုဆရာဝန်က ဤဆေးရုံအတွက် အခြေအနေပေးပြီး ဝါသနာပါလျှင် အမှုထမ်းလုပ်ရန် ဖိတ်ခေါ်သည်။ မွန်မြတ်သော်လည်း တကယ့်လက်တွေ့ ဝင်လုပ်ဖို့ စိတ်ပါသူ မရှိသလောက်ရှားကြောင်း ပြောသည်။ ထိုဆရာဝန်သည် ထိုဆေးရုံမှာ အနှစ်နှစ်ဆယ်လောက် အမှုထမ်းသက် ရှိပြီး ဖြစ်ကြောင်း၊ ဆရာဝန်၏ လက်ကလေးများ တိုဝင်နေသည်ကို မင်းဇော် မြင်ရကြောင်း၊ ဇာတ်ဆောင်မင်းဇော်၏ အမြင်အတွေးဖြင့်ပြသည်။ မင်းဇော်အနေနှင့် ပရဟိတစိတ်ဓာတ် တော်တော်တန်တန် ရှိသော်ငြားလည်း ထိုဆရာဝန်လို လူမသိ သူမသိ ကိုယ်ကျိုးစွန့် အနစ်နာခံဖို့ မဖြစ်နိုင်သေးကြောင်း တွေးမိပုံနှင့် ဝတ္ထုတိုကို အဆုံးသတ်ထားသည်။

မအိုမီ၊ မနာမီ၊ မသေမီမှ ဇာတ်ဆောင်၏ အတွေ့အမြင်နှင့် စိတ်အမူအရာ

"တစ်ခန်းလုံးတွင်ရှိသူ လူနာများကို မြင်တွေ့နေရသည်မှာ နည်းနည်းမျှ စိတ်ချမ်းသာစရာ မကောင်း၊ ဒီအခန်းက ကင်ဆာရောဂါသည်များချည်း သတ်သတ်ထားသောအခန်း ဖြစ်သည်။ ခွဲစိတ်ကုသသောနည်း၊ ဆေးဝါးဖြင့်ကုသသောနည်း စသည်တို့ဖြင့် ကုသ၍ သက်သာမှု၊ ပျောက်ကင်းမှု လုံးလုံးလျားလျား မရရှိသေးသော လူနာများကို နောက်ဆုံး မျှော်လင့်ချက် အနေဖြင့် ဓာတ်ရောင်ခြည်ပေး၍ ကုသသည် မဟုတ်လား။ သားအိမ်ကင်ဆာ၊ သိုင်းရွိုက်ကင်ဆာ။ အို… များမှများလှတဲ့ ကင်ဆာတွေလေ။ စိတ်ပျက်စရာ ကောင်းလိုက်တာ"

နာခြင်းကို ကင်ဆာလူနာများဖြင့် ဖော်ပြပြီး ဇာတ်ဆောင်၏ စိတ်အခြေအနေကို တစ်ဆက်တည်း ဖော်ပြလိုက်သည်။

ထို့နောက် ဇာတ်ဆောင်သည် သူငယ်ချင်းမတစ်ဦး၏ ဦးလေးဖြစ်သူ အဆုတ်ကင်ဆာရောဂါသည်ထံ သတင်းမေး ရောက်ခဲ့ရာ အိပ်ရာထက်တွင်

မျှော်လင့်ချက်မဲ့စွာဖြင့် လဲလျောင်းနေသော လူနာ၏ မျက်တွင်းဟောက်ပက်၊ အရိုးငေါငေါနှင့် မာတောင့်တောင့် သွေးပြန်ကြောများကို အတိုင်းသား မြင်နေရကြောင်း ဖော်ပြပြီး-

'ဦးလေး သက်သာတယ်နော်' ဟု မျက်မြင်အခြေအနေကို မသိကျိုးကျွန်ပြုကာ ပဋိသန္ဓာရစကားကို ခြောက်သွေ့လေးလံစွာ ဆိုလိုက်သောအခါ-

"အေး… မဆိုးပါဘူး အရင်ကထက် တော်တော်လေး သက်သာလာတယ်ကွ" ဟု ပြန်ဖြေသည်။

"ကျွန်တော်တို့ကတော့ အသည်းနှလုံး ရှိသော လူသားတစ်ဦး အနေအထား၌ ရောဂါသည်ကို ခင်ဗျား အဆုတ်ကင်ဆာ ဖြစ်နေတယ်။ အလွန်ဆုံးနေရလှ ခြောက်လပဲဟု ဘယ်မှာ အမှန်အတိုင်း ပြောရက်ပါမည်နည်း။ လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေရသော သတ္တဝါတစ်ခု မဟုတ်ပါလား။ တွေးရင်းတွေးရင်း နာခြင်းတရားကို စိတ်နှလုံးဝယ် စက်ဆုပ်လာပါသည်" ဟူသော ဇာတ်ဆောင်၏ အတွေးမှ ခံစားမှုဆီ ရုတ်ခြည်းကူးပြောင်းသွားပုံမှာ "အကယ်၍ နောင်တစ်ချိန်၌ သည်လို အနေအထားမျိုးမှာများ ကျွန်တော် ရောက်ရှိနေခဲ့လျှင် ခံစားရသော ဝေဒနာကလည်း မသေရုံတစ်မည်လေး တိုး၍ တိုး၍ ဆိုးရွားလာမည်။ အသက်ကလေးလည်း ခန္ဓာကိုယ်မှ မထွက်ခွာသည် ဆိုရုံလေး၊ ယှဲ့ယှဲ့မျှင်မျှင်လေး ဖုတ်လှိုက်ဖုတ်လှိုက် ရှိနေမည်။ ကဲ… ဘယ်လောက်များ ဆိုးဝါးစိတ်ကုန်စရာ ကောင်းလိုက်ပါသလဲ" ဟူ၍ ဖြစ်သည်။ ဇာတ်ဆောင်၏ စိတ်အမူအရာသည် စာဖတ်သူထံ ကူးစက်သွားစေသည်။

ဇာတ်ဆောင်၏ ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး မတော်တဆ ကားတိုက်မှု ဖြစ်ပြီး ခါးရှိ ကျောရိုးနှာ့ဗ်ပိုင်းကြီး တုံးတိပြတ်သွားခဲ့သည့် အကြောင်းကို-

"အတွေ့အထိကို မသိရှိတော့၊ ဆီး အလိုအလျောက် သွား၍ မရတော့၊ ဝမ်း အလိုအလျောက် သူ့ဘာသာသူ သွား၍ မရတော့၊ ရှင်လျက်နှင့် သေနေရသော ဘဝလေ၊ ရင်ထဲဝယ် အာမခံချက် မရှိသော လူ့ဘဝကို တွေးမိကာ အားငယ်မိသလိုလို ဖြစ်လာသည်။ 'စိတ်ပျက်စရာ ကောင်းလိုက်တာ' ဟူသော စကားပြောပုံစံ အရေးအသားများ ညှပ်ပြသည်။ စိတ်တွင်းပြောစကားများ

ဖြစ်သည်။ ထို့နောက် ဦးနောက်သွေးကြောပိတ်၍ သေဆုံးသွားရသော မျက်စိ အထူးကုဆရာဝန်ကြီး၏ ရုပ်ကလာပ်ကို ကြည့်ကာ ဇာတ်ဆောင်သည် လူသား တို့အကြောင်းကို တွေးတောဆင်ခြင်သည်။

''သည်လိုနှင့် တစ်ဦးပြီးတစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက် လူ့ လောကကြီးကို နှုတ်ဆက်ထွက်ခွာသွားရမည် မဟုတ်ပါလား၊ ကျွန်တော်တို့ လူသားတိုင်းလိုလိုသည် မိမိကိုယ်မိမိ လက်ရှိအနေအထားထက် ပိုပိုမိုမို ထင်ထား၊ တွက်ထားတတ်ကြသည် မဟုတ်ပါလား။ သူ့အတ္တနှင့် ငါ့အတ္တတို့ အားပြိုင်ရင်ဆိုင်မိရာမှ ပဋိပက္ခ အရှုပ်အထွေးမျိုးစုံတို့သည် မလိုလားအပ်စွာ ရှင်သန်ပေါက်ဖွားလာရခြင်း ဖြစ်ပေသည်'' ဟူသော မနောက်အတွေးက စာဖတ်သူကို လိုက်လံတွေးတောမိစေသည်။ နာခြင်းနှင့် သေခြင်းကို ဆေးရုံ ရောက်သွားသခိုက် တွေ့ပြပြီး အိုခြင်း၏သဘောကို ဘိုးဘွားရိပ်သာ ရောက်သွား သောအခါ အဘိုး၊ အဘွားများ၏ ပုံသဏ္ဌာန်ဖြင့် ဖော်ပြသည်။

''တွန့်လိမ်နေသော ပါးရေ၊ မှုန်ရီဝေသီနေသော မျက်လုံး၊ တုန်ယင် နေးကွေးနေသော လှုပ်ရှားမှု၊ အရေပြားပေါ်မှ မှဲ့နှင့် အစက်အပြောက်များ အစရှိသည်တို့ကို ကိုယ်စီကိုယ်င ပိုင်ဆိုင်ထားကြသော အဘိုး၊ အဘွားတို့သည် လေးနက်တည်ကြည်သော အသံတို့ဖြင့် တညီတညွတ်တည်း ဝတ်ပြုနေကြ သည်'' ဟူ၍ ဖြစ်သည်။ ထို့နောက် ဇာတ်ဆောင်၏ အတွေးကို ဆက်လက် ဖော်ပြသည်။

''နောင် အနှစ်လေးဆယ်လောက်တွင် ဒီလိုနေရာမျိုးသို့ ကျွန်တော် မရောက်နိုင်ဟု မပြောနိုင်ပါ။ တွေးရင်းတွေးရင်းမှ အိုခြင်းတရားကို ထိတ်လန့် ကြောက်ရွံ့လာမိ၏'' ဟူသော ဇာတ်ဆောင်၏ အတွေးနှင့် အကြောက်တရား သည် စာဖတ်သူထံသို့ တိုက်ရိုက်ကူးစက်သွားစေသည်။ ဒုက္ခကို တွေ့တုန်း တွေ့ခိုက် တရားသံဝေဂရပြီး မျက်ကွယ်သွားသည်နှင့် မေ့မေ့ပျောက်ပျောက် ရှိသွားတတ်သော လူ့သဘောကို အဆောင် ရောက်သောအခါ ရေမိုးချိုး၊ အဝတ်အစားလဲ၊ အသားနားဆုံး ပြင်ဆင်ပြီး ချစ်သူရှိရာ သစ္စာဆောင်ဆီ ထွက်လာပုံနှင့် ပြသည်။

လူ့သဘာဝကို ''မအိုမီ၊ မနာမီ၊ မသေမီတွင်တော့ တော်စတွိုင်း၏ ပျားရည်စက်များကို တရှိုက်မက်မက် လျှာဖြင့် လျက်နေရဦးမည် မဟုတ်ပါ

လား'' ဟု 'အပြော'ဖြင့် ဖော်ပြသည်။ ဤဝတ္ထုသည် စာရေးဆရာ အောင်သင်း၏ အကြိုက်ဆုံး ဝတ္ထုတိုများတွင် ပါဝင်သည်။ ဇာတ်ဆောင်၏ အတွေ့ကို စာဖတ်သူ မြင်အောင် သရုပ်ဖော်သည်။ ထို့နောက် ဇာတ်ဆောင်၏ ခံစားချက်ကို စိတ်တွင်းအပြော (interior monologue) ဖြင့် ဖော်ပြသည်။ လူ့သဘာဝသရုပ်ကို ဖော်ပြသော ဝတ္ထုတို ဖြစ်သည်။ သာမန်လူအများစု၏ သဘာဝကို ပေါ်လွင်သည်။

ဖြစ်ရပ်တွေကို တစ်ခုစီ ချိတ်ဆက်တင်ပြပြီး ပေးချင်သော ဝေဒနာ ရောက်အောင် ပို့ဆောင်သွားသည်။ ဇာတ်ဆောင် မင်းဇော်သည် ကျောင်းသွားရင်း ဘတ်စ်ကားပေါ်မှနေ၍ သူတောင်းစားလေး နှစ်ယောက်ကို တွေ့သည်။ ပိုက်ဆံ ပေးလိုက်ပြီးမှ သူတို့မိခင်မှာ အနာကြီးရောဂါသည် ဖြစ်နေသည်ကို တွေ့ရ၍ ထိုရောဂါနှင့် ဝေဒနာရှင်တို့အကြောင်းကို စဉ်းစားရင်း ကျောင်းရောက်လာသည်။ အနာကြီးရောဂါသည် မိခင်၏သရုပ်ကို-

''တိမ်စွဲနေဟန်တူသော မျက်စိနှစ်လုံးကြောင့် တောင်ဝှေးကို အားပြုရင်း စမ်းတဝါးဝါးဖြင့် ကလေးငယ်နှစ်ဦးနောက်မှ တကောက်ကောက် လိုက်နေရရှာသည်။ မြင်းကုန်းနှီးလို ပုံပျက်ပန်းပျက်ဖြစ်နေသော နှာခေါင်း၊ ငုံးစိစိ ငုတ်တိုတို ဖြစ်ကာ မလှမပ မညီမညာ ဖြစ်နေသော ခြေချောင်း လက်ချောင်းများ အစရှိသည်တို့ကို ကြည့်ပြီး နှစ်ရှည်လများ ရောဂါ ထင်ထင်ရှားရှား ဖြစ်နေလျက်က ဆေးဝါးကုသမှု ပြတ်တောင်းပြတ်တောင်း ခံယူသူတစ်ဦး ဖြစ်ပေလိမ့်မည်''

ဟု ဇာတ်ဆောင်၏ အမြင်နှင့် အတွေးကို ပေါင်းစပ်ကာ ဖော်ပြသည်။ ထို့နောက် သူ့သူငယ်ချင်းတွင် ထိုရောဂါစွဲကပ်စ ပြုနေကြောင်းကို သိသော်လည်း မပြောရက်၍ မြွေမသေ တုတ်မကျိုး ဆုတ်သာ တက်သာ ဖြစ်အောင် ပြောသည်။ ဘယ်လိုဒုက္ခ၊ ဘယ်လိုရောဂါမျိုးပဲ ဖြစ်ဖြစ် ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ မကြုံသေးသရွေ့တော့ ဘေးနားကနေ အားပေးရသည်မှာ ဘာမှ မပင်ပန်းကြောင်း ဖော်ပြရာ ရောက်သည်။

နောက်တစ်ပိုင်းတွင် မင်းဇော် ကဗျာဆုယူပုံနှင့်တကွ မင်းဇော်၏ဆန္ဒ၊ မင်းဇော်၏ ဆုံးဖြတ်ချက်တို့ကို ဖော်ပြသည်။ ပထမဆုရသော မင်းဇော်၏ ကဗျာမှာ လူသားများအတွက် မိမိဘဝကို မြှုပ်နှံခဲ့ကြသော ဆရာဝန်များ

ဖြစ်ကြသည့် အဲလ်ဘတ်ရှိက်ဇာ၊ ချေဗွေဗားရား၊ ဂျီဆေးရီဖော်၊ နော်မန်ဗက်သွန်း တို့ကို ကိုယ်တိုင်လည်း ဦးညွှတ်၍ အများကိုလည်း ဦးညွှတ်အားကျစေလိုခြင်း ဖြစ်သည်။

"သူ့ဘဝတစ်ခုလုံးကို ပြည်သူ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် မြှုပ်နှံပြီး ဦးဆွေးဆံမြည့် လုပ်ကိုင်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။ အထူးသဖြင့် တော်ရုံတန်ရုံ ဆရာဝန်တစ်ယောက် မလုပ်နိုင်သော အလုပ်မျိုး၊ မကျင့်ကြံနိုင်သော စိတ်ထားမြင့်မြတ်မှုမျိုးတို့ဖြင့် ထူးထူးခြားခြား တီထွင်လုပ်ဆောင်သွားမည် ဖြစ်၏" ဟူ၍ မင်းဇော်၏ ဘဝရည်မှန်းချက်နှင့် ဆန္ဒကို အကျယ်ဖော်ပြသည်။

နောက်ဆုံး ဖော်ပြသည့် အပိုင်းသည် ဝတ္ထုတို၏ အသက် ဖြစ်သည်။ ရသမျိုးစုံ ခံစားရသော အခန်းလည်း ဖြစ်ကြောင်း ဆရာအောင်သင်းက သုံးသပ်ထားပါသည်။ စာရေးသူသည် တစ်ခါတစ်ရံ မင်းဇော် နေရာမှ ဝင်၍ သူ ပြောချင်သည့်အရာကို ပြောသွားသည်။

"ဆရာဝန်က လူနာကို ကြည့်ဖို့ ပြနေသော်လည်း သူတို့တစ်တွေကမူ လူနာထက် ဆရာဝန်ကို ပို၍ စိတ်ဝင်စားစွာ ကြည့်နေမိတော့သည်။ လူနာ၏ ပခုံးကို ကြင်နာစွာ ကိုင်တွယ်၍ ဖက်လှဲတကင်း ရင်းနှီးချစ်ကြည်သော အပြုအမူ၊ အပြောအဆိုများကို ထမင်းစား ရေသောက်သလို လုပ်ပြ၊ ကိုင်ပြနေသည်။

လူနာက တစ်ယောက်လည်း မဟုတ်၊ နှစ်ယောက်လည်း မဟုတ်၊ တစ်ယောက်ပြီးတစ်ယောက် အယောက်များစွာ မဟုတ်လား။ ပြီးတော့ ဆေးရုံ တက်ပြီး ကုသမှု ခံယူနေသူများမို့ ရောဂါရင့်နေသူများချည်းသာ ဖြစ်သည်။ ပုံပျက်ပန်းပျက် နှာခေါင်း၊ နီရဲထွက်ပွနေသော မျက်နှာ၊ ကြမ်းတမ်း ခြောက်သယောင်းသော အသားအရေ၊ အတိုအရှည် မညီညာသော ခြေချောင်း လက်ချောင်းများ၊ မရေတွက်နိုင်လောက်သည့် အဖြူကွက် ပုစုခရုများ၊ နှာခေါင်းသံပါသည့် စကားပြောသံ၊ ပျက်နေသည့် မျက်စိများ၊ ရွဲ့စောင်းနေသည့် မျက်နှာခင်း" ဟူ၍ ဇာတ်ဆောင်၏ အမြင်မှတစ်ဆင့် အနာကြီးရောဂါသည်တို့၏ သရုပ်ကို ပုံဖော်ပြသည်။

ထို့နောက် ပရဟိတ လုပ်ချင်စိတ် ရှိသော်လည်း သည်လိုနေရာမျိုးတွင် ကိုယ်ကျိုးစွန့်ရန် မဝံ့ရဲကြသည့် လူသားတို့၏ သဘာဝကို-

"ဆေးကျောင်းသား တစ်ယောက် ဖြစ်သော်လည်း ခုလိုမျိုး သက်ရှိ အနိဋ္ဌာရုံတွေကို တစ်ပြုံတစ်ခေါင်းကြီး ခပ်ကြာကြာ စုဝေးတွေ့မြင်ရသည်နှင့် အမျှ မင်းဇော် တစ်ယောက်ပင် ဖျို့အန်ချင်သလို၊ အဖျားတက်ချင်သလို ဖြစ်လာ ရတော့၏။ ရှေ့နားက ကျောင်းသူမလေးတချို့လည်း လက်ကိုင်ပဝါကို မသိ မသာ ထုတ်ကာ နှပ်ညှစ်သလိုလို ဘာလိုလို လုပ်နေပါလား" ဟူ၍ ဖော်ပြ သည်။

ထိုသာမန်လူတို့၏ သဘာဝကို ပြပြီး အဆင့်မြင့်လူ၏ သဘာဝကို ဖော်ပြသည်။ တာဝန်ခံဆရာဝန်က သူ့လူနာများကို အခန်းထဲမှ ခေါ်ထုတ်သွားပြီး တစ်ခဏအတွင်းမှာပင် ပြန်လည်ရောက်ရှိလာကာ ဆေးကျောင်းသားတွေကို စကားပြောသည်။

"မပြန်ခင် မင်းတို့စိတ်ထဲ မရှင်းတာ၊ သိချင်တာတွေ ရှိရင် မေးနိုင်ပါ တယ်။ ဘယ်သူ မေးချင်သေးလဲ"

မင်းဇော်သည် ထိုင်ခုံမှ အလိုလို ထရပ်လိုက်မိသည်။

"ဆရာ ကျွန်တော် တစ်ခုမေးပါရစေ၊ စပ်စုရာများ ကျနေမလား မသိဘူး၊ ဆရာရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်လို့ လုပ်ငန်းပိုင်းကိစ္စလေး တစ်ခု သိချင်လို့ပါ"

"မေးပါ တပည့်ရယ်၊ ဆရာ မကွယ်မဝှက် ဖြေပါ့မယ်"

"ဟို… ဟို ဒီလိုပါဆရာ၊ စိတ်မရှိနဲ့နော် ဆရာ၊ ဆရာ့ရဲ့လက်ချောင်း ကလေးတွေ တချို့တလေ တိုနေတာ ကျွန်တော် သတိထားး…"

"ဪ… ဒါလား အေးလေကွာ၊ ဆရာကလည်း အနှစ်နှစ်ဆယ် လောက် ဒီလိုလူတွေနဲ့ လက်ပွန်းတတီး နေလာခဲ့တော့ ဒီရောဂါကူးတော့တာ ပေါ့။ အစတုန်းကတော့ ဆေးတွေ ဘာတွေ သောက်သေးတာပေါ့ကွာ။ နောက် တော့လည်း သောက်တဲ့ ဆေးပမာဏထက် ထိတွေ့ကိုင်တွယ်နေရတဲ့ လူနာ အရေအတွက်နဲ့ ရောဂါပိုးပမာဏ သိပ်မမျှမတ ဖြစ်သွားတော့ ဒီလို ဖြစ်လာ တော့တာပေါ့။ ကိုယ်ဝါသနာပါတဲ့ အလုပ်တစ်ခုကို လုပ်မှတော့ နစ်နာဆုံးရှုံးမှု ဆိုတာ အထိုက်အလျောက်တော့ ရှိကောင်းရှိနိုင်တာပေါ့ကွာ။ အများအကျိုး အတွက် အသက်အသွေးတွေကိုတောင် အမှတ်မထားဘဲ စွန့်လွှတ်ခဲ့ကြတဲ့ သူတွေနဲ့ နှိုင်းစာလိုက်ရင် ဆရာ့ စွန့်လွှတ်မှုဟာ အသေးအဖွဲပါ တပည့်ရယ်"

မင်းဇော်သည် သူ့ကိုယ်သူ အရုပ်ကြိုးပြတ် လဲကျမသွားရလေအောင် အတော်ကြီး ကြိုးစား၍ ထိန်းသိမ်းလိုက်ရသည်။

ထိုနေရာတွင် 'သူ' ဟူသော တတိယနာမ်စားကြောင့် စာရေးသူနှင့် ဇာတ်ဆောင် ပူးတုံခွာတုံ ဖြစ်နေသည့်သဘောကို တွေ့ရသည်။ တာဝန်ခံ ဆရာဝန်၏ ပြောစကားများနှင့် လုပ်ရပ်သည် အလွန်လိုက်ဖက်ဆီလျော်သော ဖန်တီးမှု ဖြစ်သည်။ စာဖတ်သူကို ရသခံစားမှု ပေးစွမ်းနိုင်သော စကားများ လည်း ဖြစ်သည်။

ဆရာအောင်သင်းက-

"လူမျိုးနော်၏ ဝတ္ထုဆင်ပုံ၊ စကားဖွဲ့စည်းပုံမှာ ကဗျာငွေ့ သန်းသော် လည်း သူသည် ဘဝသရုပ်မှန် ဝတ္ထုဆရာစစ်စစ် ဖြစ်ချေသည်။ သူ၏ဝတ္ထုသည် လူငယ်တို့၏ ကျော်ကြားလိုသော သဘာဝကိုလည်း ဖော်ပြသည်။ လူ့လောက ကို အကြွင်းမဲ့ ချစ်တတ်သော သူတို့၏ မြင့်မြတ်မှုကိုလည်း ဖော်ပြသည်။ တိတ်တိတ်ပုန်း သူရဲကောင်းများကိုလည်း ဖော်ပြသည်။ ပြည်တွင်းက သူရဲ ကောင်း ဆရာဝန်များကိုလည်း အသိအမှတ် ပြုကြပါဦး" ဟု သတိပေးရာ ရောက်သည်။

အားလုံးကို ခြုံလိုက်လျှင် လူ့အကြောင်းနှင့် လူ့ထက် အဆင့်မြင့်သော အဆင့်မြင့် လူတို့အကြောင်း ဖြစ်သည်။ ဝတ္ထုနှစ်ပုဒ်လုံးတွင် ဇာတ်ဆောင်သည် တစ်ချိန်ချိန်တွင် ဆရာဝန် ဖြစ်လာမည့် ဆေးကျောင်းသားများ ဖြစ်သည်။ ၎င်းတို့သည် သာမန် ဆေးကျောင်းသားထက် အမြင်အကြားအပေါ် ဆင်ခြင် နိုင်စွမ်းရှိသော သူများဖြစ်ကြောင်း ဖော်ပြရာရောက်သည်။

သို့သော် အသိအမြင်နှင့် ဆန္ဒ၊ ခံယူချက်တို့နောက် လိုက်ပါမလာသည့် သဘောကို ညွှန်ပြနေသည်။ လူထက်မြင့်သော လူတို့သည် စကြဝဠာကြီး ထဲတွင် လက်ချိုးရေတွက်၍ ရအောင် နည်းပါးလှကြောင်း၊ တော်ရုံတန်ရုံ ပရဟိတစိတ်နှင့် လူထက် အဆင့်မြင့်သော အဆင့်မြင့်လူ မဖြစ်နိုင်ကြောင်း ထောက်ပြရာလည်း ရောက်သည်။

၁၉၈၃-၈၄ ခုနှစ်က ရေးသားခဲ့သော ဝတ္ထုတို ဖြစ်သော်လည်း ဟောင်း နွမ်းမသွားဘဲ (ခေတ်ကို ကျော်ဖြတ်နိုင်သော) ဝတ္ထုတို ဖြစ်သည်။ လူ့သဘာဝ အဖွဲ့အားကောင်းသော ဝတ္ထုတိုများ ဖြစ်သည်။ သာမန်လူနှင့် အဆင့်မြင့်လူတို့၏

သဘော သဘာဝကို ပေါ်လွင်အောင် ရေးဖွဲ့နိုင်လျှင် ဝတ္ထုကောင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ဝတ္ထုတွင် လူ့သဘာဝအဖွဲ့သည် ခေတ်မီနေဆဲ အတတ်ပညာသဘောကို လှစ်ပြနေသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၂၄၊ ဇူလိုင်လ၊ ၂၀၁၁။

* * *

ဇာတ်ကြောင်းပြန်သူနှင့် မခင်လေး ရေးသော 'အဖေ၏ချစ်သူ'

ဝတ္ထုမှာ ဇာတ်ကြောင်းပြန်သူ (narrator)၏ အခန်းကဏ္ဍသည် အလွန် စိတ်ဝင်စားစရာ ကောင်းပါသည်။ ဇာတ်ကြောင်းပြန်သူ၏ လေသံက စာရေးသူ ပေးချင်သော အကြောင်းစကား (message) ဆီသို့ ခေါ်ဆောင်သွားသည်။ ဝတ္ထုတိုတွင် ပါဝင်သော ဇာတ်ဆောင် (၃)ယောက် ရှိလျှင် မည်သည့် ဇာတ်ဆောင်၏ နေရာမှဝင်၍ ဇာတ်ကြောင်းပြန်သနည်း။

အဘယ်ကြောင့် အခြား ဇာတ်ဆောင်(၂) ယောက်နေရာမှ ဇာတ်ကြောင်းပြန်ရန် မရွေးချယ်ခဲ့သနည်း ဟူသော မေးခွန်းများ၏ အဖြေကို ရှာဖွေဖော်ထုတ်ကြည့်လျှင် ဝတ္ထုရေးသူ စာရေးဆရာ၏ ဖန်တီးမှု အတတ်ပညာသဘောကို တွေ့ရမည် ဖြစ်ပါသည်။

David Lodge ၏ 'The Art of Fiction' စာအုပ်ထဲတွင် 'The Unreliable Narrator' (ယုံကြည်အားထား၍ မရသော ဇာတ်ကြောင်းပြန်သူဟု အဓိပ္ပာယ်ရမည် ထင်သည်) ဟူသော အသုံးကို တွေ့ရသည်။ ထိုဇာတ်ဆောင်မျိုးက ဇာတ်လမ်း၏ အစိတ်အပိုင်းအချို့ကို ပြောပြသည်ဟု ဆိုသည်။

ဂန္ထဝင်(၁၀)တွင် ကျွန်တော်ဖြင့် ပြန်ပြောသည့်နည်းနှင့် အရာခပ်သိမ်းကို သိသည့် တတိယပုဂ္ဂိုလ်အနေဖြင့် ပြောပြသောနည်း ဟူ၍ (၂)မျိုး ဖော်ပြထားသည်။ ထို(၂)နည်းစလုံးတွင် ဇာတ်ကြောင်းပြန်သူ (narrator) မှာ အရေးပါလှသည်။

ဇော်ဇော်အောင်က 'ရင်ထဲမှာဝေ/စကားပြေအယ်လ်ဘမ်' တွင် narrator ကို စာရေးသူရဲ့ ကိုယ်စား ကိုယ်ပွားမိတ္တူလို့ ခေါ်နိုင်တယ်။ အဲဒီ ကိုယ်ပွား

စာရေးဆရာဟာ မူလစာရေးဆရာနဲ့ တစ်ထပ်တည်း ကျချင်ကျမယ်။ ကျချင်မှ လည်း ကျမယ်။ (စာဖတ်သူက ထပ်မံဖြည့်စွက် ဖန်တီးယူလိုက်တာလည်း ဖြစ်ချင်ဖြစ်မယ်) ဟုဆိုထားပါသည်။ ဇာတ်ကြောင်းပြန်သူသည် စာရေးဆရာ၏ ကိုယ်ပွား မိတ္တူဖြစ်သောကြောင့် အပြောခံရသော လူအကြောင်း၊ (သို့မဟုတ်) အဖြစ်အပျက်အပေါ် စာရေးသူ၏ ခံစားမှု အခြေအနေကို တွေ့ရှိနိုင်ပါသည်။

မဒင်လေး၏ အဖေ၏ချစ်သူ

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလထုတ် ရနံ့သစ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဝတ္ထုတို ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၊ ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများတွင် ပြန်လည်ဖော်ပြခံရသည်။ ဥတ္တရလမင်းက ထုတ်သော (၁၀) နှစ်တာ လက်ရွေးစင် ဝတ္ထုတိုများတွင် ထပ်မံဖော်ပြခံရသည်။

'ကျွန်မ' ဟူသော နာမ်စားဖြင့် အဖေ၏ ချစ်သူအကြောင်း ပြောပြနေသော 'သမီး'၏ စိတ်ခံစားမှုနှင့် သဘောထားကို ဇာတ်ကြောင်းပြန်သူ ဇာတ်ကောင်၏ စိတ်အတွေးများက ဖော်ပြနေသည်။ သမီးက ဇာတ်ကြောင်းပြန်သူ ဖြစ်သောကြောင့်ပင် အဖေ၏ချစ်သူဟု ဆိုသော်လည်း အဖေနှင့် အဖေ ချစ်ခဲ့သော 'မရီလေး' ဟူသည့် ဇာတ်ဆောင်မှာ စာဖတ်သူအတွက် ထူးထူးခြားခြား ခံစားမှု မဖြစ်စေနိုင်သော ဇာတ်ဆောင်များ ဖြစ်ပါသည်။ သို့သော် သူတို့ကြောင့် ဇာတ်ကြောင်းပြောသူနှင့် ဇာတ်ကြောင်းပြောသူ၏ အမေတို့မှာ ပိုမို ရုပ်လုံးကြွ လာသည်။

သမီးဖြစ်သူက အဖေ၏ ချစ်သူ မရီလေးကို တွေ့သောအခါ ဖြစ်ပေါ် လာသည့် ခံစားမှုကို-

[ကျွန်မသည် ထိတ်လန့်သော မျက်လုံးစုံဖြင့် မှင်တက်၍ နေမိလေသည်။ ဦးနှောက်ထဲတွင် ကွက်လပ်ကြီးတစ်ခုလို ဖြစ်သွားကာ နှုတ်သည် ဆွံ့အ၍ သွားပါ၏။ ပစ္စက္ခနှင့် ကင်းကွာလျက်ရှိသော ကျွန်မ၏ ခန္ဓာကိုယ်ကြီးသည် တောင့်တောင့်ကြီး ရပ်တန့်၍ နေလေသည်။ ဤမျှ တောကျလှသော မြို့ကလေး တစ်မြို့တွင် ဤမျှ လှပသော မိန်းမတစ်ဦးကို တွေ့ဆုံရလိမ့်မည်ဟု ဘယ်တုန်း ကမှ ကျွန်မ မမျှော်လင့်ခဲ့မိပါ။

'မရီလေးက သိပ်လှတာကွ'

အဖေ့ထံမှ ခဏခဏ ကြားခဲ့ရသော ထိုစကားသံသည် ကျွန်မ အတွက် မထူးဆန်းခဲ့ပါ။

သို့သော် ယခုအခါ ကျွန်မ ရှေ့က မိန်းမလှတစ်ဦးကြောင့် အရာရာကို အံ့ဩတုန်လှုပ်နေမိသည်။] ဟူ၍ ဖော်ပြသည်။ ဇာတ်ကြောင်းပြန်သူ နေရာမှ ပြောပြနေသော သမီး၏ ရုပ်နှင့် စိတ်အခြေအနေကို ပေါ်လွင်စေသည်။ ထို့နောက် 'မရီလေး'၏အလှကို ဇာတ်ကြောင်းပြန်သူ၏ 'အမြင်'အရ မြင်သမျှကို ဖော်ပြသည့် ပုံစံမျိုးနှင့် သရုပ်ဖော်ထားသည်။

မထူမပါး နှုတ်ခမ်းလေးမှ 'မောင်လေး သမီးကိုး' ဟု ခပ်အေးအေးလေး လုပ်၍ ပြောလိုက်ပုံမှာ အနက်မပါသော အဘိဓာန်စာအုပ်ထဲမှ စာလုံးလေး တစ်လုံးကို ဖတ်ရှုလိုက်ရသကဲ့သို့ ဖြစ်နေပါသည်။ အဖေကတော့ သူသည် အဓိပ္ပာယ်ရှာဖွေရန် ခက်ခဲသော အမျိုးသမီးတစ်ဦးသာ ဖြစ်ကြောင်း ပြောခဲ့ပါသည်။

'အထွေးကော နေကောင်းလား'

အဖေ့ကို မမေးဘဲ အမေ့ကို မေးလိုက်ခြင်းကမူ အဖေ့အပေါ် သူ ယခုတိုင် ရှောင်ပြေးပုန်းအောင်းနေရဆဲ ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ထိုနေရာတွင် ကြားညှပ်၍ ဖော်ပြသော မရီလေး၏ စကားများက 'အဖေ' ဟူသော ဇာတ်ကောင်ကို မရီလေး ချစ်ခဲ့ကြောင်း သက်သေခံနေပါသည်။ ဇာတ်ကြောင်းပြန်သူက မရီလေးကို ကြည့်လိုက်၊ အမေပြောပြသော မရီလေး အကြောင်းများကို သတိရလိုက် ဖြစ်နေသည်။

'ဟို… အန်တီ ကျောင်းမသွားဘူးလား'

ကျွန်မ ယောင်ယမ်း၍ မေးလိုက်မိပါသည်။ သူက ကျောင်းဆရာမ တစ်ဦး မဟုတ်လား။

'အလုပ်ထွက်လိုက်ပြီလေ၊ မင်းတို့ ဦးလေးက မကျန်းမာတာနဲ့'

သူ့နောက်ကျောက အခန်းကို မေးငေါ့ပြရင်း ပြော၏။ မရီလေး၏စကားကို ထောက်ခံသည့်အလား အခန်းထဲမှ ယောကျာ်းတစ်ယောက်၏ တဟွပ်ဟွပ် တဟပ်ဟပ်ချောင်းသံက ပေါ်ထွက်၍ လာပေသည် ဟူ၍ 'မရီလေး'၏ လက်ရှိ ဘဝအခြေအနေကို ဖော်ပြသည်။ ဇာတ်ကွက်(Plot) ဖြင့် ဖော်ပြသည်က ဤမျှသာပင်။

ဆက်လက်၍ 'မရီလေး'၏ အခြေအနေကို ဇာတ်ကြောင်းပြန်သူက မြင်သမျှ ပြောပြပုံမျိုး ဖန်တီးသည်မှာ-

'ထိုအခါမှပင် မီးခိုးမှိုင်းတွေ စွဲနေသော ချက်ပြုတ်၍လည်း သည်မှာပင် စားကြဟန်ရှိသော စားပွဲ ကုလားထိုင်တွေရော၊ အိုးခွက်ပန်းကန်တို့ပါ ရောထွေးတည်ရှိရာ မြေခင်းအိမ်ကြီးကို ကျွန်မ မျက်စိလှည့်ပတ် ကြည့်မိပါသည်။

အိမ်လယ်ကောင်တွင် ချထားသော လူလေးယောက်ခန့် တန်းစီထိုင်နိုင်သည့် ကုလားထိုင်ကြီးသည် ခြေထိန်းဒေါက်များ ရွဲ့စောင်းလျက် ပုံပန်းပျက်၍ နေလေသည်။ စစ်တဘက်ဟောင်း တစ်ထည်သည် ထိုကုလားထိုင်ကြီး၏ လက်ရန်းပေါ်မှ တွဲလွဲကျလျက် မြေတွင် ဒယဉ်တိုက်၍ နေလေ၏။ ဆေးလိပ်ပြာခွက်နှင့် စားလက်စ ထမင်းပန်းကန် တစ်ချပ်တို့သည် မည်းညစ်သော စားပွဲကြီးပေါ်တွင် အတူ ပူးပေါင်းလျက် ပက်လက်လန်ကာ နေကြလေသည်။

ညက ထောင်အိပ်ခဲ့ပြီးမှ မိုးလင်းသောအခါ ကမန်းကတန်း ဆွဲဖြုတ်ခဲ့ဟန် ရှိသော ခြင်ထောင်မှာ နတ်အုန်းကို ကျော်၍ ဘုရားစင်ရှေ့က သံငုတ်တိုင်၌ မပြုတ်ဘဲ တန်းလန်းကြီး ရှိနေလေသည်။ ခြောက်ကပ်နေသော နတ်အုန်းတွင် ကြွက်မြီးကျွတ်၍နေရာ ဖောင်းတော်မှာလည်း ချောင်လည်လိုက်၍ ရှိ၏။

ထိုစဉ် ပွက်ပွက်ဆူနေသော အိုးတစ်လုံးသည် အရည်တွေ တရှဲရှဲ စီးကျလာလေသည်။ မရီလေးသည် ကပျာကယာ ထ၍ အိုးဖုံးကို ဗျမ်းခနဲ လှမ်းဖွင့်လိုက်ပြီး အိမ်ထရံကြားတွင် ထိုးထားသော ကြေးဇွန်းကို ချွတ်ယူကာ ကောက်မွှေလိုက်၏။ 'မင်းတို့ ဦးလေး' ဆိုသော လူမမာကြီးအတွက် ဆန်ပြုတ်အိုး ဖြစ်ပုံရလေသည်။

ကျွန်မသည် စိတ်ထဲတွင် အောင့်ခနဲဖြစ်သွားပြီး ချောင်းသံ ထွက်ပေါ်လာရာ အခန်းဘက်သို့ မကျေမနပ်ဇွာ လှမ်းကြည့်လိုက်မိပါသည်။ တရှဲရှဲ ဝေကျစဉ်က ပူရမှန်းမသိဘဲ အိုးဖုံးကို ဆွဲလှန်ခဲ့ပြီးမှ ယခုအခါ မရီလေးသည် လက်နှီးစုတ်ကို သတိရဟန်ရှိကာ ဟိုဟိုဒီဒီ ရှာလေသော် ဆန်အိတ်ပိုင်းပေါ်တွင် ပစ်တင်ထားသော အဝတ်စုတ်ကို တွေ့လေသည်။ ထိုအဝတ်စုတ်ကို လိမ်ကျစ်၍ ဒန်အိုးဖုံးကို လိုလိုမည်မည် တစ်ချက်ဆုပ်လိုက်ပြီး ဆူနေသော အိုးပေါ် တစ်ဝက်ခန့် ဖုံးအုပ်လိုက်၏။ ပြီးတော့ သူ ကျွန်မ ရှေ့သို့ ပြန်ရောက်လာလေသည်။

ညှိစို့စို့ အောက်တောက်တောက် အနံ့တစ်မျိုးသည် အခန်းထဲတွင် ပျံ့၍ လာ၏။ ထုပ်တန်းပေါ်က ကြွက်စုတ်လေးသည် နှုတ်ခမ်းကို ရှေ့သို့ ချွန်ကာ ချွန်ကာ လျှောက်လာရင်းက ကျွန်မနှင့် မရီလေးကို ငုံ့၍ ကြည့်ကာ ရှေ့ဆက် မသွားဘဲ ရပ်နေလေသည်။ ငြိမ်သက်စွာ ထိုင်နေပါလျက် ကျွန်မ၏ ရင်မှာ မောဟိုက်၍ နေ၏။ မရီလေးကို ကိုင်ဆောင့်၍ ပစ်လိုက်ချင်သော စိတ်သာ ပေါ်လာ၏။ ပါလာသော စားစရာပစ္စည်းတို့ကို သူ့လက်ထဲသို့ ထည့်ရင်း ဘာတွေ ထပ်ပြောမိမှန်းမသိဘဲ သူ့ကို နှုတ်ဆက်ကျောခိုင်းခဲ့ပါသည်' ဟူ၍ ဖြစ်ပါသည်။

စာရေးသူက 'မရီလေး'ကို စကားများများ ပြောခွင့် မပေးထားဘဲ ဇာတ်ကြောင်းပြန်သူ၏ အသိအမြင် ခံစားမှုတို့ကိုသာ အလေးကဲဖန်တီးထား သည်။ သို့မှသာ အဖေ၏ချစ်သူ မရီလေးမှာ မည်ကဲ့သို့သော မိန်းမမျိုး ဆိုသည်ကို ပေါ်လွင်လာမှာ ဖြစ်သောကြောင့်ဟု ယူဆနိုင်သည်။ အလွန်လှသော မရီလေး၏ ညစ်ပတ်စွာ နေတတ်ပုံကို ကဲ့ရဲ့ရှုတ်ချသော စကားလုံး တစ်လုံး တလေမျှ မသုံးဘဲ ဇာတ်ကြောင်းပြန်သူ၏ ခံစားချက်ကို ထည့်ပြလိုက်ခြင်းက လည်း လှပပါသည်။ တိုက်ရိုက်တုံးတိ မဖော်ပြခြင်းက အနုပညာပင် ဖြစ်သည်။

ဇာတ်ကြောင်းပြန်သူ(သမီး)သည် အဘယ်ကြောင့် မရီလေးထံ လာရ သနည်း ဟူသော အကြောင်းပြချက်ကို သီးခြားမဖော်ပြဘဲ–

'အဝေးမှ ဥသြသံသဲ့သဲ့ကို ကြားရ၏။ ကျွန်မသည် သည်မြို့ကလေးတွင် ခေတ္တ ဖြတ်သန်းရပ်နားသွားသော ရထားတစ်စင်း ဖြစ်ပါလျှင် သနားစဖွယ် ကျန်ရစ်ခဲ့သော ဘူတာရုံလေးမှာ မရီလေးသာ ဖြစ်ပါမည်။ သူ့မျက်ဝန်းတွင် မျက်ရည်စတို့ ရစ်ဝိုင်းကာ ကျန်ရစ်ခဲ့သဖြင့် ဤသို့ ပြောနိုင်ခြင်း ဖြစ်ပါသည်' ဟူ၍ ဇာတ်ကြောင်းပြန်သူက သူ့ကိုယ်သူ ရထားတစ်စင်းအဖြစ် တင်စားပြီး မရီလေးကိုမူ သနားစဖွယ် ကျန်ရစ်ခဲ့သော ဘူတာရုံကလေးနှင့် တင်စားထား ပါသည်။ ဇာတ်ကြောင်းပြန်သူ၏ ရင်ထဲတွင် မရီလေးသည် မြားတစ်စင်းအဖြစ် စူးဝင်နေသည်မှာ သေချာသည်။ ထို့ကြောင့်ပင် မရီလေးကို တမင်သွားတွေ့ ခြင်းလည်း ဖြစ်နိုင်သည်။

'အဖေ တဖွဖွပြောလွန်းသဖြင့် မရီလေးသည် နှစ်ပေါင်းများစွာကပင် ကျွန်မနှင့် ရင်းနှီးပြီး ဖြစ်ပါသည်။ ကြားရဖန်များ၍ နားထဲမှာ စွဲနေသော်လည်း နှလုံးသားနှင့်တော့ စိမ်းလှပါသည်။ ခုတော့ ကျွန်မ၏ နှလုံးသားသည် အောင့်

၍ပဲ နေတော့၏' ဟူသော ပြောပြချက်ကို သက်သေအဖြစ် ထောက်ပြနိုင်ပါသည်။

ဇာတ်ကြောင်းပြန်သူသည် မရီလေးကို အဖေချစ်သလို လိုက်မချစ်နိုင်သော်လည်း မုန်းစိတ်၊ မနာလိုစိတ် ဖြစ်မနေသည်က သေချာလှသည်။ မရီလေး၏ အလှနှင့်ဘဝ မလိုက်ဖက်သည်ကို ယူကျုံးမရ ဖြစ်နေသည့် ခံစားချက်က ပေါ်လွင်နေသည်။ အလွန်လှပြီး မိန်းမ မပီသသော မရီလေး၏ စရိုက်ကို မကြိုက်သည့်သဘောကို တွေ့ရသည်။ ထို့ကြောင့် ဇာတ်ကြောင်းပြန်သူ (သမီး) နှင့် သမီး၏အမေတို့သည် မည်ကဲ့သို့သော မိန်းမသားများ ဆိုသည်ကို သွယ်ဝိုက် ဖော်ပြလိုက်ရာလည်း ရောက်သည်။ စိတ်သဘောထား ပြည့်ဝသူများဖြစ်သည့်အကြောင်းကို စာဖတ်သူက တွေးယူဆင်ခြင်ကြည့်နိုင်သည်။

စာရေးသူသည် အခြားဇာတ်ဆောင်များ ပြောကြားသော စကားများဖြင့် ဇာတ်ကွက်ဖော်၍ ဇာတ်ကြောင်းပြန်သူ၏ စိတ်အခြေအနေကို ဖော်ပြသည်။ ထိုဇာတ်ကွက်ကိုလည်း ဇာတ်ကြောင်းပြန်သူ(သမီး)ကပင် ဦးဆောင်ပြောပြခြင်း ဖြစ်သည်။

'မရီလေးထံမှ အိမ်သို့ ပြန်ရောက်သောအခါ အသင့်စောင့်ဆိုင်းနေကြသော ကြီးကြီး၊ ဒေါ်လေးများက အလုအယက် ပိုင်းဝန်းမေးမြန်း ပြောဆိုကြပုံများမှာ–

'ညည်းအဖေ အဆက်ကြီး တွေ့ခဲ့ပြီပေါ့၊ လှတုန်းပဲ မဟုတ်လား'

'သူ့ယောကျ်ားရော··· မင်းကုသနဲ့ ပပဝတီမှ တော်သေးတာအော်'

'တစ်မြို့လုံး သူ့မကြိုက်တဲ့ယောကျ်ား ရှိမယ်တောင် မထင်ဘူး။ ဆရာဖြစ်သင် သွားတက်ပြီး ပြန်လာတော့ မြို့ကကောင်တွေ ပါလာတာပေါ့၊ မြို့ခံသားတွေနဲ့ တကျိမ်းကျိမ်းပေါ့၊ ရိုက်ပွဲမဖြစ်တဲ့ရက်တောင် မရှိသလောက်ပဲ'

'ညည်းအဖေက ထိပ်ဆုံးကပေါ့၊ မရီလေးကတော့ ညည်းအဖေကို အတော်ချစ်တာကလားအေ့၊ မောင်လေး ဒုက္ခရောက်ပါ့မယ် ဆိုပြီး တရှုပ်ရှုပ်ငိုရတာအမေ'

မရီလေး၏ မျက်ရည်ပူတွေသည် ကျွန်မ နှလုံးသားထဲသို့ စီးဝင်၍ လာ၏။ ဤလို မိန်းမတစ်ယောက်ကို မှောင်ကုပ်ကုပ် အိမ်စုတ်လေးတစ်လုံးထဲတွင် အဝတ်စုတ်ကိုင်ရင်း ဆန်ပြုတ်အိုး မွှေနေပုံမှာ မဖွယ်ရာလွန်းလှပါသည်။

'ဘယ်သူက ယုံမှာလဲအေ၊ ဒီလောက်လှတဲ့မိန်းမ ရမယ့်ရတော့ ဆွာမိနဲ့တဲ့'

အသံပြတ်ကြီးတစ်ခုသည် ကျွန်မနားထဲသို့ တွန်းထိုး၍ ဝင်သွား၏။ ချော်ရည်ပူများသည် ကျွန်မ နှလုံးသားထဲမှာ လှိုင်းထ၍ ပွက်ဆူလာ၏။ ကျွန်မ အသက်ကို အောင့်ထားလိုက်မိပါသည်' ဟူ၍ ကြီးကြီးနှင့် ဒေါ်လေးတို့ တစ်ယောက်တစ်လှည့် ပြောသောစကားများက ဇာတ်ကြောင်းပြန်သူကို ခံစားချက် အမျိုးမျိုးဖြင့် ရင်ခုန်စေကြောင်း ဖော်ပြသည်။ ကာလသားတွေက မရီလေးတို့အိမ်တွင် ရေဆွဲ၊ ထင်းခွဲလုပ်သည့် ဆွာမိကို စာတစ်စောင် ဆယ်ပြား လောက် ပေးပြီး နိုင်းရင်းကပင် ဆွာမိနှင့် ညားသွားခြင်း ဖြစ်သည်။ ထို အကြောင်းကိုလည်း ကြီးကြီးနှင့် ဒေါ်လေးက ပြောပြနေခြင်း ဖြစ်သည်။

'မှတ်မိပါသေးတယ်အေ၊ ဆွာမိနဲ့ လိုက်ပြေးပြီ ဆိုတော့ အရက်ဆိုင်တွေ ရောင်းကောင်းလိုက်တာ မိုးအလင်းချည်းပဲ။ ဌာနာအုပ်ကလည်း ဖြောက်တို တစ်ချောင်း ခါးကြားထိုးပြီး ကုလားတွေ့တိုင်း ဖမ်းမယ် တကဲကဲ၊ တစ်မြို့လုံး ကုလားတွေ ပုန်းနေရှာတယ်။ ညည်းအဖေတော့လား ဟောဟို တိုင်နဲ့ ခေါင်းနဲ့ ဆောင့်ဆောင့်ပြီး ငိုလိုက်တာ။ ငါတို့မှာ သူ့ဆွဲရတာတစ်ဖက်၊ ဖြစ်ရလေ ဆိုပြီး မရီလေးအတွက် တစ်အိမ်လုံး ဝိုင်းငိုလိုက်ရတာ၊ လူသေတဲ့ အတိုင်းပဲအေ။ …သူ့အမေကြီး ဆိုလည်း သတိလစ်သွားလိုက်တာ၊ ဖအေနဲ့ အစ်ကိုတွေက လည်း ကောင်းသားအေ့၊ တစ်နှစ်လောက်နေမှ သူတို့ဘာသာ ပြန်လာလို့ တွေ့ရ တော့တာ၊ သူ့အမေကြီးလည်း သေတာပါပဲ။

'ပြောလို့သာ ပြောရတာပါအေ၊ မရီလေးကို ဆွာမိက နိုးပြေးရအောင် သင်းက ခြေတစ်ဖက်နိမ့်ချောပြီး တရွတ်က ဆွဲချင်နေသေးတာ အေ့'

သည့်နောက်တော့ စကားဝိုင်းမှ အသံများကို ကျွန်မ မကြားရတော့ပါ။ ခြေတရွတ်ဆွဲကာ အသားမည်းမည်း၊ သွားကျဲကျဲဖြင့် ဆံပင်လည်း ကောက် ကောက်ကွေးကွေး ရှိပုံရသော (ဦး)ဆွာမိ မျက်နှာကို ဖျောက်ဖျက်မရနိုင်ဘဲ ချောင်းသံတဟွပ်ဟွပ်ကြားမှ နာတာရှည်ကြီးကို တွဲထူတွဲမနေသည့် မရီလေး ကိုသာ မြင်ယောင်နေမိပါသည်' ဟူ၍ ဖြစ်ပါသည်။

အဖေ့ချစ်သူ မရီလေး၏ မလှပသော ဘဝပေးအခြေအနေကို အလွန် ရင်နာနေသော ဇာတ်ကြောင်းပြန်သူ၏ ခံစားချက်က စာရေးသူ၏ ခံစားချက်

မိတ္တူများ ဖြစ်လေမလား စဉ်းစားစရာ ဖြစ်ပါသည်။ ဇာတ်ကြောင်းပြန်သူသည် အဖေ့မြို့ကလေးမှ ပြန်သည့်နေ့တွင် မရီလေး၏အိမ်ကို လမ်းကြုံပါလျက် ဝင်၍ နှုတ်မဆက်ဖြစ်ခဲ့ပေ။ သူ့ကို ဒုတိယအကြိမ်ပဲဖြစ်ဖြစ်၊ နောက်ဆုံးအကြိမ်ပဲ ဖြစ်ဖြစ် ထပ်မံတွေ့ဆုံနိုင်လောက်သည့် အင်အားမျိုး မရှိသောကြောင့်ဟု ဆိုသည်။

မရီလေးက သူ့နာမည်ကို မေးလိုက်မှာ ကြောက်နေသည်။ သူ့နာမည် ကလည်း 'မရီလေး' ဖြစ်နေသောကြောင့် မရီလေး ကြားလျှင် အံ့အားသင့် ကြေကွဲသွားပါလိမ့်မည်… ဟု တွေးတောနေပါသည်။ မရီလေးကို ထပ်မံ မကြေကွဲစေချင်သော စေတနာက ဇာတ်ကြောင်းပြန်သူတွင် ရှိနေသည်။ ဤသည်မှာ 'အဖေ၏ချစ်သူ' ဝတ္ထုတိုမှ ဇာတ်ကြောင်းပြန်သူ၏ သဘောထား ခံစားချက်ကို ညွှန်းဆိုနေသည်။ ထိုသဘောထား ခံစားချက်ကြောင့် ဓမ္မဓိဋ္ဌာန် အပြောဖြစ်ကာ ဝတ္ထုတိုလေးက ပိုမိုလှပသွားရသည်။ အဖေ၏ချစ်သူအပေါ် မလိုမုန်းထားသော စိတ်ကို စိုးစဉ်းမျှ ရှာမတွေ့ခြင်း၊ အဖေ၏ချစ်သူက မလှပ သော ဘဝအခြေအနေ ဖြစ်နေရသဖြင့် နာကျင်ကြေကွဲနေရခြင်း၊ မခံစားနိုင် ခြင်းတို့ကို ဖော်ပြနိုင်စွမ်း ရှိသည်။ မရီလေးက အဖေ့ကို ချစ်ပုံကို အဖေ၏ ပြောစကားများဖြင့် ဖော်ပြသည်။

'အဖေတို့အိမ်နဲ့ သူတို့အိမ်က မျက်နှာချင်းဆိုင်၊ သူက အဖေ့ထက် ငါးနှစ်ကြီးတော့ ရှိုးပြီးတောင် ထိန်းခဲ့သေးတာပေါ့။ သူ့အိမ်မှာ သူက အငယ်ဆုံး ကိုး။ မောင်လေး မောင်လေးနဲ့ မိုးလင်းတာနဲ့ အဖေ့ဆီ ရောက်လာပြီး မိုးချုပ်လို့ သူ့အိမ်ပြန်ရရင် မနည်းချော့ပို့ရတာ'

'အဖေ ကိုရင်ဝတ်တော့ ဆယ်နှစ်သားပေါ့။ မရီလေးက နေ့လယ်ဆို ကျောင်း ပေါက်ချလာပြီး သရက်ပင်ကြီးအောက်က စောင့်နေတာ။ ဘုန်းကြီး အော်လွှတ်လို့ နောက်နေ့ မလာရတော့တာနဲ့ ကောက်ကာငင်ကာ ဖျားပါလေ ရော။ အဖေလည်း မရီလေး ဖျားပြီ ဆိုတာ သိတာနဲ့ တစ်ခါတည်း အိမ်ပြန်လာ လိုက်တာ၊ သုံးရက်ပဲ သင်္ကန်းနဲ့ နေလိုက်ရတယ်'

ဟူ၍ ပြောသောအခါ ဇာတ်ကြောင်းပြန်သူက-

ကျွန်မသည် သရက်ပင်ကြီးအောက်တွင် ငုတ်တုတ်ကလေး ထိုင်စောင့် နေသော မရီလေးကို မြင်ယောင်နေမိပါသည်။ မျက်နှာပေါ်တွင် ဝဲကျနေသော

သူ့ဆံနွယ်လေးများသည် လေအဝှေ့တွင် လွင့်ပါးနေကြပေသည်။ စိုရွှန်းသော မျက်လုံးလေးများသည် မှိုင်းဝေ၍ နေ၏။ သူ့ခန္ဓာကိုယ်လေးသည် လွမ်းဆွတ်မှုကြောင့် ညှိုးကျ၍ နေပေမည်။ သရက်ဖူးလေးတွေက သူ့ခေါင်းပေါ်သို့ တဖြုတ်ဖြုတ် ကြွေကျနေ၏။ ဆံနွယ်လေးများလိုပင် သူ့နှလုံးသားသည် လွင့်ပါးလှုပ်ခတ်၍ နေပေမည် ဟူ၍ အတွေးဖြန့်ကြက်နေသည်။

အဖေနှင့် မရီလေးတို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာကို နားလည်ပေးနိုင်စွမ်း ရှိသည်။ ထိုအချက်ကြောင့်ပင် ဝတ္ထုနှင့် ဇာတ်ကြောင်းပြန်သူ၏ အခန်းကဏ္ဍကို စိတ်ဝင်စားမိခြင်း ဖြစ်သည်။ ဤသို့ဖြင့် ဖန်တီးမှု အတတ်ပညာ သဘောကို လေ့လာမိရသည်။ ဇာတ်ကြောင်းပြန်သူ၏ အရေးပါမှုကိုလည်း ဆက်လက်၍ သုတေသနပြုပါဦးမည်။

မမြင်ရသော ဇာတ်ဆောင် အမေ

ဤဝတ္ထုတိုတွင် ကာယကံ၊ ဝစီကံ၊ မနောကံ တိုက်ရိုက်ဝင်ရောက် သရုပ်မဆောင်နိုင်သူ တစ်ယောက် ရှိသည်။ သူ့အကြောင်းကို စာဖတ်သူက ဇာတ်ကြောင်းပြောသူထံမှတစ်ဆင့် သိခွင့်ရခဲ့သည်။ သူကား အဖေ၏ ဇနီး အမေ (ဇာတ်ကြောင်းပြန်သူ၏ မိခင်)ပင် ဖြစ်သည်။

အဖေတစ်ယောက် မရီလေးအကြောင်း ပြောနေချိန်တိုင်းမှာ ပြုံးပြုံးလေး လုပ် နားထောင်နေသူကတော့ အမေ ဖြစ်ပါသည်။ တစ်ခါတစ်ရံ ထိုင်ရာမှ ထကာ အဖေ့ကျောကို တစ်ချက်ပွတ်သပ်ပြီး 'ဖြည်းဖြည်းပြော၊ မောနေဦးမယ်' ဆိုကာ အိပ်ခန်းထဲ ဝင်သွားတတ်ပါသည်။

ကျွန်မအား 'မရီလေး' ဟူသော အမည်ကို မှည့်ခေါ်ခဲ့သူမှာ အဖေ မဟုတ်ပါ။ အဖေတစ်ယောက် မရီလေးအကြောင်း ပြောနေစဉ် ပြုံးပြုံးလေး ထိုင်ကာ နားထောင်နေတတ်သော ကျွန်မ၏ အမေက မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤအချက်မှာ အတော် ထူးဆန်းနေပါသည်။

'မရီလေးက တကယ်လှတာပါ သမီး'

မရီလေးကိုတော့ ဒါတွေ မသိစေချင်တော့ပါ။ ဒီကိစ္စကို သူ့အတွက် ကျွန်မ တစ်သက်လုံး ထိမ်ချန်ထားလိုက်ရပါသည်။

ယခုတော့ အဖေရော၊ မရီလေးရော မရှိကြတော့ပါ။ မရီလေးအကြောင်း

ကိုတော့ အဖေ့ကိုယ်စား အမေက ပြောပြနေဆဲ ဖြစ်ပါသည် ဟူသော ပြောပြချက်များအရ အမေ၏ ချစ်စရာကောင်းသော Character မှာ ရုပ်လုံးကြွလာရသည်။ ဝတ္ထုတိုတစ်ပုဒ်လုံးတွင် အမေ့အကြောင်း ဖော်ပြချက်က ဤမျှလောက်သာ ပါဝင်ပါသည်။ သို့သော် ဝတ္ထုတိုအဆုံးတွင် ရင်ထဲ၌ စွဲကျန်ရစ်စေသော ဇာတ်ဆောင် ဖြစ်နေသည်။ အဖေ၏ချစ်သူမှာ အမေရော မဖြစ်နိုင်ဘူးလား။ စဉ်းစားစရာ အတွေးစကို ဖြစ်စေသည်။ ဤကဲ့သို့သော အမေမျိုးက မွေးဖွားကြီးပြင်းစေသော သမီးဖြစ်သောကြောင့် ဇာတ်ကြောင်းပြန်သူသည် မရီလေး အပေါ် ချစ်စိတ်ဖြင့် ပြောပြနေခြင်းဟု မှတ်ယူနိုင်ပေသည်။

ဝတ္ထုတိုထဲတွင် ဗီလိန်ဟုခေါ်သော လူကြမ်းမပါ။ ဇာတ်ကြောင်းပြန်သူ၏ ရုပ်တည်ချက်ကြောင့် ဇာတ်ဆောင် အားလုံးသည် လှပ အသက်ဝင်လျက်ရှိနေသည်။ စိတ်အာဟာရကို ဖြစ်စေသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်သွားရခြင်းမှာ ဇာတ်ကြောင်းပြန်သူကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုတိုတွင် ဇာတ်ကြောင်းပြန်သူ၏ ရုပ်တည်ချက် သဘောထားမှာ အရေးကြီးလှသည်။ ထိုရုပ်တည်ချက် သဘောထားမှာ ယုတ္တိတန်ရန်လည်း လိုအပ်သည်။ မခင်လေး ၏ ဝတ္ထုတိုထဲမှ ဇာတ်ကြောင်းပြန်သူ၏ ရုပ်တည်ချက် သဘောထားမှာ ယုတ္တိတန်သောကြောင့် စာဖတ်သူများ၏ ရင်ထဲသို့ ရောက်ရှိသွားခြင်း ဖြစ်သည်။

Unreliable Narrator က ဆန့်ကျင်ဘက်သဘော ပြောတတ်ပြီး ရာနှုန်းပြည့် ယုံကြည်အားထား၍ မရသော ဇာတ်ဆောင်ဟု ဆိုထားသည်။ ထိုသဘောတရားအရ ပြောရလျှင် မခင်လေး၏ ဇာတ်ကြောင်းပြန်သူမှာ Unreliable Narrator မဟုတ်သည်မှာ ထင်ရှားနေပါသည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၂၆၊ နိုဝင်ဘာလ၊ ၂၀၁၁။

* * *

မင်းလူ၏ ဇာတ်ဆောင်ဖန်တီးမှုနှင့် 'မောင်ဟင်နရီချစ်ဖွယ်'

ဝတ္ထုတွေထဲမှာ ဇာတ်ဆောင်များကို စာဖတ်သူများက စွဲသွားကာ တကယ်သက်ရှိဟု ထင်သွားကြသော ဇာတ်ဆောင် များစွာရှိပါသည်။ ဆရာကြီး သိန်းဖေမြင့်၏ 'အရှေ့က နေဝန်း ထွက်သည့်ပမာ' ဝတ္ထုကြီးထဲမှ 'တင်ထွန်း'၊ မင်းဆွေ၏ 'ဓား'မှ 'မျိုးမြင့်ရန်နောင်'၊ ဒဂုန်တာရာ၏ 'မေ'၊ 'မွေး'မှ 'အတွတ်နှင့် မွေး' တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် နိုင်' မှ 'မောင်နှင့် နိုင်' စသည်တို့ကို သာဓကအဖြစ် ထုတ်ပြနိုင်ပါသည်။ ဆရာမြသန်းတင့်၏ 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဝတ္ထုထဲမှ ဇာတ်ဆောင်များကိုလည်း ထုတ်နုတ်၍ ပြနိုင်ပါသေးသည်။ ဆက်လက်၍ ထုတ်ပြလျှင်လည်း များစွာရှိပါသေးသည်။

'ဇာတ်လမ်းပဓာနဝတ္ထု'၊ 'ဇာတ်ဆောင်ပဓာနဝတ္ထု' ဟူ၍လည်း ခွဲကြသည်။ ဝတ္ထုတိုတွင် ဇာတ်ဆောင်၏ အခန်းကဏ္ဍမှာ အထူးပင် အရေးပါလှသည်။ များသောအားဖြင့် ဇာတ်ဆောင်များကို လှုပ်ရှားစေ၍ ပေးလိုသော အာဘော်ကို ရောက်အောင် ပို့ဆောင်ကြရသည့် ဝတ္ထုတိုများတွင်လည်း ဇာတ်ဆောင်ဖန်တီးမှုသည် စိတ်ဝင်စားစရာပင် ဖြစ်သည်။ David Lodge က သူ၏ The art of Fiction စာအုပ်တွင်-

Yet character is probably the most difficult aspect of the art of fiction to discuss in technical terms. (page-67)

ဟု ဆိုထားပါသည်။ ဤသည်မှာ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ကြောင်း၊ Character သည် မြောက်မြားလှစွာသော ကွဲပြားခြားနားမှု ပုံစံတွေ ရှိသည့်

အပြင် ခြားနားသော နည်းလမ်း များစွာရှိကြောင်း ဆိုထားပါသေးသည်။ Major character, flat character, round character ဟူ၍ ရှိကြောင်း၊ သူတို့၏ စိတ်တို့သည် အပြန်အလှန် အပေးအယူ ရှိကြောင်း ဖော်ပြထားပါသည်။ တစ်ဦးကိုတစ်ဦး ထောက်ပံ့ပေးနေကြောင်း ဆိုလိုချင်ဟန် ရှိပါသည်။

John Peck နှင့် Martin coyle တို့ကလည်း Literary Terms and Criticism... စာအုပ်၊ (နှာ-၁၀၅)တွင်-

(လူ့လောကအတွက် လူအရေးပါသလို လူသားကို ဖော်ညွှန်းသော ဇာတ်ဆောင်တို့သည် လူ့ဘောင်အဖွဲ့အစည်းကို ဖော်ပြသော ဝတ္ထုတွင် အရေးပါသည်။) ဟုဆိုပါသည်။ ထို့ကြောင့် လူသားကို ဇာတ်ဆောင်က ကိုယ်စားပြုနေသည်။ လူသားတို့၏ လူ့အဖွဲ့အစည်းကို မီးမောင်းထိုးပြနေသည်မှာ သေချာလှသည်။ စာရေးဆရာကလည်း ထိုသို့သော စေတနာ သက်ရောက်မှုဖြင့် ရေးခြင်းဖြစ်သည်။

မင်းလူ၏ မောင်ဟင်နရီချစ်ဖွယ်

၁၉၈၂ ခုနှစ်၊ မတ်လထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြထားသော ဝတ္ထုတို ဖြစ်သည်။ ဝတ္ထုတိုက 'မောင်ဟင်နရီချစ်ဖွယ်' ဖြစ်သော်လည်း ဝတ္ထုတိုကို ပြီးဆုံးအောင် ဖတ်ပြီးသွားသောအခါ အဓိက ဇာတ်ဆောင် မောင်ဟင်နရီချစ်ဖွယ်ထက် အရန်ဇာတ်ဆောင် ဖခင်ကြီးက ရင်ထဲစွဲကျန်ရစ်ခဲ့သည်။ လူ့ဘောင်လောကတွင် ရှိတောင့်ရှိခဲဖြစ်သော လူမျိုးဖြစ်ပြီး ထိုကဲ့သို့သော လူမျိုးများစွာ ပေါ်ထွန်းစေလိုသော စေတနာနှင့် ရေးသည်ဟု ယူဆရသည်။ စာရေးဆရာ၏ ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာကိုလည်း ချီးကျူးဖွယ် တွေ့ရသည်။

ဇာတ်ဆောင်၏ နာမည် 'မောင်ဟင်နရီချစ်ဖွယ်' မှာ ဂယက်အနက်များစွာ ရှိသည်။ နောက်ကွယ်မှာ မည်သည့်လူတန်းစား ဖြစ်သည်ကို ဖော်ညွှန်းနေသည်။ နာမည်နှင့် လိုက်ဖက်သော Character က ဆက်လိုက်လာသည်။

'ထိုရပ်ကွက်ထဲတွင် မုန်းဖို့ကောင်းသော လူငယ်တစ်ယောက် ဖြစ်နေလေသည်။ သူသည် ဘယ်ပုံဘယ်နည်း မုန်းဖို့ကောင်းသလဲဟု သိလိုပါလျှင်

မိတ်ဆွေတို့ အနီးပတ်ဝန်းကျင်ရှိ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ဘာမှ အလေးအနက် မရှိ၊ ရည်းစား ထည်လဲထား၊ လူမှုရေး နားမလည်၊ မိဘပိုက်ဆံ ထိုင်ဖြုန်းတတ်သော ဟင်နရီချစ်ဖွယ်ကို မြင်ယောင်လာပါလိမ့်မည်။ တစ်ခုတော့ ရှိသည်။ ဟင်နရီ ဉာဏ်ကောင်း၏။ ဆယ်တန်းကို တစ်နှစ်တည်းနှင့် အောင်သည်'

ဟူသော အပြောဖြင့် ဟင်နရီချစ်ဖွယ်၏ စရိုက်(Character)ကို ဖော်ပြလိုက်သည်။

ဟင်နရီ မုန်းစရာကောင်းပုံနှင့် စာတော်ပုံကို တိုတိုနှင့် ဖော်ပြနိုင်သော 'အပြော' ဖြစ်သည်။ ထိုစရိုက်ကို ပေါ်လွင်အောင် ပြောလျှင်၊ ပြလျှင် အခြားအရန်ဇာတ်ဆောင်များနှင့် ဇာတ်ကွက်များ ထည့်ပေးမှရမည်။ ဟင်နရီ ရည်းစားထည်လဲထားပုံကို သိထားပြီး ဖြစ်သော စာဖတ်သူကို ဟင်နရီ၏ လုပ်ဆောင်ချက်တစ်ခုကို ဖော်ပြသည်။ ထိုအခါ 'လှလှမြင့်' ဟူသော အရန်ဇာတ်ဆောင်တစ်ယောက် ပါလာရသည်။

'လှလှ အိမ်ပြန်တော့မလို့လား'

'ဟုတ်ကဲ့'

'ကျွန်တော် လိုက်ပို့ပေးမယ်လေ၊ ကားပါလာတယ်'

'ကျေးဇူးတင်ပါတယ် ကိုဟင်နရီ၊ အိမ်က နီးနီးလေးပဲ လမ်းလျှောက်သွားလို့ ရပါတယ်'

'ဒါဆိုလည်း ကျွန်တော် တစ်ခုခုကျွေးပါရစေ။ တစ်နေရာမှာ သွားစားရင်း စကားလေး ဘာလေး ပြောရအောင်'

'ကျွန်မအိမ်မှာ အလုပ်တွေ ရှိသေးတယ်' ဟူ၍ ဇာတ်ဆောင်နှစ်ဦး အပြန်အလှန် ပြောစကားဖြင့် သရုပ်ဖော်သည်။ 'အပြ' ဖြစ်ပါသည်။ 'အပြော' ဖြင့် ပြထားသော ဟင်နရီ၏ စရိုက်ကို ထောက်ပံ့ပေးသော 'အပြ' ဟုဆိုရမည်။ ဟင်နရီနှင့် သူ့အဖေတို့ သူ့ရှေ့ရေးကို ဆွေးနွေးပုံကိုလည်း 'အပြ'နှင့် ပြသည်။

'ဟင်နရီ ငါ့သား၊ မင်းလည်း မကြာခင် ဘွဲ့ရတော့မယ်။ အဲဒီတော့ သားမှာ ရှေ့အတွက် ဘာအစီအစဉ် ရှိတယ်ဆိုတာ ဖေဖေ့ကို ပြောစမ်းပါ။ ဘာများ စဉ်းစားထားသလဲ'

'ရှေ့အတွက်တော့ ဘာမှအစီအစဉ် မရှိပါဘူး ဖေဖေ၊ လောလောဆယ်မှာတော့ ကျွန်တော် မော်တော်ဆိုင်ကယ်တစ်စီး လိုချင်တယ်'

'ဟော…'

'ဟုတ်တယ် ဖေဖေရဲ့၊ ခုခေတ်မှာ ကားစီးရတာ သိပ်အောက်တာပဲ။ မြို့ထဲမှာဆိုရင် ပိုဆိုးသေးတယ်။ ကားတွေ အများကြီး ရှုပ်နေတော့ တစ်နေရာက တစ်နေရာ သွားရတာ သိပ်ကြာတာပဲ။ ကားက ကြီးနေတော့ ကိုးလိုးကန့်လန့်နဲ့ ဆိုင်ကယ်ဆိုရင် ဝေါခနဲဖြတ်ချလိုက်၊ ဟိုကြားဝင် ဒီကြားထွက်နဲ့ ရှုတ်ဆို ရောက်သွားရော'

ဟူသော ဇာတ်ဆောင်နှစ်ဦး၏ ပြောစကားများမှတစ်ဆင့် အဓိက ဇာတ်ဆောင် ဟင်နရီချစ်ဖွယ်၏ ညဏ်ရည် အဆင့်အတန်းနှင့် ကိုယ်ရည်ကိုယ်သွေးကို မြင်ရသည်။ 'မောင်ဟင်နရီချစ်ဖွယ်' ဟူသော ဇာတ်ဆောင်၏ နာမည်ကို ယူထားသော ဝတ္ထုတို ခေါင်းစဉ်အရ မောင်ဟင်နရီချစ်ဖွယ်အကြောင်း ပြောရင်း ပြရင်း အခြားသော အရန်ဇာတ်ဆောင်များ ပါလာရသည်။ ထိုဇာတ်ဆောင်များ၏ ပါဝင်လှုပ်ရှားမှုအရ မောင်ဟင်နရီချစ်ဖွယ်သည် မည်သို့သော လူစားဖြစ်သည်ကို သိရှိလိုက်ရသည်။ အဓိကဇာတ်ဆောင် ဖြစ်သော်လည်း စံပြဇာတ်ဆောင်အနေနှင့် ဖန်တီးထားခြင်း မဟုတ်ပေ။ ထိုဝတ္ထုတို၏ ထူးခြားသော အချက်မှာ ဟင်နရီချစ်ဖွယ်၏ ဖခင် (အရန်ဇာတ်ဆောင်)၏ Character ပင် ဖြစ်သည်။ မထင်မှတ်ထားသောအရာမှာ ထိုဖခင်ကြီးက စံပြဇာတ်ဆောင် ဖြစ်သွားခြင်းပင်။

သူ့ဖခင်ကြီး၏ လေးစားလောက်သော သဘောထားကို-

'ဗျာ… သဘောမတူဘူး ဟုတ်လား၊ လှလှမြင့် အကြောင်း ဖေဖေ သိပါတယ် ဖေဖေရယ်၊ သူဟာ သိပ်တော်တဲ့ မိန်းကလေးပါ'

'အေး ဟုတ်တယ်၊ အဲဒီလို သိပ်လိမ္မာ သိပ်ရိုးသားတဲ့ မိန်းကလေး တစ်ယောက်က မင်းလိုကောင်မျိုးနဲ့ ညားရင် သူ့တစ်သက်လုံး စိတ်ဆင်းရဲသွားရမှာပဲ၊ ဒီနေရာမှာ ဖေဖေ သားသမီးချင်း ကိုယ်ချင်းစာရလိမ့်မယ်။ မင်းလိုဘာမှ အလေးအနက်မရှိတဲ့ ကောင်မျိုးနဲ့ သူ့လို မိန်းကလေးမျိုးနဲ့ မတန်ဘူး။ ဒါကြောင့် သဘောမတူတာကွ…'

ဟူ၍ ဖြစ်သည်။

နှုတ်အမူအရာ (ဝစီကံ) သက်သက် ဖြစ်သည်။ ကိုယ်အမူအရာ မပါပေ။ ကိုယ်အမူအရာကို ကြားညှပ်၍ ထည့်လျှင် ပြောပြမှု ရသည်။ ထိုအခါမျိုးတွင်

'အပြ'ထဲမှ 'အပြော'ကို တွေ့နိုင်ပါသည်။ သားအကြောင်း ဦးတည်၍ ပြောသွားပြသွားရင်း အဖေ၏ အကြောင်းကို သိလိုက်ရခြင်း ဖြစ်သည်။

စာဖတ်သူမှာ သူ့သားကို လှလှမြင့်နှင့် သဘောမတူသော အဖေကြီးသည် လောကတွင် အများစု ရှိသော အဖေကြီးများလို မိမိ သားဘက်မှနေ၍ သဘောမတူခြင်းဟု ထင်နေသည့်အထင်ကို ပြောင်းပြန် လုပ်ပစ်လိုက်သည့် လှည့်ကွက် (twist)ကို တွေ့လိုက်ရသည်။ ဟင်နရီချစ်ဖွယ် အံ့သြသလို စာဖတ်သူမှာလည်း အံ့သြရသည်။ စာရေးဆရာသည် အဖေအကြောင်းကို တိုက်ရိုက်မပြောဘဲ သားအကြောင်းမှတစ်ဆင့် ပြောသွားခြင်းမှာ လှပသော ဖန်တီးမှုအတတ်ပညာပင် ဖြစ်သည်။ သူ တကယ်ပြောလိုသော အဖေအကြောင်းကို 'အပြ'သက်သက်နှင့်သာ ပြသွားသည်။ ဟင်နရီချစ်ဖွယ်အကြောင်းကိုမူ 'အပြော'ရော၊ 'အပြ'နှင့်ပါ ပုံဖော်သွားပါသည်။

စာရေးဆရာ၏ ဇာတ်ကောင်စရိုက် သရုပ်ဖော်ပုံကို လေ့လာအကဲခတ်နိုင်သည်။ ဟင်နရီချစ်ဖွယ်သည် ထိုခေတ်အခါက သူဌေးသား အချို့ကို ဖော်ပြသော ပုံရိပ်ဖြစ်ပြီး သူ့အဖေမှာမူ ရှိတောင့်ရှိခဲ့ အနည်းငယ်ကိုသာ ကိုယ်စားပြုပါသည်။ အဖေနှင့် သားကို အဖြူနှင့် အမည်း ဟပ်ပြသလို ဖန်တီးထားသဖြင့် စရိုက်နှစ်ခုစလုံးမှာ ရုပ်လုံးကြွလာရပါသည်။

မိမိသားအပေါ်မှာ ချစ်ရှုံသာမက သူတစ်ပါး သားသမီးအပေါ်တွင်လည်း ကိုယ်ချင်းစာစိတ်ထားသော ဖခင်၏ စရိုက်မှာ နှစ်သက်စရာ ဖြစ်ပါသည်။ စံနမူနာ ယူသင့်သော ဖခင်စရိုက်မျိုး ဖြစ်အောင် ဖန်တီးထားသည့် စာရေးဆရာ၏ လောကအပေါ် စေတနာသက်ရောက်မှုကို တွေ့နိုင်သည်။

ဇာတ်ဆောင်ဖန်တီးမှု အတတ်ပညာ၏ အာနိသင်

လောကလူသားတို့သည် စာရေးဆရာ (အနုပညာရှင်)နှင့် တွေ့သောအခါ ဇာတ်ဆောင်တွေ ဖြစ်သွားရသည်။ အနုပညာရှင်က ဖန်တီးမှု ကောင်းလျှင် ကောင်းသလို ဇာတ်ဆောင်တွေ ရုပ်လုံးကြွလာရသည်။

ဟင်နရီချစ်ဖွယ် ကဲ့သို့သော လူတွေ လောကတွင် များစွာရှိသည်။ သူ့ဖခင်လို လူမျိုးကား များများစားစား မရှိ။ ဤနေရာတွင် ဟင်နရီ့ဖခင်ကြီးကို သာမန်ဖခင်ကြီးတစ်ယောက်လို သားကို ချစ်လွန်း၍ အလိုလိုက်ပြီး ကိုယ့်သား

ကိုယ် မည်သူနှင့်မျှ မတူမတန်ဟု ထင်နေတတ်ကြသော ဖခင်ကြီးလိုမျိုး သရုပ်ဖော်ကြည့်သည်။ ထိုအခါ ဤဝတ္ထုတိုလေးမှာ ဘာမျှ မထူးခြားသော အကြောင်းအရာတစ်ခုဟု ခံစားလိုက်ရသည်။ ပုဂ္ဂလဓိဋ္ဌာန်ကျသည်။ Private Space ကို ဖော်ညွှန်းသည်။ ဇာတ်ဆောင်ချင်း အားပြိုင်မှု (coflict) မရှိတော့ပေ။ စာဖတ်ပရိတ်သတ်မှာလည်း နှစ်သက်မှုအားလျော့ပါးစေသည်။ အပြင်လောကတွင် ဤကဲ့သို့သော အဖေမျိုး ဖြစ်ချင်ဖြစ်နေမည်။ ဤသည်ကို စာရေးဆရာက မိမိ၏ စေတနာသက်ရောက်မှုဖြင့် ပြင်ပစ်လိုက်သည်။ အပြင်လောကတွင် သားသမီးချင်း ကိုယ်ချင်းမစာနာတတ်သော ဖခင်ကြီးက ဝတ္ထုတိုထဲတွင် သားသမီးချင်း စာနာတတ်သောသူ ဖြစ်သွားသည်။ ဤသည်မှာ စာရေးဆရာ၏ လုပ်ပိုင်ခွင့် (poetic license) ပင် ဖြစ်သည်။

ထို့ကြောင့် သူ၏ ဇာတ်ဆောင်များမှာ ပိုမိုအရောင်လက်လာရသည်။ ရင်ထဲ စွဲငြိသွားရသည်။ ဖခင်ကြီး၏ စရိုက်ကို ပြောင်းလဲပြုပြင်သည် ဖြစ်စေ၊ အပြင်လောကတွင် တကယ်ရှိလို့ အရှိအတိုင်း တင်ပြသည်ဖြစ်စေ… ထိုအချက်ကြောင့်ပင် 'မောင်ဟင်နရီချစ်ဖွယ်' ဝတ္ထုတိုလေးက အမှတ်ရစရာ ဖြစ်သွားရသည်။ အများဆိုင် စာမျက်နှာ (public space) ဆီ ကူးပြောင်းသွားခြင်းလည်း ဖြစ်သည်ဟု ယူဆပါသည်။

အပြင်လောကတွင် အများစု ဖြစ်နေသော သားကို ချစ်၍ စုံလုံးကန်းနေသည့် ဖခင်များနှင့် မတူခြားနားသော သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်ကြည့်တတ်သော သူများ ရှိသင့်ကြောင်း ဖော်ညွှန်းရာလည်း ရောက်သည်။ ကိုယ့်သားကို ချစ်လွန်း၍ အလိုလိုက်ခဲ့သည်မှာ မှန်၏။ ကိုယ့်သဘောနှင့်ကိုယ် ဖြစ်သည်။ အလိုလိုက်သင့်သော ကိစ္စအတွက်သာ အလိုလိုက်ပြီး ထိုအလိုလိုက်မှုကြောင့် သူတစ်ပါး ထိခိုက်နစ်နာသွားမည်ကို မလိုလားသောစိတ်မှာ လှပသော စိတ်အလှတစ်ခုပင် ဖြစ်သည်။ လူသားတိုင်း ကျင့်ကြံရမည့် ကျင့်ဝတ်လည်း ဖြစ်သည်။ ထိုသဘောတရားကို ပေါ်လွင်စေသည်မှာ စာရေးဆရာ၏ ဇာတ်ဆောင် ဖန်တီးမှု အတတ်ပညာကြောင့် ဟုဆိုချင်ပါသည်။

ထို့ကြောင့် ဖခင်ကြီးက ဟင်နရီချစ်ဖွယ်နှင့် အပြိုင်ဇာတ်ဆောင်လည်း ဖြစ်သွားရသည်။ လှလှမြင့်မှာမူ အရန်ဇာတ်ဆောင် သက်သက်သာ ဖြစ်သည်။ ဇာတ်ဆောင်သုံးဦးသည် David Lodge ၏ အဆိုအတိုင်း တစ်ယောက်နှင့်

တစ်ယောက် အပေးအယူ ညီမျှစွာ ကူညီထောက်ပံ့နေသော သဘောကိုလည်း တွေ့နိုင်သည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း
အမှတ် ၂၅၊ စက်တင်ဘာလ၊ ၂၀၁၁။

* * *

ဖန်တီးသူ၏ လောကအမြင်နှင့်
မကြာညို(စီးပွားရေး)၏ 'ပက်ကင်ပိတ် ဦးနှောက်များ'

အနုပညာတစ်ခုခုကို ဖန်တီးသူသည် လောကတွင် ဖြစ်ပျက်နေသော လောကသဘောကို ထိတွေ့ခံစားရသောအခါ အနုပညာ တစ်ခုခုတို့ ဖန်တီး ဖြစ်ပေါ်လာသည်။ အနုပညာရှင်၏ နှလုံးသားကို ထိခိုက်လှုပ်ရှားစေသော စေ့ဆော်မှု တစ်စုံတစ်ရာကြောင့်သာ အနုပညာပစ္စည်းတို့ ဖြစ်ပေါ်လာရသည်။

"ဝတ္ထုဆိုတာ ပုံတူကူးပြတာ မဟုတ်ဘူး။ ဘဝထဲက အချက်အလက်တွေကို ထုတ်ယူပြီး အနုပညာနဲ့ ပေါင်းစပ်လိုက်ခြင်းအားဖြင့် နက်ရှိုင်းတဲ့ ဘဝသရုပ်ကို ဖော်ပြတာ"

"အနုပညာစွမ်းရည်လည်း ကောင်းတယ်၊ စေတနာလည်း ကောင်းတယ်၊ အဲဒါကြောင့် ဝတ္ထုကောင်းတွေ ဖြစ်လာတယ်။ စွမ်းရည်နဲ့ စေတနာက ဒီနေရာမှာ သိပ်စကားပြောတယ်" ဟူ၍ ဆရာအောင်သင်းက ဦးဝင်းငြိမ်းနှင့် တွေ့ဆုံရာတွင် ပြောခဲ့ပါသည်။

အနုပညာစွမ်းရည်နှင့် စေတနာကောင်းမှုကြောင့် ဖန်တီးသူ၏ လောကအမြင်ကို ဖမ်းဆုပ်နိုင်သည့် မကြာညို(စီးပွားရေး)၏ 'ပက်ကင်ပိတ် ဦးနှောက်များ'ကို လေ့လာတင်ပြလိုပါသည်။ စိတ်ကူးချိုချိုစာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသော မြန်မာဝတ္ထုကို (၂၀၀၁-၂၀၀၅) တွင် ပါဝင်သော ဝတ္ထုတို ဖြစ်ပါသည်။

လင်းလွန်းစင်စာပေ

၁။ ဝတ္ထုတို အခင်းအကျင်း

ဝတ္ထုတိုကို ခင်းကျင်းတင်ပြပုံမှာ လှပသေသပ်သည်။ လမ်းတစ်လျှောက်တွင် နောက်ကြောင်း ပြန်ငဲ့မကြည့်ရအောင် ရေးနိုင်သည်။ ဖန်တီးသူ စာရေးဆရာက ဝတ္ထုတို၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်ကို ဝင်ရောက်ပြောဆိုထားခြင်း မရှိပေ။ စာဖတ်သူက ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ခံစားမှုနှင့် ကိုယ့်ဘာသာ ရယူနိုင်ရန် လမ်းဖွင့်ပေးထားသည်။

၂။ ဇာတ်ဆောင်

အဓိကဇာတ်ဆောင်မှာ ဂြိုဟ်ကမ္ဘာကြီးတစ်ခုမှ ဂြိုဟ်သား သုတေသီကြီးတစ်ယောက် ဖြစ်သည်။ စာဖတ်သူမှာ ထိုဂြိုဟ်သား သုတေသီကြီးနှင့်အတူ ကမ္ဘာမြေပြင်ရှိ အပြည်ပြည်ဆိုင်ရာ ပြပွဲတစ်ခုအတွင်း ရောက်ရှိသွားသည်။ သုတေသီကြီး အံ့ဩလျှင် လိုက်အံ့ဩ၊ သုတေသီကြီး တွေးလျှင် လိုက်တွေး၊ ထိုအတွေးကို သဘောတူလျှင် တူနိုင်ခွင့်ရှိသလို ကွဲလျှင်လည်း ကွဲနိုင်ခွင့် ရှိသည်။ အများစုသော စာဖတ်သူတို့မှာ သဘောတူကြမည် ထင်သည်။

အရောင်းပြခန်းကြီး အတွင်းမှ အရောင်းကောင်တာများတွင် ရှိသော အရောင်းစာရေးမလေးများကလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ဖြစ်နေသော ဇာတ်ဆောင်များ ဖြစ်သည်။ ဖန်တီးသူ၏ လောကအမြင်ကို ပြောင်မြောက်အောင် အရောင်တင်ပေးနိုင်သော ဇာတ်ဆောင်များလည်း ဖြစ်သည်။

၃။ အကြောင်းအရာနှင့် ဖန်တီးမှုအတတ်ပညာ

စကြဝဠာကြီးအတွင်းရှိ အခြားသော ဂြိုဟ်ကမ္ဘာကြီးတစ်ခုမှ ဂြိုဟ်သား သုတေသီကြီးတစ်ယောက် အာကာသလွန်းပျံယာဉ်တစ်စင်းဖြင့် ကမ္ဘာမြေပြင်သို့ ရောက်ရှိလာပုံ၊ အပြည်ပြည်ဆိုင်ရာ ပြပွဲတစ်ခုအတွင်းမှ လူသားတို့၏ ဦးနှောက်အရောင်းပြခန်းကို စိတ်ပါလက်ပါ ကြည့်ရှုလေ့လာနေပုံနှင့် ဝတ္ထုတိုကို ဖွင့်ထားသည်။

အရောင်းပြခန်းတွင် မျောက်ဦးနှောက်၊ ပညာရှင် ဦးနှောက်၊ စီးပွားရေး ဦးနှောက်၊ ဘာသာရေး ဦးနှောက်၊ 'အတု'ပြုလုပ်၍ မရ၊ 'အတူ'ပြုလုပ်၍ မရသော ဦးနှောက်၊ ကံစမ်းမဲများနှင့် မွေးကင်းစကလေး ဦးနှောက် ဟူသော

ကောင်တာ(၆)ခု ရှိသည်။ ပထမဦးဆုံး မှန်ကောင်တာကြီးတွင် 'မျောက်ဦးနှောက်' ဟု စာတန်းထိုးထားပြီး တန်ဖိုး '၁ ဒေါ်လာ' ဖြစ်သည်။ လူသားတို့၏ ဦးနှောက် အရောင်းဆိုင်တွင် မျောက်ဦးနှောက်ကို စျေးနှုန်းအချိုသာဆုံး ရောင်းချထားသဖြင့် သုတေသီကြီးမှာ နားမလည်နိုင် ဖြစ်ရသည်။

အရောင်းစာရေးမလေးကို မေးကြည့်သောအခါ အေးအေးဆေးဆေး နှုတ်ခမ်းနီဆိုး၊ မိတ်ကပ်ဖို့နေရာမှ ဂြိုဟ်သားသုတေသီကြီးအား တုံးလှ၊ အလှချေလား ဟူသော အကြည့်တစ်ချက်ဖြင့် အထင်သေးစွာ ဘုကြည့်ကြည့်၍ ငေါက်ဆတ်ဆတ်နှင့် -

"ဒါဝင်ရဲ့ အဆိုအရ လူဆိုတာ မျောက်က စတင် ဆင်းသက်လာတယ် ဆိုတာ မသိဘူးလား" ဟုပြောချလိုက်သဖြင့် သုသေတီကြီးမှာ အလန့်လန့် အဖျပ်ဖျပ်နှင့် ခေါင်းညိတ်ကာ ဒုတိယကောင်တာဆီသို့ ခပ်မြန်မြန် သုတ်ခြေတင်၍ ရောက်ရှိသွားသည်။

ထိုကောင်တာမှ အရောင်းစာရေးမလေး၏ အပြုံးကြောင့် စိတ်ချမ်းမြေ့သွားသည်။ 'ပညာရှင်ဦးနှောက်' ဟူသောစာတန်းနှင့် တန်ဖိုးမှာ '၁၀ ဒေါ်လာ' ဖြစ်ကြောင်း သိလိုက်သည်။ စာရေးမလေး ပြောပြသော စကားပြောမှာ စိတ်ဝင်စားစရာ ဖြစ်သည်။ ပြုံးစရာ ဖြစ်သည်။

"ဒီဦးနှောက်ကို အခွံကြီးလို့တော့ မထင်လိုက်ပါနဲ့ရှင်။ ဒါ စေတနာဆရာရဲ့ ဦးနှောက်ပါ။ အိတ်သွန်ဖာမှောက် အကုန်အသုံးချထားတာမို့ ဘာမှ မရှိဘူးလို့ ထင်ရတာပါ။ ဒါပေမဲ့ ဒီအသပြာဆရာရဲ့ ဦးနှောက်ကတော့ ဒင်္ဂါးပုံ အပေါက်ကလေးက လွဲပြီး အကောင်းပကတိအတိုင်းပါပဲရှင်။ ဒါကတော့ ကျွန်မတို့ရဲ့ လူ့ကမ္ဘာက သုတေသီကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ပါမောက္ခကြီးတွေရဲ့ ဦးနှောက်အမျိုးအစားပါ။ အသုံးချတာ များလွန်းလို့ ဦးနှောက်တွေ အမှုန့်ဖြစ်ကုန်တာပါ။ အဲဒီဘက်က သိပ္ပံပညာရှင်တွေရဲ့ ဦးနှောက်ကတော့ အနံ့အမျိုးမျိုးထွက်နေတာ သည်းခံပါရှင်။ အန္တရာယ် မရှိပါဘူး။ တချို့ အနံ့က လူသားအကျိုးပြု ဆေးနံ့တွေပါ။ အဆိပ်ငွေ့ထွက်နေတဲ့ ဒီဘက်က ဦးနှောက် အမျိုးအစားတွေကိုတော့ ခုလို ဖန်ပေါင်းချောင်မှာ ပိတ်ပေးထားပါတယ်"

ဟူသော စကားထဲမှ အဆိပ်ငွေ့ကြောင့် သုတေသီကြီးမှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။

"ကျွန်မတို့ လူ့ကမ္ဘာကြီးရဲ့ အပြန်လက်ဆောင်အနေနဲ့ လူကြီးမင်းတို့ ဂြိုဟ်ကမ္ဘာက သားသမီးလေးတွေရဲ့ ရှိဘော့မှာ တပ်ဆင်ဖို့ဆိုရင်တော့ ဟောဒီ ကျူရှင်ဆရာရဲ့ ဦးနှောက်လေး ယူသွားစေချင်ပါတယ်။ စာလည်း သင်မယ်၊ သီချင်းလည်း ဆိုတတ်တယ်၊ ရယ်စရာလည်း သိပ်ပြောတတ်တယ်ရှင်၊ ကိုင်ရ တွယ်ရတာလည်း ပေါ့ပေါ့ပါးပါးပါပဲ" ဟုပြောသောအခါ သုတေသီကြီးမှာ လူပျိုကြီးဖြစ်သော်လည်း ကျူရှင်ဆရာ၏ ဦးနှောက်ကို ဝယ်ဖြစ်သွားသည်။ လှပစွာ ထုပ်ပိုး၍ ကျေးဇူးတင်ကြောင်း ပြောသော စာရေးမလေးကို မျောက် ကောင်တာမှ စာရေးမလေးက စွေစွေစောင်းစောင်း ကြည့်၍ စိတ်တွင်းစကားပြော (interior monolouge) ဖြင့် ပြောပုံမှာ ကျူရှင်ဆရာ ဦးနှောက်၏ ချွတ်ယွင်း ချက်များ ဖြစ်သည်။

"ဟင်း… အပျော့ဆွဲမ၊ အချဉ်ဖမ်းလိုက်ပြန်ပြီ။ ဆရာဝန်ကြီးတွေ၊ ပါမောက္ခကြီးတွေရဲ့ ဦးနှောက်တွေက အရောင်းသွက်တွေ၊ ဒီကျူရှင်ဆရာရဲ့ ဦးနှောက်ကဖြင့် အရောင်းထိုင်းကြီး၊ ပြီးတော့ မဲပြာပုဆိုး ထပ်ခါတလဲလဲ ဝတ်ပြားယောင်းကြီးတွေ ဖွင့်နေမှာမြင်ယောင်သေး၊ အဟေး" ဟူ၍ ဖြစ်သည်။ ဖန်တီးသူ၏ အနုပညာစွမ်းရည်ကြောင့် အတွေးတစ်စုံတစ်ရာ ဖြစ်စေသော ဖန်တီးမှုဟု ဆိုရပေမည်။

တတိယ ကောင်တာသို့ ရောက်သွားသော သုတေသီကြီး၏ မျက်လုံး များ ချာချာလည်သွားရခြင်း၏ အကြောင်းကို 'သူ'ဟူသော တတိယနာမ်စား ရှုထောင့် (Third person point of view) မှ တစ်ဆင့် တင်ပြပုံမှာ-

သူ၏အနီးအနားတွင် လူစုစုအုပ်အုပ်မှာလည်း ပွက်လောရိုက် ဆူညံနေ ကြသည်။ စက္ကန့်ပိုင်းအတွင်း သူ၏ မျက်စိရှေ့မှောက်ရှိ ဒေါ်လာ ၁၀၀ တန် ဦးနှောက်များသည် ဒေါ်လာ ၁၀၀၀ တန် ဖြစ်သွားသည်။ အချို့သော ၅၀၀ တန် ဦးနှောက်များလည်း ဒေါ်လာ ၁၀ ဖြစ်သွားသည်။ စက္ကန့်ပိုင်းအတွင်း အမျိုးမျိုး ပြောင်းလဲနေသော ဈေးနှုန်းများကြောင့် သုတေသီကြီးမှာ မူးချာ နောက်သွားရသည်။ မည်ကဲ့သို့သော အမျိုးအစား ဦးနှောက်ကို ရောင်းချနေ သည်ကို သိလိုသဖြင့် အရောင်းကြော်ငြာစာတန်းကို ဖတ်လိုက်သည်။

'စီးပွားရေး ဦးနှောက်' ဟု တွေ့လိုက်ရသည်။ ဈေးကျသွားသော ဦးနှောက်များကို အဝတ်အစား နွမ်းနွမ်းပါးပါး လူအချို့က အလုအယက်ဝယ်

ယူနေကြသည်။ စျေးတက်နေသော ဦးနှောက်များကိုမူ နောက်လိုက်နောက်ပါ အခြံအရံများနှင့် နေကာမျက်မှန် အမည်းတပ်ထားသော ဆေးပြင်းလိပ် ခဲထားသည့် သားသားနားနား လူအချို့ကသာ အချင်းချင်း တီးတိုးတိုင်ပင်၍ ဝယ်ယူနေကြသည်။ လူအများစု၏ လက်အတွင်းမှ စျေးကျနေသော ဦးနှောက်များမှာ ဆက်၍ ဆက်၍ စျေးကျနေသည်။ လူနည်းစု၏ လက်တွင်းမှ စျေးတက်နေသော ဦးနှောက်များမှာ ဆက်၍ဆက်၍ စျေးတက်နေသည်။ 'တစ်မျိုးပါလား' ဟု သုတေသီကြီး တွေးလျက် လူသားတို့၏ စီးပွားရေး ဦးနှောက်များသည် သမုဒ္ဒရာထဲမှ ရေများနှင့် တူသည်ဟု ယူဆလိုက်သည်။ သမုဒ္ဒရာရေများသည် ငါ အင်အားကြီးတယ်၊ ငါ အတိုင်းအဆမရှိဘူး၊ ငါ့လို လှုပ်ရှားပြောင်းလဲအောင် ဘယ်သူမှ မလုပ်နိုင်ဘူးဟု အပြောကြီးကြီး ပြောနေလျက်မှာပင် နေရောင်ခြည်နှင့် တွေ့ကာ အငွေ့အဖြစ် ကောင်းကင်သို့ ပျံတက်သွားရသည်။ အပေါ်စီး၊ အထက်စီးမှ ရနေ၊ ရောက်နေပြီဟု သူ့ကိုယ်သူ ထင်မှတ်နေဆဲ အောက်သို့ ပြုတ်ကျရပြန်သည်။ တက်လျှင်ကျသည်။ ကျလျှင်တက်သည်။ သုတေသီကြီးသည် တတိယကောင်တာမှ စိတ်ပျက်စွာ ထွက်ခွာခဲ့ရသည် ဟူ၍ ဖြစ်သည်။

သက်မဲ့သော သမုဒ္ဒရာရေများက 'ငါ'ဟူသော နာမ်စားဖြင့် ပြောပုံ၊ ထို 'ငါ' ကို 'သူ' ဟူသော နာမ်စားသုံး၍ သုတေသီကြီးက တွေးပုံ၊ ထိုကောင်တာမှ စိတ်ပျက်လက်ပျက် ထွက်ခွာခဲ့ပုံများက အတွေးထပ်ဆင့်ပွားစရာပင် ဖြစ်သည်။ ဖန်တီးသူ စာရေးဆရာသည် ကိုယ်ယောင်ဖျောက်ထားသည်။ ဝတ္ထုတိုထဲတွင် စာရေးဆရာ ကန့်လန့်ကန့်လန့်နှင့် ဘွားခနဲ ပေါ်လာသည့် အကွက်မျိုး မတွေ့ရသည်က ဤဝတ္ထု၏ ဖန်တီးမှုအတတ်ပညာ ပြောင်မြောက်မှုပင် ဖြစ်သည်။

စတုတ္ထ ကောင်တာမှာ လေ့လာနေသူများက သက်ကြီးရွယ်အိုများသာ ဖြစ်ပုံ၊ အားလုံး၏ မျက်နှာများ တည်ငြိမ်အေးချမ်းနေကြပုံ၊ ဦးနှောက်တွင် စျေးနှုန်းတပ်ဆင်မထားပုံကြောင့် ကြော်ငြာဆိုင်းဘုတ်ကို လေ့လာကြည့်ရာ 'ဘာသာရေး ဦးနှောက်' ဟု တွေ့ရပုံတို့ကို ဖော်ပြပြီး သုတေသီကြီးက အနီးအနားမှ အဘွားအိုတစ်ယောက်ကို မေးလိုက်သည့် ဇာတ်ကွက်ကို 'အပြော'ဖြင့် ဖွဲ့သည်။

"ဒီဦးနှောက်တွေက မရောင်းပါဘူးကွယ်၊ ဒါနပြနေတာပါ။ မေတ္တာနဲ့ ပေးဝေနေတာပါ။ မောင်ဖြိုးဟ်သားလေး ကြိုက်တဲ့အပုံက ကြိုက်သလောက် ယူသွားနိုင်ပါတယ်။ သဒ္ဓါပေါက်ရင်သာ သက်ဆိုင်ရာ အလှူခံပုံးတွေထဲမှာ စေတနာရှိသလောက် လှူဒါန်းသွားနိုင်တယ်"

သုတေသီကြီးသည် အနီးဆုံးအပုံမှ ဦးနှောက်တစ်လုံးကို ကောက်ကိုင်ကြည့်လိုက်သည်။

"အား… ပါး… ပါး လေးလွန်း… လှ… ပါလား "

"ဦးနှောက်တွေအားလုံးက အဆီအနှစ် အတွေးအခေါ် အပြည့်တွေနဲ့မို့ လေးနေတာပါကွယ်"

အဘိုးကြီးတစ်ဦးက လေးလေးစားစား ရှင်းပြသည်။ သုတေသီကြီးသည် နိုင်သလောက် သယ်ယူချင်လွန်းလှသော်လည်း အပြန်ခရီးမှာ ဝေးလံလွန်းလှသောကြောင့် ဦးနှောက်များကို ပြန်ချ၍ မချင့်မရဲကြည့်ကာ နောက်ကောင်တာတစ်ခုသို့ ပြောင်းလိုက်ရသည် ဟူသော ပြကွက်က ပြုံးရမလိုလိုနှင့် မပြုံးနိုင်သော သရော်ချက် ဖြစ်သည်။

'အတုပြုလုပ်၍မရ၊ အတုပြုလုပ်၍မရသော ဦးနှောက် ကံစမ်းမဲများ' ဟူသော ကောင်တာမှာ အရောင်းပြခန်းမကြီး တစ်ခုလုံးတွင် ကြက်ပျံ ငှက်ပျံ မကျ အစည်ကား အသိုက်မြိုက်ဆုံး ကောင်တာကြီးလည်း ဖြစ်ပုံ၊ ကတ္တီပါ ဝိတ်ကားကြီးပေါ်တွင် ဆေးရောင်စုံ မီးဆလိုက်များနှင့် စာတန်းများ ပေါ်ထွက်နေပြီး လူအများစု၏ ဟေး… ဟေး… ဟား… ဟား ရယ်သံများကိုလည်း ကြားနေရပုံ၊ တိတ်ဆိတ် ငြိမ်သက်သွားလိုက်၊ ဆူညံအော်ဟစ်လိုက်နှင့် ရှိနေပုံတို့ကို နောက်ခံအဖြစ် ဖော်ပြသည်။

သုတေသီကြီး စိတ်ဝင်စားကာ လူကြားထဲ တိုးဖွေ့ဝင်သွားပုံ၊ မျက်လုံးပြာမလေးတစ်ယောက်က ကံစမ်းမဲတစ်လိပ်ကို ဒေါ်လာ ၁၀၀ နှင့် ဝယ်ယူလိုက်ပုံ၊ 'သန်းမြင့်အောင်' ဟူသော စာတန်းကြီး ကတ္တီပါဝိတ်ကားတွင် ပေါ်လာသော်လည်း ပရိသတ်မှာ ဆက်လက်ငြိမ်သက်နေမြဲ ဖြစ်ပုံ၊ 'နိုင်ငံ-မြန်မာ၊ အမျိုးအစား-စာရေးဆရာ၊ တန်ဖိုး-တန်ဖိုးဖြတ်၍ မရပါ' ဟူသော စာတန်းများ ပေါ်လာသောအခါကျမှ မျက်လုံးပြာမလေး ခုန်ပေါက် ပျော်ရွှင်သွားပုံ၊ ပရိသတ်မှာလည်း ဟေးခနဲ ကောင်းချီးသြဘာ ပေးကြပုံတို့ကို ကြည့်ပြီး

သုတေသီကြီးမှာ နားမလည် ဉာဏ်မမီနိုင်အောင် ဖြစ်သွားပုံ၊ လူတွေ ဝိုင်းဝိုင်းလည် ဂုဏ်ပြုအားကျ ချီးကျူးခံနေရသော မျက်လုံးပြာမလေးအား မျက်နှာချင်းဆိုင်ကာ ဇွတ်ကြီး မေးချလိုက်သောအခါ မျက်လုံးပြာမလေးက ပြုံး၍-

"ဒီကောင်တာမှာ ကံစမ်းမဲတစ်ခုကို ဒေါ်လာ ၁၀၀ ပေးပြီး ဝယ်ယူလိုက်ရင် ကျွန်မတို့ လူ့ကမ္ဘာမှာ ရှိရှိသမျှ တိုင်းနိုင်ငံ အသီးသီးက အနုပညာသမား တစ်ယောက်ယောက်ရဲ့ ဦးနှောက်ကို ရမယ်။ စာရေးဆရာ၊ ကာတွန်းဆရာ၊ ပန်းချီဆရာ… အဲ-အနုပညာနဲ့ ပတ်သက်သမျှ အနုပညာရှင် တစ်ယောက်ယောက်ရဲ့ ဦးနှောက် ဆိုပါတော့၊ သက်ရှိထင်ရှားရော၊ ကွယ်လွန်ပြီးသမျှရော အနုပညာသမား မှန်သမျှရဲ့ ဦးနှောက်တွေ ကွန်ပျူတာ ပရိုဂရမ်ထဲမှာ ရှိနေပါတယ်ရှင်။ ရှင် ရှိတ်စပီးယားတို့၊ ပီကာဆို တို့လောက်တော့ ကြားဖူးတယ် မဟုတ်လား။ ဒါပေမဲ့ ဟဲ… ဟဲ… ဟဲ… မဲလိပ်ရေ သန်းပေါင်းများစွာထဲက ရှိတ်စပီးယားရဲ့ ဦးနှောက် ရဖို့ဆိုတာထက် မိုးကြိုးပစ်ခံရဖို့က ဖြစ်နိုင်သေးတယ်။ ခု ကျွန်မ ရထားတဲ့ ဦးနှောက်ဆိုရင် မဲလိပ်နံပါတ် သန်းတစ်ရာအတွင်းမှာမှ တန်ဖိုးမဖြတ်နိုင်တာ ဒီတစ်ခုပဲ ပါသေးတာ"

ဟု ပြောသောကြောင့် သုတေသီကြီးမှာ ပို၍ နားမလည်နိုင်အောင်၊ ဉာဏ်မမီအောင် ဖြစ်သွားသောအခါ မျက်လုံးပြာမလေးက အသံသာသာနှင့် တစ်ချက်ရယ်မောလိုက်ပြီး ဆက်လက်ရှင်းပြသည်။

"တန်ဖိုးမဖြတ်နိုင်တဲ့ သန်းမြင့်အောင်ရဲ့ ဦးနှောက်ကို ရတာ ကျွန်မ ဘယ်လောက် ကံကောင်းသလဲ၊ အတည်ပေါက် ပြောရရင် သူ့စာတွေ၊ သူ့အတွေးအခေါ်တွေ၊ ကျွန်မ ရတော့မယ်။ ရယ်စရာ ပြောရရင်တော့ သူ့ဦးနှောက်ကို ရောင်းစားရင် ကျွန်မ ကြိုက်သလို ဈေးခေါ်လို့ ရတယ်လေ။ ရှင် ပိုပြီးတော့ သဘောပေါက် နားလည်အောင် ပြောရရင် ဟိုတစ်လောက မြန်မာပြည်က စာရေးဆရာမပါပဲ။ မကြာညို(စီးပွားရေး) ဆိုတာ ထင်ပါရဲ့။ သူတို့ အာရှတိုက်သားအချင်းချင်း ဂျပန်ကြီးတစ်ယောက်က မကြာညိုရဲ့ ဦးနှောက်ကို ရသွားတယ်။ ကွန်ပျူတာက တန်ဖိုးတွက်တော့ ပရိသတ်က အန်းခနဲ ရယ်လိုက်ကြတာရှင် "

"ဘာဖြစ်လို့ပါလဲ"

"ဒေါ်လာ ၁၀ တဲ့လေ။ ရှင် သိတယ် မဟုတ်လား၊ မျောက်ဦးနှောက်

တောင် ၁ ဒေါ်လာ တန်ဖိုးရှိနေတာ ဆိုတော့ သူ့ဦးနှောက်က မျောက်ဦးနှောက် ထက် ဆယ်ဆလောက်ပဲ ရှိနေတယ် ဆိုတဲ့ သဘောပေါ့"

သုတေသီကြီး မျက်မှောင်ကုတ်သွားသော်လည်း ဂြိုဟ်ကမ္ဘာ တစ်ခု တည်းက စာဖတ်သူများကမူ ဖန်တီးသူ စာရေးဆရာ၏ လောကအမြင်ကို မြင်လိုက်ရသည်။ ဤနေရာတွင် သန်းမြင့်အောင်၏ တန်ဖိုးကို တိုက်ရိုက်ပြ၍ ရသော်လည်း ဖန်တီးသူက ပါးနပ်သည်။ သူ့နာမည်ကို ထည့်၍သာ တန်ဖိုးတွက် ပြသည်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသည့်သဘောဟု အပေါ်ယံအားဖြင့် မြင်နိုင် သည်။ စေ့စေ့တွေးကြည့်လျှင် ဂြိုဟ်ကမ္ဘာတစ်ခုမှ စာရေးဆရာတို့၏ တန်ဖိုးကို သွယ်ဝိုက် ဖော်ပြရာရောက်သည်။ ရင်ထဲ နင့်သွားရသည်။

ထို့နောက် သုတေသီကြီးနှင့် မျက်လုံးပြာမလေးတို့ ဆက်စကားပြော ကြသည်။ ဆရာဝန်ကြီးတွေ၊ ပါမောက္ခကြီးတွေရဲ့ ဦးနှောက်တွေလည်း ၁၀ ဒေါ်လာပဲ ဖြစ်ပြီး သူတောင် ကျူရှင်ဆရာရဲ့ ဦးနှောက်တစ်လုံး ဝယ်ခဲ့သေး ကြောင်း ပြောသောအခါ-

"ရှင်လည်း တော်တော်ရိုးရှာတာပဲ၊ တခြားဂြိုဟ်ကမ္ဘာကမို့ အ တယ်လို့ တော့ ကျွန်မ မပြောတော့ပါဘူး။ ဒီအရောင်းခန်းမကြီးထဲမှာ အတူနဲ့ အတု လုပ်မရတဲ့ ဦးနှောက်တွေက ဒီကောင်တာနဲ့ ဟိုးနောက်ဆုံးကောင်တာပဲ ရှိတယ်ရှင့်။ ဘာသာရေး ဦးနှောက်တွေဆို အားလုံးအတုလုပ်ထားတာ၊ စီးပွားရေး ဦးနှောက်ဆိုလည်း အတုတွေ။ မှန်း… ရှင့်ရဲ့ကျူရှင်ဆရာဦးနှောက် ကြည့်ရ အောင်၊ ကျွန်မ ထင်တဲ့အတိုင်းပါပဲ။ အဲဒါ ပေါချောင်ကောင်းလို့ ခေါ်တဲ့ (Made in China) ထုတ်ဖြစ်ကြီးရှင့်။ ဒီနေ့ ကမ္ဘာကြီးမှာ ဘယ်လိုပစ္စည်းကို မဆို လက်နဲ့သာ ပေါ့ပေါ့ပါးပါး သက်သောင့်သက်သာ ကိုင်လို့ရမယ် ဆိုရင် အဲဒါ တရုတ်ပြည်ဖြစ်ပဲ မှတ်ပေတော့။ အဟင်း… အဟင်း… ကျွန်မတို့ နိုင်ငံကတော့ လက်နဲ့ ကိုင်လို့မရတဲ့ ပစ္စည်းအကြီးစားကြီးတွေကိုမှ ထုတ်လုပ် တာရှင့်" ဟူသော မျက်လုံးပြာမလေး၏ စကားကြောင့် ကိုယ်စားပြုသော နိုင်ငံသည် မြန်မာနိုင်ငံမဟုတ်သော နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုနေသလိုလို ထင်ရသည်။

နိုင်ငံတစ်နိုင်ငံကို ကိုယ်စားပြုသော စာရေးဆရာ၊ ဆရာဝန်၊ ပါမောက္ခ တို့၏ ဦးနှောက်များမှာ အဘယ်ကြောင့် ဈေးပေါရသနည်း။ စဉ်းစားစရာ

ဖြစ်သည်။ စာဖတ်သူ လွတ်လပ်စွာ တွေးကြည့်စေရန် လမ်းဖွင့်ထားခြင်းဟု ဆိုရပေမည်။ ဂြိုဟ်သားနှင့် မျက်လုံးပြာမလေးမှာ သင်္ကေတ ဇာတ်ဆောင်များ ဖြစ်သည်။

နောက်ဆုံး ကောင်တာမှာ ရွှေရေးပန်းကနုတ်ဘောင်များနှင့် ဖိတ်ဖိတ်လက်လက် တောက်ပနေသော အသားနားဆုံး ကောင်တာ ဖြစ်ပုံ၊ အထူးလုံခြုံရေး အစီအမံများနှင့်လည်း ဦးနှောက်ကို ထိန်းသိမ်းထားပုံ၊ လက်နက်ပြည့် တပ်ဆင်ထားသော လုံခြုံရေးတပ်ဖွဲ့များကလည်း ကျောက်ရုပ်ကြီးများလို တောင့်တောင့်ကြီးရပ်လို့ စောင့်ကြပ်နေကြပုံ၊ ကောင်တာ အဝင်လမ်းကိုလည်း သံမဏိကြိုးများနှင့် ကန့်သတ်ထားပြီး အဝင်လမ်းမကို လူတစ်ယောက်ဝင်သာရုံ လမ်းဖွင့်ပေးထားပြီး ရင်ဘတ်တွင် ကြိုးတန်းလန်းဆွဲ နံပါတ်ပြားရာထူးတံဆိပ်များ တပ်ဆင်ထားသော အထူးအရာရှိကြီး နှစ်ယောက်က ကြီးကြပ် စစ်ဆေးနေပုံတို့ကြောင့် သုတေသီကြီး ပင့်သက်ရှိုက်မိသွားသည်။ အထူးခြားဆုံးနှင့် ဝင်ရောက်ရန် အခက်ခဲဆုံး ကောင်တာ ဖြစ်သောကြောင့် သူ၏ ဂြိုဟ်သား သက်သေခံကတ်ပြားကို ထုတ်၍ ပြလိုက်ရသည်။ အရာရှိနှစ်ယောက်က အသေအချာ စစ်ဆေး၍ ဝင်ခွင့်ပြုလိုက်သောအခါ ဧည့်ကြိုအမျိုးသမီးငယ် ချောချောလေးတစ်ယောက်က ခါးကိုင်းခေါင်းညွှတ်ကာ ကြိုဆိုနှုတ်ဆက်ပြီး ငွေရောင်အလုံပိတ် လေးထောင့်ပုံးတစ်ပုံးနှင့် ရွှေရောင်အလုံပိတ် လေးထောင့်ပုံးတစ်ပုံးတို့ကို လက်ညှိုးညွှန်ပြပြီး အပြန်အလှန် စကားပြောကြပုံမှာ ဇာတ်ရှိန်အမြင့်ဆုံး ဖြစ်သည်။

"ကျွန်မတို့ ကောင်တာမှာ ဒီဦးနှောက် နှစ်မျိုးနှစ်စားပဲ ရှိပါတယ်ရှင်၊ ဒီဘက်က ငွေရောင်ကတ်ပုံးထဲက ပက်ကင်ပိတ် ဦးနှောက်က ဒေါ်လာတစ်သိန်းပါ၊ ဟောဒီဘက်က ရွှေရောင် ပက်ကင်ပိတ် ဦးနှောက်က ဒေါ်လာတစ်သန်းပါရှင် " သုတေသီကြီးမှာ မျက်လုံးပြူးသွားရှာသည်။

"အလိုလေး··· လေး ဈေးကြီးလွန်းလှချည်လားကွယ်။ ဘယ်လိုအမျိုးအစား ဦးနှောက်တွေမို့ ဒီလောက် ဈေးကြီးရတာပါလိမ့်"

"မွေးကင်းစကလေး ဦးနှောက်တွေပါရှင်"

သုတေသီကြီးမှာ ဦးနှောက်ခြောက်ရုံမက မီးတောက် ထ၍ တောက်သွားပြီ ထင်ပါ၏။

"ဘာကြောင့် မွေးကင်းစကလေး ဦးနှောက်တွေက ဒီလောက် ဈေးကြီးနေရတာလဲကွယ်၊ မသိလို့ ဉာဏ်မမီလို့ မေးရတာပါ။ စိတ်မဆိုးပါနဲ့"

သုတေသီကြီးက မျောက်ကောင်တာမှ စာရေးမကို သတိရ၍ အလျင်အမြန် တောင်းပန်ပြီး မေးရှာသည်။

"စိတ်မဆိုးပါဘူးရှင်၊ ဒီကောင်တာက အထူးကောင်တာပါ။ ဈေးအကြီးဆုံး၊ တန်ဖိုးအကြီးဆုံးကိုပဲ ရောင်းချနေတာမို့ လူကြီးမင်း သိလိုသမျှ သေသေချာချာ ရှင်းပြရဖို့က ကျွန်မရဲ့ အထူးတာဝန်ပါ။ ငွေရောင် ပက်ကင်ပိတ် ဦးနှောက်က သမားရိုးကျ မွေးထားတဲ့ မွေးကင်းစကလေးရဲ့ ဦးနှောက်ပါ။ ရွှေရောင် ပက်ကင်ပိတ် ဦးနှောက်က အော်ပရေးရှင်း… အဲ… မိုက်ခွဲမွေးထုတ်ထားတဲ့ ကလေးရဲ့ ဦးနှောက်ပါရှင်"

သုတေသီကြီးမှာ အထူးအရောင်းစာရေးမ၏ အထူးရှင်းလင်းချက်ကြောင့် အထူး ပို၍ ရှုပ်သွားကာ ဦးနှောက်မီးတောက်ရုံမက အငွေ့တောင်ပျံထွက်သွားပြီ ထင်လိုက်ရပါ၏။

"ဟုတ်… ဟုတ်ပါပြီကွယ်… အဲသလို မွေးကင်းစကလေးတွေရဲ့ ဦးနှောက်က ဘာဖြစ်လို့ ဒီလောက် တန်ဖိုးကြီးရတာလဲ"

အထူး အရောင်းစာရေးမလေးက ပိရိသေသပ်သော အထူးအပြုံးတစ်ချက်နှင့် အထူး ထပ်မံ၍ ရှင်းလိုက်ပါတော့၏။

"ဒီလိုပါရှင်၊ မွေးကင်းစကလေးတွေရဲ့ ဦးနှောက်က လုံးဝ အသုံးမချရသေးလို့ပါ။ သာမန်မွေးတဲ့ ကလေးတွေရဲ့ ဦးနှောက်က ပြောရရင် သားအိမ်အပြင်ရောက်အောင် ကြိုးစားခဲ့ရသေးတော့ အရည်အသွေး သတ်မှတ်စံချိန်မှာ ၉၉ ရာခိုင်နှုန်းလောက်ပဲ ရှိနေပါတယ်။ ဒါကြောင့် ငွေရောင်ပက်ကင်ပိတ်ပြီး ခွဲထားရပါတယ်။ ကဲ… မိုက်ခွဲမွေးထားတဲ့ ကလေးရဲ့ဦးနှောက်က ရာနှုန်းပြည့် စံချိန်မီ လုံးဝ လုံးဝ ပက်ကင်ပိတ်။ ဘာဆို ဘာကိုမှ အသုံးမချရသေးတဲ့ အသစ်စက်စက် ဦးနှောက်မို့ပါရှင်"

"သုတေသီကြီးသည် သူ၏ ဂြိုဟ်ကမ္ဘာသို့ ပြန်ရောက်သွားသည်ထိ ရာနှုန်းပြည့် စံချိန်မီ ဟောင်းလောင်းပွင့်သွားသော သူ့ပါးစပ်ကို ပြန်မပိတ်နိုင်ခဲ့ပါချေ"

ဟူ၍ ဇာတ်ရှိန်အမြင့်ဆုံး နေရာမှာ ဝတ္ထုတိုကို အဆုံးသတ်လိုက်သည်။

ဘာမှမသိသေးသော၊ ဘာကိုမျှ မသင်ကြားရသေးသော ဦးနှောက်အသစ်စက်စက်ကလေးများထဲမှာပင် ငွေရောင်နှင့် ရွှေရောင်က တန်ဖိုးချင်း ကွာခြားလွန်းနေသည်။ ဘာကြောင့်များ ထိုပကတိကင်ပိတ် ဦးနှောက်များက တန်ဖိုးအကြီးဆုံး ဖြစ်နေရသနည်း။ စဉ်းစားစရာ အတွေးစများကို ချန်လှပ်ထားခဲ့သည်။

ဝတ္ထုတိုတစ်ပုဒ်လုံးကို ခြုံကြည့်လျှင် ဖန်တီးသူ၏ လောကအမြင်က ထင်းနေသည်။ တောအုပ်တစ်ခုလုံးကို အပေါ်စီးမှ ခြုံငုံမြင်သော အမြင်လည်း ဖြစ်သည်။ အမျိုးမျိုးသော ဦးနှောက်များက သင်္ကေတဦးနှောက်များ ဖြစ်သည်။ Symbol(သင်္ကေတ)နှင့် Image(နိမိတ်ပုံ) များစွာ သုံးထားသည်။ ဝတ္ထုတို ဖတ်သက်ရင့်သော သူများအတွက် ဖန်တီးသူ ပေးချင်သော အတွေးနှင့် လောကအမြင်ကို ရာနှုန်းပြည့်နီးပါး ရနိုင်သည်။ နိမိတ်ပုံ၊ သင်္ကေတများ အားကောင်းခြင်း၊ အတိတ် အနာဂတ်တို့နှင့် အဆက်ပြတ်ခြင်း၊ ပစ္စုပ္ပန်တည့်တည့်ကျသော အနုပညာအာရုံကိုသာ အလေးထားခြင်းတို့သည် မော်ဒန်ဝတ္ထု၏ ထင်ရှားသော လက္ခဏာများ ဖြစ်သည်ဟု ဆရာမင်းသစ်၊ ဆရာဇော်ဇော်အောင်တို့က ပြောဖူးပါသည်။

ဆရာငြိမ်းကျော်ကလည်း-

"ဝတ္ထုတိုက ဖော်ပြလိုသော အရာသည် ပေါ်လွင်မှု ရှိ၊ မရှိ ခွဲခြမ်းစိတ်ဖြာရန်သာ လိုအပ်သည်။ 'အပြ' ပီပြင်လျှင် ဝတ္ထုတိုဖြစ်၏။ 'အပြ' မပီပြင်လျှင် ဝတ္ထုတိုမမြောက်၊ စိတ်ကူးကို ပီပီသသ ကိုယ်စားပြုနိုင်ခြင်း ရှိ၊ မရှိဖြင့် အနုပညာ ခံစားချက် သတ်မှတ်ရမည်" ဟု သူ၏ ဝတ္ထုတို နိဒါန်း(၂) တွင် ဆိုထားပါသည်။ ထိုစံများဖြင့် ပြည့်မီသော မော်ဒန်သရော်စာ ဝတ္ထုတိုတစ်ပုဒ်ဟု ဆိုချင်ပါသည်။ ထိမိသော သရော်ချက်များက နှလုံးသားဆီ တည့်တည့်စိုက်ဝင်စူးနစ်သွားစေသည်။ ပြုံးချင်ချင်ဖြစ်ပြီး မပြုံးနိုင်သော အကြောင်းအရာများလည်း ဖြစ်သည်။

မြန်မာသစ်ရသစုံမဂ္ဂဇင်း

အမှတ် ၂၁၊ ဖေဖော်ဝါရီလ၊ ၂၀၁၁။

* * *

နုနုရည်(အင်းဝ)၏ 'နမ်းမှာလား မောင်ရဲ့ မွှေးတယ်ရှင်'

၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သာရမဂ္ဂဇင်းတွင် ဖော်ပြထားသော ဝတ္ထု ဖြစ်သည်။ ထိုခေတ်က တက္ကသိုလ်ကျောင်းသူအချို့၏ ဘဝကို ကိုယ်စားပြုသည်။ မိမိ လုပ်သော အလုပ်သည် မြန်မာ့လူမှုပတ်ဝန်းကျင်က လက်မခံသော အလုပ်ဖြစ်သော်လည်း ထိုဝတ္ထုထဲမှ ဇာတ်ဆောင် တာတာဝင်းသည် သူ့အလုပ်ကို သန့်ရှင်းသည်ဟု ခံယူနေသည်။ လော်လည်ဖောက်ပြားခြင်း မဟုတ်ဟု ယူဆနေသည်။

၁။ ရှုထောင့်

ကန့်သတ်သိ ရှုထောင့်မှ ရေးထားသည်။ တာတာဝင်း အကြောင်းကို တာတာဝင်း၏ ခံစားချက်များ ရောပြွမ်းကာ ရေးသားထားသည်။ တာတာဝင်း၏ ချစ်သူကမူ ဝတ္ထုပြီးဆုံးသွားသည်အထိ တာတာဝင်း အကြောင်းကို မသိ။ တာတာဝင်းနှင့်အတူ အဆောင်နေသူများ အားလုံးကိုလည်း သူ့လုပ်ရပ်ကို မသိသည့်သဘော သက်ဝင်အောင် ရေးသားထားသည်။ ကာယကံရှင်က မိမိကိုယ်ကို လုံလုပြီဟု ထင်ထားသည့် အရာများသည် အများက သိနေပြီးသားဖြစ်သည့် လောကသဘောကို စာဖတ်သူက ကိုယ့်ဘာသာ တွေးယူရသည်။ ဇာတ်ဆောင် တာတာဝင်းကို ဖန်ဆင်းပြီး သူ့စိတ်အတိုင်း လှုပ်ရှားစေသဖြင့် တခြား ဇာတ်ဆောင်တို့၏ စိတ်အမူအရာကို မပြောနိုင်ပေ။ တာတာဝင်း၏ စိတ်ကိုသာ အများကြီး ပြောထားသည်။

၂။ အပြ

ခိုင်စံပယ်ဆောင်ရှေ့သို့ သောကြာနေ့ ညနေ ငါးနာရီတွင် တာတာဝင်း၏ ဦးလေးဟု အများသိထားသော လူကြီးတစ်ယောက် ရောက်လာသောအခါ တာတာဝင်းနှင့် သူချစ်သူတို့ တွေ့နေကြသည်။ ထိုအကြောင်းကို 'အပြ'ဖြင့် ဖော်ပြထားသည်။

"သွားတော့လေ… မောင်၊ မိတ္တာ အဆောင်ပေါ် တက်တော့မယ်"

"ခဏလေးပါ မိတ္တာရယ်၊ ငါးနာရီ မခွဲသေးပါဘူး"

"ဟုတ်ဘူးလေကွာ မောင်ကလည်း၊ ဒီမှာ မိတ္တာ ရေလည်း မချိုးရသေးဘူး။ အဝတ်အစားလည်း မထည့်ရသေးဘူး။ တော်ကြာနေ လာတော့မှာ"

ဟူ၍ ဖြစ်သည်။

"သောကြာနေ့ကို မောင်မုန်းတယ်ကွာ၊ ဘယ်တော့များမှ မောင်တို့နှစ်ယောက် စနေ၊ တနင်္ဂနွေတွေကို လျှောက်လည်ရမှာပါလိမ့်။ သူများတွေဆို…"

"အို… မောင်ကလည်းကွာ မကြာတော့ပါဘူး။ တစ်နှစ်ပဲ လိုတော့တာဥစ္စာ။ မိတ္တာတို့ ကျန်တဲ့ ရက်တွေလည်း တွေ့နေရသားနဲ့။ မကောင်းဘူးလား မောင်ရဲ့။ သူတို့က မိတ္တာကို အားလုံး တာဝန်ယူထားတော့…"

အဆောင်မှာ တာတာဝင်း၏ ဦးလေးဟု သိထားပုံ၊ မိတ္တာကို လာခေါ်သည့် ဦးလေး၏ ကားဟွန်းသံနှင့်အတူ တစ်ဆက်တည်း ခေါ်သံကြားရပုံကိုလည်း-

"တာတာရေ… ဦးလေး လာပြီ"

"လာပြီ လာပြီ၊ ခဏလေး"

ဟူသော အပြဖြင့် ဖော်ပြပါသည်။

ဆိတ်ငြိမ်ရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် ည ၁၀ နာရီတွင် ဦးလေးက နှုတ်ဆက်အနမ်းနှင့် အိမ်ပြန်ရန် ပြောပုံကို-

"ကိုကို သွားမယ်နော် တာတာ။ မနက်ကိုးနာရီလောက် ရောက်မယ်။ ဟုတ်လား"

"တာတာ စောင့်နေမှာပေါ့"

ဟူ၍ 'အပြ'ဖြင့် ဖော်ပြသည်။

၃။ အပြော

ချစ်သူနှင့် ချိန်းတွေ့နေရသော်လည်း စိတ်မဖြောင့်ဘဲ နာရီတကြည့်ကြည့် ဖြစ်နေရသည့် မိတာ၏ ခံစားမှုများကို မိတာ၏ စိတ်ကူးအပြောဖြင့် ဖော်ပြသည်။ ကြားညှပ်၍ 'အပြ'များကို ထည့်ထားသဖြင့် အခြားဇာတ်ဆောင်တို့၏ သရုပ်သကန်မှာလည်း ပိုမိုပီပြင်လာရပြီး မိတာ၏ ခံစားမှုကို ပို၍ အထောက်အကူ ပြုနေပါသည်။

"လှစ်ခနဲ မိတာ အဆောင်ပေါ်ကို ပြေးတက်ခဲ့တယ်။ မောင် မိတာကို နောက်ကနေ ငေးကြည့်နေလိမ့်မယ်။ အခန်းတံခါးကို အမြန်ဖွင့်ဝင်ရင်း စားပွဲတင် နာရီလေးကို လှမ်းကြည့်မိတယ်။ ငါးနာရီ ခွဲပြီးပြီ။ အိပ်ရာပေါ်ကို ပစ်လှဲပြီး မောင့်ကို တလို့ နေချိန် မရတော့ပါဘူး မောင်ရယ်။ ကျချင်နေတဲ့ မျက်ရည်တွေကို ရေနဲ့အတူ ရောချိုးပစ်လိုက်တယ်"

ဟူသော အပြောက ထိုအလုပ်ကို မလုပ်ချင်ဘဲ လုပ်နေရပုံကို သိသာစေသည်။

"ကားတံခါးကို မိတာ ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်တာနဲ့ ကားလက်ကိုင်ရဲ့ နောက်မှ ခပ်တည်တည်ကြီး ထိုင်နေတဲ့ မိတာတို့ အဆောင်ပိုင်ရှင်က စပြီး မိတာ သူငယ်ချင်းတွေထိ အားလုံး ရှိန်းကြတဲ့ ထိပ်ပြောင်ပြောင်၊ ဗိုက်ရွဲရွဲ၊ အသားမည်းမည်း မိတာရဲ့ ဦးလေးက ကားကို ချက်ချင်းထွက်တယ်။ မိတာက ကုပ်ကုပ်ကလေး။ ဦးလေးကို ကြောက်ရွံ့ရိုသေတဲ့ ပုံစံက အပြည့်။ ကားက မညီမညာ မြေနီလမ်း ကလေးထဲမှာ တလိမ့်လိမ့် တလူးလူး လူးပ်ခါနေသလို မိတာရင်ထဲမှာလည်း ထုံးစံအတိုင်း ထိတ်ခနဲလှုပ်ခါရပြန်ပြီ။ မြေနီလမ်းအထွက် ကားလမ်းမကြီးအရောက်၊ ကားကွေ့ဖို့ စောင့်ရတဲ့နေရာမှာ ဟော… ဟိုမှာ… ပြောမရတဲ့ မိတာရဲ့ မောင်။ သစ်ပင်အကွယ်မှာ။ မိတာ ရင်တွေကို တစစ်စစ် နာလာစေတဲ့ မောင့်မူပိုင်အကြည့်နဲ့။ ပြီးတော့ မိတာသာ အဓိပ္ပာယ်ဖော်ရနိုင်တဲ့ အသံတိတ်နည်းနဲ့ "မိတာကို လွမ်းတယ်၊ ဦးလေးကြီးကို မုန်းတယ်တဲ့လေ။ မောင်ရယ်၊ မောင့်လိုတော့ မမုန်းပေမယ့် မိတာ မချစ်ပါဘူး။ ဒါပေမဲ့ မောင်ရယ် မချစ်သော်လည်း မိတာ အောင့်ကာ နမ်းမယ်"

ညဆယ်နာရီကျော်လောက်မှာ မိတာ တစ်ယောက်တည်း ကျန်ခဲ့သော

အခါ မိတာ အဆောင်ကို စိတ်ရောက်သွားပုံကိုလည်း စိတ်ကူးအပြောနှင့် ဖော်ပြပါသည်။

"အဆောင်မှာတော့ ဒီအချိန်လောက်ဆို ဆူလို့ ညံလို့ ကောင်းတုန်း၊ တစ်ခန်းနဲ့ တစ်ခန်း ကူးပြီး စကားစမြည်ပြောလို့ ကောင်းတုန်း၊ လက်ဖက်သုပ် စားလို့ ကောင်းတုန်း၊ အဆောင်ရှေ့ မြေနီလမ်းပေါ်မှာလည်း ဂီတာအဖွဲ့တွေနဲ့ စည်ကား ဆူညံတုန်း။ ခု… ဒီမှာတော့ မိတာ တစ်ယောက်တည်းရယ်"

"သောကြာနေ့ လာတယ်။ မိတာနဲ့ ကိုးနာရီခွဲလောက်ထိ နေပြီး ဆယ်နာရီဆို သူက အိမ်ပြန်တယ်။ ဒီမှာ ဘယ်တော့မှ ညမအိပ်ဘူး။ နောက်နေ့ စနေနေ့ မနက်ကိုးနာရီလောက်မှ လာတယ်။ တစ်နေကုန် နေတယ်။ ပြီးတော့ ည ကိုးနာရီလောက် အိမ်ပြန်တယ်။ နောက် တနင်္ဂနွေ မနက် လာတယ်။ တစ်နေကုန် နေတယ်။ ညနေ ငါးနာရီလောက်ကျမှ အဆောင်ပိတ်ချိန်နဲ့အကိုက် မိတာကို ပြန်လိုက်ပို့တယ်။ အဆောင်ကတော့ တာတာဝင်း တစ်ယောက် ဦးလေးအိမ်က ပြန်လာပြီပေါ့။ ပိုက်ဆံချမ်းသာပြီး တူမကို ဂရုတစိုက် ရှိလှတဲ့ ဦးလေးက သူကိုယ်တိုင် သေချာလာကြို၊ သေချာပြန်ပို့တာ။ မျက်မှန်တဝင့်ဝင့်၊ ခပ်ဝဝ၊ ဆံပင်ဖြူ တစ်ပင်နှစ်ပင်စနဲ့ အရွယ်ချင်းကလည်း ဒါလောက် ကွာနေတာ။ ဘယ်သူကများ ဦးလေး ဟုတ်ရဲ့လားလို့ ယောင်လို့တောင် သံသယ ဖြစ်မှာလဲ"

"လော်လည်ဖောက်ပြားတာလည်း မဟုတ်ရပါဘူး။ မိတာ အလုပ်လုပ် နေတာပါ။ လောလောဆယ် မိတာကျောင်းစရိတ်အတွက်။ မောင်နဲ့ မိတာရဲ့ အနာဂတ်အတွက် မိတာ အလုပ်လုပ်နေတာ။ စိတ်သန့်သန့်ရှင်းရှင်းနဲ့ မိတာ အလုပ်လုပ်နေတာ… အသည်းနင့်အောင် ချစ်ရသူမို့ မသန့်ရှင်းတဲ့ ခန္ဓာကိုယ်ကို မအပ်ရက်ပါဘူး ဆိုတဲ့ ဟိုတုန်းက ခပ်တုံးတုံး အတွေးအခေါ်တွေ ဒီခေတ်မှာ သွားစမ်းပါ။ မိတာတော့ သိပ်မုန်းတာပဲ။ သူ့ဆီကရတဲ့ တစ်လတစ်ထောင်ကို မိတာ ချေချေတာတာ သုံးတယ်။ မကုန်မဖြစ်တဲ့ ကျောင်းစရိတ်ကလွဲရင်… တကယ်တော့… မိတာ ဝတ်တဲ့ အဖိုးတန်အဝတ်အစားတွေက 'သူ'ကြီးဆီက အပိုဘောက်ဆူးအဖြစ် ဝယ်ပေးတာတွေ။ သူ့သမီးတွေအတွက် ဝယ်ရင်း မိတာ အတွက်ပါ ဝယ်လာတာမျိုးတွေပေါ့။ သူနဲ့ ဆက်သွယ်မိတဲ့ တစ်နှစ်အတွင်းမှာ မိတာ လေးထောင်လောက် စုမိနေပြီ။ နောက်တစ်နှစ် မိတာ ကျောင်းပြီးထိ

ဆိုရင် ရှစ်ထောင်လောက်တော့ ရလိမ့်မယ်နဲ့ တူရဲ့… ကျောင်းပြီးတာနဲ့ မိတာ မောင်နဲ့ လက်ထပ်မယ်"

ဟူ၍ မိတာ၏ အနာဂတ်ရည်မှန်းချက်ကို စိတ်ကူးအပြောဖြင့် ဖော်ပြထားသည်။

မိတာတို့ မိသားစုက ဆင်းရဲပြီး မောင်နှမ များသောကြောင့် မိဘများက မိတာကို ကျောင်းဆက်မထားနိုင်ကြောင်း၊ မိတာ၏ ဦးလေးတစ်ယောက်က ခေါ်ပြီး ကျောင်းထားပေးခဲ့သော်လည်း မိတာ ဒုတိယနှစ်ဖြေတုန်းမှာ ဘကြီးက ကားတိုက်မှုနဲ့ ရုတ်တရက် ဆုံးကြောင်း၊ ကျောင်းပြီးဖို့ နှစ်နှစ်ပဲ လိုတော့သော မိတာ တစ်ယောက် လမ်းစပျောက်ပြီး ငိုကြီးချက်မနဲ့ အိမ်ပြန်ဖို့ ပစ္စည်းသိမ်းနေတုန်းမှာ တစ်ဆောင်တည်းနေတဲ့ ကြိုင်လေးက သူလုပ်နေတဲ့ အလုပ်မျိုးလုပ်ဖို့ ပြောလာကြောင်းများကိုလည်း မိတာ၏ စိတ်ကူးအပြောမှတစ်ဆင့် သိရပါသည်။ ကြိုင်လေး အကြောင်းကိုလည်း 'အပြော'ဖြင့် တင်ပြပါသည်။

"ကြိုင်လေးက မိတာနဲ့ ခုတင်ချင်း ကပ်လျက်နေတာ။ သူ့ကို ရုံးမှာ အလုပ်လုပ်တယ်လို့ပဲ တစ်ဆောင်လုံးက သိထားတာ။ မနက်ဆို ရိုးရိုးလေးပဲ ခြင်းလေးနဲ့ ထွက်သွားတာပဲ။ ညနေရုံးဆင်းချိန် ပြန်လာပေါ့။ ဒါပေမဲ့ သူ့ရုံးက အလုပ်ဆိုပြီး တစ်လတစ်ခါ လေးငါးရက်၊ တစ်ပတ်ခရီးတော့ သူ ထွက်တယ်။ တကယ်တော့ အဲဒီခရီးဟာ သူ အလုပ်လုပ်ဖို့ ထွက်သွားတာ။ တစ်ယောက် ဒါမှမဟုတ် တစ်စုနဲ့ သူလိုက်သွားတာ။ တစ်ထောင်ကနေ နှစ်ထောင်၊ သုံးထောင်ထိ ရတယ်"

"တတိယနှစ် နှစ်လယ်မှာ မောင်နဲ့ မိတာ တွေ့ခဲ့ကြတာနော်။ ချစ်မိတာက ဘာတတ်နိုင်မှာလဲကွယ်။ မိတာ မောင့်ကို မချစ်သင့်ဘူးလို့ မိတာ မတွေးမိခဲ့ပေါင်။ မိတာ အလုပ်လုပ်တာပဲ မောင်ရဲ့… မိတာလေ ဟိုလူကြီး ဝယ်လာတဲ့ ချောကလက်နှစ်ခု မိတာ မစားဘဲ မောင့်အတွက် တိတ်တိတ်လေး သိမ်းထားတယ်။ မဝေးတော့ပါဘူး မောင်ရယ်။ တစ်နှစ်ဆိုတာ ခဏလေးရယ်။ တနင်္လာနေ့ မနက် အဆောင်ရှေ့ကနေ မိတာကို မောင် ဆက်ဆက်လာစောင့်နော် သိလား"

ဟူသော အဓိကဇာတ်ဆောင် မိတာ၏ စိတ်ခံစားမှုနှင့် ခံယူချက်ကို သူကိုယ်တိုင် စိတ်တွင်းအပြောနှင့် တင်ပြထားသဖြင့် ပိုမို ပီပြင်ပြီး ထိရောက်မှု

ရှိပေသည်။ တခြား ဇာတ်ကောင်များနှင့် အပြန်အလှန် စကားပြောပြီး ဖော်ပြလျှင် ဇာတ်ဆောင် မိတာ၏ ခံယူချက်နှင့် စိတ်ခံစားမှုမှာ ဤမျှလောက် မခိုင်မာနိုင်ပေ။

၄။ အပြည့်အပြော

ဦးလေးက လာခေါ်ခါနီး ဂနာမငြိမ် ဖြစ်နေသော မိတာ၏ ပုံစံကို ဖော်ပြရာတွင်-

"မျက်နှာကို မွှေးသင်းနေအောင်၊ လည်ပင်းနဲ့ နားရွက်လေးတွေ မွှေးသင်းအောင် မိတ်ကပ်ပါးပါးကို အနှံ့အပြား ပွတ်လိမ်းလိုက်၊ ခုတင်အောက်က သေတ္တာ ဆွဲထုတ်လိုက်၊ ယပ်တောင် တဖျပ်ဖျပ်ခတ်လိုက်၊ နာရီ ကြည့်လိုက်နဲ့ လုပ်နေတဲ့ မိတာကို ခရီးသွားနေတဲ့ ကြိုင်လေးသာ ရှိရင်တော့ တစ်ဖက် ခုတင်ပေါ်ကနေ 'အင်း… ဒုက္ခ၊ ဒုက္ခ' လို့ ညည်းညူပေလိမ့်မယ်"

ဟူသော အပြည့်အပြောကို တွေ့ရသည်။ စဉ်းစားခန်းဖြတ်ပြီး ချစ်သူ မောင်ကို သတိရပုံကို ဖော်ပြရာတွင်လည်း အပြည့်အပြောကို တွေ့ရပါသည်။

"တော်ပါပြီ မောင်ရယ်၊ မိတာ မစဉ်းစားချင်တော့ဘူး။ တစ်ယောက်တည်း အထီးကျန် နေရမှ မောင့်ကို ပိုသတိရလာတယ်။ 'စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး တစ်ယောက်တည်း သိပ်ယောင်တာ မိတာရ' ဆိုတဲ့ မောင့်အသံက ရင်ထဲမှာ ပဲ့တင်ထပ် နေသလိုပဲ"

ဟူ၍ ဖြစ်ပါသည်။

ထိုဝတ္ထုတွင် ပါသော တာတာဝင်း၏ ဘာဝဒဿနအပေါ် အမြင်အမျိုးမျိုး မြင်ကြသည်။ စာပေလောကတွင် အတော်လေး ဂယက်ရိုက်သွားသည်။

မောင်စိန်ဝင်း(ပုတီးကုန်း)က ၁၉၈၈ ခုနှစ်၊ မေလထုတ် သာရမဂ္ဂဇင်း အမှတ်(၇) တွင် 'နင့်ဘူးကို ဘယ်သူချဲ့ ပြောဟဲ့ ဗေဒါ' ဟူသော ဝတ္ထုတိုတစ်ပုဒ် ရေး၍ တာတာဝင်း၏ အယူအဆကို ပြတ်ပြတ်သားသား ဆန့်ကျင်ထားသည်။

ချစ်သူ မိန်းကလေးက သူ့အလုပ်ကို သန့်ရှင်းသည့်အလုပ်ဟု သတ်မှတ်ထားသည်ကို သူ့ချစ်သူ ကောင်လေးက လက်မခံခဲ့ပေ။

"ဒီမှာ ထားအိ၊ ကိုယ်ခန္ဓာ မသန့်ရှင်းတာထက် နင့်အကျင့်စာရိတ္တ မသန့်ရှင်းတော့တာ၊ အောက်တန်းကျသွားတာကို ငါ နှမြောတာပဲ။ နင်က

ပညာရေးအတွက်လို့ ပြောတယ်။ ပညာရေးနဲ့ ကိုယ်ကျင့်တရားကို လဲလှယ်စရာ မလိုဘူး ထားအိ။ နင် စာပေးစာယူ ပြောင်းယူလည်း ရတာပဲဟာ။ ပြီးတော့ အများနည်းတူ ဝတ်ချင်၊ စားချင်၊ လှချင်လို့ ဒီအလုပ်ကို လုပ်ရတာဆိုရင်တော့ ပိုပြီး စိတ်ဓာတ်က အောက်တန်းကျသွားပြီ။ လမ်းဘေးမှာကျောက်ထုနေတဲ့ မိန်းကလေး တစ်ယောက်ကို ဒီလို ဝတ်နိုင်စားနိုင်ဖို့ ဒီအလုပ်လုပ်မလား နင် သွားမေးကြည့်ပါလား။ နင့်ကို ပါးတောင် ချလွှတ်လိုက်ဦးမယ်'' ဟူ၍ လည်းကောင်း-

''ဇာမဏီငှက်ဟာ သူ့အမွေးအတောင်ကို သူ့အသက်နဲ့လဲပြီး ကာကွယ်တယ်။ မိန်းမကောင်းတစ်ယောက်ဟာ သူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကိုအသက်နဲ့ လဲမယ်လို့ ငါယုံတယ်။ ဆင်းရဲကျပ်တည်းတယ် ဆိုတာ စာရိတ္တဖောက်ပြန်ဖို့ ပေးထားတဲ့ အခွင့်အရေး မဟုတ်ဘူး''

ဟူ၍ လည်းကောင်း ထားအိ ချစ်သူ မောင်မောင်၏ ပြောစကားများနှင့်တင်ပြသည်။ 'အပြ'များ ဖြစ်ပါသည်။

နောက်ဆုံးတွင်-

''အပြန်လမ်းမှာတော့ ထားအိ အကြောင်းထက် ထားအိ ပြောသောစာများကို ရေးရဲသော စာရေးဆရာများ အကြောင်းကိုသာ စဉ်းစားလာခဲ့မိတော့သည်''

ဟူသော အပြောဖြင့် စာရေးဆရာကို ရေးရဲလေခြင်းဟု ဝေဖန်ထောက်ပြထားပါသည်။ တာတာဝင်းကို ဖန်တီးမွေးဖွားသူ နုနုရည်(အင်းဝ)ကို ဤစာမျိုး မရေးသင့်ဟု ဆိုလိုချင်ဟန်ရှိပါသည်။

တာတာဝင်းသည် မူလတန်းကျောင်းအုပ်ဆရာကြီးနှင့် ဈေးရောင်းသောအမေ၏ သမီးဖြစ်ကြောင်း ဝတ္ထုတွင် ဖော်ပြထားပါသည်။ မိဘနှစ်ပါးကကျောင်းမထားနိုင်သဖြင့် ဦးလေး၏ ထောက်ပံ့မှုဖြင့် ကျောင်းတက်ခဲ့ရသူလည်းဖြစ်ပါသည်။ ကျောင်းဆရာ၊ ဆရာမများသည် အများအားဖြင့် မိမိ၏ သားသမီးများကို အကျင့်စာရိတ္တ ကောင်းအောင် ဦးစားပေး သွန်သင်တတ်ပါသည်။ ထို့ကြောင့် ယုတ္တိတန်မှု အားနည်းသည်ဟု ယူဆပါသည်။ ဓမ္မဓိဋ္ဌာန် မဖြစ်ဟုဆိုချင်ပါသည်။ ထိုကဲ့သို့သော သမီးမျိုး မွေးထားမိသည့် ကျောင်းဆရာကြီးသည် ကျောင်းဆရာ အနေနှင့်ရော ဖခင်အနေနှင့်ပါ မအောင်မြင်သူ ဖြစ်ပေ

သည်။ ရှိကောင်း ရှိနိုင်ပါသည်။ သို့သော် အလွန်ရှားပါးသော ခြွင်းချက်သာ ဖြစ်ပါသည်။

ဆရာမြသန်းတင့်က သူ၏ 'ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည်' ဝတ္ထုအမှာစာတွင်-

"စာရေးဆရာသည် အရာကိစ္စတစ်ခုကို ကောက်ချက်ချလျှင် ယေဘုယျကို ကြည့်ပြီး ကောက်ချက်ချခြင်း ဖြစ်ပါသည်။ ခြွင်းချက်တွေကို ကြည့်၍ ကောက်ချက်ချခြင်း မဟုတ်ပါ"

ဟု ဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် ခေတ်ကို မီးမောင်းထိုးပြသော အစက် အပြောက်တစ်ခုသာ ဖြစ်ပါသည်။ ယေဘုယျ မကျပါပေ။

* * *

မင်းသစ်၏ 'ဂျွန်အီတန် မသိသေးသော သီဝရီ' ကို ခွဲခြမ်းစိတ်ဖြာခြင်း

စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးဆရာ မင်းသစ်၏ 'ဂျွန်အီတန် မသိသေးသော သီဝရီ' ဝတ္ထုတိုကို ဝတ္ထုတို ဖန်တီးမှု နည်းနာ သဘောတရားများနှင့် ချိန်ထိုး၍ ခွဲခြမ်း စိတ်ဖြာထားပါသည်။ အလေ့လာခံဝတ္ထုတိုတွင် ထင်ရှား မြင်သာနေသည့် အတတ်ပညာသဘောကို ဖောင်းပေး၍ ချဉ်းကပ် လေ့လာထားသော စာတမ်း ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ-

ခေတ်ပြိုင်ဝတ္ထုတို၊ ဇာတ်ကွက်၊ ဇာတ်ဆောင်၊ ရှုထောင့်၊ ကာလယန္တရား။

နိဒါန်း

ဝတ္ထုတိုတစ်ပုဒ်ချင်းစီကို အတွင်းကျကျ အသေးစိတ် လေ့လာကြည့်လျှင် ဝတ္ထုတိုများသည် တစ်ပုဒ်နှင့်တစ်ပုဒ် အသွင်မတူသည့် သဘောများကို တွေ့ရသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ အဖြစ်အပျက်၊ လောကအမြင် စသည်ဖြင့် တစ်ခုခုကို ရှေ့တန်းတင်တတ်သည်။ ထိုသဘောကို ဝတ္ထုတိုထဲတွင် ပါဝင်သော အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာလေ့လာလျှင် ပို၍ ပွင့်လင်းမြင်သာ ရှိလာပါသည်။ ခေတ်ပြိုင် မြန်မာဝတ္ထုတို သင်ကြားရေးအတွက် အထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။

မင်းသစ်၏ ကိုယ်ရေးအကျဉ်း

၁၉၄၆ ခုနှစ်တွင် အဖဦးစံရွှေ၊ အမိဒေါ်သန်းခင်တို့က ဖွားမြင်သည်။ စစ်ကိုင်း၊ ပြင်ဦးလွင်နှင့် မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၆ ခုနှစ်တွင် B.Sc (Bio) စနစ်ဟောင်း သိပ္ပံဘွဲ့ ရရှိခဲ့သည်။ အထက်တန်းပြဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ၊ သီချင်းရေး ဆရာ၊ ကျူရှင်ဆရာ အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သည်။

၁၉၆၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းပါ 'ညှို့သည်ဆိုး သို့' ကဗျာဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်၊ ဩဂုတ်လထုတ် မိုးဝေမဂ္ဂဇင်းပါ 'လန်ဒန်မိုးခါးရေ' မှာ ပထမဆုံးဝတ္ထုတို ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် နတ်နွယ်နှင့် တွဲဖက်၍ မိုးဝေစာပေမဂ္ဂဇင်း၊ ၁၉၉၁ တွင် စံပယ်ဖြူမဂ္ဂဇင်းတို့ကို တာဝန်ခံစာတည်းအဖြစ် ထုတ်ဝေခဲ့သည်။

၁၉၆၆ ခုနှစ်တွင် သက်ပန်စာပေတိုက်မှ 'အညာပလွေကဗျာ'များကို ထုတ်ဝေခဲ့သည်။ မဟေသီမဂ္ဂဇင်းတွင် လစဉ်ရေးသားခဲ့သော 'လွမ်းတဲ့သူတွေ' ကို ၂၀၁၀ ပြည့်နှစ်တွင် စိတ်ကူးချိုချိုစာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။ မဟေသီ မဂ္ဂဇင်းတွင် ရေးသားခဲ့သော 'တစ္ဆေရင်ကွဲ'ဝတ္ထုမှာ သရော်စာ ဖြစ်ပြီး ထင်ရှား ခဲ့သည်။ စာပေစိစစ်ရေး အလွန်တင်းကျပ်စဉ် ကာလများတွင် မိုးဝေမဂ္ဂဇင်း၌ ရေးသားခဲ့သော 'ဘာလင်အိပ်မက်'၊ ပန်မဂ္ဂဇင်းတွင် ရေးခဲ့သော 'အိပ်မက် ကွန်ဖရင့်'၊ အိပ်မက်ဖူးမဂ္ဂဇင်းတွင် ရေးသားခဲ့သော 'နောဇ သဘော်ဘဝှားစီးခြင်း' တို့ကို ပဥ္စလက်သရုပ်မှန်ဝါဒ (Magical Realism) ပုံသဏ္ဌာန်နှင့် အတတ် ပညာ သုံး၍ ရေးသားခဲ့သည်။ ဟိန်းလတ်ကို ပြန်၍ စာပေအင်တာဗျူးခဲ့သူ လည်း ဖြစ်သည်။

ခေတ်ပြိုင်ဝတ္ထုတိုများ

မြန်မာဝတ္ထုတိုများသည် ကိုလိုနီခေတ်မှသည် ယနေ့ခေတ်အထိ ခေတ် များစွာကို ဖြတ်သန်းလာကြသည်။ ခေတ်တိုင်းတွင် ခေတ်ပြိုင်လူ့အဖွဲ့အစည်း၏ ရင်ခုန်သံကို ဝတ္ထုတိုများက ဖော်ပြကြသည်။ ပြောင်းလဲလာသည့် ခေတ်နှင့် အညီ ဝတ္ထုတို တင်ပြမှု ပုံသဏ္ဌာန်များ ပြောင်းလဲလာသည်။ ဇာတ်လမ်းပဓာန၊ ဇာတ်ဆောင်ပဓာန၊ အာဘော်ပဓာန ဝတ္ထုများကိုလည်း အစဉ်အဆက် ဆက်

လက် ရေးသားနေကြသူများ ရှိသကဲ့သို့ ဇာတ်လမ်းမဲ့ ဝတ္ထုတိုများကိုလည်း ရေးသားလာကြသည်။

ထိုသဘောကို ဇော်ဇော်အောင်က-

"ဝတ္ထုတိုနဲ့ ပတ်သက်လို့ကတော့ ဇာတ်လမ်းပြောပြနေတဲ့ ဝတ္ထုတိုတွေကို သိပ်အရေးမပေးတော့ဘဲ 'ခံစားမှု'တွေကို ဖော်ပြတဲ့ ဝတ္ထုတိုတွေ အားကောင်းလာတယ်"

ဟု ဆိုထားပါသည်။ 'ဝတ္ထုဟာ ရှေ့သွားနေပါတယ်' ဟုလည်း 'ဝတ္ထု၏ ရန်သူမျိုးလေးပါး' ဆောင်းပါးတွင် ဆိုထားပါသည်။

ယနေ့ ခေတ်ပြိုင်ဝတ္ထုတိုများသည် ယနေ့ခေတ် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ဆက်နွယ်ပြီး ထွက်ပေါ်လာသော အသံများလည်း ဖြစ်သည်။ ခေတ်ကို ဖြတ်သန်းနေသော လူသားတို့ထဲတွင် စာရေးဆရာလည်း ပါသည်။ စာရေးဆရာ၏ ရင်ကို ထိမှန်လာလျှင် အနုပညာ ပုံသဏ္ဌာန်တစ်ခုခု ဖြစ်ပေါ်လာတတ်သည်။ စာရေးဆရာ၏ စိတ်အာရုံ နိုးကြားမှု ကပ်ငြိမှုကြောင့် ခေတ်ပြိုင်ဝတ္ထုတိုများ ဖြစ်ပေါ်လာရသည်။

ခေတ်ပြိုင်ဝတ္ထုတိုများကို လေ့လာဆန်းစစ်ကြည့်လျှင် ပုံသဏ္ဌာန်ပြောင်းသကဲ့သို့ အကြောင်းအချက်လည်း ပြောင်းလဲလာသည့် သဘောကို တွေ့နိုင်သည်။ သာမန် ချစ်၊ ကြိုက်၊ ကွဲ၊ ညား ဝတ္ထုများသည် စာပေအရတန်းမဝင်သည့် သဘောကို တွေ့လာရသည်။ အပျော်ဖတ် စာပေအဖြစ် သတ်မှတ်ကြသည်။ ယနေ့ ခေတ်ပြိုင်ဝတ္ထုတိုများတွင် ဇာတ်လမ်းထက် ဇာတ်ဆောင်ကြုံရသည့် ခေတ်အခြေအနေနှင့် ဖြတ်သန်းမှု အတွေ့အကြုံများကို ဦးစားပေးဖော်ညွှန်းသည့် သဘောတရားများကို များစွာ တွေ့ရှိရပါသည်။

ဂျွန်အီတန် မသိသေးသော သီဝရီ ဝတ္ထုတို

မင်းသစ်၏ 'ဂျွန်အီတန် မသိသေးသော သီဝရီ' သည် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လထုတ် ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် (၂၆၀) တွင် ဖော်ပြထားသော ဝတ္ထုတို ဖြစ်ပါသည်။

၁။ ဦးတည်ချက်

ခေတ်ပြိုင်ဝတ္ထုတိုများတွင် ဦးတည်ချက်သည် အရေးပါသည်ကို တွေ့ရသည်။ ပို့စ်မော်ဒန်ဝတ္ထုမှာမူ ဦးတည်ချက် (အာဘော်ချုပ်)သည် ဝတ္ထု၏ ရန်သူကြီး ၄ ပါးထဲတွင် တစ်ပါးအပါအဝင် ဖြစ်သည်ဟု ဇော်ဇော်အောင်က ဂျွန်ဟော့(က်)၏ အဆိုကို ကိုးကား၍ ရေးဖူးပါသည်။

'ဂျွန်အီတန် မသိသေးသော သီဝရီ' ဝတ္ထုတိုတွင် ဘောဂဗေဒပညာရှင် ဂျွန်အီတန်၏ နိုင်ငံရေး ဘောဂဗေဒကျမ်းငယ်ထဲမှ အဆိုတစ်ခုကို ကိုးကားကာ ထိုအဆိုထဲတွင် မပါသေးသော အဆိုတစ်ခုကို စာရေးဆရာက ထပ်မံဖော်ထုတ်ပြလိုက်ခြင်းပင် ဖြစ်သည်။ ထိုအဆိုက နှစ်ပေါင်း ၄၀ ဖြတ်သန်းမှု အတွေ့အကြုံကို ကိုယ်စားပြုနေပါသည်။ ဇာတ်ဆောင် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော လူ့အဖွဲ့အစည်း၏ ပုံရိပ်ကို ဝတ္ထုတို၏နောက်ဆုံးတွင် ဖော်ပြထားသည်မှာ ဂျွန်အီတန်၏ နိုင်ငံရေးဘောဂဗေဒကျမ်းထဲတွင်-

"ဆန်ဈေးတက်လျှင် လူဈေးကျသည် ဟူသော သီဝရီကို ဦးမြတ်သူ လုံးဝ မတွေ့ခဲ့ဖူးပါ"

ဟူ၍ ဖြစ်ပါသည်။ စာတွေ့နှင့် လက်တွေ့သဘော ကွာဟချက်ကို သတိပြုမိအောင် ထောက်ပြလိုရင်း ဖြစ်သည်။ နိုင်ငံရေး ဘောဂဗေဒကျမ်းထဲမှ သဘောတရားများသည် နိုင်ငံတိုင်းအပေါ် တူညီသော သက်ရောက်မှု မရှိနိုင်ဟု ဆိုလိုရာလည်း ရောက်ပါသည်။

ထိုဝတ္ထုနှင့် ပတ်သက်၍ စာရေးဆရာ မင်းသစ်ကို မေးမြန်းသောအခါ-

"လုပ်ငန်းစီးပွားရေးအရ အိမ်နီးချင်းနိုင်ငံများသို့ မကြာခဏ သွားရောက်ရာတွင် လူကုန်ကူးခံ၊ ခေါင်းပုံဖြတ် ကုပ်သွေးစုပ်ခံနေရသော မြန်မာတိုင်းရင်းသား လူငယ် အမျိုးသား၊ အမျိုးသမီးများကို တွေ့ခဲ့ရသဖြင့် ခံစားရ၊ ရင်နာရ၍ ရေးမိကြောင်း"

ပြောဆိုပါသည်။

၂။ ဇာတ်လမ်း

ယနေ့ ခေတ်ပြိုင်ဝတ္ထုတိုများသည် ဇာတ်လမ်းကို အားပြုမှု နည်းပါးလာကြသည်။ ဇာတ်လမ်း၏ အဓိပ္ပာယ်ကို တက်တိုးက-

"ဓာတ်အိမ်ဖွဲ့ခြင်း၊ ဓာတ်ကွက်များ စီစဉ်ခြင်း၊ အချိတ်အဆက် မိအောင် ပြုပြင်စီရင်ထားခြင်း စသည့် အမှုတို့ကို ဝတ္ထုရေးဆရာက အကွက်ချပြီးနောက် ထိုပုံစံအတိုင်း လျှောက်၍ ရေးသားခြင်း"

ဟု ဖွင့်ဆိုပါသည်။ 'ဂျွန်အီတန် မသိသေးသော သီဝရီ' သည် ဓာတ်လမ်းမဲ့ဝတ္ထုတို ဖြစ်သည်။ အမှတ်မထင် အဖြစ်အပျက်၊ အပြုအမူတို့ ကိုသာ ဖော်ပြထားသည်။

၃။ ဇာတ်ဆောင်၊ ဇာတ်ကြောင်းပြန်သူ၊ အပြောနှင့် အပြု

ဤဝတ္ထုတိုတွင် ပညာတတ်လူတန်းစားကို ကိုယ်စားပြုသော ဇာတ်ဆောင် ဖြစ်သည့် ဦးမြတ်သူမှာ အရေးပါသော ဇာတ်ဆောင် ဖြစ်သည်။ ဦးမြတ်သူ၏ အတွေ့အကြုံ၊ အတွေးနှင့် စာရေးဆရာ၏ အဘိဓမ္မာတို့ကို ဖော်ပြထားသည်။

မြသန်းတင့်က-

"ဇာတ်ဆောင်တွေမှ တစ်ဆင့်သာလျှင် စာရေးဆရာဟာ သူ့ဘဝအမြင်၊ သူ့အဘိဓမ္မာကို ဖော်ပြနိုင်တယ်" ဟု ဆိုပါသည်။

'ဂျွန်အီတန် မသိသေးသော သီဝရီ' ဝတ္ထုတိုတွင်-

"ဘောဂဗေဒပညာရှင် ဂျွန်အီတန်၏ နိုင်ငံရေးဘောဂဗေဒ (Political Economy) ဆိုသော ကျမ်းငယ်တစ်အုပ်ကို လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဖတ်ဖူးပါသည်။ မရှင်းလင်းသည်များကို ဆရာသမားများ၊ နောင်တော်များက ရှင်းပြကြပါသည်။ လက်ဝဲဝါဒယိမ်းသော ဘောဂဗေဒ အယူအဆကို တင်ပြထားခြင်း ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ကိုမြတ်သူတို့ လူငယ်များ အား မဖြစ်မနေ လေ့လာကြရန် နောင်တော်ကြီးများက ညွှန်းခဲ့ကြသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ အချုပ်ဆိုရလျှင် စီးပွားရေး အပါအဝင် အရာရာ တိုင်းသည် နိုင်ငံရေး၏ လက်အောက်ခံသာ ဖြစ်သည်ဟု သင်ကြားပေးထားခြင်း သာ ဖြစ်ပါသည်။ ထိုစဉ်က ကိုမြတ်သူတို့မှာ လက်တွေ့အားဖြင့် ထဲထဲဝင်ဝင် အတွေ့အကြုံများ မရှိကြသေးပါ။ နိုင်ငံခြားမှ ပညာရှိကြီးများက အင်္ဂလိပ်လို ရေးထားသည်မို့ မျက်စိမှိတ်ပြီး ယုံကြည်လက်ခံလိုက်ကြရသည့် ငယ်ဘဝ၊ သို့သော်..."

ဟူ၍ ဇာတ်ဆောင် ဦးမြတ်သူ၏ 'အပြော'ဖြင့် စထားသည်။ ထို့နောက် ဝတ္ထုတိုကို အဆစ်အကန့် ခွဲလိုက်ပါသည်။ ဇာတ်ဆောင်က အလုပ်တာဝန်အရ ဘန်ကောက်မြို့ ချူလာလောင်ကွန် တက္ကသိုလ်သို့ သွားခဲ့ရသည်။ ထိုအချိန်က ဘန်ကောက်လေဆိပ်ကို ရန်ကုန် မင်္ဂလာဒုံလေဆိပ်နှင့် ယှဉ်ပြသည်။ သမ္မတ ရုပ်ရှင်ရုံ၊ ရန်ကုန်တက္ကသိုလ်တို့၏ ခမ်းနားမှုများကို ပြောပြသည်။

"ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကြီးနှင့် နှိုင်းယှဉ်လျှင် တောမြို့လေဆိပ်ငယ် လေးသာသာမျှသာ လေဆိပ်ဝန်းကျင်တွင်လည်း လယ်ကွင်းများနှင့် ရေစပ်စပ် ဗွက်တောထဲမှ တဲအိမ်စုလေးများသာ ဟိုတစ်စု ဒီတစ်စု။ ထိုစဉ်က မင်္ဂလာဒုံ လေဆိပ်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးနှင့် ခေတ်အမီဆုံး၊ သမ္မတ ရုပ်ရှင်ရုံကြီးသည် အရှေ့တောင်အာရှမှာသာမက ကမ္ဘာ့အရှေ့ဖျားမှာပင် အလှပဆုံးနဲ့ အခမ်းနားဆုံး၊ ရန်ကုန်တက္ကသိုလ်သည်လည်း ရေကန်၊ တောအုပ်၊ သစ်ပင်ပန်းမန်များနှင့် အတူ ကမ္ဘာ့အလှဆုံး တက္ကသိုလ်များထဲတွင် တစ်ခု အပါအဝင်"

ဟု ဇာတ်ဆောင်၏ အတွေးစအဖြစ် ဖော်ပြသည်။ မနောက်ဖြစ်ပါသည်။

"အတွေးစကို ဖြတ်၍ လေဆိပ်အပြင်သို့ ထွက်ခဲ့သည်။ အကောက်ခွန် နှင့် လူဝင်မှုကြီးကြပ်ရေးတို့က ဝတ်ကျေတမ်းကျေသာ စစ်ဆေးပြီး နိုင်ငံကူး လက်မှတ်ပေါ်မှာ တံဆိပ်တုံး ထုပေးလိုက်ကြသည်"

ဟု ဇာတ်ဆောင်၏ လှုပ်ရှားမှုပုံရိပ်ကို အပြောနှင့် ဖော်ပြသည်။ ထို အချိန်က မြန်မာနိုင်ငံ၏ အခြေအနေကြောင့် မြန်မာလူမျိုးကို ပိုက်စိပ်တိုက် မစစ်ဆေးကြောင်း ပြလိုသောသဘောပင် ဖြစ်သည်။

"ရှေ့သို့ ကပျာကယာ ထိုးဆိုက်လာသော ခပ်စုတ်စုတ် တက္ကစီတစ်စီး ပေါ်သို့ တက်ထိုင်လိုက်ရင်း သွားလိုသည့် လိပ်စာကို ပြောပြလိုက်သည်။ မောင်မင်းကြီးသား ဒရိုင်ဘာက အင်္ဂလိပ်စကားကို ထမင်းစားရေသောက်ပင် မပြောတတ်၊ မြန်မာပြည်မှာဆိုလျှင် လမ်းနာမည်နှင့် အိမ်နံပါတ်လောက်ကိုကား ဆိုက်ကားသမားပင် အင်္ဂလိပ်လို နားလည်သည်။ သူ့စကား ကိုယ်မသိ၊ ကိုယ့်စကား သူမသိ ခက်ပါဘိ ဖြစ်နေချိန်တွင် လေယာဉ်အတူတူ စီးလာကြ သော ထိုင်းစကား မတောက်တခေါက်တတ်သည့် မြန်မာပြည်ပေါက် တရုတ်လေး တစ်ယောက် ဝင်ရှင်းတော့မှ သွားလိုရာ ရောက်ခဲ့ရသည်"

ဟု ဇာတ်ဆောင်က အပြောဖြင့် တင်ပြသည်။ တစ်ဖက်နိုင်ငံမှ လူများနှင့် မြန်မာနိုင်ငံမှလူများ၏ ကိုယ်ရည်ကိုယ်သွေး ကွာခြားပုံကို ယှဉ်ပြပြီး နိုင်ငံရေးအခြေအနေကို မြင်သာစေသည်။

"ချူလာလောင်ကွန် တက္ကသိုလ်က ကိုမြတ်သူတို့ ရန်ကုန်တက္ကသိုလ်၏ တစ်ဝက်မျှပင် မရှိ။ မနုဿဗေဒ ဌာနမှူးနှင့် တွေ့ပြီးနောက် တက္ကသိုလ် စာကြည့်တိုက်သို့ သွားရသည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်လောက် မပြည့်စုံပါ။ စနစ်မကျပါ။ သို့သော် လိုအပ်သမျှ အကူအညီကိုမူ ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ပေးလိုက်ကြသဖြင့် ကျေးဇူးတင်မိပါသည်"

ဟု ဇာတ်ဆောင်က ဇာတ်အကြောင်းပြောသူအဖြစ် ပြောပြနေသည်။

"တက္ကသိုလ်အနီးမှ စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ စားကြသည်။ ချိုရဲစပ်ရှားရှား ထိုင်းဟင်းလျာများကို တို့ကနန်း ဆိတ်ကနန်းမျှသာ မြည်းစမ်းကြည့်ပြီး မှာထားသော မဲခေါင်ပုလင်းကိုလည်း စိတ်ထဲက ဆန္ဒမရှိပြီ။ သူတို့၏နာမည်ကျော် မဲခေါင်အရက်သည် ကိုမြတ်သူတို့ဆီမှ မန္တလေးရမ်နှင့် မော့ဝစ်စကီတို့၏ အရည်အသွေးကို မမီ။ ဖြစ်ကတတ်ဆန်း ချက်ထားသော ဗမာတောအရက်နံ့ ထွက်နေသည်"

ဟု ဆိုရာ ယခုအချိန်တွင် တိုးတက်မှုချင်း အလွန်ကွာခြားနေသည့် နိုင်ငံနှစ်ခု၏ အတိတ်ပုံပြင်ကို မြင်သာအောင် တစ်ခုချင်းစီ နှိုင်းယှဉ်ပြနေသည်။ နှစ်ပေါင်း ၄၀ ကြာသောအခါ ဦးမြတ်သူသည် တက္ကသိုလ်တစ်ခုမှ ပင်စင်ယူပြီးသည့်နောက် လူကုန်ကူးမှု တိုက်ဖျက်ရေးကို လုပ်ဆောင်နေသည့် အင်န်ဂျီအို အဖွဲ့တစ်ခုတွင် အမှုထမ်းသည်။ ထိုအလုပ်ကိစ္စဖြင့် မူဆယ်မိုတယ်သို့ ရောက်နေသည်။

"ယနေ့ တစ်ဖက်နိုင်ငံမှ လွှဲပြောင်းပေးမည့် လူကုန်အကူးခံခဲ့ကြရသော မိန်းကလေးများကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်လက်ခံရမည် ဖြစ်သောကြောင့် ဦးမြတ်သူ စောစီးစွာ နိုးနေသည်။ သတင်းစာ၊ ဂျာနယ်များ၏ အဆိုအရ လူကုန်ကူးခံရသော မိန်းကလေးများထဲတွင် ဘွဲ့ရ ပညာတတ်ကလေးများပင် ပါသည် ဟူ၏။ ထောင်းခနဲ ထွက်လာသော ဒေါသကြောင့် အခန်းတံခါးကို ဆောင့်ဖွင့်လိုက်သည်။ ငှက်ကလေးနှစ်ကောင် အလန့်တကြား ပျံပြေးသွားကြသည်"

ဟူ၍ ဇာတ်ဆောင်၏ အမူအရာ၊ ကာယကံကို အတွေးကြားထဲတွင် ညှပ်၍ ပြသည်။ ဇာတ်ကြောင်းပြောသူနှင့် ဇာတ်ဆောင်သည် ပူးကပ်လျက် ရှိနေပြီး စာရေးဆရာ၏ ဝိညာဉ်လည်း ပူးဝင်နေသည့်သဘောကို တွေ့ရသည်။

"အရှေ့ဘက် ကောင်းကင်ယံကို မော့ကြည့်မိသည်။ မျက်စိတစ်ဆုံး အုပ်ဖွဲ့ ပျံသန်းနေကြသော ရွှေလီ ရေပျော် ငှက်အုပ်ကြီးကို တွေ့ရသည်။ ကောင်းကင်ယံ တစ်ခုလုံး မည်းမည်းလှုပ်၊ မမြင်ဖူးသော မြင်ကွင်းမို့ ဦးမြတ်သူ အဖို့ အံ့ဖွယ်သရဲ ဖြစ်နေရသော်လည်း မူဆယ်ဒေသခံတို့အတွက်မူ ရိုးနေသော မြင်ကွင်းတစ်ခုပင်။ တစ်ဖက်နိုင်ငံသို့ အစာရှာသွားကြသည်ဟု ဆိုစမှတ်ပြု ကြသည်။ နေဝင်လျှင် သည်ဘက်ကမ်းသို့ ပြန်လာကြဦးမည်။ ဪ… ရေကြည်ရာမြက်နုရာ ဆိုသော ပရိယေသနသီဝရီသည် ငှက်ကျေးတိရစ္ဆာန် တို့က အစပြုခဲ့ခြင်း ဖြစ်ပေမည်။ မကြာမီ နေထွက်လျှင် သည်မှာဘက်ကမ်းမှ လူအများတို့သည် ဟိုမှာဘက်ကမ်းသို့ ကူးသန်းကြပေဦးမည်။ ဤသည်လည်း ရေကြည်ရာ ဟူ၍သာ ပြောကြဦးမည်လား"

ဟူ၍ ဇာတ်ဆောင်၏ အမြင်အတွေးဖြင့် နှစ်နိုင်ငံ၏ လူ့အဖွဲ့အစည်း အခြေအနေကို မြင်သာအောင် ဖော်ပြသည်။ စာရေးဆရာက ဇာတ်ဆောင်၏ ခံစားမှုဖြင့်သာ မိမိ ပြောလိုရာ၊ ပြလိုရာကို ပြောနေ၊ ပြနေသည်။

ဆက်လက်၍ အတိတ်ကာလဆီ စိတ်ရောက်သွားပုံမှာ-

"မဝေးသော ဆယ်စုနှစ်တစ်ခုဆီသို့ ဦးမြတ်သူ အတွေးရောက်သွား သည်။ ထိုစဉ်က ကျယ်ဂေါင်သည် ယခုကဲ့သို့ မြို့သစ်ကြီး မဖြစ်သေး။ လယ်တော၊ ရှံ့အိုင်တို့အလယ်မှ ရွာငယ်ဇနပုဒ်ကလေးမျှသာ၊ ရှမ်းဘုန်းကြီး ကျောင်းလေးတစ်ကျောင်းသာ သပ်သပ်ရပ်ရပ် ရှိသည်။ မနက်မိုးလင်းပြီ ဆိုလျှင် ဟိုမှာဘက်ကမ်းမှ လူအများက သည်မှာဘက်ကမ်း မြို့သို့ ကူးလာကြသည်။ 'အလုပ်ရှိလား၊ အလုပ်ရှိလား' ဟူသော မြန်မာစကား မပီ့တပီဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် လိုက်အော်ရင်း အလုပ်ရှာနေကြသော အင်္ကျီပြာ၊ ဘောင်းဘီပြာ ဖိုသီဖတ်သီနှင့် တစ်ဖက်နိုင်ငံသားများကို ဦးမြတ်သူ ကရုဏာသက်ခဲ့ရဖူး သည်။ မူဆယ်ဈေးထဲတွင် ကုန်ထမ်း၊ ကုန်လှည်းတွန်းကြ၊ မြို့ထဲ အိမ်ထဲတွင် ထင်းခွဲ၊ ရေခပ်ကြ၊ အိမ်ဖော်လုပ်ကြ၊ ညနေစောင်း၍ သူတို့ဘက်ကမ်းသို့ ပြန် ကြလျှင် ရွှေလီရေပျော်ငှက်တို့ကလည်း သည်ဘက်သို့ အုပ်ဖွဲ့ပျံသန်းကြပြီ"

ဟူ၍ ဖြစ်ပါသည်။

စာရေးဆရာက ဇာတ်ဆောင်၏ မြင်ကွင်းထဲ ဝင်လာသော ငှက်တို့ကို နိမိတ်ပုံပြု၍ တစ်ချိန်က မူဆယ်ဘက်တွင် အလုပ်လာရာရသော တစ်ဖက်နိုင်ငံမှ တရုတ်တို့ကို မြင်သာအောင် ပြပါသည်။ ကာလယန္တရား အကွာအဝေးကို ဇာတ်ဆောင်၏ စိတ်ကူးဖြင့် နီးစပ်အောင် ဆွဲကပ်ယှဉ်ပြလိုက်သည်။

ဝတ္ထုတိုတွင် ဇာတ်ကြောင်းပြန်သူသည် တစ်ဦးတည်းသော အဓိက ဇာတ်ဆောင်လည်း ဖြစ်သည်။ အဖြစ်အပျက်သည် ဇာတ်ဆောင်၏ ကိုယ်တွေ့ အဖြစ်အပျက် ဖြစ်သည်။ အကြောင်းအရာကို ခြုံ၍ ပြောရမည့်နေရာများတွင် 'အပြော'ကို သုံး၍ ဇာတ်ကွက်ဖော်၍ ပြောသည့်နေရာတွင် 'အပြ'ကို သုံးထား ပါသည်။

၄။ ဇာတ်ကွက်

ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာကို ဇာတ်ဆောင်တို့၏ ပြုမူ လှုပ်ရှားပုံဖြင့် ဖော်ပြခြင်းသည် ဇာတ်ကွက် ဖြစ်သည်။ ဝတ္ထုတိုတွင် ထိုလှုပ်ရှားမှု ပုံရိပ်ကို များစွာ ပြသခွင့်မရပါ။ ထိုဝတ္ထုတို၏ အာဘော်ကို ဖော်ပြရာတွင် အလွန်အရေးပါသည်။

ဇာတ်ဆောင် ကိုမြတ်သူကို သူငယ်ချင်းဖြစ်သူ ကိုမျိုးညွန့်က မြဘုရား သို့ လိုက်ပို့ပေးပြီး ဘုရားက ပြန်ထွက်အလာတွင်-

"ကဲ... ခင်ဗျားကို ကျောက်ဖရားလမ်းနဲ့ ပက်ပုံကို လိုက်ပို့မယ်"

"ဘာလဲဗျ၊ နောက်ထပ် တန်ခိုးကြီးဘုရားလား"

ကိုမြတ်သူ စကားကြောင့် ကိုမျိုးညွန့်က အားရပါးရ အော်ရယ်သည်။

"ငရဲတော့ ကြီးကုန်တော့မှာပဲ ကိုမြတ်သူရယ်၊ ဘန်ကောက်မြို့ရဲ့ နာမည်ကျော် မီးနီရပ်ကွက်ဗျ။ တစ်ကမ္ဘာလုံးက အရောင်စုံ၊ အသွေးစုံ၊ လူမျိုးစုံ၊ ဆိုဒ်စုံ အနိပ်စားလေးတွေရှိတဲ့ မီးနီရပ်ကွက်ဗျ ဟဲ ဟဲ"

"ဒီမှာ တရားဝင် ခွင့်ပြုသလား"

"ခွင့်ပြုတယ်၊ ဆေးစစ်ရတယ်၊ ဆေးအောင်မှ မှတ်ပုံတင်ပေးတယ်"

"စနစ်တော့ အကျသားပဲ၊ လူထုက မကန့်ကွက်ဘူးလား"

"ဒီမှာ ဒါကို ဒုစရိုက်လုပ်ငန်းလို့ ဘယ်သူကမှ မယူဆကြဘူးဗျ၊

ဒုတိယ ကမ္ဘာစစ်အပြီး ကိုရီးယားစစ်ပွဲနဲ့ ဗီယက်နမ်စစ်ပွဲကြောင့် အမေရိကန် ဖောက်သည်တွေနဲ့ ပိုတောင် စည်ကားလာသေးတယ်''

''ကျွန်တော် ဝါသနာ မပါဘူးဗျ၊ ရောဂါရမှာလည်း ကြောက်တယ်''

''ဒီမှာ ဆေးတွေ စွမ်းပါတယ်ဗျ''

''တော်ပါပြီဗျာ''

''ကဲပါဗျာ လေ့လာရေးပေ့ါ၊ ပြီးတော့ ခုနစ်လွှာချွတ်ပွဲလေး ဘာလေး ကြည့်ရတာပေ့ါ၊ ဇဟုသုတပေ့ါဗျာ''

ကိုမျိုးညွန့်ကို အားနာသည်က တစ်ကြောင်း၊ မိမိလည်း အနည်းငယ် စိတ်ပါလာသည်မို့ ပက်ပုံသို့ ချီတက်ခဲ့ကြသည်''

ဟူ၍ ဇာတ်ဆောင်တို့၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဖော်ပြသည်။ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းခွင် တစ်ခုကို မြင်သာစေသော ဇာတ်ကွက် ဖြစ်သည်။

လမ်းတစ်လျှောက် လမ်းဘေးဝဲယာ ဆိုင်ခန်းများ၏ မျက်နှာစာတွင် မှန်ခန်းလေးများထဲမှာ နံပါတ်ပြားလေးတွေကို ချိတ်ထားကြသော မိန်းမလှလေး များ။ အမေရိကန်စစ်သားတွေက ကြိုက်ရာကို လက်ညှိုးထိုးလျက် နံပါတ်တွေ ကို အော်ရင်း တဝါးဝါးပွဲကျနေပုံကို ဇာတ်ကြောင်းပြန်သူ ဇာတ်ဆောင်၏ အမြင်ဖြင့် တင်ပြသည်။

''လာဗျာ၊ ဒီဆိုင် ဝင်ထိုင်ရအောင်''

မီးမှိန်မှိန်ထွန်းထားသော အခန်းထဲသို့ ဝင်သွားကြသောအခါ ဖော်ရှံမက ကျွတ်နေကြပြီဖြစ်သော မိန်းကလေးနှစ်ယောက်ကို စင်မြင့်လေးတစ်ခုပေါ်တွင် တွေ့လိုက်ကြရသည်။ စင်၏ လက်ဝဲဘက်ဘေးမှာ အရက်ကောင်တာတစ်ခု၊ ဆေးလိပ်မီးခိုးများ၊ ဖန်ခွက်သံ၊ ပုလင်းသံများနှင့်အတူ ကမ္ဘာ့လူမျိုးပေါင်းစုံတို့၏ အဆီပြန်နေကြသော မျက်နှာကြီးများ၊ စင်၏ ယာဘက်ဘေးနံရံတွင် စီတန်းချ ထားသော ထိုင်ခုံလေးများပေါ်တွင် အဖြူ၊ အမည်း၊ အဝါမလေးများ။

ဘီယာတစ်ခွက်စီ မှာလိုက်ကြရင်း တောသားမြို့ရောက် ကိုမြတ်သူ တစ်ယောက် ပါးစပ်အဟောင်းသား။

ထိုစဉ် ကိုမျိုးညွန့်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း-

''ကဲ... ခင်ဗျားကို ဗဟုသုတ ပေးရဦးမယ်၊ လိုက်ခဲ့''

ပြောပြောဆိုဆိုဖြင့် ကလေးမများ ရှိရာသို့ ထသွားသဖြင့် ကိုမြတ်သူလည်း ကြောင်စီစီဖြင့် လိုက်သွားရသည်။ ကိုမျိုးညွန့်က အသားဝါမလေး တစ်ယောက် ရှေ့တွင် ရပ်သည်။ ဗီယက်နမ်မလေးလား၊ ကိုရီးယားမလေးလား မသိ၊ ကိုမြတ်သူကို တစ်ချက်ပြုံးပြရင်း ကိုမျိုးညွန့်က မေးသည်။

"မင်းက ဘယ်လောက်လဲ"

"ဘတ်တစ်ရာ"

ထိုစဉ် ငွေလဲနှုန်းမှာ မြန်မာငွေ ပြားသုံးဆယ်လျှင် တစ်ဘတ် ရပါသည်။

"မင်းကကော ဘယ်လောက်လဲ"

ရွှေရောင်ဆံပင်နှင့် အနောက်တိုင်းသူလေးက ပြန်ဖြေသည်။

"ဘတ်နှစ်ရာ"

အစွန်ဆုံးမှာ ထိုင်နေသော ဆံပင်ရှည်ရှည်နှင့် ညိုချောလေးဆီသို့ ကိုမျိုးညွန့် လျှောက်သွားသည် မိန်းကလေးက နက်မှောင်သော ဆံနွယ်အဖျားတို့ကို ဆုပ်ကိုင်ရင်း မဝံ့မရဲ မော့ကြည့်သည်။

"မင်းကကော"

"ဘတ်သုံးရာပါ"

မြန်မာလို ပီပီသသ ဖြေ၏။ ကိုမြတ်သူ မိုက်ခနဲ ဖြစ်သွားသည်"

ဟူ၍ ဖော်ပြသည်။ ဓာတ်ရှိန်အမြင့်ဆုံး နေရာတွင် ရပ်ပစ်လိုက်သော ဓာတ်ကွက် ဖြစ်နေသည်။ ထိုဓာတ်ကွက်ဖြစ်ပြီး နှစ် ၄၀ ကြာသောအခါ ဓာတ်ဆောင် ဦးမြတ်သူသည် ကျယ်ဂေါင်မြို့သစ်၏ ဆင်ဖြူတော်ဂိတ်ပေါက်သို့ ရောက်နေသည်။ တစ်ဖက်နိုင်ငံမှ လာရောက်လွှဲအပ်သော မိန်းကလေးများကို လက်ခံမည့် ဓာတ်ကွက် ဖြစ်သည်။

"စုစုပေါင်း ခြောက်ယောက်၊ လယ်သူမလေးများ၊ စက်ရုံအလုပ်သမ ဟောင်းလေးများနှင့် ပညာတတ် ဝန်ထမ်းဟောင်း အမျိုးသမီးလေး နှစ်ယောက် ပင် ပါသေးသည်။ ထိုအထဲတွင် နက်မှောင်သန်စွမ်းသော ဆံပင်ရှည်ကြီးနှင့် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသောအခါ ဟိုဘက်မှ လူတွေက သူ့ ဆံပင်တွေကို ဖြတ်ယူမထားလိုက်ခဲ့ကြခြင်းကြောင့် အံ့ဩသွားသည်။ ပြီးတော့ နှစ်ပေါင်း ၄၀ က ဘန်ကောက်မှ ဆံနွယ်များကို သတိရရင်း ရင်ထဲမှာ ကျဉ်ခနဲ နာသွားသည်။ တုန်ယင်လှုပ်ရှားလာသော စိတ်ကို ချုပ်တည်းမရနိုင်လွန်းသဖြင့်

အပြန်ခရီးတွင် ကားပေါ်မှာပင် မိန်းကလေးကို မေးလိုက်မိသည်။ အယဉ်ကျေးဆုံး စကားလုံးများကိုသာ သတိဖြင့် ရွေးချယ်သုံးနှုန်းရင်း မေးဖြစ်သည်။

"လုပ်အားခကော ထိုက်ထိုက်တန်တန် ရရဲ့လားကွယ်"

မိန်းကလေးက စိမ့်ထွက်လာသော မျက်ရည်စတို့ကို လက်ကိုင်ပဝါလေးဖြင့် သိမ်းဆည်းရင်း တိုးတိမ်အက်ရှစွာ ဖြေသည်။

"တစ်ဝက်ကြေးပဲ ရပါတယ် ဦးရယ်၊ သူတို့က လူမျိုးအချင်းချင်းသာအပြည့်ပေးတာပါ ဆရာကြီးရယ်"

ဦးမြတ်သူ မိုက်ခနဲ ဖြစ်သွားသည်"

ဟူသော ဇာတ်ကွက်ထဲတွင် ဇာတ်ဆောင်တို့၏ ကံသုံးပါး အမူအရာကို တွေ့နိုင်သည်။ လွန်ခဲ့သော နှစ် ၄၀ က ဘန်ကောက်မှ ဆံပင်ရှည်ရှည်နှင့် ညိုချောလေးမှာ အခြားသော အရှေ့တိုင်း၊ အနောက်တိုင်းသူများထက် ဘတ် ၁၀၀၊ ၂၀၀ ပိုရသည်ကို နှိုင်းယှဉ်ကြည့်မိစေသည်။ ဇာတ်ကွက်နှစ်ခုကို လှလှပပ ချိတ်ဆက်ပြထားသဖြင့် စာရေးသူ ပေးလိုသော အကြောင်းအချက်ကို ပေါ်လွင်စေပါသည်။ အဘယ့်ကြောင့် လုပ်အားခငွေကြေး ကွာဟသွားရသည်ကို အတွေးပွားမိစေပါသည်။

၅။ ရှုထောင့်

ဝတ္ထုပြောသူ ရပ်တည်သော နေရာကို 'ရှုထောင့်' ဟု ခေါ်ကြောင်း အောင်သင်းက ဝတ္ထုရေးရာ ဆောင်းပါးများတွင် ဆိုထားပါသည်။ ဤဝတ္ထုတိုတွင် စာရေးသူက ဇာတ်ဆောင်နှင့် ဝင်ပူးပြီး သူ၏ ကံသုံးပါး အမူအရာကို လွတ်လပ် ပွင့်လင်းစွာ ပြောပြထားသည်။ ဝတ္ထုပြောသူ ကိုယ်တိုင် အဖြစ်အပျက်ထဲတွင် ပါဝင်နေသည်။ ထို့ကြောင့် ကိုယ်တိုင်ပြောရှုထောင့် ဝတ္ထု ဖြစ်သည်။ ကိုယ်တိုင်ပြောရှုထောင့်ဖြင့် ရေးသော ဝတ္ထုတိုများတွင် ကိုယ့်အကြောင်း ကိုယ်ရေးခြင်းနှင့် သူတစ်ပါးအကြောင်း ရေးခြင်း ဟူ၍ နှစ်မျိုး ခွဲခြားနိုင်ပါသည်။ သို့သော် ဤဝတ္ထုတိုတွင် ကိုယ့်အကြောင်း၊ သူတစ်ပါးအကြောင်းတို့အပြင် ခေတ်အကြောင်းကိုလည်း တွေ့ရပါသည်။

၆။ ကာလယန္တရား

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို 'ကာလယန္တရား' ဟု သုံးနှုန်းပါသည်။ မင်းသစ်က 'ရောင်စဉ်များရဲ့ အစွန်တွန့် ရသနယ်ခြား အတွင်းရေး' တွင် ဝတ္ထုတစ်ပုဒ်၏ ကာလယန္တရားသည် အကြောင်းအရာ၊ နည်းပညာတို့နှင့် ရောထွေးနေကြောင်း ပြောထားပါသည်။ 'ဂျွန်အီတန် မသိသေးသော သီဝရီ' ဝတ္ထုတိုတွင် အတိတ်နှင့် ပစ္စုပ္ပန်ကာလနှစ်ခုကို ဆက်စပ်ပြထားသည်။ အတိတ်တွင် ဇာတ်ဆောင်ကို 'ကိုမြတ်သူ' ဟု သုံးသည်။ နှစ်ပေါင်း ၄၀ ကြာသောအခါ 'ဦးမြတ်သူ' ဟု ပြောင်း၍ သုံးထားသည်။ ထိုကာလနှစ်ခုကြားထဲက ကြားကာလကိုမူ စာဖတ်သူက ကိုယ့်ဘာသာ တွေးဆဆင်ခြင်ကြည့်ရန် လမ်းဖွင့်ပေးထားသည်။

၇။ ဒေသ

'ဒေသ'သည် ကာလနှင့် ဆက်စပ်လျက် ရှိသည်။ မရရအောင် ခွဲကြည့်ရခြင်းသာ ဖြစ်သည်။

၁၉၆၅ ခုနှစ်အချိန်က ဘန်ကောက်မြို့၏ ဒေသအခြေအနေကို-

"လမ်းတစ်လျှောက်လုံး အမေရိကန်စစ်သားများနှင့် စစ်ကားတွေကို လွတ်အောင် ရှောင်နေရသည်။ ထိုစဉ်က ဗီယက်နမ်စစ်ပွဲကာလ အရှိန်အပြင်းဆုံး ကာလဖြစ်သောကြောင့် ခွင့်ဖြင့် ထိုင်းသို့ လာနားကြသော အမေရိကန်စစ်သားတို့ဖြင့် ဘန်ကောက်တစ်မြို့လုံး ဖွေးဖွေးလှုပ်နေသည်"

ဟု ပြသည်။ ထိုစစ်သားများက ဘန်ကောက်မြို့၏ မီးနီရပ်ကွက်သို့ လာကြောင်း ဆက်စပ်ပြလိုက်ခြင်း ဖြစ်သည်။

၈။ ပုဂ္ဂလိကစာမျက်နှာမှ အများဆိုင် စာမျက်နှာသို့

"ဝတ္ထုတိုကို ဖတ်ပြီးလို့ ဇာတ်ကောင်ရဲ့ ပုဂ္ဂလမိဋ္ဌာန်ကနေ ဓမ္မမိဋ္ဌာန် ဖြစ်လာတယ် ဆိုရင် ဝတ္ထုတစ်ပုဒ်လုံး အစအဆုံး ဖတ်ပြီးမှ တစိမ့်စိမ့် သိလာရတာမျိုး ဖြစ်တယ်"

ဟု သီဟက ဆိုပါသည်။ ဤဝတ္ထုတိုတစ်ပုဒ်လုံးကို ခြုံကြည့်လျှင် ကိုမြတ်သူ၏ 'ပုဂ္ဂလိကစာမျက်နှာ'သာ ဖြစ်သည်။ ဝတ္ထုတို ဆုံးသောအခါ

စာဖတ်သူတိုင်း ခံစား၍ ရနေသည်။ ထို့ကြောင့် 'အများဆိုင် စာမျက်နှာ' ဖြစ်သွားသည်ဟု ဆိုရပေမည်။

၉။ ခေတ်ပြိုင်ခံစားမှု

ဦးသန့်က-

"ခေတ်ပြိုင်ဝတ္ထုများထဲတွင် ခေတ်ပြိုင်လူ့အဖွဲ့အစည်း၏ အခြေအနေသည် ထင်ဟပ်နေရမည် ဖြစ်ပါသည်"

ဟု ဆိုပါသည်။

ဤဝတ္ထုသည် ခေတ်ပြိုင် လူ့အဖွဲ့အစည်း၏ အခြေအနေကို ထင်ဟပ်ဖော်ပြလျက် ရှိပါသည်။ ခေတ်ပြိုင်လူသား စာရေးဆရာ၏ ခေတ်ကြောင့် ခံစားရသည့် ခေတ်ပြိုင်ခံစားမှု ဝတ္ထုတို ဖြစ်ပါသည်။

၁၀။ ရသ

ဝတ္ထုတိုသည် ရသစာပေ ဖြစ်သည်။ ဤဝတ္ထုတိုတွင် ဇာတ်ဆောင်၏ ခံစားမှုအတိုင်း စာဖတ်သူမှာလည်း လွမ်းမောခြင်းကို ခံစားရသော်လည်း စာရေးဆရာကို ကိုယ်စားပြုသော ဇာတ်ဆောင်၏ ဖြစ်စဉ်မှတစ်ဆင့် စာရေးသူ၏ စေတနာကို မြင်နေရသည်။ စေတနာအလှကြောင့် ပန်းတိုင်ရသမှာ နှစ်သက်ခြင်း သန္တရသကို ခံစားလိုက်ရသည်။

၁၁။ ဝတ္ထုတို အမျိုးအစား

ဝေဒနာနှင့် ခံစားမှုကို အသားပေး ရေးသားထားခြင်း မဟုတ်၍ ဘဝသရုပ်ဖော်ဝတ္ထု(Realism) မဟုတ်ပါ။ ပြောင်လုံး(Joke)များ မထည့်ထားခြင်းကြောင့် ဟာသဝတ္ထု (Humour) လည်း မဟုတ်ပါ။ ကလော်လုံး၊ ထေ့လုံး၊ ရိလုံးများလည်း မပါသဖြင့် ကလော်စာဝတ္ထု (Irony) အမျိုးအစားလည်း မဟုတ်ပေ။ သို့သော် တစ်ပုဒ်လုံး ဖတ်ပြီးသောအခါ စာရေးဆရာ၏ သရော်ချက်ကို တစိမ့်စိမ့်တွေးရင်း ကျိတ်၍ ပြုံးရသည်။ သက်ပြင်းချပြီး ရင်ထဲ နင့်သွားရသည်။ ထို့ကြောင့် သရော်စာ (Satire) ဝတ္ထုတိုတစ်ပုဒ် ဖြစ်ကြောင်း တွေ့လိုက်ရလေသည်။

ခြုံငုံသုံးသပ်ချက်

စာရေးဆရာနှင့် စာဖတ်သူတို့ကြားတွင် ခံစားချက်ကွာဟမှု ရှိစမြဲပင် ဖြစ်သည်။ အတွေ့အကြုံ၊ အာရုံခံစားနိုင်မှု၊ ခေတ်ဖြတ်သန်းမှုချင်း တူလျှင် ခံစားမှု ထပ်တူကျနိုင်လိမ့်မည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။

ဤဝတ္ထုတွင် ဇာတ်ကောင်နှင့် သက်တူရွယ်တူ ခေတ်ပြိုင်များသာမက စာရေးသူ ဖော်ပြမထားသော ၁၉၆၅ နှင့် ၂၀၀၅ ခုနှစ် ကြားကာလကို ဖြတ်သန်းခဲ့သူများကပါ စာရေးသူ၏ ခံစားမှုကို နားလည်နိုင်သည်။ စာရေးသူနှင့် ထပ်တူ ခံစားနိုင်သည်ဟု ယူဆပါသည်။ ဝတ္ထုအစတွင် ဂျွန်အီတန်၏ လက်ဝဲဝါဒ ယိမ်းသော ဘောဂဗေဒ အယူအဆကို လိုအပ်သလောက် တင်ပြသည်။ နောက်ဆုံးတွင် ထိုကျမ်း၌ မပါဝင်သော အယူအဆတစ်ခုကို စာရေးသူက ထုတ်ပြသည်။ 'ဆန်စျေးတက်လျှင် လူစျေးကျသည်' ဟူ၍ ဖြစ်သည်။

ဂျိမ်းဂျိုက်စ်၏ 'ယူလီစီး'ဝတ္ထုရှည်ကြီးမှာ ၁၉၀၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် တစ်နေ့တည်းကိုသာ ဇာတ်လမ်းဆင် ရေးသားထားသည်။ မင်းသစ်၏ ဝတ္ထုတိုတွင်မူ ကာလယန္တရားက နှစ်ပေါင်း ၄၀ ရှည်ကြာသည်။ ဤအချက်က ဝတ္ထုတို အများစုတွင် တွေ့ရခဲသည်။ ဇာတ်ကွက်အနေနှင့် ပြထားသော 'အပြ' များမှာ ၁၉၆၅ နှင့် ၂၀၀၅ နှစ်နှစ်တည်းသာ ဖြစ်သည်။ ကြားကာလ ပျောက်ဆုံးနေသည်။ သို့သော် ထိုကြားကာလ အခြေအနေကို စာဖတ်သူက ကိုယ့်ဘာသာ စီစဉ်၊ ဆက်ကြည့်၊ ဆက်တွေးနိုင်သည့် လွတ်လပ်ခွင့်ကို ရသည်။ ကာလယန္တရား ရှည်လွန်းသဖြင့် ချုံ့ပြောရမည့်နေရာတွင် အပြောကို သုံးသည်။ တစ်ချိန်က ပတ်ဝန်းကျင် နိုင်ငံများအလယ်တွင် ခေါင်းမော့နိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံ၏ ဆုတ်ယုတ်မှု အတိုင်းအတာကို တိုက်ရိုက်တဲ့တိုး ပြောမသွားပေ။ နိုင်ငံ ဆင်းရဲသွားသည့်အခါ ထိုနိုင်ငံမှလူတို့ စျေးကျသွားရသည့်အကြောင်းကို ပါးပါးလေးသာ ပြသွားသည်။

နိဂုံး

ယနေ့ခေတ်သည် သတင်းမီဒီယာခေတ် ဖြစ်သည်။ အစိုးရသစ်တက်ပြီး မကြာခင်ကာလတွင် သတင်းဂျာနယ်ပေါင်းများစွာ ထွက်ပေါ်လာသည်။ ထိုအခါ လစဉ်ထုတ် မဂ္ဂဇင်းများကို ဖတ်သူ အားနည်းလာသဖြင့် အချို့သော

မဂ္ဂဇင်းများ ရပ်စဲလိုက်ရသည်အထိ ဖြစ်ရသည်။ ဝတ္ထုတိုရေးသူ အများစုမှာလည်း ဝတ္ထုတို အရေးကျဲသွားကြသည်။

ထိုသို့သော အခြေအနေမျိုးတွင် မင်းသစ်၏ ဝတ္ထုတိုကဲ့သို့ အတတ်ပညာပါပြီး စေတနာ အားကောင်းသော ခေတ်ပြိုင်ခံစားမှု ဝတ္ထုတိုများကိုကား တွေ့နေရအံ့ ဖြစ်သည်။ အခက်အခဲများကြားက ဝတ္ထုတိုများ ရှင်သန်ထွက်ပေါ်နေရသော်လည်း မြန်မာဝတ္ထုတိုများ ဖွံ့ဖြိုးတိုးတက်လာသည့် သဘောကို တွေ့နေရသည်။

ကျမ်းကိုးစာရင်း

၁။ ဇော်ဇော်အောင်၏ ရင်ထဲမှာဝေ စကားပြေ အယ်လ်ဘမ် (၂၀၁၀)။
ရန်ကုန်၊ စိတ်ကူးချိုချို။

၂။ တက်တိုး၏ ဓာတ်လမ်းမှဲ့ဝတ္ထုတို (၁၉၈၂)။
ရှုမဝမဂ္ဂဇင်း၊ အတွဲ ၃၅၊ အမှတ် ၄၁၈။ ၄၉-၅၀။

၃။ မင်းသစ်၏ ဥန္နံအီတန် မသိသေးသော သီဝရီ (၂၀၁၁၊ ဇူလိုင်)။
ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၆၀။ ၁၂၂-၁၂၆။

၄။ မြသန်းတင့်၏ လမင်းကို ထရံပေါက်မှ ကြည့်ခြင်း (၂၀၀၀)။
ရန်ကုန်၊ Quality Publishing House ။

၅။ လေးနက်၏ ရောင်စဥ်များရဲ့ အရှုတ္တနဲ့ ရသနယ်ခြား အတွင်းရေး(၂၀၀၁)။
ရန်ကုန်၊ အားမာန်သစ်စာပေ။

၆။ ဝင်းငြိမ်း၏ မြသန်းတင့်နှင့် တွေ့ဆုံခြင်း (၂၀၀၄)။
ရန်ကုန်၊ စိတ်ကူးချိုချို။

၇။ ဟိန်းလတ်၏ ဟိန်းလတ် စာပေအင်တာဗျူး-၂ (၂၀၀၀)။
ရန်ကုန်၊ ရွှေပြည်တန်စာအုပ်တိုက်။

၈။ အောင်သင်း၏ ဝတ္ထုရေးရာဆောင်းပါးများ (၁၉၉၄)။
ရန်ကုန်၊ ရေတမာပုံနှိပ်တိုက်။

၉။ စာရေးသူ၏ မင်းသစ်နှင့် တွေ့ဆုံခြင်း (၈·၈·၂၀၁၂)။